# ဝိသုဒ္ဓိမဂ်ဘယ်လဲ?

**ရှင်ဉာဏ**

ရွှေမြင်တင်တောင်

၁၉၇၈ခုနှစ် မေလ

(၁၃၆၄ခုနှစ် တပေါင်းလပြည့်နေ့၊ ဆရာတော် မူသန့်ပြီး)

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

# ဝိသုဒ္ဓိမဂ်ဘယ်လဲ?

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မာတိကာ | ၃ |
| | အခန်း(၁) | |
| ၁။ | နိဒါန်း | ၉ |
| ၂။ | ဝိသုဒ္ဓိမဂ် သုံးသပ်ရခြင်းအကြောင်း | ၁၁ |
| ၃။ | ဝိသုဒ္ဓိမဂ်၏ အပြစ်များ | ၁၅ |
| ၄။ | ဘုရားတရား အရည်အချင်းများ | ၁၆ |
| ၅။ | ဝိသုဒ္ဓိမဂ် ပိဋကတ်ကို အပိုင်စီး | ၁၈ |
| ၆။ | ဝိသုဒ္ဓိမဂ် ပါဠိတော်ကို ကိုယ်စားမပြု | ၁၉ |
| ၇။ | ဝိသုဒ္ဓိမဂ်သည် ဘုရားတရားကို ချုပ်ပျောက်စေ | ၂၂ |
| | စိတ်ထိန်းခြင်းပညာသည် တရားမဟုတ် | ၃၂ |
| | အခန်း(၂) | |
| | ကျမ်းဦးဂါထာ သုံးသပ်ချက် | ၃၇ |
| ၈။ | ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်း | ၃၉ |
| ၉။ | ကမ္မဇပညာအ သုံးသပ်ချက် | ၄၁ |
| ၁၀။ | ပဋိသန္ဓေနာမက္ခန္ဓာ သုံးသပ်ချက် | ၄၂ |
| ၁၁။ | ပဋိသန္ဓေနာမက္ခန္ဓာ စိစစ်ချက် | ၄၆ |
| ၁၂။ | ပစ္စယသတ္တိ စိစစ်ချက် | ၅၀ |
| ၁၃။ | ကံနှင့်ဝိပါက်ဆက်ပုံ စိစစ်ချက် | ၅၂ |
| ၁၄။ | ဝိသုဒ္ဓိမဂ်ဆရာတော်၏ ဘဝအမြင် | ၅၅ |
| ၁၅။ | ကျမ်းဦးဂါထာ အဖွင့်စကားများ သုံးသပ်ချက် | ၆၃ |
| ၁၆။ | တိက်ကိုးပါး သုံးသပ်ချက် | ၆၄ |

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

မာတိကာ(အဆက်)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၃) | |
| | သီလအကျယ်ဖွင့် သုံးသပ်ချက် | |
| ၁၇။ | သီလ အရကောက် | |
| ၁၈။ | သီလသရုပ်အဖွင့် သုံးသပ်ချက် | |
| ၁၉။ | သီလလက္ခဏာစသည် သုံးသပ်ချက် | |
| ၂၀။ | သီလကြီးလေးပါး အကျယ်ဖွင့် | |
| ၂၁။ | ပါတိမောက္ခသံဝရသီလအဖွင့် သုံးသပ်ချက် | |
| ၂၂။ | ဣန္ဒြိယသံဝရသီလကျယ်အဖွင့် သုံးသပ်ချက် | |
| | အခန်း(၄) | |
| | ဓုတင်အဖွင့် သုံးသပ်ချက် | |
| ၂၃။ | ဓုတင်သည် သီလလည်းမဟုတ် ဘာဝနာလည်း မဟုတ် | |
| ၂၄။ | ဓုတင်သည် ရှေးသူဟောင်းတို့၏ ပကတိအလေ့အထဖြစ် | |
| | အခန်း(၅) | |
| | သမာဓိအကျယ်တင်ပြချက်အပေါ် သုံးသပ်ချက် | |
| ၂၅။ | ကမ္မဋ္ဌာန်းယူခြင်းအဖွင့် သုံးသပ်ချက် | |
| ၂၆။ | သမာဓိ၏ သရုပ်သုံးသပ်ချက် | |
| ၂၇။ | သမာဓိ၏ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် သုံးသပ်ချက် | |
| ၂၈။ | သမာဓိပွားများနည်း သုံးသပ်ချက် | |
| ၂၉။ | ပလိဗောဓများ ပယ်စွန့်ခြင်းအဖွင့် သုံးသပ်ချက် | |
| ၃၀။ | ဆရာအား ခန္ဓာအပ်နှံခြင်း သုံးသပ်ချက် | |
| ၃၁။ | စရိုက်အဖွင့် သုံးသပ်ချက် | |
| ၃၂။ | မလျောက်ပတ်သောကျောင်းများ အဖွင့် သုံးသပ်ချက် | |
| ၃၃။ | ပလိဗောဓငယ်များ အဖွင့် သုံးသပ်ချက် | |


(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊  တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

မာတိကာ(အဆက်)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၆) | |
| | ပထဝီကသိုဏ်း အကျယ်ဖွင့် သုံးသပ်ချက် | |
| ၃၄။ | ပထဝီကသိုဏ်း ဘုရားသျှင်ဟောသလား | |
| ၃၅။ | ပထဝီကသိုဏ်းသည် ဝိသုဒ္ဓိမဂ်ဆရာ ပြသလို ဟုတ်ရဲ့လား | |
| | အခန်း(၇) | |
| | ကြွင်းကသိုဏ်းများ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၃၆။ | ကျန်ကသိုဏ်းများနှင့် ယခုခေတ် ကသိုဏ်းများ | |
| | အခန်း(၈) | |
| | အသုဘကမ္မဋ္ဌာန်း အကျယ်ဖွင့် သုံးသပ်ချက် | |
| ၃၇။ | အသုဘဆယ်မျိုး ဘုရားသျှင် ဟောပါရဲ့လား | |
| ၃၈။ | ဝိသုဒ္ဓိမဂ်နည်းဖြင့် အသုဘရှု၍ ရမည့်အကျိုး | |
| | အခန်း(၉) | |
| | အနုဿတိကမ္မဋ္ဌာန်းခြောက်ပါး အကျယ်ဖွင့် သုံးသပ်ချက် | |
| ၃၉။ | အနုဿတိအနက်နှင့်အကျိုး သုံးသပ်ချက် | |
| ၄၀။ | အနုဿတိ အရကောက် အမှန် | |
| | အခန်း(၁၀) | |
| | ကျန်အနုဿတိကမ္မဋ္ဌာန်းများ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၄၁။ | ကာယဂတာသတိအဖွင့် သုံးသပ်ချက် | |
| ၄၂။ | မရဏာနုဿတိနှင့် ဥပသမာနုဿတိအဖွင့် သုံးသပ်ချက် | |
| ၄၃။ | အာနာပါနဿတိအဖွင့် သုံးသပ်ချက် | |


(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
မာတိကာ(အဆက်)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၁၁) | |
| | ဗြဟ္မဝိဟာရအဖွင့် သုံးသပ်ချက် | |
| ၄၄။ | မေတ္တာနှင့် ကရုဏာအဖွင့် သုံးသပ်ချက် | |
| ၄၅။ | မုဒိတာနှင့် ဥပေက္ခာအဖွင့် သုံးသပ်ချက် | |
| | အခန်း(၁၂) | |
| | အာရုပ္ပအကျယ်ဖွင့် သုံးသပ်ချက် | |
| ၄၆။ | ပဌမာရုပ္ပစျာန်အဖွင့် သုံးသပ်ချက် | |
| ၄၇။ | ဒုတိယာရုပ္ပစျာန်အဖွင့် သုံးသပ်ချက် | |
| ၄၈။ | တတိယာနှင့် စတုတ္ထာရုပ္ပစျာန်အဖွင့် သုံးသပ်ချက် | |
| | အခန်း(၁၃) | |
| | သမာဓိအကျယ်ဖွင့် သုံးသပ်ချက် | |
| ၄၉။ | အာဟာရေပဋိကူလသညာ အဖွင့် သုံးသပ်ချက် | |
| ၅၀။ | စတုဓါတုဝဝတ္ထာန်အဖွင့် သုံးသပ်ချက် | |
| | အခန်း(၁၄) | |
| | ဣဒ္ဓိဝိဓ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၅၁။ | အဘိညာဏ်သည် အဖွင့်ခံပုဒ်နှင့် မပတ်သက် | |
| ၅၂။ | အဘိညာဏ်ကို ဘုရားသျှင် အနက်သစ်ဖြင့် ညွှန်းခဲ့ | |
| | အခန်း(၁၅) | |
| | ပညာ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၅၃။ | ပညာ၏ သဘောလက္ခဏာ သုံးသပ်ချက် | |
| ၅၄။ | ပညာ၏ ပစ္စုပ္ပဋ္ဌာန်စသည် သုံးသပ်ချက် | |
| ၅၅။ | ပညာ၏သရုပ် သုံးသပ်ချက် | |
| ၅၆။ | ပညာပွားပုံ သုံးသပ်ချက် | |

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

မာတိကာ(အဆက်)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၁၆) | |
| | အမြင်စင်ကြယ်မှုဆိုင်ရာ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၅၇။ | ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်သည် လူကို ခါတ်ခွဲပြခြင်းမျှသာ | |
| ၅၈။ | ပရမတ်သည် သညာစကား ဝိညာဉ်စကား | |
| | အခန်း(၁၇) | |
| | ဘဝအတွေးအခေါ် စင်ကြယ်ခြင်း အကျယ်ဖွင့် သုံးသပ်ချက် | |
| ၅၉။ | ဆရာတော်၏ ရုပ်နာမ်သိမ်းဆည်းပုံ ကာလ,ဌာန,ပယောဂ ခြားနေ | |
| ၆၀။ | ဘဝ၏ အတ္တ အမှန်မသိ၍ လူ၏ မွေးသေကို ဘဝ-ယူနေကြ | |
| ၆၁။ | ကံနှင့်ဝိပါက်သည် အချိန်,ဒေသ,ကာလ မခြားဘဲ တဆက်တည်းဖြစ် | |
| | အခန်း(၁၈) | |
| | ပညာ၏ ကိုယ်ထည် အကျယ်ဖွင့် သုံးသပ်ချက် | |
| ၆၂။ | လမ်းမှားလမ်းမှန် အသိအမြင်စင်ကြယ်ခြင်း သုံးသပ်ချက် | |
| ၆၃။ | သမ္မသနဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၆၄။ | အနိစ္စအနက်ကို မမြဲ-ဟု မယူနိုင် | |
| ၆၅။ | သမ္မသနဉာဏ် ဒုတိယပိုင်းအဖွင့် သုံးသပ်ချက် | |
| ၆၆။ | သမ္မသနဉာဏ် တတိယပိုင်းအဖွင့် သုံးသပ်ချက် | |
| ၆၇။ | ဥဒယဗ္ဗယဉာဏ်နှင့် ဥပက္ကိလေသအဖွင့် သုံးသပ်ချက် | |
| | အခန်း(၁၉) | |
| | ကျင့်စဉ်အသိအမြင် စင်ကြယ်ခြင်း အကျယ်ဖွင့် | |
| ၆၈။ | သုံးသပ်ချက် | |
| ၆၉။ | ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းအဖွင့် သုံးသပ်ချက် | |
| ၇၀။ | ဘင်ဉာဏ်အဖွင့် သုံးသပ်ချက် | |

## ဝိသုဒ္ဓိမဂ်ဘယ်လဲ?
### မာတိကာ(အဆက်)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁။ | ဘယဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၇၂။ | အာဒီနဝဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၇၃။ | နိဗ္ဗိဒါဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၇၄။ | မုစ္စိတုကမျတာဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၇၅။ | ပဋိသင်္ခါဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၇၆။ | သင်္ခါရုပေက္ခာဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၇၇။ | သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ပုံအဖွင့် သုံးသပ်ချက် | |
| | အနုလောမဉာဏ်အဖွင့် သုံးသပ်ချက် | |
| | အခန်း(၂၀) | |
| ၇၈။ | ဉာဏဒဿနဝိသုဒ္ဓိ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၇၉။ | မဂ်ဉာဏ်အဖွင့် သုံးသပ်ချက် | |
| ၈၀။ | ဒုက္ခ၏ အနက်ယူပုံ အမှန် | |
| ၈၁။ | သောတာပတ္တိမဂ်ဉာဏ်အဖွင့် သုံးသပ်ချက် | |
| | အထက်မဂ်များအဖွင့် သုံးသပ်ချက် | |
| | အခန်း(၂၁) | |
| ၈၂။ | ပညာဘာဝနာအကျိုးပြ အကျယ်ဖွင့် သုံးသပ်ချက် | |
| ၈၃။ | ပညာဘာဝနာအကျိုး ဖော်ပြချက် | |
| ၈၄။ | သီလနှင့်နိဗ္ဗာန် | |
| ၈၅။ | မငြိမ်ချမ်းခြင်း၏ အဓိကအကြောင်းရင်း | |
| | အေးငြိမ်းမှု သန္တိသုခ | |
| | အခန်း(၂၂) | |
| ၈၆။ | ဝိသုဒ္ဓိမဂ်ဘယ်လဲ နိဂုံး | |
| ၈၇။ | ဝိသုဒ္ဓိမဂ်၏ ပမာဏ | |
| | ဝိသုဒ္ဓိမဂ် သုံးသပ်သူ၏ အာသီသ | |


(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

# ဝိသုဒ္ဓိမဂ်ဘယ်လဲ?

**ရှင်ဉာဏ**

ရွှေမြင်တင်တောင်

၁၉၇၈ခုနှစ် မေလ

(၁၃၆၄ခုနှစ် တပေါင်းလပြည့်နေ့၊ ဆရာတော် မူသန့်ပြီး)

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## အခန်း(၁)

# နိဒါန်း

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

# ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အခန်း(၁)

နိဒါန်း

၁။ ဝိသုဒ္ဓိမဂ် သုံးသပ်ရခြင်းအကြောင်း

ဝိသုဒ္ဓိမဂ်ကို သုံးသပ်ဖို့ ကြိုးစားခဲ့တာ ကြာပြီ။

ဝိသုဒ္ဓိမဂ်ကို စိတ်ထဲမှာ မသိုးမသန့် ဖြစ်ခဲ့ရသည်ပင် လေး,ငါး,ခြောက်နှစ် ရှိခဲ့ပြီ။ နိဗ္ဗာနဒီပနီကို သုံးသပ်၍ အပြီးမှာကား ဝိသုဒ္ဓိမဂ်ကိုသုံးသပ်ရန် ဖြစ်သည်။ ယခုကား မိလိန္ဒပဥှာဝတ္ထု သုံးသပ်ချက်ပင် အပြီးတိုင်ခဲ့ပြီ။ ဝိသုဒ္ဓိမဂ်ကို မတို့ဝံ့သေး ဖြစ်နေသည်။ စင်စစ်၌ ဝိသုဒ္ဓိမဂ်သည် မိလိန္ဒပဥှာဝတ္ထုရှေ့မှ သုံးသပ်စရာ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်ကိုသုံးသပ်မည်ဟု ပြင်ဆင်ကြိုးစားလိုက်တိုင်း ပြင်းထန်သော တုန်လှုပ်မှုများ ခံစားရသည်။ အစေ့အစပ် ပြင်ဆင်ကြိုးစားလေ၊ အပြင်းအထန် တုန်လှုပ်မှုများ ခံစားရလေ ဖြစ်သည်။ မွေးညှင်းတစ်ပင်ပင်မကျန် တုန်လှုပ်သည် ဟုပင် ထင်ပါသည်။

ဝိသုဒ္ဓိမဂ်သည် တန်ခိုးကြီးပါသည်။ အလွန်ပင် တန်ခိုးကြီးလှပါသည်။

ဝိသုဒ္ဓိမဂ်ကို မည်မျှမကျေနပ်မှုဖြင့် တို့မည်ဟု စဉ်းစားမိသည်ဖြစ်စေ၊ ဝိသုဒ္ဓိမဂ်ကို ပြုစုမွေးဖွားပေးလိုက်သော ဆရာတော်အရှင် ဗုဒ္ဓဃောသ၏ အရိပ်ကြီးသည် ထိုမကျေနပ်သူအား အမှောင်ချ လွှမ်းမိုးပစ်လိုက်တတ်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဝိသုဒ္ဓိမဂ်ကို မွေးဖွား ဖန်ဆင်းပေးလိုက်သော ဆရာတော်ကား ဒုတိယ ဘုရားဟု ဆိုရမည်လောက်နီးပါး သူတည်း။ သူသည် ပိဋကတ်၌ မတတ်သည် မရှိ။ မသိသည်လည်း မရှိ။ ပိဋကတ်သုံးပုံ၏ စကားလုံး တစ်လုံးတိုင်းကိုပင် အနက်အတ္ထ ကောက်ပြ ဖော်ဆောင်ပေးခဲ့သူ ဖြစ်သည်။

'ယနေ့ခေတ်၌ တစ်ဦးတည်းသော ဗုဒ္ဓမတည အဋ္ဌကထာများကို ပြုစုခဲ့ သော ဆရာတော် အရှင်တည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်သည် ပါဠိတော်အရပ်ရပ် နှင့် အထပ်ထပ် တိုက်ဆိုင်ညှိနှိုင်းပြီး အမှန်များချည်း ပုလဲတစ်ကန့် ရွှဲတစ်ကန့် သီကုံးထားခဲ့သောကျမ်းသာ ဖြစ်ရမည်'-

ဤသို့ပင် မတို့ဝံ့ချင်စရာ အခေါင်အထိပ် အရိပ်ကြီးများဖြင့် အမှောင် လွှမ်းသည်ကို မလွဲမသွေ ခံနေရပေသည်။ ဝိသုဒ္ဓိမဂ်ကို ဝေဖန်လိုသူတို့၏ နုငယ် သန့်စင်လှသော ဦးနှောက်ကို ဝိသုဒ္ဓိမဂ်အရှင် ဆရာတော်သည် စုပ်ယူသောက်မျို ပစ်လိုက်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကို သုံးသပ်မည်ဟု ပြင်ဆင်လိုက်တိုင်း မွေးညှင်း ကလေး တစ်ပင်မကျန် တစ်ကိုယ်လုံးပင် အပြင်းအထန် လှုပ်ရှား ခံစားရခြင်း ဖြစ်ပါသည်။

ယခုခေတ်၌ မည်သူမဆိုသည် ဆရာတော် ရှင်ဗုဒ္ဓဃောသထက် ပိဋကတ်ကျွမ်းကျင်မှု၌ ပိုလွန်သူ မရှိနိုင်စကောင်းဘဲ ရှိပေမည်။ စာရေးသူကား အထူးအားဖြင့် ပါဠိပိဋကတ်ပညာရှင် တစ်ယောက်ပင် ဖြစ်ခဲ့ခြင်းရှိသူ မဟုတ်ပေ။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ထို့ကြောင့် စာရေးသူအရပ်ကို ဆရာတော်၏အရိပ်များ မလွှမ်းမိုးအောင် မကြိုးစားနိုင် ဖြစ်ရပေသည်။ ပိဋကတ်ပညာအရာ၌ စာရေးသူ၏အရပ်သည် ရှင်ဗုဒ္ဓဃောသအရပ်၏ ခြေမျက်စေ့အောက်မှာ အမှန် ရှိပေမည်။

စာရေးသူသည် ပိဋကတ်၏ နိကာယ်အရပ်ရပ်မှ တစ်ရပ်မျှကိုပင် အပြီးအပိုင် ပေါက်ရောက်အောင် လေ့လာဘူးခြင်းရှိသူ မဟုတ်ပေ။ ပါဠိဘာသာ၌လည်း အမိဘာသာ မဟုတ်သည်အားလျော်စွာ ကျွမ်းကျင်ခြင်းရှိသူ မဟုတ်ပါ။ ပါဠိဘာသာဖြင့် တစ်ကျမ်းတစ်ဖွဲ့ကိုထား၍ တစ်ဝါကျကိုပင် အတော်မှန်အောင် စီကုံးရမည့်သူ ဖြစ်ပါသည်။ ထိုထက် ပေါ်လွင်အောင်ဆိုလျှင် သူများဖွဲ့ထားသော ပါဠိဝါကျကိုပင် အဓိပ္ပါယ်ဆိုက်သည်အထိ မြန်မာပြန်နိုင်အောင် အတော်ကြိုးစားရမည့်သူ ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကို သုံးသပ်ရန် ပြင်ဆင်လျှင် ဝိသုဒ္ဓိမဂ်၏အရှင်ဖြစ်သော ဆရာတော်၏ 'ဗုဒ္ဓမတညှဖြစ်သော အဋ္ဌကထာများကျမ်းပြု'-ဟူသော ဂုဏ်အရိပ်ဖြင့် အမှောင်ကျ ပိန်းပိတ်ခံရခြင်း ဖြစ်ပါသည်။

ထိုသို့ဖြစ်သော်လည်း ဤသုံးသပ်ချက်ကိုကား ပြုဖြစ်အောင်ပြုမည် ဖြစ်ပါသည်။ စာရေးသူ၌ ဆိုခဲ့ပြီးသော ဆရာတော်ရှင်ဗုဒ္ဓဃောသ၏ အရိပ်ကို ဖောက်ထွင်းနိုင်သော လက်နက်ငယ်တစ်ခု ရှိပါသည်။ ယင်းအရာဝတ္ထုသည် သေးငယ်ကား သေးငယ်လှပါသည်။ မှုန်မွှားလည်း မှုန်မွှားလှပါသည်။ ယင်းကား-

'အလယ်လမ်း ဘဝအမြင်'

တည်းဟူသော အလင်းရောင် ပိုးစုန်းကြူးကလေး ဖြစ်ပါသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ယင်း အရာဝတ္ထုကလေးသည် စာရေးသူလက်၌ မပျောက်မပျက် တည်ရှိနေပါသည်။ ယင်းသည် စာရေးသူ၏ ကိုးကွယ်ရာ၊ အားထားရာ၊ မှီခိုရာ ဖြစ်ပါသည်။ ယင်းသည် စာရေးသူ၏ ဘဝလမ်းညွှန်မီးရှူး ဖြစ်ပါသည်။

ယင်းအရာဝတ္ထုကလေးသည် စာရေးသူလက်၌ ဆိုခဲ့ပြီးသည့်အတိုင်း လင်းလင်းချင်းချင်း ဝင်းဝင်းတောက်တောက် တည်ရှိသည်တော့ မဟုတ်ပါ။ သွားလိုရာသွား၊ အမှောင်ဟူသမျှ အကုန်ချဉ်းပြီး လင်းပေးနေခြင်းတော့ မရှိပါ။

သို့သော်လည်း မည်မျှသေးငယ်သော အလင်းရောင်ပင်ဖြစ်စေ အမှောင်ခေတ်ကိုကား သူ့အစွမ်းအားလျော်စွာ ဖြိုခွင်းမြဲ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအလင်းကလေးသည်လည်း ဆရာတော်၏ ဝိသုဒ္ဓိမဂ်ကို သုံးသပ်လိုသူတို့အား ပိန်းပိတ်စေသော အမှောင်အရိပ်ကို ခြေတစ်ဖဝါး ချသာရုံမျှဖြစ်စေ ဖယ်ရှင်း၍ ပေးနိုင်ပါသည်။

စာရေးသူသည် ယင်းအလင်းခေတ်ကလေးကို ညွှတ်ကိုင်းအားကိုး လျက်ပင် ဝိသုဒ္ဓိမဂ်ကို သုံးသပ်မည် ဖြစ်ပေသည်။

'ဝိသုဒ္ဓိမဂ်ကို သုံးသပ်ခြင်း'-ဟူသော ဤအပြုအမူသည် အလွန် အန္တရာယ်မကင်းသော အပြုအမူ ဖြစ်ပါသည်။ ဆရာတော်၏ အရိပ်သည် ပထမဆုံး တွေ့ရသော ဝိသုဒ္ဓိမဂ်သိုက်နန်း၏ အခြင်းအရာမျှ ဖြစ်ပါသည်။ ယင်းအမှောင်ရိပ်အောက်၌ကား ယက္ခတစ်ထောင် ကုမ္ဘာန်တစ်သောင်း စသည်တို့ထက် ပိုကဲသော အန္တရာယ်များနှင့် မလွဲမသွေ တွေ့ဆုံ ရင်ဆိုင်ရဦးမည် ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်သိုက်နန်းသည် အကြမ်းဆုံးသောသိုက်နန်းတို့ထက် အစောင့်

---

အရှောက် ထူထပ်ကြမ်းထမ်းဆုံးသိုက်နန်း ဖြစ်သည်။ ဝိသုဒ္ဓိမဂ်သိုက်နန်း စောင့်ရှောက်သူတို့ကား တစ်တိုင်းစာလည်းမက၊ တစ်ပြည်စာလည်းမက များပြားလှသည်အထိ ဖြစ်ပါသည်။ ထိုအတွင်း၌ အလုပ်သမား၊ လယ်သမား၊ အတတ်ပညာရှင်၊ အသိပညာရှင် အစုံပင် အများအပြား ပါဝင်ပေသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်သိုက်နန်းသည် အကြမ်းဆုံးသော သိုက်နန်းတို့ထက် ဖောက်ဖွင့်ရန် အကြမ်းဆုံးသိုက်နန်း ဖြစ်သည်။

ဤသို့ဖြစ်လျက် အဘယ့်ကြောင့် ဤမည်သော ဝိသုဒ္ဓိမဂ်ကို တို့လှာ, စမ်းလှာ ထိပါးလှာရသနည်း။ ဤသို့ မေးဖွယ်ရှိပါသည်။

ဤအမေးကို တိုတိုကျဉ်းကျဉ်းဖြေလျှင်-

'လူသားတို့၏ ပဘာဝသတ္တိကြောင့်'-ဟုပင် ဖြေရမည်ထင်ပါသည်။

စာရေးသူ့အမြင်၌ ဝိသုဒ္ဓိမဂ်သည် အမှန်တရားကို ရှာဖွေသူတို့၏ နား,မျက်စေ့များကို ကန်းအောင် ထိုင်းအောင် ပြုနေသည်။ ထိုသူတို့၏ လက်များ,ခြေများကို ကျိုးအောင်,ပဲ့အောင် ဖွဲ့ချီးနေသည်။ လမ်းမှန်သွားနေသူတို့အား လမ်းမှားသို့ တွန်းပို့နေသည်။ လူများ အမှန်အကန် သိတတ်နေသော ဦးနှောက်များကို အမှားမှား အယွင်းယွင်း သိတတ်လာအောင် ပြုလုပ်နေသည်။ ဤသို့ မှုန်သီဝိုးဝါး မြင်လာရသည်။

ဤသို့ မတရားသည်ကို မြင်လာရသောအခါ ဤမတရားမှုကို ဖွင့်ဖော်ချင်သောဆန္ဒသည် လူတိုင်း,လူတိုင်း၌ အလိုအလျောက် ရှိနေခဲ့ဟန် တူပါသည်။ ထို့ကြောင့်ပင် မည်မျှခါးသီးဆိုးဝါးသော အန္တရာယ်ကို ရင်ဆိုင်ရသည်ဖြစ်စေ 'ဝိသုဒ္ဓိမဂ်ကို ဖော်ကောင်လုပ်ကိုလုပ်ရမည်'ဟု သတ္တိများ ပေါ်ထွက်လာပါသည်။

ထို့ကြောင့်ပင် ဤစာကိုရေးသားခြင်း ဖြစ်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အများသူ့ငါသည်လည်း ဤမျှ လူများကို ဖိနှိပ်မှုများကို တွေ့သိရလျှင် ဤအတိုင်းပင် သတ္တိများ ဖြစ်ပေါ် မည်ဟု ထင်ပါသည်။

ထို့ကြောင့် အများသူ့ငါလည်း ဝိသုဒ္ဓိမဂ်၏ ရက်စက်မှုများကို ဖော်ထုတ်သင့်ကြောင်း သဘောပေါက်စေရန် အနည်းငယ်မျှ ဤနေရာမှ ဆွေးနွေးလိုပါသည်။ ဤဆွေးနွေးချက်သည် ဝိသုဒ္ဓိမဂ်ကို သုံးသပ်ကို-သုံးသပ်သင့်သည်-ဟူသော အကြောင်းဖြစ်ပါသည်။

၂။ ဝိသုဒ္ဓိမဂ်၏ အပြစ်များ

ဤအကြောင်းများသည် အကျဉ်းအားဖြင့် 'နှစ်ချက်'-ဖြစ်ပါသည်။

(၁) 'ပဌမအချက်'-မှာ ဝိသုဒ္ဓိမဂ်သည် ပါဠိတော်၏အဖွင့် ဖြစ်သော်လည်း 'ပါဠိတော်ကို ကိုယ်စားမပြုခြင်း'-ဖြစ်ပါသည်။

(၂) 'နောက်တစ်ချက်'-မှာ ဝိသုဒ္ဓိမဂ်၏ 'အကျိုးတရားများ လူများ၌ မထင်ခြင်း'- ဖြစ်ပါသည်။

'ပဌမအချက်'-ကို ရှင်းပါမည်။ ဝိသုဒ္ဓိမဂ်သည် ဘုရားသျှင်၏ အက္ခရာ သုံးဆယ့်နှစ်လုံးသာရှိသော 'မဂ္ဂကထာ' ဂီတိကလေးတစ်ပုဒ်ကို သို့မဟုတ် 'အလယ်လမ်းညွှန်ချက်' ကဗျာကလေးတစ်ပုဒ်ကို အက္ခရာပေါင်း လေးသိန်းခွဲကျော်ဖြင့် အကျယ်ဖွင့်ပြသောကျမ်း ဖြစ်လေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်သည် ဘုရားသျှင်၏ စကားလုံးလေးတစ်ခုကို အဆတစ်သောင်းကျော်ကြီး ပုံကြီးချဲ့ပြသောအရာ ဖြစ်ပေသည်။ ထို့ထက် တိကျစွာတွက်လျှင် ဝိသုဒ္ဓိမဂ်၏ အက္ခရာပေါင်း လေးသိန်းခွဲလောက်သည် အက္ခရာသုံးဆယ့်နှစ်လုံးရှိသော ဘုရားသျှင်၏ မဂ္ဂကထာဂီတိ တစ်ခုလုံးကို

ဖွင့်ဆိုချက် မဟုတ်။ ယင်းအတွင်းမှ 'သီလ,စိတ္တ,ပညာ'-ဟူသော အက္ခရာခြောက်လုံးကို ဖွင့်ဆိုချက်သာ ဖြစ်ပေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်သည် ဘုရားသျှင်၏ စကားလုံးတစ်လုံးကို အဆခုနစ်သောင်းခွဲခန့် ပုံချဲ့ထားသောအရာ ဖြစ်လေသည်။ စကားတစ်လုံးကို ဤမျှပုံကြီးဖြစ်လာရန် ရှေးအခါကလည်း ချဲ့ခဲ့ကြခြင်းရှိမည် မဟုတ်ပေ။ ယခုလည်း မရှိပေ။ နောင်အခါလည်း ရှိရန် အကြောင်းမဖြစ်နိုင်ပါ။

ဝိသုဒ္ဓိမဂ်၏ ဤအရာသည် အံ့ဘွယ်သာမောအဖြစ်သာ ဖြစ်ပေသည်။ ဤအဖြစ်ကြောင့် ဝိသုဒ္ဓိမဂ်ကို ချီးမွမ်းလိုသော်လည်း ယင်းချီးမွမ်းလိုသော ဆန္ဒနှင့်အတူ ဘုရားသျှင်ကို မကျေနပ်ချင်သလိုလိုများ ဖြစ်ပွားလှာပါသည်။ အဘယ်သို့နည်းဆိုသော်-

'ဘုရားသျှင်၏ စကားတစ်ခွန်းသည် သာမန်လူများနားလည်ရန် အဆပေါင်း ခုနစ်သောင်းခွဲခန့် ပုံကြီးချဲ့ယူရသည်။ ဘုရားသျှင်သည် ဤမျှ လူနားလည်စရာမကောင်းသည်ကို အဘယ်ကြောင့် ပြောဆိုခဲ့ရသနည်း'-ဟူ၍ဖြစ်သည်။

> ဘုရားသျှင်သည် ပိဋကတ်၌ စကားရပ်ပေါင်းများစွာကို ပြောဟောခဲ့သော်လည်း စကားတစ်ရပ်တိုင်း၌ သစ္စာကိုပြနိုင်အား မရှိသလော?
>
> ဤသို့ မရှိသောကြောင့်သာ ဝိသုဒ္ဓိမဂ်နေရာရခြင်း ဖြစ်ရပေမည်။

အဘယ်ကြောင့်ဆိုသော် ဝိသုဒ္ဓိမဂ်သည် ဘုရားသျှင်၏ စကားတော်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

များကို လိုအပ်ရာရာတို့၌ ဖြတ်ညှပ်လျက် သစ္စာပုံသဏ္ဍာန် ပေါ်လာအောင် စပ်ဟပ်ထားသောကြောင့် ဖြစ်သည်။ ဘုရားသျှင်၏ တရားတော်သည် ဤသို့ စပ်ဟပ်ယူရသော တရားတော်လော?

၃။ ဘုရာ့တရား အရည်အချင်းများ

ဘုရားသျှင်၏တရားတော်သည် စကားရပ်တိုင်း၌ သစ္စာအထွင့် တင်၍ရသည်ချည်း'- ဟု ဘုရားသျှင် ဟောကြားခဲ့ပေသည်။ ထို့ကြောင့် ဖြတ်ညှပ်ပြီး လိုအပ်ရာရာ စပ်ဟပ်ရသောတရားတော် မဖြစ်နိုင်ပေ။

ထို့ကြောင့် ဘုရားသျှင့်အား အပြစ်တင်လိုသော်လည်း တင်၍မရပေ။ ထို့ပြင်လည်း ဘုရားသျှင်သည် သူဟောကြားသော တရားတော်များ၏ အရည်အချင်းကို ညွှန်ပြခဲ့ပေသည်။ ယင်း၌လည်း သူ့ဟောကြားချက်များသည် 'ဧဟိပဿိက'-ဟူသော အရည်အချင်းရှိသည်-ဟု ပြခဲ့လေသည်။ ယင်းအရည်အချင်း ပြစကား၏ အနက်အတ္တသည် 'သူများကိုပြ၍ရခြင်း'-ဟူ၍ ဖြစ်ရပါမည်။

တရားတော်သည် ဤသို့ လူများ ပြ၍ရခြင်း ရှိပါလျက်၊ ဤသို့ဖြစ်သော တရားသည် လူများနားလည်ရန် အဆပေါင်းခုနစ်သောင်းခွဲခန့် ချဲ့ရသည်-ဟူသည် ဖြစ်နိုင်သောအရာ မဟုတ်ပါ။

ဘုရားသျှင်၏ တရားတော်သည် လူသာမန်တို့၏နားနှင့် အကိုက်ဖြစ်သော တရားတော်သာဖြစ်ကြောင်း၊ ဤတရားတော်၏ အရည်အချင်းပြစကားလုံးသည်လည်း ထောက်ကူသလောက် ထောက်ကူနေပါသည်။

ထို့ပြင်လည်း-

'ဘုရားသျှင်၏ စကားရပ်တိုင်းသည် သစ္စာအထွင့် တပ်၍

ရသည်ချည်း’-ဟူသည်ကို ဟောကြားချက်သည်လည်း ဘုရားသျှင်၏ စကားတော်များသည် လူတို့၏နားနှင့် အလောတော်လောက်ဖြစ်ကြောင်း ထင်ရှားသောအချက် ဖြစ်ပါသည်။

ထို့ကြောင့်ဘုရားသျှင်အား အဘက်ဘက်မှ ဆင်ခြင်လိုက်သောအခါ အပြစ်တင်စရာ ရှာမတွေ့ ဖြစ်ရပါသည်။ ဝိသုဒ္ဓိမဂ်ကြောင့် ဘုရားသျှင်အား အပြစ်တင်မရသောအခါ ဘုရားသျှင်အား တင်လိုသော အပြစ်စုသည် ဝိသုဒ္ဓိမဂ် သို့ ပြန်သွားပါသည်။ အသို့နည်းဆိုသော်-

‘ဝိသုဒ္ဓိမဂ်သည် လူတို့နားနှင့် အလောတော်ဖြစ်နေသော ဘုရားသျှင်၏ စကားတော်ကို လူတို့နားကို လွန်သောအဆင့် အလွန်ကြီး လွန်လွန်လွန်း သော အဆင့်များသို့ရောက်အောင် အဘယ့်ကြောင့် ပုံကြီးချဲ့-ချဲ့ခဲ့ရသနည်း’- ဟူ၍ဖြစ်သည်။

ဟုတ်ပါသည်။ အဘယ့်ကြောင့် ပုံကြီးချဲ့ရသနည်း?

ပုံချဲ့သည်ဆိုသည်မှာ-

‘လူ့နား,လူ့မျက်စေ့နှင့် မတော်အောင် သေးငယ်လွန်းနေသော အရာ များကိုသာ တော်လာအောင် ချဲ့ယူရခြင်း’-ဖြစ်သည်။ ဥပမာ အဏုမြူကို အဆ သိန်းသန်း ပုံချဲ့ရခြင်းသည် ယင်းသို့ချဲ့မှ လူ့မျက်စေ့၌ အလောတော်မျှ မြင်သာရုံ ဖြစ်လာသောကြောင့် ချဲ့ရခြင်းဖြစ်သည်။

လူ့မျက်စေ့ဖြင့် ကြည့်မြင်ရန် အလောတော်ဖြစ်နေသော အရာများကို ချဲ့ခြင်းမပြုအပ်ပေ။ ဤသို့ ချဲ့ခြင်းမပြုအပ်သည်ပင် မကပါ။ လူမြင်ရုံထက် ပိုမိုလွန်ကဲ ကြီးမြင့်နေသောအရာ ဖြစ်လျှင် ပုံကျဉ်းပေးရခြင်းများပင် ပြုရပေ သည်။

၄။ ဝိသုဒ္ဓိမဂ် ပိဋကတ်ကို အပိုင်စီး

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဝိသုဒ္ဓိမဂ်ကား အသုံးကို နည်းနည်းလေးမျှ ဂရုမစိုက်ဘဲ ဘုရားသျှင်၏ စကားလေးတစ်လုံး,တစ်လုံးကို အဆပေါင်း ခုနစ်သောင်းခွဲကျော်မျှ ချဲ့ဖွင့်၍ လက်စွမ်းပြလိုက်လေသည်။

ဤတန်ခိုးပြချက်ဖြင့် ဝိသုဒ္ဓိမဂ်ဆရာတော်သည် ပိဋကတ်တော်ကို အပိုင်စီးနိုင်ခဲ့လေသည်။ဤပုံကြီးချဲ့ပြချက်ကြောင့် ခေတ်ပြိုင်ဆရာတော်များသည် ကြောက်ဒူးတုန် လန့်ဖြန့်ရှဲဖယ် သွားကြရပေသည်။

ထိုအခါ ဝိသုဒ္ဓိမဂ်ဆရာတော်သည် ပိဋကတ်တော်ကို အပိုင်စီးလေသည်။ ပိဋကတ်တော်၏ စကားလုံး တစ်လုံးချင်းသည် ပကတိအားဖြင့် ဓမ္မရောင်ဖြစ်သော အဖြူရောင်ဆွတ်ဆွတ်ကလေးများ ဖြစ်ကြပေသည်။

ဝိသုဒ္ဓိမဂ်ဆရာတော်လက် ရောက်သောအခါ ဝေဒရောင်ဖြစ်သော အမှောင်ရောင်မဲမဲများ ဆိုးပစ်လိုက်လေသည်။ ဟုတ်ပါသည်၊ ဝိသုဒ္ဓိမဂ်ဖြင့် ပိဋကတ်ကို အပိုင်စီး၍ အောင်မြင်သောအခါ ပိဋကတ်ကို သူချယ်လှယ်ခဲ့လေသည်။ ပိဋကတ်မှ ထုတ်လွှင့်နေသော အသံကလေးများကို တစ်မျိုးတစ်မည်အားဖြင့် ထွက်ပေါ်လာအောင် ပြုလုပ်ခဲ့လေသည်။

ဝိသုဒ္ဓိမဂ် ဆရာတော်သည် ဤသို့ ပြုလုပ်နိုင်ရေးအတွက် အဟိန်းအဟောက် ပြုလုပ်ရန်အဖြစ်အတွက်သာ ဝိသုဒ္ဓိမဂ်ကို ပြုစုဖန်ဆင်းခဲ့ခြင်းဖြစ်ပေသည်။

၅။ ဝိသုဒ္ဓိမဂ် ပါဠိတော်ကို ကိုယ်စားမပြု

---

ဝိသုဒ္ဓိမဂ်ဆရာတော်သည် သူ့သမိုင်း၌ ဗြာဟ္မဏလုလင် ဝေဒပညာ ရှင်တစ်ဦးဖြစ်သည်။ ယင်းပညာရပ်များသည် ဝေဒန္တကိုထွန်းပြသော ပညာဖြစ်သည်။ ထို့ကြောင့် သူဖွင့်ပြခဲ့သော ကျမ်းစာမှန်သမျှ ဝေဒန္တ အညွှန့်အညှောက်ကလေးများ အဖွေးသားတွေ့နေရခြင်းများ ဖြစ်သည်။

ထို့ကြောင့် သူ၏ပါဠိတော်ကို နားလည်ချက်သည် ဝေဒဖြင့်နားလည်ချက်ဖြစ်သည်။ သူ၏ ဝိသုဒ္ဓိမဂ်၌ ပါဠိတော်များကို ဟိုမှတစ်စ,သည်မှတစ်စ ဤသို့ ကောင်းနိုးရာရာ ဖြတ်ညှပ်ပြီး စပ်ဟပ်ပြသော်လည်း ဝိသုဒ္ဓိမဂ်သည် ပါဠိကို ကိုယ်စားမပြုပါ။

ဤသို့ပင် ပါဠိကိုယူသုံးရာ၌ ပါဠိ၏ စစ်မှန်သော ဓမ္မအနက်ကို မပြသောကြောင့် ဝိသုဒ္ဓိမဂ်သည် ပါဠိကို ကိုယ်စားမပြုသည် မဟုတ်သေးပါ။ ပါဠိတော်ကို ကိုယ်ပိုင်သုတ္တန်များဖြင့် ရောမွှေပါသည်။

ထို့ကြောင့် ပါဠိတော်၏ ပင်ကိုယ်အနက် မှန်ဦးတော့ပင်လျှင် နေရာမမှန်သောကြောင့် မှန်ကန်သောအနက်ကို မဟောနိုင် ဖြစ်လာပါသည်။ ပါဠိတော်ကို သူဖြတ်ချင်သလို ဖြတ်ပြီး သူစပ်ချင်သလို စပ်ထားသောကြောင့် သူဖော်လိုသော ပုံစံသာ ဝိသုဒ္ဓိမဂ်၌ ပေါ်နေပါသည်။ ဘုရားသျှင်ဟောလိုသောပုံစံ အလျဉ်းပင် မပေါ်ပါ။ ဤအကြောင်း ထင်းလင်းစေရန် အကျဉ်းမျှ လေ့လာပြပါမည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏ အဖွင့်ခံအကြောင်းအရာသည် မဂ္ဂင်ရှစ်ပါးဖြစ်ပါသည်။ 'သီလေပတိဋ္ဌာယ'-စသည်သည် သီလ,သမာဓိ,ပညာစသော သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါး ပေါင်း-မဂ္ဂင်ရှစ်ပါးဖြစ်သည်။

ယင်းကိုဖွင့်လျှင် မဂ္ဂင်ရှစ်ပါးကို ဖွင့်ရပေမည်။ သူ့နိဒါန်း၌လည်း မဂ္ဂင်

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ရှစ်ပါးကိုပင် ဖွင့်မည်ဟု ပျိုးသည်။ သို့သော်လည်း အကယ်ဖွင့်သောအခါ၌ကား ကုမ္မဂ္ဂင်များကိုသာ ဖွင့်မိနေပေသည်။ မဂ္ဂင်ကို မဖွင့်မိတော့ပါ။

ဤစကားကို ထင်ရှားရန် အနည်းငယ်မျှ တင်ပြပါဦးမည်။ သီလကို ဖွင့်ပြရာ၌ တဏှာနိဿိတသီလ, ဒိဋ္ဌိနိဿိတသီလများလည်း သီလအရတရား များတွင် ပါဝင်နေပေသည်။ ဤတရားများသည် မဂ္ဂင်ထိုက်သော သီလများ ဖြစ်ပါသလော? မဂ္ဂင်ထိုက်သော သီလသည် ဟူးဟူးညားညား သီလမည်သမျှ တရားအားလုံး ဖြစ်နိုင်ပါသလော?

ဝိသုဒ္ဓိမဂ်ဆရာတော်သည် 'ဖြစ်နိုင်သည်'-ဟု အယူအဆရှိသူ ဖြစ်ပေ သည်။

'သမာဓိ,ပညာရပ်များဖြင့် အသွန်းအလောင်း အထောက်အကူ ခံရသော သီလသည်သာ မဂ္ဂင်ထိုက်သောသီလ ဖြစ်ရမည်ဖြစ် သည်။'

ထို့ကြောင့် ဒိဋ္ဌိနိဿိတသီလစသည် သည် 'သီလေပတိဋ္ဌာယ'-စသည် သည် သီလကောက်ယူချက်များတွင် ပါဝင်ကောက်ယူသင့်ခြင်း အလျဉ်းပင် မရှိနိုင်ပေ။

တဖန် သမာဓိ၌လည်း အလားတူပင် ဖြစ်ပါသည်။ မဂ္ဂင်ထိုက်သော သမာဓိသည် သူကောက်ယူထားသော သမာဓိနှင့် လားလားမျှ မသက်ဆိုင်နိုင် ပါ။ သူသည် 'ကသိုဏ်းသမာဓိများ'ကိုလည်း သမာဓိအရတွင် ကောက်ယူတင်ပြ ထားပါသည်။

'မဂ္ဂင်၌ 'သမာဓိ'-ဟူသည်-

'သတိ,ဝီရိယ,ဧကဂ္ဂတာ'-ဟူသော တရားတို့၏ အမည်များ ဖြစ်ပါသည်။

သတိ- အရသည် 'သတိပဋ္ဌာန်'-ဖြစ်၍၊

ဝီရိယ- အရသည် 'သမ္မပ္ပဓာန်' ဖြစ်သည်။

ဧကဂ္ဂတာ- အရသည် 'ဈာန်'-ဖြစ်ပါသည်။

ဤ၌ ဈာန်သည်လည်း ရုပ်ဈာန်နှင့် ရုပ်မဲ့ဈာန်များဖြစ်ရန် အကြောင်း မရှိပါ။

ထို့ကြောင့် မဂ္ဂင်၌ 'သမာဓိ'-အရသည်-

'စိတ်ကို အခြားနေရာ, အခြားအချိန်နှင့် အခြားအသွင်အပြင် ပယောဂများဆီသို့ မရောက်အောင်ထားချက်'-များ မဖြစ်နိုင်ပါ။

'သီလဖျက်ဖို့ဆီ ဦးတည်လျက်ရှိသော အရာများအပေါ်၌ မတည်မငြိမ် မရပ်တည်ခြင်း'-ဟူသောအရာသာ ဖြစ်သင့်ပါသည်။

ပထဝီကသိုဏ်း-စသည်များသည် ယင်းအာရုံကိုယူနေသူ့အတွက် ဘယ်နေရာ၊ ဘယ်အချိန်တစ်ခုဆီသို့ စိတ်မပျံ့လွင့်သော်လည်း မဂ္ဂင်ထိုက်သော သမာဓိကား မဖြစ်နိုင်ပါ။ သီလ၊ ပညာနှင့် ဆက်သွယ်ခြင်း မရှိသောကြောင့် ဖြစ်သည်။

ပညာ၌လည်း ထို့အတူပင် ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်ဆရာတော်သည် ပညာမဟုတ်သည်များကိုလည်း ပညာဟု ညွှန်ပြနေပါသည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအပိုင်း တင်ပြချက်များသည် ရှင်းလင်းပါသည်။ နောက်ဘဝမှ ဖြစ်ပွားချက်၊ နောင်ဘဝမှာ ဖြစ်ပွားမည့်အချက် ဤအရာများကို မည်သူသိနိုင်သနည်း။

အကယ် ရှိဦးတော့ပင် မည်သူမျှ သိနိုင်သည် မဟုတ်ပေ။ မသိနိုင်သည်ကို အသိလုပ်ပြခြင်းသည် ပညာ ဖြစ်နိုင်အံ့လော။

ဝိသုဒ္ဓိမဂ်သည် ဤသို့ပင် အချော်အချွတ်များ ရှိပါသည်။ ပါဠိ၏

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
ပင်ကိုယ်အနက်မှန်များကို ဖြတ်ချင်သလိုဖြတ်၊ ညှပ်ချင်သလိုညှပ်ပြီး သူစပ်ချင်သလို စပ်ဟပ်၍ ပြနေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၏ မဂ္ဂသစ္စာနိမိတ်ပုံသည် ဘုရားရှင်ဟောလိုသော ပုံစံ အလျဉ်းပင် မရှိပါ။သူဖော်လိုသော ဝေဒအမြင် ပုံစံသစ်သာ ပေါ်ထွက်ပါသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်သည် ပါဠိတော်ကို များစွာထောက်ကိုး အသုံးပြုထားသော်လည်း ပါဠိတော်ကိုကိုယ်စားပြုသော ကျမ်းစာကား အလျဉ်းပင်မဟုတ်ပါ။

ဤအကြောင်းကို အကျယ်ဝေဖန်သုံးသပ်ချက်၌ အလွန်ရှင်းလင်းစွာ တွေ့ရမည်ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်သည် ဘုရားသျှင်ဟောညွှန်ခဲ့သော ဝိသုဒ္ဓိနှင့် ယင်းဝိသုဒ္ဓိ၏မဂ္ဂကို လုံးဝဖော်ဆောင်နိုင်ခြင်းမရှိ-ဟု ဆိုလိုပါသည်။

ဤအရာသည် ဝိသုဒ္ဓိမဂ်ကို သုံးသပ်ခြင်း၏ ပဌမအကြောင်းအချက် ဖြစ်ပါသည်။

၆။ ဝိသုဒ္ဓိမဂ်သည် ဘုရား့တရားကို ချုပ်ပျောက်စေ

ဆက်လက်၍ ဒုတိယအကြောင်းအချက်ကို တင်ပြပါဦးမည်။

ယင်းမှာ ဝိသုဒ္ဓိမဂ်၏ အကျိုးတရားများ ဖြစ်ပါသည်။ ဤ၌ အကျိုးတရားများဟူသော်လည်း ကောင်းသောအကျိုးတရား မဟုတ်ပါ။ ဆိုးသော အကျိုးတရားများသာ ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်မှထွက်ပေါ်လာသော အပြစ်များဟု ဆိုနိုင်ပါသည်။

ယင်းတို့မှာ ရှည်လျား များပြားလှပါသည်။ ယင်းကို ခြုံမိငုံမိသော စကားလုံးတစ်လုံးမျှဖြင့်ဆိုလျှင်-

'ဝိသုဒ္ဓိမဂ်သည် ဘုရားသျှင်၏ တရားတော်များကို ချုပ်ငြိမ်း

---

ရုပ်သိမ်းစေခဲ့သည်'။

ဤစကားကိုပင် ပြောရပေမည်။

ဟုတ်ပါသည်။ ဘုရားသျှင်သည် မဂ္ဂင်ကို သီလ၊သမာဓိ၊ ပညာတို့ဖြင့် အစုသုံးစု-ခွဲ၍ ပညတ်ခဲ့ပါသည်။ ဝိသုဒ္ဓိမဂ်သည်လည်း သီလ၊ သမာဓိ၊ ပညာတို့ကို ပြဆိုပါသည်။ ပြဆိုသည်မှ သူမတူအောင် အကြီးမားဆုံးဖြစ်အောင်ပင် ပြဆိုခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ပင်ဖြစ်သော်လည်း ဘုရားသျှင်၏ သီလ၊ သမာဓိ၊ ပညာကား အပျောက်ဆုံးကြီး ပျောက်ဆုံးခဲ့ပေသည်။ ဘုရားသျှင်၏ ဝဋ္ဋဆင်းရဲမှ လွတ်ငြိမ်းမှုပြရာဖြစ်သော တစ်ခုတည်းသော လမ်းသည် ဝိသုဒ္ဓိမဂ်၏ အရိပ်အောက်၌ အပျောက်ဆုံးကြီး ပျောက်ဆုံးခဲ့ရပေသည်။

ဤအကြောင်းထင်ရှားရန် ကြားဖူးသောပုံတစ်ခုဖြင့် ပြောဆိုပါမည်။

ယင်းပုံ၌ ဇာတ်လိုက်မှာ ပန်းချီမျက်စေ့မပါသော လောဘကြီးသော သူဌေးတစ်ယောက် ဖြစ်ပါသည်။သူသည် ပန်းချီပြပွဲတစ်ခုသို့ ရောက်သွားရာ လူအများဝိုင်းအုံနေသော ပန်းချီကားတစ်ချပ်ကို သွားရောက်ဝင်၍ ကြည့်ရှုလေသည်။

ပန်းချီကားမှာ နေဝင်ဆည်းဆာအချိန်၌ တောမှပြန်လာသော ထင်းခုတ်သမားတစ်ယောက် ထင်းစည်းကိုထမ်းလျက် ပြန်လာရာ ရွာအနီးအရောက်၌ သူ့ခါး၌ ဓါးအိမ်သာပါပြီး ဓါးမေ့ကျန်ခဲ့သည်ကို သိ၍ တောပြန်ရမည်လော၊ ရွာသို့ပင်ဆက်လာရမည်လော-ဟု ဝေခွဲရခက်လျက် အံ့အားသင့်နေသောပုံဖြစ်သည်။

ပန်းချီကားသည် များစွာ သက်ဝင်လှုပ်ရှားနေလေသည်။ နေဝင်ဆည်း

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆာ၊ ထင်းစည်းအလေးချိန်၊ ပင်ပန်းလာသောအဖြစ်၊ ရွာအနီး ရောက်နေသည့်အချက်၊ သူ့နေရာမှ ဓါး၏တန်ဖိုး။ ဤအရာများဖြင့် သက်ဝင်လှုပ်ရှား၍ နေသည်။

သူဌေးသည် ပန်းချီရုပ်၏ခါး၌ ဓါးအိမ်သာပါပြီး ဓါးမေ့ကျန်ခဲ့သည်ကို လိုအပ်နေသည်ဟု အထင်ရှိလေသည်။ အကယ်၍ ယင်းလိုအပ်ချက်ကို ဖြည့်စွက်၍ ပြန်လည်ရောင်းချရလျှင် ဝယ်ဈေးထက် များစွာ ပိုမိုမည်ဟု စီးပွားတွက်တွက်ပြီးလျှင် ထိုပန်းချီကားကို ဝယ်ယူလေသည်။

ပြီးလျှင် ပန်းချီကား၌ ဓါးဖြည့်ခိုင်းပြီး ပြန်လည်၍ ရောင်းချလေသည်။ ယင်းပန်းချီကားသည် အသက်သေခဲ့ပြီ ဖြစ်သောကြောင့် ကြည့်ရှုသူမျှပင်မရှိဖြစ်တော့သည်။

ဤပုံစံသည် ဝိသုဒ္ဓိမဂ်အတွက် ပေးရန် အထူးသင့်လျော်သောပုံစံဖြစ်သည်။ ဝိသုဒ္ဓိမဂ်သည် ဘုရားရှင်၏ မဂ္ဂင်ပန်းချီကား၌ ဓါးဖြည့်၍ ဖွင့်ခဲ့ပြီဖြစ်သည်။ ဘုရားသျှင်၏ မဂ္ဂင်သည် ဝိသုဒ္ဓိမဂ်၏ အဖြည့်အစွက်ကြောင့် ပျက်ခဲ့ပြီဖြစ်သည်။ မဂ္ဂင်အဖြစ်မှ ကမ္မဂ္ဂအဖြစ်သို့ လျှောကျခဲ့ပြီ ဖြစ်သည်။

ဤစကား အမှန်ဖြစ်ပါသည်။

ဘုရားသျှင်သည် မဂ္ဂင်ကို သတ္တဝါများစင်ကြယ်ရန် ညွှန်ပြခဲ့ခြင်းဖြစ်သည်။ စိုးရိမ်ခြင်း၊ ငိုကြွေးရခြင်းများမှ လွတ်မြောက်ရန်၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် ဟောကြားခဲ့ခြင်း ဖြစ်သည်။ အရှိကို အရှိအတိုင်း သိမြင်ရန်နှင့် အလို,အမျက်ခပ်သိမ်းမှ အပြီးအပိုင်ငြိမ်းရန် သင်ကြားခဲ့ခြင်း ဖြစ်သည်။

ဤ၌ စင်ကြယ်ခြင်း၊ စိုးရိမ်ရခြင်း ငိုကြွေးရခြင်းတို့မှ လွန်မြောက်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲမရှိခြင်း၊ အရှိကို အရှိအတိုင်းသိခြင်း၊ အလိုစသည်မှ

အပြီး အပိုင်ချုပ်ငြိမ်းခြင်း။ ဤအရာများသည် သဘောတစ်ခုတည်းလိုလို ဖြစ်ကြပါသည်။

ဘယ်သူသည် စင်ကြယ်သနည်း?

မြန်မာပြည်၌ ဗုဒ္ဓဘာသာဝင်ဦးရေသည် မြန်မာ့လူဦးရေ၏ ရှစ်ဆယ် ရာနှုန်းခန့် ရှိကောင်းရှိပါမည်။ ထိုသူများ၌ စင်ကြယ်သည်ဟုပြောနိုင်သော အမှတ်အသားဟူ၍ အဘယ်အရာရှိပါသနည်း?

ဗုဒ္ဓဘာသာဝင်ဦးရေ သန်းနှစ်ဆယ်ရှိသည်ဆိုလျှင် ယင်းသန်းနှစ်ဆယ် အတွက် ဘုန်းကြီးရဟန်းများသည် သာသနာဘာသာရေးကေဒါများ ဖြစ်ကြ ပေသည်။ ဗုဒ္ဓဘာသာဝင်လူဦးရေနှင့်အမျှ ဘုန်းကြီး ရဟန်းများလည်း အချိုး ညီစွာပင် ဖြစ်ရှိနေသည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်ဖြစ်သော လူများသည် စားဝတ်နေရေးကြောင့် မစင် ကြယ်နိုင်-ဟု မပြောသာပေ။ သူတို့သည် စားဝတ်နေရေး ရှိနေသော်လည်း သူတို့ ကျရောက်နေသော ဘာသာရေးတာဝန်ကို ထမ်းဆောင်သည်ပင်။

တိုင်းပြည်၌ အလုပ်သမားသည် ပါတီကေဒါမဟုတ်သောကြောင့် နိုင်ငံ ကပေးအပ်သော အခွင့်အရေးများ မရနိုင်ဟု မဆိုသာပေ။ ရလည်း ရနေသည် ပင်။ အလုပ်သမားသည်လည်း နိုင်ငံတော်ကို အလုပ်အကျွေးပြုနေသောကြောင့် ရခြင်းဖြစ်သည်။

ထို့အတူ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာတရားတော်ကို အလုပ် အကျွေးပြုနေသူများပင် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာတရားတော်က ပေးအပ်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သော စင်ကြယ်မှုကို ရသင့်သည်ပင်။

ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာတရားတော်ကို အလုပ်အကျွေးပြုကြသည်မှာလည်း ဗုဒ္ဓဘာသာတရားတော်ထံမှ စင်ကြယ်မှုကို ရလိမ့်မည်ဟူသော ယုံကြည်ချက်စစ်စစ်နှင့် ဖြစ်လေသည်။ ဗုဒ္ဓဘာသာတရားတော်က ပေးသော စင်ကြယ်မှုဟူသည်လည်း ဆိုခဲ့ပြီးသောအတိုင်း ဖြစ်သည်။

ထိုစင်ကြယ်မှုသည် ထိုသူတို့၌ ရရှိပါသလော?

အကယ်၍ ရရှိသည်ဆိုလျှင် ရရှိကြောင်းမှတ်သားစရာ သက်သေပြနိုင်ရဖို့ ရှိပါသည်။ အကယ်၍ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်များက မိစ္ဆာဒိဋ္ဌိဟု ဗုဒ္ဓဘာသာဝင်များဆိုကြသော ခရာဇ်ယာန်၊ မူဆလင်၊ ဟိန္ဒူစသောသူများနှင့် မတူပဲ ကွဲပြားခြားနားခြင်းဟူ၍ ပြလောက်ညွှန်လောက်၊ သိမြင်လောက်အောင် မရှိပေ။

စီးပွားရေးစာရင်းဇယား၌ ဗုဒ္ဓဘာသာဝင်များသည် အခြားဘာသာဝင်များထက် သာလွန်မှုရှိသလော?

ကျန်းမာရေးအခြေပြဇယားများ၌ သာလွန်မှုရှိသလော?

လူ့ငြိမ်းချမ်းရေးအခြေပြဇယားများ၌ သာလွန်မှုရှိသလော?

အကယ်၍ စင်ကြယ်မှုကို ရရှိသည်ဆိုလျှင် ဤအရာများ၌ တစ်ခုမဟုတ်တစ်ခုဝယ် သာလွန်မှု, ထူးကဲမှု ရှိပေရာသည်။ ယခုကား ဗုဒ္ဓဘာသာဝင်တို့၏ အရေအတွက်သည် အကျဉ်းထောင်၏ စာရင်းဇယား၌ဖြစ်စေ၊ စိတ္တဇဆေးရုံ၏ လူနာ စာရင်းဇယား၌ဖြစ်စေ၊ တရားရုံးများ၏ အမှုတွဲစာရင်းဇယား၌ဖြစ်စေ ထိပ်တန်းအောက် လျော့နေလျက် မရှိဘဲဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေသည်။

လူဦးရေ၌ ဗုဒ္ဓဘာသာဝင်များသောကြောင့်-ဟု မဖြေစေချင်ပါ။ လူဦးရေရာခိုင်နှုန်းအလိုက်ပင် ထိပ်တန်းမှရှိမည်ဖြစ်ကြောင်း ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာတရားတော်သည် ဆိုခဲ့သည့်အတိုင်းပင်ဖြစ်စေသည် ဆိုလျှင် အထက်ကဆိုခဲ့သော တိုင်းပြည်၏ ကျန်းမာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အခြေပြစာရင်းဇယားများ၌ ဗုဒ္ဓဘာသာဝင်များ၏ စာရင်းမှာ အခြားဘာသာဝင်များ၏စာရင်းထက် အဆင့်အတန်း မြင့်နေရမည်မှာ မလွဲမသွေပင် ဖြစ်ပေသည်။ မထူးခြားဘဲ အကယ်၍ ဖြစ်နေသည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်များ၌ အပြစ်မရှိပါ။ သူတို့သည် ဗုဒ္ဓဘာသာတရားတော်ကို အစွမ်းကုန် အလုပ်အကျွေးပြုခဲ့ကြပြီး ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၌ သူတို့၏ အခန်းကဏ္ဍသည် ဤအရာသာ ဖြစ်ပါသည်။

တဖန် ဗုဒ္ဓဘာသာကေဒါဖြစ်သော ဘုန်းကြီးများ၌လည်း အပြစ်မရှိပါ။ ဘုန်းကြီးများသည်လည်း ဗုဒ္ဓဘာသာဝင်တို့ မအားနိုင်မလပ်နိုင်ပင် အခွင့်သင့်သမျှ အပြည့်အဝပင် တရားပြ တရားဟော ပြုနေကြပါသည်။

သူတို့တတ်အားသမျှ အပြည့်အဝပင် ပို့ချဟောညွှန် ပြနေကြပါသည်။ ဘုန်းကြီးများလည်း ထို့ထက်ပို၍ ဘာသာဝန်ကို ထမ်းနိုင်စရာ အကြောင်းမရှိတော့ပါ။

ဗုဒ္ဓဘာသာဝင်များ မစင်ကြယ်ကြသည်မှာ ဆရာ,တကာ နှစ်ဖြာသောသူတို့၌ ချို့တဲ့သောကြောင့် မဟုတ်ပါ။ ဗုဒ္ဓဘာသာသဘောတရားကြောင့်သာ အစစ်အမှန် ဖြစ်ပါသည်။

ယနေ့ရှိနေသော ဗုဒ္ဓဘာသာတရားတော်သည် နတ်အိုးကွဲဟူသကဲ့သို့ ဖြစ်နေပါသည်။ အညစ်အကြေး ကော်၍လည်းမရ၊ ပဲလျော်၍လည်းမရ

ဖြစ်နေပါသည်။ ဟုတ်ပါသည်။

ဗုဒ္ဓဘာသာတရားတော်သည် စိတ်(Psychology)ပညာရပ်လိုလို ဒဿန(Philosophy)ပညာရပ်လိုလို မပြတ်မသား ဖြစ်နေပါသည်။

သို့မဟုတ်-

ဗုဒ္ဓဘာသာတရားတော်သည် သိမြင်မှုကိုအခြေခံသော သဘာဝသိပ္ပံပညာလိုလို၊ ယုံကြည်မှုကိုအခြေခံသော ဘာသာရေးပညာလိုလို ဖြစ်နေပါသည်။ ထိုအရာနှစ်ခုသည်လည်း အကယ်၍ ဆက်စပ်မရကောင်းသော ပညာနှစ်ရပ် ဖြစ်ပါသည်။

သဘာဝသိပ္ပံ၏အလှသည် 'ဧဟိပဿိကဂုဏ်'ရောက်ခြင်း ဖြစ်ပါသည်။ အဆိုအတိုင်း ရှင်းပြ၍ ရကောင်းသောအရာဖြစ်သည်ဟု ဆိုလိုပါသည်။ ယင်းဂုဏ်သည် သဘာဝသိပ္ပံပညာ၏အလှ ဖြစ်ပါသည်။

ဘာသာတရားပညာ၏ အလှမှာ မျက်စေ့ကိုစုံမှိတ်၍ ယုံကြည်မှုပင် ဖြစ်ပါသည်။

ယင်းနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်(ဗီလာ) ဖြစ်ပါသည်။

အသိအမြင်နှင့် အသိအမြင်မဲ့ဟူ၍ နှစ်မျိုးဖြစ်လာပါသည်။ အလင်းနှင့် အမှောင်ကဲ့သို့ တစ်ချိန်တည်း တစ်နေရာတည်း၌ ယင်းတို့အလှနှစ်ပါး မပြိုင်ဆိုင်နိုင်ဘဲ ရှိနေပါသည်။

ထိုသို့ဖြစ်သော်လည်း ဗုဒ္ဓဘာသာတရားတော်သည် ယင်းအလှနှစ်မျိုးလုံး ရှိနေသယောင် ဖြစ်နေပါသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာတရားတော်သည် ဘယ်အလှမျှ တကယ်ပေါက်မြောက်အောင် တောက်ကြွားလှပ၍မရဘဲ ဖြစ်ရလေသည်။

ဗုဒ္ဓဘာသာတရားတော်သည် စိတ်(ဆိုက်ကို) များစွာဆန်သော်လည်း စိတ်(ဆိုက်ကို) အထွဋ်အထိပ်ကျအောင် တိကျသောလမ်းညွှန်ချက်ကို ရှာသော

အခါ မှုန်ဝါးဝါးအဖြစ်ခံရခြင်းနှင့်သာ ရင်ဆိုင်ရမည်မလွဲ ဖြစ်သည်။

တဖန် ဒဿန(ဖီလိုဆိုဖီ)လည်း အတော်ဆန်ပေသည်။ ဒဿန(ဖီလိုဆိုဖီ)ပညာသည် လောကကို တန်ဘိုးဖြတ်သောပညာ ဖြစ်ပေသည်။ ဒဿန(ဖီလိုဆိုဖီ)အတွက် အထွဋ်အထိပ်ရောက်အောင် လိုက်လျှင်လည်း ဗုဒ္ဓဘာသာသဘောတရားသည် လမ်းခုလတ်မှာပင် အရှုပ်အထွေးနှင့် ရင်ဆိုင်ရမှာမလွဲ ဖြစ်သည်။

ဤ၌ ဒဿန(ဖီလိုဆိုဖီ)၏ အထွဋ်အထိပ်ဟူသည် အဘယ်နည်း?

ဤသို့ မေးဖွယ်ရှိပါသည်။

အသိအမြင်များနှင့် အကျင့်စရဏများ ကွင်းဆက်ဖော်ထုတ်နိုင်ခြင်းမျှကို အထွဋ်အထိပ် ဆိုပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာတရားတော်သည် ပညာရပ်အပေါင်း ခညောင်းသော တက္ကသိုလ်ကြီးလိုလို အသွင်ကို ဆောင်နေပြီး အကယ် အသုံးဖြစ်သောအရာလည်း ပလာနတ္ထိဖြစ်နေလေသည်။ ထို့ကြောင့် အညစ်အကြေး ကော်၍လည်းမရ၊ ပဲလှော်၍လည်းမရသော နတ်အိုးကွဲပမာ ဖြစ်နေပေသည်။

ဗုဒ္ဓဘာသာ တရားတော်က ပေးသည်ဆိုသော အကျိုးကျေးဇူးသည် အကောင်းများချည်း ဖြစ်သည်။ အကယ် ပြုလုပ်၍-ရကြသည်ကား ဘာမျှရေရာခြင်းမရှိ ဖြစ်လေသည်။ ထိုသို့ဖြစ်သောကြောင့်သာ အထက်ကဆိုခဲ့သော အခြေခံစာရင်းများ၌ ဗုဒ္ဓဘာသာဦးရေ၏ ထူးမခြားနားဖြစ်သည်မဟုတ်ပါလော?

အချို့ မျက်ကန်းယုံကြည်သူများသည် ဤအချက်ကို ကျေနပ်ကြမည်မဟုတ်ပေ။ သူတို့သည် နောက်ဘဝအမျှော်၌ သန်လွန်းနေသူများ ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သူတို့သည် ဤသို့ဆိုကြပါမည်-

'ဗုဒ္ဓဘာသာတရားတော်သည် အလွန်မြင့်မြတ်သောတရားတော် ဖြစ်ပါသည်။ ဘဝပေါင်းများစွာ ဖြစ်အံ့သည်ကို မြစ်တားနိုင်သည်။ ဤဘဝဆင်းရဲသည် အဘယ်အရာ ဟုတ်သနည်း၊ နောင်ဖြစ်လတ္တံ့သော သံသရာဆင်းရဲသည် များလှသည်။ ဗုဒ္ဓဘာသာတရားတော်သည် ဤဆင်းရဲများကို တားမြစ်သည်။ ဤဘဝဆင်းရဲမှုကို မတားမြစ်ကာမျှဖြင့် တရားတော်၏ အစွမ်းမဲ့သည်ဟူသော အဆိုသည် လုံးဝမသင့်။ သန်းကြွယ်သူဌေးအိမ်၌ အချိန်မဟုတ်၍ ထမင်းမရဘဲ အနည်းငယ်ငံ့ရကာမျှဖြင့် ထိုသူကို သန်းကြွယ်သူဌေးမဟုတ် လူဆင်းရဲဟုဆို၍ မဖြစ်သကဲ့သို့ပင်'-ဟု ပြောဆိုပေမည်။

ထိုသူသည် နောင်ဘဝကို ရည်စူးလွန်နေသူ ဖြစ်ပါသည်။ ထို နောင်ဘဝကိုလည်း သူလည်း လုံးဝဆိုမှ လုံးဝပင် သိမည်မဟုတ်ပါ။ မသိသောကြောင့် မရှိဟု ယူရမည်ဟု မဆိုလိုပါ။ ရှိသည်ဟုပင် ယူလိုက ယူနိုင်ပါသည်။ သို့သော်လည်း ယခုဆင်းရဲကို မဖျောက်ဘဲ နောက်ဆင်းရဲပျောက်ဖို့-ဟု ကြွေးကြော်နေချက် မလှပလွန်းသည်ကိုသာ ပြောဆိုလိုပါသည်။

ဥပမာအားဖြင့် ထိုသူတို့သည် အနာတင်းလျဉ်းရှိလျက် အနာပျောက်ဆေးကြီးကို တကိုင်ကိုင်နှင့် နောက်အနာပေါက်လာလျှင် သောက်ဖို့,သောက်ဖို့-နှင့် လူတွေ့တိုင်း ထုတ်ကြွားနေသူကဲ့သို့ ဖြစ်ပါသည်။

ဤဆေးသည် ရောဂါကိုပျောက်သည်ဆိုလျှင် နောင်အနာအတွက် အချိန်ငံ့မနေဘဲ ယခုအနာကို ပျောက်အောင် သောက်လိုက်သင့်ပါသည်။

ဤအတူ ဤတရားသည် လောဘ,ဒေါသကို ငြိမ်းနိုင်သည်ဆိုလျှင် သို့မဟုတ် စင်ကြယ်မှုကို ဖြစ်စေနိုင်သည်ဆိုလျှင် နောင်မဖြစ်သေးသော မစင်

ကြယ်မှုကို တားမြစ်ရန် ငံ့လင့်နေမည့်အစား ယခုဖြစ်ပေါ်နေသော မစင်ကြယ်မှုကို ရပ်တံ့အောင် တားမြစ်လိုက်ဖို့ လိုပါသည်။

ထိုသို့မဟုတ်မူ၍ ယခုမစင်ကြယ်မှုအတွက် လက်မအားရ ခြေမအားရ တဖျတ်ဖျတ်လှုပ်ရှား ဖျောက်ဖျက်နေရပြီး 'ဤတရားတော်သည် 'နောင်မစင်ကြယ်မှုတွေ မဖြစ်စေဘို့ ဖြစ်သည်၊ နောင်မစင်ကြယ်မှုတွေ မဖြစ်စေဘို့ ဖြစ်သည်'ဟု ဤသို့ အထပ်ထပ်အော်ဟစ်နေခြင်းဖြင့် လူရယ်စရာဖြစ်အောင် လုပ်နေသည်နှင့် တူပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာတရားတော်သည် စိတ်ကူးယဉ်တရားတော်အဖြစ်ခံနေရလေသည်။

ဘုရားသျှင်ဟောခဲ့သော တရားတော်သည် ဤသို့သော တရားတော်မဖြစ်နိုင်ပါ။ မဖြစ်နိုင်ကြောင်း ဘုရားသျှင်၏ တရားတော်အရည်အချင်းပြစကားများဖြင့် ထင်ရှားလှပါသည်။

တရားတော်သည်-

အရိယသစ္စာတရားဖော်ထုတ်ချက် ဖြစ်ကြောင်း၊

ကိုယ်တိုင်သိနိုင်သောအရာလည်း ဖြစ်ကြောင်း၊

အချိန်သီးခြားလည်း မလိုဖြစ်ကြောင်း၊

သူတပါးအား ရှင်းပြ၍ရသော တရားတော်လည်း ဖြစ်ကြောင်း၊

ယူဆောင်ရန် သင့်မြတ်သောအရာလည်း ဖြစ်ကြောင်း၊

ကိုယ်တိုင်သိအပ်ခံစားအပ်သောတရား လည်းဖြစ်ကြောင်းများ- ဖြစ်ပါသည်။

ဤအရာသည် တရားတော်၏အရည်အချင်းပြ စကားများကို ထောက်ဆ၍ သိရှိရခြင်း ဖြစ်သည်။ တရားတော်ကို ကိုယ်တိုင် တိုက်ရိုက်လေ့လာလျှင်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
လည်း ဤအတိုင်းမှန်ကန်ကြောင်း သိရမည်မလွဲ ဖြစ်သည်။

ဥပမာအားဖြင့် သစ္စာကို လေ့လာမည်ဆိုလျှင်လည်း-

'သမုဒယကြောင့် ဒုက္ခဖြစ်သည်။

သမုဒယမဖြစ်ဘဲ မဂ္ဂဖြစ်လျှင် သမုဒယ မဖြစ်သောကြောင့် ဒုက္ခငြိမ်းသည်'-ဟု ဟောကြားခဲ့ပါသည်။

ဤအဆိုသည် မည်မျှရှင်းပါသနည်း။ တစ်ကို နှစ်နှင့် ပေါင်းသောကြောင့် သုံးဖြစ်သည်၊ မပေါင်းလျှင် သုံးမဖြစ်ဟုပြောသော သင်္ချာစကားနှင့် တူညီလှပေသည်။

ဘုရားသျှင်၏တရားတော်သည် ဤမျှ ရှင်းလင်းလှပေသည်။ ဤမျှ လူနှင့်ဝင်ဆန့်လှပေသည်။ ယင်းကို ဝိသုဒ္ဓိမဂ်ဆရာတော်သည် တရားတော်ကို နားနှင့်မဆံ့အောင် ပုံကြီးချဲ့ခဲ့လေသည်။ လူများ၌ တရားသည် အကယ်ပင် ပျောက်ဆုံးခံကြရသည်အထိ ဖြစ်လေသည်။

ဟုတ်ပါသည်။ လူများ၌ တရားတော်သည် အကယ်ပင် အပျောက်ဆုံးခံကြရပေသည်။ တရားဟူသည်ကိုပင် အဘယ်-ဟု မသိအောင် အပျောက်ဆုံးခံကြရပေသည်။

ဗုဒ္ဓဘာသာဝင် တစ်ယောက်ယောက်ကို 'တရားဟူသည် အဘယ်အရာဖြစ်သနည်း-ဟု စစ်မေးလျှင် ထိုသူသည် အူကြောင်ကြောင် ဖြစ်သွားရဖို့ ရှိပါသည်။

ရိပ်သာဝင်ဖူးသူ ဗုဒ္ဓဘာသာဝင်ကို မေးမိလျှင်ကား တရားဟူသည်- 'ရှုရှိုက်-ဖြစ်သည်'-ဟုလည်းကောင်း၊ 'ထိသိ-ဖြစ်သည်'-ဟုလည်းကောင်း၊ 'ဖြစ်ပျက်-ဖြစ်သည်'-ဟုလည်းကောင်း ဖြေပေမည်။

---

ပရိယတ်၌ အကြားအမြင်ရှိသူ တစ်ဦးဦးကို မေးမိလျှင်ကား တရားဟူသည် 'မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်နှင့် ပရိယတ်တရားများဖြစ်သည်'-ဟု ဤသို့ပင် ဖြေပေမည်။ သာမန်လူတစ်ယောက်ဆိုလျှင်ကား 'ဘုန်းကြီးဟောတာတွေ တရားဖြစ်သည်'-ဟု ဆိုသူက ဆိုပေမည်။

ထိုသူတို့ ဖြေကြားချက်များ အားလုံးပင် တရားဖြစ်ပါသလော?

သို့မဟုတ် တစ်ခုခုသည် တရားဖြစ်သလော။

တရားဟူသည် အဘယ်ပါနည်း?

သူတို့သည် တရားကိုမသိသည်အထိပင် တရားအပျောက်ဆုံး ခံနေကြရပေသည်။ အကယ်စင်စစ်၌-

'တရားသည် မတရားမဟုတ်သော အရာများသာ ဖြစ်ပေသည်'။

ဒုစရိုက်များသည် မတရားဖြစ်၍၊

ဒုစရိုက်မဟုတ်သော ကမ္မပထများသည် တရားဖြစ်ပေသည်။

ဤတရား ရရှိခြင်းသည်သာလျှင် တရားရခြင်းအစစ် ဖြစ်ပေသည်။

မဂ်တရား၊ ဖိုလ်တရားဆိုသည်များကား တရား၏ နာမည်များ၊ ဘွဲ့များမျှသာ ဖြစ်ပေသည်။ တရားမဟုတ်ပေ။

တရားကား ဆိုခဲ့ပြီးသော သူ့အသက်မသတ်ခြင်း-စသော အရာများသာ ဖြစ်ပေသည်။

ထိုတရားများကိုရခြင်း၏ အနိမ့်အမြင့် အဆင့်ဆင့်သည် ပဌမမဂ်၊ ဒုတိယမဂ်စသည် ခေါ်ရခြင်းဖြစ်သည်။ ဖိုလ်ခေါ်ရခြင်း ဖြစ်သည်။

ယင်းတရား၏အကျိုးကို နိဗ္ဗာန်ခေါ်ရခြင်း ဖြစ်သည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

နိဗ္ဗာန်သည်လည်းတရား-မဟုတ်ပေ။ ယင်းသို့ဖြစ်လျက် နိဗ္ဗာန်ကို 'တရား'-ဟုထင်ပြီး ယင်းတို့ကို ရှာဖွေနေ၊ ရချင်နေသူများ ရှိပါသည်။ သူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မရသေးသူများချည်း ဖြစ်သည်။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို သူတို့မသိကြပေ။

သူတို့သည် သူတို့မသိသော အရာကို ရှာဖွေကြပေသည်။ အကယ်၍ တွေ့လျှင်ပင် သူတို့မသိသောအရာ ဖြစ်သောကြောင့် တွေ့သည်မည်ရန် အကြောင်းကင်းလျက် ရှိပေသည်။

ထို့ပြင်လည်း ဤအရာ မဂ်လေလား၊ ဖိုလ်လေလား၊ နိဗ္ဗာန်လေလား၊ ထင်မှားဝိုးဝါးရသော ဒုက္ခလည်း သူတို့၌ သက်သာလှသည် မဟုတ်ပေ။ သူတို့သည် အမှောင်ခန်းအတွင်း၌ ကိုယ်မသိသောအရာကို စမ်းနေသူများကဲ့သို့ ရယ်ဖွယ်များ ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်များသည် ဤသို့ပင် တရားကိုမသိ ဖြစ်နေကြပေသည်။

တရားမသိသောသူသည် အဘယ်သို့လျှင် တရားပြည့်ရန် ကျင့်ပါတော့မည်နည်း။ တရားကို တရားဟုမသိပြီ ဖြစ်သောအခါ တရားမဟုတ်သည်များသည် တရားဟု အသိခံလာရမည်မှာ မလွဲရှောင်သာသောသဘော ဖြစ်သည်။

၇။ စိတ်ထိန်းခြင်းပညာသည် တရားမဟုတ်

လူများသည် အဘယ်ကို တရားဟုထင်နေကြသနည်း။ စိတ်ကို ထိန်းသော လုပ်ငန်းများသည် တရားဟု အထင်ခံရသည်များ ဖြစ်လာကြသည်။

သူတို့သည် ထိုအရာကို တရား-ဟုထင်သော်လည်း ထိုတရားကိုကား ရအောင် မတတ်နိုင်ကြပေ။

စိတ်သည် ထိန်း၍ရကောင်းသော အရာကော ဟုတ်ပါ၏လော?

စိတ်ကို ဟိုအာရုံ သည်အာရုံများသို့ မသွားရန်၊ ဟိုအချိန် သည်အချိန် များသို့ မသွားရန်၊ ဟိုနေရာ-သည်နေရာများသို့ မသွားရန် ထိန်း၍ ရကောင်း အံ့လော?

စိတ်ထိန်းခြင်းကို 'တရား'-ဟု ထင်သူတို့သည် ဤအမေးကို 'ဩော်-- ရသည်ပင်'-ဟု ဖြေကောင်းဖြေကြမည်။

ဤအဖြေသည် မသိခြင်းဖြင့်ဖြေသော အဖြေသာ ဖြစ်ပေမည်။ စိတ်ဟူ သည်ပင် ရှေ့ရှေ့နောက်နောက် အချိန်များနှင့် ထိုထိုဤဤ နေရာများ၊ အာရုံ များကို 'ကူးစရာ'-ဟူသော လုပ်ငန်းတစ်မျိုးတည်းဖြစ်သော တရား ဖြစ်သည်။

အာရုံနှင့်ဝတ္ထုမတိုက်လျင် မဖြစ်မည် ဖြစ်သော်လည်း တိုက်လျင်ကား ဖြစ်မည်ပင်။ အခြားအချိန် အာရုံနှင့်တိုက်လျင် အခြားအချိန် စိတ်ဖြစ်မည်ပင်။

စိတ်၏ တစ်ခုတည်းသောသတ္တိသည် လူမရောက်နိုင်ရာသို့ စေလွှတ် စရာဟူသောအရာ ဖြစ်သည်။ ယင်းကို အတင်းအဓမ္မ ဖိနှိပ်ကွပ်ညှပ်၍ တားမြစ် နေခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ တား၍လည်း အလျဉ်းပင် မရနိုင်ရာ။ တား၍လည်း အကျိုးတစိုးတစိမျှ မဖြစ်ပေရာ။

သူတို့သည် စိတ်ကြောင့် တဏှာသမုဒယကိလေသာ ဖြစ်သည်ဟု ထင်နေကြသည်။ စိတ်ကို ထိန်းထားနိုင်လျင် ယင်းသို့မဖြစ်တော့ဟု ထင်သည်။ သူတို့သည် မဖြစ်နိုင်သည်ကို တအားဖျစ်ညှစ်၍ လုပ်ရသောကြောင့် ပင်ပန်း

ကြပါသည်။ အတ္တကိလမထာနုယောဂ ဖြစ်ပါသည်။ အထက်လမ်း-ဟုလည်း ပြောရပါမည်။

ဟုတ်ပါသည်။ စိတ်ကို ကိလေသာဖြစ်မည်စိုး၍ ဖိထားခြင်းသည် အထက်လမ်း ဖြစ်ပါသည်။ စိတ်ကို ဖြစ်ချင်သလိုဖြစ် လွှတ်ထားခြင်းသည်ကား အောက်လမ်းဖြစ်ပါသည်။

အလယ်လမ်းကား စိတ်ကိုလည်း ဖိမထားရပါ။ စိတ်ကို လွတ်လပ်စွာ ဖြစ်ပေါ်ခွင့် ပေးသော်လည်း အကြောင်းဟုတ်သည်, မဟုတ်သည်ကို ပညာဖြင့် အမြဲ စိစစ်စေပါသည်။ ထို့ကြောင့် အလယ်လမ်း၌ စိတ်ကို မဖိသော်လည်း အကြောင်းမဟုတ်သော ကိလေသာများ ဝင်ခွင့်မရဘဲ ဖြစ်ပါသည်။

ထို့ကြောင့် စိတ်ကိုဖိနှိပ်ချုတ်ချယ်သောလမ်းသည် အလယ်လမ်း မဟုတ်ပါ။ အထက်လမ်းသာ ဖြစ်ပါသည်။ အထက်လမ်းသည် ငြိမ်းချမ်းရေး အတွက် သို့မဟုတ် စင်ကြယ်ရေးအတွက် လမ်းမဟုတ်သောလမ်းသာ ဖြစ်ပါသည်။

> 'ထိုသို့ လမ်းမှားသောကြောင့် စိတ်ကိုဖိနှိပ်၍ အာရုံ တစ်ခု အတွင်း၌ သိပ်ထားသောသူများသည် နောက်ဆုံး၌ သညာ များ လွင့်ပါးပျောက်ဆုံးခြင်းနှင့် မလွဲမသွေ ရင်ဆိုင်ရမည် ဖြစ်ပါသည်။'

ထို့ကြောင့် ထိုသူသည် စိတ်ဖိနှိပ်ခြင်းကို စင်ကြယ်မည်ထင်သော်လည်း သညာပျောက်ဆုံးခံရသောကြောင့် စင်ကြယ်မှုနှင့်ကင်းလျက် ဆင်းရဲခြင်းသာ အကျရောက်ခံရခြင်းအကျိုး ထင်ပေသည်။

ဗုဒ္ဓဘာသာဝင်များသည် ဤသို့ပင် တရားကိုမသိသောကြောင့် တရား

မဟုတ်သည်ကို တရားထင်ပြီး အမှန်ကိုမဆောင်မိဘဲ အမှားကိုဆောင်မိလျက် ဘာသာရေးလောက၌ တရားအပျောက်ဆုံးခံရခြင်း ဖြစ်ပေသည်။

ဤသို့ဖြစ်ရသည်မှာ ဝိသုဒ္ဓိမဂ်ကြောင့် အစစ်အမှန် ဖြစ်ပေသည်။

ဝိသုဒ္ဓိမဂ်၏ စာပေအင်အားသည် လူတို့အား ချာချာလည်အောင်ပင် ညှို့ငင်လျက် ရှိပေသည်။ ဝိသုဒ္ဓိမဂ်ကို ဖတ်ရှုသူသည် နေ့ကြောင်တောင် ဖြစ်လျက် အိပ်မက်မက်ပြီး ကောင်းကင်ပျံနေရသည့်ပမာ တငြိမ့်ငြိမ့် တသိမ့်သိမ့် ခံစားစေရပေသည်။

စိတ်ကို ကျသွားစေလိုက်၊ စိတ်ကို ကြွလာစေလိုက်၊ လဟာပြင်လေပွေ သိုက်မှာ နိမ့်လိုက်မြင့်လိုက် ခံစားရစေလေသည်။ ထို့ကြောင့် ရှေးဆရာတို့သည် ဤအကြောင်းကို အောက်ပါစကားဖြင့် သရုပ်ဖော်ခဲ့ကြပေသည်-

‘ဝိသုဒ္ဓိမဂ် ဖတ်ရှုသူသည် လူလျှင်လည်း ထွက်ရမည်၊
သို့မဟုတ် တောလျှင်လည်း ထွက်ရမည်၊
ဤနှစ်ထွက်၌ တစ်ထွက်မုချပြုလုပ်ရမည်’-ဟု ဖြစ်သည်။

ဖတ်ရှုသူကို စိတ်အားလည်း ငယ်စေပေသည်။ ဝိသုဒ္ဓိမဂ်ညွှန်းသော သာသနာတော်သည် ဖတ်ရှုသူ၏ဘဝနှင့်ပဲ မမီတော့သလိုလို ခံစားရသောကြောင့် ဖြစ်သည်။ တဖန် စိတ်တက်ကြွမှုကိုလည်း ဖြစ်စေပေသည်။ မဖြစ်နိုင်သော မျှော်လုံးများကို ဖတ်ရှုရသောကြောင့် ဖြစ်သည်။

နောက်ဆုံး၌ ဝိသုဒ္ဓိမဂ် ဖတ်ရှုသူသည် လေများဖြင့်ပြည့်နေသော ကွင်းပြင်၌နေရလျက် အသက်ရှူရန် လေလုံလောက်အောင်မရသော မြေအောက် လှိုဏ်ခေါင်းကြီးအတွင်း အရောက်ခံနေရသလိုလို၊ အလင်းရောင်ပြည့်စုံသော လဟာပြင်မှာ နေရပါလျက် လုံးဝအမှောင်ကျနေသော မြေအောက်လှိုဏ်ခေါင်း

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အတွင်း၌ မျက်စေ့ကို တအားဖွင့်ကြည့်နေရသလို တစ်မျိုး ဝေဒနာကို ခံစားရစေပါသည်။

ဤအရာသည် ဝိသုဒ္ဓိမဂ်၏ ဖတ်သူကို ယစ်မူးစေသော စာပေအင်အား ဖြစ်ပါသည်။

ထို့ကြောင့်-

ယနေ့ ဗုဒ္ဓသာသနာသည် 'ဗုဒ္ဓသာသနာ'အဖြစ်မှ

'ဗုဒ္ဓဃောသသာသနာ' ဖြစ်လုနေသည်အထိ ဖြစ်ပေသည်။

ထို့ကြောင့်ပင် ယနေ့သာသနာသည် အသုံးချဘာသာအဖြစ်မှ အကိုးကွယ်ခံဘာသာ ဖြစ်နေခြင်း ဖြစ်ပေသည်။ သာသနာသည် လူ့အတွက် မဟုတ်တော့ဘဲ လူသည် သာသနာအတွက် အဖြစ်ခံနေရခြင်း ဖြစ်သည်။

ဗုဒ္ဓအသျှင် ညွှန်းခဲ့သော သာသနာသည်-

'လူများစင်ကြယ်ခြင်းအတွက် အသုံးချရန်တရားတော်' ဖြစ်သည်။

အရှင်ဗုဒ္ဓဃောသ ညွှန်ခဲ့သော သာသနာကား-

'သာသနာစင်ကြယ်ခြင်းအတွက် လူများကိုအသုံးချရန် တရားတော်' ဖြစ်နေပေသည်။

လူသည် အဘယ်အရာဝတ္ထု၏ အသုံးခံပစ္စည်းမျှ ဖြစ်သင့်သည်မဟုတ်ပေ။ လူသည်သာလျှင် သဘောတရားအရပ်ရပ်ကို ထိုက်သင့်သလို အသုံးချသွားနိုင်ရပါသည်။

ဝိသုဒ္ဓိမဂ်သည် လူကို တရားရေလျှဉ်ကျော၌ မျောရန်,နစ်ရန် ညွှန်ပြနေသောလမ်း ဖြစ်သည်။ ဤသို့ဖြစ်ရန် ဝိသုဒ္ဓိမဂ်ဆရာ၌ စေတနာပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ ဤအတိုင်း အမှန်ဖြစ်နေသည်။ ဝိသုဒ္ဓိမဂ်သည် သူ့အလျှဉ်အတွင်း သက်ဆင်းမိသူတို့အား မထနိုင်အောင် ပြုလုပ်ပါသည်။ ပြီးလျှင်

သူ၏အလုပ်အကျွေးအတွက် အသုံးချပါသည်။

ထို့ကြောင့် လူများ တရားအပျောက်ဆုံး ခံကြရ ပါသည်။ ထို့ကြောင့် တရားပျောက်သောကြောင့် ဗုဒ္ဓဘာသာဝင်များဖြစ်လျက် အခြားဘာသာဝင်များနှင့်မခြား မစင်ကြယ်မှုများ အလိမ်းကျံခံရခြင်း ဖြစ်ပါသည်။

ဤသို့သော ဝိသုဒ္ဓိမဂ်၏အကျိုးကို သိမြင်သောကြောင့်လည်း ဝိသုဒ္ဓိမဂ်ကို သုံးသပ်ခြင်းဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ကို သုံးသပ်ခြင်းအတွက် အန္တရာယ်ကြီးမားသည်ကို သိရှိပါသည်။ ဝိသုဒ္ဓိမဂ်သည် အနုံညာတ တိုက်အိုတိုက်ပျက်ကလေး မဟုတ်ပါ။ မှီခိုသူများ ကမ္ဘာချဉ်းအောင် ကြီးမားလှသော အံ့ဖွယ်သိုက်နန်းကြီး ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကို စောင့်ကြပ်ကြသော ယက္ခ,ကုမ္ဘာန်ပေါင်း များစွာနှင့် ယင်းတို့ကို အုပ်ချုပ်ကြသော ဒေဝဒေဝါ နတ်များစွာရှိကြောင်း သဘောပေါက်ပါသည်။

ထိုသို့ဖြစ်လျက် အမှန်တရားမီးရှူးကို ထွန်းညှိလျက် ရဲဝံ့စွာသုံးသပ်ခြင်းဖြစ်ကြောင်း။ ယင်းသုံးသပ်ချက်သည် အားလုံးသောသူတို့အား အမှန်တရားအလင်းရောင်များ ရရှိရန်သာ ရည်ရွယ်ကြောင်းတင်ပြရင်း နိဒါန်းစကားကို အဆုံးသတ်ပါမည်။

ဉာဏ
ရွှေမြင်တင်တောင်၊ (၁၀-၅-၇၃)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အခန်း(၂)

# ကျမ်းဦးဂါထာသုံးသပ်ချက်

## အခန်း(၂)
## ကျမ်းဦးဂါထာ သုံးသပ်ချက်

### ၈။ ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်း

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဆရာတော် ရှင်ဗုဒ္ဓဃောသသည် သီလ၊ သမာဓိ၊ ပညာတို့၏ အဖွင့် အဋ္ဌကထာဖြစ်သော ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစုရာ၌ အဖွင့်ခံအဖြစ် သံယုတ္တနိကာယ်၌ ဘုရားသျှင်ဟောအပ်သော 'သီလေပတိဋ္ဌာယ'-စသောဂါထာကို ထုတ်ပြလေသည်။

ဤဂါထာသည် ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဒါန်းပမာလည်း တည်ရှိပေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၏ ဝိသုဒ္ဓိမဂ်ကျမ်းအစ၌ ဤဂါထာကို ထုတ်ပြလေသည်။ ထို့နောက် ဤဂါထာ၏ ဖြစ်ပေါ်လာပုံ အကြောင်းရင်းကို ဆက်စပ်မိရုံမျှ ပြပြန်လေသည်။

တဖန် နောက်မှ ဤဂါထာကို အနက်အဓိပ္ပါယ် ဖော်ပြလေသည်။

ဤဂါထာ၌ အနက်အဓိပ္ပါယ် ဖော်ပြချက်သည် ဝိသုဒ္ဓိမဂ်၌ ပဌမဦးစွာ သုံးသပ်စရာ ဖြစ်လာပါသည်။ ဝိသုဒ္ဓိမဂ်ဆရာတော်သည် ဤဂါထာကို ဤသို့ အနက်အဓိပ္ပါယ်ဖော်ထားပါသည်-

'တဏှာချုံစေး ရှုပ်အထွေးကို အောက်ပါ အချက်ခြောက်ချက်
နှင့် ပြည့်စုံသူသည် ဖြေရှင်းနိုင်သည်။ ခြောက်ချက်မှာ ဤသို့
ဖြစ်သည်။ သီလ၊သမာဓိ၊ ဝီရိယနှင့် ပညာသုံးမျိုး ဖြစ်ပါသည်။
ပညာသုံးမျိုးမှာ ကမ္မဇပညာ၊ နေပက္ကပညာ၊ ဝိပဿနာပညာ
ဟူ၍ ဖြစ်သည်။'

ဤဂါထာကို ဤသို့လျှင် အနက်အဓိပ္ပါယ် ဖော်ထားပါသည်။

ဝိသုဒ္ဓိမဂ်ဆရာတော်သည်-

တဏှာကို- ဝါးရုံရှုပ်,ချုံစေး၊

ကမ္မဇပညာကို- လူ၊

သီလကို- လူရပ်ရန်မြေ၊

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သမာဓိကို- ခါးသွေးကျောက်၊

ဝိပဿနာပညာကို- ဓါး၊

ဝီရိယကို- အင်အား၊

နေပက္ကပညာကို- လက်၊ ဤသို့ တင်စားပြဆိုထားပါသည်။

ထို့ကြောင့် သူ၏ ဤဂါထာကို အနက်အဓိပ္ပါယ် ဖော်ချက်၌ ဤဂါထာ အတွင်း၌ ပညာသုံးရပ် ပါဝင်သည်ဟု ဆိုလိုပါသည်။ ဆရာတော်သည် ခက်ခက် ကိုမှ လိုချင်ဟန်တူပါသည်။

ဝိပဿနာပညာနှင့် နေပက္ကပညာကို မတူကွဲပြား အခြားနားကြီး ခြားနားသော တရားဖြစ်အောင် ကြိုးစားနေပါသည်။ ထို့အတူ ဝီရိယနှင့်သမာဓိ ကိုလည်း သီးခြားစီဖြစ်အောင် ကြိုးစားပြနေပါသည်။

မဂ္ဂင်ရှစ်ပါး၌ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးတွင်-

'ဝီရိယ'-သည် 'သမာဓိ'-မည်သည်ပင် မဟုတ်ပါလော။

ပညာ၌လည်း 'နေပက္ကပညာ'-သည် 'ရင့်ကျက်သောအသိအမြင်'- ဟူသည်နှင့် အဓိပ္ပါယ်တူစကားလုံး ဖြစ်ပါသည်။ 'ဝိပဿနာ'-ဟူသည်ကား ထိုသို့ ရင့်ကျက်သော အသိအမြင်များ ဖြစ်ပွားရန် ရှုကြည့်မှု၊ ခွဲခြမ်းစိတ်ဖြာပြီး အထူးလေ့လာမှု ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာမရှိဘဲ နေပက္က ရှိနိုင်ပါမည် လော။

ဝိပဿနာသည်-အကြောင်း နေပက္ကသည်-အကျိုး။ ထိုသို့ အကြောင်း, အကျိုးအဖြစ် နှစ်မျိုးပြားသော်လည်း တစ်သားတည်းဖြစ်သောအရာ ဖြစ်သည်။ သမာဓိနှင့် ဝီရိယလည်း ဤအတိုင်းဖြစ်သည်။

ထို့ကြောင့် 'စိတ္တံဘာဝယံ'-သည် အရတစ်ခု၊ 'အာတာပီ'-သည် အရ

တစ်ခု၊ ဤသို့ မဟုတ်ပေ။ ထို့အတူ 'ပညံ ဘာဝယံ'သည် အရတစ်ခု၊ 'နိပကော'-သည် အရတစ်ခု၊ ဤသို့ မဖြစ်သင့်ပေ

'စိတ္တဘာဝနာ'-ဟူသော သမာဓိကိုပွားသောကြောင့် 'အာတာပီ'- ဟူသော ထက်သန်သောစိတ်အား, ဝီရိယများ ဖြစ်သည်။ ဤသို့သာ ဆိုလိုခြင်းဖြစ်သည်။ ထို့အတူ 'ပညာဘာဝနာ'-ဟူသော ဝိပဿနာကို ပွားသောကြောင့် 'နိပက'ဟူသော ရင့်ကျက်ထက်သန်သော အသိများ ဖြစ်လာသည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မခက်သည်ကိုခက်အောင် ဆရာတော် အခိပ္ပါယ်ဖော်သကဲ့သို့ ဤဂါထာ၌ အချက်ခြောက်ချက် မဖြစ်နိုင်ပေ။ တဏှာအရှုပ် ချုံစေးပုတ်ကို ရှင်းရန် အချက်ခြောက်ချက်လိုသည်မဟုတ်ဟု ဆိုလိုပါသည်။ စင်စစ်၌ ဤဂါထာ၏အနက်သည် တဏှာရှင်းရန် အချက်သုံးချက်သာ ဖြစ်ပေသည်။

ယင်းမှာ-

'သီလ၊ သမာဓိ၊ ပညာ'၊ ဤအရာများသာ ဖြစ်ပေသည်။

ဆရာတော်ပြောသော 'ကမ္မဇပညာ'-သည် အချက်တစ်ချက်ဖြစ်သည်ဟု ဆိုသောစကားလည်း အမှန်မကျသောစကား ဖြစ်သည်။ ဆရာတော်သည် ကမ္မဇပညာအကြောင်းကို အကယ်သိသည် မဟုတ်ပေ။ ထိုသို့ မသိသည်ကို တင်ပြရခြင်း၌ ဆရာတော် သာယာတတ်ဟန် လက္ခဏာရှိပေသည်။ ကမ္မဇပညာသည် သိလည်း သိအပ်သောအရာလည်း မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ကမ္မဇပညာဟူ၍ပင် အလျဉ်း မရှိသောကြောင့် ဖြစ်သည်။

၉။ ကမ္မဇပညာ သုံးသပ်ချက်

ဤ အဆိုကိုရှင်းလင်းရန် အနည်းငယ်မျှ ဆက်လက်ရှင်းလင်းဆွေးနွေးတင်ပြပါဦးမည်။ ဆရာတော်သည် ကမ္မဇပညာဟူသည်ကို အဘယ်သို့ ဖွင့်ပြပါသနည်း။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

'သပ္ပညောတိ ကမ္မဇတိဟေတုက ပဋိသန္ဓိပညာယ ပညာ ဝါ'-ဟူ၍ ပြပါသည်။ ကမ္မဇပညာဟူသည်မှာ တိဟိတ်ပဋိသန္ဓေပညာ-ဟူ၍ နားလည်စေပါသည်။

ဆရာတော်ပြောသော 'ပဋိသန္ဓေ'-ဟူသည်မှာ အဘယ်သို့သောအရာ ဖြစ်မည်နည်း။ အခြားအခြားသော ဆရာတော်၏အဖွင့်ကျမ်းများနှင့် ယှဉ်၍ ပြောလျှင်- 'ပဋိသန္ဓေ'-ဟူသည်မှာ လူဖြစ်လျှင် လူအဖြစ်ဖြင့် အမိဝမ်းအတွင်း ဖြစ်ပေါ်မှု၏ အစဆုံးသော နာမက္ခန္ဓာများဖြစ်သည်'-ဟူ၍ ပြောရပါမည်။

ဆရာတော်လည်း ဤအတိုင်းပင် ဆိုလိုခြင်းအမှန် ဖြစ်ပါသည်။ ဖတ်ရှုသူများလည်း ဤအတိုင်းပင် နားလည်ခဲ့ကြရ၊ နားလည်နေကြရပါသည်။ ဤသို့ နားလည်ကြရသည်မှာလည်း ဆရာတော်ဖွင့်သော အဘိဓမ္မအဖွင့်ကျမ်းများအရ-သာ ဖြစ်ပါသည်။

ဤ၌လည်း ဆရာတော်သည် ကမ္မဇပညာဟူသည် 'တိဟိတ်ပဋိသန္ဓေပညာ'-ဖြစ်သည်ဟူ၍ ဆိုပြန်ပါသည်။ တိဟိတ်ပဋိသန္ဓေပညာဟူသည် အဘယ်နည်းဟူအံ့-'ပဋိသန္ဓေ'-ဟူသော ဘဝ၏ အစဆုံးဖြစ်ခြင်းကိစ္စ တပ်နိုင်သော တိဟိတ်ဝိပါက်တစ်ဆယ့်သုံးခုအတွင်းမှ တစ်ခုခုနှင့်ယှဉ်သောပညာဖြစ်သည်'-ဟု ဖြေပေမည်။

'လူတစ်ယောက်သည် လူ-စဖြစ်ရာ၌ အမိဝမ်းတွင်းရောက်၍ လက်ဖျစ်တစ်တွက်၏ ကုဋေတစ်သိန်းကျော်ပိုင်းတစ်ပိုင်းသာ ရှိသေးသော အချိန်အတွင်း၌ ကလာပ်သုံးစည်း, ရုပ်သုံးဆယ်နှင့်တကွ ပဋိသန္ဓေကိစ္စတပ်နိုင်သော ဝိပါက်ဝိညာဉ် နာမက္ခန္ဓာတရား ဖြစ်ပွားသည်'-ဟု ဆိုလိုပါသည်။

---

၁၀။ ပဋိသန္ဓေနာမက္ခန္ဓာ သုံးသပ်ချက်

ဤသဘောတရားသည် ကမ္မဇပညာ ဆိုနိုင်ခြင်းအတွက် ခြေဆင်း အခြေခံ အဘိဓမ္မာသဘောတရား ဖြစ်ပါသည်။ ဤသို့ဖြစ်ပေါ်သော နာမက္ခန္ဓာ မှာ ပါဝင်သော ပညာမှ ကမ္မဇပညာ ကောက်ယူမည် ဖြစ်ပါသည်။

ထို့ကြောင့် ကမ္မဇပညာကို စိစစ်လိုလျှင် ဤအဘိဓမ္မာတရားကို မစိစစ်၍ မဖြစ်နိုင်ပါ။ ဤအဘိဓမ္မာ သဘောတရား ခိုင်မာပါမှ ကမ္မဇပညာ ကောက်ယူချက် မြဲမြံမည် ဖြစ်ပါသည်။ ထို့ကြောင့် ပဋိသန္ဓေနာမက္ခန္ဓာကို ပြသော အဘိဓမ္မာသဘောတရားကို စိစစ်မည်ဖြစ်ပါသည်။

သတ္တဝါတစ်ခု သို့မဟုတ် လူတစ်ဦးသည် လူ-စဖြစ်၍ လက်ဖျစ်တစ် တွတ်အချိန်၏ ကုဋေတစ်သိန်းကျော်ပိုင်း တစ်ပိုင်းအတွင်း၌ ဝိညာဏ်,ဝေဒနာ, သညာနှင့် သင်္ခါရတရားများ အကယ် ဖြစ်ပွားကြပါသလော?

အကယ်၍ ဖြစ်ပွားသည်ဆိုလျှင် ဖြစ်ပွားသည်ဟု ပြနိုင်သော အကြောင်းအထောက်အထားသည် အဘယ်ဖြစ်သနည်း?

ထို့ပြင် ဖြစ်ပွားခြင်း၏ အကြောင်းသည် အဘယ် ဖြစ်မည်နည်း?

ဤပြဿနာနှစ်ချက်ဖြင့် ပဋိသန္ဓေ နာမက္ခန္ဓာများ ဖြစ်ပွားခြင်းရှိ-မရှိ စိစစ်ရပါမည်။

ယနေ့သာသနာတော်သည် အဘိဓမ္မာပညာရပ်ကို ကလေးကစားသကဲ့ သို့ အထင်ဖြင့် မှန်းဆပြီးယူခြင်း၌ နစ်မွန်းနေကြပါသည်။ ဤအရာ မပြောအပ်၊ ထိုအရာ မမေးအပ်၊ ဤသို့ ဇီဇာကြောင်လွန်း နေကြပါသည်။

'အဘိဓမ္မာ ပညာရပ်သည် အဘိဓမ္မာပညာအတိုင်း အသုံးကျ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သည် မဟုတ်ပေ။ အဘိဓမ္မာပညာရပ်သည် ဘဝလမ်းညွှန်

သဘောတရားမျှသာ ဖြစ်ပေသေးသည်။ အကယ် အသုံးသို့

ရောက်လိုလျှင် ယင်းအဘိဓမ္မာသဘောတရားကို ဘဝအသွင်

ပြောင်းလဲ၍ပင် အသုံးချရဦးမည် ဖြစ်ပါသည်’။

ထို့ကြောင့် အဘိဓမ္မာသည် အထိမခံသောရွှေပန်းကန် ဖြစ်နေသည်ဆိုလျှင် အဘိဓမ္မာဟူသော ယောကျ်ားဝတ်တန်ဆာ ပုဆိုးကို ပစ်၍ စိတ္တဇပညာဟူသော မိန်းမဝတ်တန်ဆာ ထဘီကို ဝတ်ကြတော့ဖို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာသည် အကြောင်းရှိသ၍ အစိစစ် ခံနိုင်ရပါမည်။

အကယ်အသုံးကျသော အဘိဓမ္မာသည် စုဒ်,စောဒနာစကားတို့ဖြင့် ဘယ်သို့ စိစစ်သည်ဖြစ်စေ၊ ကျောက်ဖြင့်အသွေးခံရသော ပတ္တမြားကဲ့သို့ပင် ပို၍ပို၍ပင် အရောင်ထွက်လာရမည် ဖြစ်ပါသည်။

စိစစ်၍ ပျက်စီးသွားမည်ကို မစိုးနှောင့်သင့်ပေ။ ဤသို့ စိုးနှောင့်ခြင်းသည် ယုံကြည်ခြင်း၌ ရဲရင့်ခြင်း ကင်းလွန်းရာ ရောက်ပေသည်။ ဘုရားဟောခဲ့သော အမှန်သည် ဧကန်ဖြစ်လျှင် သာမန်လူ တစ်ယောက်၏ စုဒ်,စောဒနာ အစိအစစ်ကြောင့် ပျက်ပြယ်ရိုးထုံးစံ မရှိပေ။ အကယ်၍ ပျက်သည်ဆိုလျှင် ဘုရားဟောမဟုတ်၍သာ အမှန်ဖြစ်ရပေမည်။

သွေးပွတ်ကြည့်သောအခါ လမ်းခင်းကျောက်ဖြစ်မှန်းသိရလျှင် ဝမ်းနည်းဖွယ်အကြောင်း မဟုတ်ပေ။ အလကားပစ္စည်းကြီးကို အမြတ်တနိုး သိမ်းဆည်းရသောဝန်ပင် ပေါ့သောကြောင့် ကောင်းခြင်းအစစ် ဖြစ်ပေသည်။

ထို့ကြောင့် အဘိဓမ္မာပညာရပ်ကို ကလေးကစားသကဲ့သို့ အထင်ဖြင့် ဆ-ယူခြင်းများ၌ နစ်မွန်းနေမှုကို ကုစားသင့်ပေသည်။ အဘိဓမ္မာသည် ဆ-

ယူ၍ရသောပညာ မဟုတ်၊ တိကျသောပညာ ဖြစ်သည်။

(၁) အဘိပညာဓမ္မာသည် လူပြောသူပြောဖြင့် ပြီးနေရမည့်ပညာ မဟုတ်၊ ကိုယ်တိုင်သိရမည့်ပညာ ဖြစ်သည်။

(၂) အဘိဓမ္မာပညာသည် နောက်တစ်ချိန်၊နောင်တစ်ချိန်မှ သိရမည့် အရာ မဟုတ်၊ ချက်ခြင်းလက်ငင်းသိရမည့်အရာ ဖြစ်သည်။

(၃) အဘိဓမ္မာပညာသည် သိသူတစ်ဦးက သိသူတစ်ဦးကို သင်ကြား ပို့ချပြသ၍ မရကောင်းသောအရာ မဟုတ်၊ ရကောင်းသောအရာ သာ ဖြစ်သည်။

(၄) အဘိဓမ္မာပညာသည် တစုံတခုသော ကိရိယာ တန်ဆာပလာ များ အကူအညီကို ရမှ သိရမည့်အရာ မဟုတ်၊ လူမှာ သဘာဝ အတိုင်း ရှိပြီးသော အရာများဖြင့်ပင် သိနိုင်သည့်အရာပင် ဖြစ် သည်။

(၅) အဘိဓမ္မာပညာရပ်သည် သိခြင်းနှင့်သီးခြားစွာ အကျိုးခံစားမှု ဖြစ်သောအရာ မဟုတ်၊ ချက်ခြင်း အကျိုးဖြစ်ထွန်းသောအရာ ဖြစ်သည်။

ထို့ကြောင့် အဘိဓမ္မာပညာရပ်ကို ကလေးကစားသကဲ့သို့ မရေမရာ, မသေမချာဖြင့် ဆ၍ယူခြင်းများ၊ သူများပါးစပ်ဖျားဌ်အခြေခံ၍ ပြောဆိုခြင်းများ ဌ် နစ်မွန်း၍ မနေသင့်ပေ။

ဆိုခဲ့ပြီးသော တရားတော်၏ အရည်အချင်းပြ စကားများအရ အဘိ ဓမ္မာပညာရပ်သည်- ဘုရားသာ အကုန်အစင်သိနိုင်ပြီး ငါတို့မသိနိုင်ဟု ဆိုဖွယ် အကြောင်းတစ်စိ ရှိနိုင်ပါသလော။ ရှင်သာရိပုတ္တရာသာ အကုန်အစင်သိပြီး ငါတို့မသိနိုင်ဟူ၍ ဆိုဖွယ် အကြောင်းတစ်စိ ရှိနိုင်ပါသလော။ ရှင်အာနန္ဒာ အကုန်အစင်သိပြီး ငါတို့မသိနိုင်ဟူ၍ ဆိုဖွယ် အကြောင်းတစ်စိ ရှိနိုင်ပါသလော။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
ပဋိသမ္ဘိဒါပတ္တ ပုဂ္ဂိုလ်များသာ အကုန်သိပြီး၊ ငါတို့မသိနိုင်-ဟူ၍ ဆိုဖွယ် အကြောင်းတစ်စိ ရှိပါသလော။

အဘိဓမ္မာတရားတော်သည် ဘုရား ဖြစ်စေ၊ ရှင်သာရိပုတ္တရာ ဖြစ်စေ၊ ရှင်အာနန္ဒာ ဖြစ်စေ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်စေ၊ ပုထုဇဉ်လူသား ဖြစ်စေ သင်ကြားလျှင် ရကောင်းသောတရားဖြစ်သည်ဟု အာမခံချက်ရှိသည် မဟုတ်ပါလော။

ထို့ကြောင့် ထိုသူတို့,သူတို့သာ အကုန်သိသည် ငါတို့ကားသိခွင့်မရှိ ဟူ၍ ထိုထိုသူတို့၏ ပါးစပ်ဖျား၌ အဘိဓမ္မာတရားတော်များ ရပ်နားသွားခြင်းမှာ များစွာနစ်နာလှပေသည်။ များစွာလည်း ကလေးဆန်ပေသည်။ ဤသို့ ဖြစ်သူ့အတွက်သာ နစ်နာသည်မဟုတ်ဘဲ အဘိဓမ္မာတရားတော်အတွက်ပါ နစ်နာလှပေသည်။

ဟုတ်ပါသည်။ အထက်အထက်သူတို့၏ ပါးစပ်ဖျား၌ အဘိဓမ္မာတရားများ ရပ်နားကိန်းဝပ်သွားသောအခါ အဘိဓမ္မာတရားတော်သည် အနက်အတ္ထ အပျောက်ဆုံးခံရလျက် ဆောင်ယူသူတို့၏အဆောင်ကို ခံလာရပေသည်။

ထို့ကြောင့် အဘိဓမ္မာသည် ဘဝမှပေါ်ထွက်သော အဘိဓမ္မာ
အဖြစ်မှ ကျဆုံးလျက် သဘောတရားမှ ပေါ်ထွက်လာသော
သဘောတရား သို့မဟုတ် ဘဝမဲ့ပေါ်ထွက်လာသော အဘိဓမ္မာ
ဤသို့ ဖြစ်လာခံရပါသည်။

ဤသို့ အဖြစ်ခံရသောအခါ အဘိဓမ္မာသည် ကိုယ်မပါသောခေါင်း ဖြစ်လာပါသည်။ ခေါင်းသည် ကိုယ်နှင့်ကင်း၍ အဘယ်ကိုပြုလုပ်နိုင်စွမ်း မည်နည်း။ ထို့ကြောင့် ဤသို့အဖြစ်ခံရသော အဘိဓမ္မာသည် အချည်းနှီး ဖြစ်လာလေသည်။

ဤသို့ အဘိဓမ္မာနစ်နာချက်သည် အဘိဓမ္မာဆောင်သူများဆီသို့ သက်ရောက်သွားပေသည်။ ဘဝမဲ့သော သဘောတရားကို ဆောင်ထားရခြင်းဖြင့် ဆောင်သူတို့အား အဘယ်အကျိုး ပွားတိုးစေနိုင်အံ့နည်း။ ဆောင်ရသော ဝန်တာသည်သာလျှင် ဆောင်သူတို့အား အပိခံရဖို့ မလွဲ ဖြစ်ပေသည်။ ထို့ကြောင့် အဘိဓမ္မာကို အထက်အထက်သူတို့၏ ပါးစပ်ဖျား၌ရပ်နားကိန်းဝပ်နေခြင်းကို အခွင့်မပြုဘဲ ဘဝပေါ်အရောက် သို့မဟုတ် ဘဝအတွင်း၌ စစ်ထုတ်ထားသော သဘောတရားဖြစ်လာရန် အားသစ်ကြိုးပမ်းသင့်ပေသည်။

ဤသို့ကြိုးပမ်းခွင့်ကို တရားတော်၏ အရည်အချင်းပြ စကားများသည်လည်း အားပေးထောက်ခံလျက် ရှိပေသည်။ ထို့ကြောင့် အဘိဓမ္မာကို စုဒ်စောဒနာအရပ်ရပ် အထပ်ထပ်ပွတ်တိုက် စိစစ်ခြင်း၌ နာကျင်ခြင်းမဖြစ်အောင် သတိဖြင့် စောင့်ရှောက်မိသင့်လှပေသည်။

## ၁၁။ ပဋိသန္ဓေနာမက္ခန္ဓာ စိစစ်ချက်

ထို့ကြောင့် ဤနေရာ၌ အလျဉ်းသင့်၍ ပဋိသန္ဓေနာမက္ခန္ဓာအကြောင်းကို စိစစ်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပဋိသန္ဓေနာမက္ခန္ဓာအကြောင်း နှောကျေနေအောင် သိကြပေသည်။ ယင်း၌ ခန္ဓာ ဘယ်နှစ်ပါး၊ အာယတန,ဓါတ် ဘယ်နှစ်ပါး။ သစ္စာဖွဲ့လျှင် ဘာ,ဘာ။ ဤသို့ပင် သိကြပေသည်။ ဤပဋိသန္ဓေ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဘယ်ဘုံမှာ ရနိုင်သည်၊ ဘယ်ဘုံ၌ မရနိုင်၊ ဤပဋိသန္ဓေ၏ အလျင်ဘာစိတ်ဖြစ်ခဲ့သည်၊ အတူလည်း ဘယ်တရားများ ဖြစ်နေသည်၊ သူ့နောက် ဘာဆက်ဖြစ်မည်၊ အားလုံးကိုပင် ကျွန်ုပ်တို့ သိကြပေသည်။

ထိုသို့ပင် သိကြသော်လည်း ဤအချိန်၌ ဤစိတ်ဖြစ်ကြောင်း၊ ဤစိတ်ဖြစ်ခြင်းနှင့်အတူ ဤရုပ်-ဤနာမ်များလည်းဖြစ်ကြောင်းကား မသိကြခြင်း အမှန်ဖြစ်ပါသည်။ လူစဖြစ်သည်မှ လက်ဖျစ်တစ်တွတ်၏ ကုဋေတစ်သိန်းပိုင်းတစ်ပိုင်းမျှ အချိန်ကာလအတွင်း ဤစိတ်ဖြစ်သည်-ဟု မည်သူမျှ မသိနိုင်သည်မှာ အမှန်ဖြစ်ပါသည်။ ဤအရာကို ဆရာတော်လည်း မသိသည်မှာ အမှန် ဖြစ်ပါသည်။

ဤအဆိုကို ဤသို့ချေလိုလျှင် ချေဆိုနိုင်ပါသည်။

'သာမန်သူတွေ မသိသော်လည်း အဘိညာဉ်ရပုဂ္ဂိုလ်များ သိနိုင်သည်' ဟု ဖြစ်ပါသည်။

ဤသို့ မချေသင့်ပေ။ ထိုသူများသိသည်ဆိုသော အရာကို ပြောလိုလျှင် ထိုသူများကဲ့သို့ မသိလျှင်ရှိစေ၊ ထိုသူများအသိ၌ မှန်ကန်ချက် မည်မျှရှိသည်, မရှိသည်ကို တန်ဘိုးဖြတ်နိုင်ဦးမည် ဖြစ်ပေသည်။ ထိုမှသာ အဘိဓမ္မာစကား အရာမြောက်သော အပြောဖြစ်ပေမည်။ ထိုသို့မဟုတ်လျှင် နလပိန်းတုံးတို့၏ လေဖမ်းဒန်းစီးစကားနှင့် တစ်ထပ်တည်းဖြစ်နေပေမည်။

အဘိဓမ္မာပညာသည် ကိုယ်တိုင်ရောက်သည်ကိုသာ ပြောရမည့်ပညာ မဟုတ်သည်မှာ မှန်ပါသည်။ သို့သော်လည်း-

'အဘိဓမ္မာပညာသည် တန်ဖိုးဖြတ်ပညာ' ဖြစ်ပါသည်။

ဘယ်အရာသည် ဘယ်သို့ဖြစ်သည် ဆိုလျှင် ဘယ်,ဘယ်သို့သော အကြောင်းကြောင့်ဖြစ်သည်ဟု ဖြစ်ခြင်း၏တန်ဖိုးကို အတိအကျ သင့်ပြ, ပြတ်ပြရ

သောပညာ ဖြစ်ပေသည်။

ဤသို့ တန်ဘိုးဖြတ်ပြခြင်းမရှိဘဲ အဆိုကို အတုလိုက်ဆိုခြင်းသည် ကြက်တူရွေးစကားကဲ့သို့ အနှစ်အသားမဲ့လှ၍ ရှက်ဖွယ်အဆိုသာ ဖြစ်နေပေသည်။ ထို့ကြောင့် ဤသို့အဘိညာဉ်ရပုဂ္ဂိုလ်များ သိကြပါသည်ဟု မဖြေကြားသင့်ပေ။

အကယ်၍ ဖြေကြားလိုလျှင် ထိုပုဂ္ဂိုလ်များ ပြောကြားခဲ့သည်ကို မှန်ကန်ကြောင်း ထောက်ထားစရာ သဲလွန်စကို ထုတ်ပြနိုင်ရမည် ဖြစ်သည်။ အစအနတစ်ခုမျှ ထုတ်မပြနိုင်လျှင် ထိုစကားသည် စကားသာဖြစ်၍ အနှစ်မရှိဖြစ်ပေမည်။ အနှစ်သာရမရှိသော ထိုစကားဖြင့် အဘယ်အကျိုး များမည်နည်း။ ဤစကားများသည် ပြောလျှင်လည်း ဒဏ္ဍာရီသာဖြစ်ပေမည်။

ထို့ကြောင့် လူ့ဘဝ၏ အစဆုံးဖြစ်ချိန်ဖြစ်သော လက်ဖျစ်တစ်တွက် အချိန်၏ ကုဋေတစ်သိန်းပိုင်းတစ်ပိုင်း ကာလ၌ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ကမ္မဇရုပ်များဖြစ်သည်ဟု ဆိုချင်လျှင် အထောက်အထား တစ်ခုခုပြရန် လိုပါသည်။

ဖခင်၏မျိုးသွေးနှင့် မိခင်၏မျိုးသွေး နှစ်ရပ်ပေါင်းအခြေအနေ၏ အစဆုံးဖြစ်ချိန်၌ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ကလာပ်စည်းသုံးစည်း, ရုပ်သုံးဆယ်ဖြစ်ကြောင်း ဘာနှင့်သိမည်နည်း။ ဉာဏ်နှင့်သိမည်ဟု ဖြေနိုင်ပါသည်။

အဘယ်ဉာဏ်ဖြင့် သိမည်နည်း? အဘယ်သို့အဘယ်ပုံ သိမည်နည်း?

ဉာဏ်ဖြင့်သိသော အရာမှန်သမျှသည် အကွက်မကျော်ဘဲ တင်ပြ၍ရစေကောင်းသည်ချည်း ဖြစ်သည်။ စိတ်ဖြင့်သိသော အရာကိုသာ အကွက်မကျော်ဘဲ မတင်ပြနိုင်ခြင်း ဖြစ်သည်။

ဥပမာအားဖြင့် ထမင်းစား၍ကောင်းသည်ဆိုလျှင် ဤ၌ ကောင်းသည်

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဟုသိသော အသိသည် စိတ်ဖြင့်သိသောအသိ ဖြစ်သည်။ ဝေဒနာကို စိတ်ဖြင့် မှတ်၍ ဆိုပါသည်။ ဤအသိမူကား အဘယ်သို့ကောင်းသည်ဟု အကွက်စေ့စေ့ တင်ပြနိုင်ခြင်း မရှိပေ။ မြေသည်ဆွဲအားရှိသည်။ ဤသို့သော အဆိုသည် ပညာဖြင့်သိပြီး ဆိုသော အဆိုဖြစ်သောကြောင့် အကွက်စေ့စွာ တင်ပြ၍ရနိုင်ခြင်း ဖြစ်သည်။ ဤအတူပင် ပညာဖြင့်သိသော အသိမှန်သမျှသည် အကွက်မကျော်ဘဲ တင်ပြ၍ ရစေကောင်းသည်ချည်း ဖြစ်သည်။

ဘုရားသျှင်၏ သဗ္ဗညုတဉာဏ်ဖြင့် သိခဲ့သည်ဆိုအံ့။ ဤအရာကို သဗ္ဗညုတဉာဏ်ဖြင့် ဘုရားသျှင်သိခဲ့ပုံကို အကွက်မကျော်ဘဲ တင်ပြနိုင်ရပေမည်။ မြေကြီးသည် ဆွဲအားရှိသည်ဟု ဈျူတန်သိခဲ့သည်မှာ မှန်ပါသည်။ ဈျူတန် ဘယ်သို့သိခဲ့သည်-ဟု အကွက်မကျော်ဘဲ တင်ပြ၍ ရပေသည်။

လူ့ဘဝအစဆုံးဖြစ်ချိန်၌ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်ခဲ့သည်ဆိုလျှင် ယင်းသို့ဖြစ်ခဲ့သည်ကို အဘယ်ပညာဖြင့် အဘယ်ပုံသိသနည်း။

ဤပြဿနာ၏အဖြေသည် သာသနာ၌ မရှိပေ။ ထို့ကြောင့် ဤစကားသည် ဒဏ္ဍာရီစကားသာ ဖြစ်နေပေသည်။ အဖြစ်သည် မှန်ချင်လျှင် မှန်စေဦး၊ ယင်းအမှန်ကိုမသိဘဲ ပြောနေသောစကား ဒဏ္ဍာရီစကား ဖြစ်ပေမည်။

အကယ်စင်စစ်၌ လူ့ဘဝ၏ ဤမျှသော စဖြစ်စအချိန်သည် ဘာမျှ ပြောဆိုစရာစကား ရှိသေးသောအချိန် မဖြစ်သင့်ပေ။ ကိုးလဆယ်လ ကြာမြင့်ခဲ့ပြီဖြစ်သော မမွေးဖွားသေးသော အချိန်ပင် ပြောလောက်ဆိုလောက် ဖြစ်သေးသည် မဟုတ်ပေ။

ထိုသူကလေးများသည် ကောင်းမှု,မကောင်းမှု တစ်ခုတစ်လေကိုမျှ

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ပြနိုင်သေးသည် မဟုတ်ပေ။ ဘဝနိကန္တိဇောများ စောခဲ့ပြီးဆိုသော အဆိုများ လည်း အချည်းနှီး ဖြစ်သည်။

ယင်းသို့ဖြစ်ကြောင်း 'နိဗ္ဗာနဒီပနီဘယ်လဲ'-စသော စာတမ်းများ၌ အကျယ်တဝံ့ ဆိုခဲ့ပြီးဖြစ်သည်။ ထိုသူကလေးများသည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်များ လည်သေး, နိုးသေးသည် မဟုတ်၊ စက်ရုံမှ တပ်ဆင်ဆဲ, တပ်ဆင်ပြီး စက်တုံးကြီးမျှသာ ရှိသေးသူများ ဖြစ်ပေသည်။

ဆရာတော်သည် မသိသည်ကို သူတပါးတို့အား ပြောဆိုရခြင်း၌ သာယာတတ်၍သာ ကမ္မဇပညာကို တဏှာချုံစေးကို ရှင်းရာ၌ အကြောင်းတစ်ချက်ဟု ကောက်ယူမိခြင်း ဖြစ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်သည် ဤပဋိသန္ဓေဝိညာဉ် နာမက္ခန္ဓာကိုသာ အကယ်ဖြစ်ကြောင်း အထောက်အထားမပြနိုင်သည် မဟုတ်ပေ။ ယင်းပဋိသန္ဓေ နာမက္ခန္ဓာများ အဘယ့်ကြောင့် ဖြစ်သည်-ဟုလည်း အကယ်မသိဘဲ ရှိပေသည်။

ဆရာတော်သည် ဤအကြောင်းကို မသိသော်လည်း မပြဘဲကား မနေခဲ့ပေ။ ဤပဋိသန္ဓေနာမက္ခန္ဓာ၏ အကြောင်းသည် ရှေးဘဝကပြုခဲ့သောကံ ဖြစ်သည်ဟု ပြပေသည်။

ဆရာတော်ပြသော အကြောင်းသည်လည်း ဆရာတော်မသိသောအရာပင် ဖြစ်သည်။ ဆရာတော်သည် သဿတဒိဋ္ဌိအမြင်များ စင်သူမဟုတ်ပေ။ ရှေးရှေးဘဝတို့မှ ပြုခဲ့သောကံများသည် အဘယ်သို့လျှင် ဤဘက်ဘဝသို့ ကူးပြောင်းလာခဲ့သတဲ့နည်း။

ဤပြဿနာမျိုး၌ ဆရာတော်၏ဆရာဖြစ်သော မိလိန္ဒပဉှာဝတ္ထုရေး

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆရာပင် အလွန်မရေမရာ ဆိုထားခဲ့သည်။ ဆရာတော်လည်း ဤအဆိုအတိုင်းပင် ထုတ်တန်းကြွက်လျှောက် လုပ်ပေမည်။

ထိုထိုဘဝမှကံသည် ဤဘဝသို့ ဝိပါက်အဖြစ် ပေါ်ပေါက်ဖြစ်ထွန်းရန် ထိုထိုဘဝမှ ဤဘဝဆီသို့ အဘယ်နည်းအဘယ်ပုံဖြင့် လာသနည်း?

ကံသည် မျိုးစေ့ဖြစ်၍ ဝိပါက်သည် အပင်ဖြစ်သည်ဆိုအံ့။ မျိုးစေ့နှင့် ထိုမျိုးစေ့မှဖြစ်သော အပင်သည် အကြားမရှိရပါ။ မျိုးစေ့၏ရင့်သဖြင့် ပြောင်းလာသောအသွင်သည် အပင်ဖြစ်ပါသည်။

မျိုးစေ့,အပင် ဤသို့ နှစ်ထွေပြားသော်လည်း ကာလ၊ဌာန အခြားမရှိသော တစ်သားတည်းသောအရာသာ ဖြစ်ပါသည်။

နောက်ဘဝမှကံနှင့် ဤဘဝဝိပါက်။ ဤနှစ်ချက်သည် အဘယ်သို့လျှင် တစ်သားတည်းအဖြစ်တည်းဟူသော ဧကတ္တဖြစ်ပါသနည်း။

နောက်ဘဝမှကံသည် ဤဘဝသို့ လာသလော၊ သို့လာလျှင် နောက်ဘဝကံသည် အနိစ္စဓါတ် မဟုတ်သလော၊ နိစ္စဖြစ်သလော။ အကယ်၍ မလာလျှင်လည်း ဤဘဝဝိပါက်နှင့် နောက်ဘဝကံသည် အဘယ်သို့ ဧကတ္တဖြစ်သနည်း။

အနန္တရသတ္တိ၊ နာနာက္ခဏိကကမ္မသတ္တိစသော ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုလိုက်သောကြောင့် နောက်ဘဝကံသည် ဤဘဝဝိပါက်ကို ဖြစ်စေပေသည်။ ဤသို့ကား ဖြေနိုင်ပါသည်။

၁၂။ ပစ္စယသတ္တိ စိစစ်ချက်

ဤသို့ဖြေလျှင် ဤအဖြေကို လက်ခံ၍ စိစစ်ရပါမည်။

ဤဖြေပုံကလေးများသည် ပြီးပြေသွားသလို ထင်ရပါသည်။

ကံ၌ ကမ္မသတ္တိများ ရှိပါသည်။ယင်းပစ္စယသတ္တိသည် ဝိပါက်များအား ကျေးဇူးပြုသည်ဟု ဆိုရပါသည်။

---

မြန်မာ့ဝေါဟာရဖြစ်သော 'ပစ္စယသတ္တိဖြင့် ကျေးဇူးပြု'-ဟူသော စကားများသည် စိတ်အတော်ဆန်ပါသည်။ 'ကျေးဇူးပြု'-ဟူသော မြန်မာစကား၏ ဓါတ်နေဓါတ်ထား ပစ္စည်းနေပစ္စည်းထားကို မခွဲတတ်ပါ။ သို့သော်လည်း နားလည်ရသည်မှာ ကံ၏ ဤကမ္မပစ္စယသတ္တိသည် ဝိပါက်ဖြစ်စေ-ဟု ဖန်ဆင်းလိုက်သလိုမျိုး ဖြစ်နေပါသည်။

အကယ်၍ ဤသို့မဟုတ်သည်ကို တွေ့ရှိနိုင်ပါသည်။

ဥပမာ-သဟဇာတကမ္မ၌ သဟဇာတပစ္စယ၊ နိဿယပစ္စယ၊ အတ္ထိပစ္စယ အဝိဂတပစ္စယ၊ အညမညပစ္စယ၊ သမ္ပယုတ္တပစ္စယ၊ ဟေတုပစ္စယ စသည့်သတ္တိများဖြင့် ဝိပါက်နာမက္ခန္ဓာတို့အား ဖြစ်စေရန် ကျေးဇူးပြုကြပါသည်။

ဝိပါက်ကို ဖြစ်စေရာ၌ ကုသိုလ်၌ရှိသော ဤပစ္စည်းများကြောင့်ပင် ဖြစ်စေသလိုလို ထင်ရပါသည်။ အကယ်၌ကား ဤသို့ မဟုတ်ပါ။ ကုသိုလ်သည် ဝိပါက်ကိုဖြစ်စေရာ၌ ဤသို့ဤသို့သော ပစ္စယသတ္တိများ ပြိုင်ကြသည်၊ ဤသို့ ဖြစ်ပါသည်။

ဆိုလိုသည်မှာ-

'ပစ္စယသတ္တိ'-များကြောင့် ဝိပါက်ဖြစ်သည် မဟုတ်။

'ကုသိုလ်'-ကြောင့် ဝိပါက်ဖြစ်သည်'။

ဤသို့ဖြစ်ရာ၌ ကုသိုလ်နှင့်ဝိပါက်များ ဆက်သွယ်ပုံသည် ဤသို့ဤသို့သာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကုသိုလ်နှင့် ပစ္စယသတ္တိများသည် သီးခြားစီ မဟုတ်ပါ။ ကုသိုလ်၌ ဤသို့ဤသို့သော ပစ္စယသတ္တိများရှိသည်- ဆိုသည်မှာ အရာဝတ္ထုတစ်ခု၌ အရှေ့ဖြစ်နိုင်သောသတ္တိ၊ အနောက်ဖြစ်နိုင်သောသတ္တိ၊ တောင်ဖြစ်နိုင်သောသတ္တိ၊ မြောက်ဖြစ်နိုင်သောသတ္တိ၊ အနီးသတ္တိ၊ အဝေးသတ္တိ၊ အကြမ်းသတ္တိ၊ အနုသတ္တိ၊ အယုတ်သတ္တိ၊ အမြတ်သတ္တိစသည်များ ရှိသည်ဟု ဆိုရသကဲ့သို့သာ ဖြစ်ပါ

သည်။ ကုသိုလ်၌ရှိသော ဆိုခဲ့ပြီးသော ပစ္စယသတ္တိများသည် ကုသိုလ်မှ သီးခြား အရာများ မဟုတ်ပေ။

ယောကျ်ားတိုင်းသည် ဖခင်သတ္တိ ရှိကြပေသည်။ မိန်းမတိုင်းလည်း ဤအတူပင် မိခင်ပစ္စယသတ္တိများ ဖြစ်ကြပေသည်။ သားတို့၏ မိခင်ဖခင်မဟုတ်သော မိန်းမနှင့်ယောကျ်ားများလည်း မိခင်,ဖခင်ဟူသော ပစ္စယသတ္တိများ ရှိသည်ပင်ဖြစ်သည်။ ယောကျ်ားသည် ဖခင်အဖြစ်ကို ရောက်နိုင်ပေသည်၊ မိန်းမတိုင်းလည်း မိခင်အဖြစ်ကို ရောက်နိုင်ပေသည်။ ဤသို့ရောက်နိုင်သော အခြင်းအရာသည် 'သတ္တိ'ဖြစ်ပါသည်။

သို့သော်လည်း အကယ် မိခင်ဖခင်မဟုတ်သေးသော သူများသည် မိခင်,ဖခင် မဟုတ်သေးသော်လည်း မိခင်,ဖခင်ဖြစ်ရန် ဖြည့်ဆည်းနိုင်သော အကြောင်းဖြစ်သောကြောင့် မိခင်,ဖခင်ပစ္စယသတ္တိရှိသည်-ဟု ဆိုလိုသည်။

ပစ္စယသတ္တိသည် ဤသို့သောအရာမျိုး ဖြစ်သည်။

မိခင်,ဖခင်တို့သည် သားကိုဖြစ်စေပြီးသောအခါ၌ သားသည် မိခင်, ဖခင်ဟူသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုခံရသော် 'ပစ္စယုပ္ပန္နဓမ္မ' ဖြစ်လာလေသည်။ ပစ္စယုပ္ပန်သည်လည်း ဤသို့သောအရာ ဖြစ်သည်။

ဖခင်,မိခင်သည် သားဖြစ်ရန် မပြည့်စုံသေးသော အကြောင်း အစိတ်အပိုင်းမျှသာ ဖြစ်သေးသောကြောင့် 'ပစ္စယဓမ္မ'-မည်၏။ 'ပစ္စယုပ္ပန္နဓမ္မ'-ဟူသည် ပစ္စယဓမ္မတို့ စုဝေးညီညွတ်သောအခြင်းအရာ အာကာရများသာ ဖြစ်သည်။

ထို့ကြောင့် ပစ္စယနှင့် ပစ္စယုပ္ပန္နဓမ္မများသည် နှစ်ထွေပြားသော်လည်း ကွဲပြားသောအရာ မဟုတ်ပေ။ အမိ,အဖနှင့်သားတို့ နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်သောအရာ ဖြစ်သည်။

ထို-'ကျေးဇူးပြု'-ဟူသော မြန်မာစကားသည် ဘယ်သို့မှ အဆက်အစပ်

မရှိဘဲ 'ဖြစ်စေလိုက်ခြင်း'-ဟူသော အနက်အဓိပ္ပါယ်မျိုး မဆောင်ကြောင်း သိသာရပါသည်။

ပစ္စယဓမ္မများသည် ပစ္စယုပ္ပန္နဓမ္မများအား အဘယ်သို့သော ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုလိုက်သည် ဟူသည်မှာ ပစ္စယဓမ္မက တခြား၊ ပစ္စယုပ္ပန္နဓမ္မက တခြား ဤသို့ဖြစ်လျက် ပစ္စယုပ္ပန္နဓမ္မများ ဖြစ်ပေါ်လာသည်-ဟူသော အနက်အဓိပ္ပါယ် မရှိပေ။

ပစ္စယဓမ္မများသည် ဖြစ်ပေါ်အံ့သော ပစ္စယုပ္ပန္နဓမ္မ၏ အစိတ်အပိုင်းအဖြစ် တာဝန်ယူခြင်းကိုပင် ပစ္စယဓမ္မများက ပစ္စယုပ္ပန္နဓမ္မများကို ကျေးဇူးပြုခြင်း-ဟု ခေါ်ဝေါ်ပြောဆိုရခြင်း ဖြစ်ပေသည်။

ထို့ကြောင့်ပင် ပစ္စယနှင့် ပစ္စယုပ္ပန္နဓမ္မများ သည် ပစ္စယနှင့် ပစ္စယုပ္ပန္နဓမ္မများဟူ၍ နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်ခြင်း ဖြစ်ပေသည်။ နာနတ္တလည်းဖြစ် ဧကတ္တလည်းဖြစ်သည်-ဟု ဆိုလိုပါသည်။

### ၁၃။ ကံနှင့်ဝိပါက်ဆက်ပုံ စိစစ်ချက်

ထို့ကြောင့်ပင် 'ပစ္စယ'နှင့် 'ပစ္စယုပ္ပန္နဓမ္မ'-အကြားသည် အချိန်ကွက်လပ်၊ နေရာကွက်လပ် အခြားအဆီးဖြစ်၍ မရခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို 'နိဗ္ဗာနဒီပနီဘယ်လဲ၊ မိလိန္ဒပဥှာဝတ္ထုဘယ်လဲ'- စာတမ်းများ၌ မျှစ်နှင့်ဝါး ဥပမာ၊ ဆန်နှင့်ထမင်း ဥပမာများဖြင့် အကျယ်တဝံ့ ရှင်းလင်းပြီးဖြစ်သည်။

ထို့ကြောင့် ရှေးဘဝမှ ကုသိုလ်များသည် ဤဘဝ ပဋိသန္ဓေနာမက္ခန္ဓာအား အနန္တရ၊ ကမ္မစသော သတ္တိများဖြင့် ဖြစ်စေသည်-ဟူသော အဆိုအတွက် နေရာမရှိဟု ငြင်းဆိုရပါမည်။

ပစ္စယနှင့် ပစ္စယုပ္ပန္နသည် အချိန်ခြား,နေရာခြား မရှိသင့်-ဟု ဆိုခဲ့ပါသည်။ ရှေးရှေးဘဝက ကုသိုလ်ကံသည် ဤဘဝဝိပါက် ပဋိသန္ဓေနာမက္ခန္ဓာကို

ဖြစ်စေသည်ဆိုလျှင် အချိန်မခြားအောင်၊ အထူးအားဖြင့် ဌာနမခြားအောင် မတတ်နိုင် ဖြစ်ပါမည်။

ရှေးရှေး ဘယ်အတိတ်ဟု မသိသောဘဝမှ ကံသည် ယခု ဤဘဝ၌ ဝိပါက်ပဋိသန္ဓေအဖြစ် အကျိုးလာ၍ပေးလာသည်ဆိုလျှင် အချိန်လည်း အခြားကြီးခြားပြီး ဖြစ်သည်၊ ဌာနခြားမှုမှာကား အဘယ်မှာ ဆိုဖွယ်ရှိပါတော့မည်နည်း။

ရှေးရှေးဘဝမှ သေခဲ့သောနေရာနှင့် ယခုဤဘဝ ဖြစ်ရာနေရာသည် ခြားမှခြား- ဖြစ်ရမည်မှာ အသေအချာ ဖြစ်တော့သည်။

ဤသို့ ခြားဆီး၍နေသော ဌာနနှစ်ခုအကြား၌ အဘယ်အရာ၏ အဆက်အသွယ်အဖြစ် ထိုမှကံသည် ဤ၌ ဝိပါက်အဖြစ် ဖြစ်ပေါ်စေနိုင်သနည်း။ ဤမေးခွန်းတစ်ခုကိုပင် ပြေလည်အောင်မဖြေနိုင် ရှိရမည်မှာ အသေအချာဖြစ်သည်။

ထိုထိုရှေးဘဝမှ ကံသည် ဤဘဝသို့လာရန် အကယ်ခိုင်မာသော နိစ္စတရားဖြစ်သည်လည်း မဟုတ်ပေ။ ဤနေရာ၌ကား ဤသို့စောဒနာဝင်နိုင်ပါသည်-

'ကံသည် ဖြစ်သောနေရာမှာပင် ပျက်ခဲ့သည် အမှန်ဟုတ်၏။ ထိုသို့ဖြစ်သော်လည်း ထိုကံ၏သတ္တိကား မပျက်။ နိစ္စအကျိုး မပေးရသေးသမျှ ထာဝရတည်သည်ပင်'။ ဤသို့ စောဒနာနိုင်ပါသည်။

ဤ ကံ၏သတ္တိ-ဆိုသောအရာသည် အကယ်နေရာယူ၍ အရေးအရာလုပ် မပြောသင့်သောအရာ ဖြစ်သည်။

ကံသည်ပင် ကံ၏သတ္တိဖြစ်သည်။

သို့မဟုတ် ကံ၏ဝိပါက်အဖြစ် ရင့်သွားနိုင်ခြင်း အဖြစ်ထူးသည်ပင် ကံ၏သတ္တိဖြစ်သည်။ ကံမရှိဘဲ ကံ၏သတ္တိချည်း ကြွင်းခဲ့သည်ဟူသည်မှာ လုံးဝ

မဖြစ်နိုင်သောအရာသာ ဖြစ်သည်။

ဆားသည် ငန်သောသတ္တိရှိသည်။ ဤဆား၏ ငန်သောသတ္တိသည် သတ္တိရှင်ဖြစ်သော ဆားရှိနေစဉ်အတွင်းသာ ရှိနိုင်သည်။ ဆားမရှိတော့သော အချိန်၌ အငန်ဓါတ်ချည်း ကြွင်းခဲ့သည်ဟု အလျဉ်းမရှိနိုင်ပေ။

ဤ ကံနှင့်ဝိပါက်ဆက်ပုံ၏ မှားယွင်းသော နှလုံးသွင်းများနှင့် အမှန်အကန် ဖြစ်သင့်သော နှလုံးသွင်းများကို 'မိလိန္ဒပဉှာ သုံးသပ်ချက်'နှင့် 'နိဗ္ဗာနဒီပနီ သုံးသပ်ချက်'-တို့၌ အတော်အတန် ပြည့်စုံသည်အထိ ဖော်ပြပြီး ဖြစ်ပါသည်။

'လူ့ဘဝ၏ အစဆုံးဖြစ်သော အချိန်၌ ဖြစ်သည်- ဆိုသော ပဋိသန္ဓေနာမက္ခန္ဓာသည် ထိုလူ့ဘဝမှ အတိတ်ဖြစ်သော တစ်နေရာရာဝယ် ပြုခဲ့သော ကံကြောင့် ဖြစ်သည်- ဆိုသောအရာ မဖြစ်နိုင်ကြောင်း'- ဤတင်ပြချက်ဖြင့် ရှင်းလင်းသင့်ပါပြီ။

ဤအရာရှင်းသည်ဆိုလျှင် ဆရာတော်သည် အဖွင့်ခံဂါထာ၌ 'သပ္ပညော'ဟူသော ပုဒ်အရ ကမ္မဇပညာများကို ကောက်ပြထားချက်များ မည်မျှ မှားယွင်းသည်ကို သိသာနိုင်ပါသည်။ ထို့ကြောင့် ဤဂါထာ၌ ပညာသုံးမျိုးဟူသော စကားလည်း မဖြစ်နိုင်သော စကားပင် ဖြစ်ပါသည်။ ထို့ကြောင့် တဏှာချုံ အရှုပ်ရှင်းရန် အချက်ခြောက်ချက်ကို ဤဂါထာဖြင့် မပြဆိုကြောင်း တင်ပြချက်လည်း ထင်ရှားပါသည်။

ဤအရာသည် ဝိသုဒ္ဓိမဂ်ကို သုံးသပ်ရာ၌ ဝိသုဒ္ဓိမဂ်ဆရာတော်၏ ဝိသုဒ္ဓိမဂ်၏ အဖွင့်ခံဂါထာ နိဒါန်းပဏာမ ကလေးကို အနက်အဓိပ္ပါယ်ဖော်ပုံ အပေါ် သုံးသပ်ချက်ဖြစ်ပါသည်။

ဤသုံးသပ်ချက်ဖြင့် အဘယ်အကျိုး ဖြစ်စေသနည်း- ဤမေးခွန်းကို

ဖြေလိုပါသည်။ ဤဂါထာ၏ အနက်အဓိပ္ပါယ်ဖော်ချက်၌ ပညာသုံးမျိုးပြပြ၊ နှစ်မျိုးပြပြ၊ တစ်မျိုးသာပင်ပြပြ၊ အရေးအရာမဟုတ်။ အဘယ့်ကြောင့်ဆိုသော်- ဤဂါထာသည် အဖွင့်စကားပြများ မဟုတ်၊ အဖွင့်ခံ တည်ပုဒ်ပြမျှသာ ဖြစ်သေးသောကြောင့် ဖြစ်သည်။ ဤသို့ ထင်ဖွယ်ရှိပါသည်။

ဤသုံးသပ်ချက်သည် ဝိသုဒ္ဓိမဂ်ပြုစီရင်တော်မူမည့် ဆရာတော်၏ ဘဝအမြင်ကို ဖော်ပြနေပါသည်။ ဆရာတော်၏ ဘဝအမြင်ကို သိရသည်ဟု ဆိုလိုပါသည်။

ဤစကားသည် ဝိသုဒ္ဓိမဂ်ဆရာတော်၏စကား ဖြစ်ပါသည်။ ဂါထာသည် ဘုရားသျှင်ဟောခဲ့သော်လည်း ဂါထာ၏အနက် အဓိပ္ပါယ်ဖော်ပြချက်သည် ဆရာတော်၏စကား ဖြစ်ပါသည်။ စကားသည် ဇာတိကို ဖော်ပြပေသည်။ ထို့ကြောင့် ဤစကားသည် ဆရာတော်၏ ဘဝအမြင်ကို ဖော်ပြမည် ဖြစ်ပါသည်။

## ၁၄။ ဝိသုဒ္ဓိမဂ်ဆရာတော်၏ ဘဝအမြင်

ကျွန်ုပ်တို့သည် ဝိသုဒ္ဓိမဂ်ကို လေ့လာမည်ဆိုလျှင် ဝိသုဒ္ဓိမဂ်ကိုချည်း လေ့လာ၍မဖြစ်ပေ။ ဝိသုဒ္ဓိမဂ်ကို တည်ဆောက်သူ၏ ဘဝကိုလည်း လေ့လာရမည်ဖြစ်ပေသည်။ ကျမ်းစာတစ်ခု၌ နိဒါန်းသည် ထိုကျမ်းရှင်၏ဘဝကို ဖော်ပြနိုင်သောနေရာဖြစ်သည်။

ဆရာတော်ကို လေ့လာရာ၌ ဆရာတော်သည် ဣန္ဒိယတောင်ပိုင်းသားဖြစ်သည်၊ မြောက်ပိုင်းသားဖြစ်သည်၊ ဘယ်အမျိုးမှဖွားသည်၊ ဘယ်ဂိုဏ်းကို ကိုယ်စားပြုသည်-ဤသို့,ဤသို့သော အရာများကို လေ့လာမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ ဤအရာသည် ဝိသုဒ္ဓိမဂ်ကို လေ့လာသူတို့၏ လေ့လာရမည့် ပဓါန အရာမဟုတ်ပါ။

'ဝိသုဒ္ဓိမဂ်ဆရာတော်သည် ဘဝအမြင် ဘယ်သို့ရှိသနည်း။ မဇ္ဈိမပဋိပဒါ အမြင်ပင် ရှိသလော၊ သဿတအမြင်ပင် ရှိသလော၊ ဥစ္ဆေဒအမြင်ပင် ရှိသလော၊ ဧကစ္စသဿတအမြင်ပင် ရှိသလော' စသည်-စသည်တို့ ဖြစ်လေသည်။

ဤအမြင်သည် ထို,ထိုသူတို့ပြောဆိုသော စကားများအတွင်း၌ အသွင်အဖြစ် ပေါ်မြဲဖြစ်ပါသည်။ ဆရာတော်သည် 'ဝိသုဒ္ဓိမဂ်ကိုပြုရာ၌ 'မဟာဝိဟာရဝါသီဂိုဏ်း'နေ ပုဂ္ဂိုလ်တို့၏ အလွန်သန့်စင်သော ဝိနိစ္ဆယများဖြင့် ဒေသနာနည်းကိုမှီ၍ ပြုမည်'-ဟု ဆိုပါသည်။

ဝိသုဒ္ဓိမဂ်ကို လေ့လာရာ၌ ဤအာမခံချက်သည် လုံလောက်ခြင်း မရှိတော့ပေ။ အဘယ့်ကြောင့်ဆိုသော် မဟာဝိဟာရဆရာတော်တို့၏ 'သုဝိသုဒ္ဓဝိနိစ္ဆယ'ဖြစ်သော ဒေသနာနယဟူသည်မှာ ယခုခေတ်၌ ယုံလောက်၊ ကြည်လောက် အားပြုလောက်သော နေရာ၌ ရှိတော့သည် မဟုတ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကို လေ့လာရာ၌ ထိုထို မဟာဝိဟာရဝါသီတို့၏ အလွန်သန့်စင်သော အဆုံးအဖြတ်ရှိသော ဒေသနာနည်းဆိုသည်ကို တခုတ်တရ လေ့လာမည့်အစား ဤစကားများကို ပြောနေသော ဆရာတော်၏ အာခံတွင်းမှ ပေါ်ထွက်လာသောလေသံကို ခါတ်ခွဲခြင်းသည် အလွန် အချက်ကျသော လေ့လာခြင်းပင် ဖြစ်မည်အမှန် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်၏ အဖွင့်ဂါထာအပေါ် အနက်ပေးသံကို သုံးသပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသုံးသပ်ချက်အရ- ရှင်ဗုဒ္ဓဃောသသည် အဘယ်သို့သော ဇာတိရှိသူ ဖြစ်သနည်း။ သို့မဟုတ် အဘယ်သို့သော ဘဝအမြင်ရှိသူ ဖြစ်သနည်း။ ဤဂါထာ၏ အနက်အဓိပ္ပါယ်ဖော်ချက်သည် ဘယ်သို့သော ဘဝအမြင်ကို ကိုယ်စားပြုသနည်း-ဟု ဆိုလိုပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အဖွင့်ခံစကားရင်းသည် မည်သို့သောဘဝအမြင်ကို ကိုယ်စားပြုသည် အမှန်ဖြစ်စေ ဖွင့်သူသည် မိမိ ဘဝအမြင်အတိုင်းဖြစ်အောင် ဖွင့်နိုင်ခြင်း ရှိမြဲ ဖြစ်ပေသည်။

ဤအဆိုကို မြဲမြံစေပါဦးမည်။ ရှေးအခါက လမ်းစခန်းတစ်ခု၏ ဇရပ် တစ်ခု၌ မီးသွေးဖြင့် ရေးထားသော စာတစ်ခုရှိသည်ဟုဆိုပါသည်။ စာမှာ ဤသို့ ဖြစ်သည်-

××××××××××××××××××××××××××××××××××××××

ဤစာကို ဖတ်ရှုသူတို့သည် ဘဝအသီးသီးမှ ဖြစ်ကြပေသည်။ ကစား သမား၊ ဘာသာရေးသမား၊ အဂ္ဂိရတ်သမား စသူတို့ဖြစ်ပေသည်။ သူတို့အား လုံးအတွက် ဤစာသည် ဘဝလမ်းညွှန်စာတမ်း ဖြစ်နေကြသည်ချည်း ဖြစ်သည်။

ဤစာကို အဂ္ဂိရတ်ဆရာကလည်း အဂ္ဂိရတ်ဖြင့် ကောက်သွားသည်။ ဘာသာရေးသမားကလည်း ဘာသာရေးဖြင့် ကောက်သွားသည်။ ကစားသမား ကလည်း ကစားဝေါဟာရဖြင့် အနက်ဖွင့်၍ ကောက်သွားသည်ဟု ဆိုပါသည်။

ဤသို့ပင် အဖွင့်ခံစကားသည် မည်သို့ပင်ရှိစေ၊ ဖွင့်ဆိုသူ၏ ဘဝအမြင် နောက်သို့ အလိုက်ခံသွားရမြဲ ရှိပေသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၏ အဖွင့်ခံဂါထာ ကို ဆရာတော် ဖွင့်ဆို အနက်ဖော်ချက်သည်လည်း အဖွင့်ခံစကား၏ ဆိုလိုချက် ထက် ဆရာတော်၏ ဘဝအမြင်ကို စုံစမ်းရခြင်းမှာ အလွန်ရှေ့တန်းကျလာခြင်း ဖြစ်သည်။

ဤဂါထာ အနက်ဖော်ပြချက်အရ သိရသော ဆရာတော်၏ ဘဝအမြင် ကား အဘယ်နည်း။ ဤပြဿနာကို ဆက်၍ဖြေပါမည်။ ဤဂါထာကို အနက်

ဖော်ချက်အရ သိရသည်မှာ-

'ဆရာတော်သည် 'သဿတဝါဒီ' ဖြစ်သည်။

လူကိုကျော်တွေးသော အတွေးအမြင်ရှိသူ-ဟု ဆိုလိုပါသည်။

ဆရာတော်သည်-

'လူများ မမွေးခင်ကလည်း ဖြစ်ခဲ့သည်၊ သေပြီးနောက်လည်း အကယ်၍ အဆုံးမရောက်သေးလျှင် ဆက်ဖြစ်ဦးမည်'။ ဤသို့ 'အဆက်ဆက်အားဖြင့် အမြင်ရှိသူ' ဖြစ်ပါသည်။

ဆရာတော်ကို ပုဂ္ဂိုလ်ရေးအားဖြင့် သံယောဇဉ်ရှိကုန်သော သူတို့သည် ဤအဆိုကိုငြင်းရန် ကြိုးစားကောင်း ကြိုးစားနိုင်ပါသည်။ သူတို့သည် ဤသို့ ငြင်းနိုင်ကြမည် ဖြစ်ပါသည်-

'ဆရာတော်သည် ဘဝကို အဆက်(သဿတ)အဖြစ် အမြင်ရှိသူ မဟုတ်ပါ။ ဘဝအဆက်မြင်သူ-ဟူသည်မှာ ဤအကောင်သည်ပင် ဟိုမှာဘက်မှ အကောင် ဖြစ်သည်။ ဤသို့ တသားတည်း ယူသူများသာ ဖြစ်ပါသည်။

ဆရာတော်သည် ဤသို့မယူပါ။ ဤအကောင်သည် ဟိုမှာဘက်အကောင်နှင့် အကြောင်းမကင်းသော်လည်း ထိုမှာဘက်အကောင် မဟုတ်။ ဤသို့ ယူသူသာ ဖြစ်ပါသည်။ ထို့ကြောင့် ဘဝကို အဆက်သဿတအဖြစ် အမြင်ရှိသူ-ဟု ဆို၍ မဖြစ်ပါ'။

သူတို့ ဤသို့ ငြင်းနိုင်ကြပါသည်။

'ဤဘဝကို ထိုဘဝမှအကောင်ဟု မြင်ခြင်းနှင့် ဤဘဝသည် ထိုဘဝ အကောင်နှင့် အကြောင်းမကင်းသော်လည်း ထိုဘဝမှ အကောင်မဟုတ်ဟု မြင်ခြင်းနှစ်မျိုးသည် အဘယ်သို့သောထူးခြားမှုကို ဖြစ်စေပါသနည်း။

ထိုဘဝနှင့် ဤဘဝ ဖြစ်သမျှ သတ္တဝါသည် တစ်ကောင်တည်းဖြစ်သည်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဟု အဘယ်သို့ အကျိုးအပြစ်များ ဖြစ်စေပါသနည်း။ ထိုဘဝနှင့် ဤဘဝသည် အကြောင်းမကင်းသော်လည်း တစ်ကောင်တည်းမဟုတ်ဟု သိခြင်းသည်လည်း အဘယ်သို့သော အကျိုးနှင့်အပြစ်ကို ဖြစ်စေပါသနည်း။

ထိုအမြင် နှစ်ခုအတွက် ထူးခြားသော အကျိုးနှင့်အပြစ်ကား အဘယ်နည်း'၊ ဤသို့ မေးလိုရင်း ဖြစ်ပါသည်။

ဤအမြင်နှစ်ခုသည် အကယ်ခွဲခြားစရာ ကွဲပြားမှုမရှိသော အမြင်များ ဖြစ်သည်။ ဤအမြင်များ၏ အကျိုးသည်လည်း ဤအတူဖြစ်သည် မပြောပလောက်သော ကွဲပြားမှုကလေးများကား ခွဲခြားမည်ဆိုလျှင် ကွဲပြားကောင်း ကွဲပြားနိုင်ပါသည်။

ဤဘဝအမြင်နှစ်ခုသည် အမျိုးအစားဖြင့် တစ်မျိုးတစ်စားတည်း ဖြစ်သော ဘဝအမြင်နှစ်ခု ဖြစ်သည်။ ရှေ့နှင့်နောက်များဖြင့် ဆက်နွယ်သော အမြင် အဖြစ် တစ်မျိုးတစ်စားတည်း ဖြစ်သည်။ ဆက်ပုံ သဏ္ဌာန်သာ အနည်းငယ်မျှ ခြားပေသည်။

ဆရာတော်၏ ဘဝအမြင်သည် အုန်းဆံဖတ်အမျှင်များဖြင့် ကျစ်ထားသောကြိုးကို ကြိုးသားကြီး-ဟု မရှုကြည့်ဘဲ အုန်းဆံဖတ်အမျှင်ကလေးများ အထပ်ထပ် ဆက်နေသောအရာ-ဟု မြင်ပြီးလျှင်၊

အခြားအမြင်တစ်ခုသည် အုန်းဆံကြိုးကို အုန်းဆံကြိုးချောင်းကြီးဟု မြင်ခြင်းသာ ထူးပေသည်။

ဤ၌ အုန်းဆံကြိုးကို အုန်းဆံကြိုးဟု မြင်သည်ဖြစ်စေ၊ အုန်းဆံကြိုး မဟုတ် အုန်းဆံဖတ်အမျှင်ကလေးများ အဆက်ဆက် စုလိမ်ထားသောအရာ ဖြစ်သည်ဟု မြင်သည်ဖြစ်စေ- အဘယ်ထူးခြားမှု ဖြစ်မည်နည်း။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

အုန်းဆံကြိုးဟု မြင်သူသည် ဤကြိုးကို ကြိုးအလျောက် အသုံးပြုရသည်ပင်။ အုန်းဆံဖတ်ကလေးများ စုလိမ်ထားသောအရာပင်-ဟု မြင်သူလည်း ကြိုးအလျောက် အသုံးပြုရသည်ပင် မဟုတ်ပါလော။ အဘယ် အကျိုးထူးကို ဖြစ်စေနိုင်သနည်း။

'ဘဝကို တစ်တုံးတစ်ခဲတည်း မဟုတ်ဟု- မြင်သူသည် တဏှာ၊ လောဘ၊ မာန စသည့်တရားများ မဖြစ်နိုင်'- ဤသို့ အကျိုးပြလိုကောင်း ပြလိုပေမည်။ ဤအကျိုးပြစကားသည် မမှန်ပေ။ အုန်းဆံကြိုးကို အုန်းဆံကြိုးမဟုတ်၊ အုန်းဆံမျှင်ကလေးများ စုပြီး လိမ်ကျစ်ထားသောအရာသာ ဖြစ်သည်ဟု- သိသူသည် ဤအုန်းဆံကြိုးကို ကြိုးအလျောက် အသုံးမချဘဲ နေမည်လော။ ဤသို့နေမည်ဆိုမှသာ ဘဝကို တစ်တုံးတစ်ခဲတည်း မဟုတ်မှန်း သိသောကြောင့် တဏှာ၊ မာနစသည်များမဖြစ်-ဟူသော စကား မှန်နိုင်ရမည် ဖြစ်ပါသည်။

အုန်းဆံကြိုးသည် အုန်းဆံမျှင်ကလေးများ စုဝေးထားသည်ဟုပင် သိသူလည်း ကြိုးကို ကြိုးအလျောက် အသုံးချလိုသေးသည်ဆိုလျှင် ဘဝကို တစ်တုံးတစ်ခဲတည်းမဟုတ်ဟု သိသူလည်း တဏှာ၊မာနစသည်များ မဖြစ်ဘဲမနေ၊ ဧကန်ဖြစ်မည်။

ထို့ကြောင့် ထိုဘဝအမြင်နှစ်မျိုးအတွက် ထူးခြားသောအကျိုးသည် မရှိပေ။ အကယ်၍ ထူးခြားသည်ဆိုလျှင် ဤဘဝအမြင်နှစ်မျိုးသည် ဤသို့သာ ထူးခြားရမည် ဖြစ်သည်။

ဘဝကို၊ ရှေ့နောက်ရှိသော်လည်း တစ်တုံးတစ်ခဲတည်းဟု မြင်သူသည်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤဘဝကို ရှေ့နောက်ဘဝများဖြင့် ဆက်သည်ဟု မြင်သူဖြစ်သည်။

ဘဝကို တစ်တုံးတစ်ခဲတည်းမဟုတ်ဟု မြင်သူသည် ဘဝကို ဘယ်မှ လာသည်ဟု မညွှန်းနိုင်၊ ဘယ်သို့ သွားမည်ဟု မညွှန်းနိုင်ဘဲ- ဘဝဟူသည် အာရုံနှင့်ဝတ္ထု စုဝေးမှု၏ အသွင်သဏ္ဌာန်ဟု မြင်နိုင်သူ ဖြစ်ရပေမည်။

ဤအမြင်နှစ်မျိုးအတွက် ထူးခြားသောအကျိုးသည် ဤသို့သာ ဖြစ်သင့်ပါသည်။

ဘဝကို တစ်တုံးတစ်ခဲတည်းဟု ယူသူသည် ဘဝကိုကျော်၍ တွေးသည်။ ဘဝအတွင်းမှ အတ္တမာန်ကလေးသည် သတ္တဝါ သေသော်လည်း မသေသောကြောင့် ဟိုဘက်သို့ ထွက်ခွါသွားခြင်း ဖြစ်သည်။ ထို့ကြောင့် ဘဝကို တစ်တုံးတစ်ခဲတည်းဟု ယူသောသူသည် ဘဝဆက်အမြင် သဿတ ဖြစ်ရခြင်း ဖြစ်သည်။

ဘဝကို တစ်တုံးတစ်ခဲတည်း-ဟုမမြင်ဘဲ ပဋိစ္စသမုပ္ပါဒ်အားဖြင့် မြင်သူသည်-

ကိလေသာကြောင့် ကံဖြစ်၊ ကံကြောင့် ဝိပါက်ဖြစ်။

ဝိပါက်အပေါ် အမြင်မှားသောကြောင့် တဖန် ကိလေသာဖြစ်။

ဤသို့ ဆင်းရဲနေသည်။'

ဤသို့သာ မြင်သူသည် 'ဖြစ်ဆဲအဖြစ်သည် မဖြစ်မီ တစ်ချိန်က အရာလည်း မဟုတ်။ ဖြစ်ပြီး နောက်တစ်ချိန်အထိ ရှိသောအရာလည်း မဟုတ်'။ ဤသို့ ရှင်းပေသည်။

ထို့ကြောင့် ထိုဖြစ်ဆဲသောအရာသည် ဘယ်အတိတ်မှ လာရာလည်း မဟုတ်၊ ဘယ်အနာဂတ်သို့မှ သွားမည့်အရာလည်း မဟုတ်၊ ဤသို့သိပြီး ဘဝ

ဆက်အမြင် သဿတအဖြစ်ကို ကျော်လွှားရပေမည်။

ဤသို့ဖြစ်ခြင်းသည်သာ ဘဝကို အတုံးလိုက်မြင်ခြင်းနှင့် အစိတ်ပိုင်းလိုက်မြင်ခြင်း ဤနှစ်ခုတို့၏ ကွဲလွဲသောအမြင် ဖြစ်ပေမည်။ ဘဝကို အစိတ်အပိုင်း အစုအဝေးအဖြစ် မြင်ခြင်း၏ တစ်ခုတည်းသော ရရှိမည့်အကျိုးကား ဤအရာသာ ဖြစ်ပေသည်။

ဆရာတော်သည် ဤအရာကိုလည်း မဖော်နိုင်သောကြောင့် ဘဝကို ဘယ်လောက် အစိတ်အပိုင်းလိုက် မြင်ပါသည် ဆိုသော်လည်း အကျိုးမရှိ။ အချည်းနှီးသာ ဖြစ်ပေသည်။

ထို့ကြောင့် ဤဘဝအမြင်နှစ်ခုသည် တစ်မျိုးတစ်စားတည်းသော ဘဝအမြင်နှစ်ခုသာ ဖြစ်ပေသည်။ သရုပ်အားဖြင့် ပြားနေသော်လည်း အမျိုးအစားအားဖြင့် တစ်ပါးတည်းဟု ဆိုလိုပါသည်။

စင်စစ်၌-

'ဘဝအမြင်တရားသည် အဘိဓမ္မာတရား ဖြစ်သည်'။

အဘိဓမ္မာသည် အဘိဓမ္မာအတိုင်း အသုံးချ၍ရသည် မဟုတ်ပေ။အဘိဓမ္မာသည် အဘိုးတန်သော စိန်ရွှေရတနာများနှင့် တူပါသည်။ စိန်များရွှေများသည် အဘိုးတန်သော်လည်း စား၍ ဝတ်၍ နေ၍ ဖြစ်ရန်ကား စိန်ရွှေများကို ထမင်း,အဝတ်,အိမ်,အိပ်ရာ,နေရာ,ဆေးဝါး စသည်တို့သို့ ပြောင်းယူရပေသည်။

'အဘိဓမ္မာ'သည်လည်း ဤအတူဖြစ်သည်။

'အဘိဓမ္မာ'သည် ကိုယ်ကျင့်တရားကို ဖော်ဆောင်ရန် တန်ဘိုးရှိသောပစ္စည်းသာ ဖြစ်ပေသည်။ ထမင်း,အဝတ် စသည်အဖြစ် လှည့်ပြောင်း၍ မရသော စိန်ရွှေအဘိုးတန်သည် အချည်းနှီးဖြစ်သကဲ့သို့ အဘိဓမ္မာသည်လည်း ကိုယ်ကျင့်တရားအဖြစ် မလှည့်ပြောင်းနိုင်လျင် အချည်းနှီးဖြစ်သည်။

ဆရာတော်၏ အဘိဓမ္မာနှင့် ဘ၀ကို အတုံးအခဲလိုက်မြင်သောသူတို့၏ အဘိဓမ္မာ နှစ်ရပ်သည် အကယ်ကွဲပြားသောအကျိုး ရှိကြသည် မဟုတ်ပေ။ ဤအဘိဓမ္မာနှစ်ရပ်လုံးသည်ပင် ကိုယ်ကျင့်တရားကို ဖော်ထုတ်ခြင်း၌ အောင်မြင်ခြင်း မရှိကြသည်ချည်း ထပ်တူကျပေသည်။

လူကိုကျော်မြင်သော အဘိဓမ္မာများသည် လူ့အတွင်း၌ဖြစ်သော ကိုယ်ကျင့်တရား ပျက်ပြားမှုကို မဖာထေးနိုင်ကြသည်မှာ ဓမ္မတာဖြစ်သည်။ ဆရာတော်၏ အဘိဓမ္မာနှင့် ဘ၀ကိုအတုံးအခဲလိုက် မြင်သူတို့၏ အဘိဓမ္မာနှစ်ရပ်လုံးပင် လူကိုကျော်တွေးကြသော အဘိဓမ္မာများချည်း ဖြစ်ကြပေသည်။ ထို့ကြောင့် ဤအဘိဓမ္မာနှစ်ရပ်သည် ကိုယ်ကျင့်တရားကို ဖော်ဆောင်ခြင်းဟူသော အဘိဓမ္မာပင်မဖြစ်သော အကျိုးကျေးဇူး၌ မထိရောက်ခြင်း ထပ်တူပင် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကို ပုဂ္ဂိုလ်ရေးအားဖြင့် တွယ်တာကြသော ပုဂ္ဂိုလ်တို့သည် ဆရာတော်၏ အယူအမြင်သည် ဘ၀အဆက်ဆက် သဿတ မဟုတ်ဟု ငြင်းသော်လည်း ဘ၀အဆက်ဆက်အမြင်ရှိသူ ဖြစ်သည်မှာ လယ်ပြင်ဆင်သွားသကဲ့သို့ ထင်ရှားလှပေသည်။

ဘ၀ကို အတုံးအခဲလိုက် ယူခြင်း၊ အစိတ်အပိုင်း ယူခြင်း၊ ဤသို့ ခြားနားပါသည်- ဆိုချက်လည်း အောင်မြင်ပေါက်မြောက် အရာရောက်ခြင်း မရှိပေ။

ဤအယူဖြင့် ဆရာတော်ကိုသိရသည်မှာ ဆရာတော်သည် မူလအမိဘာသာဖြစ်သော ဗြာဟ္မဏဝါဒကို ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်တရားဖြင့် မွမ်းမံ

တည်ဆောက်ထားသော ဝါဒသာ ဖြစ်ပေတော့သည်။

ဆရာတော်၏ဘဝအမြင်သည်-

'ဗြာဟ္မဏဝါဒမှ ထိုဘဝဤဘဝကို ကျော်မြင်သောအမြင်နှင့်

ဗုဒ္ဓဝါဒ၏ ဖြစ်ပျက်,ကြောင်းကျိုး ပစ္စယသမဝါယမ အမြင်၊

ဤနှစ်ရပ်ကို ပေါင်းစပ်ထားသော ကပြားဘဝအမြင်'-သာ ဖြစ်ပေသည်။

ဆရာတော်သည် အကယ် ဘဝအမြင်ရှိလျှင် များစွာ ရှက်ဖွယ်ကို ပြုခဲ့ခြင်းဖြစ်သည်။ ဗြာဟ္မဏဝါဒသည် 'အတ္တသဿတဝါဒ' ဖြစ်ပါသည်။ ယင်းကို ဗုဒ္ဓ၏ပဋိစ္စသမုပ္ပါဒ်ဝါဒ သို့မဟုတ် အနိစ္စဝါဒနှင့် မွမ်းမံနေခဲ့ပါသည်။ ဤဝါဒနှစ်ခုသည် ဘယ်ပညာရှင်မျှ ဘယ်နည်းနှင့်မျှ ပေါင်းစပ်၍ မရသော ဝါဒများဖြစ်သည်။ ဤသို့ဖြစ်လျက် ဆရာတော်သည် ကြိုးစား ပေါင်းခဲ့ပေသည်။ ပေါင်းသော်လည်း အကယ်၌ကား ကွာဟမြဲ ကွာဟလျက်ပင် ရှိလေသည်။

ဗြာဟ္မဏဝါဒမှ 'ထိုဘဝ ဤဘဝသွားပုံ'-ကိုလည်းယူသည်။

ဗုဒ္ဓဝါဒမှ 'ပဋိစ္စသမုပ္ပါဒဓမ္မ'-ကိုလည်း ယူသည်။

စင်စစ်၌ ထိုဘဝဤဘဝ ပြောင်းလိုလျှင် ပဋိစ္စသမုပ္ပါဒ်ဝါဒကို ဘယ်နည်းနှင့်မျှမယူဘဲ ရှိရမည်။

ပဋိစ္စသမုပ္ပါဒ်ကို ယူလိုလျှင် ဗြာဟ္မဏဝါဒမှ ထိုဘဝဤဘဝ ပြောင်းသည်ဟု ဘယ်နည်းနှင့်မျှ မယူဘဲ ရှိရမည် ဖြစ်ပေသည်။

ထိုဘဝ,ဤဘဝ ပြောင်းရွှေ့ဝါဒကို လက်ခံလိုလျှင် ဗြာဟ္မဏတို့၏ 'အတ္တမာန်'သည် အသင့်လျော်ဆုံး ဖြစ်သည်။ ယင်းမှတပါး မဖြစ်နိုင်ပါ။

ပဋိစ္စသမုပ္ပါဒ်ကို လက်ခံလိုလျှင် ထိုဘဝဤဘဝ ပြောင်းရွှေ့ခြင်းအမြင်ကို စွန့်လွှတ်ရန်မှာ အသင့်လျော်ဆုံး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဘိဓမ္မာ၌ ယထာဘူတဓမ္မအဖြစ် ဤသို့သာ ဆက်စပ်လျက်ရှိသောကြောင့်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဖြစ်သည်။

ဆရာတော်သည် အမြီးအမောက်မတည့်သော ပေါင်းစပ်မှုကို ပြုခဲ့ပေသည်။ ဆရာတော်၏ ဘဝအမြင်နှင့်သဘောတရားသည် အာရပ်အိဂျစ်နိုင်ငံမှ စဖင့်ရုပ်များကဲ့သို့ ဖြစ်နေပေသည်။ ကိုယ်တခြား ခေါင်းတခြား ဟူလို။

ဆရာတော်၏ ဘဝအမြင်ကား ချွတ်ခြုံကျသော ဘဝအမြင် ဖြစ်သည်။ ဤသို့ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်၏ အဖွင့်ခံဂါထာကို အနက်အဓိပ္ပါယ် ဖော်ပြချက်ဖြင့် သိသာပါသည်။

၁၅။ ကျမ်းဦးဂါထာ အဖွင့်စကားများ သုံးသပ်ချက်

ဤဂါထာ၌ အကယ်အားဖြင့် ပညာသုံးမျိုးရှိသည် မဟုတ်ပေ။ 'ဝိပဿနာပညာ'နှင့် 'ပါရိဟာရိယပညာ' အထူးမပြား တစ်ပါးတည်းသာ ဖြစ်ကြောင်း အောက်ကပင် ဆိုခဲ့ပါပြီ။ 'ကမ္မဇပညာ' ဆိုသည်မှာလည်း မဖြစ်နိုင်ကြောင်း ပြခဲ့ပါပြီ။ 'သပ္ပညော'ဟူသောပုဒ်သည် ဤကဲ့သို့ ဝိပဿနာပညာများ ရှိမည့်သူကိုပင် ညွှန်ပြသောစကားပင် ဖြစ်ရပေမည်။ သို့မဟုတ် သင့်တင့်သော အတွေးအခေါ် ရှိသူဟု ဆိုရပေမည်။

ဤသို့ဖြစ်လျက် ဆရာတော်သည် မသိသည်ကို လက်ညှိုးညွှန်လျက် ခက်ခက်များကို ပြနေလေသည်။ ဤအရာသည် သူ၏ ဘဝအမြင်ဇာတိမှ ပြောသောစကားများ ဖြစ်ပါသည်။

ဤဂါထာကို သုံးသပ်ခြင်းဖြင့် ကျမ်းရှင်၏ဇာတိကို သိခွင့်ရခဲ့မြဲ ဖြစ်ပါသည်။ ဤဇာတိသည် ဘုရားသျှင်၏ တရားတော်များကိုဖွင့်ရန် အကြောင်းသင့်လျော်ခြင်းမရှိ ဖြစ်ပါသည်။

ဘုရားသျှင်သည် သူ့တရားတော်များကို အမှန်ကျ နားလည်နိုင်သူကို ဓမ္မပဒ၌ ညွှန်ပြခဲ့ပါသည်။ ယင်းကိုကြည့်ညှိရန်မှာ အောက်ပါအတိုင်း ဖြစ်ပါ

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

သည်-

‘သေကွော၊ ပထဝိံ ဝိစေဿတိ၊ ယမလောကဉ္စ သဒေဝကံ။
သေကွော ဓမ္မပဒံ သုဒေသိတံ၊ ကုသလောပုပ္ဖ မိဝ ပစေဿတိ။’

ဆရာတော်ကား ဗြာဟ္မဏတို့၏ ဝေဒကျမ်းများနှင့် ဗုဒ္ဓဝါဒမှ ပိဋကတ်ကျမ်းများကို တတ်ကျွမ်းသဖြင့် များသော ဗဟုသုတရှိသူကား မလွဲမသွေဖြစ်ဟန် ရှိပေသည်။ ထိုသို့ဖြစ်သော်လည်း အထက်ပါဒေသနာတော်အရ ဘုရားသျှင့် တရားကို တို့ခွင့်ရှိမည် မဟုတ်ပါ။

ဤတွင် ပြောနိုင်ပါသည်၊ ဆရာတော်သည် သူ့အာဘော်နှင့် ဖွင့်မည် မဟုတ်ပါ။ မဟာဝိဟာရဝါသီ ဆရာတော်တို့၏ အဆုံးအဖြတ်ကိုယူပြီး ဒေသနာနည်းဖြင့် ဖွင့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဤအဖွင့်၌ အပြစ်ကင်းပါသည်။ ဤသို့ ပြောနိုင်ပါသည်။

အကယ်၍ကား ဆရာတော်သည် ပါဠိတော်နည်းနယများကို ဖြတ်ညှပ်ယူပြီးလျှင် အဘယ်သို့သော လိုချင်သောပုံအရောက် စပ်ဟပ်ယူသွားသည်ကို ရှေ့၌ဆက်လက်၍ မလွဲမသွေတွေ့ရမည် ဖြစ်ပေသည်။ ထို့ကြောင့် ဤအဖွင့်ခံစကားများ သုံးသပ်ချက် ဤတွင်အဆုံးသတ်ပါမည်။

၁၆။  တိက်ကိုးပါး သုံးသပ်ချက်

ဆက်လက်၍ ဤဂါထာကို တိက်ကိုးမျိုးဖြင့် တင်ပြချက်၌ သုံးသပ်ချက်ကို ဆင်ခြင်၍ အမှားနှင့်အမှန် နှစ်တန်နှစ်ရပ် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ရန် ရှုစားကြစေချင်ပါသတည်း။

ဤအဖွင့်ဂါထာဖြင့် တိက်ကိုးပါး ကိုလည်းပြသည်ဟု ဆက်လက်၍

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ပြဆိုပါသည်။ ယင်းတို့မှာ သိက္ခာသုံးပါး၊ သာသနာ၏ကောင်းခြင်းသုံးဖြာ-စသည်ဖြင့် ဖြစ်သည်။

ဤပြဆိုချက်များတွင် စတုတ္ထတိက်၌ သီလဖြင့် ကာမဂုဏ်၌ နစ်မွန်းခြင်းအစွန်းပယ်ပုံ ပြသည်။ သမာဓိဖြင့် ကိုယ်ပင်ပန်းခြင်း၌ နစ်မွန်းခြင်းအစွန်းပယ်ပုံ ကို ပြသည်။ ပညာဖြင့် အလယ်အလတ်အကျင့်၌ မှီဝဲခြင်းကို ပြသည်-ဤသို့ ပြဆိုထားလေသည်။

သီလ၊ သမာဓိ၊ ပညာသုံးရပ်လုံးပင် မဂ္ဂင်တရားများ မဟုတ်ပါလော။ မဂ္ဂင်တရားများသည် အလယ်အလတ်အကျင့်ကို ပြသည်ချည်း မဟုတ်ပါလော။ အဘယ်-ခန္ဓဖြင့် အဘယ်ကိုပြသည်ဟု ခွဲခြားရန်အကြောင်း အကယ်ရှိပါသလော။

သီလက္ခန္ဓမဂ္ဂင်သည်လည်း ကာမ၌ နစ်မွန်းခြင်း၊ ကိုယ်ပင်ပန်းမှု၌ နစ်မွန်းခြင်း၊ အလယ်အလတ်အကျင့်၌ မှီဝဲခြင်း၊ ဤအရာများကို ပြရမည်ပင် မဟုတ်ပါလော။ သမာဓိက္ခန္ဓမဂ္ဂင်၊ ပညာက္ခန္ဓမဂ္ဂင်-ဤမဂ္ဂင်များလည်း ဤအတိုင်းပင် ပြရမည် မဟုတ်ပါလော။

ဤသို့မဟုတ်ဘဲ သီလဖြင့် ဆရာတော်ပြဆိုသည့်အတိုင်းသာ အမှန်ဖြစ်ခဲ့သည်ဆိုလျှင် သီလသည် ဒုတိယတိက်မှဆိုခဲ့သည့်အတိုင်း သာသနာ၏ ပဌမကောင်းခြင်း မဖြစ်နိုင်။ သမာဓိသည်လည်း ဤအတူ သာသနာ၏ ဒုတိယတော်ကောင်းခြင်း မဖြစ်နိုင်ဘဲ ရှိရပါမည်။ ပညာသည်သာလျှင် စလယ်ဆုံး ကောင်းခြင်းများကို ပိုင်ဆိုင်ခြင်း ဖြစ်ရပါမည်။

အာဒိကလျာဏ (=အစ၏ကောင်းခြင်း)ဟူသည်-

'အကောင်းဖြစ်ရန် အစပြုလာခြင်း'-ဟု အနက်ပေး၍မဖြစ်ပါ။ 'အကောင်းခြင်းဖြစ်ခြင်းများ အစစွာဖြစ်ခြင်း'-ဟုသာ အနက်ပေးသင့်ပါသည်။ ထို့ထက် ဤစကားကို ရှင်းပါဦးမည်။

'အာဒိကလျာဏ'ဟူသည် သာသနာ၌ အကောင်းများဖြစ်ရန် စလာခြင်း

ဟူသကဲ့သို့ အနက်ဖော်တတ်ကြပါသည်။ သာသနာကောင်းခြင်းအား ဖော်တတ်ကြပါသည်။ သာသနာကောင်းခြင်းများ အလုံးစုံ မပြည့်ဝသေး-ဟူသော အဓိပ္ပါယ်ဖြစ်ပါသည်။

'ပရိယောသာနကလျာဏ'-ဟူသော သာသနာတော်၏ အဆုံးကောင်းခြင်းတိုင်ရောက်မှသာ သာသနာ၏အကောင်းများ အလုံးစုံ ပြည့်ဝ ပြီးမြောက်သည်။ ဤသို့ အနက်ဖော်တတ်ကြပါသည်။

ဤအဓိပ္ပါယ်ဖော်ခြင်းများသည် အကယ်မှန်ကန်ခြင်း မရှိကြပါ။ သီလသည် 'သာသနာ၏ အာဒိကလျာဏဓမ္မ' ဖြစ်ပါသည်။ သီလပြည့်စုံခြင်းသည် အကောင်းအားလုံး ပြီးဆုံးပြည့်ဝခြင်း' ဖြစ်ပါသည်။

အဘယ့်ကြောင့် ဤစကား ဆိုနိုင်သနည်း-ဟူအံ့။

ပညာနှင့်သမာဓိများသည် ဤသီလကို အောင်မြင်အောင် သွန်းလောင်းပေးနေကြသော တရားများ ဖြစ်ပါသည်။

သာသနာတော်၌ ရရှိအံ့သော အကျိုးတရား မှန်သမျှသည် သီလကြောင့်ချည်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ ထိုရရှိအပ်သော အကျိုးကျေးဇူးတရား မှန်သမျှ၏ အနီးဆုံးသောအကြောင်းသည် သီလသာ-ဖြစ်သည်ဟု ဖြစ်ပါသည်။

သမာဓိနှင့် ပညာတို့ကြောင့်လည်း အကျိုးမရကား မဟုတ်ပါ။ အကျိုးရကြပါသည်။ သို့သော်လည်း သမာဓိနှင့်ပညာသည် သာသနာ၌ ရရှိအပ်သော အကျိုးများကို တိုက်ရိုက် မဖြစ်စေနိုင်ပါ။ ယင်းသမာဓိနှင့် ပညာများသည် အကျိုးဖြစ်စေရန် သီလ၌ သွန်းလောင်းကြပါသည်။ သီလမှ တဆင့်သာလျှင် အကျိုးပြုနိုင်သည်ဟု ဆိုလိုပါသည်။

---

ထို့ကြောင့် သီလသည် သာသနာတော်၌ ရှိသမျှသော ကောင်းသော အကျိုးအားလုံးကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် သာသနာတော်၏ ကောင်းကျိုးများ အစဆုံးဖြစ်သောအရာဟု သီလကို ဆိုရခြင်း ဖြစ်ပါသည်။

သီလသည် သမာဓိ,ပညာများဖြင့် မထောက်ကူလျင် သီလအဖြစ် မြဲစွာ ရပ်နိုင်အား မဲ့ပေသည်။ ဤသို့ ထောက်ကူရခြင်းကြောင့်သာ သမာဓိနှင့်ပညာ ပွားများလာပေသည်။ ထို့ကြောင့် သမာဓိ,ပညာများသည် သီလကို ထောက်ကူရ ပေသည်။

ဤသို့ ထောက်ကူရသောကြောင့်သာ သမာဓိနှင့် ပညာများသည် သာသနာတော်၏ နောက်ကောင်းခြင်းများ ဖြစ်ကြရခြင်း ဖြစ်သည်။ သမာဓိနှင့်ပညာများသို့ရောက်မှ သာသနာတော်၏ကောင်းခြင်းများ ပိုလာသည်မဟုတ်ဟု ဆိုလိုပါသည်။

သီလသည်သာ သာသနာတော်၏ ပြည့်ဝသော ကောင်းခြင်းသို့ အစဆုံးရောက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် သီလသည် မဇ္ဈိမပဋိပဒါဟူသော အလယ်အလတ်ကျင့်စဉ်ကို မှီဝဲခြင်းပင် ဖြစ်ပါသည်။

ဆရာတော်ဆိုသကဲ့သို့ သီလဖြင့် အလယ်အလတ်ကျင့်စဉ်သို့ မမှီဝဲရသေးသလိုလိုများ အလျဉ်းမဖြစ်နိုင်ပါ။ သီလဖြင့် ကာမသုခလ္လိကာနုယောဂ အစွန်းကိုသာ ပယ်ရသေးသည်ဆိုလျင် အတ္တကိလမထာနုယောဂအစွန်းကို မပယ်ရသေးသလိုလို အဓိပ္ပါယ် ထွက်ပါသည်။ ဤအဓိပ္ပါယ်မျိုး မဖြစ်နိုင်ပါ။ ဤအဓိပ္ပါယ်မျိုးဖြစ်လျင် သီလသည် သာသနာ၏ကောင်းခြင်းအစ မဖြစ်နိုင်ပါ။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

သမာဓိက္ခန္ဓမဂ္ဂင်ဖြင့် ပယ်ခြင်းကို ပြဆိုရာ၌လည်း ဤအတူဖြစ်ပါသည်။ ဤမဂ္ဂင်၏ ပယ်ခြင်းကိုပြသဖြင့်၊ ဤမဂ္ဂင်ဖြင့် ကာမသုခလ္လိကာနုယောဂအစွန်းကို မပယ်နိုင်သလို အဓိပ္ပါယ်ထွက်ပါသည်။ ဤအဓိပ္ပါယ်မျိုးလည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ဤစတုတ္ထတိက်သည် အချည်းနှီးပင် ဖြစ်ပါသည်။

ဤအတူ ပဥ္စမတိက်သည်လည်း အချည်းနှီးပင် ဖြစ်ပါသည်။

သီလသည် အပါယ်ဘုံမှ လွတ်မြောက်မှုကိုသာပြသည်ဟု ဆိုထားပါသည်။ သမာဓိဖြင့် ကာမမှ လွတ်သည်၊ ပညာဖြင့်သာ သုံးဆယ့်တစ်ဘုံမှ လွတ်သည်ဟူ၍ ပြထားပါသည်။

သီလဖြင့်ပင် သုံးဆယ့်တစ်ဘုံမှ လွတ်ရမည် ဖြစ်ပါသည်။

သီလမပါဘဲ ပညာသက်သက်ဖြင့် အဘယ်သို့လွတ်မည်နည်း?

ဆရာတော်သည် သီလကို ပမာဏအမှန်အတိုင်း သိမြင်ခြင်း အလျဉ်းမရှိသူ ဖြစ်ပေသည်။

သီလသည်-

သမာဓိ၊ ပညာ၏ အဖြည့်ဆည်း အသွန်းလောင်းမခံရသော သီလ။

သမာဓိဖြင့် အဖြည့်ဆည်း အသွန်းလောင်းခံရသောသီလ။

သမာဓိ,ပညာနှစ်ရပ်တို့ဖြင့် အဖြည့်ဆည်းအသွန်းလောင်းခံရသော သီလ။ ဤသို့သာ ခွဲလိုက ခွဲသင့်ပေသည်။

အလုပ်ကို-

အတတ်,အသိတို့ဖြင့် ဖြည့်ထားမခံရသော အလုပ်။

အတတ်ဖြင့် အားအဖြည့်ခံထားရသော အလုပ်။

အတတ်,အသိနှစ်မျိုးဖြင့် အားအဖြည့်ခံထားရသော အလုပ်ဟူ၍ ခွဲသကဲ့သို့ ဖြစ်သည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အလုပ်သက်သက်ကား အကျိုးနည်းကောင်း နည်းပေမည်။ အတတ်ဖြင့် အဖြည့်သွန်းခံရသော အလုပ်ကား အလုပ်သက်သက်ထက် အကျိုးများပေမည်။ အတတ်,အသိနှစ်မျိုးဖြင့် အသွန်းလောင်းခံရသော အလုပ်ကား အကျိုးအများဆုံး ဖြစ်သည်။ ဤသို့ပင် အကျိုးအမျိုးမျိုး ကွဲပြားသော်လည်း အလုပ်ကား အလုပ်ပင်ဖြစ်သည်။

ဤအတူ သီလသည်လည်း အဖြည့်အသွန်း ခံရခြင်းများအပေါ် မှီး၍ အကျိုးအမျိုးမျိုးဖြစ်သော်လည်း သီလကား သီလပင်ဖြစ်သည်။ သီလပါသောကြောင့် ပြီးသည်ပင်ဟု ဆိုလိုပါသည်။

ထို့ကြောင့် သီလဖြင့် အပါယ်ကိုသာ ပယ်သည်။ သမာဓိဖြင့်မူ ကာမကိုပယ်သည်။ ပညာက ဘုံအားလုံးကိုပယ်သည်-ဤသို့ မဆိုသင့်ခြင်း ဖြစ်ပါသည်။

အကယ်၍ ဘုံအားလုံးကို ပယ်သည်ကား သီလပင်ဖြစ်ပါသည်။

ထို့ကြောင့် ဤတိက်ပြဆိုချက်လည်း သီလပေါ်၌ ဆရာတော်အမြင်မှန်ဝါးခြင်းပင် ဖြစ်ပါသည်။

ဤတိက်များ၌ အဌမတိက်နှင့် နဝမပြဆိုချက် စကားနှစ်ရပ်သည် မညီမညွတ် ရှိပါသည်။

အဌမတိက်၌ သီလဖြင့် ဒုစရိုက်ကိလေသာကို၊ သမာဓိဖြင့် တဏှာကိလေသာကို၊ ပညာဖြင့် ဒိဋ္ဌိကိလေသာကို သုတ်သင်သည်ဟု ပြ၍ နဝမတိက်၌မူ ပညာဖြင့် ရဟန္တာဖြစ်ကြောင်းကို၊ သီလဖြင့် သောတာပန်, သကဒါဂါမ်ဖြစ်ကြောင်းကို ပြသည်ဟု ဆိုပြန်ပါသည်။

---

အဋ္ဌမတိက်မှအတိုင်း(ဆိုလျှင်) ပညာဖြင့် ဒိဋ္ဌိကိလေသာကို သုတ်သင်သည်ဆိုလျှင် နဝမတိက်၌ ပညာဖြင့် သောတာပန်ဖြစ်ကြောင်း ဟူ၍သာ ပြဆိုရန် သင့်မြတ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် သောတာပန်သည် ဒိဋ္ဌိကိလေသာကို ပယ်သောကြောင့်သာ ဖြစ်သည်။

ဤတိက်များကို စေ့စပ်စွာကြည့်မည်ဆိုလျှင် ဖရိုဖရဲ ပျံ့ကျဲသော အနက်အဓိပ္ပါယ်ရှိကြောင်း ပေါ်လွင်လှပါသည်။ ဤသို့ဖြစ်ခြင်းသည် ဆရာတော်၏ ဘဝအမြင်များ အလယ်အလတ်အကျင့်၌ မကိန်းဝပ်ကြောင်း ထင်ရှားချက်များပင် ဖြစ်ပါသည်။

ဤမျှသုံးသပ်ချက်ဖြင့် ဆရာတော်၏ အဖွင့်ခံဂါထာနှင့် စပ်လျဉ်းသော အဆိုများကို ဝေဖန်တင်ပြချက် ရပ်နားပါမည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊  တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## အခန်း(၃)

# သီလအကျယ်ဖွင့် သုံးသပ်ချက်

အခန်း(၃)
သီလအကျယ်ဖွင့် သုံးသပ်ချက်

၁၇။ သီလ အရကောက်
ဆက်လက်၍ ဆရာတော်၏ ဤဂါထာအဖွင့်ဖြစ်သော ဝိသုဒ္ဓိမဂ်စာ

ကိုယ်ထည်သုံးသပ်ချက်ကို လေ့လာကြစေချင်ပါသည်။

ဆရာတော် အရှင်ဗုဒ္ဓဃောသသည် 'သီလေပတိဋ္ဌာယ'စသော ဤဂါထာမှ သီလ၊ သမာဓိ၊ ပညာဟူသော စကားပိုဒ်သုံးခုကို အကျယ်တင်ပြချက် ပေါင်း နှစ်ဆယ့်သုံးခုတို့ဖြင့် ဖွင့်ဆိုပေသည်။

'သီလ'-ဟူသောစကားပိုဒ်၌ အကျယ်တင်ပြချက် နှစ်ခု၊ 'သမာဓိ'-ဟူသောစကားပိုဒ်၌ အကျယ်တင်ပြချက် တစ်ဆယ့်နှစ်ခု၊ 'ပညာ'-ဟူသော စကားပိုဒ်၌ အကျယ်တင်ပြချက် ဆယ်ခုတို့ ဖြစ်ပါသည်။

သီလကို အကျယ်ပြဆိုချက်၌ သီလသက်သက် ပြဆိုချက်၊ ဓုတင်အကျယ် ပြဆိုချက်၊ ပေါင်း နှစ်ချက်ဖြစ်သည်။ ဤတွင် သီလအကျယ်ပြဆိုချက်ကို ရှေးဦးဆုံး အကျယ်ပြဆိုချက်အဖြစ် ပြပေသည်။

သီလအကျယ်ပြဆိုချက်ကို မေးခွန်း ခုနစ်ခုတို့၏ အဖြေများအဖြစ် ပြဆိုရန် ရှေးဦးစွာ မေးခွန်းခုနစ်မျိုးကို ပြသော်လည်း၊ အကယ်၍ သူ့မေးခွန်းများ သည် ခုနစ်မျိုးမရှိပေ။ ထပ်နေ၍သာ ခုနစ်မျိုးဖြစ်နေခြင်း ဖြစ်သည်။

အဘယ်တရားသည် သီလမည်သနည်း-ဟူသော ပဌမမေးခွန်းနှင့် သီလသည် အဘယ်မျှအပြားရှိသနည်း- ဤပဉ္စမမေးခွန်းများ ထပ်နေပေသည်။

တဖန် အဘယ်အနက်ကြောင့် သီလမည်သနည်း-ဟူသော (ဒုတိယမေးခွန်း၊ သီလ၏အကျိုးကား အဘယ်နည်း-ဟူသော) စတုတ္ထမေးခွန်း၊ သီလ၏ညစ်နွမ်းကြောင်းကား အဘယ်နည်း-ဟူသော ဆဋ္ဌမမေးခွန်းနှင့် သီလဖြူစင်ကြောင်းကား အဘယ်နည်း-ဟူသော သတ္တမမေးခွန်း- ဤမေးခွန်းလေးခုတို့ သည် သီလ၏လက္ခဏာစသည်ကား အဘယ်နည်း-ဟူသော တတိယမေးခွန်း

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

နှင့် ထပ်နေပါသည်။ ဤမေးခွန်းလေးခုသည် တတိယမေးခွန်းအောက်၌ အတွင်းဝင်နေသည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် အစစ်အမှန်ရှိသော မေးခွန်းမှာ-
အဘယ်တရားများ သီလမည်သနည်း-ဟူသော မေးခွန်းနှင့်
သီလ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်များကား အဘယ်နည်း။
ဤနှစ်ခုသာ ဖြစ်ပေသည်။

ထပ်တူဖြစ်လျက် ထပ်၍မေးသော မေးခွန်းများသည် ကျမ်းစာ၌ မြိုင်ဆိုင်ဝေဆာခြင်းကို ဖြစ်ကောင်း ဖြစ်စေမည် ဖြစ်သော်လည်း ဖတ်ရှုလေ့လာသူအနေနှင့် တူလျက်၊ မတူ,ကွဲပြား ခြားနားလေဟန် စိတ်ရှုပ်ဖွယ် ဖြစ်ပေသည်။

သီလလက္ခဏာဆိုသည်နှင့် သီလ၏ အနက်အဓိပ္ပါယ်ဟူသည် အဘယ်သို့ ကွဲပြားအောင် ခွဲခြားရမည်နည်း။ တဖန် သီလ၏ ပစ္စုပဋ္ဌာန်ဆိုသည်နှင့် သီလ၏ အကျိုးအာနိသင်ဟူသည် အဘယ်သို့ ကွဲပြားအောင် ခွဲခြားရမည်နည်း။ တဖန်သီလ၏ ပဒဋ္ဌာန်ဆိုသည်နှင့် သီလမဲ့ညစ်ကြောင်း, ဖြူစင်ကြောင်းဟူသည် အဘယ်သို့ ကွဲပြားအောင် ခွဲခြားရမည်နည်း။

အဘယ်တရားများသည် သီလဖြစ်သနည်း-ဟူသော မေးခွန်း၏အဖြေနှင့် သီလအပြားသည် မည်မျှရှိသနည်း-ဟူသော မေးခွန်း၏အဖြေကိုလည်း မည်သို့ထူးခြားစေပါမည်နည်း။

အဘယ်တရားသည် သီလမည်သနည်း-ဟု မေးလျှင်လည်း သီလ၏ သရုပ်ကိုပင် မလွဲမသွေ ဖြေရပေမည်၊ သီလ၏သဘောကို ဖြေ၍မဖြစ်။

သီလ၏သဘောကို သီးခြားမေးခွန်း ပြုပြီးဖြစ်၍ သီလသရုပ်ကိုသာ မေးခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ သီလအပြားမေးခွန်း၏ အဖြေသည်လည်း သီလသရုပ်ကို ထုတ်ဆိုရမည် မဟုတ်ပါလော။

ထို့ကြောင့် ဤမေးခွန်းများကို ရိုးသားစွာကောက်ချက်ချရမည်ဆိုလျှင် ဤမေးခွန်းများသည် ကကြီးရေး သုံးချောင်းငင်၊ လေးချောင်းငင် 'ကူ'ထားချက်များသာဖြစ်သည်ဟူ၍ ကောက်ချက်ချရပေမည်။

ဆက်လက်၍ ဤမေးခွန်းများ၏ အဖြေများကို သုံးသပ်မည် ဖြစ်ပါသည်။ ဤသို့သုံးသပ်ရာ၌ ဆိုခဲ့ပြီးသည့်အတိုင်း ပဌမမေးခွန်းနှင့် ပဥ္စမမေးခွန်းကို ပေါင်း၍လေ့လာမည် ဖြစ်ပါသည်။

ဆရာတော်အနေနှင့် ပဌမမေးခွန်းအရ သီလသရုပ်ကို စေတနာ၊ စေတသိက်၊ သံဝရ၊ အဝီတိက္ကမများ ဖြစ်သည်ဟု ခတ်ကျယ်ကျယ် ဆိုပါသည်။ ဤအဆိုကိုလည်း ပဋိသမ္ဘိဒါပါဠိမှ စကားကို အားပြု၍ဆိုခြင်း ဖြစ်ပါသည်။

ဆရာတော်အနေနှင့် ဤအချက်သည်ပင် ပဌမခြေလှမ်းမှားချက်ဖြစ်ဖွယ်ရှိပါသည်။ ပဋိသမ္ဘိဒါမဂ်၌ လာသော သီလသရုပ် ဖြစ်နိုင်သမျှများကို ပြဆိုခြင်း ဖြစ်တန်ရာပါသည်။ ဤ၌ လိုအပ်သော သီလသရုပ်သည် မဂ္ဂထိုက်သော သီလသရုပ်ပင် ဖြစ်တန်ရာပါသည်။

ဤစကားသည် အဆုံးတိုင် မရှင်းသေးသော်လည်း ဤမှာပင် ထားခဲ့ပါဦးမည်။

၁၈။ သီလသရုပ်အဖွင့် သုံးသပ်ချက်

ပဥ္စမမေးခွန်းအရ ဖြေကြားသော သီလသရုပ်ကို လေ့လာကြပါဦးမည်။ အဘယ်သို့ ပြသနည်း။ စာရိတ္တ၊ ဝါရိတ္တစသောအားဖြင့် ဒုကသီလ ခုနစ်မျိုး၊ ဟီန,မဇ္ဈိမ,ပဏီတအားဖြင့် တိကသီလ ငါးမျိုး၊ စတုက လေးမျိုး၊ ပဥ္စက နှစ်မျိုးဖြင့် ပေါင်း ငါးဆယ့်ငါးမျိုးကို ပြဆိုပေသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤအရာများကို အကျယ်ပြပေသေးသည်။ ပြဆိုခဲ့သော ဤသီလများသည် မဂ္ဂင်ထိုက်သောသီလများ ပါရှိသော်လည်း၊ မဂ္ဂင်မထိုက်သော သီလများလည်း ပါဝင်လျက်ရှိပါသည်။

အဖွင့်ခံ 'သီလ'ဟူသောပုဒ်သည် 'မဂ္ဂင်ရှစ်ပါးအတွင်းမှသီလ' ဖြစ်သည်။ မဂ္ဂင်ထိုက်သောသီလဟူသော ပုဒ်ကို မဂ္ဂင်မထိုက်သောသီလများနှင့် သရုပ်ကောက်ပြ၍ ဖြစ်နိုင်ပါမည်လော။

ဤအချက်သည်လည်း သီလသရုပ်ကို ကောက်ထုတ်ရာ၌ မှားယွင်းသော အချက်တစ်ချက် ဖြစ်သည်။ ထို့ပြင်လည်း သီလသရုပ်သည် ဟုတ်ဟုတ်ငြားငြား တွေ့သမျှသီလများကို ကောက်ယူခြင်းထက် မဂ္ဂင်ရှစ်ပါးအတွင်း၌ အာဂမတိုက်ရိုက်ဖော်ပြလျက်ရှိသော သီလကို ကောက်ယူခြင်း အဘယ့်ကြောင့်မပြုသနည်း။

ဤအရာသည်လည်း မှားယွင်းချက်တစ်ချက်ပင် ဖြစ်သည်။

ဤမေးခွန်း၏ အဖြေများသည် စင်စစ် ထိမိသောအဖြေများ မဖြစ်ဘဲရှိပါသည်။ ကျဲပုံ့လွန်းသောအဖြေများ ဖြစ်နေပါသည်။

ထို့ကြောင့် တဏှာချုံရှုပ်ကို ခုတ်ထွင်ရှင်းလင်းနိုင်မည့် အခြေခံရပ်တည်စရာကို အကယ်လိုလားသူအနေနှင့် ဤအဖွင့်များသည် ဝေဝါး မျက်စိနောက်စေရုံမျှသာ ဖြစ်စေပါသည်။

ဤအဖွင့်များသည် မဂ္ဂင်သီလကိုဖွင့်သော အဖွင့်မဟုတ်လျင်ကား အလွန်ကောင်းပါမည်။ သီလအဘိဓာန်ကြီးပမာ ဖြစ်သောကြောင့် သီလအမျိုးမျိုးစာရင်းကို လေ့လာလိုသူများ အလွယ်တကူ လေ့လာနိုင်မည် ဖြစ်သောကြောင့်ပင်။

ယခုကား ဤသို့ သီလအဘိဓါန်ကို ပြဆိုသောနေရာ မဟုတ်ဘဲ သီလ

က္ခန္ဓမဂ္ဂင်ကို ဖွင့်ပြရမည့်နေရာ ဖြစ်သောကြောင့် လိုအပ်သည်များရော မလိုအပ်သည်များပါ အုတ်အရောရော ကျောက်အရောရောဖြစ်နေ၍ အကောင်းမဖြစ်နိုင်ဘဲ ရှိပေသည်။

ဤနေရာသည် သို့မဟုတ် ဤအဖွင့်ခံပုဒ်ကို ဖွင့်ရမည့်နေရာသည် ဟိုမှသည်မှ တွေ့တွေ့ရာရာမှ သီလများကို ထုတ်ပြရမည့်နေရာ မဖြစ်နိုင်ပေ။ ထို့ပြင် ဤမေးခွန်းသည် သီလဟူဟူသမျှကို ထုတ်ပြရမည့်မေးခွန်းလည်း မဖြစ်နိုင်ပေ။

ဤမေးခွန်း၏ အဖြေအဖြစ် ထုတ်ပြထားသော သီလများကို စံနစ်တကျ လေ့လာမည်ဆိုလျှင် သဘောအားဖြင့် ထပ်တူဖြစ်လျက် နာမည်မျှ သို့မဟုတ် အသွင်သဏ္ဌာန်မျှ သို့မဟုတ် နေရာမျှ ခြားနားခြင်းရှိသည်များ အများအပြား ပါဝင်နေကြပေသည်။ ဤသို့ဖြစ်ခြင်းသည် ပွယောင်းဖောင်းကြွ၊ ဖောင်းကြွခြင်းများ ဖြစ်သောကြောင့် လေ့လာသူတို့အား စိတ်ရှုပ်မှုကိုသာ အားပေးနေပေသည်။

ဤအကြောင်းကို အနည်းငယ်မျှ ချဲ့၍ ရှင်းပါမည်။

ကျွန်ုပ်တို့သည် ‘လူ၏သရုပ်ကို ထုတ်ပြပါ’-ဟူသော မေးခွန်းကို ကျွန်ုပ်တို့အား အမေးခံရသည် ဆိုပါအံ့၊ အဘယ်သို့ ဖြေကြားမည်နည်း။

ဗမာသည်လည်း လူဖြစ်၏။ ကုလားသည်လည်း လူဖြစ်၏။ တရုပ်သည်လည်း လူဖြစ်၏။ ဂျပန်သည်လည်း လူဖြစ်၏။ ဤသို့ ဖြေကြမည်လော။

ဤသို့ပင် ဖြေရမည်မဟုတ်ပါလော-ဟု ဆိုနိုင်ပါသည်။

ဤအဆို မသင့်ပါ။ ဤသို့ဖြေ၍ မဖြစ်နိုင်ပါ။ အကယ်၍ ဤသို့ဖြေလျှင် လူ့သရုပ်သည် ကုန်စင်မည် မဟုတ်ပေ။ ကမ္ဘာပေါ်၌ လူမျိုးများသည် အများကြီး ရှိနေပါသည်။ ယင်းတို့ကို ကုန်စင်အောင် ရေတွက်၍ပင် မလွယ်ဘဲ ရှိပါမည်။ ဤသည်လည်း ဤသို့ မဖြေသင့်ခြင်း၏ အကြောင်းတစ်ချက် ဖြစ်ပါသည်။

နောက်တစ်ချက်လည်း ရှိပါသေးသည်။

ယင်းမှာ ဗမာ၊ကုလား-စသည်များသည် အကယ်စစ်မှန်သော သရုပ် မဟုတ်သောကြောင့် ဖြစ်ပါသည်။ ဗမာနှင့်ကုလားကို သရုပ်တစ်ခုစီဟုဆိုလျှင် ထိုသူနှစ်ဦးတို့၌ အကယ် ကွဲပြားသောအရာကို ဖော်ပြနိုင်မည် ဖြစ်ပါသည်။

ဗမာသည် ဘယ်သို့ စားခြင်း,သွားခြင်းရှိသည်၊ ကုလားကား ဗမာနှင့် ကွဲပြားသော စားခြင်း,သွားခြင်းစသည် ရှိပါသည်။ ဤအရာသည် ကွဲပြားမှု မဟုတ်ပါလော-ဤသို့ဆိုဖွယ် ရှိပါသည်။ ဤအဆိုသည် ချော်ဖျက်အပ်သောအဆို သာ ဖြစ်ပါသည်။

စားခြင်း၊ သွားခြင်း၊ ပြောဆိုခြင်း စသည်များသည်လည်း အတွင်းကျ သောအကြောင်း မဟုတ်ပါ။ ပြင်ပအခြေအနေအားလျော်စွာ ဖြစ်သောအရာသာ ဖြစ်ပါသည်။ ဗမာသည် ကုလား-ရေမြေဥတု အသံ,အဆင်း စသော ပတ်ဝန်း ကျင် ဤအရာများ အကယ်၍ရလျှင် ကုလားနှင့်မခြား ဖြစ်ပါမည်။ ကုလားလည်း ဤအတူ ဗမာနှင့်မခြား ဖြစ်ပါမည်။ ထို့ကြောင့် ဤအရာများသည် အကယ် ကွဲပြားသော ကွဲပြားမှု မဖြစ်နိုင်ပါ။

ဗမာ၌ မျက်စေ့နှစ်လုံးပါသည်ဆိုလျှင် ကုလား၌ မျက်စေ့နှစ်လုံးထက် အလွန်ဖြစ်စေ အယုတ်ဖြစ်စေ တစ်မျိုးမျိုးပါဝင်နေပါမှ ထိုသူနှစ်ဦးတို့ မတူကွဲပြား ခြားနားသည်ဟု ဆိုပါမည်။ ထို့ကြောင့် ဗမာ,ကုလားဟူသော အဖြစ်များသည် လူ၏သရုပ် မဖြစ်နိုင်ပါ။ လူမျိုး၏သရုပ်သာ ဖြစ်လိုက ဖြစ်နိုင်သည်။

ထို့ကြောင့် လူ၏သရုပ်ကို ကုလားလည်းတစ်ခု၊ တရုပ်လည်းတစ်ခု ဤသို့ စသည်ဖြင့် ထုတ်၍မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် လူအဖြစ်၌ အကယ် ကွဲပြားသောသရုပ် မဖြစ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် လူ၏သရုပ်ကိုထုတ်ပါဟု ကျွန်ုပ်တို့အား စေခိုင်းသည်ဆိုလျှင် ဤသို့ထုတ်၍ မဖြစ်ပါ။ အကယ် သရုပ်မဟုတ်ခြင်း တစ်ချက်၊ ကုန်စင်အောင် မထုတ်နိုင်ခြင်း တစ်ချက် တို့ကြောင့် ဖြစ်ပါသည်။

အကယ် စစ်မှန်သော လူ၏သရုပ်ကား-

ယောက်ျားနှင့်မိန်းမဟူ၍ နှစ်ပါးသာ ဖြစ်ပေသည်။ ထို့ထက် အပိုအလျှော ထုတ်၍မရဘဲ ရှိပေမည်။ ကျွန်ုပ်တို့သည် ဤနှစ်ခုကိုထုတ်မှ တိကျရေရာပေမည်။

သီလသရုပ်ကိုထုတ်ရာ၌လည်း ဤအတိုင်းပင် ဖြစ်သည်။

သီလဟူ၍ ဆိုင်းဘုတ်ခေါင်းစည်း အထိုးခံရသမျှ အရာများကို သီလသရုပ်အဖြစ် ဆရာတော် ထုတ်ပြနေပါသည်။ သူထုတ်ပြသော သီလများသည် အကယ်လည်း သရုပ်အရာမြောက်သည် မဟုတ်ပေ။ လေ့လာသူတို့၏ အသိဉာဏ်ကို ဟိုတစ်စသည်တစ်စ ပျံ့နှံ့သွား စေသောကြောင့် ကောက်ယူရ ခက်လောက်အောင် ပြုလုပ်ခြင်းနှင့်သာ တူနေပေသည်။

ဟုတ်ပါသည်။ တဏှာချိုးစေးကို ခုတ်ထွင်ရှင်းလင်းလို၍ သီလကို တည်ဆောက်လိုသောကြောင့် ဆရာတော်အဖွင့်ကို လေ့လာရသူတို့သည် မမျှော်လင့်ဘဲ သီလနိုင်ငံတော်ကြီးနှင့် တိုးနေပေသည်။

လေ့လာသူ့အတွက် သီလနိုင်ငံတော်ကြီးကား ကျယ်ဝန်းလွန်းနေပေမည်။ နားမလည်စရာကြီး ဖြစ်နေပေမည်။ အနည်းငယ်မျှ လျှောက်၍ ကြည့်လိုက်ကာမျှဖြင့် မျက်စေ့လည်သွားနိုင်အောင် ဖြစ်နေပေမည်။

ဤသို့ဖြစ်ခဲ့ကြောင်းလည်း ရှေးဆရာတို့၏ မှတ်ချက်စကား အထင်အရှား

ရှိပေသည်။ ယင်းမှာ ဝိသုဒ္ဓိမဂ်ကို လေ့လာသူတို့သည် ထွက်ခြင်းနှစ်မျိုးအနက် တစ်မျိုးမျိုး ပြုလုပ်တတ်ပေသည်-ဟူ၍ ဖြစ်သည်။

ထွက်ခြင်းနှစ်မျိုးကား- 'လူထွက်ခြင်းနှင့် တောထွက်ခြင်း'- ဖြစ်သည်။

ဤနှစ်မျိုးသည်၊ နှစ်မျိုးစလုံး အမှားများ ဖြစ်ပေသည်။

လူထွက်ခြင်းသည် ကာမသုခလ္လိကာနုယောဂလမ်းဖြစ်၍ အောက်လမ်းသို့ ကျဆင်းသွားခြင်း ဖြစ်ပေသည်။ တောထွက်ခြင်းကား အတ္တကိလမထာနုယောဂလမ်းဖြစ်၍ အထက်လမ်းသို့ ကျော်တက်သွားခြင်းဖြစ်ပါသည်။

နှစ်လမ်းစလုံးပင် ဘုရားရှင်၏ တပည့်ဖြစ်သော အလယ်အလတ်ကျင့်စဉ်ကို မှီဝဲသူများအနေနှင့် ကပ်ရောက်အပ်သည် မဟုတ်ပေ။ အလယ်အလတ်လမ်းကိုမှီဝဲသော ရဟန်းသည် လူနှင့်လည်း မကင်းပြတ်၊ လူနှင့်လည်း မလိမ်းကျံ၊ ဤသို့ဖြစ်ရပေမည်။ ရေနှင့်စပ်လျက် ရေမလိမ်းကျံသော ပိန်းကြာဖက် ဖြစ်ရမည်ဟု ဆိုလိုသည်။

ထို့ကြောင့် ထွက်ခြင်းနှစ်မျိုးလုံးပင် မှန်သည်မဟုတ်ပေ။ စိတ်ဆန်ခြင်းများ ဖြစ်ကြပေသည်။ ဤသို့ဖြစ်စေသူမှာ ဝိသုဒ္ဓိမဂ်၏ သီလသရုပ်ကို ပြဆိုချက်ဖြစ်သော သီလတထွေးကြီးကို တွေ့မြင်ရအောင် ဖန်ဆင်းထားချက် ဖြစ်သည်။

ဤသို့ သီလတစ်အုပ်ကြီး၏ ညာသံပေး၍ ခြိမ်းခြောက်ဟိန်းဟောက်ချက်ကြောင့်ပင် စိတ်ထိခိုက်ခံရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် စိတ်ဆန်အသွားခံရခြင်းဖြစ်ပေသည်။ စိတ်ဆန်သည်-ဟူသည်မှာ စိတ်မျက်စေ့လည်ခြင်း ဖြစ်ပါသည်။

စင်စစ်၌ ဤသီလသရုပ်များသည် ဤမျှ များပြားသည် မဟုတ်ပေ။ ဤ-

တစ်ခုသောအရာသည်ပင် ထိုသရုပ်,ဤသရုပ်အမြင်ဖြင့် ဝါးလုံးချေးသုတ် အနံ့အပြား ပြေးလွှားပါနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်၏ သီလသရုပ်ပြ စကားများသည် အမှန်တရား နှင့် ခြားနားလွန်းလှပါသည်။ ဆရာတော်သည် အမှန်တရားကို မျက်နှာလွှဲလျက် စာအလှ တစ်ခုတည်းနောက်သို့ ကောက်ကောက်လိုက်သော ဆရာတော် ဖြစ်ပါ သည်။ သီလ၏ စစ်မှန်သောသရုပ်ကို ထုတ်ပြလျှင် သူ့စာ၏အလှသည် အထိပါး ခံရမည်ကဲ့သို့ ရှိလေသည်။ ယခုကဲ့သို့ ဝေဆာမြိုင်ဆိုင်ခြင်း ဖြစ်ကောင်းမှ ဖြစ်ပေမည်။ ထို့ကြောင့် အမှန်တရားထက် စာအလှကိုသာ ဦးစားပေး၍ သီလ သရုပ်ကို ထုတ်နေခြင်း ဖြစ်ပါသည်။

ဤထုတ်ပြချက်သည် ဝိသုဒ္ဓိမဂ်ကို လေ့လာသူတို့အတွက် 'မဟာ နစ်နာချက်ကြီးတစ်ရပ်' ဖြစ်မည်ကို အနည်းငယ်မျှ ငဲ့ကွက်ခြင်းမရှိ ဖြစ်ခဲ့လေ သည်။

ဤအပြစ်တင်ချက်သည် အမှန်ပင် ဖြစ်ပေသည်။ ဆရာတော်သည် သီလသရုပ်ကို မသိနိုင်သည် မဟုတ်ပေ။ ဘုရားသျှင်၏ မဂ္ဂင်ရှစ်ပါး၌ သီလ သရုပ်ကို သုံးပါးမျှဟု အတိအလင်း ဟောကြားခဲ့ပေသည်။ ဆရာတော်သည် ဤအရာကို မသိဘဲမဖြစ်နိုင်ပေ။

သီလသည် အစစ်အမှန် သရုပ်အားဖြင့် ဤအရာမျှသာ ဖြစ်ပေသည်။ ထိုသီလ၊ဤသီလ၊အနှီသီလ-အစစသီလများသည် သီလအစစ်အမှန်များ မဟုတ်ပေ။

'အပြောအဆို၏ အမှန်တရားမှ မရွေ့လျားသောအဖြစ်၊
အပြုအမူ၏ အမှန်တရားမှ မရွေ့လျားသောအဖြစ်၊

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အသက်မွေးမှု(အနေအထိုင်)၏ အမှန်တရားမှ မရွေ့လျားသောအဖြစ်'။

ဤသည်တို့သာလျှင် သီလ၏သရုပ်များ ဖြစ်ကြပေသည်။

မလိမ်မညာပြောခြင်း၊ ကုန်းချောစကား မပြောခြင်း၊ မဆဲဆိုခြင်း၊ အဖျင်းမပြောခြင်း၊ ဤအရာများပင် သီလသရုပ် မဟုတ်လေလျှင် စာရိတ္တ,ဝါရိတ္တ စသည်များသည် အဘယ်မှာလျှင် သီလသရုပ် ဟုတ်ပါတော့မည်နည်း။

သရုပ်မဟုတ်သည်ကို သရုပ်လုပ်၍ဆိုခြင်းသည် စကားပလန့်ကျဲ ဆိုခြင်း ဖြစ်သည်။ ဤသို့ဆိုသဖြင့် နားထောင်သူကို အဘယ်သို့ နားလည်စေ မည်နည်း။ ထို့ကြောင့် နားထောင်သူများသည် ယောင်ဝါးဝါးဖြင့် စိတ်အဆန်ခံ သွားရခြင်း ဖြစ်သည်။

ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ၊ ဤသီလများသည် အဘယ်မှာလျှင် သီလ၏သရုပ်များ ဟုတ်နိုင်ပါမည်နည်း?

ဤသီလများသည် ဤနေရာ၌ သီလပင်ဖြစ်ရန် အကြောင်းမရှိ ဖြစ်နိုင် ပေသည်။ ဤတရားများကို သီလအဖြစ် အခြားနေရာများ၌ ဘုရားသျှင် ဟော ပြောချက် ရှိကောင်းရှိနိုင်ပါသည်။

သို့သော်လည်း ဤနေရာ၌ကား သို့မဟုတ် 'မဂ္ဂင်ကို ကိုယ်စားပြုသော သီလ'-ဟူသောပုဒ်ကို ဖွင့်ရမည့်နေရာ၌ကား သီလအဖြစ် ရပ်တည်ရန်ပင် အခွင့်ရှိရန် မလွယ်ပေ။

ပါတိမောက္ခသီလသည် သီလဖြစ်လျှင် သီလအခြေခံမှ ရသော မဂ်ဖိုလ် ရသူများသည် ပါတိမောက္ခသီလ ရနေရမလိုပင်။ လူသေက္ခများ၌ ပါတိမောက္ခ သီလမရှိဘဲ မဂ်ဖိုလ်ရနေသည်။ ထို့ကြောင့် ပါတိမောက္ခသီလသည် မဂ်ဖိုလ်သီလ မဟုတ်၊ အဖွဲ့အစည်းသီလသာ ဖြစ်မည်။

ထို့ကြောင့် ဤသီလအဖွင့်၌ ပါတိမောက္ခသီလ မပါသင့်ပါ။

---

ဣန္ဒြိယသံဝရ-စသည်လည်း သီလဖြစ်ရန်အကြောင်း ကင်းပေသည်။ ဣန္ဒြိယသံဝရသည် သတိဖြစ်သည်။ အာဇီဝပါရိသုဒ္ဓိသည် ဝီရိယဖြစ်သည်။ ပစ္စယသန္နိဿိတသည် ပညာဖြစ်သည်။ သတိ,ဝီရိယ,ပညာများသည် သီလက္ခန္ဓ မဂ္ဂင်အတွင်း၌ ဝင်၍မရပေ။ သမာဓိက္ခန္ဓနှင့် ပညာက္ခန္ဓများသို့သာ ဝင်ပေသည်။

ထို့ကြောင့် ထိုတရားများကို တခါတရံ၌ အကြောင်းသင့်၍ သီလ-ဟူသော ဆိုင်းဘုတ်အောက်၌ အလျဉ်းသင့်သလို ဘုရားသျှင်ဟောခဲ့သည်ကို အမြွက်ပြု၍ ဤတရားများကို သီလသရုပ်စာရင်း သွင်းခဲ့ခြင်း ဖြစ်ပေမည်။

ဤသို့ပြုသဖြင့် မဂ္ဂင်များသည် ရှုပ်ထွေးကုန်စရာ ဖြစ်ပါသည်။ ပညာမဂ္ဂင်ကလည်း သီလမဂ္ဂင်ဖြစ်၊ သမာဓိမဂ္ဂင်ကလည်း သီလမဂ္ဂင်ဖြစ်၊ သီလများလည်း ပညာအတွင်း၊ သမာဓိအတွင်း ဝင်လိုဝင်။ ဗရုတ်ရှုပ်ထွေး ဖြစ်ကြရပါသည်။

ဤအရှုပ်ကို အခြေခံ၍ ဤကျမ်း၏ သမာဓိမဂ္ဂင်အဖွင့်၊ ပညာမဂ္ဂင်အဖွင့်များကို ကိုးရိုးကားယားအဖြစ်များကို မလွဲမသွေ တွေ့ရမည်ဖြစ်ပါသည်။ သမာဓိမဂ္ဂင် မဟုတ်ဘဲ သမာဓိမဂ္ဂင်လုပ်ခံထားရသော အရာများ၊ ပညာမဂ္ဂင်မဟုတ်ဘဲ ပညာမဂ္ဂင် အလုပ်ခံထားရသော အရာများ တွေ့ရမည်ဟု ဆိုလိုပါသည်။

ယခုကား သီလမဂ္ဂင်မဟုတ်သည်ကို သီလမဂ္ဂင် လုပ်၍ထားသည်ကို တွေ့နေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဝိသုဒ္ဓိမဂ်သည် စာပေါင်းသိုက်ကြီး ဖြစ်နေပေသည်။ ဖတ်ရှုသူတို့အား ဦးနှောက်ခြောက်ရခြင်း မလွဲမသွေ ဖြစ်စေသောအရာ ဖြစ်ပေသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤမျှဖြင့် သီလသရုပ်ထုတ်ပုံ အမှားကို ထင်ရှားစေခဲ့ပြီဟု ယူဆပါသည်။ ဤအမှားဖြင့် တဏှာအရှုပ်ကိုရှင်းရန် ဘယ်ရပ်တည်ချက်ပေါ်၌ ရပ်ရမည်မသိဖြစ်ပြီး လူများက ဘုန်းကြီးလုပ်၊ ဘုန်းကြီးများက ရသေ့လုပ် စသည်ဖြင့် စမ်းတဝါးဝါးအဖြစ်များသည် အမှား၏ရလာဘ်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

ထို့ကြောင့် ဤအမှားသည် အကယ်မှား-မမှားကို ကိုယ်ပိုင်ဉာဏ်ဖြင့် စေစား၍ အမှန်ကျအောင် ရှုစားကြစေချင်ကြောင်း တင်ပြအပ်ပါသတည်း။

၁၉။ သီလလက္ခဏာစသည် သုံးသပ်ချက်

ဆက်လက်၍ မေးခွန်းခြောက်ခုပေါင်းဖြစ်သော သီလ၏လက္ခဏာဒိ စတုက္ကကို သုံးသပ်မည်ဖြစ်ပါသည်။

ဤ၌ သီလ၏သဘောလက္ခဏာ တင်ပြချက်သည် လှပပါသည်။
'ဖရိုဖရဲ ကျဲလွင့်သွားခြင်း မရှိသည်၏အဖြစ်၊
ကိုယ်နှုတ်တို့၏ အမှန်သဘောမှ မရွေ့မယိုင် ခိုင်မာသည်၏အဖြစ်နှင့်
အကောင်းသဘောများ တံ့တည်နေရန် ဆောင်ထားသောအဖြစ်-
ဤအဖြစ်များသည် သီလသဘောဖြစ်သည်'-ဟု ပြထားပါသည်။

သီလ၏ ရသပြစကားများလည်း လှပပါသည်။ သီလ၏ပစ္စုပ္ပဋ္ဌာန်ပြစကားများသည် သီလ၏အကျိုးကား အဘယ်နည်း-ဟူသော မေးခွန်းအောက်မှ အဖြေများဖြင့် ရောစပ်၍ ရှုစားရပါမည်။ ဘုရားဟော အာဂမများဖြင့် တင်ပြထားပါသည်။ သို့သော်လည်း သမာဓိမဂ္ဂင်များသာ ဖြစ်ရပါမည်။

သီလ၏ ပဒဋ္ဌာန်တင်ပြချက်များလည်း တိမ်းယိမ်းလျက် ရှိပါသည်။ ဤပဒဋ္ဌာန်တင်ပြချက်ကို သီလ၏ သံကိလေသပြ စကားများ၊ ဝေါဒါနပြစကားများဖြင့် ပေါင်းစပ်၍ ရှုကြည့်သင့်ပေသည်။

ဤအရာများသည် အတူပင် ဖြစ်ပေသည်။ သီလဖြူစင်ကြောင်းသည် သီလ၏ ပဒဋ္ဌာန်ပင် ဖြစ်သည်။ မဲညစ်ကြောင်းကား ဖြူစင်ကြောင်း၏ ဆန့်ကျင်ဘက်ပင် ဖြစ်သည်။

ဆရာတော်သည် သီလ၏ပဒဋ္ဌာန်ကို ဟိရီနှင့်ဩတ္တပ္ပကို ပြပြီး၊ သီလပျက်ကြောင်းဖြူကြောင်းများ၌ကား ဘယ်အရာ တစ်စုံတစ်ရာကို ကောက်ရမည် မသိအောင် ပလန့် ပြပေသည်။ အကယ်မှာ သီလ၏ ပဒဋ္ဌာန်ပြစကားနှင့် သီလဖြူစင်ကြောင်းပြ စကားများသည် ထပ်တူကျနေရမည့် စကားများ ဖြစ်သည်။

သီလပျက်ကြောင်း၌ လာဘ,ယသ စသည်ကို ပြနေသည်။ တဖန်လည်း မေထုန်ငယ်များကို လွန်ကျူးခြင်းဟု ပြနေပေသည်။ အကယ်၌ သီလပျက်ကြောင်းများသည် သီလဖြူစင်ကြောင်း၏ ဆန့်ကျင်ဘက်အကြောင်းများပင် ဖြစ်သင့်ပေသည်။

သီလဖြူစင်ကြောင်းကိုလည်း သီလ၏ ပဒဋ္ဌာန်စကားများနှင့် သီးခြားစွာ ပြပြန်လေသည်။ အမျက်ထွက်ခြင်း(ကောဓ)၊ ရန်ညိုးဖွဲ့ခြင်း(ဉပနာဟ)၊ ကျေးစွပ်ခြင်း(ပဠာသ)၊ ကျေးဇူးကန်းခြင်း(မက္ခ)စသည်များ မဖြစ်ခြင်း။ သဒ္ဓါရှိ၊ သလ္လေခ-စသောဂုဏ်နှင့် ပြည့်စုံခြင်း- ဤအရာများသည် သီလဖြူစင်ကြောင်းဖြစ်သည်ဟု ပြပြန်သည်။ ဤ၌လည်း သီလ၏ အကြောင်းသရုပ် မဟုတ်သည်

များကို သရုပ်လုပ်၍ပြစေခြင်း ဖြစ်ပြန်ပေသည်။

ဤသို့ ပြုလုပ်ခြင်းသည် လေ့လာသူတို့အား စကားလုံးရှုပ်၍ အကျိုးပြီးမှုကို အဟန့်အတား ဖြစ်စေပေသည်။ အကယ်မှာ သီလဖြစ်ကြောင်း တရားသရုပ်သည် ထုတ်၍မရသည် မဟုတ်ပေ။

ထိုသို့ ဖြစ်လျက် မထုတ်သည်မှာ အလုပ်ဖြစ်မှုအတွက် လမ်းစပျောက်စေခြင်း ဖြစ်ပေသည်။ ဤအဓိပ္ပါယ်မျိုး အမှန်တကယ်ဖြစ်ကြောင်း ထင်ရှားရန် ဥပမာ ဆောင်ပါမည်။ လောက၌ လူတစ်ယောက်သည် တိုးတက်ကြီးပွား အကျိုးများနေသည် ဆိုအံ့။ ယင်းသို့ဖြစ်ခြင်းအကြောင်းကို အမျိုးမျိုးသောရှုထောင့်မှ အမျိုးမျိုးပင် ပြောဆိုကြပေမည်။

ထိုသူသည် ကြိုးစားသောကြောင့် အောင်မြင်ခြင်းဖြစ်သည်-ဟူ၍လည်းကောင်း၊ ထိုသူသည် အရင်းအနှီးရှိသောကြောင့် အောင်မြင်သည်-ဟုလည်းကောင်း၊ ထိုသူသည် မိတ်ကောင်းဆွေကောင်းရှိသောကြောင့် အောင်မြင်ခြင်းဖြစ်သည်ဟု လည်းကောင်း၊ ထိုသူသည် အင်းအိုင်လက်ဖွဲ့ အဆောင်ကောင်းရှိသောကြောင့် အောင်မြင်ခြင်း ဖြစ်သည်ဟု လည်းကောင်း၊ ထိုသူသည် ရေးကံကြောင့် အောင်မြင်ခြင်းဖြစ်သည်ဟု လည်းကောင်း-စသည်စသည်အမျိုးမျိုး အပြောခံရနိုင်ပေသည်။

ဤအဆိုများသည် အောင်မြင်ခြင်း၏ သရုပ်များ မဖြစ်နိုင်ပေ။

ဤထုတ်ဆောင်သောဥပမာသည် ကြီးမားခြင်း၏ အကြောင်းသရုပ်ကို ထုတ်ဆောင်ရာ၌ ထွေပြားနေသောကြောင့် အကယ်ကြီးပွားလိုသူ၌ အဘယ်အကြောင်းသရုပ်ကို ထုတ်နှုတ်သုံးစွဲရမည်ဟု ဝေဝါးစေကြောင်း ပြဆိုချက်ဖြစ်ပါသည်။

အောင်မြင်သူသည် ဆိုခဲ့ပြီးသောအကြောင်းများကို အားလုံးပင်

လုပ်နေသည်။ ထို့ကြောင့် ထိုအရာများအားလုံးပင် အောင်မြင်ခြင်း၏အကြောင်း ဖြစ်သလော။ ဤသို့ မသိခြင်းကို ဖြစ်စေပေသည်။

အောင်မြင်သူသည် အောင်ခြင်း၌ အကြောင်းရှိပေသည်။ ယင်းအကြောင်း သရုပ်သည် ဆိုခဲ့ပြီးသော အကြောင်းများအတွင်းမှလော၊ အပြင်မှလော-ဟူသည်ပင် မသိခြင်း ဖြစ်သည်။ ထို့ကြောင့် ကြီးပွားအောင်မြင်လိုသူသည် စမ်းတဝါးဝါးဖြစ်လာရသည်။

> 'ကြီးပွားခြင်း၌ အကယ် အမြဲတေကျသော တရားသည် သူ၏ ကိုယ်,နှုတ်,နှလုံး လှုပ်ရှားမှုများသာ အမှန်ဖြစ်ကြောင်း အတိအကျ ကောက်မပြနိုင်ခြင်းကြောင့် ဖြစ်သည်။'

လူ၏ ကြီးပွားမှု,နိမ့်ကျမှုအစုစုသည် ထိုလူ၏ ကိုယ်,နှုတ်,နှလုံး လှုပ်ရှားမှု၏ အနိမ့်အမြင့် အဆင့်ဆင့်အတိုင်းသာ မလွဲဧကန် ဖြစ်လေသည်။

ဤအရာများချွတ်ယွင်းခဲ့လျှင် ဆိုခဲ့ပြီးသည့်အကြောင်းများ မည်မျှပြည့်စုံသည်ဖြစ်စေ ကြီးပွားမှုလမ်းစ အပျောက်ခံရမည် မလွဲမသွေဖြစ်သည်။ ဆိုခဲ့ပြီးသောအကြောင်းများ မည်မျှပင်ပျောက်စေဦး ကိုယ်,နှုတ်,နှလုံးလှုပ်ရှားမှု အဆင့်အတန်းမြင့်နေခြင်းများ တည်ရှိနေလျှင် ကြီးပွားမှုများ ဖြစ်မြဲဖြစ်ပွားနေမည် အမှန်ဖြစ်သည်။

ထို့ကြောင့် လူ၏ အောင်မြင်ကြောင်းသရုပ် အစစ်အမှန်သည် ဤအရာများသာ ဖြစ်ပေသည်။ ဤသို့ဖြစ်လျက် အခြား အစွန်အဖျားကျသော အရာများကို တပွေ့တပိုက်ကြီး သိမ်းကျုံးစုပုံပြသဖြင့် အကျိုးပြီးစီးမှု ဖြစ်စေမည့်အစား၊ အကျိုးပြီးမှုကိုပင် အဟန့်အတားခံရခြင်း ဖြစ်ပေသည်။

ဥပမေယျ၌လည်း ဤအတူဖြစ်ပါသည်။ သီလ၏ အကြောင်းသရုပ်

များကို တစ်အုပ်တစ်ဖွဲ့ကြီးဖြစ်အောင် ဆရာတော် ထုတ်ပြနေပါသည်။ အကယ်၍ ဤအရာများသည် သီလ၏ အကြောင်းဖြစ်ခြင်း၌ အဖျားအနားများသာ ဖြစ်ပါသည်။ သရုပ်နေရာကို ရနိုင်ခြင်းမရှိသော တရားများသာ ဖြစ်ပါသည်။

သီလ၏ အကြောင်းသရုပ်သည် ရှည်ဝေးစွာဖြင့် ဟိုစာအုပ်လှန် သည်စာအုပ်လှန် အပြန်ပြန်လုပ်နေစရာ အကယ်မရှိပါ။ ဤသို့လုပ်ခြင်းဖြင့် အကျိုးလည်း မပြီးပါ။

အကယ် သီလ၏ အကြောင်းသရုပ်ကား-

'မဂ္ဂင်ရှစ်ပါး၌ ပညာက္ခန္ဓမဂ္ဂင်များ'-သာ ဖြစ်ရမည်ကေန် ဖြစ်ပါသည်။

ဘယ်-ဟိရီ၊ ဘယ်-ဩတ္တပ္ပနှင့် ဘယ်-ကောဓ, မက္ခ,ပဠာသ-စသည်ကို ကြည့်ခြင်းမှ သီလ၏ အကြောင်းသရုပ် မဖြစ်နိုင်ပါ။

'ပညာက္ခန္ဓမဂ္ဂင်များ ပေါက်ပွားဖြစ်ထွန်းမှသာ သီလများ ပြည့်စုံအောင်မြင် ဖြူစင်မည်ဖြစ်ပါသည်။ထိုမဂ္ဂင်များ မဖြစ်ထွန်းသမျှ သီလများ ပြည့်စုံအောင် ဖြူစင်မည် မဟုတ်ပါ။'

ဤသီလအဖွင့်၌ သီလ၏ပဒဋ္ဌာန်သည် ဤအရာသာ မလွဲမသွေကေန်ဖြစ်ရပေမည်။ အခြားအခြားသော ဝိရတီသီလများ၏ အဖွင့်ဖြစ်လျှင်ကား သီလ၏ ပဒဋ္ဌာန်စကားများသည် ဤသို့မဖြစ်ဘဲ ရှိချင်လျှင် ရှိမည် ဖြစ်ပါသည်။

ဤနေရာ၌ သီလ၏ ပဒဋ္ဌာန်စကားကို ထိုပေ,ဤပေများမှ တွေ့ဖူးသမျှ သုတ္တန်များကို ကူးချရေးသားနေခြင်းဖြင့်၊ သီလဖြူစင်လို၍ သီလအကြောင်းသရုပ်အစစ်အမှန် ရှာသူတို့အတွက် မျက်စေ့လည်လမ်းမှားမှုကိုသာ ဖြစ်စေပေါပြ

ထို့ကြောင့် ဤအမှားကိုလည်း အကယ် မှားနှင့်မမှား သတိထား၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်နိုင်ရန် ကြိုးစား၍ တင်ပြခဲ့ပါပြီ။

ဤတင်ပြချက်သည် သီလဆိုင်ရာမေးခွန်းများ၏ အဖြေစကားများ သုံးသပ်ချက်ဖြစ်ပါသည်။

၂၀။ သီလကြီးလေးပါး အကျယ်ဖွင့်

ဆက်လက်၍ ယင်းအဖြေစကား တင်ပြချက်များမှ အကျယ်တင်ပြထားသော သီလအပေါ်အယူအဆများ၌ ချော်ချွတ်ချက်များကို ထင်ပေါ်ရာရာတို့၌ ကောက်နုတ်တင်ပြဦးမည် ဖြစ်ပါသည်။

ဆရာတော်သည် သီလသရုပ်ကို အကျယ်ဖွင့်ပြပေသည်။ ဤအဖွင့်များ၌ စတုပါရိသုဒ္ဓိသီလအဖွင့်၌ ခပ်ကျယ်ကျယ်ပင် ဖွင့်ပေသည်။ ဤဖွင့်ဆိုချက်အနက်များသည် ကိုယ်နိုင်သောဇာတ်ကို ကိုယ် ခင်းကျင်းပြသခြင်း ဖြစ်သည် အားလျော်စွာ ချောမောနေပါသည်။

ဆရာတော်သည် ပါဠိတော်တစ်ခုခုကို အနက်ဖွင့်ဆိုချက်များ၌ အမှားအယွင်း အချွတ်အချော် နည်းပါးရမည့်သူ ဖြစ်ပါသည်။ အထူးအားဖြင့် သီလဆိုင်ရာ စကားများကို ဖွင့်ဆိုချက်၌ အမှားနည်းရမည့်သူ ဖြစ်ပါသည်။

ဆရာတော်သည် စာပေပရိယတ်၌ ကျွမ်းတတ်လိမ္မာသော ဆရာတော်ဖြစ်ပါသည်။ ထို့ပြင်လည်း ဆရာတော်၌ ရှေးရှေးသောဆရာတော်တို့ အဆုံးအဖြတ်များကို မပယ်လှန်နိုင်သော ခံယူချက်များလည်းရှိမည့် ဆရာတော်ဖြစ်ပါသည်။ ထို့ကြောင့် စကားရပ်များကို အနက်ဖွင့်ဆိုချက်များ၌ အထူးအားဖြင့် အယူအဆရေးရာမဟုတ်သော စကားရပ်များကို အနက်ဖွင့်ဆိုချက်များ၌ အမှားမတွေ့နိုင်အောင် ဖွင့်နိုင်သော ဆရာတော် ဖြစ်ပါမည်။

ထို့ကြောင့် ဆရာတော်၏ တိုက်ရိုက်ဖွင့်ဆိုချက်များသည် ဤ-သီလ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အရာ၌ များစွာ စိစစ်သုံးသပ်ဖွယ်ရှိမည် မဟုတ်ပါ။ သို့သော်လည်း ထိုအမှန်အကန်ဖြစ်သော အနက်များကို ဖွင့်ဆိုခြင်း၌ စိစစ်ဖွယ်မလိုအပ်သော်လည်း၊ ထိုအမှန်အကန်အဖွင့်များကို လိုချင်သော ကြိုက်ပုံဖြစ်အောင် အဖော်အစပ်များကိုကား များစွာ စိစစ်သင့်ပြန်လေသည်။

ဆရာတော်သည် ဤအရာကို ကိုယ်ပိုင်သုတ္တန် ကလေးများ သွင်း၍, သွင်း၍ သယ်ဆောင်သွားတတ်ပေသည်။ ဤအရာသည် ဆရာတော်စာများ၏ အသက်-ဖြစ်နေလေသည်။ ဤအရာသည် ဆရာတော်စာများ၌ ကိုယ်ပိုင်ဟန် ဖြစ်နေလေသည်။

ကျွန်ုပ်တို့သည် ဆရာတော်၏ ပါဠိအဖွင့်ကို စိစစ်ရန်မရှိ-ဟု အထက်ကဆိုခဲ့ပါသည်။ ဟုတ်ပါသည်။ ဤအဖွင့်ကိုကား ဆရာတော်၏ အထက်မှဆရာများသည် ဦးသေချပြီး ကြပ်မတော်မူခဲ့ကြပြီး ဖြစ်သောကြောင့်ပင်။ သို့သော်လည်း ဆရာတော်၏ ကိုယ်ပိုင်ဟန်ကိုကား မည်သူမျှ တိပြတ်နိုင်ကြသည် မဟုတ်ပေ။

ထို့ကြောင့်ပင်-ဆရာတော့်စာများသည် စာသေများမဟုတ်ဘဲ အသက်ဝင် ရှင်သန်နေခြင်း ဖြစ်သည်။ ဆရာတော့်စာသည် ရှေးက အဆုံးအဖြတ်ရှိသော အနက်အတ္ထသက်သက်ကိုသာ ဖော်ပြသော စာသေများမဟုတ်၊ နိမိတ်ပုံတစ်ခုခုကို အတိအကျ ပေါ်ထွက်စေသော စာများ ဖြစ်ပါသည်။

ယင်း-နိမိတ်ပုံကို အဓိကဖော်ဆောင်ပေးသော အရာများမှာ ဆရာတော်၏ ကိုယ်ပိုင်သုတ္တန်ကလေးများပင် ဖြစ်ပေသည်။ ဤသုတ္တန်ကလေးများသည် ဆရာတော့်စာအလှအတွက် အထူး အဖြည့်အစွက်ခံရသော မိတ်ကပ်ပစ္စည်းများ ဖြစ်ပေသည်။

မိတ်ကပ်ဖြင့်လှနေသော အမျိုးသမီးငယ်ကို မိတ်ကပ်ခွါကြည့်မည်ဆို

လျှင် တစ်ဖုံတစ်နည်းအားဖြင့် မြင်ရဖို့ ရှိပါသည်။ မိတ်ကပ်သည် လူအလှ၏ ပင်မတရားမဟုတ်သော်လည်း ခွက်နေသည်ကို မောက်လာအောင်၊ မဲ့နေသည်ကို ပြုံးလာအောင်၊ ကျနေသည်ကို ကြွလာအောင်၊ ကြွနေသည်ကို ကျလာအောင်- ဤသို့ဖန်ဆင်းနိုင်သော ပင်မ-အကူတရား ဖြစ်ပေသည်။

မိတ်ကပ်ဖြင့် လှပတင့်တယ်နေသူအား မိတ်ကပ်ကိုခွါ၍ ကြည့်မည်ဆိုလျှင် ထိုသူ၏နိမိတ်ပုံသည် တစ်ဖုံတစ်နည်း ပေါ်ထွက်လာနိုင်စရာအကြောင်း ရှိပါသည်။ ထို့ကြောင့် သီလအကျယ်ဖွင့်ပြချက်များကို လေ့လာရာ၌ ဖွင့်ပြချက်များကို လေ့လာမည့်အစား ဆရာတော်၏ ကိုယ်ပိုင်သုတ္တန်ကလေး တစ်ခု,နှစ်ခုကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

ဆရာတော်၏ ကိုယ်ပိုင်သုတ္တန်ကလေး တစ်ခု,နှစ်ခုကို လေ့လာချက်သည် ဆရာတော် ဖွင့်ပြပုံဖော်ထားသော နိမိတ်ပုံကို အလင်းအထင်း တွေ့မြင်ခွင့် ရှိနိုင်ပါသည်။ ထို့ကြောင့် ပထမဆုံးအနေနှင့် ဣန္ဒြိယသံဝရသီလအဖွင့်၌ မျက်စေ့ဖြင့် အဆင်းကို မြင်တွေ့သောအခါ နိမိတ်ယူခြင်း၊ လက္ခဏာယူခြင်းများ မပြုလုပ်ပုံနှင့် ထိုသို့မပြုလုပ်သောသုတ္တန်ကို ဖော်ထုတ်ပါမည်။

သုတ္တန်အမည်မှာ မဟာတိဿမထေရ်ဝတ္ထုဟူ၍ ဖြစ်ပါသည်။

ဝတ္ထုကို အောက်ပါအတိုင်း ဖော်ပြပါသည်-

'မဟာတိဿမထေရ်သည် (သီဟိုဠ်ကျွန်း၊အနုရာဓမြို့အနီး) စေတိယတောင်၌ သီတင်းသုံးနေထိုင်ပါသည်။ မထေရ်သည် အနုရာဓမြို့သို့ နေ့စဉ်ဆွမ်းခံကြွပါသည်။

တစ်နေ့၌ ဆွမ်းခံကြွရန်သွားစဉ် လမ်း၌ အမျိုးသမီးငယ်တစ်ယောက်နှင့် ရင်ဆိုင်တွေ့လေသည်။ အမျိုးသမီးငယ်သည် အနုရာဓမြို့မှ တစ်ခုသော

အမျိုး၏ ချွေးမ ဖြစ်သည်။ သူမ၏ခင်ပွန်းဖြစ်သူနှင့် ခိုက်ရန်ဖြစ်သောကြောင့် နတ်သမီးလေးကဲ့သို့ လှနေအောင် ပြင်ဆင်ဝတ်စားပြီး အမျိုးများအိမ်သို့သွားရန် စောစီးစွာ မြို့မှထွက်လာခဲ့ခြင်း ဖြစ်သည်။

သူမသည် လူသူပြတ်လတ်သောလမ်းကြား၌ ယောဂီဖြစ်သော ရဟန်းကို တွေ့သောကြောင့် အသံပေးသောအားဖြင့် ရယ်သံညှင်းညှင်းပြု၍ ပြလိုက်ပေသည်။ မထေရ်သည် ဤအရာ အဘယ်ဖြစ်သနည်း-ဟု အမျိုးသမီးငယ်ကို မော့ကြည့်လေသည်။

မထေရ်သည် အမျိုးသမီးငယ်၏ ပြုံးရယ်နေသောသွားများကို တွေ့မြင်သောဟူ၏။ မထေရ်သည် သူမြင်သောသွားရိုးများကို အရိုးစု၏ အလှအပမဲ့ပုံအဖြစ် ရှုပွားမိလေသည်။ ထို့ကြောင့် မထေရ်သည် ဤနေရာမှာပင် ရဟန္တာဖြစ်သွားလေသည်။

မထေရ်သည် ရှေ့ဆက်၍ ဆွမ်းခံဝင်ရန် မြို့သို့ကြွသောအခါ အမျိုးသမီးငယ်နောက်လိုက်လာသော လင်ဖြစ်သူနှင့် ရင်ဆိုင်တွေ့ပြန်လေသည်။ ထိုသူသည် မထေရ်ကို မေးလျှောက်လေသည်။ 'မိန်းမတစ်ယောက် မတွေ့မိပါလား ဘုရား'-ဟူ၍ ဖြစ်ပေသည်။ မထေရ်သည် ဤအမေးကို အောက်ပါအတိုင်း ဖြေကြားပေသည်-

'ယောကျ်ား,မိန်းမဟူ၍ ဤလမ်းမှသွားသူကို ငါမသိလိုက်၊ သို့သော်လည်း ဤလမ်းမပေါ်မှာ အရိုးစုတစ်ခုတော့ သွားပေသည်'-ဟူ၍ ဖြစ်သည်။

ဆရာတော်၏ မျက်စေ့ကိုစောင့်စည်းသင့်ကြောင်း ဟောကြားချက်သုတ္တန်သည် ဤမှာပင် အဆုံးသတ်ပါသည်။

ဤသုတ္တန်ဝတ္ထုသည် ယထာဘူတကျသော သုတ္တန်ဝတ္ထု ဟုတ်ပါ၏လော?

ဤသို့ပြဿနာပြု၍ ဤဝတ္ထုကို ဆွေးနွေးပြပါဦးမည်။ ဤဝတ္ထုသည် အကယ်ဖြစ်နိုင်သောဝတ္ထုဖြစ်လျှင် ကောင်းမွန်ပါသည်။ မဟုတ်လျှင်ကား

အချည်းနှီး ဖြစ်ပါမည်။ ထို့ကြောင့် ဤဝတ္ထုကို စိစစ်ဆွေးနွေးရပါမည်။ ဝတ္ထုအတွင်း၌ မထေရ်သည် အောက်ပါစကားများကို ပြောဆိုပါသည်-

'နာဘိဇာနာမိ ဣတ္ထိ ဝါ၊ ပုရိသော ဝါ ကုတောဂတော'--ဟူ၍ ဖြစ်ပါသည်။ ဤစကား၏အနက်မှာ ဤသို့ဖြစ်ပါသည်- 'ဤလမ်းမှသွားသူကို ယောကျ်ား,မိန်းမဟူ၍ ငါမသိလိုက်'-ဟူ၍ ဖြစ်ပါသည်။

လောက၌ 'စိတ်မမူလျှင် ဂူမမြင်'-ဟူသောစကား ရှိပါသည်။ ထို့ကြောင့် မသိလျှင်လည်း မသိဘဲနေခွင့် ရှိပါသည်။ သို့သော် မထေရ် ဆက်ပြောသော စကားအရ ဤအခွင့်ကို မရဘဲရှိလာပါသည်။

ဆက်ပြောသောစကား ဤသို့ဖြစ်ပါသည်-

'အပိ စ အဋ္ဌိ သင်္ဃာဋောဟော၊ ဂစ္ဆတေ သ မဟာပထေ'၊ ဆိုလိုသည်မှာ မထေရ်သည် 'အရိုးစုကိုကားမြင်၏၊ လူကိုသာမမြင်'-ဟူ၍ ဤစကားအရ ဖြစ်သွားပါသည်။ ဤသို့ ဖြစ်ထိုက်ပါသလော။

ယောကျ်ား,မိန်းမဟူ၍ မမြင်၊ အရိုးစုသာမြင်သည်၊ ဤသို့ဖြစ်ထိုက်ပါသလော? ယောကျ်ား,မိန်းမလည်း ပညတ်၊ အရိုးစုလည်း ပညတ်ပင်။ မထေရ်၏ မျက်စေ့သည် မျက်မြင်အရ ထင်ရှားသော ယောကျ်ား,မိန်းမအသွင်ကို မမြင်ဘဲ၊ မထင်ရှားသော အရိုးစုပညတ်ကို အဘယ်သို့မြင်သနည်း?

မျက်စေ့သည် အကြော,အသား၊ အရိုး,အရေတို့ဖြင့် အထပ်ထပ်ဖုံးအုပ်လွှမ်းခြုံ၍နေသော အရိုးစုကို အကယ်မြင်ခွင့် ရှိပါသလော။ ယောကျ်ား,မိန်းမတို့၏ အကယ်ကွဲပြားခြားနားသော အသွင်အပြင်ကို မမြင်နိုင်ရန် မထေရ်၏မျက်စေ့၌ အဘယ်သည် ကွယ်ကာနေသနည်း။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤပြဿနာသည် သိပ္ပံနည်း၊ ဝိဇ္ဇာနည်း၊ နည်းလေးဆယ်၊ ဥပစာ ဆယ်ပါး၊ စကားကြီး ဆယ်ခွန်း- ထိုထိုအရာများဖြင့် ဖြည့်သွင်း၍ တန်ဆာဆင်သော်လည်း ယဉ်ဖို့,လှဖို့,အမှန်ရဖို့ အကြောင်းမရှိပေ။ မျက်စေ့သည် အလင်းမရဘဲ ဘယ်နည်းနှင့်မျှ မမြင်ရသောကြောင့် ဖြစ်သည်။

လူကိုယ်အတွင်း၌ရှိသော အရိုးစုသည်ကား အမှန်ပင်ရှိနေသည်။ ထို အရိုးစုသည် လူ့မျက်စေ့ဖြင့်မြင်နိုင်ရန် အလင်း ဘယ်မှရသနည်း။ ဓါတ်ခွဲခန်း မဟုတ်သော လမ်းမဖြစ်၍ အိတ်စ်ရေး(X-ray)စသော အရာများလည်း မရနိုင်ရာ။

သွား-စသော အစိတ်အပိုင်းကိုမြင်သဖြင့် ဉာဏ်ဖြင့်လျှောက်၍ အရိုးစုကိုမြင်သည်-ဟူသော အဆိုလည်း သင့်လှသည်မဟုတ်ပေ။ ဉာဏ်ဖြင့်မြင်သော အရာသည် ပြောလောက်သောစကား မဟုတ်ပေ။ ပြောစေဦးတော့ ဉာဏ်ဖြင့် မြင်သောအရာသည် လူမှလျှောက်၍ မြင်ခြင်းဖြစ်သောကြောင့် လူကိုမြင်ခဲ့ခြင်းကို တစ်ဆက်တည်း မငြင်းသင့်ပေ။ လူကိုမငြင်းလျှင် ယောကျ်ား,မိန်းမ သဲကွဲရပေတော့မည်။ သီဟိုဠ်ကျွန်းသူကျွန်းသား မိန်းမနှင့်ယောကျ်ားသည် အသွင်အပြင်အားဖြင့် အခြားနားကြီး ခြားနားပေသည်။ အထူးသဖြင့် ငယ်ရွယ်သူ မိန်းမဖြစ်သောကြောင့် ပိုမို ခြားနားပေသည်။

တဖန် ဝိပဿနာစိတ်စွမ်းအားဖြင့် မြင်သည်- ဟု ဆင်ခြေတက်လိုသူလည်း ရှိနိုင်ပေသည်။ ဝိပဿနာဖြင့် အမြင်သည် မမြင်နိုင်ဟူ၍လည်းကောင်း၊ မဖြစ်နိုင်ဟူ၍လည်းကောင်း မဆိုလိုသော်လည်း ဤအမြင်ဖြင့် ဤလမ်းမှ သွားသူကို ယောကျ်ား,မိန်းမ ငါမသိလိုက်၊ ဤသို့မဆိုသာဟု ထင်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ကျွန်ုပ်တို့ကိုယ်တိုင် လူ့ကိုယ်ကို ခရိုမိုဇုမ်း(Chromosone)များဖြင့် ပြည့်လျှမ်း ပြွမ်းတီးနေပုံကို အထပ်ထပ်ဆင်ခြင်သလို ဖြစ်ရှိသောကြောင့် တစ်ကိုယ်လုံး ခရိုမိုဇုမ်းများဖြင့် ပွစိသွားသလိုလို အမြင်ဖြစ်ဖူးပါသည်။ ဤအမြင်ကိုပျောက်ရန် မနည်းကြိုးစား၍ ဖျောက်ယူခဲ့ရဖူးပါသည်။

ဤသို့ ခရိုမိုဇုမ်းများမြင်ခြင်းသည် ဝိပဿနာဖြင့်မြင်ခြင်း ဖြစ်ပါသည်။ ဤမြင်သော ခရိုမိုဇုမ်းများသည် အကယ်ကိုယ်တွင်းရှိသော ခရိုမိုဇုမ်းများ ဟုတ်ပါသလော။ မဖြစ်နိုင်သောအရာသာ ဖြစ်ပါသည်။

ဆိုလိုသည်မှာ-

ဤအမြင်သည် အမှန်ရှိသည်ကိုမြင်ခြင်းမဟုတ်ဟူ၍ ဖြစ်ပါသည်။

'စိတ္တဇအမြင်'မျှသာဟု ဆိုလိုပါသည်။

'စိတ္တဇအမြင်မျှဖြင့် ကိလေသာခပ်သိမ်း ရုပ်သိမ်းချုပ်ငြိမ်းပါမည်လော?'

ထို့ကြောင့် မထေရ်သည် အရိုးစုအမြင်ကို ရကာမျှဖြင့် ကိလေသာငြိမ်းရန် အကြောင်းမရှိ ဖြစ်ပါသည်။ သူ့နည်းသူ့ဟန် သူ၏လျင်သောဉာဏ်အရ အကယ်၍ အရိုးစုကိုမြင်ရာမှ ဆက်လက်၍ပွားများသောကြောင့် ရဟန္တာဖြစ်သည်ပင် ရှိစေဦး-ရဟန္တာသည် အရိယာသစ္စာထိုက်သော တရားမျိုးကို ရရှိခြင်းများ ဖြစ်ပါသည်။

အရိယသစ္စာကို ထိုးဖောက်သိမြင်သူသည် ပရမတ္ထ,သမုတိ ထိုထိုသစ္စာများကိုလည်း သူ့အလိုက်အတိုင်း တည်ရှိစေရမည်ပင် ဖြစ်သည်။ အရိယသစ္စာမြင်၍ သမုတိသစ္စာအမြင်ပျက်ခဲ့ပြီဟု ဆို၍မရကြောင်း ဆိုလိုပါသည်။

မိန်းမ, ယောကျ်ား ဤအရာများသည် သမုတိသစ္စာ ဖြစ်ပါသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ထိုသမုတိသစ္စာကိုမျှ အမှန်မသိလျှင် ပရမတ္ထသစ္စာကို သိ၍ရမည် မဟုတ်ပါ။ ယင်းသို့ဖြစ်လျှင် အရိယသစ္စာဖြစ်သော ဒုက္ခဖြစ်ကြောင်း ဤအရာများကိုလည်း သိ၍ရမည်မဟုတ်ပါ။ထို့ကြောင့် ယောက်ျား,မိန်းမ မသိလိုက်သော အရိုးစုအမြင်သာ ရှိသည်ဟူသော ရဟန္တာ၏စကားသည် ပျက်ပြား တိမ်းချွတ်လွန်းလှပါသည်။ ထို့ကြောင့် ဤသို့ မသင့်သည်မှာ အမှန်ဖြစ်ပါသည်။

ဤထောက်ချက်အရ ဤမထေရ်ဝတ္ထုသည် လောကီနည်း, လောကုတ္တရာနည်း ဘယ်နည်းနှင့်မျှ သစ္စာမဝင်၊ မပီပြင်သောဝတ္ထု ဖြစ်ပါသည်။ မြေနံ့သင်းသော မြေပေါ်မှဝတ္ထုမဟုတ်ဘဲ လေစော်နံသော ကောင်းကင်မှဝတ္ထု ဖြစ်ဟန်ရှိပါသည်။ ကောင်းကင်ကဲ့သို့ ဘာမျှ အနှစ်သာရမရှိ၊ ဟင်းလင်းအတိ ဖြစ်နေပါသည်။

ဤမျှ အမှန်တရား ကင်းဆိတ်လွန်းသော သုတ္တန်ဖြင့် မျက်စေ့ကိုစောင့်ရှောက်သူတို့အတွက် ဆရာတော် ညွှန်ခဲ့ပေသည်။

ဟုတ်ပါသည်၊ ဤဝတ္ထု၏နီတိမှာ- 'မျက်စေ့ကို စောင့်ရှောက်သူသည် ဤဝတ္ထုအတွင်းမှ မဟာတိဿမထေရ်ကဲ့သို့ မြင်သောအဆင်းများကို ယောက်ျား, မိန်းမ အသိများ မဖြစ်စေဘဲ အရိုးစုစသော အမှတ်သညာကို ပွားများစေသည် အထိ ထိန်းသိမ်းရမည်'-ဟူ၍ ဖြစ်သည်။

ဤနီတိသည် လူလုပ်သင့်သောနီတိ ဟုတ်ပါသလော?

ညွှန်းသူ ကိုယ်တိုင်ပင် ဤနီတိ၏ အတိမ်အနက်ကို မထောက်ဘူးဘဲ ရှိရပေမည်။

ထိုစကား အမှန်ဖြစ်ရပေမည်။

လူသည် ယောက်ျား,မိန်းမများကို ယောက်ျား,မိန်းမများဟူ၍ မသိအောင်

နေ၍ ဖြစ်မည်လော။ ဤအရာသည် ခဲယဉ်းသောအရာ ဖြစ်ပါသည်။ ဤအရာသည် အကျိုးမများသောအရာလည်း ဖြစ်ပါသည်။

အဘယ်သို့ အကျိုးမများသနည်း?

ယောကျ်ားကို ယောကျ်ား-ဟူ၍လည်းကောင်း၊ မိန်းမကို မိန်းမ-ဟူ၍လည်းကောင်း အသိမရှိခြင်းသည် မြင့်မြတ်သောအသိကို ရလာခြင်းလော။ သို့မဟုတ် ရှိပြီးသောအသိများ အပျောက်ဆုံး အပျက်ပြယ်ခံရခြင်းလော။

ဤအရာသည် ဘယ်နည်းနှင့်မျှ အသိတရား တိုးပွားလာခြင်း မဟုတ်ဘဲ အသိများ ဆုတ်ယုတ်ပျက်ပြားလာခြင်းသာ အမှန်ဖြစ်သည်။ ထို့ကြောင့် အဘယ်သို့ အကျိုးများသည်ဟု ပြပါမည်နည်း။

ယောကျ်ား,မိန်းမများကို ယောကျ်ား၊ မိန်းမဟူ၍ ကွဲပြားအောင် ခွဲခြားသိတတ်မှု မရှိတော့ခြင်းသည် စိတ်မပြည့်ဝသူ သို့မဟုတ် ပြည့်ဝသောစိတ်မရှိလာသေးသူ၊ ဤသူများအောက် အဆင့်လျှော့ကျသွားခြင်း ခံရခြင်းပင် မဟုတ်ပါလော။

လောက၌ စိတ်ဓါတ်ပြည့်ဝမြင့်မြတ်လျက် ယောကျ်ားမိန်းမကို ယောကျ်ား မိန်းမဟူ၍ မသိတော့ဘဲ အရိုးစု,အကျောစုစသဖြင့်သာ သိနေသောသူ ရှိနိုင်ပါသလော။ ရဟန္တာများနှင့် ဘုရားသျှင်ပင်လျှင် ယောကျ်ားကို ယောကျ်ားဟုလည်းကောင်း၊ မိန်းမကို မိန်းမဟူ၍လည်းကောင်း ကွဲပြားစွာသိနေသည် မဟုတ်ပါလော။

ယောကျ်ားကို ယောကျ်ား-ဟု လည်းကောင်း၊ မိန်းမကို မိန်းမဟုလည်းကောင်း အသိဖြစ်ခြင်းသည် အပြစ်တစုံတရာ ရှိပါသလော?

အဘယ်သို့ ရှိပါသနည်း?

ယောကျ်ားများအတွက် မိန်းမသည် ကိလေသာကိုပွားစေသည်၊ မိန်းမများအတွက် ယောကျ်ားသည် ကိလေသာကိုပွားစေသည် သိခြင်း၌ ဤသို့

အပြစ်ရှိသည်ဟု ဤသုတ္တန်သည် ဆိုလိုနေပါသည်။

ဤဆိုလိုချက် မှန်ပါသလော? အကယ်၍မှန်လျှင် မောင်များနှင့် အစ်မ, နှစ်မများ၊ အဖနှင့် သမီးများ၊ အမိနှင့် သားများ ဤသူများသည် အချင်းချင်း ကိလေသာများနေကြရပေမည်။ ဤသို့ပွားကြပါသလော၊ ဤသို့ပင် ပြန်မေးရပေမည်။

အမိသည် သားကိုလည်းကောင်း၊ အစ်မ,နှစ်မများသည် အစ်ကိုနှင့် မောင်များကိုလည်းကောင်း ယောကျ်ား-ဟု သိကြပေသည်။ မောင်များ,အစ်ကိုများသည် အစ်မ,နှစ်မများကိုလည်းကောင်း မိန်းမဟူ၍ သိကြပေသည်။ ထိုသူများ၌ တဏှာရာဂ မပွားကြပါ။

ထို့ကြောင့် ယောကျ်ားကို ယောကျ်ားဟုသိခြင်းသည်လည်းကောင်း၊ မိန်းမကို မိန်းမဟု သိခြင်းသည်လည်းကောင်း လုံးဝပင် အပြစ်မရှိနိုင်ပါ။

အကယ်၍ အပြစ်သည်-'ယောကျ်ားကို ယောကျ်ားဟူ၍ မဟုတ်ဘဲ မိန်းမကို မိန်းမဟု သိ၍မဟုတ်ဘဲ ထိုထို ယောကျ်ား,မိန်းမတို့အပေါ်၌ ဖောက်ပြန်သောအမြင်ဖြစ်သော နိစ္စ,အတ္တ,သုခ,သုဘအမြင်များ ဖြစ်သောကြောင့်သာ ကိလေသာဖြစ်ခြင်း ဖြစ်ပါသည်။'

မိန်းမ,ယောကျ်ားနှင့်စပ်၍ အပြစ်ရှိပုံကို အသိပေးပညတ်လိုလျှင် အလယ်လမ်းအသိအမြင်အရ ဤသို့သာ အသိပေး ပညတ်ရပေမည်။ ယောကျ်ား, မိန်းမတို့နှင့်စပ်၍ နလပိန်းတုံးဖြစ်အောင် အမှောင်ချ၍ အပြစ်ရှိကြောင်း အသိပေးပညတ်၍ ရမည်မဟုတ်ပါ။

ဤသို့ပညတ်ခြင်းသည် အလယ်လမ်းအတွေးအခေါ်နှင့် မဆိုင်ပေ။

ဤပညတ်ချက်သည် အထက်လမ်းသမား သို့မဟုတ် အတ္တကိလမထာနုယောဂ သမား- ဤသူတို့ အသိပေးသတ်မှတ် ပညတ်ချက်သာ ဖြစ်ရပေမည်။

ဣန္ဒြိယသံဝရသီလအရ မျက်စေ့ကိုစောင့်ရှောက်ခြင်းသည် ဤသုတ္တန် ဟောကြားချက်နှင့် ထပ်မိဟပ်မိ ဆက်စပ်မိပါသလော။ ဆိုခဲ့ပြီးသော ဝေဖန် ဆန်းစစ်ချက်အရ သိရသည်မှာ အောက်ပိုးကျိုက်တခြား ဖင်တခြားဟူ၍ ဖြစ်သည်။

ဤသုတ္တန်သည် ဤနေရာ၌ဖွင့်ရမည်ဖြစ်သော ဣတ္ထိနိမိတ္တဂ္ဂါယ၊ ဣတ္ထိ အနုဗျဉ္ဇနဂ္ဂါယတို့မှ စောင့်စည်းခြင်းများကို မဖွင့်ဘဲ သို့မဟုတ် လွန်၍ ဖွင့်နေ ခြင်းဖြစ်သည်။ မိန်းမ,ယောကျ်ားတို့၏ နိမိတ္တဂ္ဂါယ၊ အနုဗျဉ္ဇနဂ္ဂါယတို့ကို စောင့် စည်းရမည့်အစား မိန်းမနှင့်ယောကျ်ားများကို စောင့်စည်းရန် ဤသုတ္တန်သည် ညွှန်းနေပေသည်။

ယောကျ်ား,မိန်းမသည် ထိုယောကျ်ား,မိန်းမတို့၏ နိမိတ္တ၊ အနုဗျဉ္ဇနတို့ ထက် အရာကျယ်ပါသည်။ ထို့ကြောင့် နိမိတ္တ၊ အနုဗျဉ္ဇနတို့ကို ယူခြင်းအား စောင့်စည်းမည်ထက် ယောကျ်ား,မိန်းမ အသိဖြစ်ခြင်းကို စောင့်စည်းခြင်းသည် 'ဒေသနာတော်ကိုလွန်ခြင်း' ဖြစ်ပါသည်။

> 'သဘောတရား၌ ဤသို့ စကားလုံးကလေးတစ်လုံးမျှ အမှန်မှ လွန်ခြင်းသည် ဘဝ၌ လိုက်၍မဆုံးအောင် အမှန်မှ သွေဖည်ခြင်း ကို ဖြစ်စေသည်မှာ မလွဲမသွေ ဖြစ်သည်။

ထို့ကြောင့် ဤလွန်မှုသည် ဆရာတော်ဖော်ပြနေသော ဘုရား့တရား

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

တော်များကို ဖြတ်ညှပ်စပ်ဟပ်ရာမှ ပေါ်လာသောနိမိတ်ပုံ ဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်၏ သီလအပေါ်အမြင်၊ သီလပြဆိုဖွင့်ဖော်ချက်များသည် မစိစစ်ဘဲ မနေသင့်သည်မှာ အမှန်ဖြစ်ပေသည်။ ဤအဆိုစကားထင်ရှားရန် ဆရာတော်၏ သုတ္တန်တစ်ခုကို ဆက်လေ့လာပါဦးမည်။

၂၁။ ပါတိမောက္ခသံဝရသီလအဖွင့် သုံးသပ်ချက်

ဆရာတော်သည် ဤသုတ္တန်ကို ပါတိမောက္ခသံဝရသီလကို ဖြည့်ကျင့်သင့်ခြင်းပြ စကားများ၌ ဟောကြားခြင်းဖြစ်ပါသည်။ ဤသုတ္တန်၏အမည်ကို 'သီလဖက်၍ အသက်သေသောရဟန်း'-ဟု အမည်ပေးရမည် ထင်ပါသည်။

ဝတ္ထုတည်ရှိရာနေရာမှာ ကုန္တြိယပြည် မဟာဝဋ္ဋနီမည်သော တောအုပ်ကြီး၌ ဖြစ်လေသည်။

ဤတောအုပ်၌ အမျိုးအမည်မထင်ရှားသော ဖော်ပြအထားမခံရသောရဟန်းတစ်ပါး သီတင်းသုံးနေထိုင်လျက် ရှိပေသည်။ ဤတောအုပ်၌ လူဆိုးများလည်း ကျက်စားနေထိုင်လျက် ရှိပေသည်။ တနေ့သ၌ လူဆိုးတို့သည် ရဟန်းကိုဖမ်းဆီးပြီးလျှင် နွယ်ငန်းတို့ဖြင့် တုပ်နှောင်ပြီး တုံးလုံးလှဲချ ထားခဲ့ကြလေသည်။ ရဟန်းသည် ဤသို့ထားခဲ့သည့်အတိုင်း ခုနစ်ရက်တိုင်တိုင် တရားနှလုံးသွင်းနေထိုင်ပြီး အနာဂါမ်အဖြစ်ဖြင့် သေဆုံးရလေသည်။

ဤသုတ္တန်သည် ဤမျှ ဖြစ်ပါသည်။ ဤသုတ်နှင့်ဆက်၍ သုတ်တစ်ခုကိုလည်း ဟောပါသေးသည်။ ဆိုလိုချက်မှာကား ထပ်တူပင်ဖြစ်ပါသည်။ ဤသုတ်တည်နေရာမှာကား သီဟိုဠ်ကျွန်း ဖြစ်ပါသည်။

ဝတ္ထုမှာ လူဆိုးများသည် ရဟန်းကို ဆင်သမနွယ်များဖြင့် တုပ်နှောင်လှဲချ ထားခဲ့လေသည်။ ရဟန်းသည် တောမီးလောင်သော်လည်း ဆင်သမနွယ်

များ မဖြတ်ဘဲ တရားနှလုံးသွင်း၍ မီးလောင် အသေခံလေသည်။ သမသီသီ ရဟန္တာ ဖြစ်သွားသောကြောင့် ရဟန်းငါးရာနှင့်အတူ ဒီဃနိကာယ်ဆောင် အဘယမထေရ်တို့ တွေ့ရှိသဖြင့် သင်္ဂြိုဟ်ပြီး စေတီတည်ကြသည်ဟု ဖြစ်ပါသည်။

ဤသုတ္တန်များ၏ ဆိုလိုချက်မှာ နွယ်ငန်း,ဆင်သမနွယ် ဤအရာများ ကို ဖြတ်ခြင်းကြောင့်ဖြစ်သော သီလပျက်မှုကိုမပြုဘဲ အသက်ပေး၍ သီလကို စောင့်ထိန်းသွားကြသည်ဟူ၍ ဖြစ်ပါသည်။

နွယ်ကိုဖြတ်၍ ရုန်းလျှင် လွတ်မည်ဖြစ်သော်လည်း နွယ်ကို ဖြတ်လျှင် ကား ဘူတဂါမ်ကိုပျက်စီးစေမှု အာပတ်အဖြစ် သင့်ရောက်မည်ဖြစ်ပါသည်။ အသက်ပင်သေစေ အာပတ်မှုကား မဖြစ်စေရဟူ၍ အသေခံသွားခြင်း ဖြစ်ပါ သည်။ ဖတ်ရှုသူများအနေနှင့် ဤသုတ္တန်ဖြင့် သီလချစ်မှုအာဇာနည်စစ်များ မွေးဖွားရန်ဖြစ်သည်။

ဤသုတ္တန်၏ ဦးတည်ချက်သည်-

ဘုရားသျှင်၏အလိုတော်နှင့် ညီညွတ်ခြင်းရှိပါမည်လော။ ဘုရားသျှင် သည် အကျင့်သီလအတွက် အသက်ကို အဆုံးရှုံးခံရသည်အထိ အကယ် ခွင့်ပြု ပါမည်လော။ ဘုရားသျှင်သည် အကျင့်သီလများကို ရဟန်းတို့အား ကျင့်စေရာ ၌ အဘယ်သို့သော ရည်ရွယ်ချက်နှင့် ကျင့်စေပါသနည်း?

ရဟန်းများအတွက် အကျင့်သီလကို ကျင့်စေပါသလော?

အကျင့်သီလများအတွက်ပင် အကျင့်သီလကို ကျင့်စေပါသလော?

အကျင့်သီလအတွက် အကျင့်သီလကို ဘုရားသျှင် ပညတ်သလော။ ရဟန်းများအတွက် အကျင့်သီလကို ပညတ်သလော-ဟူ၍ ဆိုလိုပါသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤပြဿနာ၏အဖြေသည် ရိုးသားသူတိုင်း အလွယ်တကူပင် အမှန်ကျ ဖြေနိုင်သောအဖြေ ဖြစ်ပါသည်။ အကျင့်သီလသည် အကျင့်သီလအတွက် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ ရဟန်းများအတွက်သာ အကျင့်သီလ ဖြစ်ရပါမည်။

ဤအကြောင်းကို ဘုရားသျှင်ကိုယ်တိုင်မိန့်ကြားချက်များဖြင့်လည်း သိသာခွင့် ရှိပါသည်။ မိန့်ကြားချက်များမှာ သိက္ခာပုဒ်ပညတ်ရခြင်း၏ အကြောင်းများ ဖြစ်ပါသည်။ အချက်ဆယ်ချက် ရှိပါသည်။ ဤအချက်များကို လေ့လာလျှင် အကျင့်သီလသည် ရဟန်းများအတွက်ဖြစ်မည်မှာ ထင်ရှားလှပါ သည်။

ရဟန်းများအတွက် ပညတ်ခဲ့သော အကျင့်သီလများသည်

ရဟန်းများကို အန္တရာယ်ဖြစ်စေသည်အထိ ခွင့်ပြုပါမည်လော?

'အကျင့်သီလ၏ အတိုင်းအတာကို ကျော်လွန်၍ ကျင့်ခြင်းကို ဘုရား သျှင် ခွင့်ပြုပါမည်လော-ဟူ၍ ဖြစ်ပါသည်။

ဤပြဿနာ၏အဖြေကို ပိုမိုထင်ရှားရန် အနည်းငယ်မျှ ဆက်လက် ဆွေးနွေး တင်ပြပါမည်။

ဘုရားသျှင်သည် ပရိနိဗ္ဗာန်ပြုခါနီး၌ သိက္ခာပုဒ်များနှင့်စပ်၍ မှာတမ်း ပြုခဲ့ပေသည်။ ယင်းမှာ 'သံဃာအား ဝန်လေးစေသော အပြစ်အသေးအဖွဲ့များ ရှိ၍ ပယ်ဖျက်လိုလျှင် သံဃာ့အလိုဖြင့် ပယ်ဖျက်ရမည်ဟူသောအချက်' ဖြစ်ပါ သည်။

နောက်တစ်ချက်လည်း ဆက်ဆွေးနွေးသင့်ပါသည်။ ယင်းမှာ ဥပုသ်အိမ် ၌ သံဃာများ စည်းဝေးအံ့သောအခါ တံပြက်လှည်း၍ သိမ်းဆည်းသုတ်သင်ရန်၊ တံမြက်စည်းမရနိုင်လျှင် တာဝန်ကျရဟန်းသည် သစ်ခက်ကိုချိုး၍ လှဲကျင်း သုတ်သင်ရမည်။ ဤသို့သော အဋ္ဌကထာဆရာများ၏ အမှာအထား ဖြစ်ပါ သည်။

ဤအမှာအထားအရ သိရသည်မှာ သစ်ပင်ဖျက်ဆီးခြင်း အကျင့်သီလ အပေါ်၌ လေးနက်မှုအတိုင်းအတာသည်-ဤမျှသာဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ ထို့ပြင်လည်း အခါတပါး၌ ရဟန်းများ သစ်ခက်တဲကျောင်း ဆောက်ကြရာ ရှင်သာရိပုတ္တရာလည်း သစ်ခုတ်လိုက်ရဘူးသည်ဟု မှတ်ရဖူးပါသည်။ ဤသိက္ခာပုဒ် ပညတ်လေပြီးလော ဟူသည်ကိုကား မပြောနိုင်ပါ။

ဤစကားကို သူ့နေရာနှင့်သူသာ သိက္ခာပုဒ်၏ လေးနက်သော အတိုင်းအတာရှိကြောင်း ပြဆိုချက်၌ တွေ့ရဘူးခြင်း ဖြစ်ပါသည်။

ဤအကြောင်းအရ အကျင့်သီလသည် ရဟန်းများအတွက်သာ ဖြစ်ကြောင်း ထင်ရှားသိသာစေလှပါသည်။

ထို့ကြောင့် သီလဖက်၍ အသက်အသေခံသွားသော ဝတ္ထုများ၏ ဦးတည်ချက်သည် ဘုရားသျှင်၏အလိုတော်နှင့် ခါးတောင်းကျိုက်တခြား ဖင်တခြားဟု ပြောစကားပမာ တောင်နှင့်မြောက်ဖြစ်နေသော ဦးတည်ချက်ဖြစ်ပါသည်။

ဤဝတ္ထု၏ ဦးတည်ချက်သည်- 'သိက္ခာပုဒ်အတွက် သိက္ခာပုဒ်ကို ကျင့်ရခြင်းဖြစ်သည်'-ဟု ဖြစ်နေသောကြောင့် သိက္ခာပုဒ်စောင့်သော ရဟန်း၏အသက်ကို သိက္ခာပုဒ်ကပင် ချသွားပုံကို ဖော်ပြချက်ဖြစ်နေပါသည်။

ဆရာတော်သည် ရဟန်းများ သီလသိက္ခာကို ချစ်မြတ်နိုးသင့်ကြောင်းကို ဖွင့်ဆိုသော ဤစကား၌ စောင့်ရှောက်အပ်သည်ထက် အလွန်စောင့်ရှောက်ရန်ကို ညွှန်ကြားသွားခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ ရဟန်းများ ချမ်းသာသည်အထိ အကျင့်သိက္ခာကိုစောင့်ရှောက်ရန် ဘုရားသျှင်ညွှန်ကြားချက်ကို ရဟန်းများ ဆင်းရဲသည်အထိ အကျင့်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သီလကိုစောင့်ရန် ဆရာတော်က ညွှန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် လွန်၍ ညွှန်ကြားခြင်းဖြစ်သည်ဟု ဆိုရပါသည်။

ဆရာတော်အနေနှင့် အကျင့်သိက္ခာနှစ်မျိုးအတွက် ပဓါနနှင့် အပဓါန ခွဲမည်ဆိုလျှင် အကျင့်သိက္ခာသည်ပဓါန နံပတ်တစ်၊ ရဟန်းသည်အပဓါန နံပတ်နှစ်- ဤသို့ထွက်လာပေမည်။

အကျင့်သည် နံပတ်တစ်၊ ကျင့်သူသည် နံပတ်နှစ် ဤသို့ဖြစ်သောကြောင့် ထိုနှစ်ခု တစ်ခုပျက်ရမည်ဆိုလျှင် နံပတ်နှစ်ကို အပျက်ခံရမည်၊ ဤသို့ ဆိုလိုပေသည်။ လူသာလျှင် အသေခံရမည်ဟူ၍ ဖြစ်သည်။

ဆရာတော်သည် အလွန်ဝါဒီ ဖြစ်သည်။

အထက်လမ်းအမြင်ရှိသူ-ဟုလည်း ဆိုရပေမည်။

အတ္တကိလမထာနုယောဂ လမ်းပေါ်မှသူဖြစ်သည်ဟု ဆိုလိုသည်။

အလွန်ဝါဒီများသည် လူကိုကျော်၍ တွေးခေါ်သောအလေ့ သန်သူများ ဖြစ်ကြပေသည်။ ထိုသူတို့အတွက် အကျင့်သိက္ခာပြည့်စုံခြင်းနှင့် ပျက်ပြားခြင်း တို့၏ အကျိုးဖလကို အကယ်သိမြင်သည် မဟုတ်ပေ။ သူတို့သည် လူသေသော် လည်း အသက်မသေဟု အမြင်ရှိသူများ ဖြစ်ပေသည်။

ဤ၌ အသက်ကို ဗုဒ္ဓဝါဒီဆန်ဆန် ကံ၏စွမ်းရည်သတ္တိအဖြစ် ပြောင်း လဲပြုလုပ်ထားပေသည်။ လူသေသော်လည်း ဤအရာကလေးမှာ မသေ-ဟု ဖြစ်သည်။ အခြားတစ်နေရာ၌ သွား၍ ဖြစ်ရဦးမည်မလွဲဟု ယူဆပေသည်။ ထို့ကြောင့် သူတို့အနေနှင့် လူသေခြင်းသည် အရေးမကြီး၊ အကျင့်သိက္ခာ သေကျေပျက်စီးခြင်းသည် အရေးကြီးသည်။ ဤသို့ပြောဆိုခြင်း ဖြစ်သည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ထို့ကြောင့် အကျင့်နှင့် ကျင့်သူကို ပဓါန, အပဓါနခွဲသောအခါ အကျင့်သည်-တစ်၊ ကျင့်သူသည်-နှစ်၊ ဤသို့ဖြစ်နေခြင်း ဖြစ်သည်။

ဘုရားသျှင်၏တရားတော်သည်-'အလွန်ဝါဒီကို-ဘေး'ဟု အတိအကျ ကြေငြာနိုင်ခဲ့သောတရားတော် ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကဲ့သို့ လူကို ကျော်၍ တွေးခေါ်ခြင်း မရှိပေ။ ထို့ကြောင့်ပင် အကျင့်သိက္ခာ ပြည့်စုံခြင်းနှင့် ပျက်ပြားခြင်းတို့၏ အကျိုးဖလကို အကယ် သိမြင်ပေသည်။

ထို့ကြောင့် အကျင့်သိက္ခာ ပြည့်စုံခြင်း, ပြည့်ဝခြင်း,ပျက်ပြားခြင်းတို့၏ အတိုင်းအတာသည် လူကိုမလွန်ပေ။ ထို့ကြောင့်-

'လူသာလျှင်ပဓါန နံပတ်တစ်'-ဖြစ်ပြီး

'အကျင့်သိက္ခာသည် နံပတ်နှစ် အပဓါန'-ဖြစ်ပါသည်။

အကျင့်သိက္ခာအတွက် အကျင့်သိက္ခာကို လူကဖြည့်ရခြင်းမဟုတ်ဘဲ လူ့အတွက် အကျင့်သိက္ခာ ဖြည့်ပေးရခြင်း ဖြစ်ပေသည်။

ဆရာတော်၏သုတ္တန်သည် လူကို အကျင့်သိက္ခာ၏ ကျေးကျွန်ဖြစ်ရန် ညှို့ငင်ဖျားယောင်းနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤသုတ်ဖြင့် ဘုရားသျှင်၏ ဝိနယပါဠိများ၏ အမှန်အကန်များကို ဖြတ်ညှပ် စပ်ဟပ်ပြသောကြောင့် ပေါ်ထွက်လာသော နိမိတ်ပုံသည် အဘယ်ဖြစ်မည်ကို အလွယ်တကူ ခန့်မှန်းနိုင်မည်ဟု ထင်ပါသည်။

ဆရာတော်၏ သုတ္တန်များသည် ဆရာတော် ဖွင့်ဆိုသော 'သီလ'-ဟူသော စကား၌ လိုချင်သောနိမိတ်ကို ဖော်ပြပေးနိုင်သော မိတ်ကပ်များဖြစ် သည်ဟု ဆိုခဲ့ပါသည်။ ထို မိတ်ကပ်များအကြောင်း သိရလျှင် ဆရာတော်ဖွင့် ဖော်သော နိမိတ်ပုံ၏ အတိမ်အနက် သိရမည်ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်၏ သီလအဖွင့်ဆိုင်ရာ၌ သုံးသော မိတ်ကပ်ဖြစ်သော သုတ္တန်တစ်ခုကို

---

ဆက်လက်လေ့လာကြဦးမည် ဖြစ်ပါသည်။

၂၂။ ဣန္ဒြိယသံဝရသီလအဖွင့် သုံးသပ်ချက်

ဆရာတော်သည် ဤသုတ္တန်ကို ဣန္ဒြိယသံဝရသီလကို ဖြည့်ကျင့်သင့်ခြင်းပြစကား၌ ဟောဆိုခြင်း ဖြစ်သည်။

ဤဝတ္ထု၏ဇာတ်လိုက်သည် စိတ္တဂုတ္တမထေရ်ဖြစ်သည်။ မထေရ်သည် ကုရဏ္ဍကအမည်ရှိသောလှိုဏ်ဂူ၌ သီတင်းသုံး နေထိုင်ပေသည်။ မထေရ်သည် ဣန္ဒြေလွန်စွာ စောင့်စည်းသူ ဖြစ်သည်။

တစ်နေ့၌ ဤလှိုဏ်ဂူသို့ ကျောင်းစဥ်လည်နေသော ရဟန်းအများအပြား ရောက်လာကြပေသည်။ ရဟန်းများသည် လှိုဏ်ဂူ၌ရေးဆွဲထားသော ရှေးဘုရားခုနစ်ဆူတို့ တောထွက်ပုံ လှပသော ပန်းချီကားများကို ကြည့်ရှု ချီးမွမ်းကြပေသည်။

ထိုအခါ မထေရ်သည် အောက်ပါအတိုင်း ပြန်ပြောပေသည်-

'ဤလှိုဏ်၌ အနှစ်ခြောက်ဆယ်ကျော်တိုင် ငါတို့နေလာသော်လည်း ပန်းချီရှိသည်ဟုပင် ရှေးက မိမိမသိရှိခဲ့၊ မျက်စေ့ရှိသူများကိုမှီ၍ ယခုမှပင်သိရပေသည်'-ဟူ၍ဖြစ်သည်။

ထိုမထေရ်သည် နေလာခဲ့သမျှ ဤအချိန်များ၌ မျက်စေ့ဖွင့်ပြီး ဂူကိုမော့ကြည့်ဖူးခြင်း မရှိပေ။ ဂူဝ၌ ကန့်ကော်ပင်ကြီး တစ်ပင်လည်း ရှိပေသည်။ မထေရ်သည် ဤအပင်ကိုလည်း မော့ကြည့်ဖူးခြင်း မရှိပေ။ နှစ်စဥ် မြေပေါ်၌ ဝတ်မှုံများ ကျနေသည်ကို ကြည့်၍သာ ဤအပင်ကြီးပွင့်သည်ကို သိပေသည်။

တနေ့သ၌ ရှင်ဘုရင်သည် မထေရ်၏ ဂုဏ်နှင့်ပြည့်ဝပုံကိုကြား၍ ဖူးမြင်လိုသောကြောင့် သုံးကြိမ်တိုင် အပင့်လွှတ်ပေသည်။ မကြွလာသော် ထို့ရွာရှိ

အရွယ်ရှိသောမိန်းမတို့၏ သားမြတ်တို့ကို အဝတ်ပတ်၍ မင်းတံဆိပ် ခတ်နှိပ်စေပေသည်။ 'မထေရ် မကြွမချင်း ကလေးများကို နို့မတိုက်ရ'-ဟု ကြေငြာလေသည်။ မထေရ်သည် ထိုကလေးများကိုငဲ့၍ ထိုရွာကြီးသို့ ကြွပေသည်။

ကြွလာကြောင်း ရှင်ဘုရင်သိ၍ နန်းတွင်းပင့် ဆွမ်းကျွေးပြီးလျှင်-

'အရှင်-သည်နေ့ အခွင့်မရပါ၊မနက်ဖြန်မှ သီလဆောက်တည်ပါရစေ'-ဟု ရက်ရှည်ဆွဲပြန်၍ ပြန်ပို့ပြီး၊ မိဖုရားနှင့်အတူ ရှိခိုးလေသည်။ မထေရ်သည် ရှိခိုးတိုင်းပင် 'မင်းကြီး ချမ်းသာပါစေ'-ဟုပင် ဆုပေးသည်။ ခုနစ်ရက်တိုင်တိုင်ပင် မိဖုရားကြီးရှိခိုးလျှင်လည်း 'မင်းကြီးချမ်းသာပါစေ'-ဟုပင် ဆုပေးသည်။

အခြားသောရဟန်းများသည် မထေရ်အား အဘယ်သို့နည်း'-ဟု မေးကြပေသည်။ 'မင်းကြီးရှိခိုးစဉ်လည်း မင်းကြီး ချမ်းသာပါစေ၊ မိဖုရားကြီးရှိခိုးစဉ်လည်း မင်းကြီး ချမ်းသာပါစေ ဖြစ်နေပါသည်'-ဟု လျှောက်ကြသည်။

မထေရ်သည် ဤသို့ဖြေပေသည်။'မိန်းမဟူ၍လည်းကောင်း၊ (မိဖုရားဟူ၍လည်းကောင်း) အပိုင်းအခြား ငါမလုပ်ဘူး ငါ့ရှင်တို့'-ဟူ၍ ဖြစ်သည်။

ခုနှစ်ရက်ရှိသော် လှိုဏ်ဂူပြန်ကြွ ရဟန္တာဖြစ်သည်ဟူ၍ ဝတ္ထုကို အဆုံးသတ်ထားသည်။

ဝတ္ထုသည် ဤမျှ ဖြစ်ပါသည်။

ဤဝတ္ထု၏ဆိုလိုချက်သည် ပေါ်လွင်လှပါသည်။ စိတ္တဂုတ္တမထေရ်သည် အဘယ်မျှ ဣန္ဒြေရှိသည်ဟု ဖြစ်သည်။ ဤသို့ ဣန္ဒြေရှိကြောင်း ဤဝတ္ထု၌ အကွက်သုံးကွက်ဖြင့် ဖော်ထားပါသည်။

ပဌမအကွက်မှာ နံရံဆေးရေး ဗုဒ္ဓဝင်ပန်းချီကားများကို အနှစ်ခြောက်ဆယ်တိုင်တိုင် မမြင်ခြင်းဖြစ်သည်။ ဒုတိယအကွက်မှာ ကန့်ကော်ပင်မှအပွင့်များ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ကို မမြင်ဘဲ ဝတ်မှုံကြည့်ပြီး ပွင့်သည်ဟု သိသည်။ တတိယအချက်မှာ မင်းနှင့် မိဖုရားကို မပိုင်းခြားခြင်း ဖြစ်သည်။

ဤသုံးချက်သည် မထေရ်၏ ဣန္ဒြေရှိပုံ ဖြစ်သည်။ ဤသုတ္တန်သည် ကောက်ချက်ချလျှင် 'မျက်စေ့ကိုထိန်းသိမ်းရမည်'-ဟု ဖြစ်သည်။ 'မျက်စေ့ထိန်းသိမ်း'-ဟူရာ၌ပင် မျက်လွှာကို လှန်မကြည့်ခြင်း၊ ဦးခေါင်းကို မျက်စောင်း, ငဲ့စောင်းမော်၍မျှ မကြည့်ခြင်းဟု အနက်အဓိပ္ပါယ် ဖော်ပြပါသည်။

ဤသုတ္တန်ကို ဆရာတော်သည် အဘယ်အကျိုးငှာ ဟောပါသနည်း?

ဣန္ဒြိယသံဝရသီလကို လုံခြုံစေခြင်း၌ အတုယူဖွယ်ဖြစ်ရန် ဤသုတ္တန်ကို ဖော်ထုတ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

ဤသို့ဖြစ်လျှင် ဤသုတ္တန်ဖြင့် ဣန္ဒြိယသံဝရသီလကို ဘယ်သို့ ဖွင့်လှစ်ပါသနည်း။ ဤသုတ္တန်သည် မျက်စေ့ကို တောမျောက်အလား မကစားရန်နှင့် ထွန်တုံးအလံတစ်ပြန်ခန့်သာ ရှေ့သို့ကြည့်ရန်ကို ဣန္ဒြိယသံဝရသီလကို ဖွင့်ဆိုပါသည်။

မျက်စေ့ကို ဤသို့စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလ ဖြစ်ပါသလော? မျက်စေ့စောင့်စည်းခြင်းသည် ဤသို့ဖြစ်ခဲ့လျှင် မျက်စေ့ကို မရှိအောင် ဖောက်ထုတ်လိုက်ခြင်းသည် ထိုထက်ပင်လုံခြုံအောင် မျက်စေ့ကို စောင့်စည်းခြင်းဖြစ်မည်ပင် မဟုတ်လော။ မမြင်ခြင်းသည် အလုံခြုံဆုံး မဟုတ်ပါလော။

ဘုရားသျှင်သည် သူဟောခဲ့သော ဣန္ဒြေကိုစောင့်စည်းခြင်း၌ ဤသို့ လုံခြုံစေသည်ကို ဟောကြားချက်နှင့် ညီညွတ်သည်ဟု အသိအမှတ် ပြုနိုင်ပါမည်လော?

ဤသို့မဖြစ်နိုင်ကြောင်း ဘုရားသျှင်ကိုယ်တိုင် ငြင်းဆိုချက်ရှိပါသည်။

ယင်းမှာ မဇ္ဈိမနိကာယ်တစ်နေရာ၌ ပြပါသည်။ မျက်စေ့ကို တလှုပ်လှုပ်မကြည့်ခြင်းဖြင့် လုံခြုံအောင်စောင့်စည်းစေသော ဆရာကြီးတစ်ဦး၏ တပည့်တစ်ယောက်ကို ဟောပြောခြင်း ဖြစ်သည်။

ဆက်၍လည်း ဘုရားသျှင်ဟောခဲ့ပါသည်-

'မျက်စေ့ဖြင့်မြင်သော အရာများဖြင့် ရာဂမပွားအောင်သာ

စောင့်စည်းရန် ငါတို့ဟောပြောသည်'-ဟူသော အဓိပ္ပါယ်မျိုးသာ ဖြစ်ပေသည်။

ထို့ပြင်လည်း ရိုးရိုးသားသား သဘောတရားဖြင့်ကြည့်လျှင် မျက်စေ့ကို မြင်မြင်သမျှမကြည့်ရန် တားခြင်းသည် နည်းလမ်းကျမည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မျက်စေ့သည် ကြည့်ရှုခြင်း၌ အသုံးချစရာသက်သက် ဖြစ်သော ပစ္စည်း ဖြစ်သည်။

တူရူဖြစ်စေ၊ တစောင်းဖြစ်စေ၊ မော့၍ဖြစ်စေ၊ ငုံ့၍ဖြစ်စေ၊ လေးတောင်ခန့်အတွင်းဖြစ်စေ၊ လေးတောင်ခန့်ထက်ကျော်၍ဖြစ်စေ လူအတွက် အသုံးကျမည်ကိုဆောင်၍ မကျမည်ကိုရှောင်နိုင်ရန် ပစ္စည်း ဖြစ်သည်။ ယင်းကို ဘယ်မျှသာ ကြည့်ရမည်ဟု သတ်မှတ်ခြင်းသည် အမှန်တရားထက်လွန်သော အလွန်အဆိုသာ ဖြစ်မည်ကြောင့် ဖြစ်သည်။

ထို့ပြင်လည်း မြင်စိတ်သည် သံကိလေသာများ မဟုတ်ပေ။ ဝိပါက်စိတ်မျှသာ ဖြစ်ပေသည်။

ဝိပါက်စိတ်သည် ပယ်၍ရကောင်းသောတရား၊

အပယ်ခံတရားလည်း မဟုတ်ပေ။

ဘယ်မဂ်,ဘယ်ဖိုလ်နှင့်မျှ ဝိပါက်ကို မပယ်သတ်နိုင်ပေ။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

မပယ်အပ်သောတရားကို ပယ်ဖို့ကြိုးစားခြင်းသည် တရားလွန်ခြင်းဖြစ်ပါသည်။ မျက်စေ့ကို မျက်လွှာလှန်မကြည့်ရန် ကြိုးစားခြင်းသည် မြင်စိတ်ကိုပယ်ရန် ကြိုးစားခြင်းတစ်မျိုး ဖြစ်ပါသည်။ ထို့ကြောင့် ဤအပြုအမူသည် တရားလွန်သော အပြုအမူတစ်မျိုး ဖြစ်ပါသည်။ တရားလွန်ခြင်းသည် အထက်လမ်း သို့မဟုတ် အတ္တကိလမထာနုယောဂလမ်းသို့ တက်ရောက်သွားခြင်း ဖြစ်ပါသည်။

လောကသဘာဝအားဖြင့်လည်း မြင်အံ့သည်ကို မမြင်အောင် စောင့်စည်းခြင်းနှင့် မြင်သည်ကို ရာဂစသည်မဖြစ်အောင် စောင့်စည်းခြင်း ခြားနားလှပါသည်။ မြင်အံ့သည်ကို မမြင်အောင် စောင့်စည်းခြင်းသည် ရာဂစသည် မဖြစ်ဘဲ ရှိကောင်းရှိမည်ကား မှန်ပါသည်။ 'မမြင်ရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်'-ဟူသော ဂရိဘာသာစကားပင် ရှိပါသည်။

သို့သော်လည်း ဤအငြိမ်းသည် ချီးမွမ်းအပ်သောအငြိမ်း မဖြစ်နိုင်ပါ။

ကြိုက်စရာမရှိ၍ မကြိုက်သည်မှာ မကြိုက်သူ၌ အဘယ် အရည်အချင်းရှိသည်ဟု ချီးမွမ်းမည်နည်း? အမှန်လည်း ဤအတူပင်ဖြစ်သည်။ ဘယ်သို့ချီးမွမ်းရမည်နည်း။ ဤသို့ ချီးမွမ်းစရာ မရှိသည်သာမက မြင်အပ်သည်ကို မမြင်သောကြောင့် အ-ခြင်း, နုံခြင်းဟူသော အပြစ်ဒေါသများပင် သင့်ရောက်ခံရဖို့ မလွဲဖြစ်ပါသည်။ ထို့ကြောင့် မျက်စေဖြင့်မြင်အပ်သည်ကို မြင်အောင်မကြည့်ဘဲ စောင့်စည်းခြင်းသည် ကောင်းသောအဖြစ် မဟုတ်နိုင်ပါ။

'မြင်သောအဆင်းစသည်ကို ရာဂ စသည်များမဖြစ်ရန် စောင့်စည်းခြင်း'-သည်သာ ချီးမွမ်းအပ်ပါသည်။ အပြစ်ဒေါသလည်း ကင်းပါသည်။ ကြိုက်စရာများကိုမြင်လျက် မကြိုက်ခြင်း,မမုန်းခြင်းသည် မကြိုက်,မမုန်းအောင်နေနိုင်သော ထိုသူ၏ အရည်အချင်းကြောင့် မဟုတ်ပါလော။'

ထို့ကြောင့် ယင်းသည်သာ ချီးမွမ်းအပ်ပါသည်။

ထို့ပြင်လည်း မြင်အပ်သည်ကို မြင်ခြင်းသည် ဘဝ၏ ချိန့်နုံချာသော အဖြစ်ကို ကျော်လွှားနိုင်ပါသည်။ ထို့ကြောင့် မြင်စရာများကို မြင်ခြင်းသည် အပြစ်ဒေါသလည်း ကင်းစင်ပါသည်။

လောက၌ ရာဂစသောကိလေသာများ ဖြစ်ကြသည်မှာ မြင်ခြင်းကြောင့် အလျဉ်းမဟုတ်ပါ။ ရာဂစသောကိလေသာများ ငြိမ်းကြသည်မှာလည်း မမြင်ခြင်း ကြောင့်လည်း အလျဉ်းပင်မဟုတ်ပါ။

မောင်နှင့် နှစ်မ၊ သားနှင့် အမိ၊ သမီးနှင့် ဖခင် ဤသူများသည် အစဉ် အမြဲလိုလိုပင် အနီးကပ်ဆုံး မြင်နေကြရပါသည်။ မြင်၍သာ ကိလေသာဖြစ်မည် ဆိုလျှင် ထိုသူများထက် ကိလေသာဖြစ်ရမည့်သူ မရှိနိုင်ပါ။

အဆင်းသည် ကိလေသာမဟုတ်ပါ။ ကိလေသာကို ဖြစ်စေတတ်သော ဝတ္ထုကာမထိုက်သော ကာမဂုဏ်လည်း မဟုတ်ပါ။ ကြည့်ရှုသူ၏ နှလုံးသွင်း၌ မှားယွင်းစွာ အမြင်ခံထားရသော ပိယသာတအဆင်းသာလျှင် ကာမဂုဏ် သို့မဟုတ် ဝတ္ထုကာမများ ဖြစ်ပါသည်။

ထို့ကြောင့် မောင်နှင့်နှစ်မစသူများသည် အဆင်းကို မြင်ရသော်လည်း ပလီစိတ်ဖြင့် ချစ်နှစ်သက်ဖွယ်အဆင်းအဖြစ် ပြောင်းလဲမကြည့်သောကြောင့် ကိလေသာ မဖြစ်ကြခြင်း ဖြစ်ပါသည်။

ဤစကားကို အနည်းငယ်မျှ ဆက်၍ရှင်းပါဦးမည်။

မောင်နှင့်နှစ်မသည် အချင်းချင်း မြင်နေရသော်လည်း သူတို့သည် ကာမဂုဏ်ထိုက်သောအဆင်းကို သူတို့အချင်းချင်းထံ၌ မမြင်ကြဘဲ ရှိကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အချင်းချင်း စိတ်မပလီသောကြောင့် ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤစကားများဖြင့်-

'ပကတိအဆင်းနှင့် ချစ်နှစ်သက်ဖွယ်အဆင်း'

ဤနှစ်ပါးတို့ ခြားနားခြင်း ဖြစ်ပါသည်။

မောင်နှင့်နှစ်မတို့ အချင်းချင်း တဏှာမဖြစ်ကြသည်မှာ ချစ်နှစ်သက်ဖွယ်အဆင်းကို မကြည့်ကြသောကြောင့် ဖြစ်ပါသည်။

ထိုမောင်များ၊ နှစ်မများ၌ ချစ်နှစ်သက်ဖွယ်အဆင်းများ မရှိ မဟုတ်ကြပေ။ ထိုအဆင်းသည် စိတ်ပလီမှုဖြစ်သော ရုပ်ဖြစ်ပေသည်။ အခြားသူများအပေါ်၌ စိတ်ပလီသောအခါ ဤအဆင်းများ ထွက်ပေါ်လာကြပေသည်။

ရဟန်းသည် ဝိသဘာဂအမျိုးသမီး၌ တပ်စွန်းသည်-ဟုဆိုလျှင် ထိုရဟန်းစွဲငြိသောအဆင်းသည် အမျိုးသမီးငယ်၏ ပကတိအဆင်းကို စွဲငြိခြင်းမဟုတ်။ ယင်းအမျိုးသမီးငယ်၏ ချစ်နှစ်သက်ဖွယ်အဆင်းကို တပ်နှစ်သက်ခြင်းဖြစ်ပေသည်။

ချစ်နှစ်သက်ဖွယ်အဆင်းသည် ပကတိအဆင်းအလျဉ်း မဟုတ်ပေ။

ပကတိအဆင်းသည် ခန္ဓာစာရင်းဝင်သည်။

ပိယ,သာတအဆင်းသည် မဝင်ပေ။

ထို့ကြောင့် မျက်စေ့ကို လုံခြုံစေရာ၌ ဘုရားသျှင်၏ နှလုံးသွင်းတော်သည်-

'ပကတိအဆင်းကို စောင့်ရှောက်လုံခြုံစေရမည်ဟု ညွှန်ကြားခြင်း အလျဉ်းပင် မဖြစ်နိုင်ပေ။ ပိယ,သာတဖြစ်သော အဆင်းများကို လုံခြုံစေခြင်းကိုသာ ညွှန်ကြားတော်မူလိုရင်း အမှန်ဖြစ်ပေမည်။'

ဆရာတော်သုတ္တန်၏ အထက်မှ ဤအကြောင်းကို ရှင်အာနန္ဒာ၏

---

ဟောကြားချက်ကို ကြည့်မည်ဆိုလျှင်လည်း ဤအတိုင်း တွေ့ရပေသည်။ ရှင်အာနန္ဒာသည် ရာဂအစွဲခံရသော (ဝင်္ဂီသ)ရဟန်း၏ ငြိမ်းသတ်ဖို့ကောင်းသော အယူကိုပေးရာ ပြောဆိုစကားဖြစ်သည်။

စကားမှာ ဤသို့ဖြစ်သည်-

'သညာယ ဝိပရိယေသာ၊ စိတ္တံ တေပရိဍယှတိ။

နိမိတ္တံ တေ ပရိဝဇ္ဇေဟိ၊ သုဘံ ရာဂူပသံဟိတံ။

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။

သင်္ခါရေပရတော ပဿ၊ ဒုက္ခတော နော စ အတ္တတော။

နိဗ္ဗာပေဟိ မဟာရာဂံ ၊ မာ ဍယှိတ္ထော ပုနပ္ပုနန္တိ'။

မြန်မာလိုအားဖြင့် ရှင်အာနန္ဒာပြောဆိုသော စကားများသည် ဤသို့ ဖြစ်ပါသည်။

'အမှတ်လိမ်နေ၍ သင့်စိတ်အလောင်ခံရခြင်း ဖြစ်သည်။ ရာဂကိုဖြစ်စေသော အလှအပဟူသော နိမိတ်ပုံကို ရှောင်ကြဉ်ပါ။ အလှအပမဲ့အားဖြင့် အထွဋ်အထိပ်ရောက်အောင် တည်ငြိမ်သောစိတ် ဖြစ်ပါစေ။

လှည့်ပြောင်းနေသည်များကို လမ်းမှာတွေ့သော သစ်ပင်များလို ကြည့်ပါ။ ဘာမျှ အသုံးချ မရ၊ ကိုယ်နှင့်မဆိုင်ဟု ကြည့်ပါ။ ရာဂမီးများ အခါခါမလောင်အောင် ငြိမ်းပါ'။

ဤသည်တို့မှာ ရှင်အာနန္ဒာ၏ မျက်စေ့စသောဣန္ဒြေများ စောင့်စည်းပုံ ပြစကား ဖြစ်ပါသည်။ ဆရာတော် ရှင်ဗုဒ္ဓဃောသ၏ မျက်စေ့စသည် စောင့်စည်းပုံပြစကားနှင့် အနီးကပ် ယှဉ်စပ်ကြည့်နိုင်ပါသည်။

ရှင်အာနန္ဒာသည် ရာဂမီးလောင်၍ ငြိမ်းရန် အကူအညီတောင်းသူအား မျက်စေ့,နားကို ပိတ်ထားလော့ဟူ၍ ညွှန်ကြားပါသလော။ 'သုဘသညာကြောင့်

ရာဂဖြစ်သည်’-ဟုသာ ညွှန်ကြားခဲ့ပေသည်။ မြင်သောကြောင့် ရာဂဖြစ်သည်ဟု မညွှန်ကြားပေ။

ဆရာတော်ကား မြင်သောကြောင့် ရာဂဖြစ်သည်၊ အမြင်မလော်လီအောင် မျက်စေ့ကို ထွန်တုံးတစ်ပြန်မျှပင် ကြည့်ရမည်ဟု ညွှန်ကြားနေပေသည်။

ဤညွှန်ကြားချက်သည် နလပိန်းတုံး ညွှန်ကြားချက်သာ ဖြစ်သည်။ ဤသုတ္တန်သည် ဆရာတော်၏ သီလအဖွင့်ဆိုင်ရာ နိမိတ်ပုံဖော်ချက်၌ မိတ်ကပ်ဖြစ်ပါသည်။

ဤမိတ်ကပ်ဖြင့် ဖို့လိုက်သောအခါ ဘုရားသျှင်ဟောကြားခဲ့သော တရားတော်များသည် မူရင်းအားဖြင့် မည်သို့ရှိစေ၊ ပကတိအသွင်များပျောက်၍ မိတ်ကပ်ဖြင့်ဖော်သော နိမိတ်ပုံအသွင်သာ ရောက်ရပေမည်။

တစ်နေရာ၌လည်း ဆရာတော်သည် ‘သီလရှိလျှင် အရဟတ္တမဂ်သည် အဝေးတွင် မရှိဘဲ အနီး၌ပင်ရှိကြောင်း’- သုတ္တန်တစ်ခုကို ဟောပါသည်။ ဤသုတ္တန်မှာ မဟာသံဃရက္ခိတထေရ်၏အရီး မဟာသံဃရက္ခိတအကြောင်း ဖြစ်ပါသည်။

မဟာသံဃရက္ခိတထေရ်သည် တစ်နေ့၌ ဝါတော်ခြောက်ဆယ် ရပြီဖြစ်၍ သေရာညောင်စောင်း၌ လျောင်းစက်နေပြီ ဖြစ်သည်။ တနေ့၌ မထေရ်ကို ရဟန်းအပေါင်းသည် မေးလျှောက်ကြလေသည်-

‘လောကုတ္တရာတရားကို ရရှိပါပြီလားဘုရား’-ဟူ၍ ဖြစ်သည်။

‘ငါ့၌ လောကုတ္တရာတရား မရှိ’-ဟု မထေရ်သည် ပြန်ဖြေလေသည်။

ထိုအခါ အလုပ်အကျွေးရဟန်းငယ်သည် ဤသို့လျှောက်ပေသည်။ ‘အရှင်ဘုရားတို့ ပရိနိဗ္ဗာန်ပြုမည်ဟု ပတ်ဝန်းကျင် မိုင်တစ်ရာ့ငါးဆယ်ကျော် (တစ်ဆယ့်နှစ်ယူဇနာ)လောက်မှ လူများစုရောက်နေကြပါသည်၊ အရှင်တို့ ပုထု

ဇဉ်လို သေသောကြောင့် လူများစိတ်ပျက်ကြပါမည်’-ဟူ၍ ဖြစ်သည်။

‘ငါ့ရှင်၊ အရိမေတ္တေယျဘုရားဖူးမည်ဟု ဝိပဿနာမရှုဘဲ ငါနေခဲ့သည်။ သို့ဖြစ်လျှင် ငါ့ကိုထိုင်ထားပြီး အခွင့်ပေးပါ’၊ ဤသို့ မိန့်ကြားပေသည်။ ရဟန်းငယ်သည် မထေရ်ကို ထိုင်ပေးခဲ့ပြီးလျှင် အပြင်သို့ထွက်လေသည်။

မထေရ်သည် ရဟန်းငယ် အပြင်သို့ ထွက်လျှင်ထွက်ခြင်း ရဟန္တာအဖြစ်ရောက်သောကြောင့် လက်ဖျောက်တီး၍ အမှတ်ပေးလိုက်လေသည်။

သံဃာသည် စည်းဝေး၍ မထေရ်အား လျှောက်ကြလေသည်။

‘အရှင်ဘုရား- ဤသို့သေခါနီး၌ လောကုတ္တရာတရားများကို ဖြစ်စေသောကြောင့် ခဲခဲယဉ်းယဉ်း လုပ်ရပါသလား’-ဟူ၍ ဖြစ်သည်။ ‘နိဗ္ဗာန်သည် မခဲယဉ်းလှ ငါ့ရှင်တို့၊ သို့သော် ခဲယဉ်းစွာလုပ်ရသည်ကို ငါ့ရှင်တို့အား ပြောပြပါဦးအံ့။ ငါသည် ရဟန်းသောနေ့မှစ၍ သတိယွင်းပျက် ဉာဏ်မဖက်ဘဲ ပြုမိသောအမှုဟူ၍ ပြန်ကြည့်၍ ငါမမြင်နိုင်’-ဟူ၍ ဖြစ်သည်။

သုတ္တန်သည် ဤမျှ ဖြစ်သည်။ ဤဝတ္ထုဦးတည်ချက်သည် အဘယ်ဖြစ်သနည်း။ သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ ဤသီလများ အပြည့်အစုံနှင့် ထာဝရလုံခြုံနေလျှင် အရဟတ္တဖိုလ်သည် မလိုချင်သေးလျှင်သာ မရဘဲဖြစ်မည်၊ လိုချင်လျှင်ကား လက်တစ်ကမ်းအတွင်း၌ရှိသည်-ဟူ၍ ဖြစ်သည်။

ဤအကြောင်းကို ရဟန်းငယ် ထွက်လျှင်ထွက်ခြင်း (ရဟန်းကိစ္စ)ပြီးပြီဖြစ်ကြောင်း အချက်ပေးနိုင်ခြင်း၊ နောက်ဘုရားကို ဖူးလို၍သာ မဖြစ်ဘဲရှိခြင်း၊ သတိ,ပညာမဲ့ ပြုခဲ့ချက်များကို ပြန်ကြည့်မမြင်အောင် ရှိခြင်း၊ ဤစကားများဖြင့် ဖော်ပြပါသည်။

ဤသုတ္တန်သည် ဝတ္ထုအဖြစ်ဖြင့် များစွာ အောင်မြင်လှပါသည်။ သိပ်သည်း

ကျစ်လျစ်လှပါသည်။ သို့သော်လည်း ဤမျှဖြင့် မပြီးပါ။ ဤသုတ္တန် ဟောရခြင်း၏အကြောင်းနှင့် အပြေအပြစ် စပ်မိဟပ်မိ ညီညွတ်မိဖို့လည်း လိုအပ်ပါသည်။

ဤသုတ္တန် ထုတ်ဆောင်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ယင်းကား သီလလေးမျိုးကို အကျိုးအပေါက် အပြောက်အကျားမရှိ ထိန်းသိမ်းနိုင်လျှင် ဤအကျိုးများဖြစ်သည်ဟု ပြဆိုရန် ထုတ်ဆောင်ခြင်း ဖြစ်ပါသည်။

ဤဖွင့်ဖော်ချက်နှင့် အဖွင့်ဖော်ခံ အကြောင်းတရားတို့သည် ရောနှောကျေမြေ့ခြင်း သမာဂမ ဖြစ်ကြပါသလော။ ဖွင့်ဖော်ချက်များသည် စကားလွန်များဖြစ်နေသည် မဟုတ်ပါလော။ စကားလွန်များသည် အမှန်တရားအတွက် အဆက်အစပ်မရှိသောတရားများ ဖြစ်ပါသည်။ အမှန်တရားကို အလွန်တရားများဖြင့်ဖွင့်လျှင် ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်ကြောင့်လေးဟူသကဲ့သို့သာ ဖြစ်ပေမည်။

ဤသုတ္တန်၌ အဘယ်စကားများ စကားလွန်ဖြစ်သနည်း။

'အရိမေတ္တေယျ ဖူးလို၍ တရားအားမထုတ်'-ဟူလည်း ပါသည်။

'ရဟန်းဖြစ်သည့်နေ့မှစ၍ သတိ,ပညာမဲ့ ပြုခဲ့ခြင်းများ ပြန်ကြည့်၍မမြင်' -ဟုလည်း ပါသည်။

'တရားအားထုတ်ခြင်းသည် သတိ,ပညာမဲ့ မနေခြင်းအပြင် အထူးရှိပါသေးသလော'-ဟူ၍ ဖြစ်ပါသည်။ နောက်တစ်ချက်မှာ အရိမေတ္တေယျကို ဖူးလို၍ တရားအားမထုတ်ဟုဆိုလျက် ချက်ခြင်း ရဟန္တာလုပ်ပြလိုက်ခြင်း ဖြစ်သည်။ ဤအချက်သည် ရိုးသားသောမျက်စေ့ဖြင့် ကြည့်လျှင် ပြော၍သာ လှသော၊ အကယ်မဖြစ်နိုင်သောအရာ ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ဤစကားကို ရှင်းပါဦးမည်။ 'ချက်ခြင်းရဟန္တာဖြစ်သည်မှာ ဆန်းသလော အင်္ဂုလိမာလစသော လူပုဂ္ဂိုလ်နှင့် ရဟန်းပုဂ္ဂိုလ်များ အရာမကပင် တခဏဖြင့် ရဟန္တာဖြစ်ကြသည်များ အထင်အရှားရှိသည် မဟုတ်ပါလော'- ဤသို့ဆိုဖွယ် ရှိပါသည်။

ဤပုဂ္ဂိုလ်များသည် ပတ်ဝန်းကျင်၏အကူဖြင့် သူတို့၏ သဿတ သို့မဟုတ် ဥစ္ဆေဒ ဘဝအမြင်များကို ဖယ်ရှားနိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဤမထေရ်ကား ဤကဲ့သို့သော ပတ်ဝန်းကျင်အကူကို ထိုခဏအတွင်း၌ ရယူခြင်း မရှိပေ။

သူသည် အနှစ်ခြောက်ဆယ်ကျော်တိုင်တိုင် ဤဘုရားအဆုံးအမကို ကျင့်သုံးလာခဲ့သော်လည်း ရှေးဘဝဆက်ဖြစ်သည်ဟူသော အဆက်အားဖြင့် သဿတအားဖြင့် ဘဝအမြင်ရှိခြင်းကို မဖယ်ရှားနိုင် ဖြစ်ခဲ့ပေသည်။ ဤသို့ မဖယ်ရှားနိုင်ခဲ့သည်ကိုလည်း ငါ-အရိမေတ္တေယျ ဖူးမြင်လိုသေး၍ တရားအားမထုတ်-ဟူသော စကားဖြင့် ထင်ရှားလှပါသည်။ ဤသို့ပင် သဿတမိစ္ဆာဒိဋ္ဌိသည် မထေရ်အတွက် အနှစ်ခြောက်ဆယ်ကျော်ပင် ထုံစွဲနေသော ဒိဋ္ဌုပါဒါန် ဖြစ်ပါသည်။

ဤမျှ အစွဲနာနေသော ဒိဋ္ဌုပါဒါန်ကို ပရတောဃောသ-ဟူသော ပတ်ဝန်းကျင်အကူကို မရဘဲ အဘယ်သို့ လွတ်မြောက်မည်နည်း။ ရှေးက မှတ်သား, သင်ယူဖူးသော ပရိယတ်သည် ပရတောဃောသ မဖြစ်ရာသလော။ ဤသို့ မမေးသင့်ပါ။ ဤအရာသည် ပရတောဃောသဖြစ်ခဲ့လျှင် ရှေးကပင် သဿတမိစ္ဆာဒိဋ္ဌိဖြစ်သော အဆက်အားဖြင့် ဘဝအမြင်ကို ပယ်ဖြတ်နိုင်ခဲ့ပြီ ဖြစ်ရပေမည်။

အသိသည် အောင့်ထား၍ ရကောင်းသည် မဟုတ်ပေ။ သိရန်အကြောင်း

ဆိုက်လျှင် တားဆီးမရဘဲ အသိပေါ်မည်သာဖြစ်သည်။ တဖန် သိပြီးလျှင်လည်း ထိုအသိကို ဖျောက်ဖျက်၍ရတော့မည် မဟုတ်ပေ။

လောက၌ တစ်နှင့်နှစ်ကိုပေါင်းလျှင် 'သုံး'-ဖြစ်သည်-ဟု အသိဖြစ်သည်။ ယင်းကို 'သုံး'-ဖြစ်သည်ဟု မသိရန် တား၍ရမည် မဟုတ်ပေ။ တဖန် သိပြီးသော 'သုံး'-ကို မှားသည်ဟု ပြန်ဖျောက်၍ ရမည် မဟုတ်ပေ။

ထို့ကြောင့် မထေရ်သင်ကြားခဲ့ဖူးသော ပရိယတ်သည် သဿတမိစ္ဆာဒိဋ္ဌိကို ပြုတ်စေနိုင်ခဲ့သည်ဆိုလျှင် ယခင့်ယခင်ကပင် ပြုတ်လိုကပြုတ်ပြီး ရှိခဲ့ရာပါသည်။ ယခုအချိန်မှပြုတ်ရန် လုံးဝအကြောင်းမရှိပါ။

ဤစကားအတွက် ဆက်၍ရှင်းပါဦးမည်။ မထေရ်သည် အလုပ်အကျွေးရဟန်းငယ်၏ 'လူများစိတ်ပျက်ကြတော့မည်'-ဟု ပြောဆိုချက်ကြောင့် ပုထုဇဉ်အတွက် အသေရှက်သွားခြင်း ဖြစ်သည်။ ထို့ကြောင့် တရားအားထုတ်ခြင်း ဖြစ်သည်။

ဤ-တရားအားထုတ်ရခြင်း၏ ပတ်ဝန်းကျင်သည် လွတ်မြောက်သော အသိကို  ဖော်ထုတ်နိုင်သော ပတ်ဝန်းကျင်ဖြစ်ရန် အကြောင်းမရှိပါ။ ဟုတ်ပါသည်။ 'လူများ စိတ်ပျက်ကြတော့မည်'-ကို ကြောက်ခြင်းဟူသည်မှာ လူများအတွက် ကြောက်ခြင်းလော။ ကိုယ့်အတွက် ကြောက်ခြင်းလော။ ကိုယ့်ဂုဏ်သိက္ခာ သိမ်ငယ်မည်ကို ကြောက်ခြင်းသာ ဖြစ်ရမည် ဖြစ်ပါမည်။

ဤအရာသည်  ထင်ရှားလှပါသည်။  အသက်ရှစ်ဆယ်အရွယ်ရောက် ဤမထေရ်သည် 'လူများ စိတ်မကောင်းမည်'-ဟူသော အကြောင်းကလေးများကြောင့် မိမိ၏ အသက် နှင့်အမျှ ဆောင်လာခဲ့သော လေးနက်သော အရိမေတ္တေယျကို ဖူးမြင်လိုမှုကို ဖျက်ပါမည်လော။ ဤမထေရ်သည် ဤမျှကြီးမားလျက် ဤမျှကြီးမားလှလျက် ဤမျှခိုင်မာမှု မဲ့နိုင်ပါသလော။ ဤသို့ ဖျက်သည်ဆိုလျှင် ကိုယ့်

ဂုဏ်ကို ငဲ့မှသာ ဖျက်နိုင်ခွင့် ရှိပါသည်။ ထို့ကြောင့် မထေရ်ကြောက်ခြင်း ဖြစ်နေကြောင်း ထင်ရှားပါသည်။

ကြောက်ခြင်းသည် အကြောင်းအကျိုးအမှန်ကို သိခြင်းကို ဟန့်တားပါသည်။ ကြောင်းကျိုးအမှန် မဟုတ်သည်ကိုသာ အသိဖြစ်စေတတ်ပါသည်။ တဖန် ဤသို့ ရှက်ခြင်း,ကြောက်ခြင်းများသည် သံဝေဂဉာဏ်လည်း မဟုတ်ဘဲ ရှိပါသည်။

သံဝေဂဉာဏ်ဟူသည် လောကီသမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါသည်။ ကမ္မသကသာဉာဏ် သို့မဟုတ် သမ္မသနစသော ဉာဏ်ဆယ်ပါးသည်သာ သံဝေဂဉာဏ် ဖြစ်သည်။ တနည်းပြောရလျှင် ဝိပဿနာဉာဏ်များ ဖြစ်ပါသည်။

ကြောက်ခြင်း, ရှက်ခြင်း,ထိတ်လန့်ခြင်းသည် ဒေါသသဘောသာ ဖြစ်ပါသည်။ ပညာသဘော မပါဝင်နိုင်ပါ။ ထို့ကြောင့် မထေရ်၏ ဝန်းကျင်သည် မဂ်ဖိုလ်အတွက် အကြောင်းကင်းလှပါသည်။

ဤကောက်ချက်များအရ ဤသုတ္တန်သည် အမှန်သဘာဝများကို လွန်သော အလွန်တရားများသာ ဖြစ်ပါသည်။ ဘုရားသျှင်၏ တရားတော်သည် အမှန်သဘာဝများသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤသုတ္တန်ဖြင့် ဘုရားသျှင်၏ တရားတော်ကိုဖွင့်ခြင်းသည် အဘယ်သို့ သင့်မြတ်နိုင်ပါမည်နည်း။

သီလကို လုံခြုံစေချင်ခြင်းဆန္ဒသည် ကောင်းမွန်လှပါသည်။ ထိုဆန္ဒအရ သီလလုံခြင်း၌ အကယ်မဖြစ်နိုင်၊ မရနိုင်သော အကျိုးမဟုတ်များကို အကျိုးလုပ်ပြခြင်းဖြင့် အဘယ်သို့ အကျိုးများနိုင်ပါမည်နည်း။

'ချီးမွမ်းခြင်းသည် အမှန်ကို မျက်နှာလွှဲလာလျှင် ချီးမွမ်းခြင်း ဟူသော နေရာများ အပျောက်ဆုံးခံရတတ်သည်'-များ အများပင်

နားလည်နိုင်ပါသည်။

ဤသုတ္တန်ကိုဟောကြားသော ဆရာတော့်အနေနှင့် သီလကို အချီးမွမ်း လွန်နေပါသည်။ ထို့ကြောင့် သုတ်၏ဦးတည်ချက်သည် အမှားဆီသို့ ဆွဲအသွား ခံရခြင်း ဖြစ်ပါသည်။

သုတ်၌ အဆိုရှိပါသည်။ မထေရ်ကြီးသည် သတိပညာမဲ့ဖြင့် အဘယ်မျှ လုပ်ဖူးသည်ကို မမြင်-ဟု ဆိုထားပါသည်။ တရားအားထုတ်ခြင်း-ဟူသည် သတိ,ပညာများကို အမြဲဖြစ်နေရန်ပွားစေခြင်းပင် မဟုတ်ပါလော။ ထို့ပြင် တရား ရခြင်း သို့မဟုတ် ရဟန္တာဖြစ်ခြင်း-ဟူသည် သတိပညာမဲ့ ဘာမျှမလုပ်တော့ခြင်း ပင် မဟုတ်ပါလော။

လွတ်မြောက်ခြင်း-ဟူသည် အလိုအလျောက် လွတ်မြောက်သည် မဟုတ်ပေ။ သတိ, ပညာတို့ဖြင့် မလွတ်မမြောက်ဘွယ်များကို ရှင်းလင်းထား၍ လွတ်မြောက်ခြင်း ဖြစ်သည်။ ဤ-လွတ်မြောက်ခြင်းသည်ပင် ရဟန္တာဖြစ်ခြင်း မဟုတ်ပါလော။

ဆရာတော်သည် အလွန်ဝါဒီပြီပြီ တရားအားထုတ်ခြင်း၏ သဘောကို လည်းကောင်း၊ တရားရခြင်း-ဟုဆိုအပ်သော ရဟန္တာဖြစ်ခြင်း၏ သဘောကို လည်းကောင်း၊ ထိုသို့ တရားရရန် တရားအားထုတ်နိုင်ခြင်း၏အကြောင်း သီလ သဘောကိုလည်းကောင်း 'အလွန်'-အားဖြင့်ချည်း သိမြင်တတ်သူ ဖြစ်ပေသည်။

အလွန်တရားများသည် အမှန်မှ သီးခြားစီပင် ဖြစ်ပေသည်။ ဆရာတော့် အနေနှင့် သီလကိုပြောဆိုခြင်း၌လည်း သီလနယ်ကိုကျော်လျက် သမာဓိနှင့် ပညာများသို့ ရောက်ရှိပြီးလျှင် ရောရှက်ရှုပ်ထွေးစွာ ဆိုနေပေသည်။

ထို့ပြင် 'အထက်လမ်းသမား'ပြီပြီ တရားကိုသိမြင်သော ပုံဟန်ကို ဤ ဝတ္ထု၌ ဖော်ပြထားပေသည်။ ထုပ်ထားပြီးသောဥစ္စာများကို ထုပ်ထားသော

အဝတ်အား ဖြေပြလိုက်သကဲ့သို့လည်းကောင်း ဖြစ်နေပေသည်။ သို့မဟုတ် ကိုယ့်၌ရှိပြီးသော ဥစ္စာကို ထုတ်ယူလိုက်သကဲ့သို့လည်းကောင်း ဖြစ်နေပေသည်။

ဤမျှဖြင့် ဆရာတော်၏ သီလဆိုင်ရာ ဟောပြောချက်သုတ္တန်များကို ထုတ်ပြချက် သင့်တန်ပါပြီ။ ဆရာတော်သည် သီလကို အကျယ်ဖွင့်ပြချက်၌ပင် ဤကဲ့သို့သောသုတ်များ အများအပြား ဟောခဲ့ပါသည်။

လေ့လာခဲ့ရသမျှ သုတ္တန်များဖြင့် ဆရာတော်၏ သီလအပေါ် သဘောထား၊ သီလအမြင် အဘယ်သို့ရှိသည်ကို သိသာလွန်းလှပြီဟု ထင်ပါသည်။

ဆရာတော်၏ သီလအဖွင့်ဖြင့် ပေါ်လွင်နေသော သီလနိမိတ်ပုံသည် ကောင်းကင် ဆန်နေပါသည်။ အထက်သံ ထွက်နေပါသည်-ဟု ဆိုလိုပါသည်။ ဤ၌ အထက်ဟူသည်မှာ အထက်တန်းကျခြင်းဟူသော အနက်ကိုဟောသော အထက်မဟုတ်ပါ။ 'လူကိုကျော်သော လူ၏အထက်'-ဟူသော အနက်ကိုဟောသည့် အထက်ဖြစ်ပါသည်။

ဟုတ်ပါသည်။ သူ့သီလနိမိတ်ပုံသည် လူဖမ်း၍ မမိနိုင်လောက်အောင် ကောင်းကင်၌တည်ရှိနေသော နိမိတ်ပုံဖြစ်ပါသည်။ ဤအသိသည် ဆရာတော်၏ သုတ္တန်များကို လေ့လာရမှသိသော အသိမျှ ဖြစ်ပါသေးသည်။

ဖွင့်ဆိုချက် စကားရပ်တိုင်း၌ အစေ့အစပ် လေ့လာမည်ဆိုလျှင်ကား ပို၍ထင်ရှားပါမည်။ အပြစ်ကိုပြရာ၌ အဘယ့်ကြောင့်အပြစ်ဖြစ်သည်ဟု ပြမည့်အစား 'အပြစ်ဖြစ်သောကြောင့် အပြစ်ဖြစ်ခြင်း'-ပင်ဟူသော သဘောမျိုး ဖြစ်ပါသည်။ အကျိုးကိုပြရာ၌လည်း ဤနည်းလည်းကောင်းပင် ဖြစ်ပါသည်။

ဆရာတော်သည် ဘုရားသျှင် ဟောကြားခဲ့သော သီလကိုလည်းကောင်း၊ ထိုသီလ၏ စစ်မှန်သော အကျိုးနှင့်အပြစ်ကိုလည်းကောင်း၊ ထိုသီလ၏ သရုပ်ကို

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
လည်းကောင်း သိမြင်ခြင်းရှိသူ မဟုတ်ဘဲ ရှိပါသည်။

ထို့ကြောင့် ဆရာတော်၏ သီလအဖွင့်သည် လက်လှမ်းမီသမျှ စာအုပ် စာတမ်းများမှ ရတတ်သမျှ သီလအမည်ပါသော တရားများကို စုပေါင်း၍ တင်ပြထားသော ကောက်ရိုးလှည်းပမာ သီလလေ့လာသူတို့အား ရှုပ်ထွေးသော အသိဉာဏ်ကို ဖြစ်စေသောအရာ ဖြစ်ပါသည်။

ထို့ပြင်လည်း ဆရာတော်၏ သီလအဖွင့်သည် ဖတ်ရှုလေ့လာသူအား လူကိုကျော်တွေးခြင်းကို ပြုစေသည်။ ဖတ်ရှုသူကိုယ်တိုင်အား လူအတွင်းမှ ကင်းကွာသည်ထက် ကင်းကွာအောင် သယ်ဆောင်မယူပြီး တောအုပ်အတွင်း မောင်းသွင်းနေသောအရာ ဖြစ်ပါသည်။

ဤမျှဖြင့် သီလဖွင့်ပြချက်အားသုံးသပ်ချက် အဆုံးသတ်ပါမည်။

အခန်း(၄)

# စုတင်္ကအဖွင့် သုံးသပ်ချက်

အခန်း(၄)
ခုတင်အကျယ်ဖွင့် သုံးသပ်ချက်

၂၃။ ခုတင်သည် သီလလည်းမဟုတ် ဘာဝနာလည်း မဟုတ်

ဝိသုဒ္ဓိမဂ်ဆရာတော်သည် သီလကိုဖွင့်ဆိုရာ၌ ခုတင်တရားများကိုလည်း သီလအဖွင့်၏ အဆွယ်အပွားအဖြစ် ဖွင့်ပြခြင်းငှာ သီလကို အကျယ်

ဖွင့်ခြင်း၏နောက်တွင် ဓုတင်များကို အကျယ်ပြလေသည်။

ဓုတင်ကို အကျယ်ပြဆိုချက် စကားသည် နှစ်ခုမြောက် အကျယ်ပြဆိုချက်စကား ဖြစ်သည်။ ဓုတင်ကို အကျယ် ပြဆိုရခြင်း၏အကြောင်းကို ဤသို့ဆိုပေသည်။ 'အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်းစသော အရည်အချင်းများရှိ၍ ဖွင့်ပြခဲ့သော သီလများ၏ စင်ကြယ်မှုကို ဖြစ်စေသောကြောင့် ထိုသီလများ၌ တည်သောသူများသည် ဓုတင်များကို ဆောက်တည်သင့်ပေသည်'-ဟု ဖြစ်သည်။

ကျွန်ုပ်တို့သည် ဝိသုဒ္ဓိမဂ်သုံးသပ်ရာ၌ ဝိသုဒ္ဓိမဂ်ကိုပြုသူ ဆရာတော်ကို များစွာသုံးသပ်ရန် လိုအပ်သည့်အားလျော်စွာ အောက်၌လည်း များစွာသုံးသပ်ခဲ့ပြီ ဖြစ်ပါသည်။ ဤနေရာ၌လည်း အလွန် အလျဉ်းသင့်လွန်းနေသောကြောင့် ဆက်၍ သုံးသပ်ရပါဦးမည်။

ဆရာတော်သည် အထက်လမ်းသမားပြီပြီ 'လေးနက်သောအရာ မှန်သမျှကို သို့မဟုတ် ခဲကပ်သောအရာမှန်သမျှကို ငါ့ဖို့ထားလိုက်'-ဟုဆိုမည့် ဆရာတော် ဖြစ်ပေသည်။ ထိုအကြောင်းကို သီလအဖွင့်၌ ဓုတင်များကို ဆက်ဖွင့်ခြင်းဖြင့် သိသာပါသည်။

ဓုတင်သည် 'တရား'-ဝင်သောသီလလည်း မဟုတ်ပေ။ ဤအရာကိုလည်း ဆရာတော်ကောင်းစွာ သဘောပေါက်လေသည်။ ထို့ကြောင့် ဓုတင်ကို သီလသရုပ်သို့လည်း မသွင်းဝံ့ခဲ့ပေ။ ထိုသို့ဖြစ်သော်လည်း ဓုတင်ကိုလည်း သီလကိုဖွင့်ရာ၌ ပစ်ပယ်,ချောင်ထိုး၍ထားချင်စိတ် မွေး၍မရ ဖြစ်နေဟန်ရှိပါသည်။

ဤဓုတင်သည် စစ်ကြောနိုင်သောမျက်စေ့ ရှိလျှင် အကျင့်ကို ချစ်မြတ်

နိုးသူတို့အနေနှင့် ဆာမွတ်နေသူ နတ်သုဒ္ဓါကို တွေ့မြင်ရခြင်းကဲ့သို့ ဝမ်းမြောက်ဖွယ် ဖြစ်ပေသည်။ ဤဓုတင်သည် နလပိန်းတုံးအနေနှင့် ပျော်မွေ့ဖွယ်အကောင်းဆုံး ဂေဟာ ဖြစ်သည်။

နလပိန်းတုံးများသည် ပုခုံးသမားများ ဖြစ်ကြပေသည်။ ခေါင်းသမားများ မဟုတ်ကြပေ။ အမှန်တရားကို အသိနှင့်ရှာရမည်ကို တီကို ဆားနှင့်တို့သကဲ့သို့ တွန့်ဆုတ်သူများ ဖြစ်ကြပေသည်။ အမှန်တရားကို ပုခုံးဖြင့်ထမ်းပြီး ရှာလိုက်ချင်သူများ ဖြစ်ကြပေသည်။ သူတို့သည် သူတို့ပုခုံးပေါ်၌ လေးသောဝန်ကို ထမ်းစေလျက် တစ်နေ့ နာရီမည်မျှ ထိုင်လိုက်,ထလိုက်လုပ်ရမည်၊ ဤလုပ်ငန်းသည် တရားရမည်ဟု ယုံကြည်လောက်သူများကညွှန်လျှင် အကယ် လုပ်မည့်သူများ ဖြစ်ကြပေသည်။

သူတို့သည် တစ်မိနစ်မျှ တွေး၍မကြည့်ချင်ကြ၊ တစ်ယူဇနာမျှ ပြေးလိုက်ချင်ကြသူများ ဖြစ်ပေသည်။ ထို့ကြောင့် ဤသူတို့သည် ဤဓုတင်ကိုတွေ့လျှင် မခွါချင် ဖြစ်ကြပေမည်။

ဝိသုဒ္ဓိမဂ်ဆရာတော်သည် ဓုတင်၏ဂုဏ်ကို သန္တုဋ္ဌိ, သလ္လေခ, အပိစ္ဆ-စသည်ဖြင့် ဆိုထားပေသည်။ ထို့ပြင် သီလကိုလည်း စင်ကြယ်စေနိုင်သည်-ဟုလည်း ဆိုထားပေသည်။ ဤအဆိုများသည် အကယ်မှန်ပါသလော။

မှန်သည်ဟုပင် ထင်ရပေသည်။ အပြေးအလွှားကြည့်လျှင် ဤသို့မထင်ရန်ပင် မတတ်နိုင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဓုတင်သည် ရုပ်အခြေအနေ သို့မဟုတ် ဝန်းကျင် အခြေအနေကို သီလပျက်ပြားစေမှုများမှ သေွဖည်နေအောင် ဖန်ထားခြင်း ဖြစ်သောကြောင့် ဖြစ်သည်။

သန္တုဋ္ဌိ,သလ္လေခ,အပိစ္ဆစသော ဂုဏ်များလည်း အကယ်ရှိသည်ပင် ထင်ရပေသည်။ ဓုတင်သည် မရောင့်ရဲဘွယ် မခေါင်းပါးဘွယ် အလိုများဖွယ်

ဖြစ်၍မရအောင် ဝန်းကျင်အခြေအနေကို တမင် ဖန်တည်းထားပြီး ဖြစ်သော ကြောင့် ဖြစ်သည်။

ဟုတ်ပါသည်။ ခုတင်သည် ရုပ်အခြေအနေ သို့မဟုတ် ဝန်းကျင်အခြေအနေ ပြင်ဆင်ဖန်ဆင်းချက် ဖြစ်ပါသည်။ ပံသုကူခုတင်ဆိုလျှင် ဒါယကာလှူမဟုတ်သော သင်္ကန်းကို ဝတ်ရုံခြင်း ဖြစ်သည်။ တိစီဝရိတ်ဆိုလျှင်လည်း သုံးထည်ထက်အပိုများကို ဖျက်ထားခြင်းဖြစ်ပါသည်။ ပို့ဆွမ်းပယ်သော အကျင့်၊ အိမ်စဉ်ကျော်၍ ဆွမ်းခံမှု ပယ်သောအကျင့်၊ အထပ်ထပ်စားခြင်း ပယ်သောအကျင့်၊ ဟင်းခွက်အများနှင့်စားခြင်းကို ပယ်သောအကျင့်၊ တော်ပြီပြောမိလျှင် နောင်မစားတော့သောအကျင့်၊ တောမှာသာ နေလေ့အကျင့်၊ ကျရာကျောင်းမှာသာ နေလေ့အကျင့်၊ မအိပ်ဘဲ နေလေ့အကျင့်- ဤအကျင့်များသည် ခုတင်များ ဖြစ်သည်။

ဤခုတင်များသည် ရုပ်အခြေအနေဆိုင်ရာ သို့မဟုတ် ဝန်းကျင်ဆိုင်ရာကို တမင်ဖန်ဆင်းယူသော အကျင့်များ မဟုတ်ပါလော။ ဤဝန်းကျင် ဖန်တည်းချက်ဖြစ်သော ခုတင်တရားများ၌ အပိစ္ဆမဖြစ်စေသော၊ သန္တုဋ္ဌိ,သလ္လေခများ မဖြစ်စေသောအရာ တွေ့မြင်ရပါသလော? အလျဉ်းပင် မတွေ့မြင်ရနိုင်ပေ။

ထို့ကြောင့် ခုတင်အကျင့်များသည် သန္တုဋ္ဌိ, သလ္လေခ-စသောဂုဏ်များ ရောက်သော အကျင့်များဟု ထင်ရခြင်းဖြစ်သည်။ ဤသို့ထင်ရသော်လည်း အကယ်၌ကား ဤခုတင်များသည် သန္တုဋ္ဌိ, သလ္လေခစသော ဂုဏ်များရောက်သော အကျင့်များဟု ဆို၍ရသည် မဟုတ်ချေ။

သန္တုဋ္ဌိ,သလ္လေခ-စသည် တို့သည် ဝန်းကျင်အရ သန္တုဋ္ဌိ,သလ္လေခများ

မပျက်ပြားဖြစ်၍ မပျက်ပြားရခြင်းကြောင့် ဖြစ်ပါသည်။ ဤအရာသည် သန္တတိ၊ သလ္လေခ မဖြစ်နိုင်ပါ။ ဥပမာအားဖြင့် ဝန်းကျင်အရဖြစ်သော သန္တတိ၊သလ္လေခ သည် ဘုရားသျှင်လက်ထက်အခါက သဘောကောင်းသည်ဟု ကျော်စောခဲ့ သော 'ဝေဒေဟိကာ'-အမည်ရှိသော အရှင်မတစ်ယောက်၏ သဘောကောင်း နည်းကားမျိုးမျှသာ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ဝေဒေဟိကာ၏ သဘောကောင်းမှုသည် ကျွန်မဖြစ်သူ 'ကာဠီ'၏ အမှု၌ ကျေပွန်မှု ဝန်းကျင်အခြေအနေအရသာ ဖြစ်ကြောင်း နောင်အခါ၌ သိကြရပေ သည်။ တစ်နေ့၌ ကာဠီသည် မကျေပွန်သောဝန်းကျင်ကို ဖန်ကြည့်သောအခါ သုံးရက်မြောက်နေ့၌ ကာဠီ၏ခေါင်းကို တံခါးလျှိုတုတ်ဖြင့် ရိုက်ခွဲပြလေသည်။

ခုတင်ကြောင့်ဖြစ်သော အပိစ္ဆစသောဂုဏ်များလည်း ဤအတိုင်း ဖြစ်ပါ သည်။ ခုတင်ဟူသော ဝန်းကျင်အခြေအနေကြောင့် ရောက်နေသော ဂုဏ်မျှသာ ဖြစ်ပါသည်။ ဤဝန်းကျင်ယွင်းလျှင် ဤဂုဏ်လည်း ယွင်းမည်ဖြစ်ပါသည်။

ထို့ကြောင့် အပိစ္ဆစသောဂုဏ်ကို ဤခုတင်များဖြင့် အကယ် မတည် ဆောက်နိုင်ပေ။ တည်ဆောက်လျှင် ရှေးကပြောင်ပြက်သော စကားကဲ့သို့သာ ဖြစ်နေပေမည်။ ယင်းစကားမှာ ဤသို့ဖြစ်သည်-

' ခန္တိစ-မနိုင်၍သည်းခံခြင်းသည်လည်းကောင်း၊ တပေါစ-မရှိလို့ခြိုးခြံရ ခြင်းသည်လည်းကောင်း'-ဟူသောစကားများ ဖြစ်ပါသည်။

မနိုင်၍ သည်းခံရခြင်း၌ သည်းခံခြင်းဂုဏ်ရောက်မည် မဟုတ်ပေ။ မရှိ၍ ခြိုးခြံရခြင်း၌လည်း ဤအတူပင် ခြိုးခြံခြင်းဂုဏ်ရောက်မည် မဟုတ်ပေ။

အပိစ္ဆစသောဂုဏ်များသည် ရုပ်အခြေအနေ သို့မဟုတ် ဝန်းကျင်အခြေ အနေများကို တည်ဆောက်ခြင်းဖြင့် ပြည့်စုံနိုင်သောအရာ မဟုတ်ပေ။ ဤဂုဏ်

များကို ဤဓုတင်များဖြင့် တည်ဆောက်၍ရနိုင်မည်ဟု ယူဆသူများသည် အသိဉာဏ်တုံးများ သို့မဟုတ် ပုခုံးထမ်းသမား နလပိန်းတုံးများသာ ဖြစ်ပေသည်။

အပိစ္ဆစသောတရားများသည် သတ္တဝါတို့၏ စင်ကြယ်မှုများပင် ဖြစ်ပါသည်။ ဤစင်ကြယ်မှုကို ဤသို့ အပိုဒ် တစ်ဆယ့်သုံးခုမျှသာရှိသော ရုပ်အခြေအနေဆိုင်ရာအကျင့် သို့မဟုတ် ဝန်းကျင်အခြေအနေဆိုင်ရာ အကျင့်တို့ကို ကျင့်ကာမျှဖြင့် ရမည်ဆိုလျှင် ဘုရားသျှင်၏ မဇ္ဈိမပဋိပဒါတရားတော်များ ဟောဖွယ်ပင် မရှိပါ။

ဘုရားသျှင်သည် အလယ်အလတ် ဘဝအမြင်တရားတော်ကို လေးဆယ့်ငါးနှစ်တိုင်တိုင် ဟောခဲ့ပါသည်။ ယင်းဟောကြားချက်များကို ရုံးစု၍ကြည့်သော်လည်း သတ္တဝါ၏ စင်ကြယ်မှုကို ဝန်းကျင်အခြေအနေ၌တည်ကြောင်း မတွေ့ရဘဲ ရှိပေမည်။

လောက၌ အလိုမကြီးမှု အပိစ္ဆဖြစ်ရန်စသည်ကို လမ်းသုံးသွယ်ဖြင့် ဖြည့်ဆီးကျင့်နိုင်ပါသည်-

ပဌမတစ်လမ်းမှာ အလုံးစုံ ပြည့်စုံနေစေခြင်းပင် ဖြစ်ပါသည်။ အားလုံးပြည့်စုံနေလျှင် လိုသည်-ဟု မဖြစ်နိုင်ပါ။ ထို့ကြောင့် ဤလမ်းသည် အပိစ္ဆဖြစ်ဖို့ ပဌမလမ်း ဖြစ်ပါသည်။

ဒုတိယမှာ အလိုကြီးစရာ အာရုံများနှင့်ကင်းသော ဝန်းကျင်ကို ဖန်တည်းနေခြင်း ဖြစ်ပါသည်။ ဤသို့နေလျှင် အလိုကြီးရကောင်းမှန်း မသိသောကြောင့် အလိုကြီးခြင်းများ မဖြစ်ခြင်း အပိစ္ဆဖြစ်ပါသည်။ ထို့ကြောင့် ဤလမ်းသည်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဒုတိယလမ်း ဖြစ်ပါသည်။

တတိယလမ်းမှာ-

'အလိုပြည့်အောင် ပြုလုပ်ခြင်းလည်း မဟုတ်။ အလိုကြီးဖွယ် ဝန်းကျင်နှင့် ကင်းအောင်လုပ် ခြင်းလည်းမဟုတ်ပါ။ တွေ့တတ် သမျှဝန်းကျင်ကို အဿာဒ၊ အာဒီနဝတို့ဖြင့် ချိန်၍ တန်ဖိုး ဖြတ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုထိုအာရုံများမှ လွတ် မြောက်မှု နိဿရဏဖြစ်အောင် ကြည့်ရှုခြင်း၊ လေ့ကျင့်ခြင်း ဖြစ်ပါသည်။'

ဤတတိယလမ်းသည် ဘုရားသျှင်၏ အလယ်အလတ်လမ်း ဖြစ်ပါသည်။

ဒုတိယလမ်းသည် အထက်လမ်း-ဟု ခေါ်ရသော အတ္တကိလမထာ နုယောဂလမ်း ဖြစ်ပါသည်။ ပဌမလမ်းသည် အောက်လမ်းဖြစ်ပါသည်။ ကာမ သုခလ္လိကာနုယောဂလမ်း-ဟု ဆိုလိုပါသည်။

လောက၌ အလိုမကြီးမှု အပိစ္ဆတာ-စသော ခုတင်ဂုဏ်များကို တည် ဆောက်သော လမ်းသုံးသွယ်ရှိပါသည်။ ဤခုတင်များသည်လည်း အပိစ္ဆတာ- စသော ဂုဏ်များကို တည်ဆောက်သောလမ်း ဖြစ်လျှင် သုံးသွယ်သောလမ်း အနက် အဘယ်လမ်း၌ ဝင်မည်နည်း။ ဤအမေး၏အဖြေသည် ထင်ရှားလှပါ သည်။

ဤခုတင်အကျင့်သည် အထက်လမ်းဖြစ်ပါသည်။

အထက်လမ်းသည် သာသနာတော်ဟူသော ဘုရားသျှင်၏ အဆုံးအမ နှင့် မပတ်သက်သောလမ်း ဖြစ်ပါသည်။ ဤသို့ဖြစ်လျှင် ဘုရားသျှင်၏ ဟော ကြားချက်စကားဖြစ်သော သီလအဖွင့်၌ ဤစကားဖြင့် သွန်းလောင်းခြင်းသည် အမွှေးအကြိုင်တို့ဖြင့် ထုံသင်း,ဖြိုးလိမ်း ပြင်ဆင်ပြီးသောသူကို ရွှံ့ပုပ်ရေဖြင့် သွန်းလောင်းသကဲ့သို့သာ (ဤအဖွင့်သည်) ဖြစ်ပေသည်။

---

ဟုတ်ပါသည်။ ဤဓုတင်သည် အလွန်မရေရာသောတရား ဖြစ်ပါသည်။ ဤဓုတင်နှင့်စပ်၍ 'မိလိန္ဒပဉှာဝတ္ထု' သုံးသပ်ချက်-၅ အကျယ်တဝံ့ပင် ကျွန်ုပ်တို့ သုံးသပ်ထားခဲ့ပါသည်။

ဓုတင် အဘယ်သို့ ဖြစ်ပေါ်လာသနည်း။ ဓုတင်အပေါ် ဘုရားသျှင် အဘယ်သို့ သဘောတော် ထားတော်မူသနည်း။ ဓုတင်နှင့်သာသနာတော် အဘယ်သို့သက်ဆိုင်သနည်း-စသည်, စသည်တို့ ဖြစ်ပါသည်။

ဤ၌ ဤအကြောင်းအရာများ ထည့်သွင်း သုံးသပ်ပြသင့်ပါသည်။ စာရှည်နေမည်ကြောင့် ဤ၌ မဖော်ပြတော့ပါ။ ဓုတင်သုံးသပ်ချက်ကို အပြည့်အစုံ ဖတ်ရှုလိုသူများသည် ထိုမှ စကားများကိုယူ၍ ဖြည့်စွက် ဖတ်ရှုကြစေလိုပါသည်။

လောက၌ ကောင်းမှုတရားများသည် အရေးအတွက်ဘယ်လောက်ပင် များသည်ဖြစ်စေ 'ဒါန,သီလ,ဘာဝနာ'-ဟူသော ခေါင်းစည်းသုံးခုအောက်သို့ ဝင်ရောက်ကြသည်ချည်း ဖြစ်ကြပါသည်။

ဤဓုတင်တရားသည် အဘယ် ခေါင်းစည်းအောက်ဝင်သော တရား ဖြစ်ပါသနည်း။ ဒါနတရားမဟုတ်သည်မှာ ဆိုဖွယ်မရှိပါ။ သီလတရားလော, ဘာဝနာတရားလောဟု ဤသို့ဖြေကြားဖွယ် ရှိပါသည်။

ဝိသုဒ္ဓိမဂ်ဆရာတော်သည်လည်း အဘယ်သို့ သွင်းရမည်မသိသော တရား ဖြစ်ပါသည်။ အကယ်၍လည်း အဘယ်မှမဝင်သောတရား ဖြစ်ပါသည်။ သွင်းခြင်းသွင်းလျှင် သီလတရားအောက်၌ သွင်းရမည်ဖြစ်ပါသည်။ ဆရာတော် ရှင်ဗုဒ္ဓဃောသလည်း ဤနည်းလည်းကောင်း မသိမသာ သွင်းခဲ့ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သီလတရားဖြစ်လျှင် မည်သူ၏သီလတရား ဖြစ်သနည်း။

မည်သူ သတ်မှတ်ပညတ်ပေးခဲ့သောတရား ဖြစ်ပါသနည်း။

အကယ်၍ သီလဖြစ်လျှင် ဤအရာများ ထင်ရှားနေပေမည်။

ခုတင်၌ ဤသို့လည်း မထင်မရှား ဖြစ်နေပါသည်။ ဤသို့ မထင်ရှားသော်လည်း ခုတင်သည် ဘာဝနာလက္ခဏာကား မရှိပါ။ သီလလက္ခဏာသာ ရှိပါသည်။

ဝန်းကျင်အခြေအနေ သို့မဟုတ် ရုပ်အခြေအနေကို စောင့်စည်းစေချက် ဖန်တည်းချက်သည် အသိဉာဏ်ထုတ်ခြင်းဟူသော ဝိပဿနာဘာဝနာ၊ စိတ်ဓါတ်မြှင့်တင်ခြင်းဟူသော သမထဘာဝနာ ဤဘာဝနာများ မဖြစ်နိုင်ပါ။

သီလတရားများသည် ဘယ်လမ်းသို့ ဘယ်အခါသွားရမည်၊ ဘယ်သို့သာ ပြောရမည်၊ ဘယ်သို့သာ ပြုရမည်- ဤသို့ ရုပ်အခြေအနေသို့မဟုတ် ဝန်းကျင်အခြေအနေကို ပြုပြင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ခုတင်သည် သီလသာ ဖြစ်မည်ဆိုက ဖြစ်ရန်ရှိပါသည်။ သီလဖြစ်လျှင်လည်း 'မည်သူအတွက် မည်သူက ပညတ်ထားသောသီလ ဖြစ်သည်'-ဟု သိရှိရန် လိုပါသည်။

အဘယ့်ကြောင့်ဆိုသော် သီလသည် ပညတ်သူ၏ ဝါဒလမ်းစဉ်ကို ဖော်ဆောင်ရန် အမာခံတရား ဖြစ်ရသောကြောင့် ဖြစ်ပါသည်။

ဘုရားသျှင်သည် သီလမဂ္ဂင်ကို ပညတ်ခဲ့ပါသည်။ ဤသီလမဂ္ဂင်သည် သမာဓိ, ပညာဟူသော အခြားမဂ္ဂင်များဖြင့် အံဝင်သောအရာသာ ဖြစ်ပါသည်။

ဤခုတင်သည် သီလဖြစ်ခဲ့လျှင် အဘယ်ပညာနှင့် သမာဓိများကို ဖော်ဆောင်ရန် အမာခံ ဖြစ်အံ့နည်း။ ဤခုတင်အကျင့်သည် အဘယ်ပညာအတွက်မှ နေရာမရှိပေ။ သူ့ပကတိအနေကပင်လျှင် အလိုများမှုကို ဖြစ်စေတတ်သော

ဝန်းကျင်များကို ပယ်ထားပြီးဖြစ်သောကြောင့် အလိုများမှုပင် မဖြစ်တော့ပေ။
ထို့ကြောင့် ဤဓုတင်အကျင့်သည် သီလပေါင်ကိုလည်းကျော်လျက် ဘာဝနာဘက်သို့လည်း အလိုအလျောက် သက်လျက်ရှိပေသည်။

၂၄။ ဓုတင်သည် ရှေးသူဟောင်းတို့၏ ပကတိအလေ့အထဖြစ်

ဤနေရာ၌ စောဒနာစရာတော့ ရှိပါသည်။ 'ဘုရားသျှင်၏ ပါတိမောက္ခသီလများသည်လည်း ဝန်းကျင်ဖန်တည်းမှုပင် မဟုတ်ပါလော-ဟူ၍ ဖြစ်သည်။ ပါတိမောက္ခသီလများသည် ဤသို့မရှိပါ။ လုပ်သင့်သည်ကို လုပ်ရန်နှင့် မလုပ်သင့်သည်ကို မလုပ်ရန်မျှသာ ဖြစ်ပါသည်။ 'သီလနသဘော'-ဟုဆိုအပ်သော အရှိကို အရှိအဖြစ်က မပျက်ပြားစေမှု သဘော၊ ဤသဘောထက် မပိုပါ။ထို့ကြောင့် ဖန်တည်းသည့်သဘော မပါပါ'-ဟူ၍ ဖြစ်သည်။

ရဟန်းများ၏ ပါတိမောက်သီလသည် ရဟန်းများ၏ စားရေး,ဝတ်ရေး, နေရေး အလုပ်အကိုင် ဤအရာများနှင့် အစစ ပြေပြစ်ညီညွတ်သော စည်းမျဉ်းမျှသာ ဖြစ်သည်။ အထူးကျင့်ယူခြင်း တည်ဆောက် ဖန်တည်းယူခြင်းသဘောများသို့ အလျဉ်းပင် မသက်ရောက်ပါ။
ထို့ကြောင့် ပါတိမောက်သီလသည် ဘာဝနာသဘော မသက်ရောက်ပါ။

ဤဓုတင်အကျင့်များသည်သာ ဖန်တည်းမှုသဘော သက်ရောက်ခြင်း၊ ဘယ်လို စားဝတ်နေရေး လုပ်ကိုင်ရေးရှိသူအတွက်ဟု သတ်မှတ်နိုင်သော ပညတ်သူ မရှိပေ။ သီလဖြစ်သောကြောင့် ပညာအတွက် နေရာမရှိခြင်း။ ဤအချက်များကြောင့် ဘာဝနာသဘော သက်ရောက်နေခြင်း ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ထို့ကြောင့် ခုတင်သည် အလွန် မရေမရာနိုင်သောအကျင့် ဖြစ်ပါသည်။ ဆရာတော်ရှင်ဗုဒ္ဓဃောသသည် မြင်တတ်သောမျက်စိ ချွတ်ချော်နေ၍သာ ဤခုတင်အကျင့်ဖြင့် ဘုရားသျှင်ဟောကြားချက်အကျင့်ကို ဖွင့်ဆိုမွမ်းမံခြင်း ဖြစ်ပါသည်။ ဤခုတင်သည် စင်စစ်အားဖြင့် သာသနာနှင့် မည်သို့မျှမဆိုင်သော-အကျင့်သီလလည်းမဟုတ်၊ ဘာဝနာလည်းမဟုတ်သော ထုံးဥပဒေတစ်ရပ်သာ ဖြစ်ပါသတည်း။

ခုတင်သည် အစစ်အမှန်၌ သီလ,ဘာဝနာ ဘယ်အရာမျှ မဟုတ်ပါ။ ရှေးသူဟောင်းတို့၏ ပကတိအလေ့အထသာ ဖြစ်ပါသည်။ ဤမျှဖြင့် ခုတင်ကို အကျယ်တင်ပြချက်ကို သုံးသပ်ချက်စကား အပြီးသတ်ပါမည်။

အခန်း(၅)

# သမာဓိအကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၅)
## သမာဓိအကျယ်ဖွင့် သုံးသပ်ချက်

### ၂၅။ ကမ္မဋ္ဌာန်းယူခြင်းအဖွင့် သုံးသပ်ချက်

ဆက်လက်၍ သမာဓိကို အကျယ်တင်ပြချက်များကို သုံးသပ်ပါဦးမည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဆရာတော်သည် သမာဓိကို အကျယ်တင်ပြချက်ပေါင်းများစွာဖြင့် အကျယ်တဝံ့ ပြဆိုပါသည်။

ပဌမဆုံး သမာဓိကို အကျယ်တင်ပြချက်ကို 'ကမ္မဋ္ဌာန်းယူခြင်းအကျယ်တင်ပြချက်(ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ)-ဟူ၍ အမည်ပေးပါသည်။ ဤ အကျယ်တင်ပြချက်သည် ဝိသုဒ္ဓိမဂ်၏ တတိယ အကျယ်တင်ပြချက် ဖြစ်ပါသည်။

ဤ ကမ္မဋ္ဌာန်းယူခြင်းအကျယ်တင်ပြချက်၌ သမာဓိနှင့်စပ်လျဉ်းသော မေးခွန်းများကို မေးပါသည်။ ထို့နောက် မေးခွန်းများကို ဖြေပြီးလျှင် ယင်းအဖြေများအတွင်းမှ သမာဓိဘာဝနာပွားနည်းကို ချဲ့ဖွင့်တင်ပြပါသည်။ ဤမျှဖြင့် ကမ္မဋ္ဌာန်းယူခြင်းအကျယ်တင်ပြချက်ကို အဆုံးပြုထားပါသည်။

ဤအကျယ်တင်ပြချက်ကို သုံးသပ်ရာ၌လည်း မေးခွန်းများကို ပဌမ သုံးသပ်ရပါမည်။ ထို့နောက်မှ မေးခွန်းအဖြေများကို သုံးသပ်ပါမည်။ နောက်ဆုံး ပွားနည်းအတွင်းမှ အချက်အချို့ကို အနည်းငယ်မျှစီ သုံးသပ်ရပါမည်။ မေးခွန်းကို သုံးသပ်ရန် မေးခါန်းများကို ကြည့်ကြပါမည်။ မေးခွန်းများမှာ ရှစ်ချက်ဖြစ်ပါသည်။

သမာဓိဟူသည် အဘယ်နည်း။

ဘယ့်အတွက်ကြောင့် သမာဓိမည်သနည်း။

သမာဓိ၏လက္ခဏာကား အဘယ်နည်း။

သမာဓိအပြားကား အဘယ်နည်း။

သမာဓိကို အဘယ်သို့ပွားရမည်နည်း။

သမာဓိအကျိုးကား အဘယ်နည်း- ဤရှစ်ချက် ဖြစ်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤအမေးများသည် အရေအတွက်အားဖြင့် ရှစ်ချက် ရှိသော်လည်း၊ အကယ်၌ ရှစ်ချက်ရှိသည်မဟုတ်ပါ။ အမေး တစ်နှင့်လေးမှာ အဖြေတူပါသည်။ အမေး နှစ်, ငါး, ခြောက်, ရှစ်များသည် အမေးသုံးအတွင်း ဝင်ပါသည်။

ထို့ကြောင့် အမေးမှာ သုံးချက်သာ ဖြစ်ပါသည်။
သမာဓိ၏ သရုပ်သည် အဘယ်နည်း၊
သမာဓိ၏ လက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်ကား အဘယ်နည်း၊
သမာဓိကို အဘယ်သို့ ပွားရမည်နည်း။ ဤသုံးချက်သာ ဖြစ်ပါသည်။

သမာဓိသရုပ်နှင့် သမာဓိအပြား တူပါသည်။ သမာဓိသဘောနှင့် သမာဓိလက္ခဏာ အတူ ဖြစ်ပါသည်။ သမာဓိအကျိုးနှင့် သမာဓိပစ္စုပ္ပဋ္ဌာန်သည် တူပါသည်။ သမာဓိညစ်နွမ်းကြောင်း, ဖြူစင်ကြောင်းနှင့် သမာဓိ၏ပဒဋ္ဌာန် တူပါသည်။ ထို့ကြောင့် သမာဓိဆိုင်ရာမေးခွန်း၌ အချက်သုံးချက်သာ ရှိပါသည်။

ထို့ကြောင့် အဖြေများကို သုံးသပ်ရာ၌ ရှစ်ချက်ဖြင့် ဖြေကြားချက်များကို ဤသုံးချက်အောက်သို့သွင်း၍ သုံးသပ်သွားမည် ဖြစ်ပါသည်။

## ၂၅။ သမာဓိ၏သဘော သုံးသပ်ချက်

အဖြေများကို ဆက်လက် သုံးသပ်သွားပါမည်။ သမာဓိ၏ သဘော သဘာဝ လက္ခဏာကို ဆရာတော် အဘယ်သို့ တင်ပြသွားပါသနည်း။ ဆရာတော်၏တင်ပြချက်သည် ဤသို့ဖြစ်သည်-

'စိတ်,စေတသိက်တရားများကို အာရုံတစ်ခု၌ ညီညွတ်ကောင်းမွန်စွာ

ထားခြင်းသည် သမာဓိသဘော’ ဖြစ်သည်- ဟူပါသည်။

သဘောတရားတစ်ခုခု၏ အစွမ်းဖြင့် စိတ်,စေတသိက်များသည် ညီညွတ်ကောင်းမွန်စွာ မပျံ့မလွင့် ဖရိုဖရဲမရှိဖြစ်၍ တည်နေခြင်း၊ ဤသည်ပင် သမာဓိ၏သဘော ဖြစ်လေသည်။

ဤစကားစုသည် ဆရာတော်ကိုယ်တိုင် တင်ပြနေသော သမာဓိ၏ သဘော ပြဆိုချက်များ ဖြစ်ပါသည်။ ဤပြဆိုချက်သည် သမာဓိသဘောကို တင်ပြရာ၌ ဝတ်ကျေရုံမျှ တင်ပြချက်သာ ဖြစ်ပါသည်။

သမာဓိသဘောကို အတွင်းကျကျသိလိုလျှင် ဤတင်ပြချက်ကို နောက်၌ တင်ပြအံ့သော သမာဓိအကျယ်စကားများဖြင့် ပေါင်း၍လေ့လာဖို့ ရှိပါသည်။

သဘောတင်ပြချက်ကို သုံးသပ်ရာ၌ ဆရာတော်၏တင်ပြချက်ကို ထို့ထက် ပြည့်ပြည့်စုံစုံ သိနိုင်စေရန် ဆရာတော်၏အလိုကို အနည်းငယ်မျှ ဖွင့်၍ ကြည့်ကြပါမည်။ ဆရာတော်၏ သမာဓိသဘောသည်-

‘အာရုံ၌ စိတ်များမပျံ့မလွင့်တည်ခြင်း’ဟု ဆိုခဲ့ပါသည်။

အဘယ်သို့ မပျံ့မလွင့်သနည်း-ဟူသည်ကို မေးဖွယ်ရှိပါသည်။ အာရုံကြောင့် စိတ်ဖြစ်ပါသည်။ ဤသို့ဖြစ်ရာ၌ အဘယ်သို့လျှင် စိတ်သည် အာရုံတစ်ခု၌ ညီညွတ်ကောင်းမွန်စွာ ထားခြင်းနည်း’-ဟူ၍ ဖြစ်ပါသည်။

ထိုအဖြစ်သည် သူတို့ဓမ္မသဘာဝ အားလျော်စွာ ဖြစ်ပြီးဖြစ်ပါသည်။ ဤသို့ဖြစ်ရန် လူဖြင့် နောက်ထပ်ပြုပြင်စရာ ရှိပါသေးသလော’-ဤသို့မေးဖွယ် ရှိ၍ မေးခြင်းဖြစ်ပါသည်။

ဆရာတော်အနေနှင့် ဤမျှကို ဆိုလိုခြင်း မဖြစ်ရာပါ။ ပထဝီကသိုဏ်း

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

စသော တစ်ခုခုသောအာရုံကို အာရုံတစ်ခုဟုဆိုလိုခြင်း ဖြစ်တန်ရာပါသည်။ (ဤ-အာရုံတစ်ခု၌ စိတ်စေတသိက်များကို ထားခြင်း၊ အခြား,အခြားအာရုံများသို့ မလွင့်မပါး မသွားစေခြင်း၊ ဤသို့သာ ဆိုလိုခြင်း ဖြစ်တန်ရာပါသည်)။

ဥပမာ၌ အာနာပါနကမ္မဋ္ဌာန်းကို ရှုပွားလျက် သမာဓိကို တည်ဆောက်နေသူဆိုအံ့။ ထိုတည်ဆောက်နေသူ၏ စိတ်များသည် အာနာပါနမှတပါး အခြားသောအာရုံတစ်ခုသို့ မရောက်စေဘဲ ထားခြင်းသည် သမာဓိဖြစ်သည်။ ဤသို့ ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ဆိုလိုသော သမာဓိသဘောသည် 'စိတ်ကို သတ်မှတ်ထားသောအာရုံမှတပါး အခြား တစ်ပါးနေရာ၊ အခြားတပါးအချိန်နှင့် အခြားတစ်ပါးသောအသွင်အပြင်- ဤအရာများဆီသို့ မပျံ့မလွင့်ဘဲ တည်နေအောင်ထားခြင်း'-ဟူ၍ ဖြစ်ပါသည်။

စိတ်ကို ရှေ့သို့လည်းကောင်း၊နောက်သို့လည်းကောင်း၊ အပြင်တစ်နေရာသို့လည်းကောင်း၊ ဤအချိန်၊ ဤနေရာများ၌ရှိသော အာရုံများတွင်လည်း ဤသတ်မှတ်ထားသောအာရုံမှ အခြားအာရုံများသို့လည်းကောင်း ဘယ်လိုမျှ မကူးစေခြင်းသဘောသည် သမာဓိ၏သဘော ဖြစ်သည်။ ဆရာတော်၏ သမာဓိသဘောအဖွင့်သည် အရပ်လိုနားထောင်လျှင် ဤသို့နားလည်ရမည် ဖြစ်ပါသည်။

'စိတ်မကူးခြင်းသည် သမာဓိဖြစ်သည်'- ဤသို့ အနက်အဓိပ္ပါယ် ရောက်ပါသည်။ စိတ်သည် ကူးတတ်သောသတ္တိ ရှိပါသည်။ ဤအရာကိုမြင်သဖြင့် ဤအရာနှင့် အခြားအရာများသို့ လည်းကောင်း၊ ဤနေရာကိုမြင်သဖြင့် ဤနေရာနှင့်) အခြားနေရာများသို့လည်းကောင်း၊ ဤအချိန်ကို မြင်သဖြင့် (ဤအချိန်နှင့် အခြားအချိန်များသို့လည်းကောင်း ကူးသန်းသွားလာတတ်ပါသည်။

ဤသို့ ကူးတတ်ခြင်းပင်လျှင် စိတ်၏ တစ်ခုတည်းသောတန်ဖိုး ဖြစ်ပါသည်။ ဆရာတော်၏ သမာဓိသဘော ဖွင့်ဆိုချက်သည် ဤတန်ဖိုး၏ ပြောင်းပြန်အချိုးမှာ ရှိနေပါသည်။

ကျွန်ုပ်တို့ နောက်ဆုံးတင်ပြထားသော 'စိတ်ကို မခုန်မကူးစေခြင်းသည် သမာဓိဖြစ်သည်'-ဟူသော အဆိုသည် ဆရာတော် ရှင်ဗုဒ္ဓဃောသ တင်ပြလိုသော သမာဓိ၏သဘောနှင့် ညီညွတ်တန်ကောင်းသည် ထင်ပါသည်။

ပထဝီကသိုဏ်း ကမ္မဋ္ဌာန်းကိုစီးဖြန်း၍ သမာဓိတည်ဆောက်သော ယောဂီသည် ပစ္စုပ္ပန်မျက်မှောက်ရှိ ကသိုဏ်းဝန်းအာရုံမှ တစ်ပါးသောအချိန်၌ ဖြစ်သော အာရုံသို့လည်းကောင်း၊ အခြားတစ်နေရာ၌ရှိသော ကသိုဏ်းအာရုံသို့လည်းကောင်း၊ ထို့ပြင် ဤအချိန်ဤနေရာ၌ရှိသော ပထဝီကသိုဏ်းမှ အပဖြစ်သော အာရုံများသို့လည်းကောင်း စိတ်သည် ခုန်ကျော်ပျံလွှား ကူးသွားလိုပေသည်။

ဤသို့မဖြစ်အောင် စိတ်ကို ဤအချိန်,ဤနေရာ၌ရှိသော ပထဝီကသိုဏ်းဝန်းအာရုံ၌သာ မပျံ့မကျဲ တည်တံ့နေအောင် ထားခြင်းသဘောသည် သမာဓိ၏သဘော ဖြစ်သည်။

ဆရာတော်၏ သမာဓိသဘော ဆိုလိုချက်သည် ဤသို့ပင်ဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါသည်။ ထို့ကြောင့် 'သမာဓိ၏သဘောသည် စိတ်မကူးခြင်းပင်ဖြစ်သည်'-ဟု အောက်တွင် ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဤမျှဖြင့် ဆရာတော်၏ သမာဓိသဘောတင်ပြချက်ကို ဖွင့်ဆိုချက် ပြည့်စုံပါပြီ။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆက်လက်၍ ဆရာတော်၏ သမာဓိသဘောတင်ပြချက်ကို သုံးသပ်ရပါမည်။

ဆရာတော်တင်ပြသော သမာဓိသဘောသည် ဘုရားသျှင်ဟောခဲ့သော အဖွင့်ခံပုဒ်ဖြစ်သော 'စိတ္တံ'-ဟူသောပုဒ်အရ သမာဓိနှင့် ညီညွတ်ပါမည်လော။ ဆိုလိုသည်မှာ- 'ဘုရားသျှင်ဟောခဲ့သော သမာဓိ၏ အနက်သဘောသည်လည်း ဤသို့ပင် ဖြစ်ပါမည်လော'-ဟူ၍ ဖြစ်သည်။

'စိတ္တံ'-ဟူသော အဖွင့်ခံပုဒ်ဖြင့် ဟောသော သမာဓိသည် မဂ္ဂင်ရှစ်ပါး အနက် 'သမာဓိက္ခန္ဓမဂ္ဂင်'များကို ကိုယ်စားပြုသောသမာဓိ ဖြစ်ရပေမည်။ ဤ သမာဓိ၏သဘောသည် ဆရာတော်ရှင်ဗုဒ္ဓဃောသဖွင့်ပြသော စိတ်မကူးခြင်းဟူသော သမာဓိ၏ သဘောအဖွင့်နှင့် ညီညွတ်ပါမည်လော။

ဘုရားသျှင်သည် သတ္တဝါတို့အား စိတ်မကူးရန် တားမြစ်ခဲ့ပါသလော? စိတ်သည်လည်း ဤကဲ့သို့မကူးရန် တားမြစ်၍ အကယ် ရကောင်းပါသလော? ဤသို့ရလျှင်ပင် ယင်း၏အကျိုးသည် အဘယ်များ ဖြစ်ပါမည်နည်း?

ဆရာတော်ရှင်ဗုဒ္ဓဃောသ၏ သမာဓိအဖွင့်ကို ဤအချက်များဖြင့် သုံးသပ်ကြည့်ရပါမည်။ စိတ်ကို ရှေးရှုထားသော အာရုံတစ်ခုမှ တစ်ပါး တစ်ခြားသောအာရုံများသို့ မကူးရန် တားမြစ်ခြင်းသည် လောက၌ နည်းလမ်းကျသော မှန်ကန်သောလုပ်ငန်း မဖြစ်နိုင်ပါ။

အဘယ့်ကြောင့်ဆိုသော် စိတ်ကိုယ်၌ကပင်လျှင် ရုပ်ဖြင့်မစွမ်းသာသော ထိုတစ်ချိန် ထိုတစ်နေရာနှင့် ထိုအသွင်အပြင်ဟူသော မျက်မှောက်အချိန် မျက်မှောက်နေရာနှင့် မျက်မှောက်အသွင်အပြင်များကို ကျော်လွှား၍ ကူးခြင်း၌ အသုံးချရသောပစ္စည်း ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းကို တားမြစ်ခြင်းသည် သဘာဝတရားများကို တားမြစ်ခြင်း ဖြစ်သည်။ အပြစ်မရှိသည်ကို တားမြစ်ခြင်း

ဖြစ်သည်။

စိတ်သည် ဖြစ်သည်ဆိုလျှင် ဖြစ်သောနေရာ၌ ဘယ်တော့မျှ ရပ်မနေပေ။ ပစ္စုပ္ပန်ဖြစ်ရပ်နှင့် အတိတ်မှ အမွေ၊ ဤအရာများကို ရောမွှေပြီးလျှင် အနာဂတ်အတွက် ဘဝနိမိတ်ပုံတစ်ခုကို ဖန်မြဲဖြစ်သည်။

လူများ သားစဉ်မြေးဆက် ဖြစ်ပွားစေသကဲ့သို့ ဖြစ်ပါသည်။ စိတ်၏ရွေ့လျားပုံသည် သို့မဟုတ် ကူးပုံသည် ရေလှိုင်းများ၊ လျှပ်စစ်လှိုင်းများ ရွေ့လျားပုံနှင့်လည်း တူညီပါသည်။

ထို့ကြောင့်-

'စိတ်၏ ကူးတတ်သောသဘောသည် ရိုးသားသော အပြစ်ကင်းသော နိယာမသဘောတစ်ခုသာ ဖြစ်ပါသည်။'

ယင်းသဘောတရားကို တားမြစ်ခြင်းသည် မှန်ကန်သောလုပ်ရပ် မဖြစ်နိုင်ပါ။ ယင်းသဘောသည် လူ့သဘာဝကို ညစ်ထေးစေသည်ဟုလည်းကောင်း၊ သန့်စင်စေသည်ဟုလည်းကောင်း ဘာမျှပြော၍ မဖြစ်သေးသောအရာသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအရာကို တားမြစ်ရန်ကြိုးစားခြင်းသည် အမှန်အကန်ကို ကြိုးစားခြင်း မဖြစ်နိုင်ပါ။ တစ်စွန်းကပ် ကြိုးစားချက်သာ ဖြစ်ပါသည်။

ဤအစွန်းသည် အဘယ်အစွန်းဖြစ်မည်နည်း?

ရှင်းပါသည်။ ဤအစွန်းသည် အတ္တကိလမထာနုယောဂအစွန်းသာ ဖြစ်ရာပါသည်။ ယင်းကြိုးစားချက်ကို ကြိုးစားသူသည် ဆင်းရဲကိန်း ဆိုက်ရပါမည်။ ရိုးသားသန့်စင်မှုလည်း မဖြစ်နိုင်ပါ။ အကျိုးတစုံတရာအဖြစ် အကောင်းအမွန်လည်း ဖြစ်ရန် အကြောင်းမဲ့ပါသည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ထို့ကြောင့် ဤကြိုးစားချက်သည် ဘုရားသျှင်၏ သဘောတရားနှင့် သီးခြားစီ ဖြစ်ပါမည်။ ဘုရားသျှင်သည် သတ္တဝါအများ စိတ်မကူးရန် ပိတ်ပင်ခဲ့ခြင်း မရှိနိုင်ပါ။ ဘုရားသျှင်သည် ဆောင်ရမည့် တရားများကိုလည်းကောင်း၊ ရှောင်ရမည့် တရားများကိုလည်းကောင်း အကျယ်တဝံ့ပင် ဟောကြားခဲ့ပါသည်။ ဤဟောကြားချက်များမှ ရှောင်ရမည့် တရားများတွင် စိတ်ကူးခြင်းကို တွေ့နိုင်ခြင်း မရှိပါ။

စိတ်ကူးခြင်းကို ရှောင်ကြဉ်ခြင်းသည် အသိဉာဏ်မဲ့ဖို့ အလုပ်သာ ဖြစ်နိုင်ပါသည်။ သူတို့သည်-

'စိတ်ကူးခြင်းကို ခွင့်ပြုလျှင် ဆင်းရဲပင်ပန်းခြင်းကို ဖြစ်စေသည်၊ ကိလေသာတို့ကို ပေါက်ပွားစေသည်'-ဤသို့ မှတ်ယူကြပေသည်။

ထို့ကြောင့် သူတို့သည် 'စိတ်ကို ရုပ်အာရုံဖြစ်သော တစ်ခုခုသောအာရုံ၌ ချည်နှောင်ထားလိုကြပေသည်။ ဤသို့ထားလျှင် ကိလေသာများမဖြစ်ဘဲ ဆင်းရဲငြိမ်းနိုင်သည်။ ဤလမ်းစဉ်သည် ဆင်းရဲငြိမ်းရန်လမ်းစဉ် ဖြစ်သည်'-ဤသို့ တွေးတောကြပေသည်။

သူတို့သည် ဤသို့ထိန်းသော်လည်း စိတ်ကို အပြီးအပိုင် ထိန်းနိုင်သည်ဟူ၍ ဘယ်တော့မျှ မရှိပေ။ ထို့ကြောင့် သူတို့သည် စိတ်ကို ကိလေသာများ ဒုက္ခများ ဖြစ်စေကြောင်းဟု များစွာရွံရှာ မုန်းတီးလာကြပေသည်။

သူတို့သည် ဘာကလေးဖြစ်စေ တစ်ခုခုဖြစ်လျှင် စိတ်ကို တရားခံ ချတတ်ကြပေသည်။ ထို့ကြောင့် ကြာသောအခါ စိတ်ကိုမုန်းတီးစိတ်များ မွေးလွန်းသောကြောင့် သူတို့ထံမှ စိတ်များသည် 'သညာမဲ့'သည်အထိ ဖရိုဖရဲကျဲ၍ အသွားခံရလေသည်။

ဤအရာသည် စိတ်ကူးမှုကို တားမြစ်သူတို့ ဆိုက်ရောက်ရမည့်ကိန်း

ဖြစ်ပါသည်။ သို့မဟုတ် ဆရာတော်ရှင်ဗုဒ္ဓဃောသဖွင့်ဆိုသော သမာဓိသဘော ဖွင့်ဆိုချက်အရ ဤသမာဓိကိုဆောင်သူများ ရရှိရမည့် အကျိုးပြစကား ဖြစ်ပါသည်။

ဤအကြောင်းသည် နောက်ထပ် သမာဓိအကျယ်တင်ပြချက်ကို သုံးသပ်ချက်များ၌ ထို့ထက်ထင်လင်းစွာ တွေ့ရမည် ဖြစ်ပါလိမ့်မည်။

ဤသမာဓိသဘောပြစကားသည် ဘယ်နည်းနှင့်မျှ ဘုရားသျှင်ဖော်ဆောင်လိုသော သမာဓိ၏သဘောများ မဖြစ်နိုင်ကြောင်း အထင်အရှားနားလည်နိုင်လောက်ပြီဟု ထင်ပါသည်။

ထို့ကြောင့် သမာဓိသဘော တင်ပြချက်သည် အဖွင့်ခံပုဒ်မှ သမာဓိ၏သဘောနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဆိုသကဲ့သို့ တစ်လမ်းစီဖြစ်သော သမာဓိသဘောနှစ်ပါး ဖြစ်နေပါသည်။ ဤသို့ဖြစ်လျှင် ဘုရားသျှင်၏ သမာဓိသဘောကား မည်သို့ ဖြစ်သင့်သနည်း။

ဘုရားသျှင်သည် မဂ္ဂင်၌ သမာဓိသဘောကို ဟောထားပါသည်။

အဖွင့်ခံပုဒ်မှ သမာဓိသည် မဂ္ဂင်၌ ဟောထားသော သမာဓိပင် ဖြစ်ပါသည်။ ဤသမာဓိ၏အနက်သည် အာရုံတစ်ခု၌ စိတ်များကို ရပ်နားတည်တံ့နေစေခြင်း မဖြစ်နိုင်ပါ။ စိတ်မကူးရခြင်းလည်း မဖြစ်နိုင်ပါ။

ဤသမာဓိ၏သဘောသည် လောက၌ပြောဆိုနေကြသော

'သမာဓိရှိသည်'- ဟူသော စကားများမှ သမာဓိအနက်နှင့် တူညီပါမည်။

အရပ်ထဲ၌ ပြောဆိုနေကြသော သမာဓိရှိသူ၏ အနက်သဘောဖြစ်သော အရာကား အဘယ်နည်း-

'လောက၏ အရှိကို အရှိအတိုင်းသိတတ်သော နိုးကြားမှုရှိခြင်း၊

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ထိုအတွင်းမှ မကောင်းသည်ကို ရှောင်၍ ကောင်းသည်ကိုသာ ဆောင်ခြင်း၊ယင်းသို့ဖြစ်ရန် အတွေးအခေါ်ကို ရွေးရှုထားခြင်း’- ဤသဘောများ ဖြစ်ပါသည်။

ဤသို့သောသူကို အရပ်တွင်း၌ သမာဓိရှိသူဟု ခေါ်ဆိုရပါသည်။

ဤ- အရပ်ထဲမှ သမာဓိ၏သဘောသည် ‘စိတ်ကောင်းထားခြင်း’-ဟူသော အနက်အဓိပ္ပါယ်ထွက်ပါသည်။

‘ဤ စိတ်ကောင်းထားသော သဘောသည်သာလျှင် ဘုရားသျှင် ဖွင့်ဖော်လိုသော သမာဓိ၏သဘော ဖြစ်နိုင်ပါသည်။’

အဘယ့်ကြောင့်နည်းဟူမူ-

‘စိတ်ကောင်းထားခြင်း’-ဟူသည် သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး၏ သဘော အချုပ်ကိုချုပ်လျှင် ဤသို့ပင်ရမည် ဖြစ်သောကြောင့်လည်း တစ်ကြောင်း ဖြစ်ပါသည်။

အဖွင့်ခံပုဒ်၌ ‘စိတ္တံဘာဝယံ’၏ ဒုတိယပုဒ်ဖြစ်သော ‘အာတာပီ’-ဟူသော စကားနှင့် ညီညွတ်သောကြောင့်လည်း တစ်ကြောင်း ဖြစ်ပါသည်။ ထိုအနက် သဘောသည်သာလျှင် သမာဓိ၏ အနက်သဘော ဖြစ်သင့်ပါသည်။

ဆရာတော်ရှင်ဗုဒ္ဓဃောသသည် သမာဓိ၏ အနက်အဓိပ္ပါယ်ကို သဒ္ဒါ ရေးအဖြစ် ဖော်ပြချက်၌ ‘သမဓါနတ္ထေန သမာဓိ’-ဟူ၍ ပြပါသည်။ ကောင်းစွာ ထားခြင်းအနက်ကြောင့် သမာဓိမည်သည် ဟူလို။

ယင်းအဖွင့်သည် သမာဓိတိုင်းနှင့်ပင် သင့်မြတ်နေပါသေးသည်။ ယင်း ကိုပင် ဆရာတော်လိုချင်သော သဘောရောက်အောင် အာရုံတစ်ခု၌ စိတ်,စေ တသိက်များ ညီညွတ်ကောင်းမွန်စွာထားခြင်းဟု ဆက်ဖွင့်ခြင်း ဖြစ်ပါသည်။ ဤ

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

အဖွင့်သည် အဖွင့်ခံပုဒ်၏အနက်နှင့် မညီညွတ်တော့သော အဖွင့် ဖြစ်ပါသည်။ ဆရာတော်၏ ဤအနက်အဖွင့်သည် ရူပါရူပဈာန်များအရ သမာဓိဆီသို့သာ ဦးတည်သွားပါသည်။

ဆရာတော်သည် မဂ္ဂင်ရှစ်ပါး၌ပါဝင်သော သမာဓိ၏ အနက်အတ္ထသည် ရူပါရူပဈာန်များဟုပင် နှလုံးသွင်းလည်းရှိဟန် တူပါသည်။ ဤ-သမာဓိအခန်း၌ ရူပါရူပဈာန် သမာဓိအဖွင့်များဖြစ်ကြောင်း သိပါလျက် လိပ်ပြာလုံလုံဖြင့် ဖွင့်ပြနေသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ရူပါရူပသဘောများသည် မှီဝဲအပ်သောသဘောများ မဖြစ်နိုင်ပါ။ အတ္တကိလမထာနုယောဂလမ်းများ ဖြစ်ပါသည်။ ဆရာတော်မူကား အတ္တကိလမထာအကျင့်-ဟူသည် ရေငုပ်ခြင်း, မီးလှုံခြင်း, တုံးခုန်ခြင်းစသည်လောက်ကိုသာ ယူဆဟန်ရှိပါသည်။

ဤအရာများသည် အတ္တကိလမထာနုယောဂများ ဖြစ်သကဲ့သို့ ရူပါရူပဈာန်များ ပွားစီးမှုသည်လည်း အတ္တကိလမထာနုယောဂများပင် ဖြစ်ပါသည်။ ဤအကြောင်းသည် အကျယ်ဝေဖန်၍ ပြသင့်သောအရာ ဖြစ်ပါသည်။ နောက်၌ အလျဉ်းသင့်လျှင် ပြပါဦးမည်။

ရူပါရူပသမာဓိတို့ သဘောသည် ဤ၌ အဖွင့်ခံသမာဓိ၏ သဘောနှင့် မတူကွဲပြား ခြားနားရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်၏ သမာဓိသဘောပြဆိုချက်များသည် ဤအဖွင့်ခံပုဒ်၏ သမာဓိသဘောနှင့် မဆိုင်ကြောင်း သိအပ်ပါသည်။

ဤ၌ သမာဓိ၏ အနက်သဘောသည် စိတ်ကောင်းထားခြင်း၊ စိတ်ညစ်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

စရာများကို လက်မခံ၊ ပယ်လှန်သောစိတ်ထားရှိခြင်း၊ သီလပျက်မှုဆီသို့ ဦးတည်သော အတွေးအခေါ်များကို တော်လှန်၍ စိတ်ကို တည်ရှိစေခြင်း၊ ဤသို့သော သဘောများ ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဤ၌ သမာဓိသည် စိတ်ကို တစ်ခြားအချိန်၊ တစ်ခြားနေရာနှင့် တခြားအာရုံများသို့ စိတ်မကူးစေခြင်း-ဟူသော အနက်သဘော မရှိပါ။ 'ကောင်းမြတ်သောစိတ်ထား ရှိခြင်း'-သာ ဖြစ်သည်။

ဤသို့ ဆိုလိုခြင်း ဖြစ်ပါသည်။

၂၆။ သမာဓိ၏သရုပ် သုံးသပ်ချက်

ဤမျှဖြင့် သမာဓိ၏သဘော တင်ပြချက်ကို သုံးသပ်ခဲ့ချက်များ လုံလောက်ပြီ-ဟု ထင်ပါသည်။ ဆက်လက်၍ သမာဓိ၏သရုပ်ထုတ်ပြချက်များကို သုံးသပ်ပါမည်။

သမာဓိအတွက် အနက်ကောက်ယူမှု၌ ခြားနားခဲ့ပြီဆိုလျှင် သရုပ်ကောက်ယူမှု၌လည်း ဧကန် ခြားနားရမည်သာ ဖြစ်ပါသည်။ ဆရာတော်သည် သမာဓိသဘော ကောက်ယူမှု၌ ချွတ်ချော်ခဲ့သောကြောင့် သမာဓိသရုပ် ထုတ်ဆောင်မှုလည်း ဆက်လက်၍ ချွတ်ချော်ရမည်မှာ သေချာလှပါသည်။

သမာဓိသရုပ်ကို ဆရာတော် ဘယ်သို့ ထုတ်ပါသနည်း?

ဆရာတော်သည် သမာဓိသရုပ်ကို ဥပစာရ, အပ္ပနာ၊ လောကီ, လောကုတ္တရာ-ဤသို့ စသည်ဖြင့် ထုတ်ထားပေသည်။ ဆရာတော်သည် သဘော၌ ကန်းခဲ့ပြီဖြစ်လျှင် သရုပ်၌ ရမ်းရပေတော့မည်မှာ ဓမ္မတာ ဖြစ်ပါသည်။

အဖွင့်ခံသမာဓိ၌ ဤသရုပ်များ အမှန်ရှိသင့်သည် မဟုတ်ပေ။

အဖွင့်ခံသမာဓိသည် လောကုတ္တရာဖြစ်လျက် အဘယ်သို့ လောကီ,

လောကုတ္တရာ နှစ်မျိုးကွဲမည်နည်း။

ဆရာတော်ကား ဤနေရာမျိုး၌ သမာဓိ-ဟူ၍ ခေါင်းစည်းစာတပ်ခံရသော အရာမှန်သမျှ သရုပ်လုပ်ဖို့ ကြိုးစားတော့မည် ဖြစ်သည်။

ဤသရုပ်များသည် ဤသို့ အဖွင့်ခံပုဒ်နှင့်သာ မညီမညွတ် မဖြစ်သည် မဟုတ်၊ သရုပ် ဇကန်ဟုတ်သော သရုပ်လည်း မဟုတ်ပေ။ ပရိယာယ်များမျှသာ ဖြစ်လိုက ဖြစ်ရပေမည်။ ပရိယာယ်များကို ဆရာတော်သည် သရုပ်လုပ်ပြနေပေသည်။ ဤသို့ လုပ်ပြနေသဖြင့် လေ့လာသူအား ဦးနှောက်ခြောက်စေရုံမျှ ဖြစ်ပေမည်။ ထုတ်ဆောင်သူအားအထင် အထားခံရသောအကျိုးမူကား ရှားရှားပါးပါး ရရှိနိုင်ပါသည်။

ဤနေရာ၌လည်း အလိုရှိအပ်၍၊ သရုပ်လည်း အစစ်အမှန်မည်သော သရုပ်ကား 'သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး'-သာ ဖြစ်ပါသည်)။

၂၇။ သမာဓိ၏ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် သုံးသပ်ချက်

ဆရာတော်၏ သမာဓိ ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်ကောက်ပြချက်များလည်း မမှန်ပေ။ သမာဓိ၏ ပစ္စုပ္ပဋ္ဌာန်,ပဒဋ္ဌာန်ကို မတုန်လှုပ်ခြင်း၊ မျက်မှောက်ချမ်းသာစွာနေရခြင်း စသည်တို့ဟူ၍ ဖြစ်သည်။ မထိမမိသော အရ-များသာ ဖြစ်ပါသည်။

သမာဓိ၏ ပစ္စုပ္ပဋ္ဌာန်သည် ပညာများဖြစ်ပွားစေခြင်းများ ဖြစ်သည်။ ဟုတ်ပါသည်)။ အဘယ့်ကြောင့် သမာဓိကိုပွားရသနည်း။ သီလများ ပိုမိုခိုင်မာသည်ထက် ခိုင်မာရန် ပညာရှိဖို့ လိုပါသည်။ ပညာရှိလျှင် သီလလုံပါသည်။ သီလလုံလျှင် ပတ်ဝန်းကျင်၏ ယုံကြည်စိတ်ချမှုကို ခံရပါသည်။ ဤသို့ခံရလျှင် ငြိမ်းချမ်းပါသည်။ ထို့ကြောင့် ပညာသည် သမာဓိ၏ ပစ္စုပ္ပဋ္ဌာန် ဖြစ်ပါ သည်။

သမာဓိ၏ ပဒဋ္ဌာန်လည်း ဆရာတော်ကောက်ယူချက် မမှန်ပါ။ သမာဓိ

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

၏ ပဒဌာန်သည် သီလ ဖြစ်ပါသည်။ သီလရှိသူအား သမာဓိပြည့်စုံနိုင်ပါသည်။

ဤမျှဖြင့် သမာဓိဆိုင်ရာ ပထမနှင့်ဒုတိယပုစ္ဆာနှစ်ရပ်၏ ဖြေကြားချက်ပြီးပါပြီ။

၂၈။ သမာဓိပွားများနည်း သုံးသပ်ချက်

ဆက်လက်၍သုံးသပ်ရမည်မှာ သမာဓိပွားများနည်းကား အဘယ်နည်း -ဟူသော တတိယပုစ္ဆာဖြေကြားချက် ဖြစ်ပါသည်။

ဤဖြေကြားချက်၌ ဆရာတော်သည် အချက်ရှစ်ချက် ပြထားပါသည်။ ယင်းတို့မှာ-

(၁) သီလတည်ခြင်း။
(၂) အနှောင့်အယှက်ဆယ်မျိုးကို ဖြတ်ခြင်း။
(၃) ကမ္မဋ္ဌာန်းဆရာထံ ကပ်ရောက်ခြင်း။
(၄) ကိုယ့်အကြိုက်နှင့်တော်သော ကမ္မဋ္ဌာန်းကို ရွေးချယ်ခြင်း။
(၅) မတော်သောနေရာကို ရှောင်ခြင်း။
(၆) တော်ရာကို ဆောင်ခြင်း။
(၇) အနှောင့်အယှက်ငယ်များကို ရှင်းခြင်း။
(၈) ဘာဝနာ အစီရင်အတိုင်း ပွားများခြင်း-စသည်တို့ ဖြစ်ပါသည်။

ဤရှစ်ချက်အနက် ကမ္မဋ္ဌာန်းယူခြင်းကို အကျယ်ပြဆိုရာ ဤအခန်း၌ ရှေ့လေးချက်ကိုသာ အကျယ်ပြလေသည်။ သို့မဟုတ် ရှေ့လေးချက်အနက် သီလ၌တည်ခြင်းအချက်ကိုကား ပြပြီးဖြစ်၍ အနှောင့်အယှက်ကြီးဆယ်မျိုးကို ဖြတ်ခြင်း ၊ကမ္မဋ္ဌာန်းဆရာထံ အပ်နှံခြင်း၊ အကြိုက်နှင့်လိုက်သောကမ္မဋ္ဌာန်းကို ရွေးချယ်ခြင်း ဤသုံးချက်ကိုသာ ဖွင့်ပြပေသည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဤသုံးချက်ကို ဆက်လက်၍ အနည်းအကျဉ်းမျှ သုံးသပ်ပါမည်။ ဤကမ္မဋ္ဌာန်းပွားနည်း အစီအရင်များသည် လောကီသမာဓိဆိုင်ရာများ အတွက်သာဖြစ်ကြောင်း အရိယာမဂ်နှင့်ယှဉ်သော သမာဓိဘာဝနာအတွက်မူကား ဤသို့မဟုတ်ဘဲ ပညာဘာဝနာ အစီအရင်အတိုင်း ဖြစ်ကြောင်း ဆရာတော်ကိုယ်တိုင် ပြဆို မိန့်မှာပေသည်။

ထို့ကြောင့် ဤအစီအရင်များသည် လောကုတ္တရာသမာဓိပွားစီးမှု မျက်စိနှင့် ကြည့်မည်ဖြစ်၍ အားလုံးပင် အချည်းနှီးဖြစ်နိုင်ပါသည်။ ဤနေရာသည် အဖွင့်ခံပုဒ်သည် လောကီသမာဓိပုဒ် မဟုတ်သောကြောင့် လောကီသမာဓိပုဒ် မဟုတ်သောကြောင့် လောကုတ္တရာပွားစီးမှုမျက်စိနှင့်လည်း ကြည့်၍မဖြစ်ပေ။

၂၉။ ပလိဗောဓများပယ်စွန့်ခြင်းအဖွင့် သုံးသပ်ချက်

အနှောင့်အယှက်ကြီးဆယ်မျိုး ဟူသည်ကား 'ကျောင်းဒါယကာ၊ လါဘ်သပ္ပကာ အပေါင်းအသင်း၊ အလုပ်၊ ခရီးယာယီ၊ ဆွေမျိုး၊ ဖျားနာ၊ ကျမ်းစာ၊ တန်ခိုး'-တို့ ဖြစ်ကြသည်။

ကမ္မဋ္ဌာန်းအားထုတ် သမာဓိထူထောင်မည့်သူသည် ဤပလိဗောဓများကို ဖြတ်ရမည်ဟု ဆိုပါသည်။ ဤဆယ်မျိုးကို အငဲ့အကွက် အကြောင့်အကျ မဖြစ်ရ-ဟူလိုပါသည်။

ထို့ကြောင့် ပလိဗောဓများကို ဖြတ်ရမည်ဟု ပြဆိုချက်စကားသည် ကမ္မဋ္ဌာန်းအားထုတ်လိုသူများ သစ်ပင်ကို မှီဝဲသင့်သည်။ တကာမဲ့ နေသင့်သည်၊ လာဘ်မဲ့နေသင့်သည်၊ အဖော်အသင်းမဲ့ နေသင့်သည်၊ အလုပ်မဲ့ နေသင့်သည်၊ အသွားအလာမဲ့ ကုပ်ကုပ်ရုပ်ရုပ် နေသင့်သည်၊ ဆွေမျိုးနှင့်ဝေးရာအရပ်၌ နေသင့်သည်၊ ဣဒ္ဓိပါဒ်များ မပွားဘဲ နေသင့်သည်၊ ဤသို့ အဓိပ္ပါယ်ရောက်ပေသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤအရာများကိုစု၍ ရဟန်းကို ပုံဖော်လျှင် ရဟန်းသည် ယခုခေတ် ပြာဟ္မဏဆာဒူးတစ်ယောက်နှင့် များစွာ တူညီနေပေသည်။ ဆရာတော်သည် ရဟန်းများကို ဤသို့ ပုံဖော်ပေးနေပါသည်။

ကျောင်းသည်လည်း အနှောင့်အယှက်ကြီး ဖြစ်သည်။ ကျောင်းကိုလည်း ဖြတ်ရမည်။ သစ်ပင်အောက်၊ လွင်တီးခေါင်၊ ကောက်ရိုးပုံ၊ သဘာဝတောင်ခေါင်း၊ လဟာပြင် ဤသို့နေရန် ညွှန်းဆိုနေပါသည်။

အကယ်၍ ဤသို့ မနေလျှင်လည်း ဤသို့နေသည်နှင့် မခြားနေရန် ညွှန်းဆိုနေပါသည်။ အာဝါသပလိဗောဓအတွက် ဆရာတော်ပြဆိုသော ဆရာတော့်သုတ္တန်သည် ထင်ရှားပါသည်။ အနုရာဓမြို့သား သူငယ်ချင်းရဟန်းနှစ်ပါး သုတ္တန် ဖြစ်ပါသည်။ ကျောင်းကိုမှီဝဲလျှင် ပလိဗောဓမဖြစ်ရန် ဤသုတ္တန်တွင်းမှ ထူပါရုံမထေရ်ကဲ့သို့ မှီဝဲရမည်-ဟု စံညွှန်းပြထားပါသည်။ ဤသုတ္တန်သည် လာဘပလိဗောဓစသော ပလိဗောဓများဖြတ်ဟန်လည်း စံညွှန်းပြုရမည့် သုတ္တန် ဖြစ်ပါသည်။

တဖန် ကုလပလိဗောဓ မဖြစ်မှုအတွက်လည်း စံညွှန်းသုတ္တန်တစ်ခု ဟောပါသေးသည်။ ကောရဏ္ဍကကျောင်းနေ မထေရ်၏ဝတ္ထု ဖြစ်ပါသည်။ မိဘများကိုပင် ‘ငါသည် သင်တို့သား’-ဟု မပြောဘဲ တစ်ဝါတွင်းလုံး ဝင်ထွက်နေထိုင်ခြင်းကို ဤဝတ္ထုဖြင့် ပြပေသည်။ ဤသို့နေခြင်းသည် ကုလပလိဗောဓ မဖြစ်ခြင်းဟု ပြပေသည်။

ဤဖြတ်မည့် ပလိဗောဓများကို ပြဆိုချက်စကားများသည် ရဟန်းကို လူများနှင့် အချင်းချင်း အမှီသဟဲပြုနေခြင်းမှ မောင်းထုတ်ခြင်း၊ ခွဲခွါခြင်း ဖြစ်

ပေသည်။ တောအတွင်းသစ်ပင်အောက်သို့ အဖော်မမှီး တစ်ပါးတည်းဖြစ်ရန် မောင်းထုတ်ခြင်းပင် ဖြစ်သည်။

ဤကဲ့သို့သော ရဟန်း၏အဖြစ်သည် စစ်မှန်သောရဟန်း၏အဖြစ် ဟုတ်ပါသလော။ တောနေရာသည် ရဟန်းတို့နေရာ ဟုတ်ပါသလော။ ဘုရားသျှင်သည် ရဟန်းတို့နေရာကို အဖော်မမှီး တစ်ဦးတည်းနေရသော နေရာအဖြစ် ညွှန်ပြလိုပါသလော။

ဘုရားသျှင်၏ နှလုံးသွင်းတော်၌ ‘သံဃာဘောင်ကြီး တည်ထောင်ခဲ့ခြင်းသည် လူတို့အတွက် အကျင့်စာရိတ္တဆိုင်ရာ အမြုတေများကို တည်ထောင်ခြင်း’-ပင် ဖြစ်ပါသည်။ ဗုဒ္ဓဝါဒ၏ အဘိဓမ္မာကို ဘယ်မျှဆန်းစစ်သည်ဖြစ်စေ ရှေ့နောက်ညီညွတ်သော ဆန်းစစ်ချက်ဖြစ်လျက် ဤအတိုင်းတွေ့ရမည် ဖြစ်ပါသည်။

ထို့ကြောင့် တောအရပ်သည် ရဟန်းများနှင့် ဘာမျှမဆိုင်သောနေရာ ဖြစ်ပါသည်။ အထူးအားဖြင့် တကာများနှင့် အဆက်အသွယ်ပြတ် နေထိုင်ခြင်းသည် ရဟန်းများမလုပ်အပ်သောအရာသာ ဖြစ်ပါသည်။

ဆရာတော်သည် ဘုရားသျှင်၏ အဘိဓမ္မာအပေါ်၌ နှလုံးသွင်းချော်ချွတ်ခြင်းမှ ရဟန်းများ၏ စစ်မှန်သောဘဝ ဘယ်၌ရှိသည်ကို သိခြင်းလည်း မဖြစ်ဘဲ ရှိနေပါသည်။ ထို့ကြောင့် ရဟန်းများဘဝကို အဖော်မမှီး တစ်ယောက်တည်း တောထဲနေရာကို ညွှန်ပြနေခြင်း ဖြစ်ပါသည်။ ပလိဗောဓဆယ်ပါးကို ဖြတ်စေခြင်းသည် ဤသို့ညွှန်ပြနေခြင်းပင် ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤပလိဗောဓဆယ်ပါးသည် အထက်လမ်းသမားများ ကျင့်သုံးသော လမ်းသာ ဖြစ်ပါသည်။ သူတို့သည် အတ္တကိလမထာနုယောဂ ဝါဒီများ ဖြစ်ပါသည်။ ပြာဟ္မဏ ဆာဒူးကြီးများသည် ဤသို့သောလမ်းစဉ်ကို ကျင့်သုံးပါသည်။ ဤပလိဗောဓဖြတ်မှု လုပ်ငန်းသည် အထက်လမ်းဖြစ်သော ရုပါရူပစျာန်များ ပွားရန်အတွက် အခြေခံဘူမိဖြစ်သော သီလ ဖြစ်ပါသည်။

ယင်းစျာန်များကို ပွားစီးခြင်းဖြင့် ရရှိမည့်အကျိုးကား ထိပ်ဆုံးအားဖြင့် နှစ်ပါးသာ ရှိပါသည်။ အမှတ်ပျက်ပြီးတည်ခြင်းနှင့် အမှတ်ရှိသည်-ဟု ပြောရရုံမျှသာ ရှိတော့ခြင်းများ ဖြစ်ပါသည်။ ဤသို့ဖြစ်ခြင်းသည် လူ့ဘဝ၏ဆင်းရဲကို မဖြေရှင်းနိုင်တော့အောင် ထောင့်ကပ်သွားခံရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤသမာဓိထူထောင်မှုပြ စကားများသည် အမှားချည်းဖြစ်ကြောင်း ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ယခု ထူထောင်မှု၏ အစိတ်အပိုင်းဖြစ်သော ဤပလိဗောဓ ဖြတ်ခြင်းပြ စကားသည်ပင် မှားယွင်းသောပုံ ပေါ်ကြောင်း ရဟန်းတို့ဘဝဖြစ်သော အလယ်အလတ်ကျင့်စဉ်နှင့် တောင်,မြောက်ကဲ့သို့ တခြားစီဖြစ်ကြောင်း သိသာခွင့် ရနေပါသည်။

ဤမျှဖြင့် ပလိဗောဓစကားများ သုံးသပ်ချက် အဆုံးသတ်ပါမည်။ ဆက်လက်၍ ကမ္မဋ္ဌာန်းဆရာထံ ချဉ်းကပ်ခြင်းပြစကားများကို သုံးသပ်ပါမည်။

၃၀။ ဆရာအား ခန္ဓာကိုယ်အပ်နှံခြင်း သုံးသပ်ချက်

ကမ္မဋ္ဌာန်းဆရာထံ ချဉ်းကပ်ခြင်းပြစကား၌ ဆရာတော်သည် ဆရာ၏ အင်္ဂါများ၊ ချဉ်းကပ်သင့်သောဆရာများ၊ ချဉ်းကပ်သောအခါ ဆရာ၌ ပြုကျင့်သင့်သောဝတ်များကို အကျယ်တဝံ့ပင် ပြဆိုပါသည်။ ဤအသေးစိတ် ပြဆိုချက်များသည် အပြစ်တစ်စုံတစ်ရာတင်ဖွယ် ရှိကောင်းမှ ရှိပါမည်။ ဆရာသမား၌ တပည့်များပြုသင့်သောဝတ်သည် အကောင်းဆုံးဖြစ်ရန်လိုသည် မဟုတ်ပါလော။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဤသို့ ချဉ်းကပ်ရုံဖြင့်မပြီးဘဲ ကိုယ်အကျင့်အားလျော်သော ကမ္မဋ္ဌာန်း ရွေးပြီးနောက် ထိုကမ္မဋ္ဌာန်းဆရာသို့ မိမိကိုယ်ကို အပ်နှင်းစေနေပါသည်။ အပ်နှင်းခြင်းသည်လည်း ကမ္မဋ္ဌာန်းသင်ပေးရန် အပ်နှင်းခြင်းဖြစ်၍ သင့်သည်ပင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော်လည်း ဆရာတော်၏ အပ်နှင်းခြင်းအတွက် ထုတ်ပြသော သုတ္တန်အရမူ သင့်ရန်အခက်အခဲ ရှိပါသည်။

ဆရာတော်ထုတ်ပြသော သုတ္တန်အမည်ကား 'စူဠပိဏ္ဍပါတိကဿ မထေရ်၏တပည့်များ'-ဟူ၍ ဖြစ်ပါသည်။ ဝတ္ထုမှာ ဤသို့ဖြစ်ပါသည်-

တစ်နေ့၌ မထေရ်ထံသို့ တပည့်သုံးဦး ရောက်လာပါသည်။ တစ်ဦးသော ရဟန်းသည် ဆရာအား ဤသို့လျှောက်ပါသည်- 'အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့အတွက် ဖြစ်ပါစေ'-ဟူ၍ ဖြစ်သည်။ ဆက်၍လျှောက်သည်မှာ 'အတောင်တစ်ရာနက်သော ချောက်သို့ပင် ခုန်ချဖို့ အားထုတ်ပါမည်'-ဟူ၍ ဖြစ်သည်။

နောက်နှစ်ပါးလည်း ရှေ့စကားကို ဤအတိုင်းပင် လျှောက်သည်၊ နောက်စကားကို 'ခြေဖဝါးမှစ၍ ကျောက်နှင့်သွေးလျင်ပင် အကြွင်းမဲ့ကုန်ဆုံးအောင် အားထုတ်ပါမည်'-ဟူ၍ တစ်ပါးသောရဟန်းက လျှောက်ထားသည်။ ကျန်တစ်ပါးကား ဤသို့လျှောက်ပေသည်။ 'အသက်ရှူရှိုက်ခြင်းချုပ်ဆုံးပြီး သေဆုံးသည်အထိ အားထုတ်ပါမည်'-ဟူ၍ ဖြစ်သည်။

ဆရာထံသို့ချဉ်းကပ်သူသည် ဤသို့ချဉ်းကပ်သင့်သည်-ဟု ညွှန်းပြခြင်း ဖြစ်သည်။ ဆရာထံသို့ မိမိကိုယ်ကို ဤသို့-အပ်နှင်းရမည်ဟူလို။ ဤဝတ္ထု အကြောင်းအရာများသည် လွန်သော အကြောင်းအရာများပင် ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းတောင်းလာသူ ရဟန်းများသည် အသက်အသေခံလို၍ လာသလော။ ငြိမ်းချမ်းခြင်းနှင့်အတူ အသက်ရှင်နေထိုင်လို၍ လာသလော။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤအမေး၏အဖြေသည် ရှင်းလှပါသည်။ ဘယ်နည်းနှင့်မျှ ဆရာ့အတွက်လာကြခြင်း မဖြစ်နိုင်ပေ။

ထိုသို့ဖြစ်လျက် ထိုရဟန်းများ ပြောဆိုသော စကားများသည် မိမိတို့ရည်ရွယ်ချက် ပျောက်ဆုံးရာဆီသို့ ဦးတည်နေသည် မဟုတ်ပါလော။ ထမင်းဆာသူသည် ထမင်းမရလျှင် အဆိပ်ကို စားမည်လော။

'ဆရာအကျိုးရှိမည်ဆိုလျှင် ချောက်ထဲခုန်ချပါမည်၊ ကျောက်မှာ အသွေးခံပါမည်၊ အသက်ရှူရပ် သေပေးပါမည်'- ဤသို့သောစကားမျိုးကို အဘယ်သူပြောမည်နည်း။

ထိုစကားများသည် စကားလှများသာ ဖြစ်ပါသည်။ ဤသို့သောစကားများကို ရဟန်းများ ပြောသင့်ပါသလော။ အထူးအားဖြင့် ဤရဟန်းများသည် အမှန်တရားဆာလွန်းသော ရဟန်းများ ဖြစ်ပါသည်။ ထို့ကြောင့် စကားလှများကို ပို၍မပြောသင့်ပါ။

ကမ္မဋ္ဌာန်း အားထုတ်အံ့ဆဲဆဲ ပုဂ္ဂိုလ်အတွက် ဤကဲ့သို့သော စကားအလှများသည် ဘုန်းကြီးနှင့်ဘီးဆိုသကဲ့သို့ ဘာမျှမဆိုင်သော အရာသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအပြုအမူသည် လွန်သောအပြုအမူ ဖြစ်ပါသည်။

ငြိမ်းချမ်းခြင်းနှင့် အသက်ရှင်နေထိုင်ရန်အတွက် တရားလိုလားသူအားဆရာ့အတွက် အသက်သေသည်အထိ တာဝန်ယူရန် ဝန်ခံခိုင်းခြင်းသည် အလွန်အဆက်အစပ်မဲ့မှု စိတ္တဇဆန်မှုများ ဖြစ်ပါသည်။

ရိုးသားသောဆရာ့ထံ၌ ဤသို့သော စိတ္တဇစကားကို သွားလျှောက်မည်ဆိုလျှင် ထိုလျှောက်သူအား အကျယ်လောင်ဆုံး ဟားတိုက်ရယ်မြူး သရော်လိုက်မည် မလွဲဖြစ်ပါသည်။ ထို့ပြင် အောက်ပါအတိုင်း မေး၍လည်း ရှုတ်ချမောင်း

မဲရန် အကြောင်းရှိပေသည်။

'သင် တရားရချင်ခြင်းသည် တရားအတွက် ရချင်ခြင်းလော။ သင့်အတွက် ရချင်ခြင်းလော။ သင်သည် ငါ့အတွက် တရားလာသင်ခြင်းလော။ လူမိုက်-သင့်ကိုဆရာလုပ်မည့်သူ ရှားလွန်း၍ ငါ့ထံလာခြင်းလော။ သင်ကဲ့သို့ တုံးလွန်းသူကို ငါမသုံးလို၊ ပြန်တော့'-ဟူ၍ဖြစ်သည်။

ဤသုတ္တန်ဖြင့် ဆရာ့ထံအပ်နှံခြင်းသည် ဆရာနှင့်တပည့်တို့အား မကွဲပြားသည်ကို ကွဲပြားအောင် ခွဲခြားခြင်း ဖြစ်ပါသည်။ သို့မဟုတ် တပည့်အား နာမ်နှိမ်ခြင်းတစ်မျိုးကို ပြုခြင်းဖြစ်ပါသည်။

ရဟန်းတို့ဘဝ၌ ဆရာသည် တပည့်အား အကယ်ပိုင်ဆိုင်သည် မဟုတ်ပေ။ ဆရာသည် တပည့်၏ လမ်းညွှန်သာ ဖြစ်ရပါသည်။ ဆရာသည် ဤနည်းဤပုံအားဖြင့် အပိုင်စီးလိုက်လျှင် မလိုလားအပ်သောအဖြစ်များ တစ်ပွေ့တစ်ပိုက်ကြီး ဖြစ်ပွားလာမည် ဖြစ်ပါသည်။

စင်စစ်၌ မိမိကိုယ်သည် မည်သူ့အားမျှ ပေးသင့်သည် မဟုတ်ပေ။ ပေး၍လည်းရမည် မဟုတ်ပေ။ ပေးလျှင်လည်း ကောင်းကျိုးကို ဖြစ်စေနိုင်သည် မဟုတ်ပေ။

ဆန့်ကျင်ဖက်အာရုံရှိသော တပည့်သည် ဤသုတ္တန်မှ ညွှန်းသည့်အတိုင်း မိမိကိုယ်ကို အပ်သည်ဆိုလျှင် ဘယ်သို့ ဖြစ်ပေါ်လာမည်နည်း။ 'ပညတ်သွားရာ၌ ဓါတ်သက်ပါသည်'-ဆိုသောစကားသည် အမှန်စကား ဖြစ်သည်။ မောင်နှစ်မဟုပညတ်ရှိလျှင် မောင်နှစ်မဖြစ်နေသော်လည်း ယင်းမောင်နှစ်မကိုပင် လက်ထပ်ပေးပြီး လင်မယားဟု ပညတ်လိုက်လျှင် အကယ်လင်မယား ဖြစ်သွားပေသည်။

တပည့်မသည် ဆရာ့ထံ ကိုယ်ကို အပ်နှံထားအံ့၊ ဆရာ့အတွက် လိုရာ

သုံး၊ ပေးသည် ဆိုအံ့။ ဆရာသည် တလွဲ၌ အသုံးလိုလာလျှင် အဘယ်သို့ ရှိမည်နည်း။ တပည့်မ၌ ငြင်းဆိုရန် အားကုန်လျက် ရှိရတော့မည် မလွဲဖြစ်သည်။ ဤသို့ဖြစ်ပွားချက်များလည်း အများပင်ရှိနေပါသည်။

ထို့ကြောင့် ဆရာတော် ရှင်ဗုဒ္ဓဃောသသည် အလွှန်ဝါဒီသမားပီပီ အစစ၌ အလွန်ကိုချည်း ဟောဆိုပေသည်။ ဤ၌လည်း အလွန်ပင်-ဟောပြန်ခြင်း ဖြစ်ပေသည်။ ဤမျှဖြင့် ဆရာ့ထံချဉ်းကပ်ခြင်းဆိုင်ရာ စကားသုံးသပ်ချက် အဆုံးသတ်ပါမည်။

၃၁။ စရိုက်အဖွင့် သုံးသပ်ချက်

ဆက်လက်၍ စရိုက်အကြောင်းကို ဆရာတော်ပြပေသည်။ စရိုက်၏ သရုပ်များကိုလည်းကောင်း၊ စရိုက်၏သဘောများကိုလည်းကောင်း၊ စရိုက်၏ နိဒါန်းများကိုလည်းကောင်း ပြပေသည်။ စရိုက်၏ နိဒါန်းများသည် ထိမိသော နိဒါန်းများ မဖြစ်နိုင်ပါ။ အဋ္ဌကထာဆရာကြီးများ ပြောပြသော နိဒါန်းကို မမြင့်တမြင်ဖြင့် မှုန်မှုန်ဝါးဝါး ဖွင့်ပြနေပေသည်။ ထို့ကြောင့် စရိုက်၏နိဒါန်းများသည် အမှန်နှင့် ကင်းနိုင်ပေသည်။

စရိုက်၏ သဘောလက္ခဏာများသည်လည်း အကယ်နှင့် ကိုက်ညီရန် ခဲယဉ်းပါသည်။ ယင်းတို့ကို ပုဂ္ဂိုလ်၏ အနေအစား၊ အလုပ်၊ အကြည့်အမြင်၊ သဘောမြင်၊ ဤအရာဖြင့် ဆိုထားပါသည်။ ဤအဆိုများသည် လူတစ်ယောက်၌ပင် ရှုပ်ထွေးနိုင်ပါသည်။ သျှတ္တရစာပေကို ဖတ်ရသကဲ့သို့ အဓိပ္ပါယ် ရှိပါသည်။

စရိုက်နှင့်စပ်သော ဤသင်ကြားချက်များသည် အကျိုးများလှမည်

မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ကမ္မဋ္ဌာန်းလေးဆယ်သည်ပင်လျှင် ရဟန်းတို့လမ်း မဟုတ်ကြောင်း တင်ပြလတ္တံ့ဖြစ်၍ ဤကမ္မဋ္ဌာန်းများအတွက် ခွဲခြားရသောစရိုက်သည် အသုံးရှိမည် မဟုတ်ပါ။ ထို့ပြင် ရေရာခြင်း မရှိသည်လည်း တစ်ကြောင်းဖြစ်ပါသည်။

ဤသို့သောအကြောင်းများကြောင့် စရိုက်များကိုတင်ပြချက်အား မသုံးသပ်ပါပြီ။ 'ဘယ်စရိုက် ဘယ်ကမ္မဋ္ဌာန်းနှင့်တော်သည် ဟူရာ၌ တော်၏,မတော်၏မစိစစ်ပါပြီ'-ဟု ဆိုလိုပါသည်။

ထို့ပြင် ဆရာတော်ကိုယ်တိုင် ပြဆိုချက်၌ပင် ရှိပါသည်။ 'ဤကမ္မဋ္ဌာန်းသည် ဤစရိုက်ရှိသူနှင့်သာသင့်သည်ဟု အမြဲယူမနေသင့်၊ အားလုံးကမ္မဋ္ဌာန်းများကို ရှာအပ်သည်'-ဟု ဝန်ခံထားချက် ဖြစ်ပါသည်။

ဤစကားဖြင့် စရိုက်များကို ပြဆို အားထုတ်ခဲ့ရခြင်း၏ အကျိုးသည် ရေရာခြင်း များစွာမရှိ ဖြစ်သွားပါသည်။ ထို့ကြောင့် စရိုက်သည် စကား၌ ထည့်၍ ပြောနေရသော်လည်း စာလှရုံမျှသာ ဖြစ်နေပါသည်။ အကယ် အသုံးကျကျ အရေးပါလှသောအရာ မဟုတ်ပါ။ ထို့ကြောင့်လည်း သုံးသပ်ခြင်းဖြင့် ဤစာလေးရုံပင် အဖတ်ဖြစ်မည်ဖြစ်ပါသည်။ ထို့ကြောင့် စရိုက်ကို မသုံးသပ်ဘဲ ကျော်လွှားပါမည်။

၃၂။ မလျှောက်ပတ်သောကျောင်းများအဖွင့် သုံးသပ်ချက်

ဆက်လက်၍ သမာဓိနှင့်မလျော်သောကျောင်းများ ပြဆိုချက်ကို ဝေဖန်သုံးသပ်ပါမည်။ ဆရာတော်သည် သမာဓိပွားသူ၌ ကျောင်းများ အပြစ်ကင်းဖို့ဟောပါသည်။ အပြစ်ရှိသောကျောင်းကို ဆယ့်ရှစ်ကျောင်း ပြပါသည်။ ကျောင်းကြီး၊ ကျောင်းသစ်၊ ကျောင်းဟောင်း၊ လမ်းပေါ်ကျောင်း၊ ရေကန်ရှိကျောင်း၊ ဟင်းရွက်တောနီးကျောင်း၊ ပန်းဥယျာဉ်နားမှကျောင်း၊ သစ်သီးခြံနားမှကျောင်း၊

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

လူအထင်ကြီးခံကျောင်း၊ မြို့ပေါ်ရွာပေါ်ကျောင်း၊ ထင်းတော,သစ်တောကျောင်း၊ လယ်တဲကျောင်း၊ မတွဲသူရှိသောကျောင်း၊ ဆိပ်ကမ်းပေါ်ကျောင်း၊ နယ်စွန်နယ်ဖျားပေါ်မှကျောင်း၊ နယ်ခြားကျောင်း၊ မသင့်သောကျောင်း၊ မိတ်ကောင်းမရှိသောကျောင်း-ဤကျောင်းများ ဖြစ်ပါသည်။

ဆက်လက်၍ သင့်တင့်သောကျောင်းများကို ထုတ်ပြပြန်ပါသည်။ ဤကျောင်းသည် အရေအတွက်အားဖြင့် ငါးပါးရှိပါသည်။ ဤကျောင်းကိုကား ဘုရားသျှင် ဟောခဲ့ပါသည်။

ဆရာတော်သည် မလျောက်ပတ်သောကျောင်းများကိုလည်း ပြပေသည်။ လျောက်ပတ်သောကျောင်းများပင် အသီးထုတ်၍ ပြပေသည်။ အဘယ်သို့နည်း? မလျောက်ပတ်သောကျောင်း မဟုတ်သော ကျောင်းများသည်ပင် လျောက်ပတ်သောကျောင်း မဟုတ်ပါလော။ သို့မဟုတ်လျှင် လျောက်ပတ်သောကျောင်း မဟုတ်လျှင် မလျောက်ပတ်သောကျောင်း ဖြစ်ရမည် မဟုတ်ပါလော။

ဘုရားသျှင်ဟောခဲ့သော လျောက်ပတ်သောကျောင်းမှ အခြားကျောင်းများထက်လည်း ဆရာတော်ထုတ်ပြသော မလျောက်ပတ်သောကျောင်း အရေအတွက်သည် ပိုလွန်လွန်းနေပါသည်။

ထို့ကြောင့် ဆရာတော် ညွှန်ပြလိုသောကျောင်းသည် ဘုရားသျှင် ညွှန်ပြလိုသောကျောင်းနှင့် သီးခြားနေမည် မဟုတ်ပါလော။ ဘုရားသျှင်သည် ဤအချက်များပြည့်လျှင် သင့်သည်ဟု ညွှန်ပြပြီးဖြစ်လျက်၊ ဆရာတော်သည် ဤအချက်များနှင့် ပြည့်စုံနေရုံမျှဖြင့် မပြီးသေး။ ဤကျောင်းသည် ဘုရားသျှင်ညွှန်ပြသော အချက်များကား ပြည့်စုံ၏၊ သို့သော်လည်း ဟင်းရွက်တော နီးလွန်းသည်၊ ထင်းတော နီးလွန်းသည်၊ မြို့ရွာနှင့် နီးလွန်းသည်၊ သစ်သီးပင် ပန်းပင် ပေါလွန်း

သည်၊ မသင့်သေး။ ဤသို့ဆိုရာ ရောက်ပေသည်။

ထို့ကြောင့် ဆရာတော်ညွှန်ပြလိုသောကျောင်းသည် ရဟန်းများအတွက် ဘုရားသျှင် ညွှန်ခဲ့သောကျောင်း မဟုတ်ဘဲ ဆာဒူးများအတွက် အထက်ဆရာကြီးများ ညွှန်ခဲ့သောကျောင်း ဖြစ်နေပါသည်။

ထို့ကြောင့် ဆရာတော်၏ ကျောင်းရွေးချယ်ရေး စည်းမျဉ်းသည် ရဟန်းများနှင့် မပတ်သက်ဟု ဆိုရပါမည်။ ဤ ကျောင်းရွေးချယ်ရေးစည်းမျဉ်းသည်လည်း ဆရာတော်ပြဆိုခဲ့သော သမာဓိဘာဝနာ၏ ဘုရားသျှင်၏ သမာဓိအနက် မဟုတ်ကြောင်း ထင်ရှားစေချက်ပင် ဖြစ်သည်။

ဆရာတော်သည် ဤဆိုလတ္တံ့သော 'သမာဓိများကို ရဟန်းများ ပွားစေအပ်သည်'-ဟု အထင်မှားနေပါသည်။ ထို့ကြောင့် ဤအခန်း၌ ဘုရားသျှင်၏ 'သမာဓိ'-ဟူသော အဖွင့်ခံပုဒ်ကို လောကီသမာဓိများဖြင့် ဖွင့်ရန် ကြိုးစားနေခြင်း ဖြစ်ပါသည်။

လောကီသမာဓိသည် ဆိုခဲ့ပြီးသည့်အတိုင်းပင် ရဟန်းများ ကျင့်သုံးနေသော အလယ်အလတ်ကျင့်စဉ်နှင့် တခြားစီဖြစ်ပါသည်။ လောကီသမာဓိသည် အထက်လမ်းဆိုင်ရာ အကျင့်တရားသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤသမာဓိကို ပွားစီးမှုဆိုင်ရာ ပြင်ဆင်ချက်၌ပင် ရဟန်းများ၏ ပုံမှန်အနေနှင့် တခြားစီဖြစ်ခြင်း ဖြစ်ပါသည်။

ဤမျှဖြင့် မလျောက်ပတ်သောကျောင်းနှင့် လျောက်ပတ်သောကျောင်း တင်ပြချက်များကို ဝေဖန်ချက် ပြီးပြည့်စုံပါပြီ။ ဆက်လက်၍ ပလိဗောဓေယ်များကို ပယ်ဖြတ်ခြင်းပြ စကားကို သုံးသပ်ပါမည်။

---

၃၃။ ပလိဗောဓေယ်များ အဖွင့် သုံးသပ်ချက်

ဆရာတော်သည် ပလိဗောဓေယ်အဖြစ် ဆံရှည်၊ လက်သည်းရှည်ရှိခြင်း၊ သင်္ကန်း ဟောင်းနွမ်းဆွေးမြေ့ခြင်း၊ သပိတ်၌ ချေးညှော်ရှိခြင်း၊ ညောင်စောင်းများ ပေရေနေခြင်း စသည်တို့ဖြစ်သည်။ ယင်းတို့ကို သုတ်သင်ရမည်ဟု ဆိုပါသည်။

ဘုရားသျှင်၏တရားတော်၌ ဤအလုပ်များသည် တရားပွားများရာ အာရုံအလုပ်များ ဖြစ်ပါသည်။ ဤအလုပ်များသည် တရားအားထုတ်ခြင်းနှင့် သီးခြားစီ မဖြစ်ပါ။ ဆရာတော်၏တရားကား ဤသို့မဟုတ်ပါ။ ဤကိစ္စများနှင့် သီးခြားဖြစ်ပါသည်။ ဤကိစ္စကလေးများသည် သာမန် ဘဝကလေးများပင် အစစ်အမှန် ဖြစ်ပါသည်။ ဆရာတော်ညွှန်ပြအပ်သော တရားသည် ဤဘဝနှင့် သီးခြားစီဖြစ်ကြောင်း သိခွင့်ရပါသည်။

ဤစကားဖြင့်လည်း ဤသမာဓိပွားမှု လုပ်ငန်းသည် ဘုရားသျှင်၏ တပည့်တို့ လုပ်ငန်းမဟုတ်ဘဲ အထက်လမ်းသမား (အတ္တဝါဒီ) ဆာဒူးကြီးများ လုပ်ငန်းဖြစ်ကြောင်း သိသာစေပါသည်။

ဤမျှဖြင့် ပလိဗောဓေယ်များကို သုံးသပ်ချက် ပြီးပါပြီ။

## အခန်း(၆)

# ပထဝီကသိုဏ်းအကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၆)
## ပထဝီကသိုဏ်းအကျယ်ဖွင့် သုံးသပ်ချက်

၃၄။ ပထဝီကသိုဏ်း ဘုရားသျှင်ဟောသလား

ဆက်လက်၍ ပထဝီကသိုဏ်းအကျယ်တင်ပြချက်အပိုင်းကို သုံးသပ်ရပါမည်။ ဆရာတော်သည် ဤသို့သော ကြိုတင်ပြင်ဆင်မှုများ ပြုပြီးနောက် ပထဝီ

ကသိုဏ်းစသော ကမ္မဋ္ဌာန်းတို့ကို ပွားမည်ဟု ဆိုပါသည်။ ထို့ကြောင့် (ရှေးဦးစွာ) ပထဝီကသိုဏ်းကို ထုတ်ပြခြင်း ဖြစ်ပါသည်။

ဆရာတော်သည် ပထဝီကသိုဏ်းအကျယ်တင်ပြချက်၌ အောက်ပါ အချက်များကို တင်ပြထားပါသည်-

ပထဝီကသိုဏ်းပွားများမှုဆိုင်ရာ အစီအရင်များ၊

ပထဝီကသိုဏ်းပွားများခြင်းကြောင့် ရရှိနိမိတ်နှင့်လျော်သော အချက်များ၊

ထိုနိမိတ်မှ အပ္ပနာသို့တက်နိုင်ရန် ပြုလုပ်ဖွယ်အချက်များနှင့်

ပဌမစျာန်စသည်တို့ အစဉ်အတိုင်းရခြင်းများ-

ဤအရာများ တင်ပြထားပါသည်။

ဤ၌လည်း ပဌမဆုံးသော ပထဝီကသိုဏ်းပွားများမှုဆိုင်ရာ အစီရင်များ၌ ပထဝီကသိုဏ်းဝန်း ပြုလုပ်ပုံနှင့် ယင်းရှုပွားပုံကို အပိုဒ်အနည်းငယ်ဖြင့် တင်ပြထားပါသည်။ ပထဝီကသိုဏ်းကို ပွားများသောကြောင့် ရရှိသော နိမိတ်များအကြောင်းကို ပြောပါသည်။ ဤမျှဖြင့် ပထဝီကသိုဏ်း၏ ပွားပုံအစီရင် ပြီးစေပါသည်။

(ဤ၌လည်း ပဌမဆုံးသော ပထဝီကသိုဏ်းပွားများမှုဆိုင်ရာ အစီရင်များ၌ ပထဝီကသိုဏ်းဝန်း ပြုလုပ်ပုံနှင့် ယင်းကို ပွားရှုပုံကို စာပိုဒ်အနည်းငယ်ဖြင့် တင်ပြပါသည်။ ကြွင်းစာပိုဒ်များဖြင့် ပထဝီကသိုဏ်းကို ပွားများသောကြောင့် ရရှိသော နိမိတ်များအကြောင်းကို ပြောပြပါသည်။ ဤမျှဖြင့် ပထဝီကသိုဏ်း၏ ပွားပုံအစီရင် ပြီးစေပါသည်)။

ဤနေရာ၌ ဆရာတော်ပြဆိုထားသော ပထဝီကသိုဏ်းကို အချက်နှစ်ချက်ဖြင့် သုံးသပ်ခံရဖွယ် ရှိပါသည်။ ထို့ကြောင့် အနည်းငယ်မျှ သုံးသပ်လိုပါသည်။

ပထဝီကသိုဏ်းကို ပဌမသုံးသပ်ရမည်မှာ ဤကသိုဏ်းကို ဘုရားသျှင်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဟောခဲ့ခြင်း ရှိနှင့်မရှိ-ဟူ၍ ဖြစ်ပါသည်။ ဒုတိယသုံးသပ်ရမည်မှာ ပထဝီကသိုဏ်းသည် ဤ-ဆရာတော်ပြတော်မူသည့်အတိုင်း ဖြစ်နိုင်-မဖြစ်နိုင်ဟူ၍ ဖြစ်ပါသည်။

ပထဝီကသိုဏ်းကို ဘုရားသျှင်ဟောခဲ့ခြင်း ရှိနှင့်မရှိကို မသုံးသပ်မီ ဤသို့သုံးသပ်သင့်ကြောင်းကို အနည်းငယ်မျှ ဆိုပါမည်။

ပထဝီကသိုဏ်းကို ဤနေရာ၌ တင်ပြချက်သည် ဘုရားသျှင်ဟောကြားခဲ့သော စိတ္တဘာဝနာဟူသောပုဒ်ကို ဖွင့်ပြချက်အဖြစ် တင်ပြချက် ဖြစ်သည်။ ဘုရားသျှင်၏စကားတော်ကိုဖွင့်ရန် တင်ပြချက်သည် ဘုရားသျှင် ဟောခဲ့သလော။ သို့မဟုတ် မဟောခဲ့စေကာမူ ဟောဆိုချက်နှင့်မကင်းသော သဘောတရား ဖြစ်သလော။ ဤသို့စစ်ဆေးသင့်ပေသည်။

ဘုရားသျှင်၏ စကားတော်ကို ဖွင့်ပြရန် ပထဝီကသိုဏ်းကို တင်ပြခြင်း မဟုတ်လျှင်ကား ပထဝီကသိုဏ်းကို ဘုရားဟောဟုတ်နှင့်မဟုတ် စိစစ်ရန်အကြောင်း ရှိကောင်းမှရှိပါမည်။ ယခုမူကား ဤပထဝီကသိုဏ်းအကျယ်တင်ပြချက်သည် ဘုရားသျှင်၏စကားတော်တစ်ခုကို ဖွင့်ပြရန်အတွက် ဖြစ်နေသောကြောင့် ဤ ပထဝီကသိုဏ်းကို ဘုရားသျှင်နှင့် စပ်,မစပ် စိစစ်ရခြင်း ဖြစ်ပါသည်။ ဤသည်မှာ ပထဝီကသိုဏ်းကို ဘုရားဟော-မဟော သုံးသပ်ရခြင်း၏အကြောင်း ဖြစ်ပါသည်။

ဆက်လက်၍ ဘုရားဟော-မဟော သုံးသပ်ပါမည်။

ပထဝီကသိုဏ်းကို ဘုရားသျှင် ဘယ်နေရာ၌ ဟောညွှန်ချက် ရှိပါသနည်း။

ဘယ်ပါဠိ၌ ဘုရားသျှင်သည် ပထဝီကသိုဏ်းကို စိတ္တဘာဝနာအဖြစ်ပွားကြရန် ရဟန်းတို့အား ညွှန်ကြားချက်ပေးထားခြင်းများ ရှိပါသနည်း။

ဤအရာကို ပါဠိပညာရှင်များ အထပ်ထပ် စူးစမ်းရှာဖွေ ဖော်ထုတ်သင့်ပါသည်။

ကျွန်ုပ်ကား ဤပြဿနာကို မဖော်ထုတ်နိုင်ပါ။ ကျွန်ုပ်သည် ပိဋကတ်

ပညာရှင် မဟုတ်ပါ၊ သဘာဝတ္ထကို စူးစမ်းသူမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ထင်မြင်ချက်သာ ပေးနိုင်ပါသည်။ ပထဝီကသိုဏ်းကိုပွားများရန် ဘုရားသျှင်၏ ညွှန်ကြားချက်သည် ပိဋကတ်၌ အာဂမအဖြစ် လုံးဝမရှိနိုင်ဟူ၍သာ ဖြစ်ပါသည်။

ထို့ပြင်လည်း ပထဝီကသိုဏ်းသည် ဤသို့ပင် အာဂမ တိုက်ရိုက်မရှိသော်လည်း ဘုရားသျှင်၏ နှလုံးထားတော်၌ ပထဝီကသိုဏ်း ပွားမည်ဆိုလျှင် ပွားသူကို ချီးမွမ်းမည်လော။ ဤပြဿနာကိုလည်း မဖြစ်နိုင်ဟူ၍ပင် ဖြေလိုပါသည်။

ဆိုလိုသည်မှာ ပထဝီကသိုဏ်းသည် ဘုရားသျှင်၏သာသနာတော်နှင့် မဆီမှမဆိုင်၊ ဘာမျှမဆိုင်သာ ဖြစ်သည်-ဟူ၍ ဆိုလိုပါသည်။ ပထဝီကသိုဏ်းလုပ်ငန်းသည် နလပိန်းတုံးတို့၏ လုပ်ငန်းသာဖြစ်ပါသည်။ လုံးဝ အသိဉာဏ်မဲ့လုပ်ငန်းဟူ၍ ဆိုလိုပါသည်။

ပထဝီကသိုဏ်း ရှုကြည့်မှုလုပ်ငန်းသည် မှားယွင်းသောလုပ်ငန်း ဖြစ်ပါသည်။ လူများမမှိုဝဲအပ်သော၊ မှိုဝဲလျှင် မှိုဝဲသူအား ဆင်းရဲစေသောလုပ်ငန်း ဖြစ်ပါသည်။ ဤစကားများ ထင်ရှားစေရန် ပထဝီကသိုဏ်း၏ ရည်ရွယ်ချက်အကြောင်းကို အနည်းငယ်မျှ ဆွေးနွေးပါမည်။

ပထဝီကသိုဏ်းပွားသူသည် အဘယ်အကျိုးငှာ ပွားခြင်း ဖြစ်သနည်း။ ကိလေသာရန်သူများနှင့် ကင်းကွာစွာ နေရရန် ပွားခြင်းများ ဖြစ်ပါသည်။ ပထဝီကသိုဏ်းပွားသဖြင့် အဘယ်သို့ ကိလေသာများ ကင်းကွာမည်နည်း။ စိတ်ကို အာရုံ
အထူးထူးသို့ မသွားစေသဖြင့် အာရုံအထူးထူး၌ ငြိစွန်းမှုများ ဖြစ်ခွင့်မရဘဲ ရှိသည်။ ထို့ကြောင့် ထိုသူ၌ မငြိမ်းအေးမှုကိလေသာများ မဖြစ်ဘဲရှိသည်။ ဤသို့ပင် ကသိုဏ်း
ပွားခြင်းနှင့် ကိလေသာကင်းစွာနေရခြင်း ဆက်သွယ်သည်။ ဤသို့ ဖြေပေမည်။

ဤသို့ ဖြေသည့်အတိုင်းလည်း ဖြစ်ပေမည်။ ပထဝီကသိုဏ်းအာရုံဖြင့်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ပဌမစျာန်မှသည် စတုတ္ထစျာန်တိုင်အောင် ပွားစီးနိုင်ပေသည်။ ဤအထိလည်း ငြိမ်းအေးမှုများ ဖြစ်ပွားနေပေမည်။

ဤစတုတ္ထစျာန်သို့တိုင် ရောက်သည်အထိ ကသိုဏ်းကို ရှုပွားသော်လည်း စိတ်သည် အာရုံတစ်ပါးသို့ မသွားတတ်သည်ကား မဟုတ်ပေ။ အာရုံတစ်ပါး၌ ညို့မြူမှု အဆင့်မြင့်လျင် မြင့်သလောက် စိတ်သည် စတုတ္ထစျာန်မှထွက်ခွါရန် အသိ-ရှိပေသေးသည်။

ပထဝီကသိုဏ်းဖြင့် ဤစျာန်များသို့ ရောက်နေသူသည် ဤသဘောကို လည်း အထင်းသား သိနေရပေသည်။ ဤသို့ဖြစ်ရလျင် မလိုအပ်ဟုလည်း သူ-သဘောထားပေသည်။ ထို့ကြောင့် ဤသို့မဖြစ်ရန် တရားခံကို ရှာပေတော့သည်။

ပထဝီကသိုဏ်းရှုသူသည် တရားခံကို တွေ့ရှိပေသည်။ ယင်း-တွေ့ရှိသော တရားခံသည် စိတ်ဖြစ်သတည်း။ စိတ်ရှိသောကြောင့်သာ ထိုအာရုံ, ဤအာရုံ အဖုံဖုံသို့ ပြေးလွှား ကူးသွားနေသည်။ ဤသို့ ကူးသွားနေသောကြောင့် မငြိမ်းချမ်း မှုကိလေသာများ ဖြစ်ပွားခံရသည်။ ငြိမ်းချမ်းရန်ဆိုလျင် ယင်းစိတ်ကို ဖောက်ခွဲပစ်ဖို့ ဖြစ်သည်။ ဤသို့ပင် မငြိမ်းချမ်းမှုတရားခံကို ပထဝီကသိုဏ်းရှုသူသည် ဖော်ထုတ်ပေသည်။

ထို့ကြောင့် သူသည် စတုတ္ထစျာန်မှ စိတ်ကို မလျော့ကျစေရန် အထူးသဖြင့် ကြိုးစားပေသည်။ ပထဝီကသိုဏ်းလျင် အာရုံရှိသော စတုတ္ထစျာန်၌ လုံးဝ-စိုက်သွားသောအခါ ပြင်ပအာရုံများကိုယူရန် စိတ်သည် 'အ'-သွားခြင်း ခံရပေသည်။

စိတ်သည် အထွေထွေသော အာရုံများ၌ သိမှတ်တတ်သော အသိအမှတ်များ အပျောက်ဆုံး ခံလာရသည်ဟု ဆိုလိုပါသည်။ ပထဝီကသိုဏ်းကို ပွားများသူ ကိုယ်တိုင် လိုချင်သောပန်းတိုင်လည်း ဤပန်းတိုင်ပင် ဖြစ်ပါသည်။ဤပန်းတိုင်

သည် 'သညာမဲ့'-ဟူသော နာမည်ရှိသောအရာ ဖြစ်ပါသည်။

လူ့လောက၌ ကျောင်းများ,သင်တန်းများ အများအပြား ရှိပေသည်။ ဤအရာများသည် မဖြစ်ပေါ်သေးသော သညာများ ဖြစ်ပေါ်ရန်နှင့် ဖြစ်ပေါ်ပြီးသော သညာများ တိုးတက်ဖြစ်ပေါ်ရန် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤသညာများဖြင့် လူလုပ်ရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ပထဝီကသိုဏ်းပွားစီးသူကား ဤလူ့လောကစွန်း၏ တစ်ဘက်စွန်းသို့ တက်ရောက်လိုက်ပါသည်။ ရှိပြီးသော လူမှုအသိပညာများ ပျက်စီး၍၊ မရှိသေးသော လူမှုအသိပညာများ မဖြစ်ပေါ်တော့ရန်-ဟူ၍ ဖြစ်ပါသည်။

ဤအရာသည် ပထဝီကသိုဏ်းပွားစီးသူ၏ နိဒါန်းနှင့်နိဂုံး ဖြစ်ပါသည်။ ပထဝီကသိုဏ်းပွားသူ၏ လျှောက်ရမည့်လမ်းနှင့် ဆိုက်ရောက်ရမည့်ပန်းတိုင်သည် အခြားအရာ တစ်ခုခုအဖြစ် မရနိုင်ပါ။ ဤအရာများသာလျှင် အစစ်အမှန် ဖြစ်ပါသည်။

ထို့ကြောင့် သူလိုချင်သော ငြိမ်းချမ်းရေးသည် အဘယ်သို့ ရှိပါသနည်း။ ထို့ကြောင့်ပင် ဤပထဝီကသိုဏ်းပွားစီးမှု လမ်းကြီးသည် လမ်းမှားကြီး ဖြစ်ပါသည်။ အသိအမြင်မဲ့လမ်းကြီးသည် လမ်းကြီး ဖြစ်ပါသည်။ နလပိန်းတုံးများသာ လျှောက်သော လမ်းကြီးဖြစ်ပါသည်။

ထို့ကြောင့် ပထဝီကသိုဏ်းရှုပွားမှု လုပ်ငန်းသည် ဘုရားသျှင်တရားတော်နှင့် လုံးဝ မစပ်မဆိုင်သောလမ်းသာ ဖြစ်ပါသည်။ ဘုရားဟောခဲ့သော 'သမာဓိကိုပွားကြ'-ဟူသော စကားအနက်သည်လည်း ပထဝီကသိုဏ်းကို ရှုခြင်းဖြင့်ရသော သမာဓိမျိုး မဖြစ်နိုင်ဘဲ ရှိပါသည်။ ထို့ကြောင့် ပထဝီကသိုဏ်းသည် ဘုရားသျှင်နှင့် မဆိုင်သောအရာ-ဟူ၍သာ တင်ပြလိုပါသည်။

ဤတင်ပြချက်ဖြင့် ပထဝီကသိုဏ်းကို အချက်နှစ်ချက်ဖြင့် သုံးသပ်မည်ဆိုရာ ပဌမအချက်ဖြင့် သုံးသပ်ပြခြင်း ဖြစ်ပါသည်။

၃၅။ ပထဝီကသိုဏ်းသည် ဝိသုဒ္ဓိမဂ်ဆရာ ပြသလို ဟုတ်ပါရဲ့လား

ဆက်လက်၍ ဒုတိယအချက်ဖြင့် သုံးသပ်ပြပါမည်။ သုံးသပ်ရခြင်းအကြောင်းကို ပဋ္ဌမဆိုပါမည်။ ပထဝီကသိုဏ်းသည် ဘုရားဟောနှင့် စပ်ဆိုင်ခြင်းမရှိလိုလျှင် ရှိစေ။ ထိုသို့ဖြစ်သော်လည်း ရှေးအခါက ပြဆိုချက်အဖြစ် ပထဝီကသိုဏ်းသည် အထင်အရှားရှိသည်၊ (ထို့ကြောင့်) ဤထဝီကသိုဏ်းသည် ဘုရားဟောမဟုတ်သော်လည်း လေးစားအပ်သည့်ပြင် လောက၌လည်း ဤပထဝီကသိုဏ်းဖြင့် အကျိုးများသည်ပင်။ ဤသို့ ဆိုသင့်ပါသည်။

ဤသို့ဆိုလျှင် ဆိုနိုင်ရန်ကား အကြောင်းအချက် လိုပါသည်။ ယင်းကား ပထဝီကသိုဏ်းဝန်းဆိုင်ရာ ပြဆိုချက် မှန်ကန်ခြင်း ဖြစ်ပါသည်။ ဤဝိသုဒ္ဓိမဂ်၌တင်ပြသော ပထဝီကသိုဏ်းဝန်းဆိုင်ရာ ပြဆိုချက် မှန်ကန်ခြင်း ဖြစ်ပါသည်။

ဤဝိသုဒ္ဓိမဂ်၌တင်ပြသော ပထဝီကသိုဏ်းဝန်းသည် ရှေးအခါက ဇော်ဂီနှင့် ဇော်ဂနီ သူတော်စင်များ ပွားရှုခဲ့ကြသော ပထဝီကသိုဏ်းဝန်း ဖြစ်ပါမည်လော၊ ဤသို့ စစ်ဆေးသင့်ပါသည်။ ထို့ကြောင့် ရှေးက ပထဝီကသိုဏ်းဝန်းသည် ဤ၌ ပြဆိုသော ကသိုဏ်းဝန်းအတိုင်းပင်လော-ဟူသော ပြဿနာကို ဖော်ထုတ်ရခြင်း ဖြစ်ပါသည်။

ဤမျှဖြင့် ဤပြဿနာကို ဖော်ထုတ်ရခြင်းအကြောင်း ပြည့်စုံပါပြီ။

ရှေးအခါက ဇော်ဂီကြီးများ ရှုပွားခဲ့ကြသော ပထဝီကသိုဏ်းကား ဤဝိသုဒ္ဓိမဂ်၌ ပြဆိုသော ပထဝီကသိုဏ်းအတိုင်းပင် ဖြစ်နိုင်ပါသလော။ ဤအရာသည် အလွန်စဉ်းစားဖွယ်ကောင်းသော အရာ ဖြစ်ပါသည်။

ရှေးအခါက ဣသိကြီးများ၊ ဇော်ဂီများသည် ရှိခဲ့ကြပါသည်။ ထိုသူများ၌ ပထဝီကသိုဏ်း ရှုသူများ၊ ပထဝီကသိုဏ်း ပေါက်မြောက်သူများ ရှိကြပါမည်။ ထိုသူတို့သည် ထိုသို့ပေါက်မြောက်သောကြောင့် ကျော်ဇောဣဒ္ဓိနှင့် ပြည့်စုံခြင်း

များ။ ထို့ကြောင့် ထိုသူတို့၏ ဆိုလိုက်သော စကားသည် စကြဝဠာချဉ်းအောင် လင်းထိန်သွားချက်များ ရှိနိုင်ပါသည်။

စာရေးသူအမြင်အားဖြင့်ဆိုလျှင် ထိုခေတ်ထိုအခါမှ ဣသိကြီးများ၊ ဇော်ဂီကြီးများ ရှုပွားကြသော ပထဝီကသိုဏ်းဝန်းမှာ ဤဝိသုဒ္ဓိမဂ်၌ပြသော ပထဝီကသိုဏ်းဝန်း မဖြစ်နိုင်-ဟု ဆိုချင်ပါသည်။ ဝိသုဒ္ဓိမဂ်၌ ပြဆိုထားသော ပထဝီကသိုဏ်းဝန်းနှင့် ယင်းကို ရှုပွားပုံများသည် အလွန်ရယ်စရာကောင်းသော၊ ရှေးပုဂ္ဂိုလ်တို့အလုပ်ကို သတင်းမဆောင်တတ်သူတို့ ဆောင်မှတ်ထားချက်မျှသာ-ဟု ဆိုချင်ပါသည်။

ယခုခေတ် အင်္ဂရိတ်ပညာ၊ အင်းအိုင်ပညာ၊ ဤအရာများ၌ အဆောင်ချော်နေသကဲ့သို့ ချော်နေကြခြင်းဖြစ်သည်ဟု ဆိုချင်ခြင်း ဖြစ်ပါသည်။ အင်္ဂရိတ်ပညာသည် ဓါတ်များကို လေ့လာသောပညာ ဖြစ်ပါသည်။ အဘယ်အကျိုးကြောင့် လေ့လာသနည်း။ ထိုထိုဓါတ်များကို အများအပြား သုံးစွဲခြင်း၌ အကောင်းဆုံးဖြစ်ရန် မည်သို့ပြုလုပ်ရမည်-ဟု သိရှိရန် ဖြစ်ပါသည်။

ယခုခေတ် အင်္ဂရိတ်ဆရာများကား ဤသဘောကို ချော်ခဲ့ပြီ ဖြစ်သည်။ ဤလေ့လာနေသော ဓါတ်ကပင် ထိုးနေသူမိမိကို ကောင်းကင်သို့ ဆောင်သယ်သွားတော့မည့်ဟန် မျှော်လင့်နေကြပေသည်။ ယခုခေတ် ဓါတ်ထိုးခြင်းသည် ရှေးခေတ်ဓါတ်ထိုးခြင်းနှင့် ခြားနားခဲ့ပြီ ဖြစ်သည်။

အင်းပညာလည်း ဤနည်းပင်။ အင်းပညာသည် (သင်္ချာပညာ၏ ကသိုဏ်းဝန်းသာ အမှန်ဖြစ်ပေသည်။ ဤသို့ဖြစ်သော်လည်း ယခုခေတ် အင်းသမားများသည် မိမိသောက်နေသော အင်းကပင် မိမိအား ဆောင်သွားလေတော့မည့် အဟန် အထင်သန်နေကြပေသည်။

ထိုဓါတ်ပညာ,အင်းပညာများသည်) ရှေးဣသိကြီးများ၊ ရှေးဇော်ဂီကြီး

များမှ ဆင်းသက်လာသောပညာ ဖြစ်သော်လည်း ထိုရှေးပညာများနှင့် အခြားနားကြီး ခြားနားခဲ့ပြီ ဖြစ်သည်။ ဤပညာများကို ဆောင်ယူသူတို့သည် အပြည့်အစုံ မဆောင်နိုင်သောကြောင့် ရှေးအခါက သောက်ဆေးတစ်မျိုးအကြောင်း ဆောင်သူသည် ဆေးနှင့်ဆေးအဖက်ကိုလည်းကောင်း၊ ရောဂါကိုလည်းကောင်း အမှတ်မရတော့ဘဲ 'ပျစ်ပျစ်သွေးသောက်'-ဟူသော အစွန်းအဖျားကလေးမျှသာ ဆောင်မိတော့သကဲ့သို့ ဖြစ်ပေသည်။

ဤဥပြဆိုသော ပထဝီကသိုဏ်းသည် ဤအတူ ဖြစ်သည်။ 'ပျစ်ပျစ်သွေးသောက်'-ဟူ၍သာ ဆောင်ထားတော့သော ပထဝီကသိုဏ်းဖြစ်သည်။ ဤပထဝီကသိုဏ်းသည် ပွားများလိုက ပွားများနိုင်သော်လည်း ပွားများခြင်းကြောင့်ကား ရှေးဇော်ဂီကြီးများ၊ က္ကသိကြီးများကဲ့သို့ တန်ခိုးက္ကဒ္ဓိဖြစ်ပေါ်မည် မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် ဤပထဝီကသိုဏ်းသည် စိတ်ဆန်နေသောအရာ

သာ ဖြစ်သောကြောင့် အဘယ်အရာကိုမျှ ပြီးစေနိုင်မည် မဟုတ်ပေ။ ဆိုခဲ့ပြီးသောအကျိုးသာ ဖြစ်နေပေလိမ့်မည်။

ရှေးက္ကသိကြီး, ဇော်ဂီကြီးများ ရှုပွားသော ပထဝီကသိုဏ်းသည် ယခုကမ္ဘာပေါ် ရှိနေကြသော ပထဝီဝိဇ္ဇာကြီးများ၊ ပထဝီပါရဂူကြီးများ လေ့လာသော, ရှုပွားသော ပထဝီကသိုဏ်းဝန်းအတိုင်းပင် ဖြစ်ရန် အကြောင်း ရှိပေသည်။

ယခုခေတ် ပထဝီအသိပညာရှင်များသည်လည်း ပထဝီကသိုဏ်းကို ရှုပွားကြပါသည်။ သူတို့သည် ပထဝီနှင့်စပ်သော စျာန်များကို အထပ်ထပ်အဖန်ဖန် ပွားနိုင်ကြ၊ ဝင်စားနိုင်ကြပါသည်။ တန်ခိုးအမျိုးမျိုးကိုလည်း သူတို့ ပြနိုင်ကြပါသည်။

လျှောင်လှုပ်မည်ကိုလည်း သိကြပါသည်။ ဤပထဝီ၏ ရှေးဖြစ်စဉ်ကိုလည်း

မြင်နိုင်ကြပါသည်။ ဤပထဝီ၏ နောင်ဖြစ်လတ္တံ့ကိုလည်း ဆိုနိုင်ကြပါသည်။ ရေနံများ၊ သတ္တုကြောမျာ း၏ ဖြစ်တည်ဟန်ကိုလည်း ညွှန်ပြနိုင်ကြပါသည်။

ဤပထဝီပညာရှင်များသည် ကမ္ဘာအနှံ့လျှောက်၍ ကြည့်နိုင်ကြသူများ မဟုတ်ပါ။ မြေကြီးအဆုံး တူးဖောက်၍ ကြည့်နိုင်ကြသည် မဟုတ်ပါ။ (ကမ္ဘာ တစ်ခုလုံး မြင်နိုင်ရာသို့ တက်ကြည့်နိုင်ကြသည် မဟုတ်ပါ)။ သူတို့သည် သေး ငယ်သော မြေစိုင်မြေခဲအချို့ကို ရှုကြည့်ခြင်းကိုသာ ပြုနိုင်ကြသူများ ဖြစ်ပါသည်။

ရှေးအခါက ဣသိကြီးများ၊ ဇော်ဂျီကြီးများ ရှုကြည့်ခဲ့သော ပထဝီကသိုဏ်း ဝန်းသည်လည်း ဤအတိုင်း ရှိဖွယ်အကြောင်းသာ များလှပါသည်။

'ကသိဏ'-ဟူသော စကားဝေါဟာရသည် ခါတ်ခွဲလေ့လာစူးစမ်းစရာ စံပစ္စည်း၏ အမည်မျှသာ ဖြစ်ဖွယ်ရှိပါသည်။

ယခု ဘူမိဗေဒအဓိက ကျောင်းသားတစ်ယောက်သည် ပထဝီကသိုဏ်း ကို လေ့လာနိုင်ရန် အချက်အလက်များကို သင်ကြားခြင်း ဖြစ်ပါသည်။ ပြီးလျှင် စစ်မှန်သောပထဝီ၌ အကွက်တစ်ကွက်၌ လေ့လာမှုပြုရပါလိမ့်မည်။

ခါတ်ဆေးများဖြင့် ရောစပ်လေ့လာလိုက လေ့လာမည့် မှန်ချပ်အတွင်း သို့(သွင်း၍) အနုကြည့်မှန်ပြောင်းဖြင့် လေ့လာလိုက လေ့လာမည်။ သူသည် ဤကသိုဏ်းဝန်းကို အဖန်ဖန် ရှုကြည့်လေ့လာဖို့ ရှိပါသည်။

ပြီးသောအခါ သူသည် ဤလေ့လာချက်မှ နိမိတ်ပုံတစ်ခုကို ဆွဲယူနိုင် စရာအကြောင်း ဖြစ်လာခံရဖို့ ရှိပါသည်။ ယင်းကိုထိန်းသိမ်းလျက် အထပ်ထပ် စိတ်ကူးတွက်ချက်မှု ပြုပါလိမ့်မည်။ ဤသို့ဖြင့် ပထဝီကသိုဏ်းစျာန်များ အထပ် ထပ် ဝင်စားပြီး၊ ပထဝီဆိုင်ရာ တန်ခိုးဣဒ္ဓိများကို ဖြစ်စေပါလိမ့်မည်။

ရှေးအခါက ပထဝီကသိုဏ်း လေ့လာချက်နှင့် ဤကသိုဏ်းအာရုံလျှင် အာရုံရှိသော စျာန်များပွားချက်၊ တန်ခိုးဣဒ္ဓိ ပေါ်ထွက်ချက်များသည်-ဤအတိုင်း

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ပင် ဖြစ်ရပါမည်။ ဤသို့ပင် ဖြစ်သော်လည်း ဆရာတော် ရှင်ဗုဒ္ဓဃောသသည် ပထဝီကသိုဏ်းဝန်းပုံကို ဤသို့ ပြထားပါသည်။

ဖြူနီညိုရွှေ လေးထွေမှလွတ်သော အရုဏ်ရောင်သွေး မြေနုစေးကို အရည်

ဖျော်၍ ပျဉ်ပြား,သားရေ အဝတ်ကားများတွင် တစ်ထွာလေးသစ်ခန့် လိမ်းသုတ်ရမည်။ အနားကို မဲနယ်,ဆေးဒန်းစသည်တို့ဖြင့် ပိုင်းခြားပေးရမည်။ စည်မျက်နှာကဲ့သို့ ပြေပြစ်ချောမောစေရမည်-ဟူ၍ ဖြစ်သည်။

(ဤပထဝီကသိုဏ်းဝန်းသည်ဆရာတော်၏ ပထဝီကသိုဏ်းဝန်းသာ ဖြစ်ဖို့ ရှိပါသည်)။ ဤပထဝီကသိုဏ်းကို စီးဖြန်းပုံ အစီရင်သည်လည်း ဆရာတော်၏ စီးဖြန်းပုံ အစီရင်သာ ဖြစ်ဖို့ရှိပါသည်။ များစွာ စိတ်ဆန်လှပါသည်။

ဆရာတော်ရှင်ဗုဒ္ဓဃောသသည် ကဗျာလွတ်ဆရာတော် ဖြစ်ဟန်ရှိပါသည်။ လောကီကိုလည်း လောကီလို မသိ၊ လောကုတ္တရာကိုလည်း လောကုတ္တရာလို မသိ၊ ဤသို့သောသူ ဖြစ်ဖို့ ရှိပါသည်။ လောကုတ္တရာတရားများကို လောကီလိုမြင်ပြီး၊ လောကီတရားများကိုလည်း လောကုတ္တရာလိုမြင်တတ်သူ ဖြစ်ဟန်ရှိပါသည်။

ထို့ကြောင့် ဆရာတော်လက်ထဲ အရောက်ခံရသော တရားသဘောများသည် လောကီလိုလည်း သုံးမရ၊ လောကုတ္တရာလိုလည်း သုံး၍မရ ဖြစ်ရပါသည်။

ကသိုဏ်းလည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ဆရာတော်သည် ကသိုဏ်းကို (လောကုတ္တရာ အဘိဓမ္မာများ၌ရှိသော ဈာန်တရားများနှင့် စပ်ဟပ်၍ ပြလိုပါသည်။ ထို့ကြောင့် ကသိုဏ်းကို) လောကုတ္တရာတရားများနှင့် ဆွေမျိုးတော်ပြသည်။

ဤသို့ ပြသောကြောင့် ကသိုဏ်းလည်း သူ့ပမာဏအမှန်မှ သွေဖည်ရွေ့လျောရသည်။ လောကုတ္တရာတရားလည်း လောကုတ္တရာဟူသော အမှန်မှ သွေ

ဖည်ရွေ့လျောခံရသည်။ နှစ်ခုစလုံးပင် အပျက်စီးခံရသည်။

ဆရာတော်၏ ပထဝီကသိုဏ်းပြဆိုချက်သည် ရှေးပုဂ္ဂိုလ်များ၏ ပထဝီကသိုဏ်းပြဆိုချက် မဟုတ်ကြောင်း ပြဆိုခဲ့ချက် ဖြစ်ပါသည်။ ဆရာတော်၏ ပထဝီကသိုဏ်းသည် ဆရာတော်၏ ပထဝီကသိုဏ်းသာဖြစ်ရမည်ဟု ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤအရာသည် ပထဝီကသိုဏ်းကို ဒုတိယသုံးသပ်ချက် ဖြစ်ပါသည်။ ဤမျှဖြင့် ပထဝီကသိုဏ်းနှင့်စပ်သော သုံးသပ်ချက်ကို အပြီးသတ်ပါမည်။

ဆရာတော်၏ ပထဝီကသိုဏ်းဆိုင်ရာ အကျယ်တင်ပြချက်၌ ပထဝီပွားပုံ အစီရင်ကို ပြပြီးနောက်၌ ပထဝီကသိုဏ်းနိမိတ်နှင့် သင့်လျော်သောအရာများ၊ ဈာန်သို့တက်ရန် ပြုလုပ်ချက်များကို ပြပါသည်။ နောက်၌ ဈာန်များ အဆင့်ဆင့်ရပုံ ပြပါသည်။

ဆရာတော့်အနေနှင့် ပထဝီကသိုဏ်းဆိုင်ရာ ပြဆိုချက်စကားသည် တစ်မျက်နှာ,နှစ်မျက်နှာမျှဖြစ်သော်လည်း ကျန်သော အကြောင်းအရာများကိုကား စာမျက်နှာ လေးဆယ်ကျော်(မျှ ပြဆိုထားပါသည်။ ဤ-စာမျက်နှာ လေးဆယ်ကျော်)ကား ဈာန်လေးပါး အကျယ်ပြချက်၊ အပ္ပနာကောသလ္လပြချက်၊ သပ္ပါယပြချက်များ ဖြစ်သည်။ ဤလေးဆယ်ကျော်ကို သာသနာတော်မှ စကားလုံးများဖြင့် လှလှပပ ပြဆိုပေသည်။

ပဌမနှစ်မျက်နှာလောက်ကား ကသိုဏ်းကိုပြဆိုချက် ဖြစ်သည်။ အကယ်ပြဆိုချက်ကား ဤမျှပင်မများပေ။ စကားလုံး အနည်းငယ်မျှပင် ဖြစ်ပေသည်။

(ဤအဖြစ်များဖြင့် အဘယ်ကို သိစေနိုင်ပါသနည်း။ ဆရာတော်သည် 'ပထဝီသိုဏ်း'-ဟူသော၊ သာသနာတော်၌ တရားမဝင်သော စကားလုံးကို ဈာန်, နိမိတ်စသော သာသနာတွင်း စကားလုံးများဖြင့် ရောကျိတ်ပြီး လိမ့်ဆွဲယူသွား

ခြင်းကို သိစေခြင်း- ဖြစ်ပါသည်။

ဟုတ်ပါသည်)။ ဘုရားသျှင်ဟောခဲ့သော စျာန်များသည် လောကုတ္တရာ စျာန်များချည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤစျာန်များကို ပြဆိုချက်များ၌ သုံးနှုန်းထားချက်များသည် တရားဝင်သော သုံးနှုန်းချက်ချည်း ဖြစ်ပါသည်။ ဤသည်ကို ဆရာတော်ရှင်ဗုဒ္ဓဃောသသည် လောကီလည်း စစ်စစ်မမည်တော့သော စျာန်များ၌ သုံးပြနေပါသည်။

ယင်းကိုသိရှိသဖြင့် ဤအကျယ်တင်ပြချက်၌ အပ္ပနာကောသလ္လယူခန်း, စျာန်ခန်းများကို အဆုံးသတ်ပါပြီ။ သုံးသပ်ဖွယ်လည်း မရှိပြီ။ ဆိုခဲ့ပြီးသည့်အတိုင်း အမြီးအမောက် မတည့်သည်ကိုသာ ဖော်ပြရန်ရှိပါသည်။

ထို့ကြောင့် ဤမျှဖြင့် ပထဝီကသိုဏ်းအကျယ်တင်ပြချက်ကို သုံးသပ်ချက် အဆုံးသတ်ပါမည်။

# အခန်း(၇)

# ကြွင်းကသိုဏ်းများ အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၇)
## ကြွင်းကသိုဏ်းများ အကျယ်ဖွင့် သုံးသပ်ချက်

၃၆။ ကျန်ကသိုဏ်းများနှင့် ယခုခတ်ကသိုဏ်းများ

ဆက်လက်၍ ကြွင်းသောကသိုဏ်းများကို အကျယ်တင်ပြချက်အား အနည်းငယ်မျှ သုံးသပ်ပါမည်။

ဆရာတော်သည် ကြွင်းသောကသိုဏ်းများကို ကိုးမျိုးမျှ ဆက်၍ ပြဆိုပါသေးသည်။ အာပေါ, တေဇော, ဝါယော, နီလ, ပီတ, လောဟိတ, ဩဒါတ, အာလောက, အာကာသတို့ ဖြစ်ပါသည်။

ကသိုဏ်းလုပ်ပုံ အစီအရင်များကိုလည်း ပြပါသည်။ ဆရာတော် တင်ပြသော အစီရင်များသည် ရှေးအခါက က္ကသိကြီးများ, ဇော်ဂီကြီးများ လေ့လာသော ကသိုဏ်းအစီရင်နှင့်လည်း သီးခြားစီ ဖြစ်မည်ဟုပင် ဆိုချင်ပါသည်။

ကသိုဏ်းဟူ သည် အပေါင်းကိုလေ့လာရာ၌ ကျယ်ပြန့်လွန်းနေ၍ အပေါင်းကိုယ်စား လေ့လာစရာ စံပြုပစ္စည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ရှေးပုဂ္ဂိုလ်များ လေ့လာကြသော ကသိုဏ်းများသည် ဤသို့ဖြစ်ရန် အကြောင်းမဲ့ပါသည်။

အာပေါကသိုဏ်း၌ ခွက်အတွင်းမှ ရေအချို့ကို ဤသို့လေ့လာခါမျှဖြင့် အဘယ်သို့လျှင် ရေအားလုံးအကြောင်း သိနိုင်ပါသနည်း။ တေဇောစသော ကသိုဏ်းတို့၌လည်း ဤနည်းတူ ဖြစ်ပါသည်။

ယခုခေတ်၌ ဤပညာများ ဖြစ်ထွန်းလျက် ရှိပါသည်။ ရေကို လေ့လာနေသူများ၊ (နေကို လေ့လာနသူများ)၊ အရောင်ကို လေ့လာနေသူများ၊ လဟာပြင်ကို

လေ့လာနေသူများ စသည်-စသည်ဖြစ်ပါသည်။

ထိုသူ,ထိုသူများ၊ ကသိုဏ်းရှုသူများပင် ဖြစ်ကြပါသည်။ သူတို့သည် သူတို့လေ့လာရာ အကွက်အကွင်း တစ်စိတ်တစ်ပိုင်း၌ မပြတ်စောင့်ကြည့် လေ့လာနေကြရပါသည်။

ယခုခေတ်၌ရှိသော ကသိုဏ်းအမျိုးအမည်သည် ရေတွက်မလွယ်နိုင်အောင်ပင် များပြားနိုင်ပါသည်။ ထိုပုဂ္ဂိုလ်များသည် ကသိုဏ်းရှုမှုကြောင့် ကသိုဏ်းစျာန်များလည်း ဝင်စားနိုင်ကြပါသည်။ တန်ခိုးဣဒ္ဓိများလည်း ပြနိုင်ကြပါသည်။ သူတို့တန်ခိုးဣဒ္ဓိဖြင့် လူ့ဘဝ၊ လူ့သဘောတရားများကို မြင့်သည်ထက် မြင့်ရာသို့ မြှင့်တင်နေကြပါသည်။

ထိုသူတို့လေ့လာသော ကသိုဏ်းသည်သာလျှင် အကယ်စစ်မှန်သော ကသိုဏ်းများ ဖြစ်ပါသည်။ ဆရာတော်ပြဆိုသော ကသိုဏ်းကား ဤကသိုဏ်းများကို နားစွန်နားဖျားဖြင့် မသိနိုးနား မှတ်သားရာမှ ထွက်ပေါ်လာသော အလုပ်မဖြစ်သော ကသိုဏ်းများသာ ဖြစ်ပါသည်။

ရေကို ရေဟု လေ့လာခါမျှဖြင့်၊ ရေကို ရေ,ရေဟုမှတ်လျက် အထပ်ထပ် ရှုကြည့်နေခါမျှဖြင့် ရေအလုံးစုံနှင့်စပ်သော မှန်ကန်သောအသိများ ဖြစ်၍ကား လာနိုင်ကြောင်း မရှိပါ။

မမျှော်လင့်သော စိတ်စွမ်းရည်တစ်ခုကား ထွက်လာနိုင်ပါသည်။ ဤသို့ ဖြစ်သည်မှာလည်း ဤကသိုဏ်းကြောင့်ဟု မပြောသာပါ။ ဤကသိုဏ်းသည် စိတ်ကို စွမ်းရည်ထွက်ရန် လုပ်ပေးနိုင်အား ရှိသည် မဟုတ်ပါ။

စိတ်သည် ပကတိအားဖြင့် စွမ်းအား ရှိပါသည်။ ဤသို့ဖြစ်သော်လည်း သာမန်လူများ၌ စိတ်စွမ်းအားကို တွေ့မြင်နိုင်ခြင်းမရှိ ဖြစ်ပါသည်။ အကြောင်းမှာ ဤသို့ဖြစ်ပါသည်-

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သာမန်လူများသည် စိတ်ကို အလိုအလျောက်ပင် အားကုန်အောင်၊ မထက်မြက်အောင် လုပ်မိလျက် ရှိ,ရှိနေကြပါသည်။

စိတ်သည် အခြားသော ရုပ်ပစ္စည်းတစ်ခုနှင့် များစွာ မခြားနားလှပါ။ ရုပ်ပစ္စည်းဖြစ်သော ရေကို ဥပမာပြရမည်။ ရေသည် အရှိန်အဟုန်ဖြင့် နိမ့်ရာသို့စီးတတ်သည့် သဘာဝ ဖြစ်ပါသည်။

ထိုသို့ စီးတတ်သောရေကို မြောင်းသွယ်ရာ၌ တမံများ အထပ်ထပ်တုပ်လျက် ဆီး၍ဖြစ်စေ၊ မြောင်းကို အထပ်ထပ် ကွေ့ကောက်၍ဖြစ်စေ သွယ်လျှင် ရေစီးသည် အလိုအလျောက် နှေးကွေးပါသည်။

စိတ်သည်လည်း စွမ်းရည်သတ္တိရှိသည်မှာ ရေ၏ နိမ့်ရာသို့ စီးဝင်သွားတတ်သောသဘောနှင့် ထပ်တူဖြစ်ပါသည်။ မည်သူကမျှ ဤသတ္တိကို ပြုလုပ်ပေးနေရန် လိုသည်မဟုတ်ပါ။

ထိုသို့ဖြစ်သော်လည်း စွမ်းရည်သတ္တိရှိသော စိတ်ကို ကောက်ကွေ့သော မြောင်းဖြင့် ရေသွယ်သကဲ့သို့ မှားယွင်းသော လူမှုများအဖြစ်များ၌ စီးသွားဖြစ်ထွန်းစေသည် ဆိုအံ့။ ရေစီးနှေးသကဲ့သို့ စိတ်စွမ်းရည်လည်း ကျဆုံးလျော့ပါးပါသည်။

ဤသည်မှာ စိတ်၏သဘော ဖြစ်ပါသည်။ သာမန်လူများသည် စိတ်၏ ဤသဘောကို မသိရှိကြပါ။ ထိုကြောင့် မှားယွင်းကောက်ကွေ့သော လူမှုဘဝများ အတွင်းသို့ စိတ်ကို မသွင်းမိအောင် ထားရကောင်းမှန်းမသိ ဖြစ်ကြပါသည်။ ထို့ကြောင့် သူတို့စိတ်များ ကျဆုံးကြရခြင်း ဖြစ်ပါသည်။

သူတို့သည် သူတို့စိတ်ကို ထက်သန်သော စွမ်းရည်သတ္တိ ရှိလိုကြပါသည်။ ထို့ကြောင့် သူတို့သည် အမျိုးမျိုးသော စိတ်လေ့ကျင့်ခန်းများကို ပြုကျင့်ကြပါသည်။ တဖန် စိတ်စွမ်းရည်များ ရရှိလာသောအခါ ဤစိတ်စွမ်းရည်ကိုလည်း အဘယ့်ကြောင့်ရသည်ဟု မသိမှု ဖြစ်ကြပြန်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဤစိတ်စွမ်းရည်သည် သူတို့၏စိတ်လေ့ကျင့်မှုကြောင့် ရသည်ဟု သူတို့ထင်ကြပါသည်။ အမှန်ကား ဤသို့မဟုတ်ပါ။ သူတို့သည် စိတ်လေ့ကျင့်ခန်းပြုလုပ်ချိန်၌ လူမှုဘဝ၏ မှားယွင်းမှု အကွေ့အကောက်များအတွင်းသို့ စိတ်ကိုမသွင်းမိဘဲ ရှိကြပေသည်။ ထိုအကြောင်းကြောင့်သာလျှင် စိတ်သည် စိတ်စွမ်းရည်များဖြစ်ခြင်း ဖြစ်ပါသည်။

ကသိုဏ်းရှုပွားခြင်းကြောင့်ရရှိသော စိတ်အင်အားလည်း ဤအတိုင်းပင်ဖြစ်ပါသည်။ ကသိုဏ်းရှုပွား၍ ရသည် မဟုတ်။ ကသိုဏ်းရှုပွားစဉ်၌ စိတ်ကိုမှားယွင်းသော အာရုံများဆီသို့ မသွားစေခြင်းကြောင့် စိတ်အင်အားဖြစ်ခြင်းဖြစ်ပါသည်။

မှားယွင်းသောအာရုံဟူသည် အရှိမဟုတ်သည်ကို အရှိဟုတ်သည်ဟုအသတ်မှတ်ခံရသော အာရုံ၊ (အဖတ်အထည် ဆည်မရသည်ကို၊ ရသည်-မှတ်ခံရသော အာရုံ၊ ရယူစရာမရှိသည်ကို၊ ရှိသည်-အမှတ်ခံရသော အာရုံ)၊ မမှန်သည်ကို မှန်သည်အထင်ခံရသောအာရုံ- ဤသို့သောအာရုံများ ဖြစ်ပါသည်။ ဤသို့သော အာရုံများ၌ စိတ်ကိုသွင်းမိလျှင် စိတ်အင်အားများ သိသာထင်ရှားစွာအကျဆုံးခံရပေသည်။

စိတ်အင်အားကို ပွားစေလိုလျှင်လည်း အခြားသော စိတ်လေ့ကျင့်ခန်းများကို ပြုလုပ်မည့်အစား ဤသို့သောအာရုံသို့ စိတ်မသွားရန်သာ သတိရှိရှိစောင့်ကြပ်ပေးဖို့ လိုပါသည်။

ကသိုဏ်းရှုပွားသမားများသည် ကသိုဏ်းကြောင့် စိတ်အင်အား ဖြစ်ထွန်းသည် မဟုတ်ဘဲ၊ ကသိုဏ်းရှုပွားစဉ်၌ စိတ်များကို ဆိုခဲ့ပြီးသော အာရုံများဆီသို့ မသွားရန် တားပြီးဆီးပြီး ဖြစ်နေသောကြောင့်သာ စိတ်အင်အား ဖြစ်ထွန်းခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ပြဆိုသော ကသိုဏ်းအစီအရင်များသည် ရယ်

ဖွယ်ချွတ်ချက် စကားများ ဖြစ်နေပါသည်။ ထို့ပြင် ဘုရားသျှင်တရားတော်လည်း အပေါင်းခံရသောကြောင့် ဘုရားသျှင်၏ တရားများပါ နစ်နာလှပါသည်။

ဤမျှဖြင့် ကသိုဏ်းများကိုသုံးသပ်ချက် အဆုံးသတ်ပါတော့မည်။

ကသိုဏ်း

ဖြင့် တည်ထောင်သော သမာဓိသည် ဘုရားသျှင်၏ စိတ္တဘာဝနာသမာဓိနှင့် ဘာမျှမဆိုင်ကြောင်း အဆုံးသတ် ဆိုအပ်ပါသည်။

## အခန်း(၈)

## အသုဘကမ္မဋ္ဌာန်း အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၈)
## အသုဘကမ္မဋ္ဌာန်း အကျယ်ဖွင့် သုံးသပ်ချက်

### ၃၇။ အသုဘဆယ်မျိုး ဘုရားဟောပါရဲ့လား

ဆရာတော် ရှင်ဗုဒ္ဓဃောသသည် ကသိုဏ်းဆယ်ပါးကို ပြဆို အပြီး၌ အသုဘဆယ်ပါးကို ဆက်၍ပြဆိုလေသည်။ ပြဆိုအပ်သော အသုဘဆယ်မျိုးသည် သက်မဲ့အသုဘချည်း ဖြစ်ပေသည်။

ဤဆယ်မျိုးတွင် ဥဒ္ဓုမာတကအသုဘကို ပြဆိုရာ၌ အသုဘထံသို့သွားပုံ အစီအရင်များ၊ အသုဘ၏ဝန်းကျင် နိမိတ်မှတ်ပုံများ-တစ်ဆယ့်တစ်ရပ်ဖြင့် ဥဂ္ဂဟနိမိတ် ယူပုံများ၊ သွားလမ်း,ပြန်လမ်း ဆင်ခြင်ခြင်းများနှင့် အပ္ပနာအစီအရင်များ

ကို အကျယ်ဖွင့်၍ ပြထားပေသည်။

'ဤအသုဘမျိုးသည် ဘုရားသျှင်ဟောအပ်သော အသုဘများ ဟုတ်ပါ၏လော'-ဤသို့ ပဌမ သုံးသပ်လိုပါသည်။ ထို့နောက်၌ 'ဤအသုဘသည် အကယ်အကျိုးကိုဖြစ်ထွန်းစေနိုင်သော အသုဘများ ဟုတ်ပါမည်လော'-ဟူ၍ နောက်တစ်ချက် သုံးသပ်လိုပါသည်။

ဤသို့ မသုံးသပ်မီ သုံးသပ်ခြင်း၏အကြောင်းကို တင်ပြပါမည်။ ဤအသုဘ

ဘာဝနာ ပြဆိုချက်သည် ဘုရားသျှင်ဟောကြားခဲ့သော စိတ္တဘာဝနာကို ဖွင့်ဆိုချက်အဖြစ် ပြဆိုချက် ဖြစ်ပေသည်။ ထို့ကြောင့်-

'ဘုရားဟော စကားတစ်ခု ဖွင့်ဆိုချက်သည် ဘုရားဟော အာဂမ ရှိသလော၊ သို့မဟုတ် ဘုရားဟောသဘာဝ ညီသလော။' ဤသို့ သုံးသပ်သင့်ပေသည်။ ထို့ကြောင့် ပဌမအချက်ဖြင့် သုံးသပ်ခြင်း ဖြစ်ပါသည်။

ထို့ပြင်လည်း ဤအသုဘများသည် ဘုရားဟောအာဂမ၊သဘာဝ-နှစ်ဝတို့ မရှိစေဦး၊ အကျိုး တကယ်ဖြစ်ထွန်းလျှင် ဆောင်သင့်သည်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယသုံးသပ်ချက်ဖြင့် သုံးသပ်ရခြင်း ဖြစ်ပါသည်။

ဤမျှဖြင့် သုံးသပ်ရခြင်းအကြောင်း တင်ပြအပ်ပါသည်။

ဆက်လက်၍ ပဌမအကြောင်းဖြင့် သုံးသပ်ပါမည်။

ဆရာတော်ပြဆိုသော ဤအသုဘဆယ်မျိုးသည် ဘုရားဟောအာဂမရှိပါသလော။ဆိုလိုသည်မှာ ဤအသုဘဆယ်မျိုးကို ဘုရားသျှင်သည် အဘယ်နေရာ၌ အဘယ်သူအား ဘယ်သို့သောအကြောင်းဖြင့် ဟောကြားခဲ့သည်-ဟုပိဋကတ်၌ မှတ်တမ်း လက်ကျန်ရှိပါသနည်း-ဟူ၍ ဖြစ်ပါသည်။

ဤပြဿနာကို ကျွန်ုပ်ပြုသော်လည်း အဖြေကိုကား မပေးနိုင်ပါ။ အဘယ့်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ကြောင့်ဆိုသော် ဤပြဿနာသည် ပိဋကတ်၌ ကျွမ်းကျင်သူများ၏ အရာသာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဤသို့ အဖြေကို မပေးနိုင်သော်လည်း ထင်ကြေးကိုကား ပြောရမည် ဖြစ်ပါသည်။ ဤသို့ပြောရန်ပင် ဤပြဿနာကိုပြုခဲ့ခြင်း ဖြစ်ပါသည်။ ထင်ကြေးအားဖြင့်မူ ဘုရားသျှင်သည် ဤသို့ လူသေကောင် အသုဘများကို ဘယ်သူ့အားမျှ ဘယ်မှာရှုပွားရန် မဟောကြားခဲ့ဘဲ ရှိရမည်ဟူ၍ ဖြစ်ပါသည်။ ဤပြောဆိုချက်သည် စာရေးသူ၏ ထင်ကြေးသာ ဖြစ်ပါသည်။ အကယ် မှန်နှင့်မမှန်ကို ပိဋကတ်၌ အချိန်မရွေး ကြည့်ရှုနိုင်ကြပါသည်။ အကယ်၍ ပိဋကတ်၌ ရှိနေသည်ဆိုလျှင် စာရေးသူ အဆိုမှားခြင်းကြောင့်သာ ဖြစ်ရပါမည်။

ဤ-အသုဘနှင့်စပ်၍ ဤမျှမက ဆက်၍ဆိုချင်ပါသည်။

ဤအသုဘဆယ်မျိုးသည် ဘုရားသျှင်၏တရားတော်၌ အာဂမအားဖြင့်သာ-မရှိရုံမျှမကဘဲ သဘာဝအားဖြင့် ဘုရားသျှင်၏ ငြိမ်းချမ်းရေး ညွှန်ကြားချက်များ အောက်၌ ရပ်တည်နေစရာ နေရာမရှိ-ဟုလည်းဆိုချင်ပါသည်။

ဤလူသေကောင် အသုဘများသည် ဘုရားသျှင်၏သာသနာနှင့် ဘာမျှ မသက်ဆိုင်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဟုတ်ပါသည်။ ဘုရားသျှင်သည် 'အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ'-ဟူသော ဝေါဟာရများကို များစွာသုံးစွဲခဲ့ပါသည်။ ဤ-ဝေါဟာရ၏ အနက်အတ္ထသည် ဤ၌ပြဆိုထားသော ဆယ်ပါးသော အသုဘများ မဖြစ်နိုင်ဘဲရှိသည်ဟု ဆိုရပါမည်။

ဘုရားသျှင်သည် အသုဘဘာဝနာကိုပွားများရန် အခါအခွင့်အားလျော်စွာ ရဟန်းများကို ညွှန်ကြားတော်မူလေ့ရှိကြောင်း မှတ်တမ်းများရှိပါသည်။ တစ်ခါ၌ ဤသို့ညွှန်ကြားပြီး ဘုရားသျှင်သည် ပဋိသလ္လီန လုပ်နေပါသည်။ ရဟန်းများသည် ဤညွှန်ကြားချက်အတိုင်း အသုဘဘာဝနာကို တစ်စွန်းရောက် ပွားများမှုကြောင့် မိမိတို့ကိုယ်ကို မိမိတို့ ငြီးငွေ့ပြီး အသတ်ခံသေကြကြောင်း မှတ်တမ်း

ရှိပါသည်။

ဤ၌ ညွှန်ခဲ့သော အသုဘပင်- ဤ၌ပြဆိုနေသော အသုဘဆယ်မျိုး မဖြစ်နိုင်ပါ။ ဘုရားသျှင်ညွှန်ကြားသော အသုဘ၊ ရဟန်းများ ကိုယ့်ဘဝကိုယ် ငြီးငွေ့သည်ဆိုသော အသုဘသည် ဤအသုဘများ မဖြစ်နိုင်ပါ။

ဘုရားသျှင်၏ ဤအသုဘသည် 'မလှပ'-ဟူသောအနက်သာ ဟောလို ရင်း ဖြစ်သင့်ပါသည်။ ဤ 'မလှပ'-ဟူသောစကားသည် လူများ၌ အမှန်ဖြစ်သော သဘောသာ ဖြစ်ပါသည်။ လူများ၌ လှပသောအရာသည် အဘယ်ဖြစ်သနည်း။ လူများ၌ အလှအပဟူ၍ အကယ်ရှိသလော။

အလှအပဟူသည် အထင်တရား မဟုတ်ပါလော။ မိဘများသည် သူတို့၏ သားသမီးများကို လှပသည်ဟု ထင်ကြပေသည်။ သူငယ်ချင်းများသည်လည်း သူတို့သူငယ်ချင်းများကို ဤအတိုင်းပင် ထင်ကြပေသည်။ ချစ်သူရည်းစားများ သည်လည်း သူတို့၏ ချစ်သူရည်းစားများကို လှပသည်ဟု ထင်ကြသည်ပင်။

လူတစ်ယောက်တည်းကပင် သားသမီး, သူငယ်ချင်း, ချစ်သူရည်းစား- ဟူ၍ ဤအသွင်များကို ရနိုင်ပေသည်။ ထိုသူတစ်ဦးတည်း၌ပင် မိဘများမြင်သော အလှသည် တစ်မျိုး၊ သူငယ်ချင်းများမြင်သောအလှသည် တစ်မျိုး၊ ချစ်သူရည်း စားများမြင်သောအလှသည် တစ်မျိုး၊ ဤသို့ပင် မတူကွဲပြား ခြားနားသော အလှ အမြင်များ ရှိကြပေသည်။

ထို့ကြောင့် အလှတရားသည် တကယ်ရှိသောတရား မဟုတ်၊ ရှုကြည့်သူ၏ ဝေဒနာအားလျော်စွာ ဖော်ထုတ်အပ်သော အထင်တရားသာ ဖြစ်ပေသည်။ အမှန်အားဖြင့် လူ၌ အလှအပရှိသည် မဟုတ်ပေ။

လူ၏ကိုယ်ကာယ အစိတ်အပိုင်းတစ်ခုချင်းသည် အဘယ်အရာ လှသည် ဟု မပြောသာပေ။ ခြေသည် လှသလော၊ လက်သည် လှသလော၊ မျက်နှာသည် လှသလော၊ လည်တိုင်သည် လှသလော၊ ခါးသည် လှသလော၊ ရင်သည် လှသ

လော၊ အားလုံးသော အစုအပေါင်းသည် လှသလော။

အမျိုးသမီးတစ်ယောက်၌ ပြည့်ဖြိုးသော ပါး၊ နှုတ်ခမ်း၊ ရင်၊ တင်၊ ပေါင် လုံးရှိလျှင် လှသည်ဟု ဆိုသည်။ ဤအလှသည် တကယ်အလှလော။ရှုကြည့်သူ တိုင်းပင် ဤအလှကို အလှဟု အသိအမှတ်ပြုကြပါမည်လော။

ထို့ပြင် အမျိုးသားတစ်ယောက် ပြည့်သော (ပါး၊ နှုတ်ခမ်း၊ ရင်၊ တင်) ပေါင်လုံး(ရှိလျှင် လှသည်-ဟု ဆိုသည်။ ဤအလှသည် အကယ် လှသလော၊ ရှုကြည့်သူတိုင်းပင် ဤအလှကို 'အလှ'-ဟု အသိအမှတ် ပြုနိုင်မည်လော။ ထို့ပြင် အမျိုးသားတစ်ယောက်၊ ပြည့်ဖြိုးသော ပေါင်လုံး)၊ ညှပ်ရိုး၊ ပုခုံး၊ လက်ရုံးများ ရှိလျှင် လှသည်-ဟု ဆိုကြသည်။ ဤအလှသည်လည်း ရှုထောင့်တိုင်းမှ လူများ အနေနှင့် 'အလှ'-ဟု အသိအမှတ် ပြုကြပါမည်လော။

ဤသို့သော အမျိုးသမီးနှင့်အမျိုးသားကိုပင် ပညာရေးရှုထောင့်မှ ကြည့် သောအခါ အလွန် ဦးနှောက်ညံ့နေသည်ကို တွေ့မြင်ရလျှင်၊ (ဤသူများကို) အလှအပဟု မြင်နိုင်ပါမည်လော။ ထို့ပြင် စီးပွားရေးအပိုင်း၊ ကိုယ်ကျင့်တရား အပိုင်း-စသည် ရှုထောင့်များမှ ရှုကြည့်သောအခါ ညံ့ဖျင်းနေသည်ကိုတွေ့ရလျှင် အလှအပ-ဟု ဤသူများကို ထင်နိုင်ပါမည်လော။

ကျန်းမာရေးရှုထောင့်မှ ရှုကြည့်သောအခါ ထိုသူများ၏သွေး၌ အနာ ကြီးရောဂါပိုးများ တွေ့နေရသည်ဆိုလျှင် ထိုသူများကို အလှ-ဟု ထင်နိုင်ပါမည် လော။ ထို့ကြောင့် အလှအပသည် ဆိုခဲ့ပြီးသောအရာများလည်း မဟုတ်ပေ။

အလှအပသည် ဤသို့သော ဥတုရုပ်, အာဟာရရုပ်များ မဟုတ်သည် သာမက စိတ်ရုပ်, ကံရုပ်များလည်း မဟုတ်ပေ။ အခြားသော နာမ်တရားများ လည်း မဟုတ်ပေ။ အစစ်အမှန်အားဖြင့် အလှတရားသည် လူ၌ရှိသည် မဟုတ်ပေ။

ဤသို့ အစစ်အမှန်မရှိသည်ကို မမြင်နိုင်သောကြောင့်သာ အလှများကို တွေ့မြင်နေကြရခြင်း ဖြစ်ပေသည်။ ဤသို့ (တွေ့နေရသော အလှအပတရား

များသည် ရှုကြည့်သူကိုယ်တိုင်) ရှုထောင့်တစ်ခုခုသို့ ကပ်ရောက်သွားသောကြောင့်သာ တွေ့မြင်ရခြင်း ဖြစ်ပေသည်။ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် မြင်ခြင်းသာဟု ဆိုလိုပါသည်။ ဤအလှကို ထောင့်စုံမှ တွေ့မြင်နိုင်ခြင်း မရှိပေ။ ဓမ္မဓိဋ္ဌာန်အားဖြင့် တွေ့မြင်နိုင်ခြင်းမရှိဟု ဆိုလိုပါသည်။

အမှန်တရားဟူသည် တစ်ထောင့် တစ်နေရာမှသာ တွေ့မြင်နိုင်သောအရာ မဟုတ်ပေ။ အရာတစ်ခုကို အမှန်ဟု ဘွဲ့တံဆိပ်ခတ်နှိပ်လိုလျှင် ထိုအရာသည် ထောင့်စုံမှ အရှုကြည့် ခံနိုင်ရပေသည်။ ဘယ်ထောင့်, ဘယ်နေရာမှ ရှုကြည့်သည်ဖြစ်စေ မရွှေ့မပြောင်းဘဲ 'အမတခါတ်'ဝင်နေရမည်'-ဟု ဆိုလိုပါသည်။

အလှအပသည်လည်း အမှန်တရားအဖြစ် အကယ်အစစ် ရှိခဲ့သည်ဖြစ်လျှင် တစ်ထောင့်,တစ်နေရာမှသာ မဟုတ်ဘဲ၊ ထောင့်စုံ,နေရာစုံမှ ရှုကြည့်တွေ့မြင်နိုင်ရပေမည်။ ဤသို့တွေ့နိုင်ခြင်း မရှိသောကြောင့် အလှအပတရားသည် အကယ်စစ်မှန်သော အရှိတရား မဟုတ်ပေ။ ထို့ကြောင့် ဘုရားသျှင်သည် အလှအပဖြစ်သော သုဘတရားကို တားမြစ်လျက် အလှအပမရှိ၊ အသုဘဖြစ်သည်ဟု ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။ (သို့မဟုတ်-

သင်္ခါရတရားများ၌ သုဘ မရှိသောကြောင့် 'အသုဘဖြစ်သည်'-ဟု ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်)။

ဘုရားသျှင်သည် လူများကို ဖူးဖူးယောင်တတ်သောအကောင် ဖြစ်သောကြောင့် အသုဘ-ဟု ဟောပြောခဲ့ခြင်း မဟုတ်ပေ။ ညှိမဲသောအရောင်ရှိသော အကောင် ဖြစ်တတ်ခြင်း စသည်ကြောင့် အသုဘဖြစ်သည်ဟု ဟောပြောခဲ့ခြင်း မဟုတ်ပေ။

လူများ၌ သဘာဝအားဖြင့် အလှအပ မဲ့နေသည်၏အဖြစ်ကို ဖော်ထုတ်ရန် အသုဘဖြစ်သည်-ဟု ဟောပြောခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသျှင်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဟောညွှန်သော အသုဘ-ဟူသော ဝေါဟာရ၏ အနက်အတ္ထသည် ဥဒ္ဓုမာတက-စသော လူသေကောင်၏ အသွင်အမျိုးမျိုး မဟုတ်ပေ။ 'လူရှင်၏ သခ်ီရများ အလှအပမဲ့နေခြင်း'-များသာ ဖြစ်ပေသည်။

(ထို့ကြောင့် ဥဒ္ဓုမာတက-စသော ဤအသုဘများသည် ဘုရားသျှင်၏ တရားများနှင့် အာဂမအားဖြင့်သာမက၊ သဘာဝအားဖြင့်လည်း မသက်ဆိုင်သော အရာများသာ ဖြစ်ပါသည်။)

ဤမျှဖြင့် ဆရာတော်တင်ပြသော အသုဘများကို စိစစ်ချက် ပဌမပိုင်း ပြီးဆုံးပါပြီ။ ဆက်လက်၍ ဒုတိယပိုင်းကို ဆိုပါမည်။

၃၈။ ဝိသုဒ္ဓိမဂ်နည်းဖြင့် အသုဘရှု၍ ရမည့်အကျိုး

ဤအသုဘများကို ဒုတိယစိစစ်ရမည်မှာ ဤသို့ဖြစ်ပါသည်။'ဤအသုဘများသည် ရှုပွားသူအား အကယ် အကျိုးများပါမည်လော'-ဟူ၍ ဖြစ်ပါသည်။

ဆရာတော်သည် ဤအသုဘများကို စနစ်တကျ ပြဆိုပါသည်။ ပြဆိုပြီးသောအခါ၌ အသုဘ၏ အကျိုးအပြစ်ကို ပြဆိုပေသည်။ အသုဘဈာန်ဆယ်မျိုး အနက် တစ်မျိုးမျိုးကိုရသူသည် ရာဂကို ဖြောင့်စွာခွါသောကြောင့် ရဟန္တာနှင့်တူသည်၊ လျှပ်ပေါ်ခြင်းမရှိဟု ဖြစ်သည်။ အရဟတ္တဖိုလ်တိုင်အောင် အကျိုးရှိသည်-ဟုလည်း ပြဆိုထားပေသေးသည်။

ဤအသုဘရှုပွား အကျိုးများသည် လောကုတ္တရာတိုင်ရောက် ပေါက်မြောက်ခြင်း ဖြစ်နိုင်ပါမည်လော။ ဆရာတော်သည် အရဟတ္တဖိုလ်ရောက် ပေါက်မြောက်နိုင်သည်ဟု ဆိုထားပါသည်။

ဤအသုဘများသည် လူများအတွင်းမှ အသုဘများ မဟုတ်ပေ။ ဤသည်လည်း တစ်ချက်။ ဤအသုဘများကို လူအတွင်းသွင်း၍ ရှုလျှင်လည်း လူ၌ဖြစ်နေသောအရာများ မဟုတ်ဘ၊ ဖြစ်အံ့သည်ကိုရှုခြင်းသာ ဖြစ်ပေသည်။

---

ဤသည်လည်း တစ်ချက်။ ဤနှစ်ချက်အရ ဤအသုဘရှုခြင်းများသည် အမှန်တရားကိုရှုခြင်းနှင့် ကင်းကွာနေပါသည်။

အမှန်တရားမှ သီးခြားအရာကို ရှုကြည့်ခြင်းဖြင့် အမှန်တရားကို မြင်နိုင်သည်ဟု လောက၌ ရှိပါသလော။ ထို့ကြောင့်- 'ဤအသုဘရှုခြင်းများသည် လောကုတ္တရာအကျိုးနှင့် အကယ်မစပ်သော 'ပဋိပတ်တရား'-သာ ဖြစ်လေရာသည်။ ထို့ကြောင့် အရဟတ္တဖိုလ်ရောက် ပေါက်မြောက်ခြင်းကို ပြဆိုသောစကားနှင့် ဤကဲ့သို့ အသုဘမြင်၍ အရဟတ္တဖိုလ်ရောက် ပေါက်မြောက်သွားခြင်းပြဝတ္ထုများသည် အချည်းနှီးများသာ ဖြစ်ရပေမည်။

တဖန် ဆရာတော်သည် ဥဒ္ဓုမာတက ရှုသူအား အသွင်သဏ္ဌာန်၌ စွဲမက်ခြင်းများကို ပြေစေနိုင်၏၊ ဝိနီလက-သည် အရေအဆင်း၌ မက်မောခြင်းကို၊ ဝိပုဗ္ဗက-သည် ကိုယ်နံ့၌တွယ်တာခြင်းကို၊ ဝိစ္ဆိဒ္ဒက-သည် အတွေ့၌သာယာခြင်းကို ပယ်နိုင်သည်-စသည်ဖြင့် အသုဘဆယ်မျိုး၏ အကျိုးပြစကားများကို ဆိုပါသည်။

အသွင်သဏ္ဌာန်၌ မက်မောသူများသည် ဤအသွင်သဏ္ဌာန်ကြီးသည် ဖူးဖူးယောင်သောအဖြစ်သို့ ရောက်နိုင်သောအရာဟူ၍ မသိသောကြောင့် မက်မောသလော၊ သိလျက်ပင် မက်မောခြင်းဖြစ်သလော။ ဤအတူ အရေ,အဆင်း, အနံ့အသက်,အတွေ့အထိစသည်များ၌ မက်မောသာယာသူများသည် သေလျှင် နီညိုရောင်များထွက်မလာ၊ သွေးများ,ပြည်များ မယိုမထွက်စသည်ထင်၍ မက်မောသာယာကြသလော။

(ဤသို့ မထင်ပါလျက်ပင် သာယာမက်မောကြသလော)။

ဤအဖြေသည် ရှင်းပါသည်။ လူတိုင်းနီးပါးပင် ဤသို့သိလျက်နှင့် သာယာမက်မောကြခြင်း ဖြစ်ပါသည်။ ဤသို့ဖြစ်လျှင် ဤသို့သိခြင်းကြောင့် မက်မောသာယာမှုများ ပျောက်ပျက်သည်ဟူသော စကားသည် အမှန်-ကောင်းမွန်သော

စကား မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် အသုဘ၏ အကျိုးများသည် ဤသို့သော ရာဂများကို ပယ်နိုင်သည်၊ ဤအဆိုများကို များစွာစိစစ်သင့်ပါသည်။ လူများသည် ဆိတ်များ,ဝက်များ,နွားများကို သတ်ဖြတ်ပြီးလျှင် လေးပေါင်,လေးလက်ဖြတ်ခွဲ၊ အရိုးတခြား၊ အသားတခြားထွင်ပြီး သွေးများသံများတရဲရဲဖြင့် ပြုလုပ်ကြပါသည်။

ထိုသို့လုပ်သူများသည် (ဤအသားများကို စားမျိုခြင်း၌ မြိန်ရှက်ကြပေသည်။ ဤသို့ဖြစ်လျှင် ဤ-အသုဘများကိုလည်း အသုဘ-ဟု မြင်ခြင်းကြောင့် မြိန်ရှက်သာယာခြင်းများ ကျဆင်းသည်-ဟု ဖြစ်နိုင်ပါမည်လော။

ထို့ပြင်လည်း ဆရာဝန်များသည်) ဆေးကျောင်း၌ လူသေအလောင်းများကို ခွဲခြင်း,ဖြတ်ခြင်း အစရှိသည်တို့ အမျိုးမျိုးကိုင်တွယ် သုံးသပ်ပြုလုပ်ခဲ့ကြရပေသည်။ (ထိုသူတို့သည် အသုဘအကြောင်း၌ ထိပ်တန်းကျသော အသိရှင်များသာ ဖြစ်ကြပေသည်)။ အကယ်၍ အသုဘများသည် ရာဂကိုပယ်နိုင်လျှင် သို့မဟုတ် ရာဂကို ခွါနိုင်လျှင် ဆရာဝန်မှန်သမျှ အလွတ်ချည်းသက်သက် အဖော်မရှိသူများ ဖြစ်ကြပေရာသည်။

ထိုသို့လည်း မဖြစ်ဘဲ ရှိပေသည်။ ဆရာဝန်ဖြစ်သောကြောင့် အိမ်ထောင်ဖက်ရှာမှု ပို၍နည်းသည်ဟူသော မှတ်တမ်းလည်း မရှိပေ။ ထို့ကြောင့် အသုဘပွားများမှုသည် စစ်မှန်သောအကျိုး ရှိပါမည်လော-ဤသို့ စိစစ်သင့်ပါသည်။

ဆရာတော်သည် (အသုဘကို ရှုပွားလျှင်) ဤသို့သော ရာဂဖြစ်ပွားမှု ပျောက်ပျက်မည်ဟု အကျိုးများ ပြဆိုပါသည်။ အာဂမအားဖြင့်လည်း လောက၌ ဤသို့ပွားမိ၍ ဤသို့ ရာဂဖြစ်ပွားမှု ပျောက်ပျက်လွင့်ပါးသူများ ရှိကြပေသည်။ ထို့ကြောင့် ဤအကျိုးများသည် စစ်မှန်သောအကျိုး ဟုတ်-မဟုတ်မှုကား စိစစ်သင့်ပါသည်။

နွားကို ကိုယ်တိုင်သတ်၍ စားနေကြသော်လည်း အချို့သူတို့သည် အမဲ

သားအစိမ်းကို မြင်ရသောကြောင့် ယင်းအမဲကို မစားနိုင်၊ စားချင်စိတ်များ ပျောက်ပျက်ခဲ့ရသည်။ ဤသို့လည်းရှိသည်ပင် မဟုတ်ပါလော။ ဤအတူ လူသေ၏ကိုယ်မှ တရွရွထွက်ကျနေသော သွေးပြည်များကို မြင်သဖြင့် လူကိုမက်မောသာယာစိတ်များ ပျာက်ပျက်ခံရသူ တချို့တလေ ရှိနိုင်ပေသည်။

ဤသို့သော အဖြစ်သည် အလိုရှိအပ်ပါသလော၊ ဤသို့ စိစစ်သင့်ပေသည်။ လောက၌ တစုံတခုပြုလုပ်ခြင်းကြောင့် ရရှိလာသောအကျိုးတရားသည် အကျိုးတရားအယောင်ကို ဆောင်သော အကျိုးတရားဖြစ်ရန် မသင့်ပါ။

ရာဂမဖြစ်ခြင်းသည် ကောင်းမွန်သော အကျိုးတရားဖြစ်သော်လည်း ရာဂဖြစ်စရာမှန်း မသိလိုက်၍ သို့မဟုတ် ရာဂဖြစ်ရန်အာရုံကို မပြုမိ၍ ရာဂမဖြစ်ခြင်းသည် အစစ်အမှန်ကောင်းသည် မဟုတ်ပေ။

အမဲသားစိမ်းကိုမြင်သဖြင့် အမဲဟင်းကို မစားနိုင်ခြင်းသည် မှန်ကန်ကောင်း

မွန်ပါသလော။ ထိုသူသည် အမဲဟင်း၌ အမဲသားစိမ်းသညာများ အလွှမ်းမိုးခံနေရ၍ မစားနိုင်ခြင်း ဖြစ်ပါသည်။ အမဲဟင်းသည် အမဲသားစိမ်းများ ဟုတ်ပါတော့သလော။ ဤသို့ မဟုတ်တော့ပြီ ဖြစ်ပါလျက် အမဲဟင်း၌ အမဲသားစိမ်းသညာများ ဖြစ်ပေါ်နေခြင်းသည် မှန်ကန်ပါသလော။ လိုလား အပ်ပါသလော၊ စိတ္တဇဖြစ်ခြင်း မဟုတ်ပါလော။

အမဲသား၌မတပ်မက်ခြင်းသည် ကောင်းမွန်ပေသည်။ ဤသို့ဖြစ်သော်လည်း အမဲသား၌ ဤသို့သောအမြင်ကြောင့် မတပ်မက်ခြင်းသည် ကောင်းမွန်ပါဦးမည်လော။ စိတ်ချွတ်ယွင်းခြင်းဖြစ်၍ ဤမတပ်မက်ခြင်းသည် မတပ်မက်ခြင်း-ဟူ၍ပင် ပြောလောက်တော့သည် မဟုတ်တော့ပေ။ ထို့ကြောင့် ဤအဖြစ်သည် အမှန်ပင်မကောင်းပါ။

ဤအတူပင် ဥဒ္ဓုမာတကစသည် မဟုတ်သော လူရှင်၌ ဥဒ္ဓုမာတက-

စသည်ဟု ရှုကြည့် ပွားများထားသောကြောင့် ဥဒ္ဓုမာတကစသည်ဖြင့် မှတ်ထင်နေခြင်းသည် အမှတ်အသားမှန်မှ ကင်းခြင်း၊ အမှတ်အသား ဖောက်ပြန်ခြင်းပင် မဟုတ်ပါလော။

နောင်တစ်ချိန်၌ ဥဒ္ဓုမာတကစသည် ဖြစ်မည်၊ ဤသို့ မပြောသင့်ပါ။ နောင်တစ်ချိန်ဖြစ်မည့် ဥဒ္ဓုမာတကစသည်ကို ယခုအချိန်၌ဖြစ်နေသကဲ့သို့ မြင်ခြင်းသည် သညာမှားခြင်းပင် ဖြစ်ပါသည်။ ဤသို့ မှားခြင်းကြောင့် ဥဒ္ဓုမာတက မဟုတ်သည်ကို ဥဒ္ဓုမာတက မှတ်ထင်သောကြောင့် ရာဂမဖြစ်ခြင်းသည် ရာဂဖြစ်စရာကို မသိ၍ ရာဂမဖြစ်ခြင်းသာ ဖြစ်ပါသည်။

ရာဂဖြစ်ခြင်းသည် မလိုလားအပ်သောအရာ အမှန်ပင် ဖြစ်ပေသည်။ ထိုသို့ဖြစ်သော်လည်း ရာဂဖြစ်စရာကို မသိလိုက်၍ ရာဂမဖြစ်ခြင်းကား၊ ရာဂဖြစ်ခြင်းထက်ပင် မလိုလားအပ်သောအရာ ဖြစ်ပြန်လေသည်။

အဘယ့်ကြောင့်ဆိုသော်-

ရာဂမဖြစ်ခြင်းသည် ဓမ္မ(အလောဘ)၊

ရာဂဖြစ်ခြင်းသည် အဓမ္မ(လောဘ)၊

ရာဂဖြစ်စရာမှန်းဟု မသိခြင်းသည် လောဘအောက်ပင် ကျရောက်နေသော 'အဟေတုက'ဖြစ်သောကြောင့် ဖြစ်သည်။ ဟုတ်ပါသည်။ ရာဂဖြစ်စရာကိုမှ ရာဂဖြစ်စရာမှန်း မသိခြင်းသည် စိတ္တဇသမားဘဝသို့ သက်ဆင်းသွားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤအသုဘဆယ်မျိုးကို ရှုပွားချက်ကြောင့် ရရှိသောအကျိုးသည် လောကအလိုအားဖြင့်လည်း လိုလားအပ်ခြင်းမရှိ ဖြစ်ပေသည်။

ဤသည်မှာ အသုဘဆယ်မျိုးကို ဒုတိယစိစစ်ချက် ဖြစ်ပါသည်။

ထို့ကြောင့် အသုဘဘာဝနာသည် ဓမ္မအားဖြင့်လည်းကောင်း၊ လောကအားဖြင့်လည်းကောင်း မညီညွတ်သော မှားယွင်းသောအရာသာ ဖြစ်ပါသည်။

ထို့ကြောင့် ဤအသုဘများသည် ရှေးအခါက အထက်လမ်းသမားများ သုံးသော အရာသာ အမှန် ဖြစ်ရပါမည်။

အထက်လမ်းသမားများသည် ရာဂကို ပိတ်ပင်လိုကြပါသည်။ သူတို့သည် ရာဂကို အပြစ်မြင်ကြပါသည်။ ရာဂဖြစ်လျှင် လူကို ညစ်နွမ်းနောက်ကျုစသည်-ဟု အရပ်သားများကဲ့သို့ သိမြင်ကြပါသည်။ ထို့ကြောင့် ရာဂကို သူတို့တားဆီးလိုကြပါသည်။ ထိုသို့ဖြစ်သော်လည်း သူတို့၌ ရာဂကို တားလမ်းဖြစ်သော အကျင့်မဂ္ဂများ မသိရှိဘဲ ဖြစ်နေကြပါသည်။

ထို့ကြောင့် နွားမူးဆူးတိုးပမာ လှူ၌ရှိသော သဘာဝတရားဖြစ်သော ဟုတ်မှန်သော သညာကလေးများကို ဝိပ္ပလ္လာသဖြစ်အောင် ဥဒ္ဓုမာတကစသော အသုဘ လူသေအလောင်းများဖြင့် လိမ်းကျံကြခြင်းဖြစ်ပါသည်။

ငြိမ်းချမ်းရေးမဂ္ဂကို မသိသောသူသည် ရာဂများ ငြိမ်းချမ်းရန် အလိုရှိသည်ဆိုလျှင် ဤသို့ပင် လုပ်မိရန်အကြောင်း ရှိပါသည်။ ဤသို့ သင့်သည့်အတိုင်း လုပ်ခဲ့ကြခြင်း ဖြစ်ပါသည်။

သူတို့၏ ဤအလုပ်သည် သူတို့လိုချင်သော ရာဂစသည့်ငြိမ်းခြင်း၊ သို့မဟုတ် ကွာခြင်းများမဖြစ် မဟုတ်၊ အမှန်ပင် ဖြစ်ပေသည်။ ထို့ကြောင့် သူတို့အလုပ်သည် သူတို့လိုချင်သော အောင်မြင်သည်ပင် ဆိုရပေမည်။

ဤသို့ဆိုသော်လည်း အထက်မှတင်ပြခဲ့သည့်အတိုင်းပင် ဆိုရရုံမျှသာ ဖြစ်ပေသည်။ အကယ် အောင်မြင်ခြင်းကား မဟုတ်ပေ။ ထိုသို့ဖြစ်သော်လည်း သူတို့သည်ကား အကယ်အောင်မြင်ခြင်း မဟုတ်-ဟူ၍ ဤအရာကို မသိရှိကြပေ။ ရာဂဖြစ်ခြင်းထက်ပင် အဆင့်လျော့အသွားခံရခြင်းဟု အနည်းငယ်မျှပင် သူတို့မရိပ်မိကြပေ။ ဆိုခဲ့သည့်အတိုင်းပင် ဤသူများသည် တစ်ဘက်ကန်းသမား နွားရူးဆူးတိုးသမားများသာ ဖြစ်ကြပေသည်။

ထို့ကြောင့် ဤအသုဘစိတ္တဘာဝနာသည် ဘုရားသျှင်၏ဟောကြားချက်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

(စိတ္တဘာဝနာအဖွင့် ဖြစ်သော်လည်း၊ ဘုရားသျှင်၏ဟောကြားချက်) စိတ္တဘာဝနာနှင့် ဘာမျှမဆိုင်သော ဘာဝနာသာ ဖြစ်ပါသည်။

ဘုရားသျှင်ဟောကြားခဲ့သော စိတ္တဘာဝနာကား သတိ,ဝီရိယ,ဧကဂ္ဂတာဟူသော ပညာက္ခန္ဓာ၊ (သီလက္ခန္ဓ မဂ္ဂ)တရားများသာ ဖြစ်ပါသည်။ ဤအသုဘစိတ္တဘာဝနာကား ပညာကင်းသော၊ သီလကင်းသော စိတ်ဆန်မှုသက်သက်စိတ္တဘာဝနာသာ ဖြစ်ပါသည်။

ဤမျှဖြင့် အသုဘစိတ္တဘာဝနာကို အကျယ်တင်ပြချက်အား သုံးသပ်မှုများ အဆုံးသတ်ပါမည်။ ဆက်လက်၍ အနုဿတိကို အကျယ်တင်ပြချက်ကို သုံးသပ်ပါမည်။

အခန်း(၉)

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## အခန်း(၉)
## အနုဿတိကမ္မဋ္ဌာန်းခြောက်ပါး အကျယ်ဖွင့် သုံးသပ်ချက်

၃၉။ အနုဿတိ၏ အနက်နှင့် အကျိုးသုံးသပ်ချက်

ဆရာတော်သည် အနုဿတိဆယ်ပါးကို အကျယ်တင်ပြချက် အခန်းနှစ်ခုဖြင့် အကျယ်အဝန်း တင်ပြထားပါသည်။

ရှေ့ခြောက်ပါးကို ဝိသုဒ္ဓိမဂ်၏ သတ္တမခန်းအဖြစ်လည်းကောင်း၊ နောက်လေးပါးကို အဋ္ဌမခန်းအဖြစ်လည်းကောင်း တင်ပြခြင်း ဖြစ်ပါသည်။

ဆရာတော်သည် ဗုဒ္ဓါနုဿတိတစ်ခုတည်းကိုပင် စာမျက်နှာတစ်ဆယ့်

ငါးမျက်နှာခန့် တင်ပြပါသည်။ (အာနာပါနဿတိ တစ်ခုတည်းကိုကား စာမျက်နှာအစိတ်မျှပင် တင်ပြပါသည်)။ မရဏဿတိနှင့် ကာယဂတာသတိကိုကား ဆယ်မျက်နှာ၊ ကိုးမျက်နှာစီခန့် တင်ပြထားပါသည်။

ဤအနုဿတိတင်ပြချက်များကို သုံးသပ်ရာ၌ အနုဿတိတစ်ခုချင်း၏ အဖွင့်များကို သုံးသပ်ခြင်း မပြုတော့ပါ။ ဤသို့ သုံးသပ်လျှင်လည်း များစွာ ကျယ်ဝန်းလွန်းသွားမည်လည်း တစ်ကြောင်း၊ ဝိသုဒ္ဓိမဂ်၏ သဘောကို သုံးသပ်ခြင်း ရည်ရွယ်ချက် အပျောက်ဆုံးခံရမည်လည်း တစ်ကြောင်း အဖြစ်ခံရဖို့ ရှိပါသည်။

ဥပမာအားဖြင့် ဗုဒ္ဓါနုဿတိသည် လောကဝိဒူအဖွင့်၏ စကားများ ဖြစ်နေပါသည်။ ဤစကားများသည် ကိုယ်တိုင်သိနှင့် လောကအမှန် ဤနှစ်တန်ကို ဦးစားပေးသောသူများ လက်ခံရန် မဖြစ်နိုင်သော စကားများ ဖြစ်ပါသည်။

ထို့အတူ ဓမ္မာနုဿတိ အဖွင့်များ၌လည်း ဓမ္မ အရကောက်ယူပုံမှအစ ကျေနပ်ဖွယ်မရှိသည်များ ပါဝင်ပါသည်။

ဤသို့,ဤသို့သောအရာများ သုံးသပ်နေလျှင် ဝိသုဒ္ဓိမဂ်၏ ပင်မသုံးသပ်ချက်သည် အပျောက်ဆုံးခံရသကဲ့သို့ ဖြစ်သွားပါမည်။ ဝိသုဒ္ဓိမဂ်ကို သုံးသပ်ရာ၌ အဖွင့်ခံပုဒ်သည် ဤသို့ဖြစ်လျှင်၊ ဖွင့်သောစကားသည် အဖွင့်ခံပုဒ်နှင့် ဆီလျော်တော်တည့်ခြင်း ရှိပါမည်လော- ဤသို့သာ သုံးသပ်သင့်ပါသည်။

သို့မှသာ ဝိသုဒ္ဓိမဂ်ကို အပြင်ဘက်မှ အမြင်ပုံ ထွက်ပေါ်မည်ဖြစ်ပါသည်။ အဖွင့်ခံပုဒ်နှင့် အဖွင့်စကား သင့်မြတ်ညီညွတ်ခြင်း ရှိနှင့်မရှိ သုံးသပ်ခြင်းထက် လွန်၍ သုံးသပ်လျှင်ကား ဝိသုဒ္ဓိမဂ်အတွင်း နစ်ဝင်သုံးသပ်ခြင်း ဖြစ်ပြီးလျှင် ဝိသုဒ္ဓိမဂ်၏ အဝေးမြင်ကို မဖော်ထုတ်နိုင်ဘဲ ဖြစ်သွားပါမည်။

ထို့ကြောင့် အနုဿတိတစ်ခုချင်း အဖွင့်စကားများ၏ အမှားနှင့်အမှန်ကို အနုစိတ် မသုံးသပ်ဘဲ အဝေးမြင်ရှုထောင့်မှ အဖွင့်ခံပုဒ်နှင့် မဆီလျော်လွန်းနေသည်များကိုသာ ဖော်ထုတ်သုံးသပ်သွားမည် ဖြစ်ပါသည်။

---

ဤအနုဿတိဆယ်ပါးသည် ဘုရားသျှင်ဟောကြားတော်မူသော စိတ္တဘာဝနာကို ဖွင့်ဆိုရန်အတွက် ဘာဝနာများ ဖြစ်သင့်ပါသည်။ ဤအနုဿတိများသည် သာသနာတော်နှင့် များစွာစပ်အပ်ခြင်းရှိသည်ဟု ဆိုလိုပါသည်။

ထိုသို့ဖြစ်သော်လည်း ဆရာတော်ရှင်ဗုဒ္ဓဃောသသည် ဤအနုဿတိများကို ကိုင်တွယ်ပုံ မမှန်မကန်ဖြစ်နေပါသည်။ ဤမမှန်မကန်ပုံကို အနုဿတိဟူသော စကားလုံးကလေးကို အနက်ပေးခြင်းကပင် ပေါ်လွင်ပါသည်။

ဆရာတော်သည် 'အနုဿတိ'ဟူသော ဝေါဟာရကို-

'ပုနပ္ပုနံ ဥပ္ပဇ္ဇနတော သတိယေဝ အနုဿတိ။ ပဝတ္တိတဗ္ဗဋ္ဌာနမှိယေဝ ဝါ ပဝတ္တတ္တာ သဒ္ဓါပဗ္ဗဇိတဿ ကုလပုတ္တဿ အနုရူပါ သတီတိပိ အနုဿတိ' ။ ဤသို့ အနက်ပေးခဲ့ပေသည်။

'အဖန်ဖန် အောက်မေ့အပ်သောကြောင့်၊ (အမျိုးကောင်းသားတို့နှင့် လျော်သော အောက်မေ့ခြင်းဖြစ်သောကြောင့်) 'အနုဿတိ'-မည်သည်'-ဟု အနက်အဓိပ္ပါယ် ဖော်ထားပေသည်။

ဤသို့ အနက်ပေးမှုပင် သမာဓိ၏ သဘောပြဆိုချက်ဖြစ်သော ရှေးစကားများနှင့် ညီညွတ်မည် ဖြစ်ပေသည်။ ဆရာတော်သည် သမာဓိသဘော ပြဆိုရာ၌ 'အာရုံတစ်ခု၌ စိတ်များတည်နေစေခြင်း'-ဟု ပြခဲ့ပေသည်။ (အနုဿတိ-အနက်ပေးချက်သည် ဤ-သမာဓိသဘော ပြဆိုချက်နှင့်ညှိ၍ အနက်ပေးခြင်းဖြစ်သည်)။

အနုဿတိများကို ဤသို့ အနက်ပေးလိုက်သောအခါ သာသနာတော်နှင့် ဆီလျော်နေသော အနုဿတိများသည် သာသနာတော်နှင့် သီးခြားစီ ဖြစ်အသွားခံရပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤအနက်ဖွင့်ချက်သည် အာရုံကို တန်ဖိုးထားဖို့ထက် ယင်းအာရုံ၌ထားသောစိတ်ကို အာရုံမှလွတ်မသွားခြင်းကို တန်ဖိုးထားခြင်း ဖြစ်နေသောကြောင့် ဖြစ်သည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဘုရားသျှင်သည် ဤအနုဿတိတရားများကို အကြောင်းသင့်သလို ဟောကြားခဲ့ပါသည်။ အနုဿတိ၌ ဘုရားသျှင်၏ နှလုံးသွင်းတော်သည် အကယ် အဟုတ် ရှိနေသောအရာကို၊ အကယ်အဟုတ် ရှိနေသည့်အတိုင်း သိမြင်ရန် ဖြစ်ပါသည်။ အရှိကို အရှိအတိုင်း သိမြင်ရန်ဖြစ်သည်ဟု ဆိုလိုပါသည်။

ဘုရားသျှင်သည် အနုဿတိများ၌ ရှုကြည့်သူ၏စိတ်ကို အနုဿတိများ မှ ထွက်ခွါလွင့်ပါးမသွားအောင် ချည်တိုင်အဖြစ်မျှ ရည်ရွယ်၍ ဟောကြားခဲ့ခြင်း မဟုတ်ပါ။

အနုဿတိများသည် (ပထဝီကသိုဏ်းစသော အာရုံများကဲ့သို့ လေ့လာ ဖွယ်ကင်းသော သို့မဟုတ် ရှင်သန်သောအဓိပ္ပါယ်များ ကင်းလွတ်သောအာရုံ မဟုတ်ပါ။ ထို့ကြောင့် အနုဿတိများသည်) ရှုကြည့်သူ၏စိတ်ကို လွင့်ပါးမသွား ရန် ချည်နှောင်ထားစရာ ချည်တိုင်မျှသာ အဓိပ္ပါယ်ရှိသောအာရုံများ မဟုတ်ပါ။

ဆရာတော်ရှင်ဗုဒ္ဓဃောသသည် အနုဿတိများကို အနက်ပေးရာ၌ အနုဿတိများကို ချည်တိုင်ထက် တန်ဖိုးမပိုအောင် ဖွင့်ခဲ့ပါသည်။ ထို့ကြောင့် ဆရာတော်၏ အနုဿတိများ အသုံးသည် ရှေးအခါက ငမောက်ပတ္တမြားကြီး ကို ရနေသော်လည်း တန်ဖိုးမသိဘဲ မီးဖိုအနီး ပြာပုံပေါ်ထားလျက် ထမင်းစားရာ ၌ အလင်းယူစရာ ကျောက်စုန်းကြီးအဖြစ် အသိအမှတ်ပြုသော တောသားနှင့် တူလှပေသည်။

ပတ္တမြားကြီးသည် ညအချိန်ထမင်းစားရာ၌ ပြာပုံတွင်ထား၍ အသုံးပြု ရန် ကျောက်စုန်းကြီးမဟုတ်ပေ၊ နန်းသုံးရတနာကြီးသာ ဖြစ်ပေသည်။ ဤအတူ အနုဿတိများသည် စိတ်ချည်နှောင်စရာ ချည်တိုင်မျှ အသုံးပြုရန်မဟုတ်ဘဲ သီလ,ပညာများ ပွားများစရာ စိတ်ဓာတ်မြင့်တင်ရေးအတွက် မဟာလုပ်ငန်းကြီး ဖြစ်ပေသည်။ ထို့ကြောင့် အနုဿတိ၏ အနက်အဓိပ္ပါယ်သည်-

'အလျော်အတိုင်း သတိဖြစ်ခြင်း၊

အလျော်အတိုင်း အောက်မေ့ဆင်ခြင်ခြင်း’-ဟူ၍ ဖြစ်သည်။

‘အလျော်’-ဟူသည် ရှုကြည့်သူနှင့်အလျော်ကို ဆိုခြင်း မဟုတ်ပါ။။ ‘အကယ်ရှိနေ, ဖြစ်ပျက်နေသည်နှင့် အလျော်’-ဟုသာ ဆိုလိုပါသည်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိ ဆိုလျှင်-

‘ဗုဒ္ဓကို ဟုတ်သောအတိုင်း၊ သို့မဟုတ် ဗုဒ္ဓအတိုင်း အောက်မေ့ဆင်ခြင်ခြင်း’-ဟု ဆိုလိုပါသည်။ ဗုဒ္ဓကို အဖန်ဖန်ဆင်ခြင်အောက်မေ့ခြင်း မဟုတ်ပါ။

‘ အနု’-ဟူသောစကားသည် ‘ဗုဒ္ဓ ဗုဒ္ဓ’-ဟူသောစကား၏ ဒုတိယအမည် မဟုတ်ပါ၊ ‘အနုရူပ’-ဟူသော ဒုတိယစကား၏ ဒုတိယအမည်သာ ဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း ဤ-အနုရူပတ္ထ’ အနုသဒ္ဒါသည် ရှုကြည့်သူ၏ ဝိသေသန ဖြစ်သင့်သောသဒ္ဒါ မဟုတ်ပါ။

ဘုရားသျှင်၏ ဂုဏ်တော်အာရုံများသည် ရှုကြည့်သူ၏ အရှုခံအာရုံအဖြစ် ရှုကြည့်သူ၏စိတ်ဖြင့် အထပ်ထပ် နမ်းထိ, ရှုကြည့်နေခြင်းကြောင့် အဘယ်သို့သောအကျိုး ပွားတိုး, ဖြစ်ထွန်းစေနိုင်မည်နည်း။ ဆရာတော်ကား အောက်ပါ အကျိုးများကို ပြပေသည်-

‘ဘုရားကိုရိုသေခြင်း များသည်၊ သတိ,ပညာ,သဒ္ဓါ-ကုသိုလ် များမည်၊ နှစ်သိမ့် ဝမ်းမြောက်မည်၊ ဘေးကို သည်းခံနိုင်မည်၊ ဘုရားနှင့်နေရသည်ဟု ထင်မည်၊ အပူဇော်ခံ ထိုက်မည်၊ ဘုရား ဖြစ်ချင်လာမည်၊ မကောင်းမှု ရှက်လာမည်၊ စိတ် တည်ကြည်မည်-ဟူ၍ ကိုးချက်ပြသည်။

ဤအကျိုးအာနိသင်များသည် ဘုရား၏ဂုဏ်တော်များကို အထပ်ထပ် ပွားများမှ ရမည်လော။ ဘုရား၏ ဟုတ်မှန်သော အရည်အချင်းတော်ကို ဟုတ်မှန်သောအတိုင်း သိခါမျှဖြင့်ပင် ရမည်လော၊ ဤသို့ စစ်ကြောသင့်ပေသည်။

ဘုရားသျှင်၏ဂုဏ်တော်ကို အရဟံဖြစ်လျှင် ‘အရဟံ’-ကိုပင် ‘အရဟံ

အရဟံ၊ သော ဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ အရဟံ'-ဤသို့ အထပ်ထပ် ပွားနေရမည်လော။ 'အရဟံ'ဂုဏ်တော်၏ ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ် သောသဘောကို အောက်မေ့ဆင်ခြင်လျှင်ပင် ရမည်လော။

အရဟံကို 'အရဟံ,အရဟံ,'-စသည်ဖြင့် အထပ်ထပ် အဖန်ဖန်ပွားခြင်း သည် အရဟံ,အရဟံ-ဟူသော ချည်တိုင်၌ စိတ်ကို တခြားတပါးသော အာရုံများ သို့ လွင့်ပါး,မျောပါမသွားရန် ချည်နှောင်ထားခြင်းသာ ဖြစ်သည်။ ဤပွားများချက် သည် ဆရာတော်၏ ပွားများရန် ညွှန်ကြားချက် ဖြစ်ပါသည်။

အရဟံကိုပင် 'အရဟံ,အရဟံ'-ဟု မဟုတ်ဘဲ-

'ဘုရားဟူသည်' ဤသို့သော 'အရဟ'-အရည်အချင်းရှိသူ

ဖြစ်သည်၊ ဤအရည်အချင်း၏ လေးနက်မှုအတိုင်းအတာ

သည် လူလောက လူ့ဘဝ၌ ဘယ်မျှဘယ်ထိ စူးဝင်သည်'-

စသည်ဖြင့် ဘုရားသျှင်၏ ဟုတ်မှန်သော အရဟ-အရည်အချင်းကို 'ဟုတ်မှန် သောအတိုင်း သတိဖြစ်ပေါ်ခြင်း' ဖြစ်သည်။ ဤရှုကြည့်ချက်သည် ဘုရားသျှင်၏ နှလုံးသွင်းအတိုင်း ညွှန်ကြားချက် ဖြစ်ပါသည်။

ဤအချက်နှစ်ချက်တွင် ဆိုခဲ့ပြီးသော ဆရာတော်ပြဆိုထားသော အကျိုးများကိုရရှိရန် ဘယ်အချက်က သာ၍ ဖြစ်စေနိုင်ပါမည်နည်း။ နောက် တစ်ချက်ကသာ အမှန် ဖြစ်စေနိုင်ပါမည်။ ရှေ့အချက်သည် အာရုံပဓါနမထားဘဲ အာရုံကိုပြုမှု အာရမ္မဏိကကိုသာ ပဓါနထားသောကြောင့် ဖြစ်သည်။

ဤအကြောင်းကို လောကဥပမာဖြင့် ဆိုပါမည်။ လူသည် နွားတစ်ကောင် ကို နှစ်မျိုးသောလေ့လာခြင်းဖြင့် လေ့လာမည် ဆိုအံ့။

တစ်မျိုးသောလေ့လာခြင်းမှာ ဤသို့ဖြစ်ပါသည်-

'နွားကို နွားဖြစ်သည်,နွားဖြစ်သည်-ဟု အထပ်ထပ်မှတ်၍ နွားအာရုံမှ အခြားအာရုံများသို့ မိမိစိတ်ကို အပြေးအလွှား မသွားမလွင့်စေခြင်း'- ဖြစ်ပါသည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

နောက်တစ်မျိုးလေ့လာခြင်းကား ဤသို့ဖြစ်ပါသည်-

'နွားကို အသွင်အပြင်အားဖြင့် ဘယ်သို့ရှိသည်၊ နွားသည် အဘယ်ကိစ္စကိုပြီးအောင် ဆောင်နိုင်သည်၊ နွားသည် အဘယ့်ကြောင့် ဤသို့ဖြစ်နေသည်၊ အဘယ်သို့ အကျိုးများမည်, နည်းမည်'၊ ဤသို့ လေ့လာခြင်း ဖြစ်ပါသည်။

နွားကိုလေ့လာသောသူသည် ဤသို့ နှစ်မျိုးနှစ်စားအားဖြင့် လေ့လာသည် ဆိုအံ့။ အဘယ်လေ့လာချက်သည် အကျိုးများမည်နည်း။

ပဌမလေ့လာချက်သည် နွားနှင့်စပ်လျဉ်းသော အကျိုးပြီးမှုကို မဖြစ်စေနိုင်ပါ။ နွားမှတပါး အခြားအရာများဆီသို့ စိတ်မသွားစေခြင်းအကျိုးသာ ဖြစ်စေနိုင်ပါသည်။ (ဒုတိယလေ့လာချက်သည်သာလျှင် နွားနှင့်စပ်သော အကျိုးများကို ပြီးစေနိုင်ပါသည်)။

'အနုဿတိ'များကို လေ့လာချက်၌လည်း ဆရာတော်ညွှန်ကြားသော လေ့လာနည်းနှင့် လေ့လာသင့်သောလေ့လာနည်း၊ ဤနှစ်နည်းသည် ဆိုခဲ့သော နွားလေ့လာနည်း နှစ်နည်းနှင့် တထပ်တည်းတူပါသည်။ ထို့ကြောင့် ဆရာတော် ပြဆိုသော အနုဿတိများကို လေ့လာခြင်းကြောင့် ရရှိမည့်အကျိုးသည် ဆရာတော်ညွှန်ပြသော လေ့လာနည်းနှင့် လေ့လာသောကြောင့် ရရှိရန်အကြောင်း မရှိပါ။ ဘုရားသျှင် ဟောကြားတော်မူသော လေ့လာသင့်သောနည်းဖြင့် လေ့လာခြင်းဖြင့်သာလျှင် ရရှိရန် အကြောင်းရှိပါသည်။ ဤအကြောင်းကို နွားလေ့လာမှု ဥပမာသည် ထင်ရှားစေပါသည်။

ဤလေ့လာချက်နှစ်ချက်အနက် နှစ်ချက်လုံးပင် ပြဆိုခဲ့သော အကျိုးရှိနိုင်ခွင့် ရှိသည်ဟု ဆိုချင်က ဆိုနိုင်ပါသည်။ ဤအဆိုမှန်လျှင်ပင် ပဌမအဆို လေ့လာချက် မှားနေပြန်ပါသည်။ ဟုတ်ပါသည်။ တစ်ကြိမ်တစ်ခါမျှ အောက်မေ့ဆင်ခြင်၍ သိနိုင်လျှင် အဘယ့်ကြောင့် အကြိမ်ကြိမ်အထပ်ထပ် ရှုဆင်ခြင်နေရ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
သနည်း။

၄၀။ အနုဿတိ အရကောက်အမှန်

လောက၌ မသိသေးသောအရာကို သိရန် ဆင်ခြင်အောက်မေ့ရပေသည်။ (သိပြီးသောအရာဖြစ်၍ မပိုင်နိုင်သေးလျှင်သာ အထပ်ထပ် ဆင်ခြင်ရပေသည်)။တစ်နှင့် နှစ် ပေါင်းလျှင် သုံးဖြစ်သည်ဟူသော သိပြီးသောအရာများကိုကား အထပ်ထပ် ဆင်ခြင်နေခြင်းကြောင့် အကျိုးထူးတစုံတရာ မရှိရာပါ။ မိမိ၌ ငွေကြေး
ဥစ္စာ ဤမျှရှိသည်ဆိုလျှင် တစ်ကြိမ်ကြည့်လျှင် ဤမျှရှိသည်ဟု သိပေသည်။ ဤအသိကို အထပ်ထပ်အဖန်ဖန် ဤမျှရှိသည်,ဤမျှရှိသည်-ဤသို့ ဆင်ခြင်နေလျှင် အဘယ်သို့ အကျိုးများမည်နည်း။

ထို့ကြောင့် လေ့လာနည်း နှစ်ချက်လုံးပင် အကျိုးရှိသည်ပင် ဆိုဦး။ ဆရာတော် တင်ပြသော အထပ်ထပ် အောက်မေ့ဆင်ခြင်သောနည်းသည် မလိုလားအပ်သောနည်း ဖြစ်ပေသည်။

'အထပ်ထပ်ဆင်ခြင်သောနည်း'-သည် အကယ်မှန်ကန်သောနည်း မဟုတ်
ပေ။ 'စိတ်ဆန်သောနည်း' ဖြစ်ပေသည်။

လောက၌ ကောင်းသောအရည်အချင်းရှိသူတို့၏ အရည်အချင်းများကို အောက်မေ့ဆင်ခြင်ရန် လိုအပ်ပါသည်။ လိုအပ်သည့်အတိုင်း လူများသည် ထို အရည်အချင်းများကို အမျိုးမျိုး ဆင်ခြင် အောက်မေ့နေကြပါသည်။

ထိုသူများ၏ အရည်အချင်းအကြောင်း ရေးသားမှတ်သားထားသော စာပေများကို လေ့လာခြင်း, သီချင်း,ကဗျာများကို ရွတ်ဆိုခြင်း၊ ရုပ်ရှင်,ပြဇာတ်

များကို ကြည့်ရှုခြင်း၊ ဟောပြောချက်များကို နားထောင်ခြင်း၊ အထိမ်းအမှတ်ပွဲ များကို တက်ရောက်အားပေးခြင်း၊ ထိုသူများ၏အရုပ်၊ ထိုသူများသုံးစွဲခဲ့သော ပစ္စည်း-စသည်များကို အလေးပြုခြင်း စသည်-စသည်ဖြင့် ဖြစ်ပါသည်။

'အနုဿတိ'တရားများ ဟူသောစကားလုံးသည် မြန်မာလိုအားဖြင့် 'အောက်မေ့ဖွယ်များ'-ဟူသော စကားနှင့် ထပ်တူဖြစ်ပါသည်။ လွတ်လပ်ပြီးသော မြန်မာပြည်သူများသည် လွတ်လပ်ရေးပိသုကာဖြစ် သော ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့သင့်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ခြင်းသည် မိမိတို့ရရှိနေသော လွတ်လပ်ရေး(အား အောက်မေ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးကို မြတ်နိုးသူကြသူများသည် ဗိုလ်ချုပ်အား အောက်မေ့ကြပေသည်။ သူတို့သည် ဘယ်သို့ အောက်မေ့ကြသနည်း။

လွတ်လပ်ရေးအတွက်လှုပ်ရှားသွားခဲ့သော ဗိုလ်ချုပ်၏ လှုပ်ရှားချက် များကို သတိရကြခြင်း ဖြစ်သည်။ ထိုသူတို့သည် ဤလှုပ်ရှားချက်များကို 'ဗိုလ်ချုပ်- ဘယ်လိုလှုပ်ရှားခဲ့သည်, ဗိုလ်ချုပ် ဘယ်လိုလှုပ်ရှားခဲ့သည်'၊ ဤသို့ အထပ်ထပ်ပြုလုပ်နေခြင်း မဖြစ်နိုင်ပ။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးအတွက် ဤသို့ဆောင်ရွက်ခဲ့ပါတကား-ဟူ၍ ဗိုလ်ချုပ်ဆောင်ရွက်ခဲ့သော အချက်နှင့် ယင်းဆောင်ရွက်ချက်ကြောင့် ရရှိနေသော မျက်မှောက်ရှိ လွတ်လပ်မှု၊ ဤအရာ များ ဆက်စပ်တွေးတောခြင်းကိုသာ ပြုလုပ်ခြင်း ဖြစ်ပါသည်။

ဤသို့ အောက်မေ့ခြင်းသည် လွတ်လပ်ရေးကို ချစ်ခင်မြတ်နိုး တန်ဖိုး ထားတတ်သောစိတ်များ ရရှိရန် ပြည့်စုံသော အောက်မေ့ခြင်း ဖြစ်ပါသည်။ ဤသို့မဟုတ်ဘဲ 'ဗိုလ်ချုပ်သည် ဤသို့ဆောင်ရွက်ခဲ့သည်၊ ဤသို့ ဆောင်ရွက်ခဲ့ သည်'-စသည်ဖြင့် ဤအရာကလေးကို အထပ်ထပ် အောက်မေ့နေခြင်းသည် ဗိုလ်ချုပ်အောက်မေ့ခြင်းကြောင့်-ဟု ရှိနိုင်သော အကျိုးဖြစ်သော ဇာတိစိတ်၊

ဇာတိမာန်၊ လွတ်လပ်ရေးမြတ်နိုးမှုများ ဖြစ်ပေါ်ရန် အကြောင်း မရှိပေ။ စိတ်ကို ဘယ်မှမထွက်ခွါရန် အတွက်သာ အကျိုး ဖြစ်ကောင်းဖြစ်ပေမည်။

ထို့ကြောင့် ဆရာတော်၏ အနုဿတိတရားများအပေါ် သဘာထားသည် ဘုရားသျှင်၏ နှလုံးသွင်းတော်နှင့် သီးခြားစီ ဖြစ်ပေသည်။ ဆရာတော်ဖွင့်သော အနုဿတိ၏ အနက်သည် စိတ်ဆန်ပေသည်။ စိတ်ဆန်သော ရှုကြည့်မှုသည် မဇ္ဈိမပဋိပဒါတရားတော်ကို ပြဆိုချက်၌ နေရာရှိသည် မဟုတ်ပေ။

ထို့ကြောင့် ဤ-အနုဿတိပြဆိုချက်များသည်လည်း ဘုရားသျှင်၏ စိတ္တဘာဝနာအဖွင့်အဖြစ် အကယ်မြောက်သော အဖွင့်စကား မဖြစ်နိုင်ပါ။ ဤ-အနုဿတိတရားများ၌ ဗုဒ္ဓါနုဿတိ-စသည်များသည် ဘုရားသျှင်-စသည်ကို စစ်မှန်သောအတိုင်း မြင်သိရန် ပွားများခြင်းသာ ဖြစ်ပေသည်။

ဟုတ်ပါသည်။ အနုဿတိဆယ်ပါး၌ ရှေ့သုံးပါးသည် ရတနာသုံးပါး၏ စစ်မှန်သော အရည်အချင်းကို သို့မဟုတ် စစ်မှန်သောအသုံးကို သိရှိနားလည်ရန် ပွားများရခြင်း ဖြစ်ပါသည်။ ရတနာသုံးပါးသည် လောကအတွက် များစွာ အသုံးကျသော အရာများလည်း အမှန်ပင် ဖြစ်သည်-မဟုတ်ပါလော။ ထို့ကြောင့် ထိုအရာများ၏ စစ်မှန်သောအသုံးကို သိရှိသည်အထိ အောက်မေ့ထားဖို့ လိုအပ်ခြင်း ဖြစ်ပါသည်။

ထို့အတူ သီလ၊ စာဂ၊ ဒေဝတာ-ဤအရာများသည်လည်း ယင်းတို့၏ အသုံးကို သိရှိသည်အထိ အောက်မေ့ဆင်ခြင်၊ သတိဝင်ထားသင့်သော အရာများပင် ဖြစ်ပါသည်။ ဤအနုဿတိများသည် ဆရာတော် ပြဆိုသကဲ့သို့ မဖြစ်နိုင်ပါ။

သီလာနုဿတိဆိုလျှင် သီလနှင့် သီလ အကြောင်းအကျိုးများ ဆက်သွယ်ပုံ၊ လောကအတွက် သီလသည် မည်မျှအကျိုးများပုံ၊ အောက်မေ့ဆင်ခြင် သတိဝင်ရန်သာ ဖြစ်ပါသည်။

စာဂါနုဿတိဆိုလျှင်လည်း ဒါနနှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးတရား

များနှင့် ဒါနတရားတို့ ဆက်စပ်ပုံကို အောက်မေ့ဆင်ခြင် သတိဝင်ခြင်းသာ ဖြစ်ပါသည်။

ဒေဝတာနုဿတိဆိုလျှင်လည်း ဆရာတော်ဖွင့်ပြသော ဒေဝတာ-အရသည် မဖြစ်နိုင်သောအရာသာ ဖြစ်ပါသည်။ ဘုရားရှင်သည် ဒေဝ-ကို ယခုလူများသိသော အနက်အတ္ထမျိုးကို အကယ် အသိအမှတ်ပြုခဲ့သည် မဟုတ်ပေ။ ဤသို့ မပြုကြောင်း မဇ္ဈိမပဏ္ဏာသ သိင်္ဂါရဝသုတ်၌လည်းကောင်း၊ အခြားသော မဇ္ဈိမနိကာယ် သုတ်တချို့၌လည်းကောင်း ကောသလ-စသောသူတို့အား ဟောကြားချက်များ ရှိပါသည်။ ဤဟောကြားချက်များသည် ဒေဝတာကို ယခုလူများဖော်ဆောင်သော အနက်အတ္ထများ မဖော်ဆောင်ကြောင်း အလွန်ထင်ရှားစေချက်များ ဖြစ်ပါသည်။

ဤသုတ်များ၌ ဘုရားရှင် ဖော်ဆောင်ခဲ့သော ဒေဝတာ၏ အနက်အတ္ထသည် 'မြင့်မြတ်သောလူများ'-သာ ဖြစ်ပါသည်။

'ဥစ္စေနသမ္မတံ ခေါ ဧတံ ဘာရဒွါဇ လောကသ္မိံ ယဒိဒံအတ္ထိ ဒေဝေါတိ'-စသည်ဖြင့် ဖြစ်ပါသည်။

ထို့ကြောင့် ဒေဝတာနုဿတိကို ဆရာတော်ဖွင့်ဆိုချက်သည် ဘုရားရှင်ဟောလိုချက်နှင့် သီးခြားစီသာ ဖြစ်ပါသည်။ ဘုရားရှင်သည် မြင့်မြတ်သူတို့အကြောင်းကို အောက်မေ့စေချင်ပါသည်။ မြင့်မြတ်သူ-ဟူသည်မှာ လူထု၏နှလုံးကို သိမ်းကျုံးယူငင်နိုင်သော အကျင့်ရှိသူများ ဖြစ်ပါသည်။ ဤသူများသည် အောက်မေ့အပ်သော အရည်အချင်းရှိသူများ ဖြစ်ကြပါသည်။

ဥပမာအားဖြင့် မြန်မာပြည်မှ ပန်းပဲမောင်တင့်တယ်၊ ပခန်း ဦးမင်းကျော်၊ တောင်ပြုံးမင်းညီနောင်- စသူများသည်) သူ့ခေတ်သူ့အခါက လူထု၏နှလုံးကို သိမ်းကျုံးဆွဲယူနိုင်သော မြင့်မြတ်သူများ, သူရဲကောင်းများ ဖြစ်ကြပါသည်။ (ထို့

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အတူ ကမ္ဘာ့ဒေဝတာများလည်း မြင့်မြတ်သူများ၊ သူရဲကောင်းများ ဖြစ်ကြပါသည်)။ နောင်အခါ၌ ဗိုလ်ချုပ်အောင်ဆန်း-စသူများသည် ဒေဝတာများပင် ဖြစ်ကြပါမည်။

ဤသို့သော ဒေဝတာများ၏ အရည်အချင်းကို အောက်မေ့ဆင်ခြင်လျှင် ကြီးမြင့်သောစိတ်ထားများ ဖြစ်ပွားပြီး ထိုသူများကဲ့သို့ လူထု၏စိတ်နှလုံးကို သိမ်းကျုံးယူငင်နိုင်သော အကျင့်များကို ပြုလုပ်လိုပါသည်။

ထို့ကြောင့် ဒေဝတာနုဿတိကို ဘုရားသျှင် ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်ကိုပွားလျှင် ဤသို့ပင် ပွားအပ်ပါသည်။

အခန်း(၁၀)

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## ကျန်အနုသဿတိကမ္မဋ္ဌာန်းများ အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၁၀)
## ကျန်အနုဿတိကမ္မဋ္ဌာန်းများ အကျယ်ဖွင့် သုံးသပ်ချက်

၄၁။ ကာယဂတာသတိအဖွင့် သုံးသပ်ချက်

ကာယဂတာသတိကိုလည်း ဆရာတော်ဖွင့်ဆိုချက် အဖွင့်သည်လည်း လိုအပ်သည်နှင့် တခြားစီပင် ဖြစ်ပါသည်။

ဆရာတော်သည် ကာယဂတာသတိကို ကောဋ္ဌာသ သုံးဆယ့်နှစ်ပါးအဖြစ် ဖွင့်ပါသည်။ ကောဋ္ဌာသများသာဖြစ်မည် မှန်သော်လည်း 'ကာယဂတာသတိ'-သည် ကောဋ္ဌာသများသာဖြစ်သည်-ဆိုလျှင် မှန်ရန်အကြောင်း မရှိပေ။ အဘယ့်

ကြောင့်ဆိုသော် ကိုယ်ရှိနေသော အစိတ်အပိုင်းများသည် ကာယဂတာ ဖြစ်သကဲ့သို့ ကိုယ်၏လှုပ်ရှားဟန်ဖြစ်သော (သွားခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်း၊ ထိုင်ခြင်း စသော စိတ်ကြောင့်ဖြစ်သော ကိုယ်၏)လှုပ်ရှားမှုများလည်း ကာယဂတာပင် ဖြစ်ပါသည်။

တဖန်လည်း ဆရာတော်သည် ဆံပင်ကို ရွံ့ဖွယ်-ဟု ပြဆိုပြန်ပါသည်။ အစားအစာ၌ ဆံပင်ပါ၍ ရွံရှာခြင်းဖြစ်ပုံကို ထုတ်ပြပါသည်။ ဆံပင်သည် အစားအစာ၌တွေ့ရလျှင် ရွံ့ဖွယ်ဖြစ်သောကြောင့် ဆံပင်၌ ရွံ့ဖွယ်သာ ဖြစ်သည်ဆိုလျှင် မမှန်နိုင်ပါ။ ဘယ်အရာမဆို သူ့နေရာမဟုတ်လျှင် ရွံ့ဖွယ်ပင် ဖြစ်ပါသည်။ ဆံပင်သည် အစားအစာမဟုတ်ဘဲ အစားအစာ၌ ရောက်နေသောကြောင့်သာ ရွံ့ဖွယ်ဖြစ်ခြင်း ဖြစ်ပါသည်။ ဤသို့မဟုတ်လျှင် ဆံပင်သည် ရွံ့ဖွယ်မဟုတ်ပါ။

ဥပမာအားဖြင့် ပန်းသည် ကြူမွှေးသောရနံ့ရှိပါသည်။ ၎င်းသည် ရွံ့ဖွယ်မဟုတ်ပါ။ ဘုရားစသောသူမြတ်များကိုပင် အမြတ်လက်ဆောင်အဖြစ် ပေးကမ်းလှူဒါန်းပူဇော်ခြင်း ပြုရပေသည်။ ဤသို့သောပန်းကို အစားအစာ၌ ကျနေသည်ကိုမြင်လျှင် သို့မဟုတ် အစားအစာ ချက်ပြုတ်ထားသည်၌ မတော်တဆ ပါဝင်နေသည်ဆိုလျှင် ရွံ့ဖွယ်-ဟုပင် ဆိုရမည် မဟုတ်ပါလော။

အဘယ့်ကြောင့် ဤသို့ဖြစ်သနည်း။

နေရာမဟုတ်သောကြောင့် ဖြစ်ပါသည်။

ဆံပင်ကို ရွံ့ဖွယ်-ဆိုသည်မှာလည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ဆံပင်သည် ဤသို့သော (ရွံ့ဖွယ်များ အကယ်ရှိသည် မဟုတ်ပေ။ ဆံပင်သည် ပဋိကူလ-ဖြစ်သည်ဟု ဘုရားသျှင်ဟောခဲ့ခြင်းမှာ ဆံပင်၌ထူးကဲသော နှစ်သက်သာယာဖွယ်မရှိကြောင်း ပြဆိုလိုချက်သာလျှင် ဖြစ်ပေသည်။

အစားအစာ၌ ဆံပင်ကို ရွံ့ဖွယ်-ဟု ပြောဆို မှတ်သားကြသောကြောင့်

ဆံပင်သည်) ရွံဖွယ်ဖြစ်သည်-ဟု ဆိုခြင်းမှာ ပြည့်စုံသည် မဟုတ်ပေ။ (ရဟန်းသည် ဖောက်ပြန်သောစိတ်ရှိလျင် ပွဲလမ်း၌လည်း တွေ့နိုင်ပေသည်)။ ရဟန်းကို ပွဲလမ်း၌တွေ့သော် နှလုံးနာဖွယ် ဖြစ်ပါသည်။ ဤသို့ ပွဲလမ်း၌တွေ့ရာ၌ နှလုံးနာဖွယ်ဖြစ်သောကြောင့် ရဟန်းမှန်သမျှ နှလုံးနာဖွယ်ဟုမှတ်လျင် သင့်မြတ်ပါမည်လော။ အစား၌ ဆံပင်ကို ရွံဖွယ်-ဟု မှတ်ရသောကြောင့် ဆံပင်မှန်သမျှ ရွံဖွယ်၊ ဤသို့မှတ်သားခြင်းသည် မပြည့်စုံသောမှတ်သားခြင်းသာ ဖြစ်ပါသည်။

ဤကောဋ္ဌာသများသည် အပြန်ပြန်အလှန်လှန် ရွတ်အံသရဇ္ဈာယ်၍ အောက်မေ့နေသင့်သည်လည်း မဟုတ်ပေ။ ဤသို့သရဇ္ဈာယ်ခြင်းကြောင့် မမြင်ရသော နှလုံး,အသဲ,အမြေး,အဖျင်း,အဆုတ်စသော ဝမ်းခေါင်းတွင်းမှ အရာများကို မြင်လာသည်လည်း မဟုတ်ပေ။ မြင်သိပြီးသော ဆံပင်,အမွေး,ခြေသည်း,လက်သည်း,သွား,အရေထူပါး- စသည်တို့သည်လည်း မြင်သိသည်ထက်ပို၍ မြင်သိလာစရာ အကြောင်း မရှိပေ။

လူသည် ဤအရာများ၏ အစုအဝေးပစ္စည်းများဟု လုံးမိရုံမျှ အသိဖြစ်ရန်သာ အောက်မေ့ဆင်ခြင်သင့်ပေသည်။ အပြန်ပြန်အလှန်လှန်အားဖြင့် သရဇ္ဈာယ်
နေရန်အကြောင်း မရှိပေ။ ထို့ပြင်လည်း သုံးဆယ့်နှစ်ကောဋ္ဌာသတွင် ကောဋ္ဌာသတစ်ခုတိုင်း၌ အဆင်း,အသွင်,အနံ့,တည်ရာနှင့် မှီရာအကြောင်းအားဖြင့်လည်းကောင်း၊ စက်ဆုတ်ဖွယ်ဖြစ်ပုံကို ပြဆိုပေသည်။

ယင်း၌ ကောဋ္ဌာသတစ်ခုချင်း၏ အကယ်အရှိ မဟုတ်သည်များလည်း ရှိပေသည်။ ဥပမာအားဖြင့် အူမ၏ အရှည်အလျားပြ စကားများ ဖြစ်သည်။ အူမသည် ယောကျ်ား,မိန်းမတို့၌ အရှည်အလျားမတူဟု ပြသည်။ အူမတို့၏ ပကတိအရှည်အလျားသည် ဆရာတော် ဖွင့်ဆိုထားသော အရှည်အလျားသည်လည်း

မဟုတ်ပေ။

၄၂။ မရဏာနုဿတိနှင့် ဥပသမာနုဿတိအဖွင့် သုံးသပ်ချက်

မရဏာဿတိ၌လည်း အကယ်လိုအပ်သည်မှာ သေခြင်းနှင့်စပ်၍ မေ့လျော့ပြီး များစွာမာန်ယစ်မနေရန် အောက်မေ့ဆင်ခြင်စေချက်ဖြစ်သည်။ သေရ အံ့,သေရအံ့-ဟု အထပ်ထပ်ဆင်ခြင်လျက် သေမည့်စိတ္တဇများ ဖြစ်ပွားနေရန် ဆင်ခြင်အောက်မေ့ရခြင်း မဟုတ်ပေ။

ဥပသမာနုဿတိ၌လည်း ဥပသမ-သည် 'နိဗ္ဗာန်'-မဟုတ်ပေ။ နိဗ္ဗာန်ကို အောက်မေ့ဆင်ခြင်စေခြင်း မဟုတ်ပေ။ နိဗ္ဗာန်သည် ပစ္စဝေက္ခဏာမဟုတ်ဘဲ အောက်မေ့၍ ရသည်လည်း မဟုတ်ပေ။ ဤ၌ 'ဥပသမာ'-၏ အရ-သည် မလိမ်ခြင်း, မခိုးခြင်း-စသည်ကြောင့် အတ္တာနုဝါဒဘေး စသောဘေးများမှ လွတ်ကင်း၍ ငြိမ်းအေးခြင်းဖြစ်ကုန်သော အရာသာ ဖြစ်သည်။

ဤအရာသည် အလွန် ဆင်ခြင်သင့်ပေသည်။ ဤသို့ဆင်ခြင်လျှင် ဆင်ခြင်သူ၏စိတ်ဓါတ်များသည် ဤသို့သော ငြိမ်းအေးခြင်းကို အမြဲတစေ ရလိုလာသည်။ ထို့ကြောင့် မလိမ်ခြင်း-စသည်ကို ပြုနိုင်သော ပညာကို ရှာဖွေချင်လာသည်။ ဤသို့ပင် ဤအရာသည် စိတ်ဓါတ်မြှင့်တင်ခြင်းလုပ်ငန်း ဖြစ်သည်။

၄၃။ အာနာပါနဿတိအဖွင့် သုံးသပ်ချက်

အာနာပါနဿတိသည်လည်း (ဝင်လေ,ထွက်လေ၌ စိတ်ကို ချည်နှောင်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ထားသည်အထိ ပွားများရန် မဟုတ်ပေ)။ ယင်းဝင်လေ,ထွက်လေကို သိရှိနားလည်ရန် လေ့လာခြင်းမျှသာ ဖြစ်ပေသည်။

ဆရာတော်သည် အာနာပါနဿတိကို များစွာပင် အကျယ်ဖွင့်လေသည်။ ဆရာတော်၏ ဖွင့်ဆိုချက်များသည် ဘုရားသျှင်၏ နှလုံးသွင်းတော်နှင့် ခြားနားရဖို့ ရှိလေသည်။ ဆရာတော်သည် စိတ်ကို အာနာပါနချည်တိုင်၌ တုပ်နှောင်ချည်ဖွဲ့ထားရန် ဦးစားပေး၍ ညွှန်ကြားခဲ့ပေသည်။

ဘုရားသျှင်ကား စိတ်ကို အာနာပါနချည်တိုင်၌ ဖွဲ့ချည်ရန်မဟုတ်၊ အာနာပါနကို လေ့လာရန်မျှသာ ဖြစ်ပေသည်။ ဆရာတော်သည် အာနာပါနကို သမထတစ်မျိုး၊ ဝိပဿနာတစ်မျိုး (ဤသို့ အမျိုးမျိုးဖြစ်ရန် ဖွင့်ပြခဲ့ပေသည်။

ဘုရားသျှင်သည် ဤသို့ အမျိုးမျိုးရည်ရွယ်၍ ဟောခဲ့သည် မဟုတ်ပေ)။ 'အသက်ရှူရှိုက်ခြင်းကို လေ့လာခြင်းသည် ဘဝကိုလေ့လာခြင်းပင် ဖြစ်သည်၊ လောဘ,ဒေါသ,မောဟအားကြီးသော ဘဝရှိသူနှင့် အားနည်းသော ဘဝရှိသူ၊ ဤနှစ်ဦးတို့၏ အသက်ရှူမှုသည် တူညီမည်လော-

လောဘဖြစ်လျှင် ရှူးရှူးရှားရှား ဖြစ်သည်။ ဒေါသဖြစ်လျှင်လည်း ဤအတူဖြစ်သည်။ မောဟဖြစ်လျှင်လည်း ဤအတူပင်။ အထိန်းအသိမ်းမဲ့ အသက်ရှူရှိုက်နေခြင်းကြောင့် ရှူးရှူးရှားရှား ဖြစ်သည်ပင်။ မိမိအဇ္ဈတ္တ၌သာမက ဗဟိဒ္ဓဖြစ်သော သူတပါးတို့၌ပင် ဤအသက်ရှူရှိုက်မှုကို ကြည့်၍ သိခွင့်ရှိပေသည်။

ထို့ပြင်လည်း ထက်သောဝေဒနာကို ခံစားရသူ၊ နုံ့သောဝေဒနာ ခံစားရသူ၊ ဤနှစ်ဦး၏ အသက်ရှူရှိုက်မှုသည်လည်း တူညီသည် မဟုတ်ပေ။ ထိုမှတပါး မှန်ကန်သော သဘောတရားရှိသူ၊ မှားယွင်းသော သဘောတရားရှိသူ- ဤသူနှစ်ဦးတို့၏ အသက်ရှူရှိုက်မှုသည်လည်း တူညီမည် မဟုတ်ပေ။

အသက်ရှူရှိုက်မှုကို လေ့လာခြင်းသည် ဤသို့သော အဖြစ်အပျက်များကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့် ရှိပေသည်။ ဤသို့ လေ့လာသိမြင်သူသည်

ကိုယ်ကာယဆိုင်ရာ လှုပ်ရှားမှုအဖြစ် ခံစားမှုစိတ်ဖြစ်ပေါ်မှုသဘောတရားဖြစ်ပေါ်မှု၊ ဤသင်္ခါရများ၏ 'ဥပ္ပါဒ'-အဖြစ် ရောက်လာပုံကိုလည်းကောင်း၊ 'ဝယ'-အဖြစ်
ရောက်လာပုံကိုလည်းကောင်း သိရှိရသဖြင့် များစွာစိတ်ဝင်စားမှု ဖြစ်လေသည်။

ဤသို့သော ကိုယ်ကာယလှုပ်ရှားမှု၊ ပြောင်းလဲမှု၊ ခံစားမှု၊ စိတ်ဖြစ်ပေါ်မှု၊ သဘောတရားဖြစ်ပေါ်မှု- ဤအရာများသည် သတ္တဝါတစ်ဦးအတွက် 'ဘဝ'-ဟု ဆိုရသည် မဟုတ်ပါလော။ ထိုအရာများအပြင် ဘဝဟူ၍ သီးခြားမရှိပြီ မဟုတ်ပါလော။ထို့ကြောင့် အသက်ရှူရှိုက်မှုကို လေ့လာခြင်းသည် ဘဝကိုလေ့လာခြင်းမျှသာ ဖြစ်ပေသည်။ (ဝါ) သင်္ခါရကိုလေ့လာခြင်းမျှသာ ဖြစ်ပါသည်)။

ဘဝကို ဤသို့လေ့လာခြင်းကြောင့် ဘဝ၏ အဿာဒကိုလည်းကောင်း၊ ဘဝ၏ အာဒီနဝကိုလည်းကောင်း၊ ရန်-ငါမျဉ်းဖြတ်ပြီး ဘဝကိုလွန်မြောက်ခြင်း နိဿရဏ ဖြစ်ရပေသည်။ (သင်္ခါရကို လွန်မြောက် နိဗ္ဗာန်-ရောက်လေသည်)။

ဤသို့ဖြစ်ရန်အတွက်သာ အာနာပါနဿတိကို ဘုရားဟောကြားခဲ့ခြင်း ဖြစ်ပေသည်။ ဆရာတော်ညွှန်သကဲ့သို့ အာနာပါနချည်တိုင်၌ စိတ်ကိုတုပ်နှောင်ထားရန် ဤအာနာပါနဿတိ ဒေသနာကို ဟောကြားခဲ့ခြင်း မဟုတ်ပေ။

ဤသို့ပင် အနုဿတိဘာဝနာများသည် ဘုရားသျှင် ဟောကြားခဲ့သော စိတ္တဘာဝနာပုဒ်၏ အဖွင့်စကားဖြစ်ရန် များစွာ သင့်မြတ်လှပါသော်လည်း ဆရာတော်၏အဖွင့်များသည် ဘုရားသျှင် ဟောကြားခဲ့သော စိတ္တဘာဝနာပုဒ်၏ အဖွင့်နှင့် မကိုက်မညီ မလိုက်မလျော ဖြစ်နေပါသည်။

ဘုရားသျှင်သည် အမြဲမပြတ်ပင် အလယ်လမ်းမှ ကောင်းစွာ ကြွသွားတော်မူနေပါသည်။ ဘယ်သို့သော ဟောကြားချက် တစုံတရာ၌ဖြစ်စေ အလယ်လမ်းမှ တစ်ဖဝါးမျှ ဆင်းသက်ကြွသွားတော်မူခြင်း မရှိပေ။

ဆရာတော်မူကား ဤသို့သော ဘုရားသျှင်၏ ဟောကြားချက်များကို

အထက်လမ်းအမြင်ဖြင့်ချည်း ဖွင့်ဆိုနေလေသည်။ ဆရာတော်သည် အထက်လမ်းအမြင်ရှိသူပြီပြီ တစုံတခုသောအဖွင့်ကလေး၌ပင် အထက်လမ်းအမြင်မှ သွေဖည်၍ ဖွင့်ဆိုခဲ့ခြင်း မပြုခဲ့ပေ။

ထို့ကြောင့် ဘုရားသျှင်အဟောနှင့် ဆရာတော်၏အဖွင့်သည် ခပ်ပြာနှင့် ရွှေလို လုံးဝပင်ဂဟေမစပ်ဘဲ ပဋိပက္ခ ဖြစ်နေခဲ့ပါသည်။

ဤအနုဿတိ အဖွင့်များလည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ဘုရားသျှင်၏ စိတ္တဘာဝနာသို့ မထိစပ်ဘဲ အဖွင့်သီးခြား ဖြစ်နေခဲ့ပါသည်။

ဤမျှဖြင့် အနုဿတိများကို အကျယ်တင်ပြချက်များ သုံးသပ်ချက် ပြည့်စုံလောက်ပါပြီ။

# အခန်း(၁၁)

# ပြဟ္မဝိဟာရ အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၁၁)
## ဗြဟ္မဝိဟာရအကျယ်ဖွင့် သုံးသပ်ချက်

၄၄။ မေတ္တာနှင့်ကရုဏာဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဗြဟ္မဝိဟာရများကို အကျယ်တင်ပြချက်အား သုံးသပ်ပါမည်။ ဆရာတော်သည် ဤအကျယ်တင်ပြချက်အခန်းကို ကိုးခုမြောက် အကျယ်တင်ပြချက်အခန်းအဖြစ် ပြဆိုပါသည်။ ဤအခန်း၌ မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာများ ပွားပုံကို တင်ပြပါသည်။

ဤဘာဝနာများသည်လည်း ဘုရားသျှင်၏ စိတ္တဘာဝနာကို ဖွင့်ဆိုရန်များစွာသင့်လျော်သော ဘာဝနာများပင် ဖြစ်သည်။ (ထိုသို့ဖြစ်သော်လည်း ဤဘာဝနာများကို) ဆရာတော် ဖွင့်ဆိုချက်သည် (ဘုရားသျှင်၏) စိတ္တဘာဝနာပုဒ်ကိုဖွင့်ရန် မဖြစ်နိုင်သော ဖွင့်ဆိုချက်များ ဖြစ်နေပေသည်။

ဆရာတော်သည် မေတ္တာ၏သဘောကို ပေါ်လွင်အောင် ဖွင့်ဆိုနိုင်ခြင်း မရှိပေ။ ကြက်တူရွေးစကားပြောသကဲ့သို့သာ တီတီတာတာ ပြောဆိုနေခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို အချက်နှစ်ချက်အားဖြင့် ထင်ရှားစေပါသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ယင်းမှာ မေတ္တာပွားပုံနှင့် မေတ္တာအပွားခံပုဂ္ဂိုလ် ပြဆိုချက် ဖြစ်ပါသည်။

ဆရာတော်သည် မေတ္တာပွားပုံကို ဤသို့ပြပါသည်-

'ဘေးရန်ကင်းပါစေ၊ စိုးရိမ်ကြောင့်ကြ ကင်းပါစေ၊ ဆင်းရဲကင်းပါစေ၊ ချမ်းသာပါစေ'။ ဤသို့ စိတ်ဖြင့် ပြန့်ပွားနေခြင်းသည် မေတ္တာပွားခြင်းဟု ပြပေသည်။

မေတ္တာအပွားခံ ပုဂ္ဂိုလ်ကိုလည်း အားလုံးသတ္တဝါများ၊ အားလုံးသော သက်ရှိများ-စသည်ဖြင့် ဖြစ်ပါသည်။ အကယ်စင်စစ်၌ မိမိမသိသော သတ္တဝါ စသည်များလည်း ဤမေတ္တာအပွားခံ ပုဂ္ဂိုလ်၌ ပါဝင်နေပေသည်။

ဤပုဂ္ဂိုလ်များကို မသိဘဲလျက် အဘယ်သို့ မေတ္တာပွားမည်နည်း။ ဆရာတော်၏ မေတ္တာအဖွင့်သည် မသိရာ၌ စိတ်လှုပ်ရှားခြင်းများ ဖြစ်၍ နေပါသည်။ စစ်မှန်သောမေတ္တာသဘောသည် ဤသို့ဖြစ်သင့်သည် မဟုတ်ပေ။ မေတ္တာသည် ဗြဟ္မဝိဟာရဓမ္မ ဖြစ်ပေသည်။ မြင့်မြတ်သူတို့၏ အနေအထားသဘော-ဟူ၍ ဤစကားကို မြန်မာပြန်ရပေမည်။

အနေအထားသည် ပြုလုပ်ရွေ့လျားချက် မဟုတ်ပေ။ ရပ်တည်ချက်သာ ဖြစ်ပေသည်။ (ထို့ကြောင့် ဓမ္မဝိဟာရသည် တစုံတရာ အထူးပြုလုပ်ရမည့်အရာ မဟုတ်ပေ)။ ထို့ကြောင့် ဗြဟ္မဝိဟာရဓမ္မတို့၏ သဘောသည်လည်း ဤသို့ပင် အကယ် ပြုလုပ်ဖွယ်ရှိသည် မဟုတ်ပေ။

ဥပမာအားဖြင့် ဗြဟ္မဝိဟာရဓမ္မ တစ်ခုဖြစ်သော မေတ္တာ၌ အရ-တရားသည် 'အဒေါသ'-ဟုဆိုအပ်သော သတ္တဝါအာရုံများအပေါ်၌ အမျက်မထွက်ခြင်း (ဖြစ်ပါသည်။ အမျက်မထွက်ခြင်းဖြင့် နေခြင်းသည် မေတ္တာဗြဟ္မဝိဟာရဖြင့် နေခြင်း မဟုတ်ပါလော။

သတ္တဝါများအပေါ်၌ အမျက်မထွက်ခြင်းဖြင့်) နေခြင်း၌ ရန်ကင်းပါစေ-စသည်ဖြင့် အထူးပြုလုပ်ဖွယ်သည် အဘယ်ဖြစ်သနည်း။ 'အမျက်မထွက်ခြင်း'-ဟူသည် တွေ့မြင်ရသော သတ္တဝါအာရုံကြောင့် မပြေပြစ်သောစိတ်များ မဖြစ်

ပေါ်ခြင်း ဖြစ်ပါသည်။

ဤသို့ မပြေပြစ်သောစိတ်များ မဖြစ်ပေါ်ခြင်းသည်ပင်လျှင် ပြေပြစ်၍ နည်းလမ်းကျသောစိတ်များ ဖြစ်ပေါ်ခြင်း-ဟူသော အဒေါသနှင့်ယှဉ်သော စိတ်များ ဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ ဤသို့သောစိတ်များဖြင့် နေခြင်းသည်ပင် မေတ္တာ ပြဟ္မဝိဟာရဖြင့်နေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပြဟ္မဝိဟာရဖြင့် နေခြင်းသည် ဘေးရန်ကင်းပါစေ၊ ကြောင့်ကြ
ကင်းပါစေ-စသည်ဖြင့် ဖြန့်ပွားပို့လွှတ်နေခြင်း-ဟူသည် အဓိပ္ပါယ်ရှိသည်မဟုတ်ပေ။ မေတ္တာသည် မိမိမသိသော သတ္တဝါအာရုံများအပေါ်၌ 'ရန်ကင်းပါစေ'-စသည်ဖြင့် ပို့လွှတ်နေရသောအရာ မဟုတ်ပေ။

ထို့ကြောင့် မေတ္တာသည်-

'သတ္တဝါအာရုံများ အပေါ်၌ အမှားအယွင်းအားဖြင့် တေးမှတ် ထားခြင်းမရှိ၊ ပကတိသန့်စင်စွာ သိမြင်ခြင်း'-ဖြစ်သည်။

ထို့ကြောင့် ပြဟ္မဝိဟာရဖြင့်နေသူသည်-

' မိမိတွေ့သိသော သတ္တဝါအာရုံများ၌ မကျေနပ်ဘွယ်များ တစုံတရာမရှိ၊ ပကတိသန့်စင် ဖြူဖွေးစွာနေခြင်း'- ဖြစ်သည်။

ဤသို့နေခြင်းသည်သာ ပြဟ္မဝိဟာရဖြင့်နေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်၏ မေတ္တာပွားပုံ ပြဆိုချက်နှင့် မေတ္တာပွားနိုင်ရန် နည်းလမ်း ဆယ့်တစ်လမ်း ပြဆိုချက်များလည်း အမှန်အကန်များနှင့် မညီညွတ်ပေ။ ဤနည်းလမ်းများသည် ဒေါသဖြေနည်း တစ်ဆယ့်တစ်နည်း-ဟုပြောလျှင်ပင် ဖြစ်ပေသည်။

ဤဒေါသဖြေနည်းများသည် တကယ်ပြေမှုနှင့် ကင်းကွာနိုင်ပေသည်။ ဤဖြေနည်းများသည် မှန်ကန်သောအသိနှင့် ဖြေနည်းများ မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဤဖြေနည်းများသည် ဒေါသ၏ သဘာဝကျမှုမှ မဲ့သော အဖြစ်ကို

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အကယ် မဖော်ဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ စင်စစ်၌ ဒေါသသည် 'မသိခြင်းကြောင့်သာ ဖြစ်သောအရာ'- ဖြစ်ပေသည်။ သိလျှင် ဒေါသဖြစ်၍ မရနိုင်ပေ။ ထို့ကြောင့် စစ်မှန်သော ဒေါသဖြေနည်းသည် ဒေါသကို ဖြစ်စေသော 'မသိခြင်း'ကို ဖွင့်ဖော်ခြင်း ဖြစ်သင့်ပေသည်။

ထို့ပြင် ဗြဟ္မဝိဟာရ၌ ကရုဏာသည်လည်း မေတ္တာအတူပင် ဖြစ်သည်။ ကရုဏာ၏သဘောသည် 'အဝိဟိံသာ'-ဟုဆိုအပ်သော 'အနိုင်မယူခြင်း' ဖြစ်သည်။ ထို့ကြောင့်- 'အနိုင်ယူခြင်း မပြုလုပ်ဘဲ နေလျှင် ကရုဏာဝိဟာရဖြင့် နေခြင်း'- ဖြစ်ပေတော့သည်။

ဆရာတော်ပြဆိုသော ကရုဏာပွားစီးပုံပြ စကားများသည် စက်ဆုတ်ဖွယ် ဖြစ်သည်။ အပေါ်စီး ဆန်လှပါသည်။ ဟုတ်ပါသည်။ 'ဤသူ ဆင်းရဲစွ, ဆင်းရဲမှလွတ်ပါစေ'-ဤသို့ စိတ်ဖြင့်ပွားစီးသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဆင်းရဲသူအား အပေါ်စီးမှ ငုံ့ကြည့်သနားနေခြင်း ဖြစ်ပါသည်။ ဤသို့သနားခြင်းသည် သနားခံရသူ၌ နစ်နာမှုသာ ဖြစ်ပါသည်။

## ၄၅။ မုဒိတာနှင့်ဥပေက္ခာဖွင့် သုံးသပ်ချက်

မုဒိတာဗြဟ္မဝိဟာရ ပွားပုံလည်း သင့်လှသည်မဟုတ်ပေ။

'ရနေသောစည်းစိမ်မှ မဆုတ်ယုတ်ပါစေလင့်'- ဤသို့ ပို့လွှက်နေသဖြင့် မည်သူ၌ မည်သို့သောအကျိုးများ ဖြစ်မည်နည်း။ စင်စစ်၌ မုဒိတာဗြဟ္မဝိဟာရဖြင့် နေခြင်းဟူသည်-

'တွေ့မြင်ရသော သတ္တဝါအာရုံများ၌ တငြိမ့်ငြိမ့်ငြိမ့် မမွေ့မလျော်မဖြစ်အောင် နေခြင်း'-ပင် ဖြစ်ပါသည်။

ဥပေက္ခာလည်း ပွားပုံမကောင်းပေ။ 'မာဝိဂစ္ဆန္တု ကမ္မဿကာ'-သည်

ပို့လွှတ်ပွားများလျှင် အဓိပ္ပါယ်အားဖြင့် ဤသို့ထွက်လာပေမည်-

'အားလုံးသောသတ္တဝါများသည် ကောင်းကောင်းလုပ်လျှင် ကောင်းကောင်းဖြစ်ကြပါစေ၊ ဆိုးဆိုးလုပ်လျှင် ဆိုးဆိုးဖြစ်ကြပါစေ'-ဟူ၍ ဖြစ်သည်။

ဤသို့ပို့လျှင် ကြားသူများသည် ခံနိုင်ပါမည်လော။ ဤပို့လွှတ်ချက်သည်က ကျိန်ဆိုချက်နှင့် တူနေပေသည်။ ထို့ကြောင့် ကြားရသူများ ခံနိုင်ဖွယ်ပင် မရှိပေ။ ဥပေက္ခာဗြဟ္မဝိဟာရသည်လည်း အကယ်၍ ပို့လွှတ်ရမည် မဟုတ်ပေ။

'တွေ့သိ ထိစပ်နေရသော သတ္တဝါအာရုံများ၌ ကောင်း,ဆိုး နှစ်တန် အဖြစ်များကို ဝေဖန်သိမြင်လျက်နေခြင်း'-

သည် ဥပေက္ခာဗြဟ္မဝိဟာရဖြင့် နေခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဘုရားသျှင်ဟောကြားခဲ့သော စိတ္တဘာဝနာကိုဖွင့်ဆိုသော ဗြဟ္မဝိဟာရအဖွင့်သည် အဖွင့်ခံဖြစ်သော ဘုရားသျှင်၏ စိတ္တဘာဝနာသဘောနှင့် ချောချောကြီး လွဲချော်လျက် ရှိပေသည်။

ဤမျှဖြင့်ပင် ဗြဟ္မဝိဟာရအကျယ်တင်ပြချက်အား သုံးသပ်ချက်ကို အဆုံးပြုပါမည်။

# အခန်း(၁၂)

## အာရုပ္ပအကျယ်ဖွင့် သုံးသပ်ချက်

# အခန်း(၁၂)
# အာရုပ္ပအကျယ်ဖွင့် သုံးသပ်ချက်

၄၆။ ပဌမာရုပ္ပစျာန်အဖွင့် သုံးသပ်ချက်

ဆက်လက်၍ အာရုပ္ပစိတ္တဘာဝနာ အကျယ်တင်ပြချက်ကို သုံးသပ်ပါမည်။ (ဤအကျယ်တင်ပြချက်သည် ဝိသုဒ္ဓိမဂ်၌ ဆယ်ခုမြောက် အကျယ်တင်ပြချက် ဖြစ်ပေသည်)။ ဤအကျယ်တင်ပြချက်၌ အရူပစျာန်ပွားပုံနှင့် ဤစျာန်များဆိုင်ရာ မှတ်ဖွယ်များ ဖြစ်ပါသည်။

စျာန်များပွားပုံ၌ အာကာသစျာန်ပွားပုံကို ဤသို့ ပြဆိုပါသည်။

အာကာသစျာန်ပွားလိုသူသည် အာကာသမပါသော ကိုးပါးသောကသိုဏ်း ရူပစျာန်၌ စတုက္ကနည်းအားဖြင့် လေးခုမြောက်စျာန်ဖြစ်သော ရူပစျာန်၏ အထွဋ်အထိပ်တိုင်အောင် ပေါက်မြောက်ပွားများပြီးသူ ဖြစ်မည့်သဘော ပြဆိုထားပါသည်။

ဤသူသည် အရူပစျာန်ဖြစ်သော အာကာသစျာန်ကို ပွားလိုလျှင် မိမိရောက်ရှိနေသော ရူပစျာန်များ၌ အပြစ်အားဖြင့် ရှုကြည့်ရမည်။ 'ရုပ်ရှိခြင်းကြောင့် ခိုးဆိုးလုယက် သတ်ဖြတ်ခြင်း-စသည် ဖြစ်သည်။ ထို့ကြောင့် ရုပ်သည် ဤသို့သောမကောင်းမှုတို့၏ တရားခံဖြစ်သည်။ ဤမကောင်းမှုများ ငြိမ်းအေးလိုလျှင် ဤရုပ်များကို လွန်မြောက်စွာ နေရမည်၊ ထို့ကြောင့် လွန်မြောက်အောင် ငါနေမည်'- ဤသို့သောသဘောအားဖြင့် ရှုရမည်-ဟူ၍ ဖြစ်သည်။

ပြီးလျှင် မိမိရရှိနေသောကသိုဏ်းကို အလိုရှိသလောက် အကျယ်အဝန်းအထိ ဖြန့်ရမည်။ ဤသို့ဖြန့်ရသော ကသိုဏ်းအလယ်သားဖြစ်သော လဟာပြင်သည် အာကာသဖြစ်သည်။ ယင်းလဟာပြင်ကိုလည်း အဆုံးမဲ့အမြင်ဖြစ်အောင် ပွားရမည်-ဟူ၍ ဖြစ်သည်။

ဤစကားရပ်၌ ကသိုဏ်း၏အလယ်သားသည် လဟာပြင်ဖြစ်သည်-ဟူသော စကားကို ထင်ရှားအောင် ပြပါဦးမည်-

ကျွန်ုပ်တို့သည် တစ်တောင်,တစ်ပေ အရွယ်ရှိသော ပန်းချီကား,ဓါတ်ပုံ၊ ဤအရာများကို ကြည့်ရှုသည်ရှိသော် ထိုလူပုံ၏ ခြေ,လက်,ခေါင်း,ကိုယ်များ ထင်ပေမည်။ ထို့ထက် မျက်လုံး, မျက်ခုံး, ပါး, နဖူး, နှာခေါင်း,နှာယောင်-စသည်များ လည်း ထင်ပေမည်။

ဤပုံကိုပင် တစ်ယူဇနာမျှ ပုံချဲ့လိုက်မည်ဆိုလျှင် ကျွန်ုပ်တို့မျက်စိ၌ ခေါင်း,ခါး,ခြေ,လက် မပေါ်ထွက်ဘဲ ရှိပေမည်။ ထို့ထက်လည်း ပါး,နဖူး,နှာယောင်, နှာခေါင်း-စသည်တို့၏ အဆုံးသတ်နယ်နိမိတ်ကို ကျွန်ုပ်တို့မျက်စိ၌ ပိုင်းခြား၍ မထင်နိုင်သောကြောင့် ဖြစ်သည်။

ပါးကိုရှုကြည့်သူသည် ပါး၏နယ်နိမိတ်အပိုင်းအခြားကို မမြင်မတွေ့ရ သောအခါ ပါးသည် ပါးမဖြစ်တော့ဘဲ လဟာပြင်သာ ဖြစ်ရပေတော့သည်။ ဤသို့ပင် ကသိုဏ်း၏အလယ်သားသည် လဟာပြင်ဖြစ်သည်ဟု ဆိုလိုပါသည်။

ဆရာတော်သည် အာကာသစျာန်အလိုရှိသူအား ဤလဟာပြင်ကို အဆုံးမဲ့အဖြစ် အထပ်ထပ်ပွားရမည်ဟု ညွှန်ကြားချက်ပေးခဲ့ပါသည်။

ဤ၌လည်း ‘အာကာသ=လဟာပြင်’-ဟူသောစကားနှင့် ‘အဆုံးမဲ့’-ဟူသောစကားသည် ထပ်တူပင် ဖြစ်ပါသည်။ ‘အဆုံးမဲ့’-ဟူသောစကားသည် ‘အတိုင်းအတာမဲ့’-ဟူသောအနက် ထွက်ပါသည်။ လဟာသည် တိုင်းတာစရာ နယ်နိမိတ်မရှိခြင်း၏ အမည် ဖြစ်ပါသည်။

ထို့ကြောင့် ‘အာကာသ’နှင့် ‘အနန္တ’သည် အနက်တူစကားမျှ ဖြစ်သည်။

ဆရာတော်၏ ဤအာကာသစျာန် ပွားခြင်းပြ စကားကို အနည်းငယ် သုံးသပ်လိုပါသည်။ ဤဆိုခဲ့ပြီးသော စကား၌ အာကာသစျာန်ပွားလိုသူသည် ရူပစျာန်ကို အထွဋ်အထိပ်ရောက် ပွားနိုင်သူဖြစ်ခြင်း၊ ရူပတရားများ၌ အပြစ်ကို ဆင်ခြင်ခြင်း၊ အာကာသကြဉ်သော ကသိုဏ်းကိုးပါးကို ခွါ၍ရသော အာကာသ

ကိုရှုကြည့်ခြင်း၊ ဤအချက်သုံးချက်နှင့် ပြည့်ရမည်-ဟု ဆိုခဲ့ပါသည်။

ဤအဆိုများ အကယ် မှန်သလော။ (ဤအဆိုများသည် အာကာသ စျာန်ကို ရစေနိုင်သော်လည်း အာကာသစျာန် ပွားနိုင်ရန်) ဤအဆိုများအတိုင်း ပြုကျင့်ရမည်ဟုကား မဆိုနိုင်ဘဲ ရှိလေသည်။

ဟုတ်ပါသည်။ အာကာသစျာန်သည် ရူပစျာန်ကို မရသူလည်း ပွားခွင့် ရှိပါသည်။ (ရုပ်၌ အပြစ်မမြင်သော်လည်း ပေါက်နိုင်ခွင့် ရှိပါသည်)။ ကသိုဏ်း နိမိတ်ကို ခွါ၍ရသော အာကာသမဟုတ်သည်၌ ရှုကြည့်၍လည်း ရောက်နိုင်ပါသည်။ ပညတ်သဘောများကို ရှုကြည့်မိလျက် ရှိသူများသည် အာကာသစျာန် သို့ သက်ရောက်နိုင်ကြသူများ ဖြစ်ကြပါသည်။ 'အာကာသ'-ဟူသောစကားသည် မြန်မာများ ပြောဆိုနေကြသော 'ကောင်းကင်'-ဟူသောစကား၏ အမည်စစ်စစ် မဟုတ်ပါ။ အာကာသ-ဟူသောစကားသည်-

'အရာဝတ္ထု၏ နေရာ'- ဟူသောစကား၏ အမည်သာဖြစ်သည်။

အရာဝတ္ထုမရှိသော လဟာသည်လည်း ဤ၌ အာကာသ မဟုတ်ပါ။

ရုပ်ဝတ္ထုရှိလျက် ယင်းရုပ်ဝတ္ထု၏ အနားသတ် နယ်နိမိတ်အတွင်း နေရာ သည်သာ အာကာသ-ဖြစ်ပါသည်။

ထိုကြောင့် အရာဝတ္ထု၏ သာယာနှစ်သက်ဖွယ် အမှတ်အသားဖြစ်သော (ပဋိဃသညာ၊ နာနာတ္တသညာများကိုလည်းကောင်း၊ အရာဝတ္ထု၏ ရုပ်အဖြစ်၊ သို့မဟုတ် အရာဝတ္ထု၏ အမှတ်အသားဖြစ်သော) ရူပသညာကိုလည်းကောင်း၊ ဤအမှတ်အသားများကို လွန်၍ အရာဝတ္ထု၏နေရာဟူသော အာကာသပညတ်ကို အသိအမြင် ဆိုက်ရောက်လျှင် အာကာသအရူပစျာန်သို့ ရောက်တော့သည်ပင် ဖြစ်ပါသည်။

ဤသို့ ရောက်ရှိခြင်း၌ ရူပစျာန်သို့ အထွဋ်အထိပ်ရောက်ပြီးခြင်း၊ ရုပ်၌

အပြစ်ရှုခြင်း၊ ကသိုဏ်းကိုခွါ၍ရသော အာကာသဖြစ်ခြင်း၊ ဤအရာများ ပါဝင်ပြည့်စုံသည် မဟုတ်ပါလော။ ထို့ကြောင့် ဆရာတော်၏အဆိုသည် မှန်ကန်ပြည့်စုံသောအဆို မဟုတ်ပေ။

အာကာသအရူပစျာန်သည် ယခုခေတ်၌ များစွာ ထွန်းကားလျက်ရှိပေသည်။ ဆရာတော် ပြဆိုချက်များ၌ကား ပြည့်စုံခြင်း မရှိပေ။ ထိုသို့ဖြစ်သော်လည်း များစွာ ဖြစ်ထွန်းနေကြပေသည်။

ယခုခေတ်၌- စိတ်ကို စိတ်အတိုင်းမြင်အောင် ရှုကြည့်သော တရားကျင့်သူများ သည်လည်းကောင်း၊ ရုပ်နာမ်တရားတို့၏ ဖြစ်-ပျက်ကို ရှုကြည့်သူများ သည်လည်းကောင်း၊အားလုံးသော ပရမတ္ထဝါဒီ ပုဂ္ဂိုလ်များ သည်လည်းကောင်း၊

အရူပအာကာသစျာန်ရောက် ပေါက်ရောက်သူများ ဖြစ်ကြပေသည်။

စိတ်-စိတ်အတိုင်းတိုင်း ထားခြင်း၌ တရားကျင့်ကြံသူတို့သည် သူတို့စိတ်ကို ကာမ,ရူပအာရုံများမှ ကျော်၍ ယင်းအာရုံတို့၏ နေရာဖြစ်သော အာကာသတိုင်ရောက် ပေါက်မြောက်အောင် ရှုကြည့်ကြလေသည်။

သူတို့၏ ရှုကြည့်ဟန်မှာ ဖြစ်လာသောရုပ်,နာမ်သည် ဖြစ်ပြီးလျှင် တည်တံ့မနေ ပျက်သည်။ ထို့ကြောင့် ထိုဖြစ်လာသောရုပ်,နာမ်သည် ဆိတ်သုဉ်းနေသည်။ မဖြစ်ပေါ်လာသော ရုပ်,နာမ်သည်လည်း မဖြစ်ပေါ်လာသေး၍ ဆိတ်သုဉ်းနေသည်။

ဤသို့ပင် ရုပ်,နာမ်များသည် ရုပ်,နာမ်အထည်အဖြစ် ရှိမနေ၊ ယင်းတို့၏ ဖြစ်,ပျက်သွားခဲ့သော နေရာ၊ ဖြစ်,ပျက်လတ္တံ့သောနေရာ၊ ဤနေရာသာ ရှိသည်။ (ဤနေရာသည် 'နိရောဓသစ္စာ'-ဖြစ်သည်)။ ဤနိရောဓကို ရှုကြည့်နေလျှင် ဆရာတော်ရှင်ဗုဒ္ဓဃောသ ကိုယ်တိုင်ဖွင့်ဆိုသော သမ္မောအဋ္ဌကထာလာ 'နိဗ္ဗာန်သည် တဏှာတို့၏ ကုန်ရာကုန်ကြောင်း'-ဟူသော စကားတော်နှင့် ညီညွတ်သည်။ ဤသို့ဆို၍ ဖြစ်,ပျက်ပြီး၊ ဖြစ်,ပျက်လတ္တံ့သော ရုပ်,နာမ်တို့၏နေရာကို

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ရှုကြည့်ကြပေသည်။

ဤသို့ ရှုကြည့်ကြသူတို့၌ ရူပသညာသည်လည်းကောင်း၊ ပဋိဃသညာသည်လည်းကောင်း၊ နာနတ္တသညာသည်လည်းကောင်း အကယ်ပင် ပယ်နေကြပေသည်။ (သူတို့သည် အာကာစျာန်သို့ ရောက်နေကြပေသည်။)

'သူတို့သည် သုညတ၊ အနိမိတ္တ၊ အသင်္ခတအပြင် နိဗ္ဗာန်နှင့်
တူလွန်းသော ပညတ်တရားများကို နိဗ္ဗာန်ဟု အမှတ်မှား၍
အာကာသကို ရှုပွားနေကြပေသည်။သူတို့လည်း အရူပစျာန်
ရောက် ပေါက်မြောက်နေကြပေသည်။

ထို့ပြင် ဖြစ်-ပျက်ရှုသူများလည်း မတော်တဆ လမ်းမှား၍ အရူပအာကာသစျာန်နှင့် ညားနေသည်ကို တွေ့နိုင်ပေသည်။ သူတို့သည် နာမ်တရားကလေးများ၏ ဖြစ်,ပျက်ကို ရှုကြည့်ကြသည်ဟု ဆိုပေသည်။ သူတို့အား အဘယ်သို့ ရှုကြည့်သနည်း-ဆိုလျှင် အောက်ပါအတိုင်း ဖြေတတ်ပေသည်-

' ရှေ့စိတ်ကို နောက်စိတ်ဖြင့်ရှုသည်၊ ထို့ကြောင့် ရှေ့စိတ်သည် အရှုခံစိတ်ဖြစ်သည်၊ နောက်စိတ်သည် ရှုစိတ်ဖြစ်သည်၊ တဖန် ရှုစိတ်သည်ပင် နောက်စိတ်ဖြစ်လာသောအခါ အရှုခံစိတ် ဖြစ်ပြန်သည်။ အသစ်ဖြစ်သောစိတ်ဖြင့် ရှုပြန်သည်။ ဤသို့ ဖြေတတ်ပေသည်။

ထိုသူအား 'သင်တို့ရှုသောအခါ အရှုခံစိတ်သည် ရှိသလော'-ဟုမေးလျှင် သူတို့သည် ရှိသည်-ဟု ဖြေတတ်ပေသည်။

အကယ်၍ သူတို့သည် စိတ်၏ ဖြစ်,ပျက်ကိုရှုသော်လည်း စိတ်၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ပျက်ခြင်းကိုလည်းကောင်း အကယ် တွေ့နိုင်သည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် စိတ်သည် နှစ်ခုတပြိုင်နက် ဖြစ်ခွင့်မရှိသောကြောင့် ဖြစ်သည်။ စိတ်သည် တစ်ခုဖြစ်၍-ပျက်ပြီးမှသာလျှင် နောက်စိတ်တစ်ခု ဖြစ်ခွင့်ရှိလေသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဤသို့ဆိုလျှင် အဘယ်သို့လျှင် နောက်ဖြစ်သောစိတ်သည် ဤစိတ်မဖြစ်မီက ချုပ်ခဲ့သော ရှေ့စိတ်ကို မြင်နိုင်ခွင့်ရှိမည်နည်း။ ပျက်ပြီးမှ ဖြစ်ရခြင်းကြောင့် ရှေ့စိတ်၏ ပျက်ခြင်းကိုပင် မြင်နိုင်ခွင့်ရှိသည် မဟုတ်ပေ။ ရှေ့စိတ်၏ အဖြစ်ကိုကား ဆိုဖွယ်ပင် မရှိတော့ပေ။

သူတို့သည် စိတ်၏နေရာကိုသာ တွေ့မြင်ကြခြင်း ဖြစ်ပေသည်။

ရှေ့စိတ်ဖြစ်ပြီး၍ ပျက်သွားခဲ့သောနေရာ ဖြစ်သည်။

ဤအရာကိုသာ မြင်ကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် သူတို့သည် ပညာကိုပွားသည်ဟု ပွားလျက်ပင် အာကာသပညတ်ကို ရှုကြည့်ခြင်းဟူသော စိတ်ကို ပွားမိလျက် ရှိကြပေသည်။ (ထို့ကြောင့် သူတို့သည် အရူပအာကာသစျာန်သို့ သက်ရောက်ကြရပေသည်)။

ထိုသူတို့သည် နောက်ဆုံး၌ နေဝသညာနာသညာ-ဟူသော နိဗ္ဗာန်နှင့် အတူဆုံးသောအရာဖြင့် နိဂုံး ချုပ်ကြရပေသည်။ သူတို့၏ အရူပစျာန်လေးဆင့် အဆင့်ဆင့် တက်ပုံလည်း ထင်ရှားလျက် ဖြစ်ပေသည်။

ဤအတူ ပရမတ္ထဝါဒီတို့သည်လည်း အရူပအာကာသစျာန်သို့ ချဉ်းကပ်ကြပေသည်။ ကပ်ပုံကို ဉာဏ်ဖြန့်၍ ကြည့်သင့်ပါသည်။ ယခုခေတ် သချ်ာပညာရှင်များသည်လည်း အရူပစျာန်နှင့် ပတ်သက်လှပါသည်။ ရှေးခေတ် သချ်ာအဘိဓမ္မာ ပညာရှင်များသည်လည်း အရူပစျာန်ရောက် ပေါက်မြောက်ပြီးသူများပင် ဖြစ်ကြပါသည်။

(အာကာသစျာန်သည် ဤသို့သောအရာ ဖြစ်ပါသည်။ ဆရာတော်သည်) အာကာသစျာန်ပွားလမ်းကို အလွန်ကျဉ်းမြောင်းစွာဖြင့် ကြားဖူးသည်ကို မှတ်သား၍ ဖွင့်ဆိုနေပါသည်။ ထို့ကြောင့် မှန်ကန်သောအဖြစ်များနှင့် ချော်ချွတ်စွာတွေ့မြင်ရခြင်း ဖြစ်ပါသည်။

ဤမျှဖြင့် အာကာသစျာန်ပွားပုံပြစကားကို သုံးသပ်ချက် သင့်တန်ပါပြီ။

၄၇။ ဒုတိယာရုပ္ပစျာန်အဖွင့် သုံးသပ်ချက်

ဆရာတော်သည် ဝိညာဏဉ္စာယတနစျာန်ပွားပုံကိုလည်း အာကာသစျာန်အတူပင် မထိတထိ ပြပြန်ပါသည်။ ဝိညာဏစျာန် ပွားလိုသူသည် အာကာသစျာန်၏အပြစ်ကို ရှုရမည်။ အာကာသစျာန်သည် ရူပစျာန်နှင့်နီးသည်၊ ကြမ်းထမ်းသည်၊ ဝိညာဏစျာန်သာလျှင် ငြိမ်သက်သည်-ဟူ၍ ဖြစ်သည်။ ထို့နောက် အာကာသကို အနန္တအဖြစ် ရှုကြည့်သော ဝိညာဏ်သည် အနန္တဖြစ်သည်ဟု စီးဖြန်းရမည်။ ဤသို့ပြဆိုပေသည်။

အကယ်ကား အာကာသစျာန်ကို ပွားရှုနေသူသည် အလိုအလျောက်ပင် အာကာသစျာန်ကို အလေ့အလာ ဝသီဘော်ပြည့်လာလျှင် ဝိညာဏသို့ သက်လာပေသည်။ အာကာသသည် အနန္တဖြစ်သကဲ့သို့ ယင်းအနန္တဖြစ်သော အာကာသကို ရှုကြည့်နေသော အသိဝိညာဏ်သည်လည်း အနန္တဖြစ်သည်။ အဆုံးအပိုင်းအခြားမဲ့ ဖြစ်သည် ဟူလို။ အာကာသသည် အာရုံဖြစ်သည်။ ယင်းအာကာသကို သိမှုသည် အာရမ္မဏိက(ဖြစ်သည်။ ကြာသောအခါ အာရုံကိုခွါ၍ အာရမ္မဏိကဖြစ်သော) အာကာသစျာန်စိတ်ကို အာရုံအဖြစ် ပြောင်းလဲရှုကြည့်လာသည်။

ဤသို့ ရှုကြည့်သောအခါ အာရုံဖြစ်သော အာကာသသည် အနန္တဖြစ်(သကဲ့သို့၊ အာကာသအာရုံကို ရှုကြည့်သော ဝိညာဏ်သည်လည်း အနန္တဖြစ်)သည်။ ဤသို့သိရှိလာခြင်း ဖြစ်သည်။

ဤသို့ သိရှိလာခြင်းသည် 'အာကာသကို ရူပစျာန်နှင့်နီး၍ မငြိမ်'ဟု အပြစ်မြင်၍ မဟုတ်ပေ။ အာရုံကို ရှုပွားဖန်များလတ်သောအခါ မလွဲမသွေအားဖြင့် အာရုံကို ရှုပွားနေသောစိတ်ကို သိမြင်လာခြင်းသာ ဖြစ်ပေသည်။

လောက၌ ပတ်ဝန်းကျင်လူသားများ မကောင်းမှုကို ပြုနေသည်ကို မြင်ဖန်များသောအခါ ထိုသို့မြင်နေသော သူကိုယ်တိုင်ကော မကောင်းမှုကို ပြုမိနေ

သလော။ ဤသို့ ဆန်းစစ်မှုများ မလွဲမသွေ ဖြစ်ရိုးရှိသကဲ့သို့ ဖြစ်ခြင်းသာ ရှိပေသည်။

ဝိညာဏစျာန်သို့ ရောက်နေသော ဖြစ်,ပျက်ရှုသူ တရားသမားများသည် 'သိစိတ်ကလေးသာ ရှိတော့သည်, သိစိတ်ကလေးသာ ရှိတော့သည်'- ဤသို့ သောစကားကို အရသာခံ၍ အထပ်ထပ် ပြောနေတတ်ကြပေသည်။

၄၈။ တတိယာနှင့် စတုတ္ထာရုပ္ပစျာန်များအဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဆရာတော်သည် အာကိဉ္စညစျာန်ကို ပွားရှုပုံကို ပြပေသည်။ ဤစျာန်ကို ပွားရှုသူသည် ဝိညာဏစျာန်ကို အလေ့အလာ ဝသီဘော်လုပ်၍ အပြစ်မြင်အောင် ကြည့်ရမည်။ အာကာသစျာန်၏ မရှိပုံကို ပွားရမည်-ဟု ဖြစ်ပါသည်။

အကယ်စင်စစ်၌ ဆရာတော် ပြဆိုသည့်အတိုင်း မဟုတ်ပေ။ ဝိညာဏစျာန် ပွားရှုဖန်များလတ်သော် 'ဘာမျှမရှိ' (အာကာသစျာန်၏ မရေရာ)သော အဖြစ်သည် အလိုအလျောက်ပင် ထင်လာတော့သည်။

နေဝသညာနာသညာယတနစျာန်လည်း ဤနည်းအတူပင်။ အာကိဉ္စညစျာန်ကို အပြစ်ရှု၍ ရသည်မဟုတ်ပေ။ ဘာမျှမရှိမှုကို ရှုကြည့်ခြင်းဖြစ်သော မတုန်လှုပ်သောစိတ်ကို ငြိမ်းချမ်းသည်-ဟု အမြင်ပေါ်လာခြင်း ဖြစ်သည်။

ဤသို့အမြင်ပေါ်လာသောအခါ အာကိဉ္စညစျာန်သည် 'မရှိခြင်း'-ကို အာရုံယူသည်။ ယင်းမရှိခြင်းကို အာရုံယူသော စျာန်သည် အာရုံကိုယူခြင်း-ဟူသော အမှတ်အသား ရှိနေသေးသည်။ (ဤ အာကိဉ္စညစျာန်ကို အာရုံအဖြစ်ယူခြင်းကား အမှတ်အသား ရှိသေးသော်လည်း 'အမှတ်အသားရှိသည်'-ဟု ပြောလောက်ခြင်း မရှိတော့ပေ။ ဤသို့ တွေ့ရှိသောကြောင့်) ဤအာကိဉ္စညစျာန်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ကို အာရုံအဖြစ် ပြုလုပ်၍ ပွားများနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဆရာတော်၏ အရူပဈာန်များကို ပွားပုံပြစကားသည် မပြည့်စုံသော ပြဆိုချက် ဖြစ်ပေသည်။

ဤမျှဖြင့် အရူပဈာန်များ အကျယ်ပြဆိုချက်ကို သုံးသပ်ချက်များ အပြီးအဆုံး တိုင်ပါမည်။

# အခန်း(၁၃)

## သမာဓိ အကျယ်ဖွင့် သုံးသပ်ချက်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

အခန်း(၁၃)
သမာဓိ အကျယ်ဖွင့် သုံးသပ်ချက်

၄၉။ အာဟာရေပဋိကူလသညာအဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဝိသုဒ္ဓိမဂ်၏ ဆယ့်တစ်ခုမြောက် အကျယ်တင်ပြချက်ဖြစ်သော သမာဓိအကျယ် တင်ပြချက်ကို လေ့လာပါမည်။ ဤတင်ပြချက်၌ ကမ္မဋ္ဌာန်းနှစ်မျိုး ပါဝင်ပါသည်။ ပဌမကမ္မဋ္ဌာန်းမှာ သညာကမ္မဋ္ဌာန်း ဖြစ်ပါသည်။ နောက်ကမ္မဋ္ဌာန်းမှာ ဝဝတ္ထာန်ကမ္မဋ္ဌာန်း ဖြစ်ပါသည်။

ဤ၌ သညာကမ္မဋ္ဌာန်းသည် စားမျိုအပ်သော အာဟာရ၌ ရွံရှာ စက်ဆုတ်ဖွယ် အမှတ်အသားကို ပွားစီးရသောအလုပ် ဖြစ်သည်။ ဤအလုပ်သည် သာသနာတော်နှင့် သင့်တင့်လျောက်ပတ်သောအလုပ် ဖြစ်နိုင်ပေသည်။ သို့သော်လည်း ဆရာတော်၏ ဤအလုပ် ပြဆိုချက်သည်ကား သာသနာနှင့် များစွာမစပ်ဖြစ်နေပေသည်။

ဆရာတော်သည် အာဟာရ၌ စက်ဆုတ်ဖွယ်သညာကို စိတ်ဆန်ဆန်ပြဆိုပေသည်။ ဆရာတော်သည် ဤကမ္မဋ္ဌာန်းစီးဖြန်းလိုသူအား ကမ္မဋ္ဌာန်းကို စနစ်တကျ သင်ကြားပြီးလျှင် တစ်လုံးတစ်ပါဒမျှ မချော်အောင်ဆောင်၍ ဆိတ်ငြိမ်ရာ၌ တစ်ယောက်ထီးတည်း ကပ်ပြီး စားသောက်သမျှအားလုံးကို ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဆင်ခြင်ရမည်ဟု ပြပေသည်။

ဆင်ခြင်ဖွယ် ဆယ်ပါးမှာလည်း အစာ၌ ဖြစ်,ပျက်အစဉ် ပြောင်းလဲပုံများဖြစ်သည်။ အစာကိုရအောင် လုပ်ရခြင်း၌ စက်ဆုတ်စရာများလည်း နှစ်ချက်ခန့်ပါဝင်ပေသည်။ ဤသို့စီးဖြန်းလျှင် ရသာတဏှာစိတ်များ တွန့်လိပ်ကုပ်ခွေမည်စသည်ဖြင့် အကျိုးပြသည်။

ဆရာတော်ပြဆိုသောလုပ်ငန်းနှင့် ယင်းလုပ်ငန်း၏အကျိုးသည် အမှန်ပင် ဖြစ်ပေမည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဤလုပ်ငန်းကို ရက်အနည်းငယ်မျှ လက်တွေ့ ပွားကြည့်သင့်ပေသည်။ အကယ်ရရှိသောအကျိုးထက် ဆထက်လွန်ကဲ နက်နဲသော အပြစ်တို့ကို မလွဲမသွေ တွေ့ရှိရပေမည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

(ရက်အနည်းငယ်လွန်လျှင် အစာကို စား၍အရသာ ရှိရပေမည်)။ ယင်းကို မဖြစ်မနေ ဝင်အောင်သွင်းလျှင် အစာမကျေဘဲ ရှိရပေမည်။ ထို့ပြင် ခေါင်းကိုက်ခြင်း၊ ပိုက်နာခြင်း၊ နောက်ကျောတက်ခြင်း စသည့်ဝေဒနာများ ဆိုက်ရောက်လာရပေမည်။

လူ၏စိတ်သည် စက်ဆုတ်ဖွယ်ကို နှလုံးသွင်းလျှင် စက်ဆုတ်ဖွယ်ပင် ထင်ပေသည်။ ဆရာတော်ပြဆိုသော အာဟာရ၏ဖြစ်စဉ်များသည် အကယ်စက်ဆုတ်ဖွယ်များလော။ အစားအစာအများ၏ ဖြစ်,ပျက်အစဉ် သံသရာသည် နှမ်းကိုဆီကျိတ်ခြင်း၌ နှမ်း၏ပြောင်းလဲသွားသော ဖြစ်,ပျက်အစဉ်နှင့် များစွာ မခြားပေ။ နှမ်းကို ရေဖြင့်ဆွတ်ဖျန်းလျက် ဆုံအတွင်း၌ကျိတ်သောအခါ ဆီထွေးဘဝ၊ ဆီနှင့်နှမ်းဖတ်ကွဲသောဘဝ၊ နှမ်းဖတ်မှုန့်ဘဝ-ဤသို့ အဆင့်ဆင့် ပြောင်းလဲသွားပေသည်။

ဤအရာများသည် စက်ဆုတ်စရာလော။ ဝမ်းတွင်း၌ အဆင့်ဆင့် ပြောင်းလဲနေသောအစာကို စက်ဆုတ်ဖွယ်-ဟု အမှတ်ပြုခြင်းသည် ခွေးနှစ်ကောင်ကိုက်သံကြားသောကြောင့် ထမင်းစားမရသူကဲ့သို့သောသူ ဖြစ်နေပေမည်။ သူ့စိတ်၌ ရှုံးသောခွေးသည် ကြောက်ချေးများပါလျက် ရွံဖွယ်ဖြစ်နေသည်ကို မြင်သောကြောင့် စားမရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် အာဟာရေပဋိကူလသညာပွားပုံပြ စကားများသည်လည်း များစွာ စိတ်ဆန်လှပေသည်။ အမှန်တရားနှင့်ကင်းကွာသော စိတ်ပွားစီးမှုသည် သာသနာတော်၏ စိတ္တဘာဝနာလုပ်ငန်းနှင့် သီးခြားတစ်ဘာသာစီ ဖြစ်ပေသည်။

လောက၌ ရွံဖွယ်ရာ-ဟူသော အရာများသည် မှန်ကန်သောအရာများ မဟုတ်ကြပေ။ စိတ်ဆန်သောအရာများသာ ဖြစ်ကြပေသည်။ ရွံဖွယ်-ဟူသော အရာသည် အကယ်မှန်ကန်သောအရာ ဖြစ်ခဲ့လျှင် ရှုထောင့်တိုင်းမှပင် ရွံဖွယ် ဖြစ်နေရပေရာသည်။ အစာများ၏ ကျေပျက်ခြင်းသည် ရွံဖွယ်အစစ်ဖြစ်ခဲ့လျှင်

ယင်းရွံဖွယ်များမဖြစ်ရရန် အစာမစားဘဲ နေရာသည်။ ဤသို့မစားလျှင် သေမည်ကြောင့် စားမည်ဟု ဖြေပေမည်။ ဤသို့ဆိုလျှင် အစာ၌ ရွံဖွယ်ထက် ခင်ဖွယ်သည် ရှေ့တန်းရောက်လာပေသည်။ အစာသည် မသေအောင်တတ်နိုင်သောအရာ မဟုတ်လော။ ဤအရာ သည် ခင်ဖွယ်မဟုတ်ပါလော။

ဤမျှ အနည်းအကျဉ်း စစ်ဆေးလျှင်ပင် အစာ၏ရွံဖွယ် မတည်တံ့ကြောင်း၊ ထို့ကြောင့် သစ္စာကျသောစကား မဟုတ်ကြောင်း သိနိုင်ပါသည်။ သစ္စာမကျသော
စကားသည် စိတ်ဆန်သောစကားသာ ဖြစ်ပါသည်။ စိတ်ဆန်သော လုပ်ငန်းသည် အထက်လမ်းသမားတို့၏ လုပ်ငန်းသာ ဖြစ်ပါသည်။

အထက်လမ်းသမားတို့ အလုပ်များသည်-

ဆင်းရဲသည် (ဒုက္ခော)၊

ရိုးသားမှုကင်းသည် (အနရိယော)၊

အကျိုးလည်းမများ (အနတ္ထသံဟိတော)။

ဤသို့လျှင် ဘုရားသျှင် ဖွင့်ချခဲ့ပေသည်။

ဤအတိုင်းပင် ဆရာတော်၏ အာဟာရေပဋိကူလသညာ အဖွင့်သည်လည်း ကျင့်သုံးသူအား ဆိုခဲ့ပြီးသောဆင်းရဲများ မလွဲမသွေရောက်ပေမည်။

စင်စစ်၌ အာဟာရေပဋိကူလသညာသည်လည်း ဆရာတော် ဖွင့်သကဲ့သို့ မဟုတ်ပေ။ အာဟာရေပဋိကူလသညာသည် အာဟာရ၌ဖြစ်သော ဆင်းရဲများ၌ စက်ဆုတ်ဖွယ်သညာမျှသာ ဖြစ်သင့်ပေသည်။

ဟုတ်ပါသည်။ လောက၌ ထမင်းကောင်းကောင်း စားချင်သူသည် အလုပ်ကောင်းကောင်း လုပ်နိုင်ရပါသည်။ များများစားချင်သူသည် များများလည်း လုပ်ချင်ရ
ပါသည်။ ထမင်းနှင့်အလုပ်သည် အရင်းနှင့်အဖျားသာ ခြားသော်လည်း နှစ်ထွေ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
မပြား တစ်သားတည်း၏အမည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင်-

ထမင်းသည် မြိန်ရှက်ဖွယ် ဖြစ်ပါသေးသလော။ ခင်ဖွယ် ဖြစ်ပါသေးသလော။ အလုပ်သည် ခင်ဖွယ် ဟုတ်ပါသလော။ အလုပ်သည် အစစ်အမှန်အားဖြင့် စက်ဆုတ်ဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် ထမင်းသည် စက်ဆုတ်ဖွယ်ဖြစ်ပေသည်။

အာဟာရေပဋိကူလသညာသည် ဤသို့သာဖြစ်ပေသည်။

ဤသို့ ကြောင်း,ကျိုးအမှန်ကို ပွားများလေ့လာခြင်းသည်သာ ဘုရားသျှင်၏ ဟောကြားချက် စိတ္တဘာဝနာရောက် ပေါက်မြောက်ပေသည်။

ဤအမှန်သစ္စာသည် တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ပွားစီးရသောအရာ မဟုတ်ပေ။ ဤအမှန်သစ္စာသည်သာလျှင် ထမင်းစသော အာဟာရ၌ ရသတဏှာများ လွှမ်းခြုံထုံမွှမ်းခြင်းမှ လွတ်ကင်းစေနိုင်ပေသည်။ ဤမျှဖြင့် အာဟာရေပဋိကူလသညာအဖွင့် သုံးသပ်ချက် အဆုံးသတ်ပါမည်။

၅၀။ စတုဓါတုဝဝတ္ထာန်အဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဝဝတ္ထာန်ကမ္မဋ္ဌာန်းကို သုံးသပ်ပါမည်။

ဝဝတ္ထာန်ကမ္မဋ္ဌာန်း-ဟူသည် ဓါတ်လေးပါးကို ပိုင်းခြားရသောလုပ်ငန်းဖြစ်ပေသည်။ သတ္တဝါအမှတ်ကိုဖျောက်၍ ဓါတ်အမှတ်ရောက်အောင် ဖြန့်ပွားရသောကမ္မဋ္ဌာန်း ဖြစ်သည်။

ဆရာတော်သည် ဤကမ္မဋ္ဌာန်းစီးဖြန်းဟန်ကို ဤသို့ ဦးစွာပြပေသည်-

'ဤကိုယ်သည် စိတ်မရှိ၊ ကောင်း,မကောင်း ဝေဖန်စရာမရှိ။ ငါ, သူတပါး စသည် ဆိတ်သုဉ်းသည်။ သတ္တဝါ,အသက်မဟုတ်။ ဓါတ်သာလျှင်ဖြစ်သည်'- ဟူ၍ ဖြစ်သည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဆက်လက်၍ အကျယ်နှစ်နည်းလည်း ပြပေသေးသည်။ ပဌမအကျယ်နည်းမှာ လေးဆယ့်နှစ်ကောဋ္ဌာသဒ္ဓ တစ်ကောဋ္ဌာသကို သီးခြားဖြစ်ကြောင်း စိတ်မရှိကြောင်းစသည် ဖြစ်သည်။ နောက်နည်း၌ ကောဋ္ဌာသတစ်ခုတိုင်း၌ ဓါတ်တစ်ခုသာမက ဓါတ်လေးပါးလုံး ရှိကြောင်း ဖြစ်သည်။ နောက်နည်းအကျယ်၌ ဓါတ်လေးပါးကို သဒ္ဒါနက်ဖြင့်ပွားခြင်း၊ ကလာပ်ဖွဲ့၍ပွားခြင်း-စသော ဆယ့်သုံးနည်းဖြင့် ခွဲစိတ်ပွားရှုရန် ညွှန်ကြားလေသည်။

ဤဝဝတ္ထာန်ကမ္မဋ္ဌာန်းသည် သာသနာတော်အတွက် များစွာ အသုံးဝင်သော ကမ္မဋ္ဌာန်း ဖြစ်ပေသည်။ ဘုရားသျှင် ဟောကြားသော စိတ္တဘာဝနာကို ဖွင့်ဆိုရန် အလွန်သင့်လျော်သော ကမ္မဋ္ဌာန်း ဖြစ်ပေသည်။

သို့သော်လည်း (ဤကမ္မဋ္ဌာန်းကို ဆရာတော်ဖွင့်ပုံသည်ကား သာသနာတော်နှင့် မသက်မဆိုင် ဖြစ်နေပေသည်။ ဆရာတော်သည် အထက်လမ်းသမားပီပီ ဤကမ္မဋ္ဌာန်းကိုလည်း စိတ်ဆန်စွာပင် ဖွင့်ခဲ့ပေသည်။ ဆရာတော်သည် ဤကမ္မဋ္ဌာန်းကို) သင်ကြားပြီးလျှင် ဆိတ်ငြိမ်ရာအရပ်၌ တစ်ယောက်ထီးတည်း အပြန်ပြန်အလှန်လှန်ဝင်စား သရဇ္ဈာယ်နေရန်သဘော ညွှန်ကြားပေသည်။

စင်စစ်၌ ဤကမ္မဋ္ဌာန်းသည် နားလည်အောင် သင်ကြားလေ့လာပြီးလျှင် သဘော၌ ချကြည့်ခြင်းသာလျှင် အလုပ်ရှိပေသည်။ အထပ်ထပ်ရွတ်ဖတ်သရဇ္ဈာယ်၍ ဤကမ္မဋ္ဌာန်းမှ စိတ်မရွေ့အောင် ချည်နှောင်တုပ်ဖွဲ့ နှောင်ထားရန်မဟုတ်ပေ။ ဤသို့လုပ်လျှင်လည်း လုပ်ခြင်းကြောင့် အကျိုးပွားမည်မဟုတ်ပေ။

ဤကမ္မဋ္ဌာန်း၏ အတိုင်းအတာသည် အရာဝတ္ထုတစ်ခုကို အတုံးလိုက်အသိမှ လွန်၍ အရာဝတ္ထုဖြစ်ရန် ဖွဲ့စည်းထားသော အခြေခံပစ္စည်း အစိတ်အပိုင်းများကို သိရှိသည်အထိသာ ဖြစ်ပေသည်။

လောက၌ စက်အမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အရာဝတ္ထုအမျိုးမျိုး

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ကို အဘယ်ပစ္စည်း အစိတ်အပိုင်းများဖြင့် စုဝေးဖွဲ့စည်း တည်ဆောက်ထားသည် ကို သိရန် လေ့လာခြင်းကဲ့သို့သာ ဖြစ်သည်။

ထိုသူများသည် ထိုအကြောင်းအရာများကို သင်ကြားပြီးလျှင် ဆိတ်ငြိမ်ရာ၌ တစ်ယောက်ထီးတည်းကပ်လျက် သင်ကြားချက်ကို အထပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်နေခြင်းဖြင့် သိနိုင်ပါသလော။

ဓါတုဗေဒဆရာများသည် ဆားကို ဆားဟူ၍ အလုံးလိုက် မမြင်ကြပေ။ သကြားကိုလည်း သကြားဟု အလုံးလိုက် မမြင်ကြပေ။ ရေကိုလည်း ဤအတူပင် အလုံးလိုက် မမြင်ကြပေ။

ဆားဟူသည် ဆိုဒီယမ်,ကလိုရင်း အပေါင်းမျှ-ဟုသာ ဖြစ်ပေသည်။ သကြားစသည်ကိုလည်း ဒြဗ်စင်အရ အစုအဝေးကိုသာ မြင်ပေသည်။ ဤအတူ ဤကမ္မဋ္ဌာန်းသည်လည်း လူကို ဤသို့မြင်ရန်အတွက်သာ ဖြစ်သည်။

ဓါတုဗေဒဆရာများသည် ဆားကို ဆိုဒီယမ်နှင့် ကလိုရင်း အပေါင်းဟု ဆရာ့ထံမှသင်၍ ဆိတ်ငြိမ်ရာဒေသ၌ တစ်ယောက်တည်းကပ်ပြီး သင်ကြားချက်ကို အထပ်ထပ်ပွားများမှ သင်ကြားချက်အတိုင်း အကယ် ထင်ရှားလာမည်လော။

ဆိုဒီယမ်နှင့် ကလိုရင်းအပေါင်းသည် ဆားဖြစ်သည်ဟု စိတ်ဖြင့် အထပ်ထပ် ဆင်ခြင်ပွားများသော်လည်း ဆားအသိကား ရှေးကထက်ပို၍ ထင်ရှားပြတ်သားလာစရာ အကြောင်း မရှိပေ။ မရပ်မနား ဆက်လက်၍ပွားနေလျှင် စိတ္တဇ ဖြစ်ခြင်းသာ အဖတ်တင်မည်မလွဲ ဖြစ်သည်။

ဆရာတော်၏ဝဝတ္ထာန်ကမ္မဋ္ဌာန်းပွားရှုနည်း ညွှန်ပြချက်သည်လည်း စိတ္တဇအဖြစ်ရောက်ရန်သာ ပို့ဆောင်နေပေသည်။ ဆရာတော်အောက်မှ ဝဝတ္ထာန်ကမ္မဋ္ဌာန်း ပွားရှုသူများသည် လောကအမှန်ဖြစ်သော သမုတိသစ္စာကို ချိုးဖျက်ကျော်လွှား ဖောက်ပြားလာကြပေသည်။

သူတို့သည် စေတီဘုရားကိုလည်း အုတ်၊အင်္ဂတေပစ္စည်းများ အဖြစ်သာ

မြင်တတ်လာလေသည်။ ရုပ်ပွားဘုရားများကိုလည်း သစ်သား, သစ်စေး, ရွှေ, ကြေး ပစ္စည်းစုများအဖြစ်သာ မြင်တတ်လာလေသည်။ လူကိုလည်း ငါ, သူတပါး, ယောကျ်ား, မိန်းမ-မရှိ မြင်လာကြပေသည်။ (အားလုံး ဓါတ်အစုမျှ-ဟု ဖြစ်လာကြပေသည်)။

ဤသို့ဖြစ်လာ,မြင်လာသည်ကို ကမ္မဋ္ဌာန်းပေါက်သည်၊ တရားရင့်လာသည်-ဟုလည်း သူတို့ထင်ကြပေသည်။ ငါ-ဟူသောအရာ၊ သူတပါး-ဟူသောအရာ၊ ယောကျ်ား,မိန်းမ-ဟူသောအရာ၊ ဘုရား, စေတီ, ဘုရားဆင်းတု-ဟူသောအရာ၊ ဤသို့သော အရာများသည် သမုတိသစ္စာအားဖြင့် အကယ်ရှိသောအရာများ ဖြစ်ကြပေသည်။

ဘုရားစေတီကို အုတ်၊အင်္ဂတေဖြင့် ပြုလုပ်ထား၍ ဘုရားမဟုတ်၊ အုတ်၊ အင်္ဂတေသာ ဟုတ်သည်-ဟု ဆိုမရပေ။ ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်သည် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် မဟုတ်၊ ကြေးတုံးမျှသာဖြစ်သည်-ဟု ဆို၍ မရသကဲ့သို့ ဖြစ်သည်။

ဗိုလ်ချုပ်ကြေးရုပ်သည် ကြေးဖြင့်ပြုလုပ်ထားသော ကြေးတုံးကြီး ဖြစ်သော်လည်း ကြေးတုံးသက်သက်မျှအဖြစ် တန်ဘိုးဖြတ်၍လည်း မရပေ။ (အခြားအရုပ်များကဲ့သို့ လက်ရာခဖြင့်ဖြည့်၍ တန်ဖိုးဖြတ်၍လည်း မရပေ)။

ဤသို့ပင် လောကအမှန်ဖြစ်သော သမုတိသစ္စာသည် အနည်းငယ်ကလေး မျှ ဖျက်၍ရသောအရာ မဟုတ်ပေ။ ကိုယ့်ကိုယ်ကို ငါ-မဟုတ်ဟု ပြော၍မရပေ။ ကိုယ့်ကိုယ်မှအပဖြစ်သော လူများကိုလည်း သူတပါးများမဟုတ်-ဟူ၍ ပြော၍မရပေ။

ဆားသည် ဆိုဒီယမ်နှင့် ကလိုရင်းအပေါင်းဖြစ်သောကြောင့် ဆားမဟုတ်-ဟူ၍ ပြော၍မရပေ။ ဆိုဒီယမ်နှင့် ကလိုရင်းအပေါင်းဟု သိသည်မှာ သိသည်

သာဖြစ်သည်။ ဆား-ဟူ၍လည်း မလွဲမသွေ အသိအမှတ်ပြုရပေသည်။

ဆရာတော်၏ ဝဝတ္ထာန်ကမ္မဋ္ဌာန်း ညွှန်ကြားချက်အောက်မှ သူများသည် ဘုရားစေတီကိုလည်း ဘုရားစေတီဟူ၍မထင်ဘဲ အုတ်၊ အင်္ဂတေများ-ဟု အထင်စွဲလာကြပါသည်။ ထို့အတူ လူကိုလည်း ငါ, သူတပါး-စသည်မရှိဘဲ ဓါတ်အစုဟူ၍ အထင်ထားလာကြပါသည်။

သူတို့သည် သမုတိသစ္စာများကို ချိုးဖျက်ကြခြင်း ဖြစ်ပါသည်။ ဤသို့ဖြစ်ရသည်မှာ ဓါတ်ပိုင်းခြားခြင်း၌ စိတ်ဆန်စွာ လွန်ကဲခြင်းကြောင့် ဖြစ်ပါသည်။

ဤသို့ သမုတိသစ္စာကို ချိုးဖျက်ခြင်း၌ များစွာ အပြစ်ရှိပါသည်။

'ငါ,သူတပါးမရှိ'။ ဤအရာများ မရှိပြီဆိုလျှင် ငါ့ဥစ္စာ,သူ့ဥစ္စာလည်း မထင်ဘဲရှိမည်။ ဤသို့ဖြစ်လျှင် ငါ့ဥစ္စာအခိုးခံရခြင်း၊ သူ့ဥစ္စာအခိုးခံရခြင်းဟူသည်လည်း မရှိဖြစ်မည်။ ဤသို့ဖြစ်လျှင် ခိုးခြင်းဟူသည်လည်း မရှိဖြစ်မည်။ (ခိုးခြင်းကြောင့်ဖြစ်သော အပြစ်-ဟူသည်လည်း မရှိပင် ဖြစ်လာမည်)။

ဤအတူ သူ့မယား၊ သူ့သားဟူသည်လည်း မရှိဖြစ်လာမည်။ သူ့အသက်ဟူသည်လည်း မရှိဖြစ်လာမည်။ သမုတိသစ္စာကို ပယ်ရှားလိုလျှင် လောက၌ အကျိုးနှင့်အပြစ် သတ်မှတ်ချက်များလည်း ဖရိုဖရဲ လွင့်ကျဲကုန်မည် ဖြစ်သည်။ ဤသို့ဖြစ်လျှင် ယခုခေတ်၌ ဟစ်ပီများ၊ ဟက်ဂါများ၊ ဘိတနစ်များလို ဖြစ်လာမည် မလွဲပေ။

သူတို့သည်-

(၁) သွားလိုရာရာသို့ သွားနေကြပေသည်။
(၂) စိတ်အလိုကို လွှတ်ထားလေ့ ရှိကြပေသည်။
(၃) မူးယစ်စရာကိုလည်း မရှောင်တော့ပေ။
(၄) ဖြစ်ကတတ်ဆန်း သီဆိုတီးမှုတ် ကခုန်တတ်ကြသည်။
(၅) သူတစ်ပါး၏ အအုပ်အစိုးကိုလည်း မခံချင်၊ သူတပါးကိုလည်း

မအုပ်စိုးချင်ကြပေ။

(၆) ဘာသာရေးများကိုလည်း လက်ရှိကို ငြီးငွေ့ကြသည်။

(၇) ကမ္ဘာကို အစီအစဉ်တကျ ပြုပြင်လိုစိတ် မရှိကြ။

(၈) ကဲ့ရဲ့,ချီးမွမ်းကိုလည်း ဂရုမစိုက်။

အကျိုးနှင့်အပြစ် သတ်မှတ်ချက်များကို ဖျက်ပြီဆိုလျှင် ဤအတိုင်းဖြစ်ခြင်း အပြင်သို့ လွဲဖယ်၍ မရနိုင်တော့ပေ။ သမုတိသစ္စာ ကျိုးပဲ့လျှင်လည်း အကျိုးနှင့် အပြစ် သတ်မှတ်စရာ ပျက်ခဲ့ပြီဖြစ်သည်။

ခါတ်ဟူ၍ ရှုချိန်၌ ငါ,သူတပါးဟူ၍ မမြင်နိုင် ဖြစ်ခဲ့ပြီ။ ထိုခါတ်ကို စိတ်ဆန်သည်အထိ ပွားပြီးချိန်၌ကား ခါတ်သာလျှင် မြင်ပေတော့သည်။ ငါ,သူတပါးသည် လုံးဝပင်မရှိ ဖြစ်ခဲ့ပေပြီ။ ခါတ်အမြင်နှင့် ငါ,သူတပါးအမြင်သည်-တစ်ချိန်တည်းမြင်၍မရသော အမြင်အဖြစ် သူတို့ ခွဲခြားလာကြပေပြီ။

သူတို့သည် ခါတ်လည်းဟုတ်သည်၊ ထိုသို့ ခါတ်ဟုတ်ဆဲမှာပင် ငါ၊ သူတပါးလည်း ဟုတ်သည်။ ဤသို့ ခံယူနိုင်တော့သည် မဟုတ်ပေ။ အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်း။ ခါတ်ကို စိတ်ဆန်စွာ ရှုကြည့်ထားသောကြောင့် ဖြစ်ပေသည်။

သူတို့သည် သတ္တဝါများစွာ မကောင်းကြ၍ 'န ဗုဒ္ဓေါ'-လို့တော့ ဘုရားမဟောဘူးကွာ-လို့ ပြောနေရသေးသော်လည်း သူတို့သဘောတရားကား 'နဗုဒ္ဓေါ'-အထိ ဆိုက်ရောက်ရမည့် သဘောတရား ဖြစ်သည်။

နောက်ဆုံး၌ အယုတ်နှင့်အမြတ်ကို လုံးဝသတ်မှတ်၍ မရသည်အထိ သတ္တိရှိလျှင် ရှိသည်ကို ဆိုက်ရောက်သွားရမည့် လမ်းကြောင်း ဖြစ်သည်။ အယုတ်နှင့်အမြတ်သည်လည်းကောင်း၊ အကျိုးနှင့်အပြစ်သည်လည်းကောင်း 'သမုတိသစ္စဓမ္မ' ဖြစ်ကြပေသည်။ ထို့ကြောင့်ဖြစ်သည်။

စိတ်သည် ပွား၍ရသောအရာ ဖြစ်သည်။ မည်မျှ သေးငယ်သော အရာဝတ္ထုဖြစ်စေ၊ စိတ်က အတိုင်းမရှိ ကြီးမားအောင်ပွားလျှင် ပွားသောစိတ်၌ ထိုသေး

ငယ်သောအရာသည် အတိုင်းမရှိ အကြီးအမားအဖြစ် ထင်လာနိုင်ပါသည်။ ထို့အတူပင် မည်မျှ အရာမဟုတ်သည်ပင် ဖြစ်စေ၊ ဟုတ်သည်ပင်ဖြစ်စေ စိတ်ဖြင့် အရာဟုတ်သည်-ဟုပွားလျှင် အရာဟုတ်လာပေသည်။ စိတ်သည် လူကို ဆောင်နေ, ဆွဲနေပေသည်။

ဤဓါတ်ပိုင်းခြားခြင်းပြကမ္မဋ္ဌာန်း အဖွင့်သည်လည်း စိတ်ဆန်ဆန် ဖွင့်နေသောကြောင့် အကျိုးများစွာ ပျက်ပေသည်။ ထို့ကြောင့် ဤအဖွင့်သည် ဘုရားသျှင်၏ စိတ္တဘာဝနာတရားတော်နှင့် မဟပ်မစပ်မိဘဲ သီးခြားအဖွင့်စကားများ ဖြစ်ကြပေသည်။

ဘုရားသျှင်၏ ဓါတ်ပိုင်းခြားပြ စကားတော်သည်-

ဆိုခဲ့ပြီးသည့်အတိုင်း အရာဝတ္ထုကို အတုံးလိုက်သာမက အရာဝတ္ထုဖြစ်အောင် ဖွဲ့စည်းထားသော အစိတ်အပိုင်းများနှင့် ယင်းအစိတ်အပိုင်းများ၏ စုဝေးပုံကို သိရှိထင်မြင် သဘော၌ဝင်ရုံမျှသာ ဖြစ်ပေသည်။

ဤမျှဖြင့် စတုဓါတုဝဝတ္ထာန် အကျယ်တင်ပြချက်ကို သုံးသပ်ချက်စကား အဆုံးသတ်ပါမည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

# အခန်း(၁၄)

# ဣန္ဒြိယ အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၁၄)
## ဣဒ္ဓိဝိဓ အကျယ်ဖွင့် သုံးသပ်ချက်

၅၁။ အဘိညာဉ်သည် အဖွင့်ခံပုဒ်နှင့် မပတ်သက်

ဆရာတော်သည် စိတ္တဘာဝနာကိုဖွင့်ပြချက်၌ အကျယ်တင်ပြချက် နှစ်ခုကို ပြပေသေးသည်။ ယင်းတို့မှာ ဣဒ္ဓိဝိဓကိုအကျယ်တင်ပြချက်နှင့် အဘိညာဉ်ကိုအကျယ်တင်ပြချက်များ ဖြစ်ပေသည်။ ဝိသုဒ္ဓိမဂ်၏ ဆယ့်နှစ်ခုနှင့် ဆယ့်သုံးခုမြောက် အကျယ်တင်ပြချက်များ ဖြစ်သည်။

ဤတင်ပြချက်ဖြင့် ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုအဘိညာဉ်များကို ရရှိအောင် ပြုလုပ်ပုံများကို ပြဆိုပေသည်။ ဤသို့ပြဆိုရခြင်း၏အကြောင်းကိုလည်း ဤသို့ဆိုပေသည်-

သမာဓိဘာဝနာ၏ အာနိသင်ရရှိခြင်း၊ သမာဓိဘာဝနာ ခိုင်မြဲခြင်း၊ ပညာပွားရန် အထောက်အကူပြုခြင်း။

ဤအကြောင်းများအတွက် အဘိညာဉ်များကို အားထုတ်ရန်ပြသည်-ဟူ၍ ဖြစ်သည်။

စင်စစ်၌ အဘိညာဉ်သည် စိတ္တဘာဝနာ မဟုတ်တော့ပေ။ စိတ္တဘာဝနာ၏ အကျိုးအာနိသင်ပြ စကားများသာ ဖြစ်ပေတော့သည်။ ထို့ပြင် ဤအဘိညာဉ်ကို အကျယ်တင်ပြချက် နှစ်ခုတို့သည် ဝိသုဒ္ဓိမဂ်နိဒါန်း၌ ပြခဲ့သော ဘုရားသျှင်၏ စိတ္တဘာဝနာဟူသော ပုဒ်ကို ဖွင့်ဆိုခြင်း၏ အသီးအခြား ဖြစ်ခဲ့ပေပြီ။

(ဤအဘိညာဉ်များကို အဖွင့်ခံပုဒ်နှင့် မသက်ဆိုင်သောအရာများ-ဟူ၍သာ နှလုံးသွင်းပါတော့မည်။ ဤ အဘိညာဉ်ရအောင် ပြုလုပ်နည်းသည်) အဖွင့်ခံပုဒ်နှင့်သာ မဆိုင်သည် မဟုတ်ပါ။ သာသနာတော်နှင့်လည်း လုံးဝမဆိုင်ပါ။

သာသနာတော်၌ ဤအဘိညာဉ်များသည် အလိုရှိအပ်သောအရာများ မဟုတ်ကြပါ။

၅၂။ အဘိညာဉ်ကို ဘုရားရှင် အနက်သစ်ဖြင့်ညွှန်းခဲ့

ဤနှစ်ခန်းဖြင့် ပြအပ်သော အဘိညာဉ်ဆိုင်ရာ စကားများသည် သာသနာ
တော်၌ပြဆိုသော စကားများ (မဟုတ်ဘဲ၊ သာသနာပကျမ်းဖြစ်သော ရှေးရှေး အသိပညာကျမ်းများမှ အဘိညာဉ်ဆိုင်ရာပြဆိုချက် စကားများ) ဖြစ်ပါသည်။

ဟုတ်ပါသည်။ ဘုရားသျှင်သည် အဘိညာဉ်ဟူသော ရှေးသုံးဝေါဟာရများကို အချို့နေရာ၌ မသုံးစွဲခဲ့သည် မဟုတ်ပေ၊ သို့သော်လည်း ဘုရားသျှင်သည် ဝေါဟာရများကို ရှေးအနက်အတိုင်း သုံးစွဲခဲ့သည် မဟုတ်ပါ။ အနက်အတ္ထအသစ်ဖွင့်ဆိုလျက် ထိုဝေါဟာရများကို သုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် ယခုခေတ် ပြည်သူ့တပ်မတော်များ၌ 'ခဲယမ်းမီးကျောက်' ဟူသော ရှေးစစ်သုံးဝေါဟာရကို ရှေးအနက်မဟုတ်ဘဲ အနက်သစ်ပေး၍ သုံးစွဲသကဲ့သို့ ဖြစ်ပါသည်။ တိုးတက်သောအမြင် ရှိသူများသည် ဤသို့ပင် ရှေးဝေါဟာရများကို အနက်အသစ်ပေး၍ သုံးစွဲမြဲ ဖြစ်ပါသည်။ (ဘုရားသျှင်သည်လည်း အဘိညာဉ်-ဟူသော ရှေးဝေါဟာရကို အနက်သစ်ပေး၍ သုံးစွဲခဲ့ပါသည်)။

ထိုအဘိညာဉ်၌ ဒိဗ္ဗစက္ခုသည်လည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိသည်လည်းကောင်း ရှေးအနက်များ မဟုတ်တော့ပါ။

ဘုရားသျှင်၏-

'ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်'-ဟူသော ဝေါဟာရ၏အနက်သည် 'ဘဝသမိုင်းကို ပိုင်းခြားသိမြင်ခြင်း'-ဟု ဖြစ်ပါသည်။

ဒိဗ္ဗစက္ခုသည်လည်း 'ဘဝပုံဟန်ကို အမှန်ကျသိရှိခြင်း'-သာ ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤအနက်များသည် ဘုရားသျှင်၏ ဟောညွှန်ချက်များကို သဘာဝတ္ထ မျက်စိဖြင့် ကြည့်လျှင် အထင်းသားတွေ့မြင်ရချက် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော် အကျယ်တင်ပြနေသော အဘိညာဉ်များသည် သာသနာတော်နှင့် ဘာမျှမသက်ဆိုင်သော သာသနာပကျမ်းများမှ အဆိုများကို ကောက်နှုတ်တင်ပြချက်များ ဖြစ်ပါသည်။ ထို့ကြောင့် အဘိညာဉ်များကို မှန်သည်ဟုလည်းကောင်း၊ မှားသည်ဟုလည်းကောင်း သုံးသပ်ဖွယ် မရှိတော့ပါ။

ရှေးခေတ်သည် ဝေးလွန်းသည့်အတွက် အမှောင်ကျခဲ့ပြီ ဖြစ်သည်။ ထိုအမှောင်အတွင်း၌ အဘယ်သို့သော မဖြစ်နိုင်သောအရာပင် ဖြစ်စေ၊ ဖြစ်ခဲ့ သည်ဟုဆိုဝံ့လျှင် ထိုဆိုဝံ့သူသည်သာ နိုင်ချေရှိပေသည်။ အဘယ့်ကြောင့်ဆို သော် ထိုရှေးခေတ်ကို မည်သူမျှ ပြန်၍ မရှုကြည့်နိုင်ကြသောကြောင့် ဖြစ်သည်။

သို့သော်လည်း ထိုအနိုင်သည် ပညာမျက်စိရှိသူ၏ အောက်၌ကား ဆင် နင်းယပ်တောင်ပမာ ပြားချပ်နေပေရာသည်။ တန်ခိုးသည် မျက်လှည့်ဖြစ်သည်။ မျက်လှည့်သည် ကြည့်ရှုသူအား လှည့်နိုင်သော်လည်း လှည့်သူနှင့် လှည့်ခြင်းကို သိသူအား လှည့်နိုင်သည် မဟုတ်ပေ။

ဤသို့ပင် သာသနာတော်နှင့်သက်ဆိုင်သော စကားမဟုတ်သည် တစ် ချက်၊ အဖွင့်ခံပုဒ်နှင့် အကျုံးမဝင်တော့သော စကားဖြစ်သည် တစ်ချက်၊ ဤနှစ် ချက်ကြောင့် ဤတင်ပြချက် နှစ်ခန်းကို အဆုံးသတ်ပါပြီ။

(ဤမျှဖြင့် ဘုရားသျှင်၏ စိတ္တဘာဝနာကို အခန်း ဆယ့်တစ်ခန်းတို့ဖြင့် ဖွင့်ပြခဲ့ချက်များအား သုံးသပ်ခဲ့ပါပြီ။ ဆရာတော်သည် သမာဓိသဘောကို ဖွင့်ဆို ခြင်းမှအစ သမာဓိဘာဝနာလေးဆယ်တွင် တစ်ခုတိုင်းအထိ၊ အချော်အချွတ် အပြည့်ဖြင့် ဖွင့်ဆိုဖော်ပြနေခဲ့ကြောင်း သုံးသပ်ခဲ့ပါပြီ။

ဤမျှဖြင့် စိတ္တဘာဝနာအဖွင့်များ သုံးသပ်ချက် နိဂုံးချုပ်ပါမည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

( ဒုတိယအုပ်သို့)။

# အခန်း(၁၅)

## ပညာ အကျယ်ဖွင့် သုံးသပ်ချက်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊  တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## အခန်း(၁၅)
## ပညာ အကျယ်ဖွင့် သုံးသပ်ချက်

### ၅၃။ ပညာ၏ သဘောလက္ခဏာ သုံးသပ်ချက်

ဝိသုဒ္ဓိမဂ်ဆရာတော်သည် ဆိုခဲ့ပြီးသော အကျယ်တင်ပြချက် ဆယ့်သုံးခုတို့ဖြင့် 'သီလေပတိဋ္ဌာယ'-စသော ဂါထာ၌လာသော သီလနှင့်သမာဓိဟူသော အဖွင့်ခံပုဒ် နှစ်ခုတို့ကို ဖွင့်ပြပြီးခဲ့လေပြီ။ ယခု ဆယ့်လေးခုမြောက် အကျယ်တင်ပြချက်၌ 'ပညာ'-ဟူသော အဖွင့်ပုဒ်ကိုဖွင့်ဆိုရန် ပညာနှင့်စပ်သော မေးခွန်းခြောက်ချက်ကို ထုတ်ပြပေသည်။

မေးခွန်းများမှာ-

ပညာဟူသည်အဘယ်နည်း။
အဘယ်အနက်ကြောင့် ပညာမည်သနည်း။
ပညာ၏ လက္ခဏာစသည်ကား အဘယ်နည်း။
ပညာသည် အဘယ်မျှ ပြားသနည်း။
ပညာကို အဘယ်သို့ ပွားစေရမည်နည်း။
ပညာပွားခြင်း၏အကျိုးကား အဘယ်နည်း- ဟူ၍ ဖြစ်သည်။

ဤမေးခွန်းများသည် အရေအတွက်သာ များနေသော မေးခွန်းများဖြစ်သည်။ ဤမေးခွန်းများ၏အဓိပ္ပါယ်သည် ပညာသဘော၊ ပညာသရုပ်၊ ပညာပွားပုံ-ဤသုံးချက်သာ ဖြစ်သည်။

ထို့ကြောင့် ပဌမမေးခွန်းနှင့် စတုတ္ထမေးခွန်းသည် ထပ်တူဖြစ်သည်။ ဒုတိယ,
တတိယ, ဆဌမမေးခွန်းများသည်လည်း အတူဖြစ်သည်။ ဆရာတော်သည် ပညာ၌ အမြင်မရှင်းသောကြောင့် မေးခွန်းခြောက်ခုဖြစ်ပြီး ရှုပ်နေခြင်း ဖြစ်သည်။ဒုတိယ, တတိယနှင့် ပဥ္စမမေးခွန်းများဖြင့် လုံလောက်ပေသည်။

တတိယမေးခွန်း၌ ပညာသဘော၊ ပညာအကျိုးများ ပါဝင်ပြီးဖြစ်သည်။ ပဌမမေးခွန်း၌ စတုတ္ထမေးခွန်း အဖြေများ ပါပြီးဖြစ်သည်။ထို့ကြောင့် ဤမေးခွန်းခြောက်ခုသည် ပွယောင်းနေသော အမေးများသာ ဖြစ်သည်။သုံးခုဖြင့်ပင် ပြီးပေသည်။

မေးခွန်းများ၏အဖြေ၌ ပညာ၏ သဘောလက္ခဏာကို ဆရာတော်သည် အောက်ပါအတိုင်း ပြဆိုထားပေသည်-

'အပြားအားဖြင့် သိတတ်သောသဘောသည် ပညာဖြစ်သည်။'

ဤ၌ 'အပြားအားဖြင့်သိခြင်း'-ဟူသည် စိတ်သိ,အမှတ်သိဟူသော နှစ်မျိုးတို့ထက် ထူးခြားပြီး,ကွဲပြားစွာသိခြင်းဟု ပြဆိုပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤနေရာ၌ ဆရာတော်သည် အသိသုံးမျိုးကို နှိုင်းယှဉ်ဖော်ပြပါသည်။

'မှတ်သိ,စိတ်သိ,ထိုးထွင်းသိ'-ဟူသော အသိသုံးပါးကို ခွဲခြားပြခြင်း ဖြစ်ပါသည်။ ဤခွဲပြချက်၌ ဆရာတော်သည် မှတ်သိကို အဆင့်အတန်း အနိမ့်ဆုံးဟု ပြပါသည်။ စိတ်သိသည် အလယ်အလတ်၊ ထိုးထွင်းသိသာလျှင် အမြင့်ဆုံး ပြပါသည်။

မှတ်သိသည် ဥပမာအားဖြင့် ကလေးသိ၊ စိတ်သိသည် လူကြီးသိ၊ ထိုးထွင်းသိသည် ပညာရှင်သိအဖြစ် ဆောင်ပါသည်။ တိုက်ရိုက်ပြဆိုချက်လည်း မှတ်သိသည် သဘာဝများကိုသိရုံမျှ သိခြင်း ဖြစ်သည်။ စိတ်သိသည် သဘာဝများကို မမြဲခြင်းစသော သဘောတိုင်ရောက်သိခြင်း ဖြစ်သည်။ ထိုးထွင်းသိသည် အဆင့်ဆင့်အားထုတ်၍ အရိယ မဂ်တိုင်ရောက် သိနိုင်သည်။ ဤသို့ ပြဆိုပေသည်။

ဤပြဆိုချက်များသည် အကယ်ရှင်းလင်းသည် မဟုတ်ပါ။

စိတ်သိသည် မမြဲခြင်း-စသော သဘာဝဓမ္မတို့၏ သဘောလက္ခဏာကို သိနိုင်သည်-ဟူသည်လည်း တစ်ချက်၊ ပညာသိသည် အဆင့်ဆင့် အားထုတ်၍ အရိယမဂ်တိုင်ရောက် ပေါက်မြောက်နိုင်သည်-ဟူသည်လည်း တစ်ချက် ဖြစ်ပါသည်။

သဘာဝဓမ္မတို့၏ မမြဲခြင်းစသော သဘောလက္ခဏာကို စိတ်သည် သိနိုင်ပါသလော။ ဤသို့သိနိုင်လျှင် ပညာအတွက် သိဖွယ်နေရာသည် အဘယ် ဖြစ်တော့သနည်း။ အဘယ့်ကြောင့်ဆိုသော် သဘာဝဓမ္မတို့၏ မမြဲခြင်းစသော သဘောလက္ခဏာကိုမြင်လျှင် နိဗ္ဗာန်ကို မြင်တော့သည်ပင် မဟုတ်ပါလော။

နိဗ္ဗာန်မြင်ခြင်းသည်ပင် သို့မဟုတ် နိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်းသည်ပင် 'မဂ်' သို့မဟုတ် 'မဂ်၏ဥပစာဉာဏ်' မဟုတ်ပါလော။ ထို့ကြောင့် ဤသို့ စိတ်သိဖြင့် သဘာဝတို့၏ မမြဲခြင်း-စသည်ကိုမြင်လျှင် ဉာဏ်သိအတွက် အလုပ်သည် အဘယ်

ဖြစ်တော့သနည်း။

ဆရာတော် ရှင်းပြထားသော ဉာဏ်သိအတွက် အလုပ်သည် မရှင်းလင်း မထင်ပေါ် ဖြစ်နေပါသည်။ 'ဥဿက္ကိတွာ မဂ္ဂပါတု ဘာဝဠ ပါပေတိ'-ဟူ၍ ဆရာတော်ဆိုပါသည်။ သဘာဝဓမ္မများ၏ မမြဲခြင်းစသည်တို့ အတိအလင်း ထင်ရှားခြင်းပင် မဂ်ထင်ရှားဖြစ်ခြင်းသို့ ရောက်ခြင်း မဟုတ်ပါလော။ ထို့ကြောင့် ဤအဆိုစကားသည် စကားလုံးခြားသော်လည်း အနက်အတ္ထမကွဲပြားဘဲ ရှိပါသည်။ ထို့ကြောင့် ဤပြဆိုချက်များသည် အကယ်ရှင်းသည် မဟုတ်ပါ။

သဘာဝဓမ္မတို့၏ မမြဲခြင်းစသည်ကို စိတ်ဖြာခွဲခြမ်း၍ သိခြင်းသည် ဉာဏ်သိ၏အရာသာ ဖြစ်ပါသည်။ အခြားသော မှတ်သိ,စိတ်သိဟူသော အသိ နှစ်မျိုးတို့ဖြင့်သိနိုင်သောအရာ မဟုတ်ပါ။

(ထို့ပြင်လည်း ဤအသိသုံးမျိုးနှိုင်းယှဉ်ဆိုချက်၌ မှတ်သိနှင့်စိတ်သိ နှစ်မျိုး၏ အနိမ့်အမြင့်သည်လည်း စိစစ်ဖွယ်ရှိမည်ဟု ထင်ပါသည်။ မှတ်သိသည် ဆရာတော်ပြသကဲ့သို့ စိတ်သိထက် အဆင့်အတန်းမမြင့်စရာဟု ယူဆစရာ ရှိပါသည်။

သိသာသည်မှာ လောက၌ လူတစ်ယောက်တည်းနှင့်ပင် သင်ကြားဆုံးမ ပြီးခြင်းနှင့် မသင်ကြား, မဆုံးမရသေးခြင်း အပိုင်းနှစ်ပိုင်း ရှိပါသည်။ ထိုလူ၏ အဘယ်အပိုင်း၌ရှိသော အသိသည် အဆင့်အတန်း မြင့်မည်နည်း။ ဤအဖြေ သည် ထင်ရှားပါသည်။ သင်ကြားဆုံးမပြီးသူသာ ပိုမိုမြင့်ပါသည်။

မသင်ကြား မဆုံးမရသေးသူသည် စိတ်သိသာရှိသူ ဖြစ်ပါသည်။ အဘယ့် ကြောင့်ဆိုသော် သင်ကြားဆုံးမခြင်းသည် သညာပေးခြင်း သို့မဟုတ် အမှတ်ပေး ခြင်း ဖြစ်သောကြောင့် ဖြစ်သည်။

သင်ကြား ဆုံးမပေးခြင်းကို ဝိညာဏ်ပေးသည် သို့မဟုတ် စိတ်သိပေး

သည်ဟု ဆိုမည်လော၊ ဤသို့ဆို၍ မဖြစ်ပေ။ သင်ကြားခြင်း၌ ကြားခြင်း, မြင်ခြင်း ကို ကြားခြင်း,မြင်ခြင်း၌ထားလျှင် သို့မဟုတ် အမှတ်အသားမလုပ်လျှင် သင်ကြား ပြီးခြင်း မဖြစ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် သင်ကြားပြီးခြင်းသည် မှတ်သိပြုပေးခြင်းဖြစ်သည်ဟုသာ ဆိုရပေမည်။ ထို့ကြောင့် သင်ကြားပြီးခြင်းသည် မှတ်သိရှိသူဖြစ်သည်။ မသင် ကြားရသေးသူသည် ဤသင်ကြားအပ်သော သဘောအတွက် မှတ်သိမရှိသေး ဘဲ စိတ်သိသာရှိသေးသူ ဖြစ်သည်။

ဤသူနှစ်ဦးကိုယှဉ်လျှင် အဘယ်သူသည် သာမည်နည်း။ စိတ်သိသာ ရှိသူထက် မှတ်သိရှိသူသည် သာလွန်ကြောင်း တွေ့ရပေမည်။ ထို့ကြောင့် စိတ်သိ နှင့်မှတ်သိတွင် မှတ်သိသာလျှင် ပိုမိုအဆင့်အတန်းမြင့်ဖွယ် ရှိပါသည်။

ဤအရာသည် ကျွန်ုပ်တို့ ဤနေရာ၌ ပြောဆိုရမည့်နေရာ မဟုတ်ပေ၊ ဤအရာကိုပြောဆိုလျှင် ဝိသုဒ္ဓိမဂ်၏ ပင်မဝေဖန်ချက် သိမ်ငယ်ပါမည်။ ထို့ကြောင့် ဤအရာကို အကျယ်အလောင် မပြောဆိုပါပြီ။ စဉ်းစားစရာရှိသည်ဟုသာ အမှတ်ပေးခဲ့လိုပါသည်)။

ဤနေရာ၌ ကျွန်ုပ်တို့ပြောဆိုရမည်မှာ ဉာဏ်သိ၏ အခြားအသိ နှစ်မျိုးနှင့် မတူ ထူးခြားကွဲပြားပုံကိုသာ ဖြစ်ပါသည်။ ဤအရာလည်း ဆိုခဲ့ပြီးသည့်အတိုင်း ပင် အခြားအသိနှစ်မျိုးသည် (သဘာဝဓမ္မတို့၏ မမြဲခြင်း-စသော သဘောကို ပေါ်အောင် မသိမြင်နိုင်ကြပါ။ ဉာဏ်သိသည်သာလျှင်) သဘာဝဓမ္မတို့ကို ခွဲခြမ်း စိတ်ဖြာစစ်ဆေးပြီး ယင်းသဘာဝဓမ္မတို့၏ စစ်မှန်သောသဘောဖြစ်သော၊ မမြဲ ခြင်းစသော လက္ခဏာကို သိမြင်နိုင်ခြင်းပင် ဖြစ်ပါသည်။

ဆရာတော်၏ ဉာဏ်သိသဘောဖော်ပြချက်သည် ပေါ်လွင်သည် မဟုတ် ပေ။ ဆရာတော်ပြသည့် ဉာဏ်သိဟူသည်မှာ မှတ်သိ,စိတ်သိ- ဤနှစ်သိမဟုတ် အရာဟူ၍ ပြပေသည်။ ထိုစကားကို ချဲ့ပြချက်စကား၌လည်း အဆင့်ဆင့်အား

ထုတ်၍ အရိယမဂ်သို့ ရောက်စေနိုင်သောအရာ-ဟူ၍ လုံး၍သာ ပြပေသည်။

ဤပြဆိုချက်ဖြင့် ပညာ၏သဘောကို ဘယ်သို့သိနိုင်မည်နည်း။ တောက်တို
မယ်ရ-ဟူသော ဗမာစကားကို မသိ၍မေးရာ ပြုတ်စပြင်းတောင်း-ဟူ၍ (ထပ်၍ အဖွင့်ခံရသကဲ့သို့ ဖြစ်နေပေသည်။

ပညာသည် အပြားအားဖြင့်)သိခြင်း၊ သို့မဟုတ် (ခွဲခြမ်းစိတ်ဖြာ၍သိခြင်း၊ သို့မဟုတ်)၊ ထိုးထွင်း၍သိခြင်း၊ ဤအမည်များ ဖြစ်သည်။ ဤအသိသည် ဉာဏ်သိ ဖြစ်သည်။ ဤဉာဏ်သိသည် အာရုံကို အဘယ်သို့ အပြားအားဖြင့် သို့မဟုတ် ခွဲခြမ်း၍ သို့မဟုတ် ထိုးဖောက်၍သိခြင်း ဖြစ်သနည်း။ အဖြေသည် ဤသို့ဖြစ်သည်။

လောကလူသည် အရာဝတ္ထုတစ်ခုကို အသိသုံးမျိုးဖြင့် သိနိုင်ပါသည်။

အရာဝတ္ထုကို အရာဝတ္ထုအတိုင်းသိခြင်းသည် အသိတစ်ခု ဖြစ်ပါသည်။

ယင်းအရာဝတ္ထုကိုပင် အရာဝတ္ထုအတိုင်း သိခြင်းနှင့်အတူ အရာဝတ္ထု၏ (မိမိနှင့် ပတ်ဝန်းကျင်အတွက်) အသုံးကျမှု၊ ဤအရာကို သိခြင်း ဖြစ်ပါသည်။ (ဤအသိသည် အသိတစ်ခု ဖြစ်ပါသည်။

တတိယအသိမှာ အရာဝတ္ထုကို အရာဝတ္ထုအတိုင်း သိခြင်းနှင့် အရာဝတ္ထု၏ အသုံးကျမှုကိုသိခြင်း)၊ ဤအသိနှစ်မျိုးကိုကျော်၍ အရာဝတ္ထု၏ မရွေ့လျား, မပြောင်းမလဲသော သဘောကို သိခြင်း ဖြစ်ပါသည်။

ဤသို့ပင် အသိသုံးမျိုး ဖြစ်ပါသည်။

လောကဥပမာအားဖြင့် ဤအသိသုံးမျိုးသည် ဤသို့ဖြစ်ပါသည်။ လူသည် ငရုတ်သီးကို ငရုတ်သီးဟုသိခြင်း၊ ငရုတ်သီးကိုပင် အသုံးအားဖြင့် ကောင်း,ဆိုး နှစ်တန် တစ်တန်တန်ဖြင့်သိခြင်း၊ ငရုတ်သီး၏ မဖောက်ပြန်သော လက္ခဏာကို သိခြင်းများ ဖြစ်သည်။

ငရုတ်သီးကို ငရုတ်သီး-ဟုသိခြင်းသည် ပဌမအသိ ဖြစ်သည်။ ငရုတ်

သီးကို ကောင်းဆိုးနှစ်တန် တစ်တန်တန်ဖြင်းသိခြင်းသည် ဒုတိယအသိ ဖြစ်ပါသည်။ ငရုတ်သီး၏ မဖောက်ပြန်သော သဘောကိုသိခြင်းသည် တတိယအသိ ဖြစ်ပါသည်။

(ပဥ္စမအသိနှင့် ဒုတိယအသိများသည် အဘယ်သည် မှတ်သိဖြစ်၍ အဘယ်သည် စိတ်သိဖြစ်မည်ကို စာရှုသူကိုယ်တိုင် ဆုံးဖြတ်စေချင်ပါသည်။ ဤနေရာ၌ ပဓါနမဟုတ်၍ ဤအရာကို မဆိုပါပြီ။ ဤ၌ဆိုရမည်ကား-)

ရှေ့အသိနှစ်မျိုးသည် ဉာဏ်သိမဟုတ်၊ သို့မဟုတ် အပြားအားဖြင့်သိခြင်း၊ ခွဲခြမ်း၍သိခြင်း၊ ထိုးဖောက်၍သိခြင်း-ဟူသော ပညာသိမဟုတ်-ဟူ၍သာ ဆိုလိုပါသည်။

ဤအသိနှစ်ခုသည် အဘယ်သို့ ခွဲခြမ်းသနည်း၊ စိတ်ဖြာခဲ့သနည်း။ လုံးဝပင် မခွဲခြား မစိတ်ဖြာဘဲ သိနေသော အသိများဖြစ်ပေသည်။ ထို့ကြောင့် ထိုအသိနှစ်ခုသည် ဉာဏ်သိမဟုတ်ပေ။ ဉာဏ်သိမဟုတ်သောကြောင့် ထိုအသိနှစ်မျိုးသည် အသိခံရသော အရာဝတ္ထု၏ စစ်မှန်သောသဘောလည်း မဟုတ်ပေ။

အဘယ်သို့ မခွဲခြား မစိတ်ဖြာခဲ့သနည်း။ ဤအသိနှစ်မျိုးသည် ငရုတ်သီးကို မျက်မြင်တိုက်ရိုက် သိရှိခြင်းနှင့် ငရုတ်သီး၏သဘောကို မိမိကိုယ်မှ တုံ့ပြန်သလို တိုက်ရိုက် သိရှိခြင်းများသာ ဖြစ်သည်။ ဤသို့ အတုံးလိုက် သိခြင်းကြောင့် မခွဲခြမ်း မစိတ်ဖြာခြင်း ဖြစ်သည်။

ပညာသိသည် အဘယ်သို့ ခွဲခြမ်းစိတ်ဖြာသနည်း။ ငရုတ်သီးကို အချို့သူများက ကောင်းသည်ဟု ဆိုသည်၊ အချို့သူများသည် မကောင်းဟု ဆိုသည်။ မိမိ၏ အသိသည်ကား တစ်ဘက်ဘက်၌ ပါဝင်သည်။ ဤအသိ နှစ်မျိုးသည် တစ်မျိုးနှင့်တစ်မျိုး ဖြောင့်ဖြောင့် ဆန့်ကျင်ကြပေသည်။ (ငရုတ်သီး၌ ဤအသိနှစ်မျိုး

လုံးလည်း ပါဝင်လျက် တည်ရှိနေသည်-ဟု မဖြစ်နိုင်။ ထို့ကြောင့်) ငရုတ်သီး၏ သဘောသည် ဤနှစ်မျိုးလုံးပင် မဖြစ်နိုင်။ ငရုတ်သီးကို ကောင်းသည်ဟု သိသော သူသည် သူ့၌ အဘယ်ဓါတ်များ လိုနေသည်၊ (ဆိုးသည်-ဆိုသူ၌) အဘယ်သို့သော ဓါတ်များ ပိုနေသည်၊ ထို့ကြောင့် ငရုတ်သီးသည် အဘယ်သို့သော အရာသာ ဖြစ်သည်။ ဤသို့ ခွဲခြမ်းခြင်း၊ စိတ်ဖြာခြင်း၊ ထိုးဖောက်ခြင်းပြုသော အသိသည်သာ ဉာဏ်သိဖြစ်သည်။ ပညာသိသည် ဤသို့ ခွဲစိတ်ပေသည်။

ပညာသိမဟုတ်သော အသိဖြင့် အသိခံရသော အရာသည် အဘယ်သို့ စစ်မှန်ခြင်းမရှိဘဲ ရွေ့လျောဖောက်ပြန်ခြင်းများ ဖြစ်သနည်း။ (ပညာဖြင့် အသိခံရ သောအရာများသည်) တထဓါတ်, အမတဓါတ်-ဟူသော ဟုတ်မှန်ခြင်း၊ မရွေ့ လျောခြင်းများ ဖြစ်ရသည်။ သစ္စာကျခြင်း၊ အမတဓါတ်ဝင်ခြင်း ဖြစ်ရသည်ဟု ဆိုလိုပါသည်။

ထို တထဓါတ်, အမတဓါတ်ဝင်သောအရာသည် နှစ်မျိုးရှိပါသည်။ လောက

သဘောနှင့် ပရမတ်သဘောဟူ၍ ဖြစ်ပါသည်။ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ လည်း ဖြစ်ပါသည်။

ဤ၌ အုတ်,အင်္ဂတေနှင့် ဘုရားစသူတို့၏ ဓါတ်ကြွင်းများကို ကိန်းဝပ်ရာ ပြုထားသောအရာသည် စေတီဖြစ်သည်။ ဤစေတီသည် ဗုဒ္ဓဘာသာဝင်တို့ ပူဇော်စရာ ဖြစ်သည်။ ဤ ပူဇော်စရာဟူ၍ သိသောအသိသည် ဉာဏ်သိဖြစ်သည်။ အဘယ့်ကြောင့် ဤ(အသိသည်) အသိဉာဏ် ဖြစ်သနည်း။ ဘုရားမှ မိမိတိုင် အောင် ဖြစ်ပေါ်သော ကျေးဇူးများ ပေါ်သည်အထိ ခွဲခြမ်းစိတ်ဖြာမှ သိရသော ကြောင့် ဖြစ်သည်။

ဤ 'ပူဇော်စရာ'-ဟု အသိခံရသော အသိသည် ပူဇော်စရာမဟုတ်-

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဟူ၍ ရွေ့လျား၍ မရတော့ပေ။ ထို့ကြောင့် ဤအရာသည် သမုတိသစ္စာ သို့မဟုတ် လောကအားဖြင့် အမတဓါတ် ဝင်သောအရာဟူ၍ ဆိုရပါသည်။

အားလုံးသော သဘောတို့သည် အထည်မရှိ၊ အဖတ်အထည် ဆည်၍ မရ-စသည်ဖြင့် သိရှိခြင်းသည် ထာဝရ မှန်ကန်ပေသည်။ ထို့ကြောင့် ဤအသိသည် သဘာဝအားဖြင့် မရွေ့လျောသောအသိ ဖြစ်ပါသည်။

အလုံးလိုက်သိထားသော အသိသည် ရွေ့လျော ပျောက်ကွယ်ပေသည်။ ဘုရားစေတီကို ကိုးကွယ်ရာ-ဟူ၍ အလုံးလိုက်သာ သိလျှင် ကိုးကွယ်ရာမဟုတ်ဟူ၍ ရွေ့လျောခွင့်ကြုံလျှင် ရွေ့လျောမည် ဖြစ်သည်။ ဓါတ်ပရမတ် သဘောတရားတို့၏ အထည်မဲ့ခြင်း-စသည်ကို ခွဲခြမ်းခြင်းမရှိဘဲ အလုံးလိုက်အသိသည်လည်း အထည်မဲ့မဟုတ်-ဟု ပြောင်းလဲဦးမည်သာ ဖြစ်သည်။

ထို့ကြောင့် တတိယအသိဖြစ်သော ဉာဏ်သိသည် ဘယ်ရှုထောင့်က ကြည့်သည်ဖြစ်စေ မပြောင်းလဲ, မရွေ့လျားတော့သော အာရုံ၏သဘောကို သိခြင်း ဖြစ်ပါသည်။

ဒုတိယအသိမှာကား တစ်ခုသော ရှုထောင့်မှသာ ရှုကြည့်၍ တွေ့သိရသော အာရုံ၏သဘောကို သိခြင်း ဖြစ်ပါသည်။

ပဌမအသိသည် အာရုံကို အာရုံအတိုင်း သိခြင်းသာ ဖြစ်ပါသည်။

အာရုံကိုအာရုံအတိုင်း သိရန်နှင့် အာရုံကို တစ်ထောင့်တစ်နားမှ မှန်ကန်သော သဘောကို သိခြင်းများသည် ဉာဏ်သိမဟုတ်သော အသိများသာ ဖြစ်ပါသည်။

ထို့ကြောင့် ပညာ၏သဘောသည် ရှုထောင့်စုံမှချဉ်းကပ်၍ အာရုံ၏ မရွေ့လျားသော အမတဓာတ်၊ တထဓါတ် ပါဝင်သော သဘောကို ဆွဲထုတ်သိမြင်ခြင်းသာ ဖြစ်ပါသည်။ ဤမျှဖြင့် ပညာ၏ သဘောလက္ခဏာ ပြဆိုချက်ကို သုံးသပ်ချက် ပြီးသင့်ပါပြီ။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

၅၄။ ပညာ၏ပစ္စုပ္ပဋ္ဌာန်-စသည် သုံးသပ်ချက်

ဆက်လက်၍ ပညာ၏ ပစ္စုပဋ္ဌာန်ပြဆိုချက်ကို သုံးသပ်ပါမည်။ (ဆရာတော်သည် ပညာ၏ ပစ္စုပဋ္ဌာန်ကို 'မတွေမဝေသိခြင်း'-ဟု ဆိုပေသည်)။ ဆရာတော်ပြဆိုသော ပညာ၏ပစ္စုပဋ္ဌာန်သည် ပညာ၏သဘောနှင့် မထူးခြားအောင် ဖြစ်နေပါသည်။

ထို့ပြင် ကိလေသာမဖြစ်နိုင်ခြင်း၊ ဖိုလ်အရသာကို ခံစားရခြင်း၊ နိရောဓသမာပတ် ဝင်စားနိုင်ခြင်း၊ အာဟုနေယျစသော ဂုဏ်ရောက်သူဖြစ်ခြင်း၊ ဤသို့ပင် ပညာ၏ ပစ္စုပ္ပဋ္ဌာန်သဘောကို ပြပေသည်။ ဤပြဆိုချက်များသည် အရေအတွက်သာ များနေပေသည်။ သဘောကား များလှသည်မဟုတ်ပေ။

အမှန်၌ ပညာ၏ပစ္စုပဋ္ဌာန်သည် 'သီလပြည့်စုံခြင်း'သာ ဖြစ်သည်။ ဆရာတော်ပြဆိုချက်များသည် သီလပြည့်စုံခြင်း အမည်များမျှသာ ဖြစ်ပေသည်။

သီလ၊ သမာဓိ၊ ပညာ-ဤသုံးဖြာသည် အချင်းချင်း ကျေးဇူးပြုနေကြပေသည်။ သီလ၏ ပဒဋ္ဌာန်သည် ပညာဖြစ်သည်၊ သီလ၏ ပစ္စုပဋ္ဌာန်သည် 'သမာဓိ'-ဖြစ်သည်။ သမာဓိ၏ ပဒဋ္ဌာန်သည် သီလ-ဖြစ်သည်၊ သမာဓိ၏ ပစ္စုပ္ပဋ္ဌာန်သည် ပညာ-ဖြစ်သည်။ ပညာ၏ ပဒဋ္ဌာန်သည် သမာဓိ ဖြစ်သည်၊ ပညာ၏ ပစ္စုပ္ပဋ္ဌာန်ကား သီလ-ဖြစ်သည်။ (ဤသို့ပင် အချင်းချင်း ကျေးဇူးပြုနေကြပေသည်)။ ထို့ကြောင့်-

သီလရှိမှ သမာဓိ,ပညာ ဖြစ်သည်။<br>
သမာဓိရှိမှ သီလ,ပညာ ဖြစ်သည်။<br>
ပညာရှိမှ သီလ,သမာဓိ ဖြစ်သည်။<br>
သီလ,သမာဓိရှိမှ ပညာ ဖြစ်သည်။<br>
သီလ,ပညာရှိမှ သမာဓိ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သမာဓိ,ပညာရှိမှ သီလ ဖြစ်သည်။

ဤသို့ပင် သာသနာသုံးရပ်၊ သိက္ခာသုံးပါး၊ နိဗ္ဗာန်ရောက်ကြောင်း ငြိမ်းချမ်းရေးအတွက် အလယ်လမ်းတရားသည် အချင်းချင်းအား၊ တစ်ပါးသည် နှစ်ပါးအား၊ တစ်ပါးသည် တစ်ပါးအား၊ နှစ်ပါးသည် တစ်ပါးအား ကျေးဇူးပြုနေပါသည်။

၅၅။ ပညာသရုပ် သုံးသပ်ချက်

ဆက်လက်၍ ပညာ၏ သရုပ်ပြဆိုချက်ကို သုံးသပ်ပါမည်။ ဆရာတော်သည် ပညာ၏သရုပ်ကို ပွေပွေရှုပ်ရှုပ် ထုတ်ပြနေပါသည်။ ဤထုတ်ပြချက်များသည် ပညာ၏ သရုပ်များလည်း အကယ်မဟုတ်ဘဲ ဖြစ်နေပါသည်။ လောကီပညာ၊ လောကုတ္တရာပညာ၊ သာသဝပညာ၊ အနာသဝပညာ၊ ဤအရာများသည် (ထပ်နေသော) ပညာ၏အမည်များပင် မဟုတ်ပါလော။

သရုပ်-ဟူသည် ပညာသဘောရှိလျက် တစ်ခုနှင့်တစ်ခု မတူကွဲပြား ခြားနားသော အရာများသာ ဖြစ်သင့်သည် မဟုတ်ပါလော။ ထို့ ကြောင့် ဆရာတော် ထုတ်ပြသော ပညာ၏သရုပ်သည် အကယ်စစ်မှန်သော ပညာ၏သရုပ် မဟုတ်ပေ။

ပညာ၏သရုပ်ကို ဖွင့်ပြရာ၌ ဟူးဟူးငြားငြား ပညာ၏သရုပ်ကို ထုတ်ပြချင်သလို ထုတ်ပြနေ၍လည်း ဤနေရာ၌ ဖြစ်သည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤပညာအဖွင့်၏ အဖွင့်ခံဖြစ်သော ပညာနှင့် ညီညွတ်ရန် လိုအပ်နေသောကြောင့် ဖြစ်သည်။

အဖွင့်ခံပညာသည် ဟူးဟူးငြားငြားပညာ ဟုတ်ပါသလော။

မဂ္ဂင်ရှစ်ပါးဝင်ပညာသာ ဖြစ်သည် မဟုတ်ပါလော။ သို့မဟုတ်-

အဓိပညာသာ ဖြစ်သည် မဟုတ်ပါလော။ သို့မဟုတ်-

ပရိယောသာနကလျာဏထိုက်သော ပညာသာဖြစ်သည် မဟုတ်ပါလော။

---

ထို့ကြောင့် ဤသို့သော ပညာ၏အဖွင့်သည် ပညာအဘိဓါန်ကို ထုတ်ပြ ဖွင့်ဆိုနေရန် မဟုတ်ပေ။

အဖွင့်ခံပုဒ်၌ ပညာ-ဟူ၍ဆိုသော်လည်း ဤအဆိုသည် ပညာက္ခန္ဓမဂ္ဂင် များကို အကျုံးဝင်စေလျက် ဆိုခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤပညာ၏ အဖွင့်သည် လောကီ,လောကုတ်-စသည်များ သရုပ်အဖြစ် ထုတ်၍ မဖြစ်ပေ။ ပညာက္ခန္ဓမဂ္ဂင် သရုပ်ကိုသာ ပညာသရုပ်အဖြစ် မလွဲမသွေ ထုတ်ရမည် ဖြစ်ပေသည်။ ဤမျှဖြင့် ပညာသရုပ် ထုတ်ဆိုချက်ကို သုံးသပ်ချက် သင့်တန်ပါပြီ။

၅၆။ ပညာပွားပုံ သုံးသပ်ချက်

ဆက်လက်၍ ပညာကို ဘယ်သို့ ပွားစေအပ်သနည်း-ဟူသော မေးခွန်း ၏အဖြေကို သုံးသပ်ပါမည်။ ဤအဖြေသည် ဝိသုဒ္ဓိမဂ် ပညာအဖွင့်၏ အဓိက ပြဆိုချက်များ ဖြစ်ပါသည်။ ဤမေးခွန်း၏အဖြေကို အကျယ်တင်ပြချက်ပေါင်း ကိုးခုတို့ဖြင့် ပြဆိုသည် ဖြစ်ပါသည်။

(ဤအဖြေ ပြဆိုချက်၌ အပိုင်းသုံးခု ပြုထားပါသည်)။ ယင်းမှာ-

ပညာ၏တည်ရာ၊

ပညာ၏အရင်းအမြစ်၊

ပညာ၏ကိုယ်ထည်-ဟူ၍ ဖြစ်ပါသည်။

သီလနှင့်သမာဓိဖြစ်သော သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ နှစ်ပါးကို ပညာ၏ အရင်းအမြစ်အဖြစ် ပြဆိုပါသည်။ ကျန်သော ဝိသုဒ္ဓိငါးပါးဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နှင့် ဉာဏဒဿနဝိသုဒ္ဓိတို့ကို ပညာ၏ကိုယ်ထည်-ဟူ၍ ပြဆိုပါသည်။

ပညာ၏တည်ရာမြေကိုကား အဘိဓမ္မာတရားများအဖြစ် ပြဆိုပါသည်။

ခန္ဓာ၊ အာယတန၊ ဓါတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့ ဖြစ်ပါသည်။ (ဤ-ပညာ
၏ တည်ရာကို အကျယ်တင်ပြချက်လေးခုတို့ဖြင့် ပြဆိုပါသည်။ ခန္ဓာကို အကျယ်တင်ပြချက်၊ ဣန္ဒြေ,သစ္စာကို အကျယ်တင်ပြချက်နှင့် ပဋိစ္စသမုပ္ပါဒ်ကို အကျယ်တင်ပြချက်တို့ ဖြစ်ပါသည်)။

ဤ-ခန္ဓာစသည်ကို သင်ကြားခြင်း၊ မေးမြန်းခြင်း-စသည်ကို ပြုလုပ်ခြင်းသည် ပညာ၏တည်ရာကို တည်ဆောက်ခြင်းဖြစ်သည်ဟု ညွှန်ပြပါသည်။ (အဘိဓမ္မာခုနစ်ကျမ်းကို သင်ကြားလေ့လာခြင်းသည် ပညာ၏တည်ရာကို တည်ဆောက်ပြီးခြင်း ဖြစ်ပါသည်)။ အဘိဓမ္မာခုနစ်ကျမ်း မဟုတ်စေကာမူ ဓမ္မသင်္ဂဏီ၊ ဓါတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း-ဤကျမ်းများအနက် လေးကျမ်းလုံးကို ဖြစ်စေ၊ တစ်ကျမ်းတစ်ဖွဲ့ကို ဖြစ်စေ လေ့လာသင်ကြားခြင်းသည်လည်း ပညာ၏တည်ရာမြေကို တည်ဆောက်ပြီးခြင်း ဖြစ်တန်ရာပါသည်။ ထို့ထက် အယုတ်အားဖြင့်ဆိုလျှင် အဘိဓမ္မတ္ထသင်္ဂဟ- သင်္ဂြိုဟ်ကျမ်းကလေးကိုမျှ သင်ကြားလျှင်လည်း ပညာ၏တည်ရာမြေကို တည်ဆောက်ပြီးခြင်း ဖြစ်နိုင်တန်ရာပါသည်။

(သတိချပ်)။ ကာယ,စိတ္တ,ဓမ္မနှင့် ဝေဒနာ ဤအရာများသာ ပညာ၏တည်ရာများ ဖြစ်သင့်လှသည်။ ဝိပဿနာ၏အာရုံများ ဟူလို)။

ဤစာ၌ ဆရာတော်ပြဆိုသော ဤ-ပညာ၏တည်ရာမြေကို ပြဆိုချက်အခန်းလေးခန်းကို မသုံးသပ်ပါပြီ။ မသုံးသပ်ခြင်း၌ အချက်နှစ်ချက်ရှိပါသည်။ ပဌမအချက်မှာ ရှည်လျားလွန်းလှသဖြင့် ဝိသုဒ္ဓိမဂ်ကိုသုံးသပ်ချက်၏ ပင်မစကားကျော တွန့်နေမည်ကို မဖြစ်ပေါ်စေရန် ဖြစ်ပါသည်။ ဟုတ်ပါသည်။ ဤတင်ပြချက်များကို သုံးသပ်ရလျှင် များစွာရှည်လျားနေပါမည်။ ထို့ပြင် ဤစကားများသည် ဝိသုဒ္ဓိမဂ်၏ လိုရင်းစကားများ မဟုတ်ဘဲ ကျမ်းသီးခြားများကဲ့သို့ ဖြစ်နေ၍ မသုံးသပ်လျှင်လည်း ဖြစ်နေသည်။ ထို့ကြောင့် မသုံးသပ်ခြင်း ဖြစ်ပါသည်။

ဒုတိယအချက်မှာ ဤပြဆိုချက်များ ယနေ့ အဘိဓမ္မာလောက၌ ပေါ်လွင် ထင်ရှားလှသဖြင့် ဆန်းပြားထွေထူးခြင်းမရှိ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ထိုအကြောင်းနှစ်ချက်ကြောင့် ဤ-ပညာ၏တည်ရာမြေကို ပြဆိုချက် အခန်းလေးခန်းကို ကျော်လွှားမည် ဖြစ်ပါသည်။

# အခန်း(၁၆)

## အမြင်စင်ကြယ်မှုဆိုင်ရာ အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၁၆)
## အမြင်စင်ကြယ်မှုဆိုင်ရာ အကျယ်ဖွင့် သုံးသပ်ချက်

၅၇။ ဒိဋ္ဌိဝိသုဒ္ဓိ အဖွင့်သည် လူကိုခါတ်ခွဲပြခြင်းမျှသာ

ဆက်လက်၍ ပညာ၏ကိုယ်ထည်ကိုပြဆိုချက် အခန်းများမှ ရှေးဦးဆုံးဖြစ်သော အမြင်စင်ကြယ်မှုဆိုင်ရာ အကျယ်တင်ပြချက်အခန်းကို သုံးသပ်မည်ဖြစ်ပါသည်။

ဆရာတော်သည် ဤအကျယ်တင်ပြချက်၌ အမြင်စင်ကြယ်စေရန် သို့မဟုတ် ဘဝအမြင်သန့်စင်စေရန် အောက်ပါညွှန်ကြားချက်များကို ပေးအပ်ပါသည်။ ရရှိနေသော စျာန်၏ အစိတ်အပိုင်းတရားဖြစ်သော နာမ်များကို-

ယင်းတို့၏ သဘောလက္ခဏာ၊

ယင်းတို့၏ ကိစ္စသမ္ပတ္တိ၊

ယင်းတို့၏ အကျိုးရင်း, အကြောင်းရင်း၊ ဤသို့ သိမ်းဆည်းဆင်ခြင်ရမည်။ ဤသို့ ဆင်ခြင်သော် ယင်းဉာဏ်များ၏မှီရာ နှလုံးအိမ် တွေ့မြင်မည်။ နှလုံးအိမ်နှင့်တကွ ယင်း၏မှီရာ ဘူတရုပ်များကိုလည်း မြင်မည်။ ဤသို့မြင်လျှင် ရုပ်နှင့်နာမ်တို့ကို ပြတ်သားကွဲပြားစွာ သိလာမည်။ ဤသို့ ညွှန်ကြားပေသည်။

(ဤအတူ ဓါတ်လေးပါး ရှုနည်း၊ ဓါတ်ဆယ့်ရှစ်ပါး ရှုနည်း၊ အာယတနဆယ့်နှစ်ပါး ရှုနည်း၊ခန္ဓာငါးပါး ရှုနည်း၊ ရုပ်,နာမ် ရှုနည်း၊ ဤရှုနည်းများကိုလည်း ပြပါသေးသည်။ ဤတွင် ဓါတ်လေးပါးရှုနည်း-စသည်သည် သမာဓိအကျယ်တင်ပြချက်များ၌ ပြဆိုနည်းအတိုင်း ဖြစ်ပါသည်။

ဤသို့ရှုသဖြင့် ရုပ်ကို ရအောင် ရှုနိုင်ပြီးသူသည် ရုပ်ကို အထပ်ထပ်ရှုနေစဉ်ပင် နာမ်လည်း ထင်လာသည်-ဟု ဆိုပါသည်။ နာမ်သည် ဖဿ-ဟူသော

အတွေ့၊ ဝေဒနာ-ဟူသော ခံစားမှုနှင့် ဝိညာဉ်-ဟူသော သိစိတ်များအဖြစ် ထင်လာသည်-ဟူ၏။

ဤသို့ ထင်လာခြင်းသည် နာမ်နှင့်ရုပ်တို့ကို ရအောင်ယူနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် နာမ်နှင့်ရုပ် နှစ်ခုပေါင်းနေသော ဘဝ-ကို မှန်ကန်သော၊ သန့်စင်သော အမြင် ဖြစ်သည်။ ဘယ်သို့ သန့်စင်သော ဘဝအမြင် ဖြစ်သနည်း။ ဘဝ-သည် နာမ်နှင့်ရုပ် နှစ်ခုအပေါင်းသာ ဖြစ်သည်။ ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, နတ်, လူ-ဟူ၍ သီးခြားမရှိတော့ပေ။ ဤသို့ ပြတ်သားခြင်း ဖြစ်သည်။ ဤသို့ ဘဝအမြင် သန့်စင်ခြင်းပင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ခြင်းမည်သည်-ဟု ပြဆိုပေသည်။

ဆရာတော်၏ ဒိဋ္ဌိဝိသုဒ္ဓိပြဆိုချက်သည် စိတ်ဆန်သော ပြဆိုချက်များသာ ဖြစ်ပေသည်။ စိတ်ဆန်သော ပြဆိုချက်-ဟူသည် 'သညာစကား၊ ဝိညာဉ်စကားများချည်း ဖြစ်သည်-ဟု ဆိုလိုသည်။ ပညာစကား မတွေ့ရပေ။ ယခုခေတ်၌ ကမ္မဋ္ဌာန်းဆရာများ ဟောပြောတတ်သော 'ထိတာက-ရုပ်၊ သိတာက-နာမ်ပဲပေါ့'-ဟူသော စကားထက် အနှစ်သာရမပို-ဟု ဆိုလိုပါသည်။

ဆရာတော်ပြဆိုချက်၌ ရုပ်နာမ်ကွဲအောင်ရှုနည်း ခြောက်နည်း ဖြစ်ပါသည်။ ယင်းခြောက်နည်းသည် သဘောအားဖြင့် နှစ်နည်းသာ ဖြစ်ပါသည်။ ရုပ်က စ၍ရှုနည်း၊ နာမ်က စ၍ရှုနည်း-ဟူ၍ ဖြစ်ပါသည်။

နာမ်က စ၍ရှုနည်း၌ ရုပ်ပေါ်ပုံကိုပြရာ၌ ဥပမာသည်သာလျင် လှပေသည်။ ဥပမေယျမှုကား မလှပေ။ နာမ်၏မှီရာသည် နှလုံးအိမ်ဖြစ်သည်-ဟု နာမ်ကို ရှုဖန်
များလျင် တွေ့မြင်လာမည်-ဟု ဆရာတော် ဆိုပေသည်။ ဤစကားသည် မဖြစ်နိုင်သောအရာ ဖြစ်သည်၊ ပြော၍ ဖြစ်သောအရာသာ ဖြစ်သည်-ဟု ဆိုလိုပါသည်။

နာမ် ရှုဖန်များသဖြင့် အဘယ့်ကြောင့် နာမ်၏တည်ရာ နှလုံးအိမ် ဖြစ်

သည်-ဟု သိလာမည်နည်း။ နှလုံးအိမ်သည် နာမ်၏တည်ရာ အစစ်အမှန်လည်း ဟုတ်ပါသတဲ့လော။ ဤအရာသည် မဖြစ်နိုင်ဘဲ ရှိလေသည်။

ယခုခေတ်၌ နှလုံးသားလဲလှယ် အကုသခံသူတို့သည် နှလုံးသားအဟောင်း
ကို ထုတ်၍၊ နှလုံးသားသစ်ကို မတပ်ဆင်နိုင်မီ စက်ဖြင့် နှလုံးသားအစား အလုပ်လုပ်ပေးရပါသည်။ ဤအချိန်၌ ဤသူ၏ ရုပ်နာမ်တရားများသည် စက်အတွင်း၌ မှီနေပါသလော။

အဘိဓမ္မာဝေါဟာရ၌ ဟဒယ=နှလုံး-ဟူသော ဝေါဟာရ၏ အနက်သည် ခန္ဓာဗေဒပညာရှင်တို့ အသုံးဝေါဟာရဖြစ်သော လက်ဝဲသားမြတ် အထက်နား၌ ရင်တွင်း၌ သွေးကိုလှည့်စေသော နှလုံး ဖြစ်ရန်၊ အကြောင်း အလွန်နည်းလှပါသည်။

နာမ်ကို ရှုသူသည် နာမ်၏တည်ရာ နှလုံးကိုထင်လာဖို့ ထား၍၊ နှလုံး-ဟူသော ဝေါဟာရ၏ အနက်သည် အဘယ်အရာဖြစ်သည်-ဟူ၍ပင် အခဲအကပ် ရှိပါသည်။ ထို့ကြောင့် နာမ်-ရှုဖန်များလျှင် နာမ်၏တည်ရာ နှလုံးကို လည်းကောင်း၊ ထိုနှလုံးမှသျှောက်၍ ရုပ်များကိုလည်းကောင်း သိလာမည်-ဟူသော ဆရာတော်၏အဆိုသည် ပြော၍သာလှ၍ လုပ်၍မရသောအဆို ဖြစ်သည်။ ထို့ကြောင့် ဤအဆိုသည် စိတ်ဆန်သောအဆိုသာ ဖြစ်သည်။ ဤသို့သော စိတ်ဆန်သောအဆို
ဖြင့် ပညာကိုဖြစ်ပွားရန် ညွှန်ကြားရမည်နေရာ၌ အကျိုး ဘယ်သို့ဖြစ်ထွန်းမည်နည်း။

ထို့ပြင် ရုပ်မှစ၍ ရှုရာ၌ ရုပ်ကို အဖန်ဖန် ရှုဖန်များလျှင် နာမ်ထင်လာမည်ဖြစ်ကြောင်း ပြောဆိုစေ စကားများ၌လည်း ဥပမာများ အများအပြား သုံးထားပါသည်။ ဤ၌လည်း ဥပမာများသည် လှပကြပါသည်။ ဥပမေယျများကား

သညာစကား၊ ဝိညာဥ်စကားများချည်း ဖြစ်ကြပါသည်။

သညာစကား၊ ဝိညာဥ်စကားဖြစ်သော စိတ်ဆန်သောစကားများသည် နားထောင်သူအား တာဝန်ပေးသော စကားများချည်း ဖြစ်သည်၊ အလုပ်ပေး စကားများချည်း ဖြစ်သည်-ဟု ဆိုလိုပါသည်။ ဤစကားများသည် အပြောသာ လွယ်၍ အလုပ်လွယ်သော စကားများ ဖြစ်သည်။

ပညာစကားများမှာ ဤသို့မဟုတ်ပေ။ နားထောင်သူအား အလုပ်မပေး ပေ။ ပြောသူသည် ဖြစ်ပျက်နေသော အဖြစ်ဆီသို့ နာသူအား ခေါ်၍၊ ရှေ့ဆောင် သွားပြခြင်းမျိုးသာ ဖြစ်သည်။ ပြောသူ၏ အပြောဆုံးခြင်းနှင့် အတူ နာသူလည်း သိမြင် ပေါက်ရောက်သွားရပေသည်။

ဒိဋ္ဌိဝိသုဒ္ဓိအတွက် ပြဆိုချက်စကားများသည် ဤသို့သော ပညာစကား များသာ ဖြစ်ရပေမည်။ အလုပ်ပေးတရား၊ အလုပ်ပေးစကား မဖြစ်ရပေ။ အဘယ့် ကြောင့်ဆိုသော် ဒိဋ္ဌိဝိသုဒ္ဓိသည် လူကို ခါတ်ခွဲပြခြင်းမျှသာ ဖြစ်၍ ဖြစ်သည်။

သို့မဟုတ် ဒိဋ္ဌိဝိသုဒ္ဓိသည် လူကို မှန်ကန်စွာ အနက်ဖွင့်ခြင်း၊ လူကို အမှန်အတိုင်း နားလည်သိရှိခြင်း၊ ဤသဘောများ၏ အမည် ဖြစ်ပါသည်။ ဤသို့ သိရန်မှာ ဆရာတော့် ပြဆိုချက်ဖြစ်သော စိတ်ဆန်သောစကား၊ သညာစကား များဖြင့် လုံးဝပင် မပြည့်စုံနိုင်ပေ။

၅၈။ ပရမတ်သည် သညာစကား ဝိညာဉ်စကား

ပရမတ်ကို ဆရာသမားများထံမှ သင်ပြီးလျှင် ယင်းသို့ သင်ထားသော အတိုင်း ပြန်လည်ပြောကြားသော စကားသည် 'သညာစကား'-သာ ဖြစ်ပါသည်။ သညာစကားသည် ပြောသူကိုယ်တိုင်လည်း နားလည်သောစကား မဟုတ်ပေ။ ထို့ကြောင့် နာသူ နားလည်ရန်ကား ဆိုဖွယ်ပင် မရှိတော့ပေ။

ပရမတ်သည် ပရမတ်လို ပြော၍ကောင်းသည် မဟုတ်ပေ။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

'ယနေ့ သာသနာသည် ဖောင်းပွနေ၍၊ သို့မဟုတ် သညာစကား ခေတ်စားနေ၍ ပရမတ်သံ တည်ညံ့ ဖြစ်နေခြင်း' ဖြစ်သည်။

ယနေ့သာသနာ၏ ပင်မအမြုတေဖြစ်သော ဘုရားသျှင်ကား ယင်း ပရမတ်များကို ရဟန်းများအား ဟောကြားခြင်း အလျဉ်းပင် မပြုခဲ့ပေ။

အဘယ့်ကြောင့်နည်း?

ပရမတ်သည် အသုံးထက်ပို(ကဲ)၍ (ခက်ခဲ)လွန်ကဲနေသောကြောင့် ဖြစ်သည်။

ဘုရားသျှင်သည် ရဟန်းရှင်လူတို့အား လေးဆယ့်ငါးနှစ်တိုင်တိုင် တရား ဟောနေခဲ့သော်လည်း ပရမတ်သံ မပါပေ။ အရပ်သံသာ ပါခဲ့ပေသည်။

ပရမတ်သည် ပရမတ်အတိုင်း အသုံးပြု၍ကောင်းသည် မဟုတ်ပေ။ ဥပမာအားဖြင့် စိန်ရွှေရတနာသည် စိန်ရွှေရတနာအတိုင်း စားသောက်၍ရသည် မဟုတ်ပေ။ စိန်ရွှေရတနာကို စားသောက်လိုသည်ဆိုလျှင် စိန်ရွှေရတနာများကို ထမင်းမုန့်ပဲဖြစ်အောင် ပြုလုပ်ရပေသည်။

ဘုရားသျှင်သည် ဤအတိုင်းပြုခဲ့ပေသည်။ ပရမတ်တရားများကို အရပ် တရား၊ အရပ်စကားများဖြစ်အောင် ပြု၍သာ ရဟန်းသျှင်လူတို့အား ဟောပြောခဲ့ ပေသည်။ ဤအရာသည်သာ ပညာစကား ဖြစ်ပေသည်။ ပထဝီကို ပထဝီအတိုင်း အလုံးလိုက်သာ ပြောဆိုသောစကားသည် ပညာစကား မဖြစ်နိုင်၊ သညာစကား, ဝိညာဉ်စကားသာ ဖြစ်ရပေမည်။

အဘယ့်ကြောင့်ဆိုသော် ပထဝီကို ကျွန်ုပ်တို့ အဘယ်သို့ ခွဲစိတ်တွေ့မြင် အောင် ရှာကြမည်နည်း။ ဟဒယဝတ္ထုကိုပင် ပညာရှင်များ ခေါင်းကိုက်နေကြ ရသည် မဟုတ်ပါလော။ ပရမတ်တရားသည် ခက်ခဲသည်ဆိုသော်လည်း သညာ ဖြင့်ပြောလျှင် အလွယ်တကူပင် ဖြစ်လွန်းနေပါသည်။ အဘိဓမ္မာခုနစ်ကျမ်းသည်

သညာစကား၌ တိမ်နေပါသည်။

ဘယ်အာရုံနှင့် ဘယ်ဝတ္ထု ထိခိုက်မည်ဆိုလျှင် ဘယ်ဓါတ်ကလေး ပွင့်လာသည်။ ဘယ်ဇောများ ဘယ်နှစ်ကြိမ်စောသည်၊ ဘယ်စိတ်များ ဆက်ကျသည်၊ ထို့နောင် ဘာဖြစ်မည်၊ အားလုံးလိုလို ပြောနိုင်ပါသည်။ ထိုသို့ အဖျားအဖျားသို့ တက်၍ ပြောနိုင်သော်လည်း လူ၌ အကယ်ဖြစ်ပျက်နေသော လောဘ၊ ဒေါသ-စသော အဖြစ်ကလေးတစ်ခု၏ အနက်အတ္ထကိုပင် အစစ်အမှန်ရအောင် မကောက်နိုင်ခဲ့ပေ။

အကယ် ကောက်နိုင်ခဲ့လျှင် ထိုတရားတို့မှ လွတ်ပေရာသည်။ ဤမျှ အကျိုး

နည်းစေသော တရားကို ဘယ်နည်းနှင့်မျှ သိလျက် လက်ခံမည်မဟုတ်ပေ။ ယင်းတို့၏သဘောကို မသိသောကြောင့်သာ ယင်းတို့ရှိမှ ကောင်းသလိုလိုဖြစ်ပြီး၊ ယင်းတို့ကို လက်ခံနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဆရာတော်၏ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရန် ညွှန်ကြားချက် စကားများသည်လည်း သညာစကား၊ ဝိညာဉ်စကားများသာ ဖြစ်နေပေသည်။

ယင်းစကားများ၏ အကြံဖြစ်သော၊ ခန္ဓာ-စသည် သင်ယူချက်များလည်း သညာစကားများပင် ဖြစ်သည်။ ပရမတ်တရားတို့၏ အဖြစ်ကိုယူဖို့၌ ဤသို့ ရှိသည်-ဟု ပေါ်လွင်စေသည် မဟုတ်ပေ။

ဤသို့ စိတ်ဆန်သော အဖွင့်များကြောင့် ဆရာတော်၏ ဒိဋ္ဌိဝိသုဒ္ဓိ အနက်သည်လည်း လူနှင့် ကင်းကွာသွားခဲ့ပါသည်။ ဆရာတော်သည် ဒိဋ္ဌိဝိသုဒ္ဓိ၏အနက်ကို ဤသို့ ဖော်နေပါသည်။ လူ၌ ငါ၊ သူတပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ-ဟူ၍ မရှိ၊ ရုပ်,နာမ်သာရှိသည်-ဟူ၍ ဖြစ်ပါသည်။

ဤအဓိပ္ပါယ်ဖော်ချက် မှန်ကန်ကြောင်းလည်း ဘုရားသျှင်နှင့် ရှေးပုဂ္ဂိုလ်များ၏ စကားများကိုလည်း ထောက်ကိုး ပြပါသေးသည်။ ယင်းတို့မှာ-

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဝဇီရာထေရီအား ဟောသော 'အစိတ်အပိုင်းများအပေါင်းကို ရထား ခေါ်ရသကဲ့သို့ ခန္ဓာငါးပါးရှိလျှင် သတ္တဝါဖြစ်သည်'-ဟူသော ဘုရား့စကားကို ကိုးပါသည်။

ဆရာတော်စကားနှင့် အကိုးစကားသည် တခြားစီပင် ဖြစ်သည်။ ဆရာ တော်စကားသည် ရုပ်နာမ်သာရှိသည် ပုဂ္ဂိုလ်,သတ္တဝါ-မရှိ-ဟု လောကဝေါဟာရ အမည်ပညတ်ကိုပယ်ခြင်း ဖြစ်ပြီး၊ ဘုရားသျှင်စကားတော်ကား ရုပ်နာမ်ခန္ဓာရှိ လျှင် သတ္တဝါ-ဟူသော အမည်ပညတ်ဖြစ်သည်-ဟု ဆိုခြင်း ဖြစ်ပါသည်။ ဤစကား နှစ်ရပ်သည် တခြားစီ ဖြစ်နေသည် မဟုတ်ပါလော။

ထို့ပြင် ဆရာတော်စကားနှင့် ဆရာတော်ကိုးသော ရှင်သာရိပုတြာစကား လည်း ထို့အတူပင် သီးခြားစီ ဖြစ်ပါသည်။ ဝဇီရာထေရီ ဟောကြားချက်ဖြစ်သော 'ဒုက္ခသာ ခံစားရသည်၊ ဒုက္ခသာ တည်နေသည်၊ ဒုက္ခသာလျှင် ပျောက်သည်၊ ဒုက္ခအပြင် ပျောက်စရာမရှိ'-ဟူသေ ဤစကားလည်း ဆရာတော်စကားနှင့် တခြားစီပင်။

ဤစကားသည် ဤစကားသည် ဘုရားရှင်တရားတော်ဖြစ်သော သစ္စာကို ပြဆိုချက် ဖြစ်သည်။ လူ-ချုပ်ပျောက်ရမည် မဟုတ်၊ ဒုက္ခသာ ချုပ်ပျောက်ရမည် ဟူသော သာကေသာ သက်သည်။

ဆရာတော်ဆက်လက်၍ ထောက်ကိုးသောအရာမှာ ဤသို့ဖြစ်သည်။

'(ဘုရားသျှင်၏)-

'အချို့လူများ ဘဝ၌ နစ်နေသည်၊

အချို့မှာ ဘဝကို ကျော်နေသည်။

ဘဝ၌ နစ်သူမှာ ကောင်းဆိုးနှစ်တန် အဖြစ်၌ နစ်နေခြင်းဖြစ်သည်၊ ဘဝကျော်သူမှာ သေပြီး၌ ဘာမျှမဖြစ်လိုသူ ဖြစ်သည်။ အမြင်ရှိသူတို့ကား

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဖြစ်သမျှကို ဖြစ်သမျှအတိုင်း သိအောင်နေ၍ ယင်းတို့၌ ငြိကပ်ခြင်းငြိမ်းအောင် နေပေသည်‘-ဟူသော

ဤဟောကြားချက်သည် သေပြီးနောက် ဖြစ်,မဖြစ်အမြင်များကို ပြ၍၊ ယင်းတို့ကို ပယ်ပုံကိုလည်း ပြချက်ဖြစ်သည်။ ဘဝ၌ နစ်သည်မှာ ‘သဿတမိစ္ဆာဒိဋ္ဌိ’-ဖြစ်၍၊ ဘဝကို လွန်သည်မှာ ‘ဉစ္ဆေဒမိစ္ဆာဒိဋ္ဌိ’-ဖြစ်သည်။ ယင်းကို ပယ်ရမည်-ဟု ပြသည်။

ယင်းတို့ကို ပယ်ရာ၌လည်း ယန္တရားရုပ်များ၊ အကျိုးနှင့်အကန်းပေါင်း၍ လမ်းသွားခြင်းများ ဥပမာအတိုင်း နာမ်နှင့် ရုပ် နှစ်ခုပေါင်း၍ သတ္တဝါယောင်ဆောင်သော အရာဟူ၍ သိမှသာ နစ်ခြင်း၊ လွန်ခြင်းမှ လွတ်ပေမည်။

ထို့ကြောင့် ပုဂ္ဂိုလ်,သတ္တဝါကို ဖျောက်၍ နာမ်,ရုပ်-ဟု မြင်သော အမြင်သည် ‘ဒိဋ္ဌိဝိသုဒ္ဓိ’-ဖြစ်သည်’ ဤသို့ ပြဆိုပေသည်။ ဆရာတော်သည် ဤညွှန်ကြားချက်များဖြင့် သတ္တဝါ-ဟူသော အမှတ်သညာကို ကျော်လွန်သွားစေလိုပါသည်။

ဤအရာသည် ဆရာတော်၏ အမှား-ဖြစ်သည်။ သတ္တဝါ-ဟူသောအရာသည် ပညတ္တိစကား ဖြစ်သည်။ ပညတ်သည် ဖျက်ဆီးကောင်းသည် မဟုတ်ပေ။ တထဓါတ်ဝင်သော၊ အမတဓါတ်ဝင်သော အရာပင် ဖြစ်သည်။ သမုတိသစ္စာ-ဟု ဆိုလိုပါသည်။

ဘုရားသျှင်သည် ဤဝိသုဒ္ဓိဖြင့် သတ္တဝါကို သရုပ်ကွဲစေလိုခြင်းသာ ရှိပေသည်။ သတ္တဝါကို ငြင်းဆိုလိုခြင်း မရှိပေ။ သတ္တဝါကို ငြင်းဆိုလျှင် တထဓါတ်ကို တိုက်ခိုက်ခြင်း၊ အမတဓါတ်ဝင်သော အရာကို တိုက်ခြင်း၊ သစ္စာကို အံတုခြင်းများ ဖြစ်သောကြောင့် ကျောက်တောင်ကို ဦးခေါင်းဖြင့် ဆောင့်သူကဲ့သို့သာ ဖြစ်ပေမည်)။

ဤသို့ဖြစ်သောကြောင့် ဤဝိသုဒ္ဓိဖြင့် ပုဂ္ဂိုလ်,သတ္တဝါကို မငြင်းဆိုရ၊ ဤသို့ မငြင်းဆိုရမည်ကို ငြင်းဆိုခြင်းသည် ဆရာတော်၏ ဤဝိသုဒ္ဓိပွားပုံ သညာစကား၊

စိတ်ဆန်သော စကားများကြောင့် ဖြစ်သည်။ အကယ်၍သာ ဤဝိသုဒ္ဓိအမြင်ပြ စကားများသည် ပညာစကားဖြစ်ခဲ့လျှင် ဤဝိသုဒ္ဓိဖြင့် သတ္တဝါ ကိုငြင်းရန် အကြောင်းရှိမည် မဟုတ်ပေ။

ဤဝိသုဒ္ဓိသည် အိမ်ကို ဝါး,သစ်သားများဖြင့် ပြုလုပ်ထားသောအရာဟု သိမြင်,သရုပ်ကွဲသကဲ့သို့ ကွဲစေခြင်းသာ ဖြစ်သည်။ အိမ်ကို ဝါး,သစ်သားများဖြင့် ပြုလုပ်ထားသောအရာဟု သိသဖြင့် အိမ်မဟုတ်-ဟုငြင်းရန် အကြောင်းမရှိသည် မဟုတ်ပါလော။

ဤမျှဖြင့် ဘဝအမြင်စင်ကြယ်ခြင်းပြစကားများကို သုံးသပ်ချက် အပြီး သတ်ပါမည်။

# အခန်း(၁၇)

# ဘဝအတွေးအခေါ်စင်ကြယ်ခြင်း အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၁၇)
## ဘဝအတွေးအခေါ် စင်ကြယ်ခြင်း အကျယ်ဖွင့် သုံးသပ်ချက်

၅၉။ ဆရာတော်၏ ရုပ်နာမ်သိမ်းဆည်းပုံ ကာလ၊ဌာန၊ပယောဂခြားနေ

ဆက်လက်၍ ဘဝအတွေးအခေါ် စင်ကြယ်ခြင်းပြ စကားများကို ဆက်လက် သုံးသပ်မည် ဖြစ်ပါသည်။ ဤတင်ပြချက်ကို ဝိသုဒ္ဓိမဂ်၌ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို အကျယ်တင်ပြချက်ဟု မိန့်ဆိုပေသည်။ ဤအကျယ်တင်ပြချက်သည် ဝိသုဒ္ဓိမဂ်၌ ဆယ့်ကိုးခုမြောက် အကျယ်တင်ပြချက် ဖြစ်သည်။

ဤတင်ပြချက်သည် ဘဝ၏အကြောင်းနှင့် ဘဝ၏အကျိုး ဤအရာများ ကိုပြဆိုမည့် တင်ပြချက် ဖြစ်သည်။ ထို့ကြောင့် ဤတင်ပြချက်၌ 'ဘဝ'ဟု ဆိုအပ်သော ရုပ်,နာမ်တို့၏အကြောင်းများကို ယူငင်(သိမ်းဆည်း)ပြမည် ဖြစ်သည်။

ဆရာတော်သည် ဤအခန်း၌ ရုပ်,နာမ်တို့၏အကြောင်းကို နည်းငါးပါးတို့ဖြင့် ယူငင်(သိမ်းဆည်း)ပြပေသည်။ ပဌမနည်းသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

အမိဝမ်းတွင်း၌ ဖြစ်ပေါ်သော ရုပ်သည် အကြောင်းရင်း,အကြောင်းဖျား အားဖြင့် နှစ်ပါးရှိသည်။ မသိခြင်း၊ ငြိကပ်ခြင်း၊ စွဲလန်းခြင်း၊ ပြုလုပ်ခြင်း-ဟူသော အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ-ဤလေးပါးသည် ဤရုပ်များဖြစ်ခြင်း၏ ဖြစ်ကြောင်း (အကြောင်းရင်း) ဖြစ်သည်။ အစာအာဟာရကား ဤရုပ်များ ဖြစ်ခြင်း၏ အထောက်အပံ့အကြောင်း ဖြစ်သည်။ အထောက်အပံ့အကြောင်းသည် အကြောင်းဖျား ဖြစ်သည်။ ဤသို့ ရုပ်ကို ဆင်ခြင်ပြီးလျှင် မျက်စိ,အဆင်းနှစ်ခု ပေါင်းဆုံခြင်းကြောင့် မြင်စိတ်ဖြစ်သည်-စသည်ဖြင့် နာမ်တရားစု၏ အကြောင်းကိုလည်း ယူငင်ရမည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤသို့ရှုမြင်သူသည် ဤဘဝ ဤရုပ်,နာမ်များသည် ဤသို့သော အကြောင်း

များကြောင့် ဖြစ်ပေါ်သကဲ့သို့ အတိတ်ရုပ်,နာမ်များလည်း ဤအတူပင် အကြောင်းကြောင့်ပင် ဖြစ်ပေါ်မည် ဖြစ်သည်။ ဤသို့ အမြင်ရပေသည်။ ထို့ကြောင့် ဤသို့ ရှုသူသည် ယုံမှားခြင်း ဝိစိကိစ္ဆာ တစ်ဆယ့်ခြောက်ပါးကို ပယ်နိုင်ပေသည်။

ရုပ်,နာမ်တို့၏ အကြောင်း ယှဉ်ပုံကို ဤသို့ပင် ဆရာတော် ပြပေသည်။

ဆရာတော်၏ ရုပ်,နာမ်များ အကြောင်းကို ယှဉ်ပုံပြ စကားများသည် များစွာ ပြီးလွယ်,စီးလွယ် နိုင်လှပေသည်။ ပညာစကားမှ ကင်းလွန်းသော စကားများ ဖြစ်လှပေသည်။ သညာပေးချက် ဖြစ်လွန်းလှပေသည်။

ဆရာတော်သည် ဤရူပကာယကြီး ဘယ်ကရသနည်း ဟူသော အမေး၏ အဖြေကို အကြောင်းရင်း,ဖျားအားဖြင့် ပေါင်း-ငါးပါးကြောင့်ရသည်ဟု ဖြေနေသည်။ ဤအတွင်းမှ အကြောင်းရင်းလေးပါးသည် ရုပ်ကိုဖြစ်စေသည်ဟု ရှုကြည့်သူ့အသိ၌ ဘယ်သို့ ထင်လှာမည်နည်း။

ဤသို့ဖြစ်သည်၊ ဤအကြောင်းလေးပါးကြောင့် ဖြစ်သည်၊ ဤသို့ အထပ်ထပ်ရှုနေကာမျှဖြင့် ထင်လာမည်လော။ ဆရာတော့်အဆိုအရ ဤအကြောင်းများသည် ဤရူပကာယအဖြစ် တည်မှီမှ အရာများဖြစ်သည်၊ ဤအရာများကို ဘယ်သို့လာသိမည်နည်း။

ဤအရာများကြောင့် အကယ်ဖြစ်ခဲ့သည်ဆိုလျှင်၊ ဤအရာများကြောင့် ဖြစ်သော ဤရူပကာယ၌ ထိုအကြောင်းများသည် ဘယ်နည်းဘယ်ပုံအားဖြင့် အသွင်ပြောင်းအဖြစ်များ ထင်ရှိနေသည်၊ ဤသို့ပြနိုင်ရမည် မလွဲမသွေ ဖြစ်သည်။ ဤအကြောင်းလေးပါးကြောင့် ဤရူပကာယများ ဖြစ်သည်ဆိုလျှင် ဤသို့သော နည်းဖြင့်သာ ဤအကြောင်းများကို မြင်ခွင့်ရှိသောကြောင့် ဤနည်းကိုသာ အနုစိတ်၍ ညွှန်ပြသင့်ပေသည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဤနည်းကို ညွှန်ပြခြင်းသည်သာ ဤအကြောင်းကို ဖော်ထုတ်မှုကို ညွှန်ပြရာ၌ ပညာစကား ဖြစ်နိုင်ပေသည်။ ဆရာတော်သည် ဤသို့လည်းပြခဲ့ခြင်း မရှိပေ။ ဆရာတော်ပြဆိုသောစကားသည် လုံးဝပင် သညာစကား ဖြစ်နေပါသည်။

ဤ ရုပ်,နာမ်များသည် အဝိဇ္ဇာ,တဏှာ, ဥပါဒါန်,ကံ-ကြောင့်ဖြစ်သည်၊ ဤသို့အားဖြင့် ဘယ်လောက်ပင် ရှုပွားနေသည်ဖြစ်စေ ဤ-စိတ်ဆန်သောရှုပွားချက်ဖြင့် ရုပ်,နာမ်၏ အကြောင်းဖြစ်သော အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံများကို တွေ့မြင်လာလိမ့်မည် မဟုတ်ပေ။ ရုပ်,နာမ်များသည် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံကြောင့် ဖြစ်သည်-ဟု သညာစွဲ, ဝိညာဉ်စွဲဖြစ်ပြီး စိတ္တဇသာ ဆန်လာဖို့ ရှိပါသည်။

ပညာသည် ဤသို့ အလုံးလိုက်သိခြင်း၏အမည် မဟုတ်ပေ။ အဝိဇ္ဇာ, တဏှာ,ဥပါဒါန်,ကံကြောင့် ဤရူပကာယဖြစ်သည် ဆိုလျှင် အဘယ်သို့ဖြစ်သည်-ဟု အဝိဇ္ဇာမှ ဤရူပကာယ၊ တဏှာမှ ဤရူပကာယ၊ ဥပါဒါန်မှ ဤရူပကာယ၊ ကံမှ ဤရူပကာယ- ဤသို့ အပြုနှင့်အဖြစ်အတွင်း၌ ကွင်းဆက်များကို တစ်ကွက်မလပ် ထိုးဖောက်သိခြင်း၏ အမည်သာ ဖြစ်ပေသည်။

ဤနေရာ၌ ပြောဖွယ်တော့ ရှိပါသည်။ ယင်းမှာ ပညာ၏ ဘုံ,အာရုံများကို (ပြဆိုခဲ့စဉ်က အပြုနှင့်အဖြစ်တို့ အကြား၌ ကွင်းဆက်ကို တစ်ကွက်မလပ် ပြခဲ့ပြီ-ဟူ၍ ဖြစ်သည်။ ဤသို့ ပြောနိုင်သော်လည်း ဤအပြောသည် မှန်ကန်သောအပြော မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ပညာ၏ ဘုံ,အာရုံကို) သင်ကြားမေးမြန်းချက်များ အကျယ်တင်ပြချက် အတွင်းများ၌လည်း ဒေသနာစဉ်ထက်ကျော်လွန်၍ သို့မဟုတ် ဒေသနာစင်ထက် ပွင့်ပေါ်သော ဤအကြောင်းကိုပြ၍ ဆိုခဲ့ခြင်း မရှိခြင်းကြောင့် ဖြစ်သည်။

ဟုတ်ပါသည်။ ဒေသနာ၌လည်း အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံများကြောင့် ဝိညာဏ်,နာမ်-ရုပ်စသော အကျိုးများဖြစ်နိုင်သည်ဟု ဆိုသော်လည်း ဆရာတော်ဆိုသကဲ့သို့ ဤရူပကာယ၏ အကြောင်းသည် အဝိဇ္ဇာစသည် ဖြစ်သည်၊ ဤ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အဝိဇ္ဇာ-စသည်သည် ဘယ်အတိတ်မှဟု မသိနိုင်သောအရာ ဖြစ်သည်၊ ဤအဝိဇ္ဇာ -စသည်ကြောင့် ဤရူပကာယ ဖြစ်သည်၊ ဤသို့ မလာပေ။

ဒေသနာ၌ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အကြောင်းနှင့်အကျိုးသည် ကာလအားဖြင့်လည်းကောင်း, ဌာနအားဖြင့်လည်းကောင်း၊ အကြားပြု၍ ဖြစ်ခြင်းကို ညွှန်းဆိုခြင်း အလျဉ်းပင် မရှိခဲ့ပေ။ ဆရာတော်သည်သာ အဝိဇ္ဇာစသော အကြောင်းနှင့် ဤရူပကာယ-စသော အကျိုးများသည် ကာလအားဖြင့်လည်းကောင်း၊ ဌာနအားဖြင့်လည်းကောင်း ခြားချင်သလောက် ခြားနိုင်အောင် ပြဆိုနေခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဤသို့ ကာလ,ဌာနခြားသော အဝိဇ္ဇာစသောအကြောင်းနှင့် ဤရူပကာယ-စသောအကျိုးများ ကွင်းဆက်ကို ဒေသနာ၌ပြဆိုခြင်း အလျဉ်း မရှိခြင်း ဖြစ်ပေသည်။ ဆရာတော်သည် ဤကွင်းဆက်ကို ဘယ်မှာမှ ပြဆိုခဲ့သေးခြင်း မရှိပေ။ ဤ၌လည်း ပြဆိုခြင်းမရှိဖြစ်နေသည်။

ထို့ကြောင့် ဆရာတော်၏ ဤစကားသည် အလွန်တုံးလွန်းသော စကားဖြစ်နေပေသည်။ ဤစကားကို ပညာစကားအဖြစ် ရှုကြည့်စေသည်မှာ ရှုကြည့်သူတို့အားလည်း တုံးစေသောစကား ဖြစ်နေပေသည်။ ဤမျှတုံးသောစကားအတွင်းမှ အဘယ်သို့သော ပညာနိမိတ်ပုံများ ပေါ်ထွက်လာနိုင်မည်နည်း။

ဆရာတော်၏ အကြောင်းယူငင်ပုံ ပြဆိုချက်စကားသည် ဘယ်နည်းနှင့်မျှ ယူငင်လို့မရသော အကြောင်းများကို ပြဆိုချက် ဖြစ်နေသောကြောင့်၊ ဤသို့ ယူငင်နိုင်ခြင်းကြောင့် ရရှိမည်ဖြစ်သော ဝိစိကိစ္ဆာတရား ယုံမှားခြင်းတစ်ဆယ့်ခြောက်ပါးလည်း ဘယ်တော့မျှ မကင်းနိုင်ဘဲ ရှိရပေမည်။

ဆရာတော် သင်ပြသည့်အတိုင်း အကြောင်းယူငင်ဖို့ ကြိုးစားဖန်များလျှင် ဤရူပကာယသည် အဝိဇ္ဇာလက်သည်ကြောင့် ဖြစ်သည်ဟု ထင်၍ကားလာကောင်း လာနိုင်ပေသည်။ ဤသို့ထင်လာလျှင် ဝိစိကိစ္ဆာဆယ့်ခြောက်ချက်

ငြိမ်းပေမည်။ သို့သော်လည်း ထင်လာချက်သည် ကိုယ်တိုင် ထင်မြင်လာချက် မဟုတ်ဘဲ သညာကပ်ချက်သာ ဖြစ်သောကြောင့် အလှည့်အပြောင်း မရှိ။ တစ်နည်းနည်းသို့ လှည့်ပြောင်းဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် ဝိစိကိစ္ဆာများကို လွန်ခြင်းသည်လည်း ခဏတဖြုတ်မျှ ကွာခြင်းဖြစ်၍ လွန်ခြင်းမည်သည်ပင် မဟုတ်တော့ပေ။ ထို့ကြောင့် ဘာမျှ အကျိုးမများသော ရှုဆင်ခြင်မှုသာ ဖြစ်ပေသည်။

ဆရာတော်သည် ဤရူပကာယ၏ အကြောင်းကို ရှာရာ၌ လွန်၍ရှာပေသည်။ ဆရာတော်၏ ဆရာသခင်ဖြစ်သော ဘုရားသျှင်ကား ဆရာတော်ကဲ့သို့ ရှာခြင်း မရှိပေ။ ဘုရားသျှင်သည် သူ့လက်ထက်တော်က ဤရူပကာယအကြောင်း မေးလာ၍ ဤရူပကာယအကြောင်းကို ဖြေကြားရဘူးပေသည်။

အမေးမှာ-

'ရူပံ နိဗ္ဗိဝတ္တိ ဝဒန္တိ ဗုဒ္ဓာ'-စသည်ဖြင့် ဖြစ်သည်။

အဖြေမှာ-

'ပဌမံ ကလလံဟောတိ၊ ကလလံဟောတိ အဗ္ဗုဒံ'-စသည်ဖြင့် ဖြစ်သည်။

ဤအကြောင်းကို မိလိန္ဒပဉှာဝတ္ထုသုံးသပ်ချက်၌ အကျယ်တဝံ့ပြခဲ့ပြီး ဖြစ်ပါသည်။

ဘုရားသျှင်သည် ဤရူပကာယ၏အကြောင်းကို ဆရာတော်ကဲ့သို့ အတိတ်
မှ အဝိဇ္ဇာ-စသည်ဖြင့် ပြဆိုခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ဆရာတော်ပြဆိုသော ဤရူပ
ကာယ၏ ပြဆိုချက်သည် ဘုရားသျှင်နှင့် မဆိုင်သော ပြဆိုချက်သာ ဖြစ်ပေသည်။

## ၆၀။ ဘဝ၏အနက်အတ္ထ အမှန်မသိ၍ လူ၏မွေးသေကို ဘဝ-ယူနေကြ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆရာတော်သည် ပဋိစ္စသမုပ္ပါဒ်၌ လာသော ဘဝ၏ အနက်အဓိပ္ပာယ်ကို မှန်ကန်စွာသိမြင်ခြင်းမရှိ ဖြစ်ခဲ့သည်။ ဘဝ၏ အနက်အဓိပ္ပာယ်သည် 'မွေးမှ-သေဖြစ်သည်'-ဟု အထင်ထားခဲ့သည်။

ထို့ကြောင့် ဆရာတော်၏ လူ့အပေါ်အမြင်၌ လူသည် ပဋိစ္စသမုပ္ပါဒ်၏ ဘီးသွားစိပ်များဟု အထင်ရှိနေခဲ့သည်။ ဤသို့မဟုတ်ဘဲ လူသာရှိပြီးလျှင် ပဋိစ္စသမုပ္ပါဒ် မလည်ခြင်းများကို ဆရာတော် နှလုံးမူနိုင်ခဲ့ခြင်း မရှိ ဖြစ်ခဲ့ပေသည်။

pifpfuè ပဋိစ္စသမုပ္ပါဒ်သည် လူမဟုတ်ပေ၊

ပဋိစ္စသမုပ္ပါဒ်သည် လူ၏ ဆင်းရဲယန္တရားသာ ဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ် မနားမရပ် လည်ပတ်ခြင်းကြောင့် လူဖြစ်သည် မဟုတ်။

လူဖြစ်နေခြင်းသာ ပဋိစ္စသမုပ္ပါဒ်စက် လည်ခြင်း ဖြစ်သည်။

ဤသို့ ပဋိစ္စသမုပ္ပါဒ်စက် မနားမရပ် လည်ပတ်ခြင်းကြောင့် ဒုက္ခသာ ဖြစ်ပေသည်။ လူသည် ဒုက္ခဖြစ်လိုက ဖြစ်သော်လည်း ဒုက္ခသည်ကား လူ မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခငြိမ်းပြီးသော လူများကို တွေ့နိုင်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၌လာသော ဘဝ၏ အနက်အဓိပ္ပာယ်သည် လူ၏ မွေးမှသေအတွင်း ဖြစ်ရပ်တစ်ခုလုံး မဖြစ်နိုင်ပေ။ ဤအရာကို ဆရာတော် မမြင်သောကြောင့် လူနှင့် ပဋိစ္စသမုပ္ပါဒ်ကို ရောထွေး၍ မြင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် လူ၏အစိတ်အပိုင်းဖြစ်သော ဤရူပကာယ၏ အကြောင်းရင်းကို ပဋိစ္စသမုပ္ပါဒ် ဆန်ဆန် အဝိဇ္ဇာစသည်များ ဖြစ်သည်ဟု ရမ်းတုတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဆရာတော်၏ အကြောင်းယူငင်ချက်သည် ဘုရားသျှင်၏ယူငင်ချက်နှင့် တောင်နှင့်မြောက် ဖြစ်ရခြင်း ဖြစ်သည်။ ထို့ကြောင့် အကယ် သိမ်းဆည်း၍ မရခြင်း ဖြစ်သည်။

ဤသုံးသပ်ခဲ့ချက်သည် ရုပ်,နာမ်အကြောင်းယူငင်ပုံကို ပဌမပြဆိုချက်

---

သာ ဖြစ်ပေသည်။ နောက်ထပ်လည်း လေးကြိမ်တိုင်တိုင် ပြပေသေးသည်။

ဒုတိယပြချက်၌- အာရုံနှင့်ဒွါရကြောင့် ဝိညာဏ် ဖြစ်သည်။ ကံ,စိတ်, ဥတု,အာဟာရကြောင့် ရုပ်ဖြစ်သည် ဤသို့ ယူငင်ရန် ပြဆိုပေသည်။ ဤပြဆိုချက်သည် ပဌမပြဆိုချက်ထက်ပင် အဆင့်အတန်း နိမ့်ကျခဲ့ပေသည်။

တတိယနှင့်စတုတ္ထ သိမ်းဆည်းယူငင်ပုံပြ စကားများကား ပဋိစ္စသမုပ္ပါဒ် အလိုက်နှင့် အပြန်များအားဖြင့် ယူပုံများဖြစ်သည်။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်၊ အဝိဇ္ဇာမပါလျှင် သင်္ခါရ မဖြစ်။ ထို့ကြောင့် သင်္ခါရ၏အကြောင်းသည် အဝိဇ္ဇာဖြစ်သည်၊ ဤသို့သောနည်းဖြစ်သည်။

ဒု,တ,စ- ဤသုံးနည်းဖြင့် အကြောင်း သိမ်းဆည်းပုံများသည်လည်း ဆရာတော်သည် အသိအမြင်မဲ့ ပြခဲ့ပေသည်။ အဘယ်သို့လျှင် အသိအမြင်မဲ့ ကြောင်း ထင်ရှားစေပါသနည်းဆိုလျှင်-

ရှေ့,နောက်ဘဝများ၏ အကြောင်းများကို ယူငင်ရာ၌ ဤဘဝ၌ ဤသို့ အကြောင်းများ ရှိသကဲ့သို့ ရှေ့,နောက်ဘဝများ၌လည်း ဤအတူ အကြောင်းများ ရှိသည်။ ဤအကြောင်းများကြောင့်ပင် ဤသို့သော ဘဝများ ဖြစ်ခဲ့ခြင်း၊ ဖြစ်မည် ဖြစ်ခြင်း ဟူ၍ ပြဆိုချက် ဖြစ်သည်။

ဤသိမ်းဆည်းနည်း သုံးနည်းသည် ရှေ့နောက်ဘဝများဖြင့် စပ်သွယ်၍ မရဘဲ ရှိပေသည်။ ဤသို့ စပ်သွယ်မရဘဲလျက် အဘယ်သို့လျှင် စပ်သွယ်သည် ဟု မပြဘဲ အလားတူဟူ၍ အလွတ်ပြနေသည်။ ထို့ကြောင့် ဆရာတော်၏ ဤအကြောင်းသိမ်းဆည်းပုံပြ နောက်ဆုံးနည်းသည် (ပညာမဲ့ပြဆိုချက်များပင် ဖြစ်လေသည်။

ဆရာတော်ပြဆိုသာ အကြောင်းသိမ်းဆည်းပုံပြ နောက်ဆုံးနည်းသည် ကံနှင့်)ဝိပါက်ဆက်ပုံ ဖြစ်သည်။ ရှေ့ဘဝက အတိတ်အကြောင်း ငါးပါးကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ပစ္စုပ္ပန်အကျိုးငါးပါး ဖြစ်နေရခြင်း ဖြစ်သည်။ ယခု အကျိုး

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ငါးပါးအပေါ်၌ အကြောင်းငါးပါး ထပ်ဖြစ်နေသည်။ ထို့ကြောင့် အနာဂတ်၌ အကျိုးငါးပါး ပေါ်ဦးမည် ဖြစ်သည်။ ဤသို့ ရှုကြည့်ခြင်း ဖြစ်သည်။

ယင်းကို အကျယ်ပြနိုင်ရန် ဆရာတော်သည် ကံများကို အကျယ်ဖွင့်ပြပေသည်။ ကံသည် အကျိုးပေးချိန်အားဖြင့် ဝေဖန်လျှင်-

မျက်မှောက် အကျိုးပေးကံ၊ အခြားမဲ့ အကျိုးပေးသောကံ၊ အဆက်ဆက် အကျိုးပေးသောကံ၊ အချည်းနှီးကံ-ဟူ၍ ဖြစ်ပေသည်။

ထို့ပြင် လေးသောကံ၊ အလေ့အကျက်များသောကံ၊ နီးစပ်သောကံ၊ ပြုဖူးကာမျှဖြစ်သောကံ၊ ဤသို့ အကျိုးပေးခြင်းပုံဟန်ဖြင့် ဝေဖန်၍လည်းကောင်း။

ထို့ပြင်လည်း ဝိပါက်,ကမ္မဇရုပ်ကိုဖြစ်စေသောကံ၊ အထောက်အပံ့ကံ၊ ကပ်၍ နှိမ်သောကံ၊ ကပ်၍ သတ်သောကံ၊ ဤသို့လည်း လေးမျိုး ပြပြန်ပေသေးသည်။

ဤသို့အားဖြင့်က ကံများကို တစ်ဆယ့်နှစ်ပါးတိုင်အောင် ပြခဲ့ပေသည်။ ဤဆယ့်နှစ်ပါး၌လည်း ဆရာတော်သည် မျက်စေ့လည်နေပေသည်။ မျက်စေ့လည်နေကြောင်း ဆရာတော်၏ နှုတ်နှင့်ရွတ်၍ပြောသောစကားနှင့်ပင် သိသာနိုင်ပါသည်။

ယင်းစကားမှာ-

'ဣမေသံ ဒွါဒသန္နံ ကမ္မာနံ ကမ္မန္တရစေဝ ဝိပါကမ္မန္တရဉ္စ
ဗုဒ္ဓါနံ ကမ္မဝိပါက ဉာဏဿေဝ ယာထာဝသရသတော ပါကဋံ
ဟောတိ အသာဓါရဏံ သာဝကေဟိ'- ဟူ၍ဖြစ်သည်။

ဆရာတော်သည် သူကိုယ်တိုင် မသိသည်များကို ပြောနေခြင်း ဖြစ်ပါသည်-ဟု ဝန်ခံလျက် ဖြစ်နေပါသည်။ အလယ်လမ်းအမြင်ရှိသူတို့ အမြင်၌ ဤဝန်ခံစကားကို မတွေ့ရသော်လည်း ဆရာတော်၏ ကံဆယ့်နှစ်ပါးပြဆိုပုံများ

မမှန်ကန် မှားယွင်းချက်များကို အထင်အလင်း တွေ့မြင်ခွင့်ရှိပေသည်။

ဆရာတော်သည် ကံ၏အကျိုးများကို လူကိုကျော်၍ ပြနေပေသည်။ ဥပပဇ္ဇဝေဒနီယကံကို (ဒုတိယဘဝ၌ အကျိုးပေးမည့်ကံ ဟူ၍လည်းကောင်း၊ အပရာပရိယာယဝေဒနီယကံကို) တတိယစသောဘဝများ၌ အကျိုးပေးမည့်ကံ-ဟူ၍လည်းကောင်း စသည်ဖြင့် ဖြစ်သည်။

ဒုတိယဘဝ စသည်သည် လူကိုကျော်ခြင်း ဖြစ်ပါသည်။ ဤအရာများကို လူသည် အဘယ်သို့ သိနိုင်မည်နည်း။ သိသည်ဆိုလျှင်လည်း ယင်းအသိသည် မှန်းဆသိ, မှတ်သားသိများဖြစ်သော ဝိညာဉ်သိ, သညာသိများသာ ဖြစ်ရမည် မဟုတ်ပါလော။ ထို့ကြောင့် ထို ကံထူး,ဝိပါက်ထူးများကို ဝိပဿနာသမားများ အနေနှင့် တစ်စိတ်တစ်ဒေသမျှသာ သိခွင့်ရှိသည်ဟု ဆရာတော် စကားခံရခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ဘဝအနက်ကောက်ပုံများအရ ဆိုလျှင် ဤကံထူး, ဝိပါက်ထူးများသည် အဘယ်သို့မျှ ပြည့်ဝအောင် မြင်ခွင့်ရနိုင်ခြင်း မရှိနိုင်သောကြောင့် ဖြစ်ပေသည်။

ဆရာတော်သည် ကမ္မဝဋ်နှင့် ဝိပါကဝဋ်များ မမြင့်တမြင် ဆက်သွယ်ပုံကို အရိပ်ပြလျက် ကမ္မဝဋ်ကြောင့် နာမ်,ရုပ်များဖြစ်ကြောင်း သိမ်းဆည်းရန် ညွှန်ကြားပေသည်။

ဤစကားများသည် ကံနှင့်ဝိပါက်များ ဘယ်နည်းဘယ်ပုံ ကွင်းဆက်လျက် ဆက်သွယ်ပုံကို သိမြင်စေနိုင်သည် မဟုတ်ပေ။ ဤမျှ အကြောင်းသိမ်းဆည်းပုံစကားကိုကား ကြက်တူရွေးကို သင်ကြားပေးထားလျှင်လည်း ဤအတူ သင်ကြားပို့ချပေးနိုင်မည် မလွဲ ဖြစ်သည်။

ဤစကားသည် ပညာစကား လုံးလုံးပင် မဟုတ်ပေ။ ကံကြောင့် ဝိပါက်

---

ဖြစ်သည်ဟု ပြောနိုင်ခြင်းမျှသာ ဖြစ်သည်။ ကံသည် အဘယ်နည်း၊ အဘယ်ပုံ ဝိပါက်ဖြစ်လာသည်ကို တစ်စွန်းတစ်စကလေးမျှ ပြနိုင်ခြင်းမရှိသော စကားသာ ဖြစ်ပေသေးသည်။ ထို့ကြောင့် ဤ-ကံနှင့်ဝိပါက်ဆက်ပုံပြ စကားသည် သညာ စကားမျှသာ ဖြစ်ပါသည်။

ဤစကားသည် ယုံမှားခြင်း တစ်ဆယ့်ခြောက်ပါးကို ပယ်နိုင်ရန် အကြောင်း မရှိပေ။ အကြောင်းဆိုသော်-

'ကံကြောင့် ဝိပါက်ဖြစ်သည်၊ ဝိပါက်သည် ကံလျှင် ဖြစ်ကြောင်းရှိသည်၊ ကံကြောင့် ဘဝသစ်ဖြစ်သည်။ ဤနည်းဖြင့် လောက အဆက်မပြတ်လည်သည်၊'

ဤသို့ သင်ကြားထား၍ သိနေသော်လည်း ဘယ်ပုံ-ကံကြောင့် ဝိပါက် ဖြစ်သည်ကို မသိ။ ကံကြောင့် ဘဝဖြစ်သည့်ပုံကို မသိ။ ထို့ကြောင့် ဖြစ်သည်။

ဤသို့မသိဘဲလျက် ကံနှင့်ဝိပါက်ဆက်ပုံကို သညာဖြင့် ရှုကြည့်ပွားများ ဖန်များလျှင် စိတ်ဆန်လာပြီး အောက်ပါစိတ္တဇများ ဖြစ်လာခံရပေမည်။

'ကံလုပ်သူဟူ၍ မရှိ၊ ဝိပါက်ခံစားသူဟူ၍လည်းမရှိ'-စသောအမြင်များ ဖြစ်သည်။ ဤအမြင်များသည် သမုတိသစ္စာကို ရိုက်ချိုးသောအမြင် ဖြစ်ပါသည်။ ဤစကားသည် အကောင်းစကား မဖြစ်နိုင်ပါ။ (အရူးစကားသာ ဖြစ်ပါသည်)။

သဒ္ဒါစည်းကမ်းဖြင့် ဤစကားများကို ဆန်းစစ်စေချင်ပါသည်။

'ကံကိုလုပ်သူ မရှိ၊ ကံမှုကား ရှိသည်။'

ဤစကား၌ ကြိယာသာရှိပြီးလျှင် ကြိယာ၏ကတ္တားမူကား မရှိ ဖြစ်နေ သည်။ ကြိယာသည် ကတ္တားနှင့်ကင်း၍ ရကောင်းသော အရာလော။

ကတ္တားမဲ့ကြိယာသည် စကားမည်သောအရာ မဟုတ်။ ယင်းသို့ စကား မဟုတ်သော စကားကို စကားလုပ်ပြောဆိုခြင်းသည် အကောင်းမဖြစ်နိုင်ပေ။ (အရူးသာ ဖြစ်ရပေမည်)။ ထို့ကြောင့် ထိုစကားသည် 'စိတ္တဇစကား'သာ ဖြစ်ပါ သည်။ (အရူးစကား သို့မဟုတ်) စိတ္တဇစကားသာ ဖြစ်ရပေမည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဆရာတော်သည် ဤအခန်း၌ ကံနှင့်ဝိပါက်ဆက်ပုံ သို့မဟုတ် ဘဝနှစ်ရပ် စပ်ပုံကို ကြိုးစား၍ တင်ပြပေသည်။ မိလိန္ဒပဉှာဝတ္ထု၌ လာသော ပညာသင်ခြင်း ဥပမာ၊ မီး-ဥပမာ၊ မှန်-ဥပမာများနှင့် တမန်သောက်သော ရေမန်း-ဥပမာများဖြင့် ပြပေသည်။ ထို့ပြင် စိတ်အစဉ် ဥပမာ၊ ဤဥပမာဖြင့်လည်း ဘဝနှစ်ရပ်စပ်ပုံကို ပြပေသည်။ ဤအကြောင်းများသည် မိလိန္ဒပဉှာ၌ ကျွန်ုပ်တို့ သုံးသပ်ပြီးဖြစ်၍ အကျယ် မသုံးသပ်ပါပြီ။

ဆရာတော်ပြသော ဥပမာများသည် (ဥပမာမြောက်သော ဥပမာများ မဟုတ်ကြပါ။ အဘယ့်ကြောင့်ဆိုသော် ထိုဥပမာများသည်)ကူးစက်ပုံ၌ ရုပ်ဆက် ရှိကြသော်လည်း ဥပမေယျ၌ ဤသို့ ရုပ်ဆက်မရှိသောကြောင့် ဖြစ်သည်။

ဤဥပမာများအရ သိရသည်မှာ ရှေ့နောက်ဘဝနှစ်ခုတို့သည် အကြောင်း မကင်းကြသော်လည်း နောက်ဘဝဖြစ်ရာ၌ ရှေ့ဘဝမှ တစုံတရာ ပြောင်းရွှေ့ရောက်
လာခြင်း ရှိသည် မဟုတ်-ဟူ၍ ဖြစ်သည်။ ဤအသိသည် အဘယ်သို့ သိသင့် သော အသိနည်း။

ရှေ့နောက်ဘဝနှစ်ခုတို့ကား ကာလအားဖြင့်လည်းကောင်း၊ ဌာနအား ဖြင့်လည်းကောင်း အကြားအလပ် ရှိကြပေသည်။ ရှေ့ဘဝဖြစ်သော ကံသည် တစ်ချိန် ဖြစ်သည်၊ နောက်ဘဝဝိပါက်သည် တစ်ချိန် ဖြစ်သည်၊ ကံနှင့် ဝိပါက် သည် အချိန်အားဖြင့် နာရီ၊နေ့၊ရက်သာမက နှစ်,လ,ကမ္ဘာပင် ခြားနိုင်ပေသည်။ အလယ်ဇောငါးချက်ကံဖြင့် အကျိုးကိုဖြစ်စေရာ၌ ဘယ်မျှ အချိန်ခြားသည်ဖြစ် စေ ပေးနိုင်သည်ဟု ဆိုခဲ့သည်-မဟုတ်လော။ ထို့ကြောင့် ရှေ့နောက်ကံနှင့် ဝိပါက်သည် အချိန်အားဖြင့် ခြားမှုခြား ဖြစ်သည်။

ဌာနအားဖြင့်လည်း ကံသည်တစ်ဌာနဖြစ်၍ ဝိပါက်သည် တစ်ဌာနပင်

ဖြစ်ပေသည်။ ရှေ့နောက်ဘဝနှစ်ခုသည် ဤသို့ပင် ပေါ်လွင်လှစွာ နေရာ အခြား ရှိနေပေသည်။ ထို့ပြင် အသွင်လည်း ခြားပေသည်။

ရှေ့ဘဝသည် အသွင်အားဖြင့် (ကံ-ဖြစ်၍၊ နောက်ဘဝသည် အသွင် အားဖြင့်) ဝိပါက်ဖြစ်သည်၊ ဤသို့ ပယောဂအားဖြင့်လည်း ခြားပေသည်။

ဤသို့ အချိန်ကာလ၊ နေရာဌာန၊ အသွင်အပြင် ပြုပြင်မှုပယောဂ-အစစ ခြားနားလှသော (ရှေ့ဘဝနှင့်နောက်ဘဝတို့သည် တစ်ခုနှင့်တစ်ခု အကြောင်း မကင်းဟု ဆိုသော်လည်း) ရှေ့ဘဝမှ(ကံသည်) နောက်ဘဝသို့ ရွှေ့မလာ၊ နောက်ဘဝ(ဝိပါက်)လည်း ရှေ့ဘဝသို့ ဝင်မသွားခဲ့ဆိုလျှင် အဘယ်သို့ ဆက်စပ် သည်ဟု ဆိုရမည်နည်း။ အကြားကွက်လပ် မထင်အောင် တတ်နိုင်ဖွယ် မရှိပေ။

ဥပမာများ၌ ဤဥပမေယျပုံစံနှင့် တူ၍ရနိုင်သောဥပမာ တစ်ခုမျှမပါပေ။ လောက၌ ဖြစ်ပျက်သမျှ ကြောင်းကျိုးများသည် ကာလ၊ ဌာန အကြားအလပ် ရှိမည်ဆိုလျှင် အကြောင်းသည် အကျိုးဆီသို့ ရွှေ့လျော ကူးပြောင်းရသည်ချည်း ဖြစ်သည်။ အကျိုးဖြစ်မည့်နေရာ၌ အကြောင်းအတွက် လက်ခံရှိခြင်းနှင့်၊ မရှိဘဲ အကြောင်းကိုယ်တိုင် အကျိုးဖြစ်ပွားရန် လှည့်ပြောင်းသွားခြင်း၊ ဤမျှသာ ထူးခြားပေသည်။

တပည့်အား ပညာသင်ပေးခြင်းဥပမာ၌ ဆရာ့ထံမှ အသံများသည် တပည့်ထံသို့ သွား၍ အသံလက်ခံပစ္စည်းသို့ ထိစပ်ရသည်။ တမန်အားတိုက် သောရေမန်းသည် ဓါတ်အလျှင်များ ကူးသွားရသည်။ မှန်၌ မျက်နှာရိပ်များ သွားရောက်ထင်ရသည်။ မီး၌ မီးတိုင်များ နမ်းထိရသည်။ စိတ်အစဉ်၌ ရုပ်ဆက်များ ရနေသည်။

၆၁။ ကံနှင့်ဝိပါက်သည် အချိန်၊ဒေသ၊ပယောဂမခြားဘဲ တဆက်တည်းဖြစ်

ပဋိစ္စသမုပ္ပါဒ်၌ ဝဋ်များ လည်ပုံသည် ဆရာတော် ယူသကဲ့သို့ ဝဋ်တစ်ခု

နှင့်တစ်ခုတို့ ကာလ, ဌာန အကြားအလပ် ရှိကြသည် မဟုတ်ပေ။

ကမ္မဝဋ်သည်ပင် ရင့်သွားသောကြောင့် ဝိပါကဝဋ် ဖြစ်လာခြင်း ဖြစ်သည်။

ကိလေသဝဋ်သည်ပင် ရင့်လာသောကြောင့် ကမ္မဝဋ် ဖြစ်လာသည်။

ဝိပါကဝဋ်၌ အမြင်မှား၍ နှလုံးသွင်းချော်ခြင်းသည်ပင် ကိလေသဝဋ် ဖြစ်သည်။

ဥပမာအားဖြင့်-

အဖူးသည်ပင် ရင့်သောကြောင့် အပွင့်ဖြစ်လာသည်။ အပွင့်သည်ပင် ရင့်သောကြောင့် အသီးဖြစ်လာသည်ဟူသကဲ့သို့ ဖြစ်ပါသည်။

ကံနှင့်ဝိပါက်သည် ဤသို့ပင် တစ်ခုတည်းအဖြစ်ဟူသော 'ဧကတ္တ'-သဘော ဖြစ်ပါသည်။ အနုအရင့်အားဖြင့် နှစ်ထွေပြားသောကြောင့် 'နာနတ္တ' လည်း ဖြစ်ပါသည်ဟု ဆိုရပါသည်။

ဆရာတော်၏ ကံနှင့်ဝိပါက် ဆက်၍မဖြစ်နိုင်ဘဲ ပြတ်တောက်နေပါသည်။ ဧကတ္တမဖြစ်နိုင်ဘဲ ရှိသည်ဟု ဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်းနှင့်အကျိုးသည် ကာလ,ဌာန,ပယောဂများ အခြားကြီး ခြားနေသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဤဘဝဝိပါက် ရုပ်နာမ်တို့၏အကြောင်းသည် ရှေးဘဝကံ-ဟုယူနိုင်သော အခွင့်အလမ်း မပေါ်ပေါက် မထွက်လာဘဲ ရှိနေပါသည်။ စိတ်ဆန်ဆန်ဆက်လျှင်ကား ဖြစ်ပါသည်။ ရှေ့ဘဝကံ-ဟူသည်မှာ သတ္တိလေးရှိသည်ဟု-ပြု၍ ဆက်နိုင်ပါသည်။ ဤအရာလည်း ဒဿနသမားတို့အတွက် အားထားလောက်သောအရာ မဖြစ်ပါ။ ကံ၌ ကံအပြင် သတ္တိဟူ၍ သီးခြားရှိသည် မဟုတ်ပေ။ 'ကံ၏သတ္တိကလေးသည်ပင် ကံ'-ဖြစ်ပေသည်။

ထို့ကြောင့် 'သတ္တိကလေးလာသည်'-ဆိုလျှင် ကံလာသည်ပင် ဆိုရမည်။

ကံလည်း ဤသို့ လာကောင်းသည် မဟုတ်။ ထိုသို့မဟုတ်ဘဲ ကံနှင့် ကံ၏သတ္တိကို သီးခြားလျင်ကား ပရမတ္ထမဟုတ်သော သဘာဝမျှသာလျင် ဖြစ်ပေရာသည်။ ထို့ကြောင့် ဆရာတော်၏ ကံနှင့်ဝိပါက်ဆက်ပုံအဆိုသည် အလွန် မရေရာသော အဆိုသာ ဖြစ်လာပါမည်။ ထို့ကြောင့် ခု,နောက်,နောင် သုံးတန်သော ဘဝတို့၏ အကြောင်း,အကျိုးကို အကယ် ယုငင်သိမ်းဆည်းနိုင်ခြင်း မရှိဘဲ ဖြစ်ရပေသည်။

တစ်ခုခုသောယုံမှားခြင်းသို့ မလွဲမသွေ သက်ဆင်းရမည့်အဆိုသာ ဖြစ်ပါသည်။ ဆရာတော်၏အဆိုသည် သင်္ခါရနိမိတ်များကို-ကောင်းစွာမြင်ခြင်း ရှိသည် မဟုတ်ပေ။ သင်္ခါရနိမိတ်များကိုကျော်၍ မြင်နေခြင်းများသာ ဖြစ်ပေသည်။ သင်္ခါရ၏မမြဲပုံကို အစစ်အမှန် မမြင်ပေ။

ထို့ကြောင့် ယင်းသင်္ခါရတို့၏-

အကြောင်းကိုလည်းကောင်း၊

အကျိုးကိုလည်းကောင်း သို့မဟုတ် သင်္ခါရများ၏ ရပ်တည်ဟန်ကို မသိမြင်သဖြင့် (ယင်းသင်္ခါရများသည် အဘယ်မှ ဖြစ်ပေါ်ပေါက်ပွားလာသည်ကို လည်းကောင်း)၊ ယင်းသင်္ခါရများသည် အဘယ်သို့ ပြောင်းလဲ ပျက်သုဉ်းသွားမည်ကိုလည်းကောင်း မသိမမြင်ပေ။

ထို့ကြောင့် ဤအဆိုသည် သမ္မာဒဿနဟူသော အဟုတ်အမှန်အမြင် အဆိုလည်း မဖြစ်ပေ။ ထို့ကြောင့် ကင်္ခါဝိတရဏဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်ဟူသော မှန်ကန်သောအသိများ မဟုတ်ပေ။

ဤမျှဖြင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိအကျယ်တင်ပြချက်အား ဝေဖန်ချက်ကို အဆုံးသတ်ပါမည်။

ရိုးသားသောစိတ်ထားဖြင့် ဤဝေဖန်ချက်အား အထပ်ထပ်ဆောင်ပင့် ပညာရှိအများ ရှုပွားစေချင်သတည်း။

ဤအသိသည် အလွန်တွေဝေဖွယ် ကောင်းလွန်းလှပေသည်။

ဤဉာဏ်၌ ဉာဏ်မဖြစ်ဘဲ ဉာဏ်မဟုတ်သည်ကို ဉာဏ်လုပ်မိလျှင် ဘဝငြိမ်းချမ်းရေးကို ရှာဖွေရာ၌ စက်ဝိုင်းလမ်းကို လျှောက်ရမည့်ဝဋ်မှ မကျွတ်ဘဲ ရှိရမည်မလွဲ ဖြစ်သတည်း။

## အခန်း(၁၈)

## ပညာ၏ကိုယ်ထည် အကျယ်ဖွင့် သုံးသပ်ချက်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊  တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## အခန်း(၁၈)
## ပညာ၏ကိုယ်ထည် အကျယ်ဖွင့် သုံးသပ်ချက်

၆၂။ လမ်းမှားလမ်းမှန် အသိအမြင်စင်ကြယ်ခြင်း သုံးသပ်ချက်

ဆရာတော်သည် ဝိသုဒ္ဓိမဂ်၌ အခန်းနှစ်ဆယ်မြောက်အဖြစ် လမ်းမှားလမ်းမှန် အသိအမြင်စင်ကြယ်ခြင်း အကျယ်တင်ပြချက်ကို ပြဆိုပေသည်။

ဤအကျယ်တင်ပြချက်၌ ဉာဏ်စဉ်ဆယ်ပါးမှ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်တစ်စိတ်ကို ပြဆိုပေသည်။ သမ္မသနဉာဏ်ကိုလည်း အပိုင်းသုံးပိုင်းဖြင့် တင်ပြပေသည်။ ပဌမအပိုင်းကို အောက်ပါအတိုင်း တင်ပြပေသည်-

'ရုပ်,ဝေဒနာစသည်သည် အနိစ္စဖြစ်သည်။

ဒုက္ခ,အနတ္တများလည်းဖြစ်သည်။'

ဤသို့ရှုရမည်ဟု ရှေးဦးစွာပြပေသည်။

နောက်၌ကား ကာလသုံးပါး၊ ဌာနလေးပါး၊ ပယောဂလေးပါးတို့ဖြင့် ခွဲ၍ အတိတ်ရုပ်စသည်သည် အတိတ်ဘဝမှာပင် ကုန်တတ်သဘော အနိစ္စဖြစ်ခဲ့သည်။ ဆင်းရဲခြင်းဒုက္ခ, အစိုးမရခြင်းအနတ္တများ ဖြစ်ခဲ့သည်။ ဤပစ္စုပ္ပန်ဘဝသို့

မရောက်၊ ဤသို့ စသည်ဖြင့် ရှုရမည်ဟု ဖြစ်သည်။

၆၃။ သမ္မသနဉာဏ် အဖွင့် သုံးသပ်ချက်

ဤသို့ သုံးသပ်စရာ တရားများကို အကျယ်တဝင့် ထုတ်ပြပေသည်။ ဤပဌမပိုင်း၌ ဝိပဿနာ(လေးဆယ်)ကိုလည်း ထုတ်ပြပေသည်။ အနိစ္စ ဆယ်ချက်၊ ဒုက္ခ နှစ်ဆယ့်ငါးချက်၊ အနတ္တ ငါးချက်ဖြစ်သည်။ ဤလေးဆယ်ဖြင့် ရုပ်,ဝေဒနာ
စသည်များကို သုံးသပ်ရမည်ဟု ဖြစ်သည်။

ဤတင်ပြချက်များသည် ဆရာတော်၏ ပဌမပိုင်း သမ္မသနတင်ပြချက် ဖြစ်သည်။ သမ္မသနဉာဏ်-ဟူသည်မှာ ရုပ်,နာမ်တို့၏ တစ်ခုနှင့်တစ်ခု တူညီသော လက္ခဏာအသိ-ဟူ၍ ဖြစ်သည်။

ဆရာတော်၏ ပြီးခဲ့သောတင်ပြချက်သည် ဤအသိများ ဖြစ်နိုင်ပါမည် လော။ ဆရာတော်၏ သုံးသပ်နည်းပြ စကားများသည် (ပညာစကားများ ဟုတ် ပါ၏လော။ ဆရာတော့် သုံးသပ်နည်းပြ စကားများသည်) အောက်ပါ သုံးသပ် နည်းနှင့် တူပေသည်-

စုံထောက်သည် ခိုးမှုတစ်ခုအတွက် ခိုးယူသောသူကို စွပ်စွဲထားသည်။ ထို့ကြောင့် စွပ်စွဲသည့်အတိုင်း ပေါ်လွင်သိရှိလာရန် ထိုခိုးသူအား 'ဤသူသည် သူခိုးဖြစ်သည်၊ ဤသူသည် သူခိုးဖြစ်သည်'၊ ဤသို့ အထပ်ထပ် သုံးသပ်နေသည်။

ဤသို့သုံးသပ်သဖြင့် ခိုးမှုထင်ရှားပေါ်လွင်လာအံ့လော။

ဘယ်နည်းနှင့်မျှ မပေါ်လွင်နိုင်ပေ။

ထင်ရှားရန်မှာ ဤသူခိုးသည် ခိုးထုပ်ခိုးထည်ကို အဘယ်နည်းဖြင့် လုပ် ရှားခိုးယူခဲ့သည်ကို ကွင်းဆက်လေ့လာခြင်းဖြင့်သာ ဖြစ်နိုင်ပေသည်။' ဤသူသည် သူခိုးဖြစ်သည်၊ ဤသူသည် သူခိုးဖြစ်သည်'-ဤသို့ အထပ်ထပ် သုံးသပ်ရှုကြည့်

နေခါမျှဖြင့် သူခိုးအဖြစ်သည် ပေါ်မလာနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ဤသုံးသပ်မှုသည် ပညာမပါသောကြောင့် ဖြစ်သည်။

ဆရာတော်၏ သုံးသပ်နည်းသည်လည်း ဆိုခဲ့ပြီးသော သုံးသပ်နည်းအတိုင်းပင် ဖြစ်နေပေသည်။ ဆိုခဲ့ပြီးသော သုံးသပ်နည်း၌ သူခိုးအဖြစ်ကို မဖော်ထုတ်နိုင်သကဲ့သို့ ဆရာတော်၏ ဤသုံးသပ်နည်း၌လည်း ရုပ်,နာမ်တို့၏ အနိစ္စစသောအဖြစ်ကို မဖော်ထုတ်နိုင် ဖြစ်ရပေသည်။

ဆရာတော်၏ဤနည်းသည် သုံးသပ်နည်းပင် မဟုတ်ပေ။ နာမည်ပေးနည်းသာ ဖြစ်ပေသည်။

'ရုပ်,နာမ်သည်အနိစ္စ-စသည် ဖြစ်သည်'။ ဤသို့ပြုလုပ်ခြင်းသည် သညာပြုခြင်းပင် မဟုတ်ပါလော။ သညာပြုခြင်းသည် နာမည်မှည့်ခြင်းမျှပင် ဖြစ်ပါသည်။ ထိုသညာကို အထပ်ထပ် ပွားသောအခါ စိတ်ဆန်သွားပေမည်။

စိတ်သည် မှတ်၍ပွားလျှင် ဖြစ်ထွန်းမြဲဖြစ်ပါသည်။ သစ်ငုတ်ကို တစ္ဆေ-ဟုပွားလျှင် အကယ်-သစ်ငုတ်ပင် လှုပ်ရှားသောတစ္ဆေ ဖြစ်လာနိုင်ပေသည်။ ဤသို့ဖြစ်သောကြောင့် ဖြစ်သည့်အတိုင်း သစ်ငုတ်သည် အကယ်-တစ္ဆေ ဖြစ်လာသလော။ စိတ်၌ သာဖြစ်နေခြင်း ဖြစ်သည်။ သစ်ငုတ်သည် အကယ်တစ္ဆေ ဖြစ်လာသည် မဟုတ်ပေ။

ရုပ်,နာမ်ကို အနိစ္စစသည်ဖြင့်မသိဘဲ အနိစ္စစသည်ဖြင့် မှတ်သားပြီး အထပ်ထပ် ပွားစီးခြင်းကြောင့် ထင်လာသော ရုပ်,နာမ်သည် အနိစ္စဖြစ်သည် ဟူသော(အထင်သည်) ရုပ်,နာမ်၏ အကယ်ဖြစ်နေသော သဘောကို ထင်ခြင်း မဟုတ်၊ ရှုသူ၏စိတ်၌ သာထင်ခြင်းမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုအထင်သည် အချည်းအနှီးအထင် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ပြဆိုသော ဤသုံးသပ်နည်းများသည် ပညာနည်းများမဟုတ်ဘဲ သညာနည်းများ၊ စိတ်နည်းများသာ ဖြစ်နေပေသည်။ ဟုတ်ပါ

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

သည်။ ဆရာတော်သည် အနိစ္စ-စသည်များ သဘောကိုပင် ထိမိအောင် ဖွင့်ပြနိုင်ခြင်း ရှိခဲ့သည် မဟုတ်ပေ။

၆၄။ အနိစ္စအနက်ကို မမြဲ-ဟု မယူနိုင်

ဆရာတော်သည် အနိစ္စ၏သဘောကို ဖြစ်ပြီး၍ပျက်သွားခြင်းဟု ပြဆိုပေသည်။ မခိုင်မြဲခြင်းဟု အဓိပ္ပါယ်ထွက်ပေသည်။

မခိုင်ခြင်းသည် အနိစ္စဖြစ်သည် ဟူလိုပါသည်။

ဤစကားသည် တိကျပြတ်သားမှုမရှိသော စကားသာ ဖြစ်ပါသည်။ မခိုင်မြဲ-ဟူသည် အဘယ်အရာနှင့် တိုင်းတာပါသနည်း။ မခိုင်မြဲခြင်းသည် ခိုင်မြဲခြင်း၏ဆန့်ကျင်ဘက် ဖြစ်ပါသည်။ မခိုင်မြဲရှိလျှင် ခိုင်မြဲလည်း ရှိရပါတော့မည်။

ထို့ကြောင့်- မခိုင်မြဲ၏ဆန့်ကျင်ဘက် ခိုင်မြဲကား ဘယ်အရာပါနည်း။

မခိုင်မြဲနှင့်ခိုင်မြဲတို့၏ ကြားမှတ်တိုင်ကား အဘယ်သဘောပါနည်း။

(သာမိုမီတာ၌ ရေခဲနှင့်ရေဆူတို့၏ ကြားအမှတ်ကဲ့သို့သော အမှတ်ကဲ့သို့ ဖြစ်ပါသည်)

မြဲ-ဟူသည် မမြဲ-ဟူသည်ကို ထောက်ဆ၍ဖြစ်သော အရာသာ ဖြစ်သည်။

မမြဲ-ဟူသည်လည်း ဤအတူ ဖြစ်သည်။

မမြဲ-ရှိလျှင် မြဲ-လည်း ရှိရပါမည်။ တစ်ကမ္ဘာသည် နှစ်အသင်္ချေပေါင်းများစွာ ရှိပါသည်။ နှစ်အသင်္ချေတစ်ခုနှင့် စာလျှင် တစ်ကမ္ဘာသည် မြဲပါသည်။ နှစ်အသင်္ချေတစ်ခုသည် တစ်ကမ္ဘာကို ထောက်ဆ၍ မမြဲပါ။

နှစ်အသင်္ချေတစ်ခုသည် တစ်နှစ်ကို ထောက်ဆလျှင် မြဲခိုင်ပါသည်။ (တစ်နှစ်သည် နှစ်အသင်္ချေတစ်ခုကို ထောက်ဆလျှင် မမြဲပါ)။ ဤသို့ပင် မြဲနှင့်မမြဲ ဆိုရပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

တစ်ရက်သည် တစ်သက်စာနှင့်စာလျှင် မမြဲသောအရာ ဖြစ်ပါသည်။ တစ်သက်သည်ကား တစ်ရက်ကိုထောက်ဆ၍ မြဲနေပါသည်။ တစ်ရက်သည် စိတ္တက္ခဏတစ်ချက်နှင့် စာလျှင် မြဲနေပါသည်။

စိတ္တက္ခဏ တစ်ချက်သည်လည်း ခဏငယ်တစ်ချက်နှင့် စာလျှင် မြဲနေပါသည်။ ခဏငယ်တစ်ချက်သည်ကား (ယင်းခဏငယ်တစ်ချက်၏) တစ်ဝက်နှင့် စာလျှင် မြဲနေပြန်ပါသည်။ ယင်းတစ်ဝက်အချိန်သည်ကား ခဏငယ်တစ်ချက်ကို ထောက်၍ မမြဲပါ။

မြဲနှင့်မမြဲသည် ဤသို့ဖြစ်သည် မဟုတ်ပါလော။ ဤဆိုခဲ့ပြီးသည်၌ မမြဲသော အရာတိုင်းသည် မြဲသောအရာလည်း ဖြစ်၍နေပေသည်။ (မြဲသော အရာများလည်း မမြဲသည်ချည်း ဖြစ်၍ဖြစ်၍ နေပေသည်)။

ဤသို့ဆိုလျှင် မြဲ,မမြဲဟူသော အရာများသည် အချိန်နှင့်သက်ဆိုင်သော စကားများ ဖြစ်ပေသည်။ ထို့ကြောင့်- ဘယ်အချိန်ကို-မြဲ၊ ဘယ်အချိန်ကို-မမြဲ ဤသို့သတ်မှတ်မည်နည်း။ အနိစ္စ၏အနက်သည် ဘယ်မျှ အတိုင်းအရှည်ရှိသော အချိန်ဖြင့် အသတ်မှတ်ခံရသောတရားနည်း။

ဤသို့ထွက်ပေါ်လာသောပြဿနာကို (ဝိသုဒ္ဓိမဂ်ဆရာတော်) ဘယ်သို့ ဖြေမည်နည်း။ အနိစ္စကို ဖြစ်-ပြီး၍ ပျက်စီးသွားသောကြောင့် မရှိခြင်းကို အနိစ္စဟု အနက်ဖော်လိုလျှင် ဤပြဿနာနှင့် မလွဲမသွေ ရင်ဆိုင်ရပေမည်။

မမြဲ-ဟုဆို၍ရသော တရားမှန်သမျှသည် မြဲ-ဟု ဆို၍ရသည်ချည်း ဖြစ်သည်။ ထို့ကြောင့် အကယ်မမြဲသောတရား-ဟူ၍ မရှိဘဲ ဖြစ်ရာသည်။ ဤသို့ မရှိသည်-မဟုတ်ဟု ဆိုလိုလျှင် မြဲ-ဟု ဆို၍မရသော မမြဲသက်သက်သာ ဖြစ်သော တရားကို ဆရာတော် ပြနိုင်ရပေမည်။ ဤသို့လည်း ပြနိုင်ခြင်းရှိခဲ့သည် မဟုတ်ပေ။

ထို့ကြောင့် အနိစ္စကို မမြဲဟု အဓိပ္ပါယ်ဖော်ပြချက်သည် မတိကျသော မရေရာသော ဖော်ချက်သာ ဖြစ်နေပေသည်။ ဤသို့ပင် ဆရာတော်သည်

အနိစ္စ၏သဘောကိုမျှ အရ-ကောက်ယူနိုင်ခြင်း ရှိခဲ့သည် မဟုတ်ပေ။

(ဤအတူပင် ဒုက္ခနှင့်အနတ္တ-ဟူသော လက္ခဏာပြစကားများ၏ သဘော
အနက်ကိုလည်း တိကျအောင် ကောက်ယူနိုင်ခြင်း ရှိခဲ့သည် မဟုတ်ပေ။)

ဒုက္ခကို ဝေဒနာသံမပါအောင် အနက်မဖော်နိုင်ခဲ့ပေ။

အနတ္တကိုလည်း အထည်သံမပါအောင် အနက်မဖော်နိုင်ခဲ့ပေ။

ဤသို့ပင် အနိစ္စ-စသည်တို့၏ သဘောအဓိပ္ပါယ်ကို ဆရာတော်မသိခဲ့ ဖြစ်ပေသည်။ ဘယ်ရုပ်,နာမ် ရှုရမည်ပင် မသိလည်း ဖြစ်ပေမည်။

[ကြက်ခြေခတ်၍ ချန်ထားသောစာများ ဖော်ပြချက်စ-(ထို့ကြောင့် ရုပ်နာမ်များကို အနိစ္စ-စသည်အဖြစ် ပေါ်လွင်သည်အထိ ခွဲခြမ်းတင်ပြစွမ်းမဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ရုပ်နာမ်ကို အနိစ္စ-စသည် သုံးသပ်ရန်တင်ပြချက်သည် ပညာသားမပါဘဲ သညာစကားများသာ ဖြစ်နေရခြင်း ဖြစ်ပေသည်။

စင်စစ်၌ ရုပ်နာမ်များသည် ဆရာတော်ပြဆိုသကဲ့သို့ အနိစ္စ, အနိစ္စ-စသည်ဖြင့် အထပ်ထပ်မှတ်နေရမည့် အကြောင်း မရှိဘဲ၊ ရုပ်နာမ်များ၏ ဖြစ်နည်း, ပျက်ဟန်များကို ထင်မြင်အောင် ရှုကြည့်ခြင်းဖြင့် အနိစ္စ-စသည်များ ထင်လာခြင်းသာ ဖြစ်ပေသည်။ အနိစ္စ-စသည်သည် ရုပ်နာမ်ဓမ္မ ပဝတ္တတို့၏ ဥပ္ပါဒအဖြစ် ရောက်ခြင်း၌ အချိန်သည်လည်းကောင်း၊ နေရာသည်လည်းကောင်း၊ အသွင်အပြင်
သဏ္ဍာန် ပယောဂသည်လည်းကောင်း မရှိလုံးလုံး သုဉ်းနေကြောင်း ပြဆိုချက်များသာ ဖြစ်ပါသည်။

သင်္ခါရရုပ်နာမ်သည် စင်စစ်အားဖြင့် ဥပ္ပါဒအဖြစ်သို့ ရောက်သော်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်-ဟူ၍ ကာလအားဖြင့်လည်း ရှိသည် မဟုတ်ပေ။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဟီန,ပဏီတ၊ ဩဠာရိက,သုခုမ-ဟူ၍လည်း ရှိသည် မဟုတ်ပေ။ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ ဒူရ,အာသန္န-ဟူ၍လည်း ရှိသည် မဟုတ်ပေ။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သည် ကာလပြစကားများ ဖြစ်သည်။ ဟီန, ပဏီတ၊ ဩဠာရိက,သုခုမသည် ပယောဂပြစကားများ ဖြစ်သည်။ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ ဒူရ,အာသန္နသည် ဌာနပြစကားများ ဖြစ်သည်။

သင်္ခါရရုပ်နာမ်သည် ဥပ္ပါဒအဖြစ် ရောက်သော်လည်း ကာလ၊ ဌာန၊ ပယောဂ -မရှိ ဟူလိုသည်။ ဤသို့မရှိခြင်းကို ပြဆိုသဖြင့် ရုပ်နာမ်ကို အဘယ်သို့ သိစေသနည်း၊ သင်္ခါရရုပ်နာမ်သည် အတ္တသတ္တိရှိသောအရာ မဟုတ်၊ အတ္တနိယ သတ္တိလည်း ရှိသောအရာ မဟုတ်၊ ရုပ်နာမ်သည် အကြောင်းတရားများ၏ ပေါင်း ဆုံစုဝေးခြင်း အမူအရာမျှသာ ဖြစ်သည်။ ဤသို့ သိစေပါသည်။

သင်္ခါရရုပ်နာမ် ဥပ္ပါဒအဖြစ်သို့ ရောက်သည်-ဟူသည်မှာ ထို ဥပ္ပါဒအဖြစ် ရောက်သော ရုပ်နာမ်သည် ရုပ်နာမ်အဖြစ် ပြောလောက်ဆိုလောက် အောင် ရှိသောအရာ မဟုတ်၊ အကြောင်းတရားတို့၏ ပေါင်းဆုံစုဝေးခြင်း အမူအရာများ ဖြစ်ပေါ်ခြင်းများသာ ဖြစ်သည်။

ရေ၌ ခဲလုံးကိုချလျှင် လှိုင်းထင်သည်၊ လှိုင်းသည် ဖြစ်ပေါ်ခြင်းသို့ ရောက်သော်လည်း လှိုင်းအဖြစ် သီးခြားရှိသည်-ဟု ပြောလောက်ဆိုလောက် သည် မဟုတ်ပေ။ ရေနှင့်ခဲလုံးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်သော အမူအရာ မျှသာ ဖြစ်ပေသည်။ ရေနှင့်ခဲလုံးတို့၏ ထိခတ်ခြင်းကြောင့် ဖြစ်ပေါ်သော အမူ အရာအပြင် လှိုင်း-ဟူ၍ သီးခြားရှိသည် မဟုတ်ပေ။ ထို့ကြောင့် 'လှိုင်းသည် ဖြစ်ပေါ်သည်'-ဟု ဆိုရသော်လည်း ပြောလောက်ဆိုလောက်သောအဖြစ် မဟုတ်ပေ။

ဤနေရာ၌ 'ပြောလောက်ဆိုလောက်'-ဟူသော စကားကို ရှင်းပါမည်။ အဖြစ်တစ်ခုသည် အကယ်ရှိ ဖြစ်ခဲ့လျှင် အတိတ်၊ အနာဂတ်-စသော ကာလ

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ရှိရ

ပါသည်။ အဇ္ဈတ္တ-စသော ဌာနလည်း ရှိရပါသည်။ ဟီန-စသော ပယောဂလည်း ရှိရပါသည်။ ဤသို့ရှိမှ 'ပြောလောက်ဆိုလောက်သော အဖြစ်'-ဟု ဆိုရပါမည်။

သင်္ခါရရုပ်နာမ်များသည် ပြောလောက်ဆိုလောက်သောအဖြစ်-ဟူ၍ မရှိကြပါ။ ပစ္စယသမဝါယတရားများချည်း ဖြစ်ကြပါသည်။ အကြောင်းအသေး အဖွဲ့တို့၏ စုဆုံ၊ ပေါင်းစည်းနေခြင်းမျှသာ ဖြစ်ကြပါသည်။ အထီးတည်းဖြင့် အကြောင်းကင်းစွာ မိမိသဘောအလျောက် ဖြစ်ပေါ်နေသော ရုပ်နာမ်-ဟူ၍ လုံးဝမရှိ ဖြစ်နေပါသည်။

သင်္ခါရရုပ် တစ်ခုချင်းသည်လည်း ဤအတိုင်းဖြစ်ပါသည်။ ရုပ်၌ ရှေးဦး ဆုံးရေတွက်လေ့ရှိသော ပထဝီသည် ကြမ်းခြင်းသဘောအဖြစ် ထင်ပါသည်။

ဤကြမ်းခြင်းသဘောသည် တေဇော-ဟူသော အေးခြင်း,ပူခြင်း၊ ဝါယော -ဟူသော ငြိမ်ခြင်း,လှုပ်ခြင်း၊ အာပေါ-ဟူသော တွန်းခြင်း,ဆွဲခြင်း၊ ဤသဘော များ၏ ပေါင်းဆုံစုဝေးမှု အမူအရာပင် မဟုတ်ပါလော။

ထိုအရာ စုဝေးခြင်းနှင့်ကင်း၍ ပထဝီကြမ်းခြင်း-ဟူသည် တည်ရှိနိုင်ပါ သလော။ ထို့ကြောင့် ပထဝီသည် တေဇော-စသော အကြောင်းအစိတ်အပိုင်း များနှင့် ကင်း၍ မိမိဖာသာအလျောက် ပထဝီအဖြစ် ဥပ္ပါဒသို့ ရောက်နိုင်သည် မဟုတ်ပေ။

ထို့ကြောင့် ပထဝီသည် သိတတ်မြင်တတ်သူတို့၏ မျက်စေ့၌ ပထဝီ-

ဟူ၍

ပင် ပြောလောက်ဆိုလောက်အောင် ရှိသည် မဟုတ်ပေ။ ပထဝီသည် ပစ္စယဝါယ တရားမျှ-ဟူ၍သာ ဖြစ်သည်။ ဤသို့ သိမြင်ကြပေသည်

ဤသို့ သိသူတို့၏ အသိ၌ ပထဝီသည် ပထဝီ-ဟု ကြံစရာ ကာလ၊ ဌာန၊ ပယောဂများ မရှိတော့ပေ။ ပထဝီကို ကာလသုံးပါး၊ ဌာနလေးပါး၊

ပယောဂလေးပါး၊ ပေါင်းတစ်ဆယ့်တစ်ပါးတို့ဖြင့် ကြံဆသိကြသည်မှာကား ပထဝီကို ပစ္စယသမဝါယတရား-ဟု စိတ်ဖြာခွဲခြမ်း၍ မမြင်စွမ်းသောကြောင့် ဖြစ်သည်။

ကြွင်းသော ရုပ်တရားများလည်း ဤနည်းလည်းကောင်းပင် ဖြစ်သည်။ နာမ်တရားများလည်း ဤအတူပင် 'ပစ္စယဝါယတရား'များသာ ဖြစ်ကြပေသည်။ မြင်စိတ်သည် မျက်စေ့နှင့်အဆင်းတို့၏ ပေါင်းဆုံစုဝေးခြင်း အမှုအရာမျှသာ ဖြစ်သည်။ ဤအမှုအရာမှတပါး မြင်စိတ်-ဟူ၍ သီးခြားမရှိပေ။

ဤအမှုအရာသည် မျက်စေ့၊ အဆင်း-ဟူသော နှစ်ပါးသောတရားတို့၏ ပေါင်းဆုံစုဝေးမှုသာ ဖြစ်ပေသည်။ ထိုနှစ်ခု ပေါင်းဆုံစုဝေးခြင်းမှတပါး အခြားသော အရာဝတ္ထုတစ်ခုခုရှိသည် မဟုတ်ပေ။

ထိုနှစ်ခုပေါင်း အရာဝတ္ထုသည် ပေါင်းထားသော နှစ်ခုအနက်မှ တစ်ခုခုနှင့် တူ၍လည်း မဖြစ်ပေ။ ထိုသို့ဖြစ်သော်လည်း ထိုနှစ်ခုပေါင်း အမှုအရာအပြင် တတိယမြောက်ဖြစ်သော အခြားတစ်ခုခုဖြစ်သည်-လည်း မဟုတ်ပေ။

ထို့ကြောင့် မြင်စိတ်၌ 'မြင်စိတ်'-ဟူ၍ သီးခြား ရပ်တည်နိုင်သော စွမ်းရည်မရှိသောကြောင့် ကာလ၊ဌာန၊ပယောဂများ မရှိ ဖြစ်ပေသည်။ အခြားသော နာမ်တရားများလည်း ဤနည်းပင် ဖြစ်သည်။

ဤသို့အားဖြင့် ရုပ်နာမ်များသည် မိမိတို့သဘောအားဖြင့် ခုနစ်ဆယ့်နှစ်ပါးမျှ အရေအတွက်တိုင်အောင် ပြားလျက် ရှိသော်လည်း ယင်းတို့၏ တူညီသော သဘောမှာ ယင်းတို့၌-

အချိန်ကာလ၊ နေရာဌာန၊ ပယောဂများ မရှိခြင်း၊

ပစ္စယသမဝါယ-ဟူသော မပြည့်စုံသေးသော အကြောင်းကလေးများ၏ စုဝေးပေါင်းဆုံနေသော အမှုအရာများမျှသာ ဖြစ်ခြင်း ဖြစ်ပေသည်။

ရုပ်နာမ်များ၏ ဖြစ်ခြင်းပျက်ခြင်းကို ရှုကြည့်လျှင် ရုပ်နာမ်တို့၏ ဤသို့ တစ်ခုနှင့်တစ်ခု မကွဲမပြား တစ်သားတည်းဖြစ်နေသောသဘောသည် မလွဲမသွေ တွေ့မြင်လာရပေသည်။

ဤသို့ တွေ့မြင်လာလျှင် ရုပ်နာမ်များအပေါ်၌ အမျှော်စိုက်ခြင်း၊ နိမိတ်ကောက်ခြင်းများ ကင်းလာမည်၊ တောင့်တခြင်းများလည်း ကင်းလာမည်၊ အဖတ်ဆည်ခြင်းများလည်း ကင်းလာမည် ဖြစ်သည်။ ဤအမည်များသည် အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတ-ဟူသော နိဗ္ဗာန်၏အမည်များ ဖြစ်ပါသည်။ ဤ-နိဗ္ဗာန်များကို သိခြင်းသည်ပင်လျှင် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာများကို သိခြင်းများ ဖြစ်ပါသည်။

ရုပ်နာမ်တို့၏ ဒုက္ခလက္ခဏာကို သိခြင်းသည်ပင် 'ဒုက္ခသစ္စာ'-ကို သိခြင်းဖြစ်ပါသည်။ ယင်းရုပ်နာမ်တို့၏ အနိစ္စလက္ခဏာကို သိမြင်ခြင်းသည် 'အနိစ္စသစ္စာ'-ကို သိခြင်းပင်။ ထို့အတူ 'အနတ္တသစ္စာ'-ကို သိခြင်းပင်။ ရုပ်နာမ်များကို ဤသို့ သိခြင်းသည် 'သမုဒယပယ်ခြင်း'ကို ဖြစ်စေပါသည်။ အပ္ပဏိဟိတစသော 'နိရောဓသို့ ဆိုက်ခြင်း' ဖြစ်ပါသည်။ 'ရုပ်နာမ်ကိုသိတတ်သော မဂ္ဂကို ပွားစီးခြင်း' ဖြစ်ပါသည်။ သစ္စာလေးချက်သည် ဤကဲ့သို့ တပြိုင်နက် လည်ပါသည်။

ဒုက္ခလက္ခဏာကိုသိခြင်းနှင့် ဒုက္ခသစ္စာကိုသိခြင်းသည် နှစ်ထွေမပြားဘဲ တသားတတည်းသောအသိ ဖြစ်ပါသည်။ ရုပ်နာမ်တို့၏ ဒုက္ခလက္ခဏာကို သိသောသူသည် ကျန်သောလက္ခဏာတို့ကိုလည်း သိပါသည်။ လက္ခဏာတစ်ခုခုကို သိသူသည် ကျန်လက္ခဏာများကိုလည်း သိပါသည်။

အဘယ့်ကြောင့်ဆိုသော် လက္ခဏာတစ်ခုတိုင်းသည် ရုပ်နာမ်တို့၏ အတ္တ၊ အတ္တနိယသတ္တိများ အလျဉ်းမရှိ၊ ပစ္စယသမဝါယမျှ အဖြစ်ကို သိမြင်ခြင်းများဖြစ်သောကြောင့် ဖြစ်သည်။ ရုပ်နာမ်များသည် ဤသို့ မိမိတို့အင်အားဖြင့် မိမိကိုယ်တိုင် ရပ်တည်ခြင်း၊ အခြားတရားများများကို ရပ်တည်စေခြင်း မရှိနိုင်လျှင်

ထိုရုပ်နာမ်များသည် 'အရှိ'-မဟုတ်တော့ပေ။

အရှိမဟုတ်သော ရုပ်နာမ်၌ အချိန်သုံးမျိုး မရှိနိုင်ပေ။ မရှိမရှိသော ရုပ်နာမ်၌ နေရာလေးမျိုးလည်း မရှိနိုင်ပေ။ နေရာမရှိသော ရုပ်နာမ်၌ ပယောဂ လေးမျိုးလည်း မရှိနိုင်ပေ။ ဤသို့ပင် တစ်ခုသိလျှင် အားလုံးပင် သိပေမည်။)-ဆုံး]

'အနိစ္စလက္ခဏာသည် ပုညာပုည အာနေဥ္စ သင်္ခါရတရားများကို ရှုရပေမည်။ ရုပ်,နာမ်တိုင်း သင်္ခါရမဟုတ်ပါ။

သင်္ခါရသည် ရုပ်,နာမ်အချို့သာ ဖြစ်ပါသည်။

(ဤသင်္ခါရများ၌ အချိန်သုံးမျိုးမရှိကြောင်း ပြဆိုသောစကားသည် အနိစ္စလက္ခဏာ ဖြစ်ပေသည်။ ဒုက္ခလက္ခဏာသည် ခံစားမှုပြစကား မဟုတ်၊ သင်္ခါရများ၌ ပယောဂလေးမျိုး မရှိခြင်းကို ပြဆိုသောစကားသာ ဖြစ်ပေသည်။ အနတ္တလက္ခဏာသည် သင်္ခါရများ၌ ဌာနလေးပါးမရှိခြင်းကိုပြဆိုသော စကားများသာ ဖြစ်ပေသည်။

[ကြက်ခြေခတ်ထားသောစာများ ဖော်ပြစ-(သင်္ခါရများကို လေ့လာ၍ ရုပ်နာမ်များ၏ ပစ္စယသမဝါယသဘောကို အသိဉာဏ်၌ ရုံးမိ၊ သိမ်းမိ၊ ပိုင်းဖြတ်မိလျှင် ရုပ်နာမ်တို့၏ တစ်ပါးနှင့်တစ်ပါး တူညီသာ သဘောလက္ခဏာများဖြစ်သော အချိန်သုံးမျိုး၊ နေရာလေးမျိုး၊ ပယောဂလေးမျိုးတို့ကို ငြင်းဆိုသော အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို သိမြင်လာပေသည်)-ဆုံး]

အနိစ္စလက္ခဏာ၏ အနက်သည် အချိန်ကိုငြင်းဆိုခြင်း ဖြစ်ကြောင်းနှင့် ဒုက္ခ, အနတ္တလက္ခဏာများသည် ပယောဂလေးပါးနှင့် ဌာနလေးပါးကို ငြင်းဆိုခြင်းဖြစ်ကြောင်း၊ ယင်းတို့၏ အနက်အဓိပ္ပါယ်ဖော်ပြချက်ကို 'နိဗ္ဗာနဒီပနီသုံးသပ်ချက်'
၌ သိလောက်အောင် ပြဆိုပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဤ၌ မပြပါပြီ။ အလိုရှိလျှင်

ထိုသို့ ရှုကြည့်ကြစေချင်ပါသည်။

ဆရာတော်သည် အနိစ္စ-စသည်၏ အနက်ကိုလည်း ဟုတ်တိုင်းမှန်ရာ သိခဲ့ခြင်းမရှိပေ။ (အနိစ္စ-စသည် လက္ခဏာ၏ လက္ခဏာရှင်ကိုလည်း ဟုတ်တိုင်း မှန်ရာ သိခဲ့ခြင်း မရှိပေ။ ထို့ပြင် ရုပ်နာမ်၏သဘောကိုလည်း ခွဲစိတ်လေ့လာရ ကောင်းမှန်း မသိ ဖြစ်နေပေသည်။ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း အလုံးလိုက်သာ ရှုကြည့်ရကောင်းမှန်း သိနေပေသည်)။ ဆရာတော်၏အသိဉာဏ်သည် ရုပ်,နာမ်၌ ကုန်နေပေသည်။ ရုပ်,နာမ်ကို မထိုးဖောက်နိုင် ဖြစ်နေသည်။

ထို့ကြောင့် ရုပ်,နာမ်ကို ရုပ်,နာမ်အတိုင်းသာ သိပေသည်။ ဤအသိသည် မှားနေသည်-ဟုကား မဆိုသာပါ။ လူကို လူအတိုင်းသိနေခြင်းကို မှားနေသည်-ဟု မဆိုသာသကဲ့သို့ ဖြစ်ပါသည်။

[ကြက်ခြေခတ်ထား၍ ချန်ထားသောစာများ ဖော်ပြစ-(သို့သော်လည်း လူကို လူအတိုင်းသိခြင်းသည် မမှားသော်လည်း ပြည့်စုံသောအသိ မဟုတ်ပေ။ ဤအသိသည် လူကို ကုန်စင်အောင်သိခြင်း မဟုတ်ပေ။ ဤအသိသည် လူ၏ အခြေခံဖြစ်သော ရုပ်နာမ်တရားများကိုသိရန် ကြွင်းကျန်နေသောကြောင့် ဖြစ်သည်။

လူကို လူ-ဟူ၍ အသွင်အပြင်အားဖြင့်လည်းကောင်း၊ ရုပ်နာမ်၏ အစဉ်အတန်းဟု အခြေခံအားဖြင့်လည်းကောင်း နှစ်မျိုးလုံးပင် သိသင့်ပေသည်။ ဆရာတော် ရှင်ဗုဒ္ဓဃောသသည် ဤသို့သိသူ ဖြစ်ပေသည်။ သို့သော်လည်း ဤအသိသည် လူကို ကုန်အောင်သိခြင်း ဖြစ်သေးသည် မဟုတ်ပေ။ ဤသို့ မဟုတ်သောကြောင့် ဤနှစ်သိနှစ်မြင်သာ ရှိသေးသူများသည် လူကို မစွဲအောင် မတတ်နိုင်ကြပဲ ရှိပေသည်။

လူကို ကုန်စင်အောင်သိသူများသည် လူကို မစွဲအောင် တတ်နိုင်ကြပေ

သည်။ ထိုသူတို့သည် လူ-ကို လူ-ဟူ၍ အသွင်အားဖြင့်လည်း သိကြပေသည်။ စိန္တနလက္ခဏာ၊ ဖုသနလက္ခဏာ-ဟူ၍ အခြေခံအားဖြင့်လည်း လူကို သိကြပေသည်။ ထို့ပြင် ထို လူ့အခြေခံတရားများသည် မိမိတို့ကိုယ် မိမိတို့ တည်တံ့အောင် ရပ်တည်နိုင်စွမ်းသောအားများ မရှိကြ၊ တစ်ခုကြောင့် နောက်တစ်ခု ဖြစ်သည်၊ ထိုတစ်ခုသည်လည်း အခြားတစ်ခုကြောင့် ဖြစ်ခဲ့သည်။ ဤသို့ မရေမရာသဘော၊ ပစ္စယသမဝါယမျှဖြစ်သည်၊ ဤသို့လည်း လူ-ကို သိမြင်ပေသည်။

ပဋ္ဌမဆုံးအသိဖြစ်သော လူ-ကို 'လူ'-ဟုအသွင်အတိုင်း အသိသည် သမုတိသစ္စာသိ-ဖြစ်ပါသည်။ လူ-ကို ရုပ်နာမ်များ-ဟု လူ၏အခြေခံများကိုသိသော အသိသည် ပရမတ္ထသစ္စာသိ ဖြစ်ပါသည်။ လူ-ကို ထိုလူ၏သင်္ခါရများသည် အချိန်ကာလ၊ နေရဒေသနှင့် အသွင်ပယောဂများ မရှိ-ဟုသိသော အသိသည် အရိယသစ္စာသိ ဖြစ်သည်။

ဆရာတော်၏ အသိသည် ပရမတ္ထသစ္စာ၌ ကုန်နေပါသည်။ ထို့ကြောင့် ဆရာတော်သည် ပရမတ္ထအရှိဝါဒီမျှသာ ဖြစ်နေပါသည်။ ပထဝီ၏ ကက္ခဠသဘော၊ အာပေါ၏ အာဗန္ဓနသဘော၊ ဤသို့သာ သိနေခါမျှဖြင့် ပထဝီ၊ အာပေါ-စသော ပရမတ်တရားများကို သိနေခြင်းသာ ဖြစ်ပါမည်။ ပထဝီ၊ အာပေါတို့၏ ကက္ခဠ
သဘော၊ အာဗန္ဓနသဘော၊ ဤသို့သာ သိနေခါမျှဖြင့် ပထဝီ၊ အာပေါ-စသော ပရမတ်တရားများကို လွန်မြောက်သောအသိ မဖြစ်နိုင်ပါ။

ယင်းတို့ကို ဤသို့သိခြင်း၊ ယင်းတို့သည် ဖြစ်,ဖြစ်ပြီးလျှင် တည်မနေဘဲ ပျက်,ပျက်သွားကြသည်၊ ဤသို့သိနေခါမျှဖြင့်လည်း ပထဝီစသော ယင်းတရားတို့ကို လွန်မြောက်သောအသိ မဖြစ်နိုင်။

လွန်မြောက်သောအသိ-ဟူသည် လူ-ရှိလျက် လူ-ဟူသည် ရုပ်နာမ်၏ အသွင်ပင် ဖြစ်သည်။ ဤသို့ လူကိုလွန်မြောက်သောအသိ ဖြစ်ခြင်းကိုသာ ဆိုလို

ပေသည်။ ဤ၌လည်း ပထဝီရှိလျက် ပထဝီ-ဟူသည် အာပေါ၊ ဝါယော-စသော အကြောင်းတရားတို့၏ စုဆုံဖွဲ့စည်းနေသော အသွင်ပင် ဖြစ်သည်။ ဤသို့ အသိ ဖြစ်ခြင်းကိုသာ ဆိုလိုပေသည်)။-ဆုံး]

ရုပ်,နာမ် ဖြစ်-ဖြစ်ပြီး၍ ပျက်-ပျက်သွားသည်ကို မြင်ခြင်းသည် ရုပ်,နာမ်ကို လွန်မြောက်သောအမြင်ဖြစ်ခြင်း မဟုတ်ပေ။ ပုညာပုည,အာနေဥ္ဇ သင်္ခါရများ၏ အနိစ္စ,ဒုက္ခ,အနတ္တ အမြင်များသည် ရုပ်,နာမ်ကို လွန်မြောက်သော အရိယသစ္စာ အမြင် ဖြစ်ပါသည်။ ထို့ကြောင့် ဤသမ္မသနဉာဏ်သည် ရုပ်,နာမ်များ ဖြစ်ပြီး-ပျက်သွားသည်ကို၊ ညှဉ်းဆဲသည်ကို၊ အစိုးမရသည်ကို မြင်ခြင်း မဟုတ်ပါ။

[ကြက်ခြေခတ်ထား၍ ချန်ထားသောစာများ ဖော်ပြစ-(ရုပ်နာမ်များ တင်းလင်းရှိလျက်ပင် ရုပ်နာမ်-ဟူသည် မပြည့်စုံသေးသော အကြောင်း အစိတ် အပိုင်းကလေးများ၏ စုဝေးနေသော အသွင်ပါတကား-ဟု သိမြင်၍၊ ရုပ်နာမ် တို့၏ သဘောများကို ကျော်လွန်သောအမြင် ဖြစ်ပါသည်)။-ဆုံး]

ဤသို့သောအမြင်သည်သာ ရုပ်,နာမ်ကိုကြံခြင်း၊ ရုပ်,နာမ်၌ ကြံခြင်း၊ ရုပ်,နာမ်မှ ကြံခြင်း၊ ရုပ်,နာမ်ကို ရှေးရှုနှစ်သက်ခြင်း၊ ရုပ်,နာမ်ကို ငါ့ဟာဟု စွဲလန်းခြင်း၊ ရုပ်,နာမ်သည်ပင် ငါဖြစ်သည်ဟု စွဲလန်းခြင်းမှ ကင်းကွာပေသည်။

ထို့ကြောင့် ဆရာတော်၏ သမ္မသန ပဌမပိုင်းတင်ပြချက်သည် အချည်းနှီး ဖြစ်ပါသည်။ ဆရာတော်၏တင်ပြချက်သည် ပညာစကားမဖက် သက်သက် သညာစကားများချည်း ဖြစ်ပါသည်။ ဆရာတော်၏ သုံးသပ်ပုံပြ စကားများသည် ရှေးအခါက တောရွာကျောင်းများ၌ ဥပုသ်ဆောက်တည်ကြသော အဘိုးအဘွား တို့၏ အနုဿတိပုတီးစိပ်သကဲ့သို့ ဖြစ်ပါသည်။

သူတို့သည် ဗုဒ္ဓာနုဿတိ-ဆို၍ ပုတီးတစ်လုံးချသည်၊ နောက် ဓမ္မာနုဿတိ
ဆို၍ ပုတီးတစ်လုံးချသည်၊ သံဃာနုဿတိ-ဆို၍ ပုတီးတစ်လုံးချသည်။ ဤသို့

ပင် အသိဉာဏ် တုံးလွန်းလှပေသည်။

ဤမျှနှင့်ပင် သမ္မသနဉာဏ် ပဌမပိုင်းသုံးသပ်ပုံကို သုံးသပ်ချက် အဆုံး သတ်လိုက်ပါသည်။

၆၅။ သမ္မသနဉာဏ် ဒုတိယပိုင်းအဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဒုတိယပိုင်းကို သုံးသပ်ပါမည်။ 'သမ္မသနဒုတိယပိုင်း'-၌ ဆရာတော်သည် အောက်ပါအတိုင်း ပြဆိုပေသည်။

ရုပ်ကို သုံးသပ်ပုံခုနစ်မျိုး(ရူပသတ္တက)နှင့် သုံးသပ်ရမည်-ဟု ပြပေသည်။ ခုနစ်မျိုးမှာ-

တစ်ဘဝဖြင့်သုံးသပ်ခြင်း၊

တစ်ဘဝအတွင်း အချိန်ပိုင်းဖြင့် သုံးသပ်ခြင်း၊

အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်ပုံ သုံးသပ်ခြင်း၊

ဓမ္မတာရုပ်ကို သုံးသပ်ခြင်းတို့ ဖြစ်သည်။

သုံးသပ်ပုံမှာ ရှေ့နောက်နှစ်ခုတို့ အကြား၌ ယခုဖြစ်ပေါ်နေသော ရုပ်များသည် ဖြစ်ပြီးလျှင်-ပျက်ကုန်၏။ ရှေ့ဘဝမှလည်း မလာ၊ နောက်ဘဝသို့ လည်း မသွားကြ။ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တတို့ ဖြစ်ကြ၏ဟူ၍ ဖြစ်သည်။

အရွယ်အလိုက် သုံးသပ်ချက်လည်း ဤနည်းပင်။ ပဌမအရွယ်ရုပ်သည် ဒုတိယအရွယ် မရောက်၊ ချုပ်သည်။ အနိစ-စသည် ဖြစ်သည်။

ဆာလောင်ခိုက်ရုပ်သည် အဆာမပြေမီ ချုပ်သည်၊ အနိစ္စ။

ပူခိုက်ရုပ်သည် မအေးမီချုပ်သည်၊ အနိစ္စ။

စက္ခုဒွါရ၌ရသော ရုပ်ငါးဆယ့်လေးခုသည် ဤဒွါရမှာပင် ချုပ်သည်။ သောတာဒွါရစသည် မရောက်၊အနိစ္စ။

သောမနဿဖြစ်ခိုက် ရုပ်သည် ဒေါမနဿမဖြစ်မီ ချုပ်သည်၊ အနိစ္စ။

ရွက်နုရုပ်သည် ရွက်ရင့်မဖြစ်မီ ချုပ်သည်၊ အနိစ္စ။

ဤသို့ပင် ရုပ်ကို ခုနစ်ဖို့အားဖြင့်သုံးသပ်ရန် ပြဆိုပေသည်။ ဤပြဆိုချက်နှင့်အတူ ရုပ်ဖြစ်ပုံ အဘိဓမ္မာစကားများကိုလည်း အများအပြား ပြောဟောပါသေးသည်။

အမိဝမ်း၌ အစဆုံးအဖြစ်၏ လက်ဖျစ်တစ်တွက် မရှိမီ အချိန်အတွင်း၌ ကံရုပ်သုံးပါးဖြစ်သော ကာယ,ဘာဝ,ဝတ္ထု- ဒသကများ ဖြစ်ပေါ်ပုံ-စသည်များ ဖြစ်ပါသည်။

(ဤအရာများသည် ယခုကဲ့သို့ ဉာဏ်ထုတ်မှုကို ပြဆိုရာ၌ အလွန်-မပြဆိုသင့်သော အရာများ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မသိနိုင်သော အရာများ ဖြစ်သောကြောင့်ပင်)။

ပဋိသန္ဓေခဏ၌ ကံကြောင့် ကလာပ်စည်းသုံးစည်း, ရုပ်သုံးဆယ် ဖြစ်သည်ဟု ဆိုသည်၊ ဘယ်မှကံကြောင့်နည်း-ဟုမေးလျှင် ရှုပ်ကုန်ဦးမည်-ဖြစ်သည်။ နောက်ဘဝကံကြောင့် ဆိုရန်လည်း နောက်ဘဝကံသည် ဤဘဝသို့လာကြောင်း အထောက်အကိုး ပြနိုင်သည် မဟုတ်ပေ။

ဤအရာကိုပြလိုလျှင် ကံကြောင့်ဖြစ်သော ကလာပ်သုံးစည်း, ရုပ်သုံးဆယ်နှင့် ဤကလာပ်သုံးစည်း, ရုပ်သုံးဆယ်ကို ပြုလုပ်ပေးလိုက်သော ထိုမှာဘက်ဘဝမှ ကံတို့၏ ကြားကာလဆက်သွယ်ပုံ ကွင်းဆက်ကို ပြနိုင်ရပေမည်။

ဤသို့ မပြနိုင်ဘဲ တင်ပြလျှင်ကား ဒဏ္ဍာရီကို တင်ပြခြင်းသာ ဖြစ်ပေမည်။ လေလုံးထွားခြင်းဟုလည်း ဆိုနိုင်သည်။ ငှါစကားနွားရ ပြောသည်သာ ဖြစ်သည်။

ဤရူပသတ္တက သုံးသပ်ပုံ သမ္မသနဒုတိယပိုင်းသည် အလွန်ရှော်ရှွတ်ချော်ချွတ်သော စကားများသာ ဖြစ်ပါသည်။ အနိစ္စစသော လက္ခဏာပြစကားလုံးတို့၏ လက္ခဏဝန္တများကို အလွဲလွဲအမှားမှား သိမြင်ရာမှ ဤမျှ ချော်ချွတ်ခြင်းကို ဖြစ်စေခြင်း ဖြစ်ပါသည်။ ဤသုံးသပ်ချက်များသည် မည်သည့်အကျိုးမျှ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ပြီးစေမည် မဟုတ်ပေ။

ရုပ်ကို အလုံးလိုက် ရှုနေခြင်း ဖြစ်သည်။ (ဤအသိသည် လူတိုင်းသိနီးပါး ထက် များစွာ) အဆင့်အတန်း မမြင့်သော သုံးသပ်ပုံ သုံးသပ်နည်းလည်း ဖြစ် သည်။ ထို့ကြောင့် ဤသူများသည်ပင် လူတိုင်းကဲ့သို့ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း- စသော စိတ်မစင်ကြယ်မှုများကို ကျော်လွှားရန်အကြောင်း မရှိပေ။

၆၆။ သမ္မသနဉာဏ် တတိယပိုင်းအဖွင့် သုံးသပ်ချက်

'သမ္မသနဉာဏ် တတိယပိုင်း'-သည်လည်း များစွာ ချော်ချွတ်သည်ပင်။ 'ရုပ်ကို မမြဲ-ဟု ရှုသော ဝိပဿနာစိတ်လည်း မမြဲ'- စသည်ဖြင့် ရှုခြင်းပင် ဖြစ် သည်။ ရူပသတ္တကခေါင်းစဉ်အတိုင်းပင်။

ဤ၌လည်း (အနိစ္စ-စသည်၏ လက္ခဏာဝန္တကို အမှန်အကန် မသိရာမှ) နာမ်ကို အလုံးလိုက် ရှုနေပေသည်။ ဖြစ်,ဖြစ်ပြီး ပျက်,ပျက်သွားသည်-ဟူသော သဘောပင် ဖြစ်သည်။

ဤသို့ နာမ်ရုပ်ကို ရှုခြင်းသည် နာမ်,ရုပ်လွန်သောအသိ မဖြစ်နိုင်။ နာမ်ရုပ် ၌ငြိသော အသိ၊ နာမ်ရုပ်၌မိသော အသိများသာ ဖြစ်ပေရာသည်။ ထို့ကြောင့် ဤသို့ရှုသူသည် တဏှာတရားများ (ဖြစ်ပွားပေါ်ပေါက်ရာသည်။ ကာမတဏှာ နှင့် ဘဝတဏှာများကား) ပေါ်ပေါက်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုနာမ်ရုပ်များ ဖြစ်ပွားမည်ကို အလိုမရှိခြင်းနှင့် ယင်းတို့မှဖြစ်သော အရည်အချင်း များကို မလိုလားသောကြောင့် ဖြစ်သည်။

ပေါက်ပွားမည့်တဏှာကား 'ဝိဘဝတဏှာ' ဖြစ်သည်။

ဤသို့ သုံးသပ်ကြည့်ရှုသူများသည် ဘဝ နောက်ထပ်မလိုချင်ခြင်း စိတ္တဇ အဝင်ခံရဖို့ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဤ-ရုပ်နာမ်များကို (အပြစ်အား ဖြင့်) မဟုတ်သည်ဖြစ်စေ-ဟုတ်သည်ဖြစ်စေ လုပ်၍ ရှုနေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ထိုသို့ရှုသူသည် ရုပ်နာမ်၌ အပြစ်ချည်းဟု စိတ်၌စွဲလန်းလာပါသည်။ ထို့ကြောင့် နောက်တစ်ဘဝ မလိုချင်ခြင်း ဖြစ်ပါသည်။

'ဘဝကိုမလိုချင်ခြင်းသည် ဝိဘဝတဏှာ' ဖြစ်ပါသည်။ ယခုခေတ်၌-

'နိဗ္ဗာန်ရောက်ချင်ခြင်းသည် ဝိဘဝတဏှာဖြစ်ခြင်း'-ပင် ဖြစ်ပါသည်။ ဤသို့ရှုသောသူများသည် ဤတဏှာ အဝင်ခံကြရပါသည်။

နိဗ္ဗာန်ရောက်ချင်ခြင်းသည် အတိဓါဝနသဘော ဘဝကို လွန်ပြီးတွေး ခြင်း'-ဟု ဘုရားသျှင်ပင် ကိုယ်တိုင်ဟောခဲ့ချက် ရှိပါသည်။

ဤအရာသည် ဝိဘဝတဏှာအစစ်အမှန် ဖြစ်ပါသည်။

ဝိဘဝတဏှာ ဖြစ်စေသော အလုပ်လမ်းစဉ်သည် အတ္တ ကိလမထာ နုယောဂ-ဖြစ်သော လမ်းမှား ဖြစ်ပါသည်။

ဆရာတော်သည် လမ်းမှားလမ်းမှန်၌ ဉာဏ်အမြင်စင်ကြယ်ရန် ပြဆို ချက်၌ပင် လမ်းမှားကို လမ်းမှန်လုပ်၍ ပြမိလျက် ဖြစ်နေပါသည်။ ဆရာတော်၏ ဤအမှားသည် ရိုးနေပြီဖြစ်သော အမှားသာဖြစ်၍ အထူး မသုံးသပ်ပါပြီ။

ဆက်လက်၍ ဤလမ်းမှားလမ်းမှန် အမြင်စင်ကြယ်ခြင်း အကျယ်တင်ပြ ချက်၌ ကျန်သေးသော ဥဒယဗ္ဗယဉာဏ် တစိတ်တစ်ဒေသနှင့် ဥပက္ကိလေသဉာဏ် များကို ဆက်လက်၍ သုံးသပ်ပါဦးမည်။

၆၇။ ဥဒယဗ္ဗယဉာဏ်နှင့် ဥပက္ကိလေသာ အဖွင့် သုံးသပ်ချက်

ဥဒယဗ္ဗယဉာဏ်သုံးသပ်ပုံကို ဤသို့ပြပါသည်-

ဖြစ်ပေါ်ဆဲ ရုပ်နာမ်သည် ရှိပြီးတစ်နေရာမှလာသည် မဟုတ်၊

ချုပ်ဆဲ ရုပ်နာမ်သည် တစ်နေရာရာသို့ ပြောင်းသွားခြင်း မဟုတ်၊ ဤသို့ အကျဉ်းအားဖြင့် ရှုကြည့်ရသည်ဟူ၍ ဖြစ်ပါသည်။ အကျယ်အားဖြင့် ဤသို့ရှုရန်လည်း ဖြစ်ပါသည်-

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

'အဝိဇ္ဇာ,တဏှာ,ကံ,အာဟာရ တို့ကြောင့် ရုပ်,နာမ်ဖြစ်၏။ ဤသို့ အကြောင်းဖြစ်သောကြောင့် ရူပက္ခန္ဓာဖြစ်သည်-စသည်ဖြင့် ရူပက္ခန္ဓာစသည်တို့၏ ဖြစ်ပုံ,ချုပ်ပုံကို ရှုရန် ပြပေသည်။

ဤသို့ရှုလျှင် သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်နည်း၊ လက္ခဏာ၊ ဤအရာများ ထင်ရှားလာမည်ဟု ဆရာတော် မိန့်ပြန်သည်။ သစ္စာထင်ပုံကို ဤသို့ပြသည်-

ရုပ်,နာမ်တို့အကြောင်းကို သိသောကြောင့် သမုဒယသစ္စာ ထင်လာသည်။

ရုပ်နာမ်ပျက်ဖြစ်ပျက် သိသောကြောင့် ဒုက္ခသစ္စာ ထင်လာသည်။

အကြောင်းပျက်ကို သိသောကြောင့် နိရောဓသစ္စာထင်လာသည်။

ရုပ်နာမ် ဖြစ်,ပျက်ကို သိသောဉာဏ်ရှိသောကြောင့် မဂ္ဂသစ္စာထင်လာသည်၊ ဤသို့ ပြလေသည်။

ဤနေရာ၌ တစ်ထစ်ရပ်၍ သုံးသပ်ရပါမည်။

ဥဒယဗ္ဗယဉာဏ် သုံးသပ်ပုံပြ စကားများသည် သမ္မသနဉာဏ်ပြ စကားများနှင့် အကယ် ထူးခြားသည် မဟုတ်ပေ။ အလုံးလိုက် သုံးသပ်ခြင်းမျှပင် ဖြစ်ပေသည်။

သစ္စာထင်ပုံလည်း မမှန်ပေ။ သစ္စာလေးပါးသည် လေးပါးလုံးထင်နိုင်သည် မဟုတ်ပေ။ 'ဒုက္ခသစ္စာတစ်ပါးသာ ထင်နိုင်ပေသည်'။

ကြွင်းသောသစ္စာများကား အထင်ခံကိစ္စ ရှိကြသည်ပင် မဟုတ်ပေ။ ဆရာတော်၏စကားများသည် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံနှင့် သမုဒယသစ္စာထင်ပုံ မရောယှက်အောင်ပင် တတ်နိုင်မည် မဟုတ်ပေ။

ဆက်လက်၍ ပဋိစ္စသမုပ္ပါဒ်ထင်ပုံကို ဤသို့ပြပေသည်-

အကြောင်းအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းကြောင့် အနုလုံ ပဋိစ္စသမုပ္ပါဒ်ထင်သည်။ ခဏအားဖြင့် အဖြစ်,အပျက်ကို ရှုခြင်းကြောင့် ပဋိစ္စသမုပ္ပန္န ထင်သည်-ဟူ၍ ဖြစ်သည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဤသို့လည်း ထင်နိုင်ရန်အကြောင်းမရှိပေ။ ရုပ်သည် အဝိဇ္ဇာ,တဏှာ, ကံ,အာဟာရကြောင့် ဖြစ်သည်ဟူ၍ ရှုခြင်းသည် ရုပ်၏အကြောင်းကို အမည်များ လိုက်မှည့်နေခြင်းမျှသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ရုပ်၏ အစစ်အမှန်အကြောင်းကိုလည်းကောင်း၊ ထိုအကြောင်းကြောင့်ဖြစ်သော ရုပ်ကိုလည်းကောင်း၊ အကယ်သိရန် အကြောင်း မရှိပေ။

ဤသို့ အကြောင်းမရှိကြောင်း နည်းကိုပြရာ၌ ထင်ရှားမည် ဖြစ်ပါသည်။ ဆရာတော်သည် နည်းကို ဤသို့ပြပါသည်-

'အကြောင်းကြောင့်ဖြစ်သည်ကို ရှုသောကြောင့် ရုပ်နာမ်များ အကြောင်းနှင့်အကျိုး အဆက်မပြတ် တစ်ခုတည်းအဖြစ် 'ဧကတ္တနည်း' ထင်လာသည်။ ခဏအားဖြင့် ဖြစ်ခြင်းကိုရှုသောကြောင့် ရုပ်,နာမ်များ အသစ်,အသစ်ဖြစ်သည်ဟူသော သီးခြားစီ 'နာနတ္တနည်း' ထင်သည်။

အကြောင်းအားဖြင့် ဖြစ်,ပျက်ကိုမြင်သော ရုပ်နာမ်များ၌ ဗျာပါရမရှိယူသော 'အဗျာပါရနည်း'။ အကြောင်းအားဖြင့် ဖြစ်ခြင်းကိုရှုသောကြောင့် ဖြစ်ရိုးအတိုင်း ဖြစ်သည်ဟု 'ဧဝံဓမ္မတာနည်း'-ဤသို့ထင်လာသည်ဟု ဆိုပေသည်။

ဤ၌ ရပ်၍ သုံးသပ်ရပါမည်။

ဆရာတော်ပြောသော ဧကတ္တအဖြစ်-စသောနည်းသည် မပီမပြင်သော နည်းများသာ ဖြစ်ပါသည်။ မထိမမိ ဖြစ်နေသည်ဟု ဆိုလိုပါသည်။ အကယ်၌-ဧကတ္တဖြစ်သည် ဆိုသည်မှာ အကြောင်းနှင့်အကျိုးသည် အကြောင်းနှင့်အကျိုးဟူ၍ နှစ်ထွေပြားသော်လည်း နူခြင်းနှင့်ရင့်ခြင်းကဲ့သို့ တစ်သားတည်းသာ ဖြစ်သောအရာ ဖြစ်သည်။ ဤသို့ဆိုလိုခြင်းသာ ဖြစ်ပါသည်။

နာနတ္တလည်း ဤအတိုင်းပင်။ အကြောင်းနှင့် အကျိုးသည် တစ်သားတည်းအဖြစ် ဖြစ်သော်လည်း အကြောင်းသည် အကျိုးမဟုတ်၊ အကျိုးသည်လည်း အကြောင်းမဟုတ်၊ ဤသို့ နှစ်ထွေပြားသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤအကြောင်းကို 'နိဗ္ဗာနဒီပနီ သုံးသပ်ချက်၊ မိလိန္ဒပဉှာဝတ္ထု သုံးသပ်ချက်' များ၌ အကျယ်တဝံ့ ရှင်းပြထားပါသည်။ အဗျာပါရလည်း အကြောင်း၌လည်း အကျိုးဖြစ်ရန် ကြောင့်ကြမရှိပုံ ပြဆိုချက် ဖြစ်သည်။

ဆရာတော်သည် အကြောင်းနှင့်အကျိုးတို့၏ တစ်သားတည်းဖြစ်ပုံကို မသိမမြင်ပေ။ ထို့ကြောင့် ဧကတ္တစသည် ပြဆိုချက်၌ ရမ်းတမ်းတမ်း ဖြစ်နေခြင်း ဖြစ်ပေသည်။ ဤသို့ ဖြစ်သောကြောင့် အကြောင်း၏အကျိုးအဖြစ် လှည့်ပြောင်းသွားပုံကို ထင်လင်းစွာ ထုတ်မပြနိုင် ဖြစ်ပေသည်။

ဆရာတော်သည် အကြောင်းနှင့်အကျိုး ဆက်စပ်သည်သာ ဆိုသော်လည်း ဘယ်နည်း,ဘယ်ပုံဆက်စပ်သည်ကိုသိသည် မဟုတ်ပေ။ မျှစ်၏ ဝါးအဖြစ် ပြောင်းသွားပုံမျိုး ဆက်စပ်သည်ကား အကယ် မသိမြင်ပေ။ ထို့ကြောင့် ဆရာတော်၏ ဘဝအမြင်ပြ စကားများသည် အမြဲ ပေါ့ဟာဟာကြီး ဖြစ်နေပေသည်။ ထို့ကြောင့် လူကိုကျော်၍ တွေးထားသော ဘဝအမြင်ချည်း ဆရာတော် ပြောဆိုနေပေသည်။

ဆရာတော်သိနေသော အကြောင်းနှင့်အကျိုး ဆက်စပ်ပုံမှာ များစွာ စိတ်ဆန်လှပေသည်။ ဆရာလုပ်သူသည် ဒေါသထွက်၍ ခြေဖနောင့်ဖြင့် မြေကြီးကိုသုံးကြိမ်တိတိ ဆောင့်လိုက်သောကြောင့် အဝေးတစ်နေရာ၌ရှိသော စုန်းမကြီးမှာ ကျောကော့၍ ခံနေလေသည်ဆိုသော ဒဏ္ဍာရီထဲမှ အကြောင်းနှင့်အကျိုး ဆက်နည်းကားများ ဖြစ်နေပေသည်။ ဤဆက်နည်း၌ အဘယ်သို့လျှင် အကြောင်းနှင့်အကျိုးတို့ တစ်ခုအဖြစ် ဧကတ္တ ဖြစ်ကြပါသတဲ့နည်း။

ထို့ပြင် ဆရာတော်၏ လက္ခဏာထင်ပုံပြ စကားများလည်း အနှစ်အသားရှိသည် မဟုတ်ပေ။ အကြောင်းအားဖြင့် ဖြစ်ခြင်းကို သိသောကြောင့် အနတ္တထင်သည်။ ခဏအားဖြင့် ဖြစ်ခြင်းကိုသိသောကြောင့် အနိစ္စလက္ခဏာထင်သည်။ ထို့ကြောင့်ပင် ဒုက္ခလက္ခဏာလည်းထင်သည်ဟု ဆိုပေသည်။

ဆရာတော်သည် လက္ခဏာ၌လည်း အသိမရှင်းကြောင်း သိသာလှပါသည်။ ဤအကြောင်းသည် နောက်မှ ရှင်းပြီးဖြစ်၍ အထူးရှင်းရန် မလိုတော့ပါ။ ဆရာတော်၏ စကားများသည် အပေါ်ယံ ကျလွန်းလှပါသည်။

ဆရာတော်သည် 'ဆိုခဲ့ပြီးဖြစ်သော ထင်ဖွယ်များ ထင်လာလျှင် ရုပ်နာမ်များကို အသစ်ချည်း ဖြစ်လာသည်၊ ဖြစ်လာသော်လည်း ရေ၌ တုတ်ဖြင့်ရေးခြစ်သကဲ့သို့သာ ထင်ပေါ်ကြသည်။ ပျက်တတ်သည်များသာ ဖြစ်သည်။ ဖြစ်တိုင်းပျက်သည်-ဟု မြင်ပေမည်။ ဤသို့မြင်လျှင် ဥဒယဗ္ဗယာနုပဿနာဉာဏ် ရပြီးဖြစ်သည်'-ဟု ပြဆိုပေသည်။

ဤ၌ ဤရသောဉာဏ်သည် အကယ်ဉာဏ်လော၊ ဉာဏ်မဟုတ်သလော-ပေါ်ထွက်ပေတော့သည်။ ထို့ကြောင့် ဤနေရာ၌ ဥပက္ကိလေများကို ထုတ်ပြရပေသည်။ အကယ်၍ ဥပက္ကိလေသအတွင်း ကျနေလျှင် ဤရှုကြည့်မှုသည် အမှားဖြစ်သည်-ဟု ဆိုလိုသည်။

ဆရာတော်သည် ဤသဘောကိုပင် ဤသို့နှလုံးသွင်းသည် မဟုတ်ပေ။ နသောကြောင့် ဥပက္ကိလေသ ထင်သယောင်ယောင် ပြဆိုပေသည်။ ထို့ကြောင့် ဆရာတော်၏ ဥပက္ကိလေသ ဖွင့်ဆိုကိုင်တွယ်ပုံလည်း ချွတ်ချော်ပေသည်။ အကယ်၍ ဥပက္ကိလေသများသည် စိတ္တဇပစ္စည်းများ ဖြစ်ပေသည်။ ကောင်းသောအရာများ မဟုတ်ပေ။

ဆရာတော်သည် ဥပက္ကိလေသများကိုပင် အကောင်းလုပ်၍ အနက်ဖော်ခဲ့သည်။ ဩဘာသ အလင်းရောင်-ဟူသည် အကယ်ထွက်ပေါ်နေသော အလင်းရောင် မဟုတ်ပေ။

ဆရာတော်ကား ဤအလင်းရောင်ကိုပင် ဝိပဿနာအလင်းရောင်ဟု ပြနေပေသည်။ စိတ်သည် အလင်းရောင်ကို ထုတ်လွှတ်နိုင်သည် မဟုတ်ပေ။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဝိပဿနာသည် စိတ်(ဉာဏ်)ဖြစ်သည်။ ထို့ကြောင့် ထိုအလင်းသည် ဝိပဿနာနှင့် ဘာမျှ မဆိုင်ပေ။ ဝိပဿနာသည် ဝိပဿနာမဖြစ်ဘဲ စိတ္တဘာဝနာ ဖြစ်နေသောကြောင့် စိတ္တဇဖြစ်ခြင်းသာ ဖြစ်ပေသည်။

ဤအလင်းရောင်သည် အကယ်ရှိသည် မဟုတ်ပေ။ အကယ်ရှိလျှင် လူတိုင်းပင် ဤအလင်းကို မြင်ရရာပေသည်။ ဤသို့လည်း မြင်ရသည် မဟုတ်ပေ။ ထို့ကြောင့် ဤဝိပဿနုပက္ကိလေသ ဩဘာသသည် အကယ် ဖြစ်ပေါ်လာသောအလင်းရောင် မဟုတ်။ စိတ္တဇအလင်းရောင်မျှသာ ဖြစ်သည်။ စိတ်ကိုပွားလျှင် ဤအလင်းရောင်မျိုး ဖြစ်နိုင်ပေသည်။

ဝိပဿနုပက္ကိလေသဉာဏ်သည်လည်း ဆရာတော်ပြောသော ဝိပဿနာဉာဏ် မဖြစ်နိုင်ပေ။ ဤဉာဏ်သည် အသိသာမန်၏အမည်သာ ဖြစ်သင့်သည်။ စိတ္တဘာဝနာကို ပွားမိသူများသည် တောသိတောင်သိ၊ ဟူးဟူးညားညားအသိများ သိတတ်ပေသည်။ ဝိပဿနုပက္ကိလေသဉာဏ်သည် ဤသို့သောအသိ ဖြစ်ပေသည်။

ဤအသိသည်လည်း စိတ္တဇအသိသာ ဖြစ်ပေသည်။ အကယ်အမှန်အရှိကို သိသည်မဟုတ်ပေ။ တချို့တလေ ကြက်ကန်းဆန်အိုးတိုးသကဲ့သို့ မှန်ကန်ခြင်းသာ ရှိနိုင်ပေသည်။

မြန်မာပြည်၌ ဝိပဿနာပုဂ္ဂိုလ်များသည်-

နတ်များကို သိလိုသိ၊ ပြိတ္တာများကို သိလိုသိ၊ လူအတွင်း၌ လှုပ်ရှားသွားလာနေသော ပိုးမျိုးရှစ်ဆယ်ကို အိမ်သာအတွင်းမှ ပိုးများကိုသိသကဲ့သို့ သိလိုသိ၊ နောက်ဘဝ,နောင်ဘဝများကိုလည်း သိလိုသိ ဖြစ်ကြခြင်းသည်-

ဤသည် ဝိပဿနုပက္ကိလေသဉာဏ်များပင် ဖြစ်ပါသည်။ ဝိပဿနာဉာဏ်နှင့် ဘာမျှ မဆိုင်ပေ။ လမ်းလွဲနေသော ဝိပဿနာကြောင့် သို့မဟုတ် ဝိပဿနာမဟုတ်သည်ကို ဝိပဿနာအဟုတ် ထင်ပြီး ပွားများမိသောကြောင့်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဖြစ်ပေါ်လာသောအရာမျှသာ ဖြစ်ပါသည်။

ပီတိ,ပဿဒ္ဓိ,သုခများလည်း ဝိပဿနာနှင့် ဘာမျှမဆိုင်သော အရာများသာ ဖြစ်ကြပါသည်။ တသိမ့်သိမ့်,တငြိမ့်ငြိမ့်နှင့် ချမ်းမြေ့နေခြင်းများသည် ဝိပဿနာမဟုတ်သည်ကို ဝိပဿနာလုပ်၍ ရှုပွားမိနေသောကြောင့် ထွက်ပေါ်လာသော စိတ္တဇတသိမ့်သိမ့်၊ စိတ္တဇတငြိမ့်ငြိမ့်နှင့် စိတ္တဇ ချမ်းမြေ့နေခြင်းမျှသာ ဖြစ်ပါသည်။

အဓိမောက္ခ,ပဂ္ဂဟ,ဥပဋ္ဌာနများလည်း ဝိပဿနာနှင့် ဘာမျှမဆိုင်ပေ။ အကောင်းတရားများ၏ အမည်များလည်း လုံးလုံးမဟုတ်ပေ။

အဓိမောက္ခသည် ဤ၌ အယူသန်နေခြင်း၏ အမည် ဖြစ်သည်၊

ပဂ္ဂဟသည် ကြွ-နေခြင်း၏ အမည် ဖြစ်သည်၊

ဥပဋ္ဌာနသည် ထ-နေခြင်း၏ အမည် ဖြစ်သည်။

ဤကဲ့သို့ တယူသန် ထနေခြင်း, ကြွနေခြင်းများသည် မှန်ကန်သော သတိ, ဝီရိယ, သဒ္ဓါများနှင့် ဘာမျှပတ်သက်သည် မဟုတ်ပေ။

တကယ်တမ်း ထစရာ၊ ကြွစရာ၊ စိုက်စရာမရှိဘဲ စိတ်ဆန်စွာ ထနေ, ကြွနေ, စိုက်နေခြင်းများ ဖြစ်ပါသည်။ စိတ္တဇဖြစ်နေခြင်း၏ အမည်များပင် ဖြစ်ပါသည်။ ပညာမဟုတ်သည်ကို ပညာလုပ်၍ အားထုတ်မိသောသူတို့ ဖြစ်တတ်သော ဓလေ့များသာ ဖြစ်ပေသည်။

ဥပေက္ခာ,နိကန္တိ ဤအရာများသည် ဝိပဿနာနှင့် မဆိုင်ကြပေ။ ဥပေက္ခာသည် ဆရာတော်ဖွင့်ဆိုသကဲ့ကို့ ဝိပဿနုပေက္ခာ မဟုတ်ပေ။ ဥပေက္ခာသည် မသိခြင်း၏အမည်သာ ဖြစ်ပေသည်။ စိတ္တဘာဝနာကို အားထုတ်သူများသည် ဘာခံစားချက်မျှ အထူးမဖြစ်ဘဲ၊ ဘာမျှလည်းမသိဘဲ ရှိနေတတ်ကြပေသည်။ နိကန္တိသည် တပ်စွမ်းခြင်း ဖြစ်သည်။

ဤအရာများသည် ဆိုခဲ့ပြီးသည်အတိုင်း စစ်မှန်သောသဘောများကို

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

စစ်မှန်သောအတိုင်း ဟုတ်တိုင်းမှန်စွာ ရှုကြည့်သူအား အဘယ်သို့ဖြစ်ပေါ်မည်နည်း။ ပညာလမ်း မဟုတ်သည်ကို ပညာလမ်းလုပ်၍ ကြိမ်ဖန်ထပ်ထပ် ပွားများမိသူများ၌သာ ဤကဲ့သို့သောအရာများ ပေါ်နိုင်ပေသည်။

ဆရာတော်သည် ဤအရာကို ဤသို့ သဘောမထင်ပေ။ ဝိပဿနာပွားသူများ ဥဒယဗ္ဗဉာဏ်ရောက်လျှင် ဤအရာများ ပေါ်နိုင်သည်။ ဤသို့ပေါ်သည်ကိုသာ အလင်းရောင်စသည်ကို အနိစ္စစသည်ဖြစ်ကြောင်း လက္ခဏာတင်ခြင်း၊ ဂါဟခွါခြင်းများပြု၍ တရားမပျံ့အောင် သိမ်းရသည်ဟု ပြပါသည်။

စင်စစ်၌ ဤသို့မဟုတ်ပေ။ ဝိပဿနာအလုပ် မဂ္ဂင်လမ်း-ဟူ၍ သုံးသပ်ပိုင်းခြား ရှုပွားလာသူသည် ဤအဆင့်ရောက်လျှင် မဂ္ဂင်မဟုတ်သော ကုမ္မဂ္ဂင်ဖြစ်က ဤသို့သော ဥပက္ကိလေသများ ဖြစ်ပွား ပေါ်ထွလာမည်။ မဂ္ဂင်လမ်း၊ ပညာစခန်း မှန်ခဲ့က ဤသို့သော ဥပက္ကိလေသများ မပေါ်ဘဲနေမည်။

ဤဥပက္ကိလေသများသည် ပွားများခဲ့သော ပညာစခန်းများ လမ်းမှန်ကျနှင့် မကျကို တက်(စ်)(န္ဓအ-စစ်ဆေး)ပြု၍ ဆုံးဖြတ်ချက်များပေးသောအရာဖြစ်သည်။

လမ်းမှန်လျှင်-သွား၊ လမ်းမှားလျှင်-ပြန်၊ ဤသို့ ဝေဖန်ဆုံးဖြတ်ရခြင်းဖြစ်ပေသည်။ ထို့ကြောင့်သာ ဤဉာဏ်များသည် လမ်းမှား-လမ်းမှန်အမြင်ဉာဏ်ကို ခွဲစရာဉာဏ်များ ဖြစ်ကြကြောင်း ပြဆိုခြင်း ဖြစ်ပေသည်။

ဆရာတော်သည် ပြခဲ့ပြီးသည်မှစ၍ ဤအထိ တလျှောက်လုံးမှားလာခဲ့ပေ

သည်။ သမ္မသန-စသည် မှားသောကြောင့် ဝိပဿနုပက္ကိလေသများသို့ မလွဲမသွေဆိုက်ရပေမည်။ ထိုသို့ဆိုက်သော်လည်း ဝိပဿနုပက္ကိလေသများသည် ဝိပဿနာကြောင့်ဖြစ်သော အရာများ-ဟု ထပ်မှားပေးထားပြန်ပေသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ထို့ကြောင့် အမှားသည် မထင်တော့ပေ။ တစ်ဘက်လည်သွားပြီ ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် ဥပက္ကိလေသများကို နွားမကို ရွှံ့ပိတ်၍ သုံးသပ်ပုံ ပြဆိုထားပေသည်။

ဤမျှဖြင့် ဤဝိသုဒ္ဓိအကျယ်တင်ပြချက် သုံးသပ်ခြင်းကို နိဂုံးချုပ်ပါမည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

# အခန်း(၁၉)

# ကျင့်စဉ်အသိအမြင်၏ စင်ကြယ်ခြင်း အကျယ်ဖွင့် သုံးသပ်ချက်

အခန်း(၁၇)
ကျင့်စဉ်အသိအမြင်၏ စင်ကြယ်ခြင်း အကျယ်ဖွင့် သုံးသပ်ချက်

၆၈။ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်း အဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဝိသုဒ္ဓိမဂ်၏ နှစ်ဆယ့်တစ်ခုမြောက်အခန်း ဖြစ်သော

ကျင့်စဉ်အသိအမြင်၏ စင်ကြယ်ခြင်း အကျယ်တင်ပြချက်ကို သုံးသပ်ရပါမည်။ ဤအကျယ်တင်ပြချက်၌ ဥဒယဗ္ဗယဉာဏ် တစ်စိတ်တစ်ဒေသနှင့် ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဝုဋ္ဌာန ဂါမိနီဝိပဿနာဉာဏ်များကို ပြဆိုပေသည်။
ဥဒယဗ္ဗယဉာဏ် တစ်စိတ်တစ်ဒေသ ဆိုသော်လည်း ပြခဲ့ပြီးသော ဥဒယဗ္ဗယကိုပင် ချုံးပြခြင်း ဖြစ်သည်။ ပြီးခဲ့သောအခန်း၌ (ဥပက္ကိလေသ ပြဆို
ချက်နှင့် ဆက်မိရန်မျှသာ ဖြစ်သည်။

သုံးသပ်ချက်၌လည်း ပြီးခဲ့သောအခန်း၌) ဥပက္ကိလေသအပေါ် သဘောထားမမှန်ကြောင်း ပြခဲ့သည်။ ဤ၌လည်း ဤအတိုင်းပင် မှတ်ရပါမည်။ ဥဒယဗ္ဗယကို ပြန်၍ရှုရသည်မှာ ရှေးကရှုကြည့်ခဲ့သော ဥဒယဗ္ဗယ မမှန်ဖြစ်ပြီး ဥပက္ကိလေသများ ဖြစ်ပွားနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤဥပက္ကိလေသနောက်၌ ပြန်၍ရှုရသော ဥဒယဗ္ဗယသည် အသစ်-ဥဒယဗ္ဗယ မဟုတ်၊ ဥပက္ကိလေသမဖြစ်မီက ဥဒယဗ္ဗယပင်။

ဆရာတော်သည် ဥဒယဗ္ဗယဉာဏ်အတွက် ရုပ်,နာမ်တို့၏ တစ်ခုနှင့်တစ်ခု အတူသဘောထင်ပုံ, ပျောက်ပုံကို ပြပေသည်။

အနိစ္စကို သန္တတိပညတ်ဖုံးသည်။
ဒုက္ခကို ဣရိယာပုထ်ဖုံးသည်။
အနတ္တကို ဃနဖုံးသည်ဟူ၍ ဖြစ်သည်။
(ယင်းတို့ကိုဖွင့်လျှင် အနိစ္စ-စသည် ထင်သည်-ဟူ၍ ဖြစ်သည်)။

ဤစကားသည် အကယ်မှန်သည် မဟုတ်ပေ။ ဤစကားဆိုသူသည် အနိစ္စ-စသည်၏ အနက်ကို မထင်သူသာ ဖြစ်ပေသည်။ ဤစကားသည် အရိယသစ္စ

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

စကား မဟုတ်ပေ၊ ပရမတ္ထသစ္စ စကားသာ ဖြစ်ပေသည်။ သန္တတိ, ဣရိယပုထ်, ဃန-ဤအရာများကို ဖွင့်ကြည့်၍ တွေ့သိရသော (အနိစ္စ,ဒုက္ခ,အနတ္တသည်-

(ပရမတ် အနိစ္စ၊ ပရမတ် ဒုက္ခနှင့်၊ ပရမတ် အနတ္တ-များသာ ဖြစ်သည်။ အရိယသစ္စ အနိစ္စ၊ ဒုက္ခနှင့် အနတ္တများ မဟုတ်-ဟု ဆိုလိုပါသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တသည်-

သမုတိ အနိစ္စ,ဒုက္ခ,အနတ္တ၊

ပရမတ္ထ အနိစ္စ,ဒုက္ခ,အနတ္တနှင့်

အရိယသစ္စ အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ သုံးမျိုးရှိနိုင်ပေသည်။

လူကောင်၊ခွေးကောင်နှင့် တောတောင်ရေမြေ-ဟူသော သမုတိ တရားများ

၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းသည် သမုတိသစ္စ အနိစ္စ, ဒုက္ခ,အနတ္တ ဖြစ်ပါသည်။

ပရမတ်တရား, ဓါတ်ခုနစ်ဆယ့်နှစ်ပါးတို့၏ ဖြစ်ပြီး၍ပျက်ခြင်း မရဏ သဘောစသည်-သည် ပရမတ် အနိစ္စ-စသည် ဖြစ်ပါသည်။ (ဆိုခဲ့ပြီးသော စကား များအတိုင်း) ပုညာပုည အာနေဉ္ဇ သင်္ခါရတရားများ၏ (အချိန်သုံးမျိုး၊ နေရာ လေးမျိုး၊ ပယောဂလေးမျိုး မရှိခြင်းများ ဖြစ်ပါသည်)။

သန္တတိအဖုံးခံရ၍ ပျောက်ကွယ်သည်-ဟူသော အနိစ္စသည် 'ပရမတ္ထ သစ္စအနိစ္စ'သာ ဖြစ်ပါသည်။ ဣရိယာပုထ် အဖုံးခံရ၍ ပျောက်ကွယ်သည်-ဟူ သော ဒုက္ခသည် 'ပရမတ္ထသစ္စ ဝေဒနာဒုက္ခ'-သာ ဖြစ်ပါသည်။ ဃနအဖုံးခံရ၍ ပျောက်နေသော အနတ္တသည် 'ရုပ်ပရမတ္ထသစ္စအနတ္တ'-သာ ဖြစ်ပါသည်။

ဆရာတော်သည် ဆက်၍ လက္ခဏာတို့၏ အနက်များကိုလည်း ယခင် ပြခဲ့သည့်အတိုင်း ပြပြန်ပါသည်။ ပရမတ်အနိစ္စ-စသော လက္ခဏာများမျှသာ ဖြစ်ကြပါသည်။ ဤမျှဖြင့် ဥဒယဗ္ဗယတစိတ်တဒေသပြဆိုချက်ကို သုံးသပ်ခြင်း

ပြီးပါပြီ။

၆၉။ ဘင်ဉာဏ် အဖွင့် သုံးသပ်ချက်

ဆရာတော်သည် ဆက်လက်၍ ဘင်ဉာဏ်ကို ပြဆိုပါသည်။ ရုပ်နာမ်များကို အနိစ္စ-စသည်ဖြင့် အထပ်ထပ်စူးစမ်းလျှင် ဉာဏ်တက်လာပေသည်။ ထို့ကြောင့် သင်္ခါရများသည် လျင်စွာ ထင်လာပေသည်။ ဤသို့ထင်ခြင်းကြောင့် ဖြစ်ခြင်း,တည်ခြင်း အလျင်သဘော ဖြစ်ခြင်း၊ သဏ္ဌာန်နိမိတ် ထင်ခြင်းများ မဖြစ်တော့ဘဲ ကုန်ပျောက်, ချုပ်ပျက်ခြင်းသာ သတိ တည်နေပေသည်။ ဤအမြင်သည် 'ဘင်ဉာဏ်'ဖြစ်ခြင်း ဖြစ်သည်။

ဆရာတော်၏ ဘင်ဉာဏ်ပြဆိုချက်သည် ရုပ်,နာမ်တို့၏ ဥပါဒ်,ဌီ,ဘင်ကို အရှုသန်၍ ဉာဏ်တက်လာသောကြောင့် ဥပါဒ်,ဌီများကို ကျော်လွှား၍ 'ဘင်'ကို မြင်နေခြင်းဟု အဓိပ္ပါယ်ရပေသည်။ ဤအကြောင်း ပဋိသမ္ဘိဒါမဂ် ပါဠိမှစကားကို ဖွင့်ပြခြင်းဖြင့် ပြီးစေပေသည်။

ဆရာတော် စကားသည်လည်းကောင်း၊ အဖွင့်သည်လည်းကောင်း အမှန်ဖြစ်ရန်အကြောင်း မရှိပေ။ အကြောင်းကို ဆိုပါမည်-

ရုပ်၏ဘင်ကို မြင်နိုင်သည်ဆိုလျှင် ရှိပါစေမည်။ စိတ်၏ဘင် သို့မဟုတ် နာမ်တရားတို့၏ဘင်ကို အဘယ်သို့ မြင်မည်နည်း၊ အဘယ်ဖြင့် မြင်မည်နည်း။

စိတ်သည် တစ်ချိန်အတွင်း၌ နှစ်ခုဖြစ်ကောင်းသည် မဟုတ်ပေ၊ စိတ်တစ်ခုသည် စိတ်တစ်ခုပျက်ပြီးမှသာ ဖြစ်ခွင့်ရှိသည်။ ရှေးကစိတ်၏ ဘင်ကို နောက်စိတ်ဖြင့် မြင်သည်ဆိုလျှင် နောက်စိတ်ဖြစ်ပေါ်ချိန်၌ အမြင်ခံရန်အတွက် ရှေ့စိတ်၏ ဘင်သည် ရှိနေရပေဦးမည်။ ဤသို့လည်း ရှိနေနိုင်သည် မဟုတ်ပေ။

စင်စစ်၌ နောက်စိတ်သည် ရှေ့စိတ်ဥပါဒ်ကိုလည်းကောင်း၊ ဌီကိုလည်းကောင်း၊ ဘင်ကိုလည်းကောင်း ဘာမျှ မြင်နိုင်ခြင်းရှိသည် မဟုတ်ပေ။ ထို့ကြောင့် နာမ်တရားများ၏ ဥပါဒ်,ဌီ,,ဘင်ကို ဘယ်သူမျှ မြင်နိုင်ခြင်း မရှိပေ။ ထို့ကြောင့်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆရာတော်၏ ဘင်္ဂဉာဏ်ပြဆိုချက်သည် အချည်းနှီးသာ ဖြစ်ပေသည်။ စစ်မှန်သော ဘင်္ဂဉာဏ်ပြဆိုချက်သည် ဤသို့သာ ဖြစ်သင့်ပေသည်-
'ပုညာပုည အာနေဉ္စတရားတို့၏ အပျက်ကိုသိခြင်းသာ ဖြစ်ပါသည်၊'

[ချန်ထားသောစာများ ဖော်ပြစ-(ရုပ်နာမ်များကို ပစ္စယသမဝါယ တရားများအဖြစ်သာ ဖြစ်ကြောင်း၊ ယင်းရုပ်နာမ်များ၌ ကာလ၊ ဌာန၊ ပယောဂများ မရှိသောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကြောင်း ရှုမြင်သူသည်-

အစ၌ ရုပ်နာမ်များ ဥပ္ပါဒအဖြစ် ရောက်ခြင်းကိုလည်း သိသည်၊ ပစ္စယသမဝါယဖြစ်၍ အနိစ္စ-စသည် ဖြစ်သည်ကိုလည်း သိသည်၊ ဤသို့ နှစ်သိနှစ်မြင်ဖြင့် မြင်နေပေမည်။

ဤသို့ ဖြစ်နေရာမှ ဥပ္ပါဒအဖြစ်သို့ ရောက်လာတိုင်းသော ရုပ်နာမ်တို့အား ပစ္စယသမဝါယသဘောကို ရှုကြည့်သိမြင်ဖန်များသောကြောင့် ရုပ်နာမ်များ ဥပ္ပါဒအဖြစ်ရောက်ပုံကို သတိမထင်တော့ဘဲလျက် ရုပ်နာမ်တို့၏ ပစ္စယသမဝါယသဘောသာလျှင် အာရုံပြု သတိဝင် ထင်မြင်လာတော့ခြင်း ဖြစ်သည်။

ဤသို့ ထင်နေခြင်းသည် ရုပ်နာမ်တို့၏ အပျက်ဘင်္ဂကို မြင်နေခြင်း ဖြစ်ပါသည်။ ဤအမြင်သည် ဉာဏ်ဖြင့်မြင်ခြင်း ဖြစ်သောကြောင့် ဤဉာဏ်သည် ဘင်္ဂဉာဏ် ဖြစ်ပါသည်။ ဥပ္ပါဒအဖြစ် ရောက်ခြင်းကိုလည်းကောင်း၊ ရုပ်နာမ်တို့၏ ပစ္စယသမဝါယ သဘောကိုလည်းကောင်း၊ နှစ်ပါးစုံ မြင်သော အမြင်သည် ရုပ်နာမ်တို့၏ ဥပ္ပါဒနှင့် ဝယကို မြင်ခြင်း ဖြစ်ပါသည်။ ဤအမြင်သည် သညာ၊ ဝိညာဉ် အမြင်များမဟုတ်၊ ဉာဏ်အမြင်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဤဉာဏ်သည် ဥဒယဗ္ဗယဉာဏ် ဖြစ်ပါသည်။)-ဆုံး]

ဤမျှဖြင့် ဘင်္ဂဉာဏ်ပြဆိုချက်အား သုံးသပ်ချက် ပြည့်စုံပါပြီ။

## ၇၀။ ဘယဉာဏ် အဖွင့် သုံးသပ်ချက်

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဆက်လက်၍ ဘယညာဏ်ပြဆိုချက်ကို သုံးသပ်ပါမည်။ ဆရာတော်သည် ဘယညာဏ်ကို ဤသို့ပြဆိုပါသည်။ ဘင်ညာဏ်ကို ပွားဖန်များသောအခါ အားလုံးသော ဘဝ,ယောနိ,ဂတိ,ဝိညာဏဋ္ဌိတိ,သတ္တဝါသတို့၌ သင်္ခါရတို့သည် ကြောက်ဖွယ်ဟု ထင်လာသည်။ အတိတ်သင်္ခါရများသည် ချုပ်ခဲ့ပြီ၊ ပစ္စုပ္ပန်သင်္ခါရများလည်း ချုပ်နေကြဆဲ၊ အနာဂတ်သင်္ခါရများသည် မချွတ် ချုပ်ကြမည်သာဖြစ်သည်၊ ဤ ကြောက်ဖွယ်အမြင်ဖြစ်သည်-ဟူသတည်း။

ဤညာဏ်၌လည်း ပဋိသမ္ဘိဒါမဂ် စကားတချို့ကို ကူးပြပါသေးသည်။ ဤစကား၏ အဖွင့်လည်း မမှန်ပါ။ ဆရာတော်ပြသော ဘယညာဏ်လည်း မမှန်ပါ။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်၏ ဘယညာဏ်သည် 'ဘေး'-ဟု သိခြင်းမျှသာမက ကြောက်ခြင်းပင် ဖြစ်ပါသည်။ညာဏ်မျှသာဖြစ်ကြောင်း၊ မကြောက်ကြောင်း
ကိုကား ဆရာတော်ရှင်းပါသည်။ ဥပမာများဖြင့်ပင် ရှင်းပါသည်။

ဥပမာများလည်း ဥပမေယျနှင့် မဟပ်ပါ။ သင်္ခါရပေါ်နေရလျက် သင်္ခါကို 'ဘေး'-ဟုမြင်လျှင် ကြောက်ရမည်သာမလွဲ ဖြစ်ပါသည်။ မီးကျီးတွင်းဆင်းရဲအကြောင်း မရှိသူက မီးကျီးတွင်းမြင်ခြင်း၌ မကြောက်ပုံသာ ဥပမာပေးထားပါသည်။ မီးကျီးတွင်း အချခံရမည့်သူက သို့မဟုတ် မီးကျီးတွင်း၌ ကျရောက်နေသူက မီးကျီးတွင်းကိုမြင်လျှင်ကား ဘေးဟုသိရုံမက ကြောက်ခြင်းလည်း မလွဲမသွေ ဖြစ်ရပေမည်။ ထို့ကြောင့် ဆရာတော်၏ ပမာနှင့်ပမေသည် မဟပ်မိဘဲ ရှိနေပါသည်။

ဘယညာဏ်ဖြစ်သူ ကိုယ်တိုင်သည် သင်္ခါရပေါ်မှာ ရပ်နေသူ ဖြစ်ပါသည်။ ထို့ကြောင့် ထိုညာဏ်သည် ညာဏ်မဖြစ်ဘဲ ကြောက်ခြင်းသာ ဖြစ်ပါမည်။ ထို့ကြောင့် ဆရာတော်၏ ဘယညာဏ်အဖွင့်သည် မှန်ကန်သောအဖွင့် မဟုတ်ပါ။

စစ်မှန်သောဘယညာဏ်သည် ဤသို့သာ ဖြစ်ပါသည်-

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

'သင်္ခါရတရားများသည် ကာလ,ဌာန,ပယောဂမဲ့သော တရားများသာ ဖြစ်ပါသည်။ ဤသည်ကို မသိမမြင်ဘဲ ကာလရှိ အဖြစ်၊ ဌာနရှိ အဖြစ်၊ ပယောဂရှိ အဖြစ် မှားယွင်းစွာ သုံးသပ်မိနေကြသည်။

ကာလရှိအဖြစ် သုံးသပ်လျှင် နိမိတ်များ ထွက်ပေါ်လာမည်။ ဌာနရှိ-ဟု သုံးသပ်လျှင် ပဝတ္တများ ပေါ်ထွက်လာမည်။ ပယောဂရှိ-ဟု သုံးသပ်လျှင် ပဏိဟိတများ ပေါ်ထွက်လာမည် ဖြစ်သည်။ ဤသို့ပေါ်ထွက်လျှင် ဆင်းရဲတရားများ ယိုစီး၍လာကြပေမည်။ ထို့ကြောင့် သင်္ခါရတရားများသည် ကြောက်ဖွယ် ဖြစ်သည်။

ဟုတ်ပါသည်။ သင်္ခါရတရားများသည် (ပစ္စယသမဝါယ အဖြစ်တည်းဟူသော ဝိသင်္ခါရအဖြစ် သို့မဟုတ်) အနိစ္စ,ဒုက္ခ,အနတ္တ အဖြစ်များ ဖြစ်နေသည်။ ဤသို့ သင်္ခါရသာဖြစ်နေလျှင် အနိစ္စဖြစ်မည်၊ သုခ,အတ္တ ထင်နေမည်။ ဤသို့ ဖြစ်လျှင် ဤသင်္ခါရများသည် နိမိတ္တ,ပဏိဟိတ,ပဝတ္တများ ဖြစ်လာမည်။ ဤသို့ ဖြစ်လျှင် သမုဒယများ ဝင်လာမည်၊ဒုက္ခများ ဖြစ်တော့မည်။ ထို့ကြောင့် ဤသင်္ခါရများသည် ကြောက်ဖွယ်စစ်စစ်များ ဖြစ်ပေသည်။

ဤဘယဉာဏ်သည် ထောင်အချုပ်မှလွတ်သူက ထောင်အချုပ်၌ ခံစားရသည်များကို ကြောက်ဖွယ်အဖြစ် မြင်ခြင်း ဖြစ်ပေသည်။

ဤဆိုခဲ့ပြီးသည်သာ ဘယဉာဏ်၏ စစ်မှန်သောအဖွင့် ဖြစ်ပေသည်။ ဤအဖွင့်သည်သာ ပဋိသမ္ဘိဒါမဂ်ပါဠိနှင့်လည်း ကိုက်ညီပေသည်။ ဆရာတော်၏ ဘယဉာဏ်အဖွင့်သည် ရမ်းတမ်းစမ်းတမ်း အဖွင့်မျှသာ ဖြစ်ပေသည်။

၇၁။ အာဒီနဝဉာဏ် အဖွင့် သုံးသပ်ချက်

ဆက်လက်၍ အာဒီနဝဉာဏ်ကို သုံးသပ်ပါမည်။ ဆရာတော်သည်

အာဒီနဝဉာဏ်ကို ဤသို့ပြဆိုပေသည်-

'ဘင်္ဂ,ဘယဉာဏ်တို့ကြောင့် သင်္ခါရအားလုံးတို့ကို ကြောက်ဖွယ်ဟု ထင်လျှင် ပတ်ဝန်းကျင် ဝဲ,ယာတစ်ခုလုံး အနှစ်သာရမရှိ အပြစ်ချည်းသာဖြစ် သည်ဟု အသိအမြင်ဖြစ်သည်။ ဤအမြင်သည် အာဒီနဝဉာဏ်ဖြစ်သည်ဟု ပြပေသည်။

ဆက်လက်၍ ပဋိသမ္ဘိဒါမဂ် ပါဠိစကားများကို ကူးပြပေသေးသည်။ ယင်းစကား၏ အဖွင့်များသည်ကား အမှားမှားအယွင်းယွင်း ဖြစ်ပေသည်။ ဆရာတော်၏ အာဒီနဝဉာဏ်ပြဆိုချက်သည် ဘယဉာဏ်ပြဆိုချက်အတိုင်းပင် မှားပေ သည်။ ဤဉာဏ်နှစ်ခုသည် အနုနှင့်အရင့်မျှသာ ခြားပေသည်။ သဘောများစွာ မခြားလှပေ။ ဉဒယဗ္ဗယနှင့်ဘင်္ဂကဲ့သို့ ဖြစ်သည်။

ဘယဉာဏ်ကို ပထျာဖြန့်၍ ကြည့်သောကြောင့် သိမြင်သော အသိအမြင် သည် အာဒီနဝဉာဏ် ဖြစ်ပေသည်။ ဘယဉာဏ်သည် သင်္ခါရတစ်စိတ်ကိုသာ အပြစ်မြင်ခြင်း ဖြစ်ပါသည်။ အာဒီနဝဉာဏ်ကား သင်္ခါရအလုံးစုံကို အကုန်အနှံ့ အပြစ်မြင်ခြင်း ဖြစ်ပါသည်။ မဖြစ်ပေါ်လာသေးသော သင်္ခါရအထိ ရယူခြင်းထက် ပေးဆပ်ခြင်းသည်သာ များသည်ဟု သိမြင်ခြင်း ဖြစ်ပေသည်။

(ဤမျှဖြင့် အာဒီနဝဉာဏ်သုံးသပ်ချက် ပြီးပါမည်)။

၇၂။ နိဗ္ဗိဒါဉာဏ် အဖွင့် သုံးသပ်ချက်

ဆက်လက်၍ နိဗ္ဗိဒါဉာဏ်ဖွင့်ဆိုချက်ကို သုံးသပ်ပါမည်။ဆရာတော် သည် ဤဉာဏ်ကို ဤသို့ဖွင့်ဆိုထားပါသည်-

'သင်္ခါရတို့ကို အပြစ်အားဖြင့်ရှုသောသူသည် သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဟိမဝန္တာတောင်ထွဋ်၌နေသော ဟင်္သာသည် သူတောင်းစားရွာအနီးမှ ရေအိုင်၌

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

မပျော်မွေ့သကဲ့သို့ ဖြစ်သည်။ ဘာဝနာ၌သာပျော်မွေ့နေသည်’-ဟူ၍ ဖြစ်သည်။

ဤအဖွင့်လည်း မမှန်ပေ။ ဉာဏ်သည် ပျင်းမုန်းသည်ဟု ဆိုနိုင်ရမည်လော။ ပျင်းမုန်းခြင်း၊ ငြီးငွေ့ခြင်းသည် ဉာဏ်ဖြစ်ခွင့်ရှိပါသလော။ထို့ပြင် သင်္ခါရတို့၌ မမွေ့ဟု ဆိုလျက် ခုနစ်ပါးသော အနုပဿနာတို့၌ မွေ့သည် ဆိုပြန်သည်။ ဤသည်လည်း သင်္ခါရပင် မဟုတ်ပါလော။

စစ်မှန်သောနိဗ္ဗိဒါဉာဏ်သည် ဤသို့ဖြစ်ပေသည်-

‘နိဗ္ဗိဒါဉာဏ်သည် သင်္ခါရတို့၌ငြီးငွေ့သောဉာဏ် မဟုတ်ပေ။ ဆိုခဲ့ပြီးသည့်အတိုင်းပင် ငြီးငွေ့သည်မှာ ဉာဏ်ပင်မဟုတ်ပေ။

‘အာဒီနဝဉာဏ်အပွားသန်သောကြောင့် အပြစ်ကင်းသော

သင်္ခါရဟူ၍ တစုံတရာ ရယူ၍မဖြစ်ကြောင်း သိသောအသိ-သာ ဖြစ်ပါသည်။ ဤအသိအမြင်သည် ဉာဏ်သိဉာဏ်မြင် ဖြစ်ပါသည်။

ထို့ကြောင့် ဤဉာဏ်သည် နိဗ္ဗိဒါဉာဏ်ဖြစ်ပါသည်။

သင်္ခါရတရားဟူ၍ အကောင်းတစုံတရာ ရယူစရာမရှိဟု သင်္ခါရတရားများကိုသိသော အသိအမြင် ဖြစ်ပါသည်။ ဤအသိအမြင်သည် ဉာဏ်ဖြစ်သောကြောင့် နိဗ္ဗိဒါဉာဏ် ဖြစ်ပါသည်။

၇၃။ မုစ္စိတုကမျတာဉာဏ် အဖွင့် သုံးသပ်ချက်

ဆက်လက်၍ မုစ္စိတုကမျတာဉာဏ်အဖွင့်ကို သုံးသပ်ပါမည်။ ဆရာတော်သည် ဤဉာဏ်ကို ဤသို့ပြဆိုပါသည်-

‘နိဗ္ဗိဒါဉာဏ်ကို ရှုဖန်များလတ်သော် အပြစ်မဲ့သင်္ခါရတရားဟု မရနိုင်၍ ယင်းသင်္ခါရတို့မှ လွတ်ခြင်းငှာ အလိုရှိခြင်းသည် မုစ္စိတုကမျတာဉာဏ်ဖြစ်သည်’။ ဤသို့ ပြဆိုပေသည်။ အလမ္ပါယ်လက် ရောက်သောမြွေကဲ့သို့ လွတ်လိုခြင်းဖြစ်

သည်ဟု ဆိုပေသည်။

လွတ်လိုခြင်းသည် ဉာဏ် အဘယ်သို့ဖြစ်မည်နည်း။ စင်စစ်၌ သင်္ခါရတို့မှ လွတ်လိုခြင်းသည် မုစ္စိတုကမျတာဉာဏ် မဟုတ်ပေ။

'အပြစ်မဲ့ မရှိသော သင်္ခါရတရားတို့ကို ရှာဖွေမရဖြစ်သော ဉာဏ်ကို ပွားဖန်များသောကြောင့် ပွားသူ၌ ထိုအပြစ်မဲ့ဟူ၍မရှိသော သင်္ခါရတို့မှ လွတ်လိုသောသဘောသည် ဖြစ်ပေါ်လာပေသည်။

ဤသို့ ဖြစ်ပေါ်လာသော သဘောကို သိရှိခြင်းသည်သာလျှင် 'မုစ္စိတုကမျတာဉာဏ်'- ဖြစ်ပေသည်။'

ဤမျှ အပြစ်မဲ့သည်-ဟူ၍ ရှာမရသော သင်္ခါရတရားတို့မှ လွတ်အောင် လုပ်သင့်သည်-ဟူသော အသိဉာဏ်ဖြစ်အောင် လုပ်သည်များလည်း မုစ္စိတုကမျတာ

ဉာဏ် ဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။

မုစ္စိတုကမျတာဉာဏ်သည် ဤသို့သာဖြစ်ရမည်။ မြွေပါးစပ်မှ ဘား၏ လွတ်မြောက်လိုခြင်းသည် ဉာဏ် မဖြစ်နိုင်ပါ။

၇၄။ ပဋိသင်္ခါဉာဏ် အဖွင့် သုံးသပ်ချက်

ပဋိသင်္ခါဉာဏ်အဖွင့်ကို ဆက်လက်၍ သုံးသပ်ပါမည်။ ဆရာတော်သည် ဤဉာဏ်ကို ဤသို့ပြဆိုပါသည်-

'သင်္ခါရတရားတို့ကို အနိစ္စစသည်ဖြစ်ပုံ အမျိုးမျိုးအားဖြင့် ရှုပွားသုံးသပ်ရမည်။ ဤသို့ရှုပွားလျှင် ပဋိသင်္ခါဉာဏ်ဖြစ်တော့သည်'-ဟု ပြဆိုပေသည်။

အဘယ့်ကြောင့် ဤသို့ သင်္ခါရများကို သိမ်းဆည်းရကြောင်းလည်း ပြပေသေးသည်။ အနိစ္စစသည်များ၏ အနက်များလည်း ရှေးကအတိုင်းပင် ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

စင်စစ်၌ ဤသို့မဟုတ်ပေ။ (ရုပ်နာမ်သင်္ခါရတို့၏ တစ်ဆယ့်တစ်ပါးသော အပြားမဲ့သည်၏ အဖြစ်သည် မပျောက်မပျက်တော့ပေ။ ထို့ကြောင့်) အနိစ္စ-စသည်၌ ရှုကြည့်ဖွယ်မရှိတော့ပေ။ ထို့ကြောင့် ဤဉာဏ်၌ အနိစ္စစသည်ကို ပြန်၍ သုံးသပ်ရန် မလိုပေ။ ဤဉာဏ်၌ ပြုလုပ်ရမည်ကား-

'သင်္ခါရတို့၏ (ဆယ့်တစ်ထွေအပြားကြောင့်) ဖြစ်ပေါ်တတ်သော ဘေးဘျမ်းကို တဖန်ထပ်၍ ပြန်ဖော် စူးစမ်းရန်သာ လိုပေသည်၊ (တစ်ဆယ့်တစ်ထွေ မပြားအောင် ရှုမြင်ခြင်းကြောင့် ရသောအကျိုး နှင့် ပြားအောင်ရှုမြင်ခြင်းကြောင့် ဖြစ်သောအပြစ်ကို ခွဲလှစ်)စိတ်ဖြာ၍ အဖန်ဖန်အထပ်ထပ် စူးစမ်းခြင်းဖြစ်သည်'။

ယင်းသို့ စူးစမ်းသောအသိသည် ဉာဏ်ဖြစ်သည်။ ထို့ကြောင့် ဤဉာဏ်သည် ပဋိသင်္ခါဉာဏ် ဖြစ်ပေသည်။ ပဋိသင်္ခါဉာဏ်ကို ဤသို့မှတ်ရပေမည်။ ပဋိသမ္ဘိဒါစကားနှင့်လည်း ဤသို့မှ ညီပေသည်။ ဆရာတော့်အဆိုသည် မညီပေ။

၇၅။ သင်္ခါရုပေက္ခာဉာဏ် အဖွင့် သုံးသပ်ချက်

သင်္ခါရုပေက္ခာဉာဏ် ဖွင့်ပြချက်ကို ဆက်၍သုံးသပ်ပါမည်။ ဆရာတော်သည် ဤဉာဏ်အဖွင့်ကို အကျယ်တဝံ့ ပြဆိုပေသည်။ ဤပြဆိုချက်၌ ဤဉာဏ်ဖြစ်ပေါ်ပုံမျှသာမကဘဲ ဤဉာဏ်ဖြစ်ပေါ်ပုံ ပြဆိုချက်နှင့်အတူ အရိယာမဂ်၏ ဗောဇ္ဈင်အထူး၊ မဂ္ဂင်အထူး၊ ဈာနင်အထူး၊ ပဋိပဒါအထူး၊ ဝိမောက္ခအထူးများ-ဤဉာဏ်ဖြင့် ကိန်းသေမှတ်ပုံများကိုလည်း ပြဆိုပေသည်။

ဤသုံးသပ်ချက်ကား ဉာဏ်ဖြစ်ပေါ်ရုံမျှကိုသာ သုံးသပ်မည် ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်၏ ပင်မအကြောင်းသည် ဉာဏ်ဖြစ်ပေါ်ပုံ အတွင်းမှာသာ တည်ရှိသောကြောင့် ဖြစ်ပါသည်။ ကြွင်းသောပြဆိုချက်များကိုကား မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မသုံးသပ်တော့ဘဲ ထားခဲ့မည်ဖြစ်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဆရာတော်သည် သင်္ခါရုပေက္ခာဉာဏ်အဖွင့်ကို ဤသို့ပြဆိုပါသည်-

'သင်္ခါရဓမ္မတို့သည် အတ္တမှဆိတ်၏ဟု တစ်ပါးသော အဖို့အားဖြင့် ရှေးဦးစွာ သုံးသပ်ရမည်။ နောက်မှ သင်္ခါရများသည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းသည်'-ဟု အဖို့နှစ်ပါးဖြင့် သုံးသပ်ရမည်။

ထို့ပြင် အဖို့လေးပါးအားဖြင့် ဤသို့ရှုရမည်ဟု ပြပေသေးသည်-

'ငါဟူ၍ ဘယ်မှာမျှ မရှိ။ ငါ့ကြောင့် သူတပါးတို့မှာ ကြောင့်ကြဖွယ်လည်း မရှိ။ သူတပါးဟူ၍လည်း မရှိ။ သူတပါးကြောင့် ကြောင့်ကြရဖွယ်လည်း မရှိ-ဟူ၍ ဖြစ်ပေသည်။ ဤသို့ပင် ခြောက်ဖို့ ရှစ်ဖို့ ဆယ်ဖို့ ဆယ့်နှစ်ဖို့ လေးဆယ့်နှစ်ဖို့ တို့ဖြင့် ရှုကြည့်ရန်လည်း ပြပေသေးသည်။

ဤသို့ရှုသူသည် သင်္ခါရတို့၏ ကြောက်ခြင်း,မက်မောခြင်းကို ပယ်၍ လျစ်လျူသဘော ဖြစ်လာမည်။ မယားကို မယားဟု အသိအမှတ်ပြုလျှင် အမြင်မတော်တွေ့လျှင် စိုးရိမ်သော်လည်း စွန့်လွှတ်ပြီးနောက်၌ မစိုးရိမ်တော့သကဲ့သို့ လျစ်လျူဖြစ်လာသည်။

ဤသို့ဖြစ်သောသူသည် ဘဝ,ယောနိ,ဂတိ, ဝိညာဏဋ္ဌိတိ,သတ္တာဝါသတို့၌ တွန့်ရှုံ့ ဆုတ်နစ်၏၊ မပျံ့လွင့်တော့ပေ။ လျစ်လျူရှုခြင်း၊ စက်ဆုပ်ခြင်းများ၌ ကောင်းစွာ တည်ပေတော့သည်။ မီးနှင့်တွေ့သော ဆံပင်မွေးကဲ့သို့ တွန့်ရှုံ့ဆုတ်နစ်သည်။ ဤသို့ဖြစ်သောသူသည် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ခြင်းပင် ဖြစ်သည်။ ဤသို့ ပြဆိုပေသည်။

(ဤပြဆိုချက်များသည် သင့်မြတ်ပါသလော)။ ဤပြဆိုခဲ့ချက်၌ အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ပုံနှင့် ဖြစ်ပေါ်အောင် ရှုပုံများ ဖြစ်ပါသည်။ ဘဝ,ယောနိစသည်ကို စက်ဆုတ်ခြင်း၊ လျစ်လျူရှုခြင်း၊ တွန့်ရှုံ့ခြင်း၊ ဆုတ်နစ်ခြင်းများသည် ဉာဏ်ဖြစ်ပါသလော။ ဉာဏ်သည် ဤသို့ပင် စက်ဆုတ်ပါသလော။ လျစ်လျူရှုခြင်းသည် ဉာဏ်ဖြစ်ပါသလော။ သင်္ခါရုပေက္ခာဉာဏ် ဖြစ်

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ပေါ်ပုံပြစကားအတွက် ဤပြဿနာကို မေးအပ်ပါသည်။

ထို့ပြင် သင်္ခါရတို့ကို အတ္တ, အတ္တနိယများမဟုတ်-ဟု အထပ်ထပ်ရှုရန် ပြဆိုချက်သည် သင်္ခါရတို့ကို အတ္တ, အတ္တနိယမဟုတ်ဟုမြင်ရန် ဖြစ်စေနိုင်သော အသိပေးချက် ပညာစကား ဖြစ်နိုင်ပါသလော။ ဤပြဿနာကို သင်္ခါရုပေက္ခာ ဉာဏ်ဖြစ်အောင် ရှုပုံပြစကားများအတွက် မေးအပ်ပါသည်။

ဆရာတော်ပြောသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံသည် ဉာဏ်ဖြစ်ပုံနှင့် လည်း မတူဘဲ ရှိပါသည်။ ဉာဏ်သည် ထိုးထွင်း၍သိခြင်းသာ ဖြစ်ပါသည်။

(စက်ဆုတ်ခြင်းသည် ဉာဏ်မဖြစ်နိုင်ပါ)။ စက်ဆုတ်ခြင်း(သည် ဒေါမနဿ)

ဖြစ်ခြင်းသာ ဖြစ်နိုင်ပါသည်။

ထို့ပြင် လျစ်လျူရှုသဘောဖြစ်ခြင်းသည်(လည်း ဉာဏ်မဖြစ်နိုင်ပါ၊ လျစ်လျူသဘော ဖြစ်ခြင်းသည်) မောဟသဘောသာ ဖြစ်နိုင်ပါသည်။

ဆရာတော်သည် သင်္ခါရုပေက္ခာ၌ ဥပေက္ခာသဘောကို အဉာဏအနက်မျိုး ဖွင့်လိုနေပါသည်။ ဆရာတော်ဖွင့်ပြသော လျစ်လျူအနက်သည် 'မသိခြင်း' အဓိပ္ပါယ်ထက် မပိုသောကြောင့် ဖြစ်ပါသည်။ ဟုတ်ပါသည်။ ဆရာတော်၏ လျစ်လျူ-သည် တခြားအနက် မထင်ပါ။

ထိုထိုသော ဘဝ,ယောနိ,ဂတိ,ဝိညာဏဋ္ဌိတိ,သတ္တာဝါသများ၌ မအောက်မေ့ နှလုံးမသွင်းဘဲနေခြင်း ဟူသည်ထက် အဓိပ္ပါယ်ပေါ်အောင် ဖော်စရာမရှိ ဖြစ်နေပါသည်။

ဤအရာများ၌ မအောက်မေ့ဘဲနေခြင်း၊ နှလုံးမသွင်းဘဲနေခြင်းသည် အသိ ဖြစ်နေခြင်းလော၊ အသိမဲ့နေခြင်းလော။ မအောက်မေ့ဘဲနေခြင်းသည် ဘယ်သို့ အသိရှိနေခြင်း ဖြစ်နိုင်မည်နည်း။ ဤသို့ပင် သင်္ခါရုပေက္ခာ၌ ဥပေက္ခာ၏ အနက်သည် အဉာဏအနက်မျိုး ထင်နေခြင်း ဖြစ်ပါသည်။

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ထို့ကြောင့် ဆရာတော်ဖော်သော သင်္ခါရုပေက္ခာဉာဏ်သည် စစ်မှန်သော သင်္ခါရုပေက္ခာဉာဏ် မဖြစ်နိုင်ပါ။ စိတ္တဇဖြစ်နေခြင်းများသာ ဖြစ်နိုင်ပါသည်။ ဆရာတော်ပြဆိုသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံများသည် စိတ်ပျက်လက်ပျက် အသိဗွက်ပေါက်နေသောကြောင့် ဘာမျှ ဆုပ်ကိုင်စရာမရှိဘဲ ဝေဝါးနေသောပုံများသာ ဖြစ်နေပါသည်။

ဤသင်္ခါရုပေက္ခာဉာဏ်သည် ဆရာတော်ပြဆိုသော သင်္ခါရုပေက္ခာဉာဏ်အတွက် ရှုကွက်များကိုရှုလျှင် အကယ်ပင် ဆိုက်ရောက်နိုင်ပါသည်။ ရှုကွက်ချော်ပုံကိုကား နောက်မှတင်ပြပါမည်။

ဆရာတော်၏ သင်္ခါရုပေက္ခာဉာဏ်ကိုရသူများသည် 'ဝိဘဝတဏှာ'များ တဖွားဖွား ပေါက်ပွားနေကြပါသည်။ သူတို့သည် သူတို့ဘဝကို မလိုချင်ကြ ဖြစ်နေပါသည်။ သူတို့သည် (ရှုကွက်သင်္ခါရတို့ကို မပျောက်ပျက်အောင် မရှုနိုင်အောင် ဖြစ်,ဖြစ်လာကြပါမည်။ တစ်ကြိမ်,တစ်ကြိမ်) ရှုကွက်သင်္ခါရများ ဖျတ်ခနဲ, ဖျတ်ခနဲ ပျောက်ပျောက် အသွားခံရပါမည်။

ဤသို့ အသွားခံရသည်ကိုပင် အကောင်းဟု သူတို့ ထင်ကြပြန်ပါမည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အသိ၌ ပင်လယ်ကူးသင်္ဘောမှ ထောက်လှမ်းရေး ကျီးငှက်သည် သင်္ဘောမှ ကမ်းသို့ ပျံလေရာ ကမ်းမတွေ့သေးသောကြောင့် သင်္ဘော
သို့ ပြန်လာခြင်းကဲ့သို့သာ ဖြစ်သည်။ ဤသို့ ယူဆကြသောကြောင့် ဖြစ်သည်။

ဆရာတော်လည်း ဤသဘောကို စနစ်တကျ မိန့်ဆိုထားပေသည်။ စင်စစ်
၌ ဆရာတော်သည် 'နိဗ္ဗာန်'ကို သိမြင်သည် မဟုတ်ပေ။ ထို့ကြောင့်သာလျှင် ဆရာတော်၏ အဆိုများ၌ 'သင်္ခါရနှင့်နိဗ္ဗာန်'ကို နှစ်ဖို့,နှစ်သားပြု၍ ဆိုထားမိနေခြင်း ဖြစ်ပေသည်။

ဆရာတော်သည် 'ခန္ဓာသည်တခြား၊ နိဗ္ဗာန်သည်တခြား-ဤသို့ဖြစ်သလော'-ဆိုလျှင် 'မဟုတ်ပေ'-ဟူသော စကား၏အနက်ကို (မမြင်ပိတ်ပိတ် ဖြစ်နေပေသည်။ ဤစကား၏အနက်ကို) 'နိဗ္ဗာနဒီပနီသုံးသပ်ချက်'-၌ အကွက်စေ့မျှဖော်ပြပြီး ဖြစ်ပါသည်။ အလိုရှိလျှင် ထို၌ ဖတ်ရှုကြစေလိုပါသည်။

ဤစကားအနက်ကို ဆရာတော် မမြင်သောကြောင့်သာ သင်္ခါရကိုလွှတ်၍ နိဗ္ဗာန်ကိုရှာကြောင်း သဘောမျိုး ပြောနိုင်ခြင်း ဖြစ်ပါသည်။ စင်စစ်၌ ရှုကွက်အပျောက်ဆုံးခံရခြင်းသည် အရူပနယ်အတွင်း သက်ဆင်းသွားခြင်းများ ဖြစ်ပါသည်။ သင်္ခါရနှင့် ဝိသင်္ခါရ၏ အကြားဟူ၍ မရှိပေ။

ဘဝ,ယောနိ-စသည်သည် သင်္ခါရဖြစ်၍၊

နိဗ္ဗာန်-သည် ဝိသင်္ခါရဖြစ်ပါသည်။

ထို့ကြောင့် ယောဂီတို့၏ ရှုကွက် အပျောက်ဆုံးခံရခြင်းနှင့် ဤသို့ခံရခြင်းကြောင့် သင်္ခါရများကို မမြင်မထင်ခြင်း၊ ဘဝကိုလိုလားခြင်းစသည် မရှိ၊ ပကတိတွန့်ဆုတ်နေခြင်းများသည် သင်္ခါရုပေက္ခာဉာဏ် မဟုတ်ပေ။

'ဝိဘဝတဏှာ'-ဟူသော စိတ္တဇတရားများ ဖြစ်ပွားနေခြင်း ဖြစ်ပါသည်။

ထိုသို့ဖြစ်ခြင်းကြောင့် ဤသူသည် မချမ်းသာပေ။ နွေအခါ၌ ရေခဲစားရခြင်းသည် ကောင်းသည်ဟု ဆိုရသကဲ့သို့ ဖြစ်ပါသည်။ ရေခဲစားရလို့ ကောင်းခြင်းထက် ရေခဲစားအပြီး၌ ဝမ်းအပူ,အာအပူ ခံရခြင်းများ ပိုကဲခံစားရပါသည်။

ဤသူသည်လည်း ဤသို့ရှုပွားသောကြောင့်-

'ဝိဘဝတဏှာ'-များ ဖြစ်ပါသည်။

ဘဝကိုမလိုချင်ခြင်း-သည် စိတ္တဇဖြစ်ပါသည်။ (ဘဝကို မလိုချင်ခြင်း၊ ဘဝကို ကြောက်ရွံ့ခြင်း၊ မလိုလားခြင်းများ ဖြစ်ပါသည်)။

ယင်းသို့ဖြစ်ခြင်းသည်လည်း မချမ်းသာတစ်ချက် ဖြစ်ပါသည်။ ယင်းသို့မလိုချင်သောကြောင့် ယင်းသင်္ခါရများမှ လွတ်ရာဟူသော အရာကို ကြိုးစား၍

အားထုတ် ရှာဖွေပါသည်။ ရှာဖွေချက် မမှန်သောကြောင့် ယင်းစိတ္တဇပင် အား ကြီးစွာဖြင့် ပြန်ဖြစ်လာပါသည်။

ဘဝမလိုချင်၍ တရားအားထုတ်။

တရားအားထုတ်၍ ဘဝကို ပိုပြီးမလိုချင်။

ဘဝကို ပိုပြီးမလိုချင်သော တရားကို ပိုပြီးအားထုတ်။

တရားကို ပိုပြီးအားထုတ်သောကြောင့် ဘဝကို အထူးသဖြင့်မလိုချင်- ဤသို့ တရားအားထုတ် ယန္တရားသည် မပြတ်လည်ပါတော့သည်။

ဤသို့ လည်သောအခါ လူသည် တရားဓမ္မ၏ကျေးကျွန် ဖြစ်လာပါတော့ သည်။ တရားဓမ္မသည် လူ၏အသုံးအဆောင် အဖြစ်မှ အပျက်ပြုန်း ခံလာရပါ တော့သည်။ ထို့ကြောင့် ထိုသူသည် 'လူ့အတွက် သဘောတရား' မဟုတ်တော့ဘဲ 'သဘောတရားအတွက်-လူ'ဟူသော အထက်လမ်း 'အတ္တကိလမထာနုယောဂ ပဋိပဒါ'-ဆီသို့ တက်လှမ်းသွားပါတော့သည်။

သဘောတရားမဲ့သူသည် အောက်လမ်း ဖြစ်ပါသည်။ 'ကာမသုခလ္လိကာ နုယောဂ ပဋိပဒါ'-ဟုလည်း ဆိုနိုင်ပါသည်။

'လူ့အတွက်သဘောတရားသည် အလယ်လမ်း ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါလည်း ဖြစ်ပါသည်။'

(လောက၌ ဤလမ်းသုံးသွယ်သည် ပဋိပဒါသုံးသွယ် ဖြစ်ပါသည်)။

ဤသုံးသွယ်အနက် ဘုရားသျှင်၏ လမ်းသည်-

'လူအတွက် သဘောတရား'-ဟူသော 'အလယ်လမ်း' ဖြစ်ပါသည်။ ဤ လမ်းသည်သာလျှင်-

မဆင်းရဲသော၊

ရိုးသားသော၊

အကျိုးလည်းများသောလမ်း ဖြစ်ပါသည်။

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆရာတော်၏ သင်္ခါရုပေက္ခာဉာဏ် ပြဆိုချက်သည် 'အထက်လမ်း' ဖြစ်နေပါသည်။ ထို့ကြောင့် ဆင်းရဲဖြစ်၍ ရိုးသားခြင်း၊ အကျိုးများခြင်းများ မဖြစ်နိုင်ပါ။

စစ်မှန်သော သင်္ခါရုပေက္ခာဉာဏ်သည် ဆရာတော် တင်ပြခဲ့သကဲ့သို့ မဟုတ်နိုင်ပါ။ သင်္ခါရုပေက္ခာ၌ ဥပေက္ခာသည် သင်္ခါရကိုလွှတ်၍ ဝိသင်္ခါရကို ရှာဖွေခြင်းမျိုး မဖြစ်နိုင်ပါ။

'သင်္ခါရတရားတို့၏ အကယ်ဖြစ်ပျက်နေသော အခြေအနေကို

အရှိကို-အရှိအတိုင်း အနုစိတ်၍ ပြည့်ဝသောအသိဖြင့် ရှုကြည့်နေခြင်း မျှသာ ဖြစ်ပါသည်။

ထို့ကြောင့် သင်္ခါရုပေက္ခာဉာဏ်၌တည်သောသူသည်-

'သင်္ခါရတရားတို့ အတုန်အလှုပ်မရှိ၊ ပကတိတည်ငြိမ်လျက် (ဖြစ်ဖြစ်သမျှ ကောင်းကောင်း ဆိုးဆိုး နှစ်မျိုး၌) ပြည့်ဝသောအသိများ ဖြစ်နေလေသည်၊
'

လောက၌ အဖြစ်,အပျက်များ၏ ကြောင်း,ကျိုးကို အနုစိတ်၍ ကုန်စင်အောင်သိသူသည် အဖြစ်,အပျက်များ၌ ပျော်ခြင်း၊ ကြောက်ခြင်း၊ မက်မောခြင်းမရှိ၊ ပကတိတည်ငြိမ်စွာ ရင်ဆိုင်တတ်သကဲ့သို့ ဖြစ်ပေသည်။

လောက၌ ဆန်ပေး၍ ဆေးရသည်ကို သိသောသူတို့သည် ဆေးရခြင်း၌ မက်မောသာယာခြင်းလည်း မရှိပေ။ ကြောက်လန့်ထိတ်ရွံ့ခြင်းလည်း မရှိပေ။ ဤ-ဆေးရခြင်းသည် ဆန်ပေးသောကြောင့် ဖြစ်သည်၊ ဆေးလိုချင်လျှင် ဆန်ပေးရုံပင် ဖြစ်သည်၊ မလိုချင်လျှင် မပေးရုံပင် ဖြစ်သည်။ ဤသို့ ဆေးရခြင်း၌ မတုန်မလှုပ် ပြည့်ဝသည်။

အကယ်၍ ဆန်ပေး၍ ဆေးရခြင်း၌ ဆန်ပေးရသည်ကိုမမြင်ဘဲ ဆေး-ရသည်ကိုသာမြင်လျှင်လည်း ကြောက်ရွံ့ပေမည်။ ဤသို့ဖြစ်ခြင်းသည် ဆန်ပေး၍ ဆေးရသည်ကိုမြင်အောင် အနုစိတ်၍ မမြင်သောကြောင့် ဖြစ်ပေ

သည်။ လောက၌ အလကားရသည် ဟူ၍လည်းကောင်း၊ အလကားပေးရသည် ဟူ၍လည်းကောင်း လုံးဝပင်ရှိသည် မဟုတ်ပေ။ ထို့ကြောင့် အစစ်အမှန်၌ကား ကြောက်ရွံ့စရာနှင့် မက်မောစရာများသည် အကယ်ရှိသည် မဟုတ်ပေ။

အကယ့် အဖြစ်,အပျက်၌ မမြင်သောကြောင့်သာ ကြောက်ရွံ့ခြင်း၊ မက်မောခြင်းများ ဖြစ်ကြခြင်း ဖြစ်ပေသည်။ ဤ-သင်္ခါရုပေက္ခာဉာဏ်သည်-

'သင်္ခါရတို့၌ ကြောက်ရွံ့ခြင်း၊ မက်မောခြင်းများ မရှိ၊
ပကတိ ပြည့်ဝနေခြင်း ဖြစ်ပါသည်။ သင်္ခါရတို့၏
ဖြစ်ပုံနှင့် ပျက်ပုံ အမှန် အကြောင်းခံ အကျိုးခံကို
တစ်စမကျန် ဝေဖန် သိရှိနေခြင်း ဖြစ်ပါသည်။'

ဤသည်သာ'သင်္ခါရုပေက္ခာဉာဏ်' အစစ် ဖြစ်ပါသည်။

ဤစကားများတို့သည် ပဌမမေးခွန်း၏ အဖြေစကားများ ဖြစ်ပါသည်။

၇၆။ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ပုံအဖွင့် သုံးသပ်ချက်

ဆက်လက် ဒုတိယမေးခွန်းကို ရှင်းပါမည်။

မေးခွန်းမှာ 'သင်္ခါရတို့ကို အတ္တ, အတ္တနိယမဟုတ်-ဟုရှုရန် ပြဆိုချက်သည် သင်္ခါရတို့ကို အတ္တ,အတ္တနိယဟုမြင်ခြင်းမှ ကင်းလွတ်စေနိုင်သော အသိပေးချက် ပညာစကား ဟုတ်ပါ၏လော'-ဟူ၍ ဖြစ်သည်။

ဆရာတော်၏ တစ်ဖို့၊ နှစ်ဖို့၊ လေးဖို့၊ ခြောက်ဖို့၊ ရှစ်ဖို့-စသည် ကြည့်ရှုရန် အသိပေးချက်များသည် ပညာစကားများ လုံးလုံးပင် မဟုတ်ဘဲဖြစ်နေပါသည်။ သညာစကား, စိတ်ဆန်သော စကားများသာ ဖြစ်နေပါသည်။

(သင်္ခါရတို့ကို အတ္တမဟုတ်၊ အတ္တနိယမဟုတ်-ဟူ၍ ဘယ်မျှ အထပ်ထပ် ရှုပွားသည်ဖြစ်စေ)၊ သင်္ခါရတို့ကို အတ္တမဟုတ်၊ အတ္တနိယမဟုတ်ပုံကို အဘယ်သို့ မြင်ခွင့်ရှိမည်နည်း။ ဤညွှန်ကြားချက်သည် အတ္တ,အတ္တနိယ မဟုတ်သော သင်္ခါရတို့ကို အတ္တ,အတ္တနိယမဟုတ်ဟု သညာပွား, စိတ်ပွားနည်းများဖြင့်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

အပွားခိုင်းခြင်းမျှသာ ဖြစ်ပါသည်။

ယင်းသို့ အပွားခိုင်းသည့်အတိုင်း အထပ်ထပ် ရှုပွားသောသူသည် သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသဟူသော သညာလိမ်၊ ဝိညာဏ်လိမ်များဖြင့် ဖြေ၍မပြေနိုင်အောင် အတင်းအကြပ် လိမ်သွားခံရခြင်းသာ ဖြစ်ပေမည်။

ဥပမာအားဖြင့် 'အိမ်ကို ထုပ်,လျှောက်,ဒိုင်း,မြား၊ တန်း,တိုင်, အမိုးအကာ သာ ဖြစ်သည်'။ ဤသို့ အထပ်ထပ် ရှုပွားသောသူအား အိမ်သည် အိမ်မဟုတ် တော့ဘဲလျက် ထုပ်,လျှောက်-စသည်သာ အမြင်ဖြစ်ပေါ်ရာ၏။ တဖန် ထို-ထုပ်, လျှောက်,ဒိုင်း,မြား စသည်လည်း အမှုန့်အဖတ်များ စုဝေးနေခြင်းမျှသာ ဖြစ်သည်။

ဤအမှုန့်အဖတ်များသည်(လည်း အရည်တို့၏ ခဲနေခြင်းမျှသာ ဖြစ်သည်။ အမှုန့်အဖတ်များသည် ) အမှုန့်အဖတ်အဖြစ် ရပ်တည်ရန် သင့်လျော်သော အခြေအနေမှ တပါးဖြစ်သောအခြေအနေ ဖြစ်ခဲ့လျှင် အရည်ဘဝသို့ ကူးပြောင်း ပေမည်။ ထို့ကြောင့် အမှုန့်အဖတ်လည်း အမှုန့်အဖတ် မဟုတ်-ဤသို့ အသိအမြင် ဖြစ်ပေါ်ရာသည်။

တဖန်ထို့ပြင်လည်း ဤအရည်များလည်း အရည်များပင်မဟုတ်ကြပေ။ အခိုးအငွေ့တို့၏ တင်းကြပ်စွာ စုဝေးနေခြင်းမျှ ဖြစ်သည်။ အရည်အဖြစ် ရပ် တည် အခြေအနေကိုကျော်လျှင် အရည်သည် အခိုး ဖြစ်မည်သာပင်။ ထို့ကြောင့် အရည်သည်လည်း အခိုးပင် ဖြစ်သည်။

အခိုးသည် ပျံ့လွင့်နေသည်။ ထို့ကြောင့် အခိုးကို စုပုံထား၍မရ။ ထား လျှင် လဟာပြင်သာ ဖြစ်မည်။ (ထို့ကြောင့် အိမ်-ဟူသည် မရှိ၊ လဟာပြင်သာ ဖြစ်သည်)၊ ဤသို့သော အမြင်မျိုးလည်း ဖြစ်ပေရာသည်။ (ဤသို့ မြင်သောကြောင့် ဤသူ၏စိတ်သည်) အိမ်၌နေရခြင်းနှင့် လေဟာပြင်၌ နေရခြင်းကို ထူးသည်ဟု မထင်တော့ပေ။

ဤသို့ မထင်တော့ခြင်းသည် ကောင်းမွန် သင့်မြတ်ပါသလော။ ဤသို့

---

မထင်တော့ခြင်းသည် စိတ္တဇဆေးရုံသို့ လှမ်းရတော့မည် အခြေအနေ ဖြစ်သည်မှာ လူတိုင်းပင် နားလည်ရန် လွယ်ကူပါသည်။

ဤသို့ အဘယ့်ကြောင့် ဖြစ်ရသနည်း။ ဤအကြောင်း,အကျိုး၊ အဖြစ်, အပျက်သည် အဘယ်အမှား ပါဝင်နေသနည်း။ ဤသူပြောသော စကားလုံးသည် အမှန်ချည်းဖြစ်ပေသည်။ အိမ်သည် ထုပ်,လျောက်, ဒိုင်း,မြား စသည်များ ဖြစ်သည်၊ အဖတ်သာဖြစ်သည်၊ အရည်သာ,အခိုးသာဖြစ်သည်၊ လဟာပြင်ဖြစ်သည်၊ ဤစကားများသည် အမှန်ချည်း ဖြစ်သည်။

သို့သော်လည်း ဤသူသည် ဤအသိကို 'စိတ်ကူး၍ သိနေခြင်း'သာ ဖြစ်ပါသည်။ ထို့ပြင် ဤသူ၏အသိသည် အကယ်ဖြစ်သည်ကို ကျော်လွှား၍ သိနေသော အသိသာ ဖြစ်ပါသည်။ အကယ်အစစ်အမှန်ကို ထိုးဖောက်၍ သိနေခြင်း မဟုတ်ပါ။ ဝိညာဉ်သိသည် အလျင်အဟုန်ကို ပြုတတ်ပါသည်။ မနားနိုင်, မရပ်နိုင် ပြုတတ်ပါသည်။ ထို့ကြောင့် မှန်ကန်သော အခြေအနေဟူသည်ကို ကောက်မရ ဖြစ်တတ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဝိညာဏ်သိသည် အကယ်စစ်မှန်သော အခြေအနေကိုမြင်လျှင် ( အိမ်သည်) ထုပ်,ယောက်,ဒိုင်း,မြားစသည် (ဖြစ်သော်လည်း၊ ထို ထုပ်,လျောက်,ဒိုင်း,မြား- စသည်များသည်) တစ်ခုစီအဖြစ် လွင့်ကျဲ၍ နေသည်မဟုတ်။ အိမ်အဖြစ် စုဝေးနေကြပေသည်။ ယင်းကို သိမြင်ရပေမည်။

(အိမ်ကို အိမ်အဖြစ် သိပြီးမှ၊ ထုပ်,လျောက်-စသည်ကို ထိုးဖောက်သိမြင်ခြင်းကား ပညာသိဖြစ်ပါသည်။ အိမ်ကို အိမ်-ဟူ၍မသိဘဲ၊ သို့မဟုတ် အိမ်ကို အိမ်ဟူ၍ အသိအမှတ်မပြုဘဲ ထုပ်,လျောက်,ဒိုင်း,မြား-စသည်သာဖြစ်သည်ဟု ရှုခြင်းသည် စိတ်ဆန်ပေသည်။ ဝိညာဉ်သိသာ ဖြစ်ပေသည်)။

ဝိညာဉ်သိသည် အဖြစ်မှန်ကိုချော်၍ ကျော်သွားပေမည်။ 'အိမ်ကို လဟာပြင်'-ဟုထင်ခြင်းသည် အဖြစ်မှန်ကိုချော်ခြင်း၊ ကျော်ခြင်းပင်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤ-လောက ဉပမာအတူပင် သင်္ခါရများကို အတ္တနှင့် အတ္တနိယများ မရှိ-

စသည်ဖြင့် ရှုကြည့်ခြင်းသည် သင်္ခါရတို့ကို မသိဘဲ (သင်္ခါရတို့၏ အတ္တနှင့် အတ္တနိယ မရှိပုံကိုသာ အရှုခိုင်းသောကြောင်ပ စိဆန်ပေသည်)။

သင်္ခါရတို့သည် အတ္တ၊ အတ္တနိယသတ္တိများ မရှိကြသည် မဟုတ်သလော-ဆိုလျှင်ကား 'မရှိကြသည် ဟုတ်၏'-ဟုဖြေရမည်။ ဤသို့ဆိုလျှင် 'သင်္ခါရများ၌ အတ္တမရှိဟု ရှုခြင်းသည် မှန်သည်ပင် မဟုတ်ပါလော'-ဟု ဆိုလျှင်ကား 'မမှန်' ဟုပင် ဖြေရမည်။

အဘယ့်ကြောင့်ဆိုသော် သင်္ခါရတို့၏ အတ္တသတ္တိမရှိပုံကို သင်္ခါရများအား ခွဲစိတ်ထိုးဖောက်၍ သိခြင်း မဟုတ်ဘဲ၊ သင်္ခါရများအား အတ္တသတ္တိမရှိ-ဟု စိတ်ဖြင့်သာမှတ်၍ ရှုနေသောကြောင့် ဖြစ်သည်။

သင်္ခါရတို့၌ အတ္တသတ္တိမရှိခြင်း-ဟူသော ဟုတ်သည်ကိုမသိဘဲ စိတ်မှတ်ဖြင့် မှန်းဆမှတ်သားထားသည်ကို သိသောကြောင့် ဖြစ်ပေသည်။ ဤသို့ သိသောကြောင့် အိမ်ကို လဟာပြင်ဟု မြင်သကဲ့သို့ ကိုယ့်ကိုယ်ကို ကိုယ့်ကိုယ်မှန်းမသိ၊ သူတပါးကိုလည်း သူတပါးမှန်းမသိ ဖြစ်လာလေသည်။

ဤသို့မသိသောကြောင့် မိဘကို မိဘဟူ၍လည်းကောင်း၊ အစ်ကို,အစ်မ ဟူ၍လည်းကောင်း မသိ ဖြစ်လာလေသည်။ ထို့ထက်လွန်သော် ငါ့ဥစ္စာ-ဟူ၍ လည်းကောင်း၊ သူ့ဥစ္စာ-ဟူ၍လည်းကောင်း မမြင်တော့ဘဲ ဖြစ်လာလေသည်။

(ဤသို့) ငါ,သူတပါးနှင့် ငါ့ဥစ္စာ,သူ့ဥစ္စာ စသည်မရှိဟု မြင်ခြင်းသည် မှားသလော။ သင်္ခါရတရားတို့၌ ငါ,သူတပါးနှင့် ငါ့ဥစ္စာ,သူ့ဥစ္စာများမရှိ မဟုတ်သလော။ ဤသို့မေးနိုင်ပါသည်။

မရှိသည်မှာ အဟုတ် ဖြစ်ပါသည်။ ထိုသို့ အဟုတ်ဖြစ်လျှင် ထိုသူတို့၏ အသိသည် ကောင်းသည်မဟုတ်ပါလော-ဟု မေးနိုင်ပါသည်။

---

'မကောင်း'-ဟု ဖြေရပါမည်။ အဘယ့်ကြောင့် ဤအသိသည် သင်္ခါရတို့၏ အကယ်အဖြစ်,အပျက်များကို ခွဲစိတ်ပြီးမြင်သော အသိ မဟုတ်ဘဲ၊ စိတ်ဖြင့် ပွားထားသောကြောင့် သိနေသော ဝိညာဉ်သိသာ ဖြစ်သောကြောင့် ဖြစ်သည်။

ဤဝိညာဉ်သိသည် သင်္ခါရတို့၏ အကယ်-အစစ်အမှန် ဖြစ်နေခြင်းကို အသိအမှတ် မပြုဘဲ စိတ်ကူးယဉ်သွားခြင်းဖြစ်၍ အမှန်တရား၌ မနားနိုင်၊ မရပ်နိုင် ဖြစ်လာပါမည်။ အဘယ်သို့ မရပ်,မနား ဖြစ်လာပါမည်နည်း။

'ငါ,သူတပါးနှင့် ငါ့ဥစ္စာ,သူ့ဥစ္စာများ မရှိ၊ ထို့ကြောင့် ငါသည် သူ့ဥစ္စာဆိုသည်ကို ယူသော်လည်း အကယ် အပြစ်မရှိ၊ အဘယ့်ကြောင့်ဆိုသော် သူ့ဥစ္စာဟူ၍ အကယ် မရှိသောကြောင့် ဖြစ်သည်။

ထို့ပြင်လည်း ငါ-မရှိ သောကြောင့် ငါ၏ လောဘ,ဒေါသစသည်လည်း မရှိပေ။ သဘောတရားတို့၏ အစဉ်အတန်းမျှ ဖြစ်သည်။ ဒုစရိုက်မှုများကို ပြုခြင်း၌ ပြုရန်အကြောင်းလည်း မရှိ၊ သူ့အလိုအလျောက် ပြုသည်။ ပြုခြင်းသည်လည်း အမူအရာမျှ ဖြစ်သည်၊ ပြုသူမရှိ ဖြစ်သည်။ ပြုခြင်း၏အကျိုးကား အဘယ်ဆိုဖွယ် ရှိမည်နည်း၊ မရှိတော့သည်ပင်။

ဤသို့ 'အဟေတုက၊ အကြိယ၊ နတ္ထိကဟူသော' အယူအမြင်မှားများသို့တိုင် ပြေးချော် ကျော်ပေမည်။

(သင်္ခါရတရားတို့ကို အတ္တသတ္တိမရှိပုံ ခွဲစိတ်ထိုးဖောက်၍ မသိဘဲ)၊ သင်္ခါရတရားတို့၌ အတ္တသတ္တိမရှိဟု မှတ်သား ရှုပွားထားသူတို့အတွက် ဆိုခဲ့ပြီးသော အစဉ်အတိုင်း ဝါဒများဆီသို့ မရောက်နိုင်ဟု အဘယ်သို့ငြင်းမည်နည်း။

သင်္ခါရတရားများကို ငါ,သူတပါးမဟုတ်ဟု အမှတ်အသားသန်လာ၍ အကယ် ငါ,သူတပါးမဟုတ်ဟု အသိထင်လာပြီဆိုလျှင် ဒုစရိုက်အတွက် ဘယ်သို့ သတ်မှတ်တော့မည်နည်း။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤသို့သန်လာလျှင် အရိယာ ဖြစ်သွားသောကြောင့် ဒုစရိုက်မလုပ်တော့ဟု မဖြေသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် အရိယာ ဖြစ်သွားသူ၌ ငါ, သူတပါး အမြင်များ ပြန်ဖြစ်လာသည်-ဟု ဝန်ခံနိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။

အရိယာ၌လည်း ဤသို့ပင် 'ငါ,သူတပါးမရှိ'-ဟုပင် မြင်လျှင် အရိယာသည် အဘယ်သို့ ဒုစရိုက်နှင့် သုစရိုက်ကို ခွဲမည်နည်း။ မခွဲနိုင်လျှင် ဒုစရိုက်ကိုလည်း ပြုမိနိုင်ပေရာသည်။

ဤ၌ ငါ,သူတပါး မရှိ-ဟူသည်မှာ ပရမတ္ထအားဖြင့်သာပါ၊ သမုတိအားဖြင့် မပယ်ပါ။ ဤသို့ဖြစ်သောကြောင့် ငါ့ဥစ္စာ,သူ့ဥစ္စာကိုလည်းကောင်း၊ သူ့ဥစ္စာမပေးဘဲယူလျှင် အပြစ်ဟု ဒုစရိုက်ကိုလည်းကောင်း သိပါသည်ဟု ပြောစရာရှိပါသည်။

သို့သော်လည်း ဤသို့လည်း မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သင်္ခါရတို့ကို ငါ,သူတပါးဟု ထင်နေသေးလျှင် သင်္ခါရတို့၌ အတ္တသတ္တမရှိဟူသောအသိ မထင်နိုင်။ ဤသို့ သတ်မှတ်ပြီးသည်ကို မကျော်လွှားနိုင်သောကြောင့် ဖြစ်ပေသည်။ ဟုတ်ပါသည်။ ဆရာတော်သည် ငါ,သူတပါးရှိလျှင် သင်္ခါရမမြင်၊ သင်္ခါရမြင်လျှင် ငါ,သူတပါး မရှိ-ဤသို့ စိန်ခေါ်လိုသူ ဖြစ်ပါသည်။

ဆရာတော့်အမြင်၌ ငါ,သူတပါးမရှိဘဲ သင်္ခါရသာရှိမှ ရာဂဒေါသစသောကိလေသာတရားများမှ လွတ်ကင်းနိုင်မည်-ဟူ၍ ဖြစ်သည်။ ငါ, သူတပါး မရှိသောကြောင့် သူတပါးကို ငါ-က၊ ငါ့ကိုယ်ကို ငါ-က ရာဂစသည် မဖြစ်ခြင်းသည် ဆန်းသလော။ ရာဂဖြစ်စရာ မရှိ၍ မဖြစ်ခြင်းပင် မဟုတ်ပါလော။

ထို ငါနှင့်သူတပါး-ဆိုသည်ကိုလည်း အရကောက်အားဖြင့် သမုတိသစ္စာတရားကို ကောက်ထားပေသည်။ သမုတိသစ္စာတရားသည် ချေဖျက်၍ ကျေပျက်ကောင်းသောအရာ ဟုတ်ပါသလော။ ဆရာတော်သည် သမုတိသစ္စာတရားကို ချေဖျက်ရန်လည်း ကြိုးစားပေသည်။

မိမိ၏ မယားကို မယားမဟုတ်တော့အောင် ချေဖျက်ခြင်းသည် သမုတိ

---

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

သစ္စာကို ချေဖျက်ခြင်း ဖြစ်ပါသည်။ ယင်းကိုလည်း စိတ်ဖြင့် ချေဖျက်၍ ရသည် မဟုတ်ပါ။ လူသိထင်ရှား လက်ထပ်ထားသည်ကို ကွာရှင်းပေးရပါသည်။ ယင်းသို့ မယားကို တပ်နှစ်သက်သော စိတ်များကို မယားမဟုတ်တော့အောင် ကွာရှင်းပြီး ချိန်၌ မရှိတော့ပေ။ ဤသို့ မရှိခြင်းသည် ကိုယ့်မယားမဟုတ်၍ မချစ်ခြင်းမျှ ဖြစ်ပါသည်။

သမုတိသစ္စာကို ပယ်၍ရသော ကိလေသာငြိမ်းခြင်းသည်လည်း ဤနည်း သာ ငြိမ်းပါမည်။ ဤနည်းသည် အကယ်ငြိမ်းခြင်း မဟုတ်သောကြောင့် သမုတိ သစ္စာကို ပယ်ရှားငြိမ်းခြင်းသည် ကိလေသာကို အကယ်ငြိမ်းစေသော ငြိမ်းနည်း မဟုတ်ပေ။ ထို့ကြောင့် သမုတိသစ္စာသည် ကိလေသာငြိမ်းရန်အတွက် ပယ်အပ် သောအရာ မဟုတ်ပေ။

ထို့ကြောင့် ဆရာတော်၏ သင်္ခါရုပေက္ခာဉာဏ်ရအောင် ရှုပွားနည်းသည် သမုတိသစ္စာကို ပယ်ရန် ကြိုးစားခိုင်းသောနည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် လည်း ဤပွားရှုနည်းသည် မှန်သောနည်း မဟုတ်ပါ။
အကယ်ရှုပွားရမည့်နည်းမှာ သင်္ခါရတရားများကို သမုတိအမြင်မှ လွတ်ရန် မဟုတ်ပေ။ သင်္ခါရတရားကို အတ္တနှင့် အတ္တနိယများ မဟုတ်ဟု အမှတ်အသား ပြုရန် မဟုတ်ဘဲရှိသည်'- ဆိုလိုပါသည်။

'သင်္ခါရတရားများကို အတ္တနှင့်အတ္တနိယသတ္တိများ မရှိပုံ လေ့လာရမည်' သာ ဖြစ်ပါသည်။

ဤ၌ အတ္တနှင့် အတ္တနိယ-ဟူသော စကားများကိုလည်း၊ ငါ,ငါ့ဟာ- စသော သမုတိအနက်များ မဖော်သင့်ပါ။ 'ကိုယ်ကိုယ်ကို ဆောင်စွမ်းနိုင်သော အနှစ်သာရသဘောနှင့် သူတပါးကိုပါဖြစ်စေသော အနှစ်သာရသဘောများ မရှိ'- ဟုသာ ပြန်သင့်ပါသည်။ ဤ-အနက်ဖော်ချက်သည် မှားယွင်း ရှုပ်ထွေးစေ နိုင်သည့် အချက်တစ်ချက်ပင် ဖြစ်ပါသည်။

'သင်္ခါရအားလုံး အနတ္တဖြစ်ကြသည်'-စသော ဘုရားသျှင်၏ ပြောဆို စကားများသည် သင်္ခါရဓမ္မတို့ကို သမုတိသစ္စာဖြစ်သော ငါဖြစ်သည်-ဟူသော အရာကို ငြင်းဆိုပြခြင်း မဟုတ်ပေ။

ငါ,သူတပါး-ဟူသော သမုတိပညတ်သည် သင်္ခါရဓမ္မတို့၏ အပေါင်း ဖြစ်သည်။ အစိတ်ဖြင့် အပေါင်းကိုငြင်းရန် အကြောင်း မရှိပေ။ ထို့ကြောင့် 'သင်္ခါရ များအားလုံး အနတ္တ ဖြစ်ကြသည်'-စသော ဘုရားသျှင်၏ ပြောဆိုစကားများ သည် 'ပုညာပုည အာနေဥ္ဇ အဘိသင်္ခါရများ၌ အတ္တသတ္တိမရှိပုံကို တဖန် ခွဲစိတ် ပြလိုရင်း'-သာ ဖြစ်ပေသည်။

[ကြက်ခြေခတ်ထား၍ ချန်ထားသောစာများ ဖော်ပြစ-(ငါ, သူတပါး- စသည်သည် သမုတိသစ္စာ ဖြစ်သည်။ ထို ငါ,သူတပါး- စသည်၏ အစိတ်ဖြစ် သော သင်္ခါရဓမ္မများသည် ပရမတ္ထသစ္စာ ဖြစ်သည်။ ထိုသင်္ခါရများ၏ ပစ္စယသမဝါယ
အဖြစ်-ဟူသော အတ္တသတ္တိမဲ့ပုံအဖြစ်သည် အရိယသစ္စာ ဖြစ်သည်။

ထို့ကြောင့် သင်္ခါရအားလုံး အနတ္တဖြစ်သည်-စသော ဘုရားသျှင်၏ စကားတော်သည် ပရမတ္ထတရားကို အရိယသစ္စဒဿနဖြစ်ရန် ခွဲစိတ်ပြခြင်းမျှ ဖြစ်သည်။ ငါ,သူတပါး-စသော သမုတိတရားကို ငြင်းဆိုရန် မဟုတ်ပေ။

စေတီဘုရားအတွင်းမှ အုတ်ခဲသည် စေတီဘုရား၏ အခြေခံပစ္စည်း၊ သို့မဟုတ် အစိတ်အပိုင်းပစ္စည်း ဖြစ်သည်။ ယင်း၌ အုတ်ခဲဖြင့် ဘုရားကို ငြင်းဆို ရန် အကြောင်း မရှိပေ။ ဘုရားအတွင်းမှ အုတ်ခဲဖြင့် ဘုရားကို ငြင်းဆိုခြင်းသည် ပညာ-မဟုတ်နိုင်၊ သညာ-သာ ဖြစ်နိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ပညာ သည် ဤသို့ အမြင်မနှံ့မဖြစ်သောကြောင့် ဖြစ်သည်။ ပညာသည် ဘုရားအတွင်း မှ အုတ်ခဲဖြင့် ဘုရားကိုမငြင်းဘဲ အုတ်ခဲကို အုတ်ခဲမပျက် အဘယ်ပစ္စည်းများဖြင့်

တည်ဆောက်ထားသည်-ဟုသာ ထိုးထွင်း၍ မြင်ပေမည်။

ကမ္ဘာကျော် ရွှေသရဖူကြီးကို ပညာရှင်ကြီး အာခိမီဒီသည် ရွှေသရဖူကို မပျက်စေဘဲ ရွှေသရဖူအတွင်း၌ ရွှေချည်းဟုတ်,မဟုတ် ပညာဖြင့် ထိုးဖောက်ကြည့်ပြခဲ့သကဲ့သို့ ဖြစ်သည်။

ပညာသည် အစိတ်ဖြင့် အပေါင်းကို မငြင်းပေ။ အပေါင်းမှ အစိတ်များကိုသာ ထိုးဖောက်၍ ဖွင့်ပြသည်။ သညာသည်သာ တွေ့မြင်နေရသော အစိတ်ဖြင့် အပေါင်းများကို ငြင်းဆိုနေခြင်း ဖြစ်သည်။

ဆရာတော်၏ သင်္ခါရုပေက္ခာရှုကွက်သည် ပရမတ္ထဓမ္မဖြစ်သော သင်္ခါရတို့ကြောင့် ယင်းသင်္ခါရတို့၏ အစုအဝေး အသွင်သဏ္ဌာန်ဖြစ်သော ငါ,သူတပါး-စသော သမုတ္တိဓမ္မကို ငြင်းပြနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဆရာတော်၏ရှုကွက်သည် ပညာဘာဝနာရှုကွက် မဟုတ်၊ သညာဘာဝနာ သို့မဟုတ် စိတ္တဘာဝနာရှုကွက်မျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်၏ရှုကွက်သည် သင်္ခါရတရားများကို အတ္တနှင့် အတ္တနိယအမြင်မှ ကျော်လွှန်နိုင်သော ရှုကွက်များ မဖြစ်နိုင်ပေ) ဆုံး]

ဤမျှဖြင့် သင်္ခါရုပေက္ခာဉာဏ်ကိုပြဆိုချက်အား သုံးသပ်မှု အဆုံးသတ်ပါမည်။

## ၇၇။ အနုလောမဉာဏ် အဖွင့် သုံးသပ်ချက်

ဆက်လက်၍ အနုလောမဉာဏ်ပြဆိုချက်ကို သုံးသပ်ပါဦးမည်။ ဆရာတော်သည် ဤဉာဏ်ကို အောက်ပါအတိုင်း ပြဆိုပါသည်။

ပဌမ၌ အနုလောမဉာဏ်ဖြစ်ပေါ်ပုံကို ဝီထိချပြသည်။ ဤဉာဏ် ဇောတစ်ချက်တိုင်း၌ရသော အမည်များကိုလည်း မှည့်ပြသည်။ နောက်၌ ဤဉာဏ်ကို 'အနုလောမဉာဏ်'မည်ကြောင်း ပြဆိုသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဝီထိချပြခြင်း၊ ဇောတစ်ချက်တိုင်း၌ရသော အမည်ပြခြင်း၊ ဤအရာများသည် ပရိယတ်နည်းအတိုင်းပင် ဖြစ်သည်။ 'အနုလောမဉာဏ်'-ဟု အမည်ရပုံကို ဤသို့ပြဆိုပါသည်။ ဤဉာဏ်သည် အောက်ဉာဏ်များနှင့် အထက်ဉာဏ်များအားလုံးတို့နှင့် လျော်နေပေသည်။

လျော်ပုံမှာ ဤသို့ဖြစ်သည်။ အဖြစ်,အပျက်ရှိသော တရားတို့၏ အဖြစ်,အပျက်များကို ဥဒယဗ္ဗယဉာဏ်သည် မြင်ခဲ့သည်။ ဤနည်းအတိုင်း လျစ်လျူရှုရမည့် တရားများ၌ သင်္ခါရုပေက္ခာဉာဏ်သည် လျစ်လျူရှုခဲ့သည်။ ဤဉာဏ်များနှင့်လည်း လျော်သည်။ (မဂ်နှင့်လည်း လျော်သည်)။ ဤသို့လျော်ခြင်းဖြစ်သည်။

ဆရာတော်သည် အနုလောမဉာဏ်ကို ဤသို့သာ ပြဆိုပေသည်။ ဆရာတော်၏ အနုလောမဉာဏ် ပြဆိုချက်သည် ရိုးတိုးရားတားနိုင်လှပေသည်။ ဤဉာဏ်ဖြစ်ပုံသည် မပေါ်မလွင် ရှိလှပေသည်။ အနုလောမအဆင့်၌ အသိ၏ပုံဟန်များ မထင်ရှား-ဟု ဆိုလိုပါသည်။

စင်စစ်၌ 'အနုလောမဉာဏ်'သည် ဆရာတော်ပြဆိုသကဲ့သို့ မထင်ရှားသည် မဟုတ်ပေ။ သင်္ခါရုပေက္ခာဉာဏ်အဆင့်၌ သင်္ခါရများကို အနုစိပ်၍ စိမ်ပြီးသုံးသပ် လာခဲ့သောကြောင့် သင်္ခါရတရားများ အပေါ်၌ သိစရာ တစ်စမကျန်အောင် လုံးဝရှင်းလင်းသည့်အဆင့် ရောက်လုလုဖြစ်သော အသိသည်သာ 'အနုလောမဉာဏ်' ဖြစ်ပါသည်။

သင်္ခါရတို့ကို လုံးဝရှင်းလင်းစွာ သိရန် သင့်လျော်နေပြီဖြစ်သော အသိ (သည် မဂ်ဖြင့် သင်္ခါရများကို လုံးဝရှင်းလင်းစွာသိရန် သင့်လျော်နေပြီဖြစ်သော အသိ) ဖြစ်ပါသည်။ ထို့ကြောင့် ဤအသိကို 'အနုလောမဉာဏ်'ဟူ၍ ဆိုရခြင်းဖြစ်ပါသည်။

အနုလောမဉာဏ်သည် ပုထုဇဉ်အသိနှင့် အရိယာအသိ ဤနှစ်မျိုးတို့အကြား ဖြတ်မျဉ်းဖြစ်သည်။ ပုထုဇဉ်အသိသည် သင်္ခါရများကို 'နိစ္စ၊ သုခ၊ သုဘ၊

---

အတ္တ'-ဟု ဖြစ်သည်။ အရိယာအသိသည် သင်္ခါရများကို 'အနိစ္စ၊ဒုက္ခ၊အသုဘ၊ အနတ္တ' ဖြစ်သည်။

အနုလောမဉာဏ်သည် သင်္ခါရများကို (နိစ္စ-စသည်ဖြင့်လည်း) အပြည့်အဝ မမြင်တော့ပေ။ အနိစ္စစသည် အဖြစ်လည်း ထင်လင်းစွာ မမြင်သေး။ သင်္ခါရများကို နိစ္စအမြင်မှ အနိစ္စအမြင်သို့ ပြောင်းပြန်လန်၍ မြင်နေသောဉာဏ် ဖြစ်ပေသည်။

အနုလောမဉာဏ်သည် အောက်ပါဥပမာဖြင့် သိသာပါသည်-

လိမ္မော်သီးကိုးလုံးလျှင် တစ်ပိဿာရှိသည် ဆိုအံ့။ လိမ္မော်သီးတစ်ပိဿာ ချိန်သောသူသည် အလေးမှ တစ်ဘက်ဖြစ်သော ချိန်ခွင်ခွက်၌ လိမ္မော်သီးများကို တစ်လုံးပြီးတစ်လုံး ကောက်၍ ထည့်ပေမည်။

ပဌမတစ်လုံး ထည့်၍လည်း တစ်ပိဿာကို မပြသေး၊ ဒုတိယ, (တတိယ-စသည်ဖြင့် အဋ္ဌမအလုံးကို) ထည့်၍လည်း တစ်ပိဿာအမှတ် မပြသေး။ နဝမအလုံးကို ထည့်လိုက်ပြီးမှသာ တစ်ပိဿာအမှတ်ကို ပြလေသည်။ သို့သော်လည်း နဝမအလုံး ထည့်နေစဉ်၌ တစ်ပိဿာအမှတ်ပြရန် သင့်လျော်နေပြီ ဖြစ်သော်လည်း မပြသေး၊ ထည့်ပြီးမှသာ ပြပေမည်။

ဤ၌ နဝမအလုံးသည် တစ်ပိဿာ မရှိသေးရာမှ တစ်ပိဿာရှိလာရန် ပြောင်းလဲသွားစေသောအရာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ နဝမအလုံးသည် တစ်ပိဿာဖြစ်ရန် လျော်သောအလုံး ဖြစ်သည်ဟု ဖြစ်ပါသည်။ (သမ္မသနဉာဏ်သည် ပဌမအလုံး၊ အနုလောမဉာဏ်သည် နဝမအလုံး၊ ဤသို့ဖြစ်ပါသည်။

သမ္မသနဉာဏ်စသော ဉာဏ်ကိုးပါးတို့သည် အလုပ်များ မဟုတ်ပေ။ အလုပ်များကြောင့် ရရှိနေသော အသိ၏ အတိုင်းအရှည် ဒီဂရီများမျှသာ ဖြစ်ကြပေသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

(အကယ် အလုပ်မှာ-

ဒုက္ခကို ပိုင်းခြားခြင်း၊

ဒုက္ခ၏အကြောင်းကို ယူငင်ခြင်းများ-သာ ဖြစ်ပေသည်)။

ယင်းသို့ ယူငင်သိမ်းဆည်းခြင်း၏ အနု,အရင့် အကျဉ်း,အကျယ် ပြဆိုချက်စကားများသည် သမ္မသနစသော ဉာဏ်များ ဖြစ်ပေသည်။ ဆိုခဲ့သော ဉပမာ၌ လိမ္မော်သီးသည် အလုပ်မဟုတ်ပေ။ လူ၏ လှုပ်ရှားမှုသည်သာ အလုပ်-ဖြစ်ပေသည်။ တစ်လုံးထည့် တစ်ဆယ်သားခန့်လေး၊ နှစ်လုံးထည့် နှစ်ဆယ်သားခန့်လေး။ ဤသို့ လိမ္မော်သီးများသည် ရောက်ရှိသော အလေးချိန်ကို ပြဆိုခြင်းများမျှသာ ဖြစ်ပေသည်။

သမ္မသနဉာဏ်လည်း ဒုက္ခကို သုံးသပ်ခြင်းကြောင့် ရလေသည်။ ဉဒယဗ္ဗယ
ဉာဏ်လည်း ဤအတူ ဒုက္ခကိုသုံးသပ်သော အလုပ်ကို ကျယ်ပြန့်စွာ လုပ်လာသောကြောင့် ရသည်။ ဘင်ဉာဏ်စသည်လည်း ဤအတူပင် ဒုက္ခကို သုံးသပ်ခြင်း၏ အနိမ့်,အမြင့် အဆင့်ဆင့် ကျယ်ပြန့်စွာလုပ်သောကြောင့် ရခြင်းဖြစ်သည်။ နောက်ပိတ်ဆုံး အနုလောမဉာဏ်၌ ဒုက္ခကိုသုံးသပ်ခြင်း၏ အဆုံးသို့ရောက်ပြီးသောကြောင့် ရခြင်းဖြစ်သည်။

အနုလောမဉာဏ်၏ နောက်၌ ဒုက္ခကို သုံးသပ်စရာ မကြွင်းမကျန်တော့ပေ။ ပထျာဖြန့်၍ နှံ့သွားပေပြီ။ ထို့ကြောင့် အနုလောမဉာဏ်သည် သင်္ခါရများအပေါ်၌ 'နိစ္စ,သုခ,သုဘ,အတ္တ'-ဟု အမြင်မှားနေခြင်းများ မမှားတော့ရန် အမြင်ဖြစ်ဖို့ သင့်လျော်သော အသိအမြင်ဖြစ်သော ဉာဏ် ဖြစ်ပေသည်။

ဤမျှဖြင့် အနုလောမဉာဏ်ပြဆိုသုံးသပ်ချက် ပြီးပါမည်။ 'ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်'-ဆိုသည်ကို ဆက်၍ပြပါသည်။ ဆရာတော်သည် အနုလောမ

ဉာဏ်၏ လေးကြိမ်မြောက် စိတ္တက္ခဏကလေးဖြစ်သော ဂေါတြဘူကို 'ဝုဋ္ဌာန ဂါမိနီဝိပဿနာဉာဏ်'ဟု ပြဆိုပေသည်။ ဤ၌ သုံးသပ်ဖွယ် အထူးမရှိပါ။

ဤမျှဖြင့် 'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို အကျယ်တင်ပြချက်'အား သုံးသပ်၍ ပြီးဆုံးပါပြီ။ အမှန်တရားကိုငဲ့၍ ရိုးသားစွာ သုံးသပ်ခဲ့ပါသည်။ လေးစားစွာ ဖတ်ရှုကြပါကုန်။

အခန်း(၂၀)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
ဉာဏဒဿနဝိသုဒ္ဓိ အကျယ်ဖွင့် သုံးသပ်ချက်

## အခန်း(၂၀)
## ဉာဏဒဿနဝိသုဒ္ဓိ အကျယ်ဖွင့် သုံးသပ်ချက်

### ၇၈။ မဂ်ဉာဏ်အဖွင့် သုံးသပ်ချက်

ဆက်လက်၍ ဝိသုဒ္ဓိ၏ နှစ်ဆယ့်နှစ်ခန်းမြောက် ဉာဏဒဿနဝိသုဒ္ဓိ အကျယ်တင်ပြချက်ကို သုံးသပ်မည်ဖြစ်ပါသည်။ ဤအခန်း၌ ဆရာတော်သည် ပဌမမဂ်ရပုံ ပြဆိုချက်၊ သောတာပန်ပုဂ္ဂိုလ် ပြဆိုချက်၊ (ဒုတိယမဂ်၊ တတိယမဂ်၊ စတုတ္ထမျာ‌းရပုံ ပြဆိုချက်နှင့် ရဟန္တာပုဂ္ဂိုလ် ပြဆိုချက်)များအပြင် ဗောဓိပက္ခိယတရား ပြဆိုချက်-စသော ပြဆိုချက် လေး,ငါးခုကိုလည်း ပြပေသေးသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဤသုံးသပ်ချက်၌ ဗောဓိပက္ခိယတရား ပြဆိုချက်-စသည်ကို သုံးသပ်၍ ပြမည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဤအရာများသည် ဝိသုဒ္ဓိမဂ်-ပင်မ တရား၏ အပြင်မှအရာများ ဖြစ်သောကြောင့် ဖြစ်သည်။ ဤပြဆိုချက်များ၌ မှားသော်လည်းကောင်း၊ မှန်သော်လည်းကောင်း ဝိသုဒ္ဓိမဂ်နှင့် များစွာ မသက် ရောက်ပေ။ ထို့ကြောင့် မှားလိုကမှား၊ မှန်လိုကမှန်၊ မဝေဘန်ပါပြီ။

ဤ ဉာဏဒဿနဝိသုဒ္ဓိ၌ ဆရာတော်သည် ရှေးဦးစွာ ပဌမမဂ်ဉာဏ်ကို ဤသို့ ပြဆိုပါသည်-

'အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်များ ဖြစ်ပေါ်ပြီးနောက် ဂေါတြဘူ ဉာဏ်သည် အရိယမဂ်အား များစွာသောသတ္တိတို့ဖြင့် ဖြစ်ပေါ်စေသည်။' ဤကား ပဌမမဂ်ဉာဏ်ဖြစ်ပေါ်ပုံ အစဉ်ဖြစ်သည်။

ဖြစ်ပေါ်ပုံ အခြင်းအရာကို ဤသို့ပြသည်-

'မဂ်၏ရှေ့မှ ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြုသည်။ ဂေါတြဘူရှေ့မှ အနုလုံဟူသော စိတ္တက္ခဏဇောချက်သည် ကိလေသာအမှောင်ကို ပယ်ဖျောက် သည်။ မဂ်သည် ဂေါတြဘူပေးသော အမှတ်ကို ယူ၍ မခွဲဖျက်ဘူးသေးသော လောဘစသည် အစုအဝေးကို ခွဲဖျက်လျက် ဖြစ်ပေါ်သည်။'

ဤပြဆိုချက်ကို ဥပမာအားဖြင့် ပြပေသည်။ ဤသုံးသပ်ချက်၌ ပို၍ရှုပ် မည်စိုးသောကြောင့် ဥပမာများကို ခြွင်းချန်ခဲ့ပေသည်။

ဆရာတော်၏ပြဆိုချက်သည် အလွန် မတိမကျ မရေမရာ နိုင်လှပါသည်။ မဂ်သည် လောဘအစုအဝေး-စသည်ကို ဘယ်သို့ ခွဲဖျက်သည်ဟုလည်း မပြဆို ပါ။ လောဘသည် အဘယ်သို့ဖြစ်၍ မဂ်ဖြင့် အဘယ်သို့ ပယ်ဖျက်သည်-ဤသို့ ပြဆိုရမည် ဖြစ်ပါသည်။ သို့မှသာ မဂ်ဉာဏ်၏ အခြင်းအရာကို သိသာမည်ဖြစ်ပါ သည်။ ဆရာတော်၏ပြဆိုချက်သည် လုံးထွေးထိုးသိပ်ပြီး ဝူးဝူးဝါးဝါး ပြဆိုချက်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

မျိုး ဖြစ်ပါသည်။

ဆရာတော်၏တင်ပြချက်သည် မဂ်သည် လောဘအစုအဝေးများကို ဖောက်ခွဲလျက်ဖြစ်သည်-ဟုသာ ဆိုပေသည်။ အနုလောမဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာများကို ပယ်ဖျောက်သည်ဟု ဆိုခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြုပြီးပြီဟုလည်း ဆိုပါသည်။ ဤသို့ဆိုလျှင် မဂ်သည် ကိလေသာကိုသတ်စရာ အဘယ်လိုတော့သနည်း။ မဂ်သည်-

'ပွားခြင်းကိစ္စကိုလည်း ပြုသည်။ သင်္ခါရတရားတို့ကိုလည်း အမှန်အတိုင်း သိခြင်း ကိစ္စကိုလည်း ပြီးစေသည်။

ယင်း သင်္ခါရတို့အပေါ်၌ မသိခြင်းကြောင့်ဖြစ်သော စွဲမက်ခြင်းကိုလည်း ပယ်သတ်ခြင်းကိစ္စကိုလည်း ပြီးစေသည်။

ယင်းသို့ သမုဒယမရှိခြင်းကြောင့် ငြိမ်းအေးခြင်းကိုလည်း မျက်မှောက်ပြုခြင်းသို့ ရောက်စေသည်။ ဤသို့ လေးဌာန,လေးကိစ္စကို တပြိုင်နက်ဖြစ်စေသည်'။ ဤသို့လျှင် ဘုရားသျှင်ဟောသည် မဟုတ်ပါလော။

ဤသို့ဖြစ်လျက် ဆရာတော်သည် အနုလောမဉာဏ်ဖြင့် ကိလေသာကို ပယ်သည်၊ နိဗ္ဗာန်ကိုကား အာရုံမပြုသေး။ ဂေါတြဘူဉာဏ်ဖြင့် အနုလောမဉာဏ်သည် ကိလေသာများကို ပယ်ထားသောကြောင့် ဖြစ်ပေါ်နေသော နိဗ္ဗာန်ကို မြင်သည်။ ဤဂေါတြဘူဉာဏ်ဖြင့် ကိလေသာကိုကား မပယ်။ ဤသို့ ဆိုနေပါသည်။

ဤသို့ဆိုလျှင်-

မဂ်အတွက်လုပ်ငန်းကား အဘယ်နည်း။

သစ္စာလေးချက်သည် အဘယ်သို့ တပြိုင်နက် ထင်ပေါ်ပါသနည်း။

အရိယမဂ်သည် သီးခြားကိလေသာ၊ သီးခြားနိဗ္ဗာန်များကို ပယ်ခြင်း၊ မြင်ခြင်းပြုသလော။

ကိလေသာသည် နှစ်မျိုးရှိသလော။ အနုလောမဉာဏ်ဖြင့် အပယ်ခံရ

သော ကိလေသာ၊ အရိယမဂ်ဖြင့် အပယ်ခံရသောကိလေသာ-ဟူ၍ ဖြစ်သည်။

နိဗ္ဗာန်လည်း ဤနည်းပင် နှစ်မျိုးရှိသလော။ ဂေါတြဘူမြင်သော နိဗ္ဗာန်သည် တစ်မျိုး၊ မဂ်မြင်သောနိဗ္ဗာန်သည် တစ်မျိုးဖြစ်သည်။ တဖန် နိဗ္ဗာန်သည် ကိလေသာတို့၏ မရှိခြင်းကြောင့်ဖြစ်သော ငြိမ်းအေးခြင်းသဘောအပြင် သီးခြားသဘော ရှိသေးသလော။

ဆရာတော်၏ဤအဆိုအရ ဤပြဿနာများ ထွက်လာပါသည်။

ပဌမ အရိယမဂ်ဉာဏ်ဖြင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိလေသာများကိုသတ်၍ ဒိဋ္ဌိ, ဝိစိကိစ္ဆာကိလေသာ၏ မရှိခြင်းကြောင့် ဖြစ်ပေါ်သော ငြိမ်းအေးမှုနိဗ္ဗာန်ကို ဆိုက်ရောက်ပေသည်။ ထိုပဌမမဂ်၏ အနုလုံနှင့် ဂေါတြဘူများသည် အဘယ်သို့ အလုပ်လုပ်ကြသနည်း။ ဆရာတော်အလိုအရဆိုလျှင်- အနုလုံသည် ဒိဋ္ဌိ, ဝိစိကိစ္ဆာကိလေသာကို ပယ်သည်၊ ဂေါတြဘူသည် ဒိဋ္ဌိ,ဝိစိကိစ္ဆာများ မရှိခြင်းကြောင့် ဖြစ်သော ငြိမ်းအေးမှုနိဗ္ဗာန်ကို အာရုံပြုသည်။ ဤသို့ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ပဌမအရိယမဂ်သည် သစ္စာလေးချက်လည်း တပြိုင်နက် မဖြစ်စေပါ။ (ဆရာတော်၏ ပြဆိုချက်သည် သစ္စာလေးချက်လည်း တပြိုင်နက် မလည်ပါ)။ ဆရာတော်အဆိုအရဆိုလျှင် 'ဒုက္ခအရိယသစ္စာသည် အနုလောမဉာဏ်
၏ ရှေ့ဖြစ်သော ဉာဏ်များဖြင့် အသိခံခဲ့ရသည်။ သမုဒယအရိယသစ္စာသည် အနုလောမဉာဏ်၌ အပယ်ခံခဲ့ရသည်။ နိရောဓအရိယသစ္စာသည် ဂေါတြဘူဉာဏ်
၌ မျက်မှောက်အပြု ခံခဲ့ရသည်။ မဂ္ဂအရိယသစ္စာသည် မဂ်ဉာဏ်၌ အပွားခံခဲ့ရသည်။' ဤသို့ ဖြစ်နေကြပါသည်။ သစ္စာလေးချက်သည် တစ်ချိန်စီ ဖြစ်ပေါ်နေကြပါသည်။

ဆရာတော်၏ ပြဆိုချက်၌ ဂေါတြဘူသည် (ဘယ်ဝိသုဒ္ဓိမျှ မဝင်သော

တရားသဘောပင် ဖြစ်နေပေသည်။ ဂေါတြဘူသည်) မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သည်-ဟုလည်း ပြပြန်သည်။

ဂေါတြဘူသည် စင်စစ်၌ အနုလောမဉာဏ်မျှပင် ဖြစ်သည်။ ပဋိပဒါဉာဏဒဿနအတွင်း ဝင်ရပေမည်။ ဂေါတြဘူအရာကို လိုအပ်သည်ထက် ပိုမြှင့်ရန် အကြောင်း မရှိပေ ။ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြုသည်-ဟူသည်မှာ နိဗ္ဗာန်ကို ဂေါတြဘူက မျက်မှောက်ပြုခြင်း မဖြစ်နိုင်ပေ။ အနုလောမဉာဏ်သည်လည်း ဘယ်ကိလေသာမှ ပယ်နိုင်သည် မဟုတ်ပေ။

အနုလောမဉာဏ်များဖြစ်သော ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူများသည် သင်္ခါရတရားတို့၏ အတ္တမျက်နှာဖုံးကို ခွါချနိုင်သော အားပြည့်နေသော အခိုက်မျှသာ ဖြစ်ပေသည်။ ဤ ဇောစိတ္တက္ခဏလေးချက်ကို ကျော်၍ ငါးချက်မြောက် စိတ္တက္ခဏဇောသည် သင်္ခါရတရားတို့၏ အတ္တ,နိစ္စ,သုခ,သုဘ မျက်နှာဖုံးကို ခွါချပေတော့မည်။ ဤသို့ ခွါချရန် အသင့်အလျော်ဖြစ်နေသော ဉာဏ်များသည် အနုလောမဉာဏ် စိတ္တက္ခဏဇောလေးချက် ဖြစ်ပါသည်။

ဤ အာဝဇ္ဇန်းတစ်ခုရှိသော ဝီထိအစဉ်၌ ပဥ္စမဇော စိတ္တက္ခဏသည် ရှေ့ဇောစိတ္တက္ခဏ လေးချက်တို့ဖြင့် သင်္ခါရတရားတို့၏ အတ္တမျက်နှာဖုံးကို ခွါချရန် အင်အားပြည့်နေခြင်း၏ ပေါက်ဖွားချက်အဖြစ် ဖြစ်ပေါ်လာသော စိတ္တက္ခဏဖြစ်သည်။ ဤစိတ္တက္ခဏဇောသည် သင်္ခါရမျက်နှာဖုံးကို ခွါချပါလေတော့သည်။

သင်္ခါရတရားတို့သည် လုံးဝပင် အတ္တ,နိစ္စ စသည်မဟုတ်ဟူ၍ ယတိပြတ်ပင် သင်္ခါရတရားများ၌ အမြင်ပေါ်သည်။ ဤဖြစ်ပေါ်ချက်နှင့်အတူ သင်္ခါရတရားများ၌ ကြောက်မှု (ဒေါမနဿ),မက်မှု(အဘိဇ္ဈာ)များ မဖြစ်ပေါ်ဘဲနေသည်။ ဤမဖြစ်ပေါ်ခြင်းနှင့် အတူပင် ငြိမ်းချမ်းမှုအာရုံသို့ ဆိုက်သည်။

ဤ၌ အမြင်ခံရသော သင်္ခါရတရားသည် 'ဒုက္ခသိခြင်း' ဖြစ်သည်။

မြင်သော ပဥ္စမဇောစိတ်မှာ 'အရိယမဂ္ဂပွားခြင်း' ဖြစ်သည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ကြောက်မှု,မက်မှုများ ငြိမ်းအေးခြင်းသည် 'ဒုက္ခသမုဒယပယ်ခြင်း' ဖြစ်သည်။

ငြိမ်းအေးသောအာရုံသို့ ဆိုက်ရောက်ခြင်းမှာ 'ဒုက္ခနိရောဓ မျက်မှောက်ပြုခြင်း' ဖြစ်သည်။

ဤသို့လျှင် 'မဂ်ဉာဏ်'ဖြစ်ပေါ်ပေသည်။

ဤမဂ်ဉာဏ်နှင့် ဝိပဿနာဉာဏ်များ ဖြစ်ပုံကို ဥပမာဖြင့် တင်ပြပါမည်-

သင်္ချာသမားတစ်ယောက်သည် တွေးဆတွက်ချက်၍ မရသော သင်္ချာတစ်ပုဒ်ကို ပညာရှင်တစ်ဦးထံ လေ့လာနေသည်ဆိုအံ့။

ပညာရှင်သည် ယင်းသင်္ချာပုစ္ဆာပြဿနာ၏ တည်ဆောက်ဟန်ကို မြင်သာသည်အထိ ဖြန့်ပြလိုက်ပေသည်။ သင်္ချာသုတေသီသည် ပညာရှင်ပြသော အချက်အလက်များကို အစမှအဆုံး ဝေဖန်လျက် လိုက်လာပေသည်။ ပညာရှင်သည် ပြဿနာ၏ အခြေခံမှ အဆုံးအထိ တစ်ခုချင်း ရှင်းလာခဲ့ပေသည်။ ရှင်းချက်ကိုးချက်ဖြင့် ရှင်းပြသည် ဆိုအံ့။ တစ်ချက်တိုင်း၌ သုတေသီသည် ရှင်း၍,ရှင်း၍သွားပေသည်။

အားလုံးရှင်းပြီးသောအခါ သုတေသီသည် ဤပြဿနာကို ရှင်းတတ်ပြီဟု ထင်ပေသည်။ အကယ် ရှင်းကြည့်သောအခါလည်း ရှင်းတတ်ပေသည်။ ဤကား ဥပမာ ဖြစ်ပါသည်။ ဥပမေယျဖြင့် နှီးနှောပါမည်-

'ပညာရှင်'သည် 'ဘုရားနှင့် ဘုရားစကားတော်' ဖြစ်ပါသည်။

ပြဿနာ၏ 'ရှင်းချက်ကိုးချက်'မှာ သမ္မသနစသော 'ဉာဏ်ကိုးချက်' ဖြစ်ပါသည်။ တစ်ချက်ခြင်း၌ လိုက်၍ရှင်းနေခြင်းမှာ 'ဉာဏ်တစ်ခုချင်း၌ ရရှိသိမြင်ခြင်း' ဖြစ်ပါသည်။ အားလုံး ရှင်းပြီးသောအခါ၌ သုတေသီ၏စိတ်၌ ဤပြဿနာ ငါရှင်း
တတ်ပြီ-ဟု တွေးခေါ်ခြင်းနှင့် ဉာဏ်ကိုးပါးပေါက်၍ အနုလောမဉာဏ် ရောက်သူ

သည် 'ဒုက္ခကိုငါသိပြီဟုထင်ခြင်း' ဖြစ်ပါသည်။

ဤ၌ 'ဒုက္ခသိခြင်းကို သစ္စာလေးချက်ဖြစ်ပေါ်ခြင်း'-ဟု အဓိပ္ပါယ်ယူရပါမည်။ သစ္စာသည် တစ်ချက်တည်းဖြစ်သည်-ဟု မရှိနိုင်သောကြောင့် ဖြစ်ပါသည်။

ဤသို့ထင်သည့်အတိုင်း နောက်စိတ်ဖြင့် အကယ်-သိခြင်းသည် သုတေသီ၏ သင်္ချာပြဿနာကို အကယ်-ရှင်းနိုင်ခြင်း တူညီပေသည်။

ဤဥပမာ- ဥပမေယျဟပ်ချက်ဖြင့် ဆိုလိုသည်မှာ အနုလောမဉာဏ်ဖြင့် သစ္စာကိုသိခြင်း သို့မဟုတ် ဂေါတြဘူဖြင့် နိဗ္ဗာန်ကိုအာရုံပြုခြင်းအားဖြင့် သမုဒယကို ပယ်ခြင်းများသည် အကယ်မဟုတ်ဘဲ သင်္ချာ၌ ရှင်းပြခံရသောကြောင့် သဘောပေါက်သွား၍ ရှင်းတတ်ပြီဟု အထင်အမြင် ဖြစ်ပွားခြင်းမျိုး ဖြစ်ပါသည်။ သို့သော်လည်း ဤဉာဏ်များသည် အကယ် ပယ်ခြင်း၊ အကယ် မျက်မှောက်ပြုခြင်းကား လုပ်နိုင်ကြသည် မဟုတ်ပေ။

ဤဉာဏ်များနှင့် မဂ်ဉာဏ်သည် (အဖြေထုတ်နိုင်လောက်အောင် သင်္ချာပြဿနာကို နားလည်နေခြင်းနှင့် သင်္ချာပြဿနာကို) အဖြေထုတ်ပြခြင်း၊ ဤသို့ အစဉ်အတိုင်း ဖြစ်ပါသည်။

၇၉။ ဒုက္ခ၏ အနက်ယူပုံ အမှန်

အနုလောမဉာဏ်များသည် ဒုက္ခကိုသိပြီ-ဟု ခန့်မှန်းနိုင်သော အဆင့်သို့ ရောက်သောအသိ ဖြစ်ပါသည်။ အရိယမဂ်ဉာဏ်သည် ဒုက္ခကို အနုလောမဉာဏ်များ ခန့်မှန်းထားသည့်အတိုင်း တွေ့သိခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ဒုက္ခသိပုံကို အနည်းငယ်မျှ ပြဆိုလိုပါသေးသည်။

သင်္ခါရများသည် ဒုက္ခတရားများ ဖြစ်ပါသည်။ ထိုသို့ဖြစ်သောကြောင့် သင်္ခါရတရားများကို သိခြင်းသည် ဒုက္ခကိုသိခြင်း ဖြစ်တော့သည်။ ဤသို့ဆိုချင်ဖွယ် ဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း-

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သင်္ခါရတရားများ ဖြစ်ခြင်းသည် ဒုက္ခသိခြင်း မဟုတ်ပါ။

'ဒုက္ခကိုသိခြင်းသည်=ဒုက္ခအရိယသစ္စာ' ဖြစ်ပါသည်။

'သင်္ခါရတရားများကို ပိုင်းပိုင်းခြားခြား သိခြင်း'သာလျှင်=

'ဒုက္ခကိုသိခြင်း' ဖြစ်ပါသည်။

ဤ၌ ဒုက္ခ၏အနက်သည်လည်း ဝေဒနာအနက်များဖော်၍ ပေါ်မည် မဟုတ်ပါ။

'ဒုက္ခ၏အနက်'-သည် သင်္ခါရတရားများ၌ 'ခန္ဓာ'-ဟု ပြောလောက်သော တစ်ဆယ့်တစ်ပါး အပြားမှ အသွင်တရားများဖြစ်ကြသော 'ဟီန-ပဏီတ, ဩဠာရိက-သုခုမ'ဟူသော 'ယုတ်-မြတ်, ကြမ်း-နု တရားလေးပါးမရှိပုံ ငြင်းဆိုခြင်း'-သာ ဖြစ်ပါသည်။

ဒုက္ခ၏အနက်ကို 'ဆင်းရဲခြင်း'-ဟု ဖော်ကြသည်မှာ ဝေဒနာဒုက္ခနှင့် သစ္စာဒုက္ခ၏ ကွဲပြားမှုကို ခွဲခြား မရှုနိုင်သောကြောင့်သာ ဖြစ်ပါသည်။ သစ္စာဒုက္ခသည် ဝေဒနာဒုက္ခ၏ အနက်နှင့် သီးခြားစီ ဖြစ်ပါသည်။ 'လက္ခဏာဒုက္ခ၏ အနက်နှင့်သာ တူပါသည်။'

ထို့ကြောင့် ဒုက္ခအရိယသစ္စာသည် ဒုက္ခအရိယသစ္စာဟူသော အမည်သာမက 'အနိစ္စအရိယသစ္စာ, အနတ္တအရိယသစ္စာ'-ဟူသော အမည်များလည်း ရလိုက ရနိုင်ပါသည်။

ဒုက္ခအရိယသစ္စာကို သိမြင်သောကြောင့် သမုဒယအရိယသစ္စာ ပယ်သည်များလည်း ဒုက္ခအရိယသစ္စာကို မြင်ပုံဖြစ်သော သင်္ခါရတရားတို့၏ နှိပ်စက်ပုံကို မြင်သောကြောင့် ယင်းသင်္ခါရတို့၌ အတွယ်အတာ မပွားခြင်း ဖြစ်ပါသည်။ [ကြက်ခြေခတ်ထား၍ ချန်ထားသောစာများ ဖော်ပြစ-(ဆိုလိုသည်မှာ သင်္ခါရတို့၏ ဆင်းရဲကို မြင်သောကြောင့် ယင်းသင်္ခါရများကိုလိုချင်ခြင်း မဟုတ်-ဟူ၍ ဖြစ်သည်။

မကောင်း၍ သို့မဟုတ် ဆင်းရဲ၍ မလိုချင်သည်မှာ ဒေါသသဘော သို့မဟုတ် ကြောက်ရွံ့စက်ဆုတ်ခြင်းသဘော ဖြစ်သည်။ ဤသို့ မကောင်း၍ မလိုချင်ခြင်းမှာ သမုဒယတစ်မျိုးပင် ဖြစ်ပါသည်။ လောဘတဏှာ၏ တစ်ဘက်စွန်းအချိုးဖြစ်သော သမုဒယ-ဟု ဆိုလိုပါသည်။ မလိုချင်ခြင်းသည် လိုချင်ခြင်း၏ ပြောင်းပြန်အချိုးဖြစ်သည် မဟုတ်ပါလော။

ဒုက္ခမြင်၍ သမုဒယပယ်သည် ဆိုသည်မှာ-

'ဒုက္ခဖြစ်သော သင်္ခါရတရားများ၌ ယုတ်,မြတ်,ကြမ်း,နု တစ်ခုခုအားဖြင့် အသွင်အပြင်များ ရှိမနေသောကြောင့် တောင့်တဖွယ်ရာ-ဟူ၍ အလျဉ်းပင် မရှိသည်ကို သိမြင်ပြီး၊ တောင့်တခြင်းသမုဒယ မဖြစ်ခြင်းသာ ဖြစ်ပါသည်။

သင်္ခါရတရားများသည် ဒုက္ခဖြစ်ကြသည် မှန်သော်လည်း သင်္ခါရမြင်ရုံဖြင့် ဒုက္ခကို မမြင်ပါ။ လူသည် ရုပ်နာမ်ဖြစ်သော်လည်း ရုပ်နာမ်ကိုမမြင်သကဲ့သို့ ဖြစ်ပါသည်။ သင်္ခါရရုပ်နာမ်သည် ဒုက္ခဖြစ်သော်လည်း ရုပ်နာမ်မြင်ရုံဖြင့် ဒုက္ခ မမြင်နိုင် ဖြစ်ပါသည်။ လူမြင်ခြင်းသည် သမုတိသစ္စာ၊ ရုပ်နာမ်မြင်ခြင်းသည် ပရမတ္ထသစ္စာ၊ ဒုက္ခမြင်ခြင်းသည် အရိယသစ္စာ၊ ဤသို့ ဖြစ်ပါသည်။)-ဆုံး]

မဂ်ဉာဏ်သည် ဤသို့ပင် သင်္ခါရများကို ဒုက္ခစသည်ဖြင့် သိခြင်း ဖြစ်ပါသည်။ သမ္မသန-စသော အောက်ဉာဏ်ကိုးပါးသည် သင်္ခါရများကို ဒုက္ခလက္ခဏာ ပေါ်သည်အထိ အမျိုးမျိုး သုံးသပ်ဆန်းစစ် လေ့လာ ဖြည့်ဆည်းသောကြောင့် ဖြစ်ပေါ်လာသော သင်္ခါရတို့၏ ဒုက္ခစသည်ဖြစ်ပုံ အနိမ့်,အမြင့် အဆင့်ဆင့်အသိများ ဖြစ်ပါသည်။ (သို့မဟုတ် သင်္ခါရတို့၏ ဒုက္ခဖြစ်ပုံ၌ မပြည့်စုံသေးသာ အသိဖြစ်ခြင်းများ ဖြစ်ပါသည်)။

ဤမျှဖြင့် မဂ်ဉာဏ်နှင့် အောက်ဉာဏ်များ၏ ဖြစ်ပုံအခြင်းအရာကို တင်ပြချက် ရပ်တံ့ပါမည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

၈၀။ သောတာပတ္တိမဂ်ဉာဏ်အဖွင့် သုံးသပ်ချက်

ဆက်လက်၍ သောတာပတ္တိမဂ်အကြောင်း တင်ပြပါမည်။

ဤ ပဌမ အရိယမဂ်ဉာဏ်သည် ရုပ်နာမ်သင်္ခါရများကို အနိစ္စစသည် သိမြင်ချက်ကြောင့် ဘဝအမြင်နှင့် ဘဝအတွေးအခေါ် ဤနှစ်ချက်၌ ပြက်ပြက်ထင်ထင် ရှင်းလင်းပြတ်သားမှု ထုတ်နိုင်ခြင်း ဖြစ်ပါသည်။

ပဌမအရိယမဂ်၏ အောက်,အောက်ဉာဏ်များလည်း ဤအရာ ရှင်းနိုင်ရေးအတွက်ပင် ခွဲခြမ်းစိတ်ဖြာမှု သံဝေဂထုတ်ကြသည်။ ဤသံဝေဂထုတ်မှု၏ ရလာဒ်အဖြစ် အနုလောမဉာဏ်၏နောက်၌ မှားယွင်းသော ဘဝအမြင်များ၊ မှားယွင်းသော ဘဝအတွေးအခေါ်များကို ပြတ်သားစွာ ပ,ထုတ် ရှင်းလင်းလိုက်သည်။ မှန်ကန်သောအမြင်သည် ပကတိထင်ထင် သိမြင်လာသည်။

သင်္ခါရတရားများသည် ဘယ်ကမှ၊ ဘယ်အချိန်ကမှ၊ ဘယ်ဝကမှ လာရောက်ဖြစ်ကြသည် မဟုတ်။ အာရုံနှင့်ဝတ္ထု ဤနှစ်ခုဆုံကြရာမှ နှလုံးသွင်းမှား၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ နှစ်ခုဆုံ၍ ဖြစ်ပေါ်လာသော်လည်း ဖြစ်ပေါ်လာသော တရားများသည် အာရုံနှင့်ဝတ္ထုတို့၏ နှစ်ခုအပေါင်းအပြင် သီးခြားတည်ရှိသည် လည်း မဟုတ်ပေ။

ထို့ကြောင့် အာရုံနှင့်ဝတ္ထုတို့မှ ပေါင်းဆုံမှုမှ ခွဲခွါသောအခါ၌ ဖြစ်ပေါ်သောတရားများ ချုပ်စဲ,ပျောက်ဆုံးကြသည်။ ထို့ကြောင့် ယင်းတို့၏ အဆုံးသည်လည်း မသိ,မထင်နိုင်သည် မဟုတ်၊ ဘယ်ဘဝ,ဘယ်ကာလ,ဘယ်ဌာနသို့မှ ဖြစ်ပွားမသွားကြ။

ဤသို့ 'ဘဝ'ကို မြင်လာကြသည်။ ဤသို့မြင်သောကြောင့် ဘဝအတွေးအခေါ်လည်း ဤအမြင်နှင့်အညီ ဤသို့ထင်လာသည်-

'ဖြစ်ပေါ်သောတရားသည် ကောင်း,ဆိုးနှစ်တန် ပုံဟန်

ကွဲပြားသည့်အတိုင်း ယင်းတို့ဖြင့် ပစ္စယတာဝန်ယူ၍ ဖြစ်ပွားဦးမည့် သမဝါယတရား သို့မဟုတ် သမုပ္ပန္နတရားများသည် ကောင်း,ဆိုးနှစ်တန်ပုံဟန်များ မထင်ဟု-မဖြစ်ထင်ရ
မည်သာ။ ဤသို့ အကျိုးဖြစ်စေလိုသည်ထက် ပိုကဲ၍ ကာလကိုလည်းကောင်း၊ ဌာနကိုလည်းကောင်း၊ ဘဝ(=ပယောဂ)ကိုလည်းကောင်း ခုန်ကျော်၍ကား သင်္ခါရများ၏အကျိုးသည် ဖြစ်သည်မဟုတ်'။

ဤသို့ပင် သဿတ,ဥစ္ဆေဒ နှစ်ဝသော မစင်ကြယ်, မဟုတ်မှန်သော ဘဝအတွေးများကို ရှင်းလင်း ပယ်ရှားနိုင်ပေသည်။ ဤသို့ ဘဝအမြင်၊ ဘဝအတွေး များ မှန်ကန်လာစေသော အသိဉာဏ်သည် 'ပဌမအရိယမဂ်ဉာဏ် (သောတာပတ္တိမဂ်ဉာဏ်)' ဖြစ်ပေသည်။

ဤပဌမအရိယမဂ်ဉာဏ်သည် တစ်ကြိမ်သာကျပေသည်။ ဤ ပဌမမဂ်နောက်၌ ဖိုလ်စိတ် ဆက်ကျပေသည်။ ဆိုခဲ့ပြီးသောအသိများ ပဌမဆုံးသိသော အသိသည် မဂ်ဖြစ်၍ ဆက်၍သိသော အသိသည် ဖိုလ်-ဖြစ်ပေသည်။

ဤမဂ်စိတ်,ဖိုလ်စိတ်နှင့် မဂ်,ဖိုလ်ဖြစ်ရန် သံဝေဂစိတ် သို့မဟုတ် ဝိပဿနာဉာဏ်စိတ်များ ဖြစ်ပုံကို အောက်ပါဥပမာဖြင့် သိသာစေနိုင်ပါသည်-

လေယာဉ်ပျံကို မမြင်ဘူးသူ တစ်ဦးသည် လေယာဉ်ပျံကို ကြည့်ရန်အတွက် လေယာဉ်ကွင်းသို့ သွားပါသည်။ ကွင်းနားနီးလာသောအခါ လေယာဉ်ပျံကို မပြတ်မသား ဝိုးတဝါး မြင်ရပါသည်။ တဖြည်းဖြည်း ပို၍ပြတ်သားစွာ မြင်လာ
ရပါသည်။ နောက်ဆုံး ပြတ်ပြတ်သားသား မြင်လာရပါသည်။ ထို့နောက်လည်း ဆက်၍ မြင်နေပြန်ပါသည်။ လေယာဉ်ကွင်းမှ ပြန်သောအခါ၌ လေယာဉ်ကိုကား မမြင်တော့ပါ။ နောက်၌ အကြောင်းသင့်လျှင် ပြန်မြင်ပါဦးမည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဥပမာ,ဥပမေယျ ဟပ်ပါမည်၊ လေယာဉ်မမြင်ဘူးသူနှင့် ပုထုဇဉ်ပုဂ္ဂိုလ် တူပါသည်။ လေယာဉ်ကြည့်ရန် ကွင်းသွားသည်နှင့် တရားနာခြင်း၊ လေ့လာခြင်း လုပ်သည် တူပါသည်။ လေယာဉ်ကို အဝေးမှ ရေးရေးမြင်ရခြင်းနှင့် သမ္မသန စသော အောက်,အောက်ဉာဏ်များ ရခြင်းနှင့် တူပါသည်။ တိုး၍,တိုး၍ ပြတ် သားလာခြင်းနှင့် အနုလောမတိုင်အောင် ဉာဏ်များရခြင်း တူပါသည်။

နောက်ဆုံး၌ ပြတ်သားစွာ မြင်ရခြင်းနှင့် မဂ်ဉာဏ်ရခြင်းတူပါသည်။ နောက်ထပ်ပြတ်သားစွာ မြင်နေရခြင်းနှင့် ဖိုလ်ဇောများ ကျခြင်းနှင့် တူပါသည်။ (ကွင်းမှ ကြည့်ပြန်ပြီးခြင်းနှင့် အခြားစိတ်များဖြစ်ခြင်း တူပါသည်)။ နောက်ထပ် အကြောင်းသင့်၍ ပြန်မြင်ပြန်ခြင်းနှင့် ဖိုလ်ဇောပြန်ကျခြင်းနှင့် တူပါသည်။

ဤဥပမာ,ဥပမေယျသည် အကယ်ပင် တူပါသည်။

လေယာဉ်ကိုမြင်ရာ၌ မှုန်ဝါးဝါးမှ သို့မဟုတ် တစ်စိတ်တစ်ပိုင်း မြင်ရာမှ တိုး၍,တိုး၍ တစ်စင်းလုံး ပြတ်သားစွာမြင်ခြင်းသည် အလွန်ပင်တို တောင်းပါ သည်။ ဘယ်အချိန်၌ တစ်စင်းလုံးကို အပြတ်အသားမြင်သည်-ဟု ပြော၍ပင် ရနိုင်ခြင်း မရှိပါ။

ဤမျှ တိုတောင်းသော်လည်း ဤမြင်ခြင်း၌ ကိစ္စလေးချက်ကို ဤမြင်ခြင်း သည်ပင် ဆောင်ရွက်သွားပါသည်။

ယင်းမှာ-

(၁) ကြည့်ခြင်း၊

(၂) မြင်ခြင်း၊

(၃) မမြင်ဘူးခြင်းကို အလဲထိုးချခြင်း။

(၄) မမြင်ဘူးခြင်းကြောင့်ဖြစ်ပေါ်သော မြင်လိုခြင်းစသော မွတ်သိပ်မှု များ အေးငြိမ်းခြင်း။ ဤလေးချက် ဖြစ်ပါသည်။

ပြတ်သားစွာမြင်ပြီးနောက်၌ ဆက်မြင်နေခြင်း၊ နောက်အလျဉ်းသင့်သလို

မြင်ခြင်းများသည် မမြင်ဘူးသည်ကို အလဲထိုးရန် မဖြစ်တော့ပေ။ အဘယ့်ကြောင့် ဆိုသော် မမြင်ဘူးခြင်းကို ရှေးဦးစွာ အပြတ်အသားမြင်စဉ်ကပင် အလဲထိုးပြီး၍ မမြင်ဘူးခြင်းလက်ကျန် မကျန်တော့သောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ဆက်မြင်ခြင်း၊ ပြန်မြင်ခြင်းများသည် ဖိုလ်စိတ်များ ဖြစ်ပါသည်။

ပဌမအရိယမဂ်သည် အောက်,အောက်ဝိသုဒ္ဓိများ၏ လက်ဆင့်ကမ်းခဲ့ ချက်အရ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ ဒုက္ခသမုဒယနှစ်ပါးကို အပြတ် ရှင်းပစ် လိုက်နိုင်သည်။ ဤသို့ ရှင်းလင်းနိုင်သည်အထိ သင်္ခါရများအပေါ်၌ အသိဖြစ်ပေါ် သည်။ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ငြိမ်းခြင်းကြောင့်ဖြစ်သော သန္တိသုခကို မျက်မှောက်ပြုရသည်။

ဤသို့ ဒိဋ္ဌိ,ဝိစိကိစ္ဆာများရှင်းသည်အထိ သင်္ခါရများအပေါ်၌ အသိပထျာ ဖြန့်၍ ပွားများခြင်းများသည် အောက်,အောက် သမ္မသနစသောဉာဏ်များ ဖြစ် ပေါ်ခြင်း ဖြစ်ပါသည်။

ဤမျှဖြင့် ပဌမမဂ်,ဖိုလ်နှင့် သံဝေဂများကို ပြဆိုချက် လုံလောက်ပါပြီ။

၈၁။ အထက်မဂ်များ အဖွင့် သုံးသပ်ချက်

သကဒါဂါမိမဂ်သည် ရုပ်,နာမ်ကို ရုန့်ရင်းသော ရာဂ,ဒေါသများ ဖြစ်ပေါ် စရာ မရှိသည်အထိ အမြင်ဖြစ်ခြင်း ဖြစ်ပါသည်။ သကဒါဂါမိမဂ်၏ နိဗ္ဗာန်သည် ယင်း-ရုန့်ရင်းသော ရာဂ,ဒေါသတို့၏ မရှိခြင်းကြောင့်ဖြစ်သော အေးငြိမ်းခြင်းမျှ သာပင်။

အနာဂါမိမဂ်သည်ကား ရုပ်နာမ်သင်္ခါရများ၌ ကာမရာဂ,ဗျာပါဒများ ဖြစ်ပေါ်စရာမရှိသည်အထိ အမြင်,အသိ ပေါက်မြောက်အောင် ရှုကြည့်ခြင်းကြောင့် မြင်,သိခြင်းမျှသာ ဖြစ်ပါသည်။ ယင်း၏နိဗ္ဗာန်လည်း ယင်းပယ်၍ အေးငြိမ်းသော အေးငြိမ်းခြင်းမျှသာ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

အရဟတ္တမဂ်ကား သင်္ခါရများကို ကိလေသာမှန်သမျှ မြူမျှမကျန်အောင် မြင်သည်အထိ ရှုကြည့် ပွားများသောကြောင့် ဖြစ်ပေါ်သော အသိ,အမြင်ဖြစ်သည်။ ယင်း၏ နိဗ္ဗာန်ကား ကိလေသာအကြွင်းမရှိသော (အထွဋ်အထိပ် ငြိမ်းချမ်းမှု ဖြစ်သည်။

ဤမဂ်ကို-ရပြီး၊ ကိလေသာအားလုံးကို-ပယ်ပြီး၊ အကြွင်းမရှိသော) ငြိမ်းချမ်းမှုဖြစ်ပေါ်ပြီး ဓမ္မတို့၌ သိစရာမကျန် သိပြီးဖြစ်သော ဤပုဂ္ဂိုလ်သည် 'အရဟတ္တပုဂ္ဂိုလ်' ဖြစ်ပါသည်။

ဤမဂ်လေးပါးတို့သာလျှင် ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။ ဆရာတော်ပြသော မဂ်များကား မထိမမိ ရှိလှပါသည်။ ထို့ကြောင့် မဂ်,ဖိုလ်နှင့်စပ်ပြီး မှန်သည့်အလျောက်သာ ပြဆိုခဲ့ပါသည်။ ဆရာတော်ပြဆိုချက်များကို ချန်လှပ်ခဲ့ပါသည်။

ဤမျှဖြင့် ဉာဏဒဿနဝိသုဒ္ဓိ အကျယ်ပြဆိုချက်ကို အဆုံးသတ်ပါမည်။

# အခန်း(၂၁)

## ပညာဘာဝနာအကျိုးပြ အကျယ်ဖွင့် သုံးသပ်ချက်

(ဗုဒ္ဓဓမ္မစစ် ကိုယ်တိုင်သုတေသနပြု လေ့လာကျင့်သုံးရန်၊ တဆင့်ကူးယူ ဖြန့်ဝေခွင့်မပြု)

## ပညာဘာဝနာအကျိုးပြ အကျယ်ဖွင့် သုံးသပ်ချက်

၈၀။ ပညာဘာဝနာအကျိုး ဖော်ပြချက်

ဝိသုဒ္ဓိမဂ်သည် ဤမျှဖြင့် ဆုံးသင့်သော်လည်း စကားလက်စ ကျန်နေသောကြောင့် နောက်ထပ်၍ အခန်းထပ်ဖွင့်ပါသေးသည်။ ယင်းမှာ ပညာဘာဝနာ၏ အကျိုးပြစကားများ ဖြစ်ပါသည်။ ဤပြဆိုချက်များကိုဖော်၍ မသုံးသပ်လိုတော့ပါ။ ပညာ၏အကျိုးကို အောက်မှပင် အကျဉ်းအားဖြင့် ဆိုခဲ့ပါပြီ။ ဤအဆိုသည် ဆရာတော်ပြအံ့သည်နှင့် အလွဲလွဲအချော်ချော် ဖြစ်ပါမည်။ (ဆရာတော်သည် စာကို အလုရေးသူသာ ဖြစ်သည်)။ အသုံးကျအောင်ရေးသူ မဖြစ်နိုင်ပါ။

ထို့ကြောင့် ပညာဘာဝနာအကျိုး အကျယ်ပြချက်သည် အကယ် အသုံးချ၍မရသော ပြချက်များချည်း ဖြစ်ရန်မှတပါး အခြားမရှိပါ။ ထို့ကြောင့် ယင်းကို မသုံးသပ်တော့ပါပြီ။ ယင်းအခန်းအစား ယင်းကိုသုံးသပ်သကဲ့သို့ ဖြစ်သော အောက်မှပြခဲ့သော ပညာဘာဝနာ၏အကျိုးကို ဤ၌ အနည်းငယ်မျှ ပြခဲ့ရန် အားထုတ်ပါမည်။

အောက်၌ 'ပညာဘာဝနာ၏အကျိုးကို 'သီလဖြစ်သည်'-ဟု ပြခဲ့ပေသည်။

တဖန် 'သီလ၏အကျိုး ပြစေခဲ့စဉ်ကလည်း သမာဓိ'-ဖြစ်သည်။

'သမာဓိ၏အကျိုး၌ ပညာ'-ဖြစ်သည်။

'ပညာ၏အကျိုး၌ သီလ'-ဖြစ်သည်။

ဤသို့ဆိုလျှင် မဂ္ဂင်ရှစ်ပါးသည် အချင်းချင်း ဖြစ်ပေါ်နေသည်၊ အဘယ်အကျိုးဖြစ်သနည်း။ ဤသို့ မေးဖွယ်ရှိပါသည်။

ဟုတ်ပါသည်။ မဂ္ဂင်ရှစ်ပါး၌ 'သီလ,သမာဓိ,ပညာ'သည် တစ်ပါးသည် တစ်ပါး၏ အကြောင်းနှင့်အကျိုးများအဖြစ် ဆက်စပ်နေပါသည်။ ယင်းတို့မှ ထွက်ပေါ်လာသော အကျိုးဆက်အာနိသင်သည် 'နိရောဓ'-ဖြစ်သည်ဟု

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ဆိုရပါမည်။

အဘယ်သို့နည်း-

သီလကြောင့် သမာဓိ ဖြစ်သည်။

သမာဓိကြောင့် ပညာ ဖြစ်သည်။

ပညာကြောင့် သီလ ဖြစ်သည်။

ဤသို့ပင်သီလမှစသောအရာသည် သီလသို့ပြန်ရောက်လာသည်။

'သီလသည်-

လောက၌ အလိုရှိအပ်ဆုံးတရား ဖြစ်သည်။

အချစ်ခင် အမြတ်နိုးအပ်ဆုံးတရား ဖြစ်သည်၊

သီလသည် ကိုယ်ကျင့်တရား ဖြစ်သည်။

သီလသည် အမတဓါတ်ဝင်သောတရား ဖြစ်သည်။'

ထို့ကြောင့် လူတိုင်းအတွက် 'သီလ'သည် အရေးကြီးဆုံးသော လိုအပ်ချက် ဖြစ်သည်။ ထို့ကြောင့် သီလအတွက် သီလကို စောင့်ထိန်းရသည်။ သီလအတွက် သမာဓိပွားရသည်။ သီလအတွက် ပညာကို ပွားရသည်။

သီလစောင့်ခြင်း၊ သမာဓိပွားခြင်း၊ ပညာပွားခြင်းများသည် မရွှေ့လျားတော့သော(သီလကို ရရှိရန်အတွက် ဖြစ်သည်။ စောင့်ထိန်းအပ်သော) သီလသည်- အကယ် အသုံးချ၍ မရ။ သမာဓိသည်လည်း အကယ် အသုံးချ၍ မရ။ ပညာသည်လည်း မည်မျှ ကြီးကျယ်မြင့်မြတ်ပါစေ၊ အကယ် အသုံးချ၍ မရ၊ ငြိမ်းချမ်းရေးအတွက် အကယ် အသုံးမကျကြ-ဟူ၍ဆိုလိုပါသည်။

သီလ-သည်သာလျှင် ငြိမ်းချမ်းခြင်း-ဟူသော တရားအတွက် အဓိကဇာတ်ကောင် ဖြစ်ပေသည်။ မည်မျှအဓိကကျသည် ဆိုလျှင် ဆန်သည် ထမင်းအတွက်အဓိကကျသကဲ့သို့ ကျသည်ဟု ဖြေရပေမည်။

---

ဆန်သည် ထမင်းဓါတ်ဝင်နေသောအရာဟု ပြောလျှင် သင့်မြတ်သကဲ့သို့ 'သီလသည် နိဗ္ဗာန်၏နာမည်တစ်မျိုးဖြစ်သော အမတဓါတ်ဝင်နေသော အရာ'-ဟု ပြောနိုင်ပေသည်။

၈၃။ သီလနှင့်နိဗ္ဗာန်

ထို့ကြောင့် 'ဝိရာဂ'ဟူသော နိဗ္ဗာန်၏နာမည်ကို မဂ်အဖြစ် သုံးသော အခါ သုံးထားပေသည်။ 'သီလသည် မဂ်ဖြစ်ပေသည်။'

'ဤသို့ သီလ၏ အမတဓါတ်ဝင်နေ၍ နိဗ္ဗာန်နှင့် အရင်း,
အဖျား၊ အနု,အရင့် ဖြစ်နေသည်ကို မြင်နိုင်သောမျက်စေ့
မပါလျှင် ဝိရာဂ၏ မဂ်ကိုဟောခြင်း၌ ဝေ့လည်နေရပေသည်။'
သီလသည် အဘယ်သို့ အမတဓါတ် ဝင်နေသနည်း။
'အမတ'ဟူသောစကားလုံးသည် မရွေ့လျားခြင်း၊ ချေဖျက်
၍မရခြင်း၊ တည်တံ့ခြင်းအနက်များ ဟောပါသည်။ သီလ
၏ ခေါင်းစည်းအောက်မှ သရုပ်တစ်ခုခုသည်လည်း ဤ
အတူပင် မရွေ့လျားပါ၊ ချေဖျက်၍မရပါ၊ မြဲခိုင်ပါသည်၊'

ဥပမာအားဖြင့် မသတ်ခြင်း ဖြစ်ပါသည်။ မသတ်ခြင်းသည် သီလ၏ သရုပ်
တစ်ခု ဖြစ်ပါသည်။ ယင်းသည် အဘယ်သို့ ရွေ့လျားမည်နည်း၊ သတ်ခြင်းသည်သာ ရွေ့လျားသည် မဟုတ်ပါသလော။

မသတ်ခြင်း၌တည်သူသည် အမှန်တရား၌တည်သူ ဖြစ်ပါသည်။ ဤသူသည် ဤသို့နေခြင်းအတွက် မမှန်မကန်သော သတ်ခြင်းသို့ ရွှေ့ပြောင်းရန် အကြောင်းဖြစ်ပေါ်မည် မဟုတ်ပေ။ အခြားအကြောင်းများကသာ ပြောင်းရန် ဖန်ချင် ဖန်ပေသည်။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

သတ်ခြင်း၌နေသူကား သီလမှကျဆုံးသူ ဖြစ်ပေသည်။ ဤ-သတ်ခြင်း၌ နေသူသည် ယင်းသတ်ခြင်း၌ နေခြင်းကြောင့် မရွေ့မလျား, တည်တံ့၍မရဘဲ တစ်ခုခုသော အရွေ့အပြောင်းကို မလွဲမသွေ ခံရပေမည်။ ကိုယ် ရွေ့ပြောင်းမှုလော၊ နှုတ် ရွေ့ပြောင်းမှုလော၊ စိတ် ရွေ့ပြောင်းမှုလော၊ တစ်ခုခု ဖြစ်သည်။

ဤသို့ပင် သတ်ခြင်းသည် ရွေ့လျားသောတရား ဖြစ်သည်။ မသတ်ခြင်းသည် မရွေ့လျားသောတရား ဖြစ်ပေသည်။ ထို့ကြောင့် မသတ်ခြင်းဟူသော သီလသည် အမတဓါတ် ဝင်သည်။

ဤအတူ မခိုးခြင်းသည်လည်း အမတဓါတ် ဝင်ပေသည်။ မခိုးသူ၌ မခိုးသောကြောင့် သူများအစွပ်စွဲ မခံရ။ ခိုးရာပါပစ္စည်း ပြန်မပေးရ။ မလျော်ရ။ ထောင်မကျ, ဒဏ်ထားမခံရ-စသည် ဖြစ်သည်။ အရွေ့အလျား အလျဉ်းမရှိ။

ခိုးသူကား ခိုးရာပါပစ္စည်း ပြန်ပေးရမည်။ အစားပြန်လျော်ရမည်။ အစွပ်စွဲ ခံရမည်။ အပြစ်ပေး ခံရမည်၊ ဤသို့ပင် ရွေ့လျားမှုအမျိုးမျိုး ခံရမည်။

ဤသို့ပင် သီလသည် အမတဓါတ်ဝင်သောတရား ဖြစ်သည်။

ဤနေရာ၌ ဤသို့ဆိုသောကြောင့် 'သီလသည် နိဗ္ဗာန်လော'၊ ဤသို့ မေးလိုခြင်းများ ဖြစ်ကောင်း,ဖြစ်ပါမည်။

'သီလသည် နိဗ္ဗာန်မဟုတ်ပါ။

သီလသည် လူနှင့် အပေါင်းခံရပြီးသောအခါမှ နိဗ္ဗာန်ဖြစ်ပါသည်၊

'နိဗ္ဗာန်'-ဟူသောစကားသည် လူ၌ဖြစ်ပေါ်သော သဘောတစ်မျိုးသာ ဖြစ်ပါသည်။ 'သီလ'-သည်ကား မရွေ့မလျားအားဖြင့် ရပ်တည်သော သဘောတရားမျှ ဖြစ်ပါသည်။ ယင်းသဘောတရားနှင့် ကျင့်သုံးသူ-လူ၊ ဤနှစ်မျိုးတို့ ပေါင်းလျှင် 'ငြိမ်းချမ်းခြင်းဟူသော နိဗ္ဗာန်တရား' ဖြစ်ပွားပါသည်။

ဤ-'အမတဓါတ်ဝင်သော သီလ'နှင့် 'လူ'၊ ဤနှစ်မျိုးပေါင်းလျှင် အဘယ်သို့ နိဗ္ဗာန်ဖြစ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိပါသည်။ ဤအမေးကို

ဤသို့ဖြေရပါမည်-

လူသည် ပကတိအားဖြင့် ဆာလောင်, မွတ်သိပ်နေသူ ဖြစ်ပါသည်။ အဆင်းလှလှ၊ အသံကြည်ကြည်၊ အနံ့မွှေးမွှေး-စသည်တို့ကိုလည်း အမြဲ အလိုရှိနေတတ်ပါသည်။ ဤအလိုရှိမှုမှာလည်း ဖြည့်၍မပြည့်နိုင် ဖြစ်ပါသည်။ ရလေ-လိုလေ ဖြစ်ပါသည်။ ဤသူများသည် တချို့တဝက် ဖြစ်ပါသည်။ (ကာမဘဝ ဆာလောင်မှု)

ဤသူများမှ တခြားသော ဆာလောင် မွတ်သိပ်မှုလည်း ရှိပါသေးသည်။ ယင်းတို့ကား အဆင်းလှလှစသည်ကို ဂရုမစိုက်ပါ။ လောက၏ တစ်ခုခုသော သဘော၌ ပါရဂူမြောက်ဖြစ်ပြီး လူတိုင်း၏ ဩဘာလက်ခုပ်ကို ဆာလောင်နေသူများ ဖြစ်ကြပါသည်။ (ရူပဘဝဆာလောင်မှု)

ဤသူနှစ်မျိုးမှ တပါးသော ဆာလောင်မွတ်သိပ်သူ တစ်မျိုးလည်း ရှိပါသေးသည်။ ယင်းကား ယခုဘဝမှသေပြီး ဘာမျှမဖြစ်ရရေး ဆိုသည်ကို အသေရရ,အရှင်ရရ ဆိုသကဲ့သို့ မွတ်သိပ်နေသူ ဖြစ်ပါသည်။ (အရူပဘဝဆာလောင်မှု)

လူသည် ပကတိအားဖြင့် ဤသုံးမျိုးအတွင်းမှ တစ်မျိုးမျိုးသို့ ကျရောက်နေသူ ဖြစ်ပါသည်။ ထို့ကြောင့် လူသည် မငြိမ်းမချမ်း ဖြစ်နေသည်။ မိမိတို့ကိုယ်ကို ခရုမှန်းမသိ ဖြစ်ပြီး၊ ငါးတု၍ ပွက်လိုသူလည်း ပွက်နေသည်။ မိမိကိုယ်ကို ခြသေ့်မှန်း မသိဘဲ သိုးတုပြီး လန့်သူလည်း လန့်နေသည်။

၈၄။ မငြိမ်းချမ်းမှု၏ အဓိကအကြောင်းရင်း

ဤသို့ အဘယ့်ကြောင့် ဖြစ်ရသနည်း။ (ဤမငြိမ်းချမ်းမှု၏ အကြောင်းသည် 'အရှိကို အရှိအတိုင်း မသိသောကြောင့် ဖြစ်သည်။ ဤသို့ အဘယ့်ကြောင့် မသိရသနည်း)။ ပတ်ဝန်းကျင်၏ 'လိုလျှင်- လိုသလို၊ မလိုလျှင်- မလိုသလို အကျင့်သုံး ခံရသောကြောင့်' ဖြစ်ပေသည်။

---

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ပတ်ဝန်းကျင်၏ 'အရှိကို အရှိအတိုင်း မမြင်ရန် ဖုံးကွယ် ဟန်ဆောင်မှုကြောင့်' မသိခြင်းဖြစ်သည်။ ဤသို့ ပတ်ဝန်းကျင်ကို ရှုပ်ထွေးရာမှ ပတ်ဝန်းကျင်နှင့် မကင်းနိုင်သော မိမိလည်း ရှုပ်ထွေးလာရပေသည်။

ပတ်ဝန်းကျင်၏အရှုပ်နှင့် မိမိ၏အရှုပ်သည် သံသရာအပတ်ပတ် လည်နေခဲ့ပေသည်။ ပတ်ဝန်းကျင်က ဟန်ဆောင်သောကြောင့် မိမိက ဟန်ဆောင်သည်။ တဖန် မိမိက ဟန်ဆောင်သောကြောင့် ပတ်ဝန်းကျင်က ဟန်ဆောင်ပြန်သည်။ ဤသို့ အချင်းချင်း အပြန်အလှန် ဖြစ်နေသည်မှာ ကြက်မနှင့် ကြက်ဥကဲ့သို့ အစမထင် ဖြစ်နေသည်။

ပတ်ဝန်းကျင်ရှုပ်သည်မှာ အဘယ့်ကြောင့်နည်း။

မိမိကို မယုံကြည်သောကြောင့် ဖြစ်သည်။

မိမိရှုပ်သည်လည်း ပတ်ဝန်းကျင်ကို မယုံကြည်သောကြောင့် ဖြစ်သည်။

ဤသို့ပင် မိမိနှင့်ပတ်ဝန်းကျင်တို့ အပြန်အလှန် ရှုပ်နေသည်မှာကား တစ်ဦးနှင့်တစ်ဦး အကြား၌ ယုံကြည်မှု မရှိသောကြောင့် ဖြစ်သည်။ အဘယ့်ကြောင့် အချင်းချင်း ယုံကြည်မှု မရှိကြရသနည်း။ ကိုယ်ကျင့်တရား မရှိသောကြောင့် ဖြစ်သည်။

၈၅။ အေးငြိမ်းမှု သန္တိသုခ

ဤသို့ဖြစ်လျှင် မိမိဘက်မှ ကိုယ်ကျင့်တရားကို ထူထောင်လျှင် ပတ်ဝန်းကျင်သည် မိမိကို ယုံကြည်စိတ်ချလာစေမည် ဖြစ်သည်။ ပတ်ဝန်းကျင်သည် မိမိအား စိတ်ချလာလျှင် မိမိအပေါ်၌ အရှုပ်အထွေးများဖြစ်အောင် ဟန်ဆောင်တော့မည် မဟုတ်ပေ။ ဤသို့ ပတ်ဝန်းကျင်သည်လည်း ဟန်မဆောင်တော့၊ မရှုပ်ထွေးတော့သောအခါ မိမိသည်လည်း ပတ်ဝန်းကျင်ကို ယုံကြည်စိတ်ချလာ

ပေမည်။ ထိုသို့ဖြစ်လျှင် အချင်းချင်းအကြား၌ ယုံကြည်စိတ်ချရမှုများ ပေါက်ဖွားလာပြီ ဖြစ်ပေသည်။

ဤသို့ ယုံကြည်စိတ်ချရမှု ပေါက်ပွားလာသောကြောင့် ပတ်ဝန်းကျင်၏ အရှိကို (အရှိအတိုင်း သိခွင့်ရလာပေသည်။တဖန် ပတ်ဝန်းကျင်၏ အရှိကို) သိလာရသောကြောင့်၊ မိမိ၏ (အရှိကို အရှိအတိုင်း သိခွင့် ရလာပြန်ပေသည်။ ဤသို့) အရှိကို အရှိအတိုင်း သိလာရသောအခါ စိတ်ဆာလောင်မှုများကို ကျော်လွှားနိုင်ပေမည်။

စိတ်သည် အမှန်အကန် ပွားအပ်သော မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ
ဟူသော တရားများကို မပွားများနိုင်သောကြောင့် ရောဂါရမှုဖြစ်သော ဆိုခဲ့ပြီးသော ဆာလောင်မှုများ ဖြစ်ခြင်း ဖြစ်သည်။

ပတ်ဝန်းကျင်များ အပေါ်၌-

အမုန်းမပွားဘဲ(မေတ္တာ)၊

အနိုင်ယူစိတ်လည်း မပွားဘဲ(ကရုဏာ)၊

ပတ်ဝန်းကျင်ကို ငြီးငွေ့ခြင်းလည်း မဖြစ်ဘဲ(မုဒိတာ)၊

ပတ်ဝန်းကျင်၏အရှိကို အရှိအတိုင်း ပြည့်ဝစွာ မြင်တတ်မှုများ(ဥပေက္ခာ) ပွားနိုင်လျှင် စိတ်သည် အလိုအလျောက်ပင် ပြည့်ဝနေသည်။

နောက်ထပ်ဖြည့်စရာ အဆင်းလှလှ၊ အသံကြည်ကြည်စသည်လည်း စိတ်အတွက် မလို။ လက်ခုပ်သြဘာများလည်း စိတ်အတွက် မလို။ နောက်ဘဝဘာမျှမဖြစ်ရေးလည်း စိတ်အတွက် နောက်ထပ်မလို ဖြစ်တော့သည်။

ထို့ကြောင့် စိတ်သည် အလိုခပ်သိမ်းမှ အငြိမ်းကြီးငြိမ်းပေသည်။

နှလုံးသား၌ ဟာကွက်မရှိ၊ ခြောက်ကပ်ကပ်လည်း မရှိ၊ အေးစက်ခြင်း, ပူလောင်ခြင်းလည်း မရှိ။

ဝိသုဒ္ဓိမဂ်ဘယ်လဲ?

ပကတိအားဖြင့် စိုစိုထွေးထွေး၊ နွေးနွေးပြည့်ပြည့်ရှိသော နှလုံးသားရှိသူဖြစ်ပေသည်။ ထို့ကြောင့် ဤသူ၌ စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းများ အလျဉ်းမရှိတော့ပေ။

ထိုသူ၏ ထမင်းစားခြင်း၊ အဝတ်ဝတ်ခြင်းနှင့် အလုပ်လုပ်ခြင်းများသည် အမြဲ ချိုမြိန်,လှပ, ပေါ့ပါးလျက် ရှိနေသည်။ ထိုသူသည်-

အိုရန်လည်း အသင့်ရှိသည်။

နာရန်လည်း အသင့်ရှိသည်။

သေရန်လည်းအသင့်ရှိသည်။

နေရန်လည်း အသင့်ပင် ရှိသည်။

သူသည် ဆင်းရဲကင်းစွာ အိုခြင်း,နာခြင်း၊ သေခြင်း,နေခြင်းများကို ကောင်းစွာ ရင်ဆိုင်တတ်သောကြောင့် အမြဲကြည်လျက်, လင်လျက်, ရွှင်လျက်, အေးလျက် တလောကလုံး၏ အလှပေါင်းစုံတို့ သူ့ထံသို့ စုရုံးရောက်ရှိလျက် အတင့်တယ်ကြီး တင့်တယ်၊ အလှပကြီး လှပ၊ အငြိမ်းချမ်းကြီး ငြိမ်းချမ်းပေသည်။

ဤသည်မှာ အဘယ့်ကြောင့်နည်း။

'အမတဓါတ်ဝင်သော သီလကြောင့်' ပါတည်း။ သို့မဟုတ်-

'ကိုယ်ကျင့်တရားကြောင့်' သာတည်း။

ထို့ကြောင့်-

'ကိုယ်ကျင့်တရားသည် 'အမြင့်ဆုံးသော လူ့ဘဝ၏'ဆု' သို့မဟုတ်

'ငြိမ်းချမ်းခြင်းကို ဖြစ်စေသော ပဒေသာပင်' ဖြစ်လေသည်။

ဘုရားသျှင်သည် လေးဆယ့်ငါးနှစ်ကာလပတ်လုံး လူ့လောကကြီး ငြိမ်းချမ်းရေးအတွက် ကိုယ်ကျင့်တရားများကို ဟောပြော,ပြသ ညွှန်ကြား, ဆုံးမခဲ့ပါသည်။

ထို့ကြောင့် ပညာဘာဝနာ၏ အကျိုးအဆက်ဆက်သည် ဤသို့သာဖြစ်ကြောင်း ကောင်းမွန်သော စိတ်ထားဖြင့် ရေးသား၍ ဆိုအပ်ပါသည်။ ရိုးသားသောစိတ်ထားဖြင့် အမှန်ရောက်အောင် ရှုစားကြ စေချင်သတည်း။

ဝိသုဒ္ဓိမဂ်သုံးသပ်ချက် ပြီး၏။
နိဂုံးဆက်ရေးပါမည်။

ညဏ
၁၃၃၅ခုနှစ်၊ နယုန်လဆုတ် ၁၃ရက်၊
ရွှေမြင်တင်

# အခန်း(၂၂)

## ဝိသုဒ္ဓိမဂ်ဘယ်လဲ နိဂုံး

# အခန်း(၂၂)

ဝိသုဒ္ဓိမဂ်ဘယ်လဲ?
ဝိသုဒ္ဓိမဂ်ဘယ်လဲ နိဂုံး

၈၆။ ဝိသုဒ္ဓိမဂ်၏ ပမာဏ

ဤမျှစကားစဉ်ဖြင့် အပြောကျယ်လှ,နက်ရှိုင်းလှသော ဝိသုဒ္ဓိမဂ် မဟာသမုဒ္ဒရာ၏ အောက်ခြေကြမ်းပြင်ကို၊ ဘယ်ပုံဘယ်နည်း ရှိသည်ဟု တိုင်းတာထောက်တည်၍ မြေပုံ ဆွဲပြခဲ့ပါသည်။

မဟာသမုဒ္ဒရာသည် ယူဇနာ ရှစ်သောင်းလေးထောင် တိုင်အောင် အကယ်

ပင် နက်ရှိုင်းသလော။ မဟာသမုဒ္ဒရာသည် စကြဝဠာတံတိုင်း တိုင်အောင် အကယ်ပင် ကျယ်ပြောသလော။

မတိုင်းဆတတ်သော သို့မဟုတ် တိုင်းဆစရာကိရိယာမရှိသော သူတို့၏ ဤအပြောသည် ရယ်ဖွယ်တကား။ အကယ်၌ မဟာသမုဒ္ဒရာ၏ အနက်အရှိုင်းသည် ယူဇနာထက်ဝက်ခန့်သာ ရှိပါသည်။

မဟာသမုဒ္ဒရာ၏ အဆုံးသည်လည်း စကြဝဠာတံတိုင်း မဟုတ်။

ဤကား အကယ့် မဟာသမုဒ္ဒရာ၏ အခြေအနေ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်မှ ဟာသမုဒ္ဒရာ၏ အခြေအနေလည်း ဤအတိုင်းပင်။ ယင်း၏ အနက်အရှိုင်း, အကျယ်အဝန်းသည် အလယ်လမ်းသမားတစ်ဦးအတွက် ခြေဖဝါးပင် မမြုပ်ချင်၊ အကျယ်အဝန်းသည်လည်း ခြေတစ်လှမ်းပင် မရှိချင်။

ဝိသုဒ္ဓိမဂ်သည် ကြီး၏၊ ကျယ်၏၊ ဝေဆာ၏၊ ရှည်လျား၏။

သို့သော်လည်း မီးခိုးရုပ်များ၊ အမှိုက်များဖြင့် ကြီးကျယ်ဝေဆာနေခြင်း ဖြစ်သည်။ (ဝက်ပါကဲ့သို့ ရှည်လျားနေခြင်းသာ ဖြစ်သည်)။

ဝက်ပါသည် အဝင်ပေါက်မှ ဝင်၍သွားလျှင် မဆုံးနိုင်အောင်ပင် တစ်ဆယ့်ခြောက်ပြည်ထောင်ပင် ရောက်ခဲ့သည်။ အကွေ့တစ်ထောင်၊ အကောက်

တစ်ထောင်လည်း ပါသည်။ သို့သော်လည်း ဝက်ပါမှ ထွက်လိုက်လျှင်ကား ဝင်ခဲ့သောအပေါက်နှင့် ရာဇမတ်တစ်ချပ်သာ ခြားနေရာ ဖြစ်နေသည်။

ဝိသုဒ္ဓိမဂ်သည်လည်း ရှည်လျားကား ရှည်လျား၏၊ ဆုံးသောအခါကား ပင်ရင်း တဏှာဗွက်မှ တက်လမ်းမဟုတ်၊ ကျွံလျက်-ကျွံလျက်ပင်။

ထိုသို့ဖြစ်သော်လည်း ဤစာသည်-

ဆရာတော်အား မတိုက်ခိုက်ပါ။

ဆရာတော်၏အမှားသည် ဝေဒနာမှားမဟုတ်၊ စေတနာမှားသာ ဖြစ်နိုင်ပါသည်။ ဆရာတော်သည် သာသနာတော်၏ အကျိုးစီးပွားကို အလိုရှိသူတည်း။ ထို့ကြောင့် သာသနာတော်၏လမ်းဖြောင့်လမ်းမှန်ကို တတ်အားသမျှ မှတ်တိုင်စိုက်၍ ညွှန်ခဲ့လိုသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကို စိုက်ထူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဤစာဖြင့် ဆရာတော်ကို အပြစ်တင်ခဲ့သလို အဖြစ်မျိုးများ အကြောင်းအားလျော်စွာ ပြောဆိုခဲ့မိလျှင် ဆရာတော်အား ဤနိဂုံးဖြင့် ကန်တော့ပါသည်။

ဤစာသည် ဆရာတော်အား မတိုက်။

ဆရာတော့်စာဖြစ်သော-

'ဝိသုဒ္ဓိမဂ်အားသာ ဓမ္မဓိဋ္ဌာန်ဖြင့် တိုက်ခိုက်ပါသည်'။

ဤတိုက်ခိုက်ချက်သည် ဆရာတော်ဖတ်ရလျှင် ဆရာတော်ပင် သာဓုခေါ်မည်ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဆရာတော်သည် အမှန်တရားကို မြတ်နိုးသော စာပေပရိယတ္တိ ပညာရှင် စစ်စစ် ဖြစ်ထိုက်သောကြောင့် ဖြစ်ပါသည်။

ပညာရှိ သူရဲကောင်းသည် မှန်သည်ထင်သည်ကိုလည်း ပြောရဲသည်၊ မမှန်မကန် ပြောမိခြင်း ရှိလျှင်လည်း ကန့်ကွက်မည်ကို ခံရဲပေသည်။ ဆရာတော်

သည် အကန့်အကွက် ခံရမည့်သူ စစ်စစ် ဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ဤမျှပရိယတ္တိအရည် ပြည့်ဝသောသူသည် 'ငါ့စကားနွားရ စကားမျိုး' မြတ်နိုးသူ မဖြစ်နိုင်တော့သောကြောင့် ဖြစ်ပေသည်။ အမှန်တရား စကားမျိုးကိုသာ မြတ်နိုးမည့်သူ ဖြစ်ပေသည်။

ထို့ပြင်လည်း ဆရာတော်သည် ဝိဘဇ္ဇဝါဒီအရှင် ဖြစ်ပေသည်။ အကြောင်း, အကျိုးဖြင့် ချေပလျှင် ခေါင်ညွှန့်ကို အဆိတ်ခံရသော တက်သစ်စ သစ်ပင်ကဲ့သို့ တစ်ညွှန့် အဆိတ်,အချိုးခံရလျှင် နှစ်ညွှန့်သို့မဟုတ် သုံးညွှန့်တိုး၍ ထွက်လာမည့်သူလည်း ဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်အား-

ကြည်ညိုပါ၏။

လေးစားပါ၏။

ကျေးဇူးတင်ပါ၏။

အကြည်ညိုဆုံး သူတို့ထက် အကြည်ညိုဆုံး ဖြစ်ပါ၏။ အမြတ်နိုးထိုက်ဆုံး သူတို့ထက် အမြတ်နိုးအပ်ဆုံးဟု မှတ်ပါ၏။ ကျေးဇူးအတင်ထိုက်ဆုံးသူတို့ထက် ကျေးဇူးအတင်သင့်ဆုံးဟု ဆရာတော်အား မှတ်ပါ၏။

ထိုသို့ဖြစ်လျက် ဆရာတော်အား အကြောင်းအားလျော်စွာ ပုဂ္ဂလအနေနှင့် တင်ပြခဲ့ရသည်များမှာ စာပေသုံးသပ်ချက်၌ ပေါ်လွင်ထင်ရှားစေရန်မျှ ဖြစ်ပါသည်။ ဤသို့ဖြစ်ကြောင်း ဆရာတော်ရှိလျှင်လည်း အမှန်ပင် သိမည်ဖြစ်သည်-ဟု ယူဆပါ၏။

ထို့ကြောင့် ဆရာတော်ရှိလျှင် ဝမ်းအမြောက်ဆုံး အရာကို တွေ့ရခြင်းကဲ့သို့ ဤစာတွေ့ရခြင်းကို ဝမ်းမြောက်တော်မူမည်မှာ မလွဲဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဝိဘဇ္ဇဝါဒီသမားများသည် ဝေဖန်ခြင်း၌ များ

စွာ အမြတ်တနိုး ရှိကြမြဲ ဖြစ်သောကြောင့် ဖြစ်ပါသည်။ စစ်တုရင်ထိုးပညာရှင်သည် စစ်တုရင်ထိုးရခြင်း၌ ပျော်ရွှင်ဝမ်းမြောက်သကဲ့သို့ ဖြစ်သည်။ နပန်း,လက်ဝှေ့သမားများသည် နပန်းလက်ဝှေ့ သတ်ပုတ်ရခြင်း၌ နာကျင်သည်ဟု မအောက်မေ့၊ ပျော်ရွှင်ချမ်းမြေ့ကြသကဲ့သို့ ဖြစ်ပါသည်။

ဤကဲ့သို့ပင် ဆရာတော်သည် ဤစာအတွက် ဝမ်းမြောက်ကြည်နူးမည်ကဲ့သို့၊ ဆရာတော်၏စာကို ကြည်ညိုကြကုန်သော အားလုံးသော သူတို့သည်လည်း ဆရာတော့်အတူ ဝမ်းမြောက်နိုင်သောသတ္တိ မွေးမြူကြစေချင်ပါ သတည်း။

ဝိသုဒ္ဓိမဂ်သည် ဆရာတော်နှင့် သီးခြားဖြစ်ပါ၏။

ဆရာတော်သည် ဝိသုဒ္ဓိမဂ်မဟုတ်ပါ။

ဝိသုဒ္ဓိမဂ်သည် ဆရာတော်၏ အကြေးအညှော်ကလေးမျှ ဖြစ်ပါသည်။

ဆရာတော်သည် ဝိသုဒ္ဓိမဂ်ထက် ကြီးမြတ်ပါသည်။ ဝိသုဒ္ဓိမဂ်သည် သဘောတရားမျှသာ ဖြစ်ပါသည်။ (ဆရာတော်ကား ယင်းသဘောတရားများကို ထုတ်လွှတ်နိုင်သူသာ ဖြစ်ပါသည်)။

ထို့ကြောင့် ဆရာတော်နှင့် ဝိသုဒ္ဓိမဂ်သည် သီးခြားဖြစ်ပါသည်။

ဤစာသည် ဆရာတော်အား မဝေဘန်။ ဝိသုဒ္ဓိမဂ်အားသာ ဝေဖန်ပါသည်။

၈၇။ ဝိသုဒ္ဓိမဂ် သုံးသပ်သူ၏ အာသီသ

ဝိသုဒ္ဓိမဂ်ကား-

အလယ်လမ်းသမားတစ်ယောက်အဖို့ ခြေဖဝါးမြုပ်အောင်မျှ မနက်နဲပါ။ ခြေတစ်လှမ်းစာမျှ မကျယ်ပြန့်ပါ။ စကားပဟေဠိ ဝှက်သကဲ့သို့ မနက်သော်လည်း

နက်နဲအောင်ပေါက်စေသော စာများသာ ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်သည် ဗုဒ္ဓဘာသာဝင်တို့၏ မျက်လုံးများကို လက်ညှိုး, လက်မတို့ဖြင့် ကော်ထုတ်နေသကဲ့သို့ အသိဉာဏ် စုံလုံးကန်းအောင် ဖောက်ပစ်နေသော စာ ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အလံတော်အောက်မှ တက်သစ်စပုဂ္ဂိုလ်များအား အသိဉာဏ်မျက်လုံး အကော်အထုတ်၊ အဖောက်,အဖျက် မခံရလေအောင် ဤစာပရိတ်ဖြင့် အရံအတား ပြုအပ်ပါသည်။

ဤမှန်ကန်သော မေတ္တာ,သစ္စာစကားကြောင့်-

ဝိသုဒ္ဓိမဂ်ကို စောင့်ကြပ်ကြကုန်သော အားလုံးသော ကုမ္ဘာန်၊ ယက္ခ၊ ဒေဝ၊ ဒေဝါ များသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြစေချင်ပါသတည်း။

ကျွန်ုပ်သည် ထိုသူတို့၏ အန္တရာယ်ရန်စွယ် အမျက်ဒေါသ အခိုးအလျှံမှ ကင်းလွတ်ချင်ပါသတည်း။

ရှင်ဉာဏ
ရွှေမြင်တင်တောင်၊
၁၃၃၅ခု၊ နယုန်လဆုတ် ၁၄ ရက်

လက်ရေးမူမှ စာသန့်ကူးပြီးချိန်
[၁၃၆၄ခုနှစ်၊ တပို့တွဲလဆန်း ၁ရက်(၂-၂-၂၀၀၃း၁၄၄၅နာရီ]
E:\3tja\NnaGnl\Visoddhi\VisoddhA5.pm6(Nsym)